Extractive Industries Transparency Initiative

EITI အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး ၂၄ နိုဝင်ဘာ၂၀၁၈

# မြန်မာနိုင်ငံကို အတည်ပြုခြင်း

# ကနဦးအချက်အလက်ကောက်ယူမှုများနှင့် ပူးပေါင်းဆောင်ရွက်သူများ ဆွေးနွေးမှု အစီရင်ခံစာ

## အတိုကောက်များ

| | |
|---|---|
| ARL | အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ |
| bcf | ဘီလီယံကုဗပေ |
| BO | အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု |
| CIT | အသင်းအဖွဲ့ဝင်ငွေခွန် |
| CNPC | တရုတ်ပြည်ရေနံကော်ပိုရေးရှင်း |
| COC | ကုန်သည်ကြီးများအသင်း |
| CSO | လူထုအသိုင်းအဝိုင်းအဖွဲ့အစည်းများ |
| CSR | အသင်းအဖွဲ့ဆိုင်ရာ လူမှုတာဝန် |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| DMO | ပြည်တွင်းဈေးကွက်တာဝန် |
| DOM | သတ္တုတွင်းဦးစီးဌာန |
| DVB | ဗမာ့ဒီမိုကရက်တစ်အသံ |
| ECD | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| EITI | သယံဇာတထုတ်လုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစေရေး ကြိုးပမ်းမှု |
| FDI | နိုင်ငံခြားမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| FY | ဘဏ္ဍာရေးနှစ် |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GDP | ပြည်တွင်း နှစ်စဉ်ကုန်ထုတ်မှုနှင့် ဝန်ဆောင်မှု စုစုပေါင်းတန်ဖိုး |
| IA | ပုဂ္ဂလိက အုပ်ချုပ်ရေးမှူး |
| INGOs | အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ |
| IPR | ရေနံတိုးတက်ထုတ်ယူရရှိရေးစာချုပ် |
| IRD | ပြည်တွင်းအခွန်များဦးစီးဌာန |
| ITAS | ဘက်ပေါင်းစုံ အခွန်စီမံထိန်းချုပ်ရေးစနစ် |
| JV | ဖက်စပ်လုပ်ငန်း |
| LCC | လမ်းဘာ့ပုံဖော်ကတော့နည်းဖြင့် ပုံရိပ်ဖော်ခြင်း |
| MATA | မြန်မာနိုင်ငံ ပွင်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ |
| Mcf | မီလီယံကုဗပေ |
| MCRB | မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန |
| MDTF | အလှူရှင်ပေါင်းစုံအဖွဲ့ရန်ပုံငွေ |
| MEB | မြန်မာစီးပွားရေးဘဏ် |
| MEC | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| MEITI | မြန်မာနိုင်ငံ သယံဇာတထုတ်လုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစေရေး ကြိုးပမ်းမှု |
| MFMA | မြန်မာနိုင်ငံသတ္တုတွင်းလုပ်ငန်းများအဖွဲ့ချုပ် |
| MFPMF | မြန်မာနိုင်ငံသစ်တောထုတ်ပစ္စည်းကုန်သည်များအဖွဲ့ချုပ် |
| MFTB | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် |
| MGE | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း |
| MGJEA | မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း |
| MHA | ပြည်ထဲရေးဝန်ကြီးဌာန |
| MIC | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MIL | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ |
| MITV | မြန်မာနိုင်ငံ နိုင်ငံတကာရုပ်သံ |
| MMK | မြန်မာ့ကျပ်ငွေ |
| mmscf | သတ်မှတ်စံနှုန်းရှိ မီလီယံကုဗပေ |

| | |
|---|---|
| MNTV | မြန်မာနိုင်ငံ အမျိုးသား ရုပ်မြင်သံကြား |
| MOBD | MEITI ရုံး ရငွေသုံးငွေစာရင်းဌာန |
| MOEE | လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |
| MOGE | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း |
| MONREC | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| MOPF | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| MoU | သဘောတူစာချုပ် |
| MPE | မြန်မာ့ပုလဲလုပ်ငန်း |
| MP-MDTF | မြန်မာ့မိတ်ဆွေ အလှူရှင်ပေါင်းစုံအဖွဲ့ရန်ပုံငွေ |
| MPRLE | မြန်မာ့ရေနံရင်းမြစ်ကုမ္ပဏီ |
| MRTV | မြန်မာအသံနှင့်ရုပ်မြင်သံကြား |
| MSG | ညှိနှိုင်းပေါင်းအဖွဲ့ |
| MSMCE | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းလုပ်ငန်း |
| MTE | မြန်မာ့သစ်လုပ်ငန်း |
| NCS | နိုင်ငံတော်ညှိနှိုင်းရေးမှူးရုံး |
| NRGI | သဘာဝသယံဇာတထိန်းသိမ်းရေးအဖွဲ့ |
| OAG | စာရင်းစစ်ချုပ်ရုံး |
| OAS | ရုံးတွင်းစစ်ဆေးမှုစနစ် |
| OGPD | ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန |
| oz | အောင်စ |
| PCC | လုပ်ငန်းလျာထားမှုအတိုင်းပေးဆောင်သည့်စာချုပ် |
| PFM | ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု |
| PEP | နိုင်ငံရေးအရအကာအကွယ်မဲ့သူ |
| PSC | ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် |
| QFE | ဘဏ္ဍာရေးနှစ်တစ်ဝက်တစ်ပျက်တွင် အသုံးစရိတ် |
| SAS | ကိုယ်တိုင်စစ်ဆေးသောစနစ် |
| SEACOP | အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်း |
| SEAGP | အရှေ့တောင်အာရှ ဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ |
| SNU | နိုင်ငံခွဲယူနစ် |
| SOE | နိုင်ငံပိုင်လုပ်ငန်း |
| tcf | ထရီလီယံကုဗပေ |
| TIN | အခွန်သက်သေခံနံပါတ် |
| ToR | သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့် |
| UMEHL | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် |
| USD | အမေရိကန်ဒေါ်လာ |
| VOA | အမေရိက၏အသံ |

## မာတိကာ

**အတိုကောက်များ**......Error! Bookmark not defined.

**အစီရင်ခံစာ အနှစ်ချုပ်**...... **6**

**နိဒါန်းပျိုးခြင်း** ...... **15**

**အပိုင်း ၁ - MSG ကြီးကြပ်ရေးတာဝန်**...... **20**

**1. EITI လုပ်ငန်းစဉ် ကြီးကြပ်ရေးတာဝန်** ...... **20**

EITI လုပ်ငန်းစဉ်တွင် အစိုးရ၏ ချိတ်ဆက်ပါဝင်မှု (#၁-၁) ...... 20

EITI လုပ်ငန်းစဉ်တွင် လုပ်ငန်းများ၏ ချိတ်ဆက်ပါဝင်မှု (#၁-၂)...... 25

EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ချိတ်ဆက်ပါဝင်မှု (#1.3) ...... 28

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ စီမံအုပ်ချုပ်မှုနှင့် လည်ပတ်ပုံ (#၁-၄)...... 36

ရှေ့လုပ်ငန်းစဉ် (#၁-၅) ...... 44

**အပိုင်း ၂ - EITI ဖွင့်ပြ ထုတ်ပြန်ခြင်း** ...... **51**

**၂။ စာချုပ်များနှင့် လိုင်စင်များ ချပေးခြင်း**...... **51**

တရားဥပဒေမူဘောင် (#၂-၁)...... 51

လိုင်စင်ချပေးခြင်း (#၂-၂) ...... 53

လိုင်စင်မှတ်ပုံတင်ခြင်း (#၂-၃)...... 57

စာချုပ်ဖွင့်ပြ ဖော်ပြခြင်း (#၂-၄) ...... 59

အကျိုးအမြတ်ရယူပိုင်ဆိုင်ခွင့်ဆိုင်ရာ ဖွင့်ပြထုတ်ပြန်မှု (#၂-၅)...... 61

နိုင်ငံတော်အဆင့်ပါဝင်မှု (#၂-၆) ...... 63

**၃။ စောင့်ကြည့်အကဲဖြတ်မှုနှင့် ထုတ်လုပ်မှု** ...... **72**

ရှာဖွေဖော်ထုတ်သော လုပ်ဆောင်မှုများပါဝင်သည့် တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်မှုကဏ္ဍခြုံငုံသုံးသပ်ချက် (#၃-၁) ...... 72

ထုတ်လုပ်မှုအချက်အလက်များ (#၃-၂) ......**Error! Bookmark not defined.**

ပြည်ပပို့ကုန်အချက်အလက်များ (#၃-၃) ...... 75

**၄။ အခွန်ကောက်ခံခြင်း** ...... **72**

နားလည်သဘောပေါက်ခြင်း (#၄-၁)...... 73

ကုန်စည်ဖြင့်ပေးချေမှုမှုရသောအခွန်များ (#၄-၂) ...... 81

ဖလှယ်ခြင်းနှင့် အခြေခံအဆောက်အအုံ (#၄-၃) ...... 81

သယ်ယူပို့ဆောင်ရေးဝင်ငွေ (#၄-၄)...... 81

SOE များနှင့် အစိုးရကြားမှ ရောင်းဝယ်မှုများ (#၄-၅)...... 82

ဒေသအလိုက်တိုက်ရိုက်ပေးချေမှုများ (#၄-၆)...... 90

ခွဲခြားခြင်းအဆင့် (#၄-၇)...... 90

အချက်အလက်အချိန်မီခြင်း (#၄-၈)...... 91

အချက်အလက်အရည်အသွေး (#၄-၉) ...... 91

**၅။ ဝင်ငွေစီမံခန့်ခွဲခြင်းနှင့် ဖြန့်ဝေခြင်း**...... **99**

ဝင်ငွေများကို ဖြန့်ဝေခြင်း (#၅-၁) ...... 93

တိုင်းဒေသကြီး/ပြည်နယ်မှ လွှဲအပ်မှုများ (#၅-၂)...... 101

ဝင်ငွေစီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များအတွက် ဖြည့်စွက်အချက်အလက်များ (#၅-၃)....... 101

**၆။ လူမှုရေးနှင့် စီးပွားရေးအတွက် သုံးစွဲမှု ....... 104**
လူမှုရေးအသုံးစရိတ်များ (#၆-၁)....... 104
SOE၏ နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များ (#၆-၂) ....... 106
တူးဖော်ရေးကဏ္ဍမှ စီးပွားရေးတွင် ပါဝင်မှု (#၆-၃)....... 106

**အပိုင်း ၃ - ရလဒ်များနှင့် သက်ရောက်မှုများ ....... 111**

**၇။ ရလဒ်များနှင့် သက်ရောက်မှုများ ....... 103**
လူထုတွင်း ဆွေးနွေးခြင်း (#၇-၁) ....... 104
အချက်အလက်ရရှိနိုင်မှု (#၇-၂)....... 114
ရရှိခဲ့သော သင်ခန်းစာများနှင့် အကြံပြုချက်များကို လိုက်နာလုပ်ဆောင်ခြင်း (#၇-၃)....... 115
အကောင်အထည်ဖော်ခြင်း၏ ရလဒ်များနှင့် သက်ရောက်မှု (#၇-၄)....... 117

**၈။ သက်ရောက်မှုလေ့လာဆန်းစစ်ချက် (EITI သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းရှိမရှိ အကဲဖြတ်ရာတွင် ထည့်သွင်းထားခြင်းမရှိသော) ...........** Error! Bookmark not defined.

**နောက်ဆက်တွဲများ.......** Error! Bookmark not defined.
**နောက်ဆက်တွဲ (က) – MSG အဖွဲ့ဝင်များနှင့် အဆက်အသွယ်အသေးစိတ်များ....... 123**
**နောက်ဆက်တွဲ (ခ) – MSG အစည်းဝေးတက်ရောက်မှု....... 119**
**နောက်ဆက်တွဲ (ဂ) – EITI အစီရင်ခံစာ၏ ကုန်ကျစရိတ် ....... 119**
**နောက်ဆက်တွဲ (ဃ) - ဆွေးနွေးညှိနှိုင်းခဲ့ကြသော မိတ်ဖက်အဖွဲ့များစာရင်း ....... 121**
**နောက်ဆက်တွဲ (င) - မှီငြမ်းစာရွက်စာတမ်းများစာရင်း/ စာစုများစာရင်း....... 126**

## ကိန်းဂဏန်းများနှင့် ဇယားများအညွှန်း

ပုံ ၁ – *ပဏာမ အကဲဖြတ်ခြင်းကတ်* ....... 13
ဇယား ၁ – *ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG) ကြီးကြပ်ရေးတာဝန်* ....... 48
ဇယား ၂ – *ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - စာချုပ်ချုပ်ဆိုခြင်းနှင့် လိုင်စင်ချပေးခြင်း*....... 69
ဇယား ၃ – *ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - စောင့်ကြည့်စစ်ဆေးမှုနှင့် ထုတ်လုပ်မှု* ....... 77
ဇယား ၄ – *ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - ဝင်ငွေကောက်ခံမှု* ....... 96
ဇယား ၅ – *ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - ဝင်ငွေစီမံခန့်ခွဲရေးနှင့် ဖြန့်ဝေမှု* ....... 103
ဇယား ၆ – *ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - လူမှုရေးနှင့် စီးပွားရေးအသုံးစရိတ်*....... 109
ဇယား ၇– *ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - ရလဒ်များနှင့် သက်ရောက်မှု* ....... 120

## အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံအစိုးရသည် ၂၀၁၂ ဒီဇင်ဘာတွင် အမှတ်ကြော်ငြာစာအမှတ် ၉၉/၂၀၁၂။ သမ္မတအမိန့်ဥပဒေကို ထုတ်ပြန်ပြီး EITI (သဘာဝ သယံဇာတ အရင်းအမြစ်တူးဖော်ရေးနှင့် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး) ကို အကောင်အထည်ဖော်ရန် စတင်လုပ်ဆောင်ခဲ့သည်။ ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့ အစည်းများ ပါဝင်သည့် အမြဲတမ်းအဖွဲ့တစ်ဖွဲ့ကို ၂၀၁၂ ဒီဇင်ဘာတွင် ဖွဲ့စည်းခန့်အပ်ခဲ့သည်။ မဏ္ဍိုင်ကိုမှ EITI ဘုတ်အဖွဲ့က မြန်မာနိုင်ငံကို EITI အဖွဲ့ဝင်အဖြစ် ၂၀၁၄ ဇူလိုင်လတွင် လက်ခံပေးခဲ့သည်။

၂၀၁၆ အောက်တိုဘာ ၂၅ ရက်နေ့တွင် ဘုတ်အဖွဲ့သည် မြန်မာနိုင်ငံကို ၂၀၁၆ EITI အဆင့်နှင့်အညီ အတည်ပြုကြောင်းကို ၂၀၁၈ ဇူလိုင် ၁ ရက်နေ့တွင် စတင်ကြေငြာမည့်အကြောင်း သဘောတူလက်ခံခဲ့သည်။ ဤအစီရင်ခံစာသည် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ အချက် အလက်စုဆောင်းမှုနှင့် ပူးပေါင်းဆောင်ရွက်သူများ ဆွေးနွေးမှုများကို ကနဦးအကဲဖြတ်မှုနှင့် ရှာဖွေတွေ့ရှိမှုများကို တင်ပြထားခြင်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးသည် အတည်ပြုမှုလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ တိုးတက်မှုကို EITI အဆင့်နှင့် သတ်မှတ်အကဲဖြတ်ရာတွင် အတည်ပြုမှုလမ်းညွှန်ကို အသုံးပြုခဲ့သည်။ အကဲဖြတ်မှုကို MSG မှ ပြန်လည်စစ်ဆေးခြင်းနှင့် အရည်အသွေး အတည်ပြုခြင်းမပြုသေးသဖြင့် ဤကနဦး အကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် EITI အဆင့်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှု ရှိသည်ဟု ကောက်ချက်ချနိုင်သည် (ပုံ ၁ ကို ကြည့်ပါ)။

မြန်မာနိုင်ငံသည် EITI အကောင်အထည်ဖော်ခြင်းကို ပြုလုပ်ရာတွင် သယံဇာတထုတ်ယူမှုများ ပွင့်လင်းမြင်သာမှု၊ ခိုင်မာသော လူထု ဆွေးနွေးမှုများဖြင့် ပူးပေါင်းဆောင်ရွက်သူများအကြားတွင် အပြန်အလှန် ဆွေးနွေးရန် နေရာတစ်ခုဖန်တီးပေးခြင်းနှင့် မူဝါဒပြန်လည် ဖော်ဆောင်ရေးကို စတင်မိတ်ဆက်ခြင်းဖြင့် သက်ရောက်မှုတစ်ခုကို ဖန်တီးနိုင်ခြင်းကြောင့် နမူနာကောင်းပြနိုင်သည့် နိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ EITI အကောင်အထည်ဖော်ခြင်းကို စတင်သည့်အချိန်ကပင် EITI သည် အစိုးရ၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်၏ အဓိက အစိတ်အပိုင်း ဖြစ်လာသကဲ့သို့ အထူးသဖြင့် နိုင်ငံ၏ ဘဏ္ဍာရေးစီမံကိန်းနှင့် သယံဇာတထုတ်ယူမှုများ ပြန်လည်တည်ဆောက်ရေးများ၏ အဓိက အစိတ်အပိုင်း ဖြစ်လာခဲ့သည်။ MEITI အစီရင်ခံစာများတွင် ပါရှိသော သယံဇာတထုတ်ယူမှုအချက်အလက်များ၏ ဖွင့်ဟပြသမှု အနေအထားသည် နိုင်ငံအတွင်း မကြုံဖူးသေးသောအနေအထားဖြစ်ပြီး ဤသို့အသေးစိတ်အချက်အလက် အများစုကို ပထမဆုံးအကြိမ်အဖြစ် EITI သို့ ဖော်ထုတ်ပြ သခဲ့ခြင်းသာ ဖြစ်သည်။

ဒီမိုကရေစီလုပ်ငန်းစဉ်များဖွံ့ဖြိုးခါစ နိုင်ငံတစ်နိုင်ငံအနေဖြင့် စီးပွားရေးတွင်လည်း လစ်ဘရယ်ဝါဒကို စတင်ကျင့်သုံးခါစဖြစ်သဖြင့် မြန်မာနိုင်ငံသည် EITI ကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သူများ၏ မျှော်လင့်ချက်များကို ကျော်လွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ ဤကနဦးအကဲဖြတ်မှု စာရွက်စာတမ်းများသည် မြန်မာနိုင်ငံ၏ EITI အကောင်အထည်ဖော်မှုတွင် သိသာထင်ရှားသော တိုးတက်မှုနှင့် အားနည်းချက် အချို့ကို မြင်သာစေပြီး ၂၀၁၄ ခုနှစ် စစ်အစိုးရလက်ထက်တွင် စတင်ခဲ့ပြီးနောက် ၂၀၁၆ တွင် ပြည်သူ့အစိုးရ အုပ်ချုပ်မှုကို ပြောင်းလဲလာခဲ့ကာ ၂၀၁၈တွင် EITI အစီရင်ခံစာကို ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထုတ်ပြန်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ သယံဇာတထုတ်ယူမှုလုပ်ငန်းတွင် ရေနံ၊ ဓာတ်သတ္တုနှင့် ကျောက်မျက်ဟူသည့် ကဏ္ဍ (၃)ရပ်ပါဝင် သည်။ ၂၀၁၅ - ၂၀၁၆ ကာလအတွင်း ထိုကဏ္ဍများမှ GDP (ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု) ၏ ၆%၊ အစိုးရအခွန်ဘဏ္ဍာဝင်ငွေ၏ ၂၀% နှင့် ပို့ကုန်စုစုပေါင်း၏ ၄၈% ရှိသည်။ ၂၀၁၅ - ၂၀၁၆ ကာလအတွင်း သယံဇာတကဏ္ဍ၏ စုစုပေါင်းဝင်ငွေသည် မြန်မာကျပ်ငွေ ၃,၄၀၄,၄၆၉ မီလီယံ (အမရိကန်ဒေါ်လာ ၂.၈ ဘီလီယံ) ရှိသည်။ အစိုးရ၏ သယံဇာတထုတ်ယူမှုဝင်ငွေတွင် အဓိကဝင်ငွေရင်းမြစ်များမှာ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ (၆၄%)၊ ကျောက်စိမ်းနှင့် ကျောက်မျက် (၂၁%)၊ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ ပို့ဆောင်ရေး (၁၂%) နှင့် အခြားဓာတ်သတ္တုများ (၁%) တို့ဖြစ်ကြသည်။ [1]

စီးပွားရေးတွင် သယံဇာတလုပ်ငန်းများ၏ သိသာထင်ရှားသောပါဝင်မှုသည် မြန်မာနိုင်ငံ၏ EITI အကောင်အထည်ဖော်ရေး၏ ဦးတည်ချက်များ တွင် ပါရှိသကဲ့သို့ပင် ကောင်းမွန်သော အုပ်ချုပ်ပုံ ယန္တရားများနှင့် မူဝါဒများ၏ အရေးကြီးမှုသည် သိသာထင်ရှားသည်။ မြန်မာနိုင်ငံ ၏ EITI

[1]MEITI (မတ် ၂၀၁၈) “၂၀၁၅- ၂၀၁၆ MEITI အစီရင်ခံစာ” ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

7



အကောင်အထည်ဖော်ရေး၏ အဓိကအချက်မှာ အစိုးရ၊ စက်မှုလုပ်ငန်းနှင့် မြို့ပြလူ့အဖွဲ့အစည်းမှ ကောင်းစွာ ရွေးချယ်ထားသော ပူးပေါင်းဆောင်ရွက်သူများ၏ အခြေအနေကို ကြိုတင်ဖန်တီးယူသော လုပ်ဆောင်မှုဖြစ်သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများလည်း ပါဝင်ကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီကြီးများ အားလုံးကို ကိုယ်စားပြုသည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုအတွက် မြန်မာနိုင်ငံမဟာမိတ်အဖွဲ့၏ အတူတကွ ပူးပေါင်းပါဝင်မှုဖြင့် မြို့ပြလူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ လည်း တက်ကြွစွာ ပါဝင်ကြသည်။ ၎င်း၏ EITI အကောင်အထည်ဖော်ရေးတွင် EITI စည်းမျဉ်းများနှင့်ညီသော ဝေါဟာရ အမွေအနှစ် တစ်ခုဖြစ်သည့် လေးစားလိုက်နာမှုကို အလွန်အမင်း အာရုံစိုက်သော် လည်း အစိုးရအပါအဝင် မဲဆန္ဒနယ်များအားလုံးမှ ပူးပေါင်းပါဝင်သူများသည် EITI ကို ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးနှင့် သယံဇာတ ထုတ်ယူမှုလုပ်ငန်း စီမံခန့်ခွဲရေးတွင် ပြန်လည်ဖွဲ့စည်းမှုကို တွန်းအားပေးသော နည်းလမ်း တစ်ခုအဖြစ် သုံးလိုသော ရည်ရွယ်ချက်ကို မကြာခဏ ဖော်ပြကြသည်။

မြန်မာနိုင်ငံသည် အစီရင်ခံစာပါ လမ်းညွှန်မှုများကို ထည့်သွင်းဆုံးဖြတ်ပြီး လုပ်ဆောင်ကြောင်း သေချာအောင် ဆောင်ရွက်ပြီး အတည်ပြုမှု လုပ်ငန်းစဉ်ကို ပြင်ဆင်ခြင်းနှင့် ပါဝင်လုပ်ဆောင်ခြင်းကိုလည်း အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။

## ယေဘုယျကောက်နှုတ်ချက်များ

ဤကနဦးအကဲဖြတ်မှုသည် အစိုးရ၏ ပါဝင်လုပ်ဆောင်မှုကြောင့် ကျေနပ်ဖွယ်ရာဖြစ်ပြီး ကုမ္ပဏီများ ပူးပေါင်းပါဝင် လုပ်ဆောင်လာမှု တိုးတက်လာရန် အခွင့်အလမ်းများလည်း ရှိလာသည်။ ပိုမိုကျယ်ပြန့်သော နယ်ပယ်တွင် ပါဝင်လာခြင်းနှင့် ဖော်ပြထားသော အချက်အလက် အနည်းငယ်ထက် ကျော်လွန်သော ဖြစ်စဉ်ကို ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းကို ပိုမိုလုပ်ဆောင်နိုင်လာပေမည်။ မြန်မာနိုင်ငံတွင် EITI လုပ်ငန်းစဉ်၏ အားသာချက်များတွင် အကောင်အထည်ဖော်မှုကို ကြီးကြပ်နေသည့် ကောင်းစွာ လုပ်ဆောင်နေသော ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမှ ပံ့ပိုးပေးသော ရှင်းလင်းသည့်ခေါင်းဆောင်မှု၊ သယံဇာတထုတ်ယူမှု ကဏ္ဍနှင့်ပတ်သက်သော အဓိပ္ပာယ်ရှိသည့် ဆွေးနွေးမှုများကို လုပ်ဆောင်သည့် မြို့ပြ လူ့အဖွဲ့အစည်းနှင့် အချက်အလက်များကို တင်ပြရာတွင် အပြည့်အဝပါဝင်သော ကုမ္ပဏီများ ပါဝင်သည်။

အချိန်မီထွက်လာသော MEITI အစီရင်ခံစာ သုံးစောင်ရှိ အကြံပြုချက်များမှာ ကျောက်မျက်ကဏ္ဍနှင့် နိုင်ငံပိုင်လုပ်ငန်းများ (SOEs) စီမံခန့်ခွဲမှု ကဲ့သို့သော အနှစ်သာရရှိသည့် မူဝါဒပြုပြင် ပြောင်းလဲမှုများနှင့် အခွန်သတ်မှတ်ခြင်းအရေအတွက်ကို ရွေးချယ်လက်ခံခြင်းနှင့် သတ္တုတွင်းပိုင်ဆိုင်မှုကို အွန်လိုင်းတွင် တင်ပေးထားခြင်းကဲ့သို့သော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးစနစ်များတိုးတက်မှုကို အဓိကဦးတည်ထားသည်။စာချုပ်ဖြင့် အပြည့်အဝအကုန်အစင် ဖွင့်ဟ ပြောပြရန် တွန်းအားပေးမှုကဲ့သို့သော ကုမ္ပဏီများ၏ တာဝန်ယူမှုတာဝန်ခံမှု တိုးမြင့်လာစေရန်နှင့် အကျိုးရှိသော ပိုင်ဆိုင်မှုအပေါ် ပွင့်လင်းမြင်သာအောင် ချပြခြင်း အတွက် ဥပဒေဆိုင်ရာမူဘောင်ကို ပြဋ္ဌာန်းရန်အတွက် EITI သတ်မှတ်ချက်များကို ရင်းနှီးမတည်ရန် ညွှန်ကြားမှုများလည်းရှိသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုအဆင့် ကွဲပြားသော်လည်း MSG ဆွေးနွေးမှုနှင့် ညွှန်ကြားချက်များအားလုံးနီးပါးကို လိုက်နာလုပ်ဆောင်သော သက်သေသာဓကရှိသည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၏ EITI ကို အကောင်အထည်ဖော်ရာတွင် အားနည်းချက်များရှိနေသည်။ မခိုင်မာသော အစိုးရစနစ်များကြောင့် အချက် အလက်အရည်အသွေးနှင့်ဆက်စပ်သော ကိစ္စရပ်များပေါ်ပေါက်ပြီး အထူးသဖြင့် ကျောက်မျက်ကဏ္ဍတွင် ထုတ်လုပ်မှုအရည်အသွေးနှင့် ပို့ကုန် အချက် အလက်များကို လူထုက သိသာစွာ မေးခွန်းထုတ်လျှက်ရှိသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုလုပ်ငန်းများကို လူသိရှင်ကြား မှတ်ပုံတင်မှု မရှိခြင်းကလည်း အများပြည်သူတိုင်းရရှိနိုင်သော လိုင်စင်အချက်အလက်များ ပြည့်စုံနားလည်မှုနှင့် ပတ်သက်၍ စိုးရိမ်ဖွယ် ကိစ္စရပ်များဖြစ်ပေါ်စေသည်။ လုပ်ငန်းလည်ပတ်မှုနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ စာရင်းများကို လျှို့ဝှက်ထားခြင်းကလည်း နိုင်ငံ၏ ပါဝင်လုပ်ဆောင်မှုနှင့် ဝင်ငွေများကို စီမံခန့်ခွဲမှု နှင့်ပတ်သက်သော EITI သတ်မှတ်ချက်များစွာကို မပြည့်မီစေသော နောက်ထပ် အကြောင်းရင်း တစ်ခုဖြစ်သည်။ စာချုပ်ဖြင့် ဖွင့်ဟပြောပြမှုနှင့်ပတ်သက်၍ အစိုးရ၏ မူဝါဒကို အစီရင်ခံစာတွင် ရှင်းလင်းစွာဖော်ပြထားသော်လည်း လက်တွေ့တွင် စာချုပ်ဖြင့် ဖွင့်ဟပြောပြမှုမရှိခြင်းသည် မဖြစ်မနေလုပ်ရသော လူမှုရေးအသုံးစရိတ်များနှင့် ဆက်စပ်သော ကိစ္စကဲ့သို့ စာချုပ်ပါအဓိကအချက်များ ရှိနေခြင်းကို နားလည်မှုလွဲစေသည်။

မြန်မာနိုင်ငံ၏ EITI ကို အကောင်အထည်ဖော်ခြင်း၏ အရည်အသွေးကို ယနေ့အထိ နှိမ့်ချပြောဆိုခြင်းမရှိသော်လည်း EITI အစီရင်ခံတင်ပြသည့် လက်ရှိ နယ်ပယ်တွင် ဖုံးကွယ်ထားခြင်းမရှိသော နိုင်ငံအတွက်စိုးရိမ်ဖွယ် အခြားကိစ္စရပ်များတွင် အချက်အလက်ကို အများပြည်သူထံ ဖော်ပြရန် ရှင်းလင်းစွာ တောင်းဆိုမှု ပြုနေကြပြီဖြစ်သည်။ ဥပမာအားဖြင့် သယံဇာတတူးဖော်မှုကဏ္ဍတွင် များပြားသော အကျိုးအမြတ်များ ရရှိနေသည်ဟု သိထားကြသော်လည်း EITI ကို အကောင်အထည်ဖော်ခြင်းတွင် ယနေ့အထိ လုံလောက်စွာပါဝင်မှုမရှိသော စစ်တပ်နှင့်ဆက်နွယ်နေသည့်

ကုမ္ပဏီနှစ်ခု (UMEHL နှင့် MEC) တို့နှင့်ပတ်သက်၍ ပိုမိုရှင်းလင်းသော အချက်များကို EITI အနေဖြင့် ပေးနိုင်ရမည်ဖြစ်သည်။ EITI အနေဖြင့် အခွန်ဘဏ္ဍာဝင်ငွေကို ယိုပေါက်ဖြစ်ခြင်းမှ ကာကွယ်ရန် ကျောက်မျက်ကဏ္ဍတွင် ပြည့်စုံသော ထုတ်လုပ်မှုနှင့် ပို့ကုန်အချက်အလက်များကို သေချာစွာ ရရှိနိုင်ရန်အတွက် ကျောက်မျက်ပြပွဲ အပြင်ဘက်ရှိ အရောင်းအဝယ်စာရင်းများ၏ အတိုင်းအတာပမာဏကိုလည်း ပိုမိုရှင်းပြ နိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအချက်အနေဖြင့် EITI တွင် နိုင်ငံပိုင်လုပ်ငန်းများ၏ အခြားဘဏ်စာရင်းများမှတဆင့် စီမံထားသော ရံပုံငွေ ထိန်းသိမ်းမှုများအပါအဝင် ၎င်းတို့၏ ဘဏ္ဍာရေးစီမံမှုကို ပိုမိုရှင်းလင်းစွာ တင်ပြရမည့် တာဝန်လည်းရှိသည်။

## အကြံပြုချက်များ

ဤကနဦးအကဲဖြတ်မှုတွင် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ရန် ဆုံးဖြတ်ထားသော သီးသန့် တိုးတက်ကောင်းမွန်မှုများနှင့် မြန်မာနိုင်ငံတွင် EITI ကို ပြန်လည်တည်ဆောက်ရေးကို ပံ့ပိုးသော ကိရိယာအဖြစ် ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ရန် ကူညီပေးနိုင်သည့် နည်းဗျူဟာကျ၍ မှန်ကန်သော လုပ်ဆောင်ချက်များအတွက် အကြံပြုချက်များ ပါဝင်သည်။

၁။ သတ်မှတ်ချက် ၁-၁ အရ နိုင်ငံရှိ လုပ်ပိုင်ခွင့်အာဏာရှိသည့် အစိုးရအရာရှိကြီးများက MSG အစည်းအဝေးတွင် ပါဝင်ရန် ဆုံးဖြတ်ချက်များချရန်အတွက် သေချာအောင်ပြုလုပ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်သည်။

၂။ သတ်မှတ်ချက် ၁-၂ အရ မြန်မာနိုင်ငံသည် ကုမ္ပဏီများကို အထူးသဖြင့် စစ်တပ်နှင့်ပတ်သက်သော ကုမ္ပဏီများနှင့် MSG အပြင်ဘက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ EITI လုပ်ငန်းစဉ်တွင် ပြည့်ဝစွာ တက်ကြွစွာနှင့် ထိရောက်စွာ ပါဝင်အောင် ပြုလုပ်ရမည်။ ထိုကုမ္ပဏီများ ပါဝင်လုပ်ဆောင်ရန် အခက်အခဲများရှိပါက အစိုးရအနေဖြင့် သတ်မှတ်ချက် ၁-၂ (ခ) အရ EITI အကောင်အထည်ဖော်ခြင်းတွင် လက်တွေ့လုပ်ဆောင်မှုများနှင့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံခန့်ခွဲရေးစည်းကမ်းများနှင့် အညီကုမ္ပဏီများပါဝင်နိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်။

၃။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် ပူးပေါင်းပါဝင်နိုင်မှုနယ်ပယ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှုနှင့် လုပ်ဆောင်နိုင်မှုကို အခက်အခဲဖြစ်စေသည့် CSO များ၏ ဥပဒေသတ်မှတ်ချက်များကို အကဲဖြတ်ခြင်းလည်း ပါဝင်သော EITI အကောင်အထည်ဖော်ခြင်း၏ ကဏ္ဍအားလုံးတွင် ပြည်သူတစ်ရပ်လုံး ထိရောက်စွာ ပါဝင်နိုင်ရန်အတွက် တရားဥပဒေဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုကို အဆက်မပြတ်ဖန်တီးပေးနိုင်အောင် ပုံမှန်အနီးကပ်စောင့်ကြည့်ရန် EMSG ကို တိုက်တွန်းထားသည်။ စုဝေးခွင့်နှင့် လွတ်လပ်စွာ ပြောဆိုခွင့်အပါအဝင် အရပ်ဖက်အဖွဲ့အစည်းကို ကန့်သတ်မှုများ သတ်မှတ်သည့် ဥပဒေများကို အစိုးရအနေဖြင့် ပြင်ဆင်ရန် စဉ်းစားနိုင်ရမည်။ လွတ်လပ်စွာပြောဆိုခွင့်နှင့် အပြစ်ပေးခံရရန် ကြောက်လန့်ခြင်းတို့ကို ထိန်းချုပ်ထားသော အချက်များကို ဦးတည်ဆွေးနွေးနိုင်သော အပြုသဘောဆောင်သော စကားဝိုင်းများကို ပြည်သူလူထုနှင့် ပြုလုပ်နိုင်မည့် အခွင့်အရေးများကို ပိုမိုကျယ်ပြန့်စေနိုင်ရမည်။

၄။ သတ်မှတ်ချက် ၁-၄ အရအကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် သတ်မှတ်ချက် ၁-၄ (ခ-၆) နှင့်အညီ နယ်ပယ်တစ်ခုစီအတွက် MSG ကိုယ်စားလှယ်များကို ပြောင်းလဲခြင်းနှင့် ရွေးချယ်ခြင်းအတွက် ရှင်းလင်းသော လုပ်ငန်းစဉ်ကို ပြဋ္ဌာန်းရန်နှင့် သဘောတူခွင့်ပြုရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်သည်။ နယ်ပယ်တစ်ခုချင်းစီကိုလည်း MSG အစည်းအဝေးများသို့ တက်ရောက်သော ၎င်းတို့ကိုယ်စားလှယ်များ၏ အဆင့်အနေအထားသည် မြန်ဆန်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ကြောင်း သေချာစေရန် တိုက်တွန်းနှိုးဆော်သည်။ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများကို ၎င်းတို့၏ နယ်ပယ်အတွင်း နည်းလမ်းတကျဆွေးနွေးအကြံပေးမှုနှင့် အကဲဖြတ်မှုနည်းလမ်းကို ကျင့်သုံးရန်လည်း တိုက်တွန်းနှိုးဆော်သည်။

၅။ သတ်မှတ်ချက် ၁-၅ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းစီမံကိန်းချမှတ်ရာတွင် ပိုမိုကျယ်ပြန့်သော နယ်ပယ်အုပ်စုများ၏ အချက်အလက်များကို အကဲဖြတ်မှုများနှင့် စစ်ဆေးလေ့လာခြင်းအတွက် နည်းစနစ်တစ်ခုကို သတ်မှတ်လိုသည်။ MSG သည် လုပ်ငန်းစီမံကိန်း ဦးတည်ချက်များနှင့် နိုင်ငံ့ဦးစားပေးလိုအပ်ချက်များ ချိတ်ဆက်နေပုံကို ဆွေးနွေးခြင်းအပါအဝင် EITI အကောင်အထည်ဖော်ခြင်းကို ထိရောက်စွာ အကျိုးရှိစေမည့် MSG အဖွဲ့ဝင်များ၏ အရည်အသွေးကို ကန့်သတ်နေသော အချက်များကိုလည်း ဖော်ထုတ်နိုင်ရန် စဉ်းစားဆုံးဖြတ်နိုင်ရမည်။ ထို့အပြင် လုပ်ဆောင်ချက်တစ်ခုစီအတွက် ရံပုံငွေရင်းမြစ်ကိုလည်း အနာဂတ်လုပ်ငန်းစီမံကိန်းတွင် ထည့်သွင်းစဉ်းစားနိုင်ရမည်။

၆။ သတ်မှတ်ချက် ၂-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအတွင်း အစိုးရဝက်ဘ်ဆိုက်များကဲ့သို့ အများပြည်သူ ဖတ်နိုင်သည့် ပလက်ဖောင်းများတွင် MEITI အစီရင်ခံစာများတွင် တင်ပြထားသော အချက်အလက်များကို ဆွေးနွေးသောအခါ သုံးသော အသေးစိတ် အချက်အလက်များကိုရရှိနိုင်အောင် ပြုပြင်ပြောင်းလဲခြင်း အပါအဝင် သယံဇာတတူးဖော်မှုကဏ္ဍ ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း မူဘောင်နှင့် သက်ဆိုင်သော အချက်အလက်များကို ပြုစုရေးသားရန် အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၇။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၂-၂ (က - ၂) အရ မြန်မာနိုင်ငံအနေဖြင့် ဓာတ်သတ္တုနှင့် ကျောက်မျက်ကဏ္ဍတွင် လိုင်စင်များချပေးရာတွင် သုံးသော နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များကို တင်ပြရန် လိုအပ်သည်။ သတ်မှတ်ချက် ၂-၂(က-၄) နှင့်အညီ လိုင်စင်ချပေးခြင်းကို လုပ်ဆောင်ရန် အကျုံးဝင်သော ဥပဒေနှင့် စည်းမျဥ်းစည်းကမ်း မူဘောင်မှ အသေးအဖွဲမဟုတ်သော တိမ်းစောင်းမှုများကိုလည်း MSG သည် ဆွေးနွေးခြင်း ပြုရမည်။ လိုင်စင်လွှဲပြောင်းခြင်းဆိုင်ရာ စည်းမျဥ်းများ အထူးသဖြင့် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍတွင် ခွင့်ပြုခြင်းရှိမရှိကိုလည်း MSG က ရှင်းလင်းစွာ ပြောကြားသင့်သည်။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၂-၂ အရ လိုအပ်သော အချက်အလက်အားလုံးကို စံသတ်မှတ်ချက်အရ လိုအပ်သော အသေးစိတ်အနေအထားဖြင့် စနစ်တကျ တင်ပြရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။

၈။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၂-၃ အရ မြန်မာနိုင်ငံအနေဖြင့် EITI ၏ အစီရင်ခံစာတွင် မပါရှိသော အောက်ပါအချက်အလက်များ- ME ကဏ္ဍများစွာ၏ ပူးပေါင်းပါဝင်မှုများ၊ လျှောက်လွှာနေ့စွဲများ၊ ဆုများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုလိုင်စင်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတစ်ခုစီ၏ ကုန်ပစ္စည်းများနှင့်ပတ်သက်မှုများကို လူသိရှင်ကြား တင်ပြရန်လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက် ၂-၃ အရ လိုအပ်သော လိုင်စင်အချက်အလက်များ ကို အစိုးရ၏ ပုံမှန်လည်ပတ်မှုနှင့် အချက်အလက်ကို စနစ်တကျ တင်ပြခြင်းအဖြစ် တရားဝင်မှတ်တမ်းတင်ခြင်းဖြင့် တင်ပြရမည်။

၉။သတ်မှတ်ချက် ၂-၄ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအနေဖြင့် ယခင်တင်ပြခဲ့သော EITI အစီရင်ခံစာသုံးခုတွင် ပါရှိသော သယံဇာတတူးဖော်မှု ကန်ထရိုက်စာချုပ်များအားလုံးကို အပြည့်အဝတင်ပြရန် စဉ်းစားဆုံးဖြတ်သင့်သည်။ PCS တို့တွင် ပါရှိသော လျှို့ဝှက်အချက်အလက်များနှင့် သတ္တုတူးဖော်မှုများကို ပြန်လည်ထည့်သွင်းစဉ်းစားရန်လည်း အကြံပြုထားသည်။

၁၀။ သတ်မှတ်ချက် ၂-၆ အရ မြန်မာနိုင်ငံအနေဖြင့် သယံဇာတတူးဖော်မှုပရောဂျက်များတွင် SOE များအားလုံး၏ ရှယ်ယာတန်ဖိုးနှင့် ဆက်စပ်နေသော အသေးစိတ်အချက်အလက်များကိုလည်း တင်ပြရန်လိုအပ်သည်။ စီမံကိန်းလည်ပတ်မှု၏ အဆင့်များစွာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍရှိ အထွေထွေအသုံးစရိတ်များနှင့် ဖက်စပ်ပါတနာများကိုယ်စား အခွန်ဆောင်ရခြင်းအချက်အလက်များ အပါအဝင် အသုံးစရိတ်များကို ကုန်ကျခံရသော SOE ၏ တာဝန်ဝတ္တရားကိုလည်း တင်ပြသင့်သည်။ MOPF သည် SOE များကို ထောက်ပံ့ပေးအပ်သော ချေးငွေအာမခံမှုအချက်အလက်များနှင့် ထိန်းသိမ်းထားသော ဝင်ငွေများအပေါ် သတ်မှတ်စည်းကမ်းများကို တင်ပြသင့်သည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံသည် UMEHL နှင့် MEC ကို အစိုးရပိုင်ကော်ပိုရေးရှင်းများ ဟုတ်မဟုတ် ရှင်းရှင်းလင်းလင်း တင်ပြရန်လိုအပ်သည်။ အကယ်၍ အစိုးရပိုင်ကော်ပိုရေးရှင်းများဖြစ်လျှင် သတ်မှတ်ချက် ၁-၂ အရ MSG အနေဖြင့် EITI အစီရင်ခံခြင်း လုပ်ငန်းစဉ်နယ်ပယ်အတွင်း ပါဝင်ခြင်းနှင့် MEITI အစီရင်ခံစာတွင် တင်ပြထားသော တူးဖော်မှုစီမံကိန်းများတွင် ၎င်း၏ အကျိုးစီးပွားများ၏ ဘက်စုံပါဝင်မှုကို အကဲဖြတ်ခြင်းတို့ဖြင့် EITI လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်ရန် လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် MSG အနေဖြင့် MOGE ၏ အထွေထွေဝင်ငွေကို စစ်ဆေးရန် တိုက်တွန်းလိုသည်။

၁၁။ သတ်မှတ်ချက် ၃-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ သယံဇာတ တူးဖော်မှု လုပ်ဆောင်ချက်များဆိုင်ရာ အချက်အလက်များကို MONREC နှင့် MEE ကဲ့သို့ သက်ဆိုင်ရာ အစိုးရအေဂျင်စီများ၏ ဝက်ဘ်ဆိုက်များတွင် စနစ်တကျ ပုံမှန်တင်ပြသင့်သည်။

၁၂။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၃-၂ အရ မြန်မာနိုင်ငံသည် ကျောက်စိမ်းနှင့် ကျောက်မျက်ကုန်များ၏ ထုတ်လုပ်မှုပမာဏနှင့် တန်ဖိုးကို တင်ပြရန်လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် MSG အနေဖြင့် EITI အစီရင်ခံစာနယ်ပယ်အတွင်း ကျောက်မျက်ပြပွဲ အပြင်ဘက်ရှိ အရောင်းအဝယ်ဆိုင်ရာ ပို့ကုန်အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အစိုးရ၏ သတင်းပလက်ဖောင်းများ မှတဆင့် အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၃။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၃-၃ အရမြန်မာနိုင်ငံအနေဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်များ၏ ပို့ကုန်ပမာဏနှင့် တန်ဖိုးဆိုင်ရာ ဘက်စုံအချက်အလက်များကိုလည်း နယ်ပယ်ခွဲခြား၍ တင်ပြသင့်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် MSG အနေဖြင့် EITI အစီရင်ခံစာနယ်ပယ်အတွင်း ကျောက်မျက်ပြပွဲအပြင်ဘက်ရှိ အရောင်းအဝယ်ဆိုင်ရာ ပို့ကုန်အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၄။ သတ်မှတ်ချက် ၄-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။ MSG အနေဖြင့် အသုံးစရိတ်များနှင့် ကုမ္ပဏီများအတွက် အရည်အသွေးအဆင့်ကို

10


သတ်မှတ်ဆုံးဖြတ်ရန် သဘောတရားနှင့် ရွေးချယ်မှုများကို သတ်မှတ်ရန် ဆုံးဖြတ်ရာတွင် စာရွက်စာတမ်းဖြင့် ရှင်းလင်းစွာ မှတ်တမ်းတင်သင့်သည်။

၁၅။ သတ်မှတ်ချက် ၄-၂ အရ မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍသုံးခုအတွက် ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှု၏ အရည်အသွေးကို အမျိုးအစား ခွဲခြား၍ အကဲဖြတ်သင့်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် တူညီသော ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှု ပြုလုပ်ခြင်းရှိမရှိကိုလည်း နောက်အစီရင်ခံစာတွင် ရှင်းလင်းစွာ ဖော်ပြသင့်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် နိုင်ငံ၏ ရောင်းချမှုရှယ်ယာကို ရောင်းချသောပမာဏနှင့် ရရှိသောဝင်ငွေနှင့်အတူ တင်ပြသင့်သည်။ သတ္တုတူးဖော်ရေးနှင့် ကျောက်မျက်တွင်လည်း ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှုကို SOE သို့ ကုမ္ပဏီမှ ပေးချေမှုနှင့် အစိုးရရှယ်ယာရောင်းချမှုများကို ဝယ်ယူသောကုမ္ပဏီအလိုက် ခွဲခြားဖော်ပြသင့်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှုဆိုင်ရာ အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၆။ သတ်မှတ်ချက် ၄-၅ အရ အစိုးရအနေဖြင့် အစိုးရထံမှ SOE များထံသို့ လွှဲပြောင်းပေးမှုများအားလုံးကို ပြည်သူလူထုကို အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် ကျယ်ပြန့်စွာ အသိပေးကြောင်း သေချာအောင် ဆောင်ရွက်သင့်သည်။ SOE ရောင်းဝယ်မှုများနှင့်ပတ်သက်၍ တင်ပြသော အချက်အလက်များ၏ ကျယ်ပြန့်မှုကို မြန်မာနိုင်ငံအနေဖြင့် SOE ၏ အခြားစာရင်းများနှင့် အခြား အဖွဲ့အစည်းများကြား ကုန်ပစ္စည်း လွှဲပြောင်းမှုများရှိမရှိ အခြားသတင်းရင်းမြစ်များမှတဆင့် လေ့လာ၍ စစ်ဆေးသင့်သည်။

၁၇။ သတ်မှတ်ချက် ၄-၇ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် နောက်လာမည့် အစီရင်ခံစာအတွက် ပရောဂျက်အဆင့် အစီရင်ခံစာတင်ခြင်းကို ပြုလုပ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းအားပေးထားသည်။ EITI နိုင်ငံများအနေဖြင့် ပရောဂျက်တစ်ခုလျှင် ၂၀၂၀ ဒီဇင်ဘာ ၃၁ ရက်နေ့မတိုင်ခင် နောက်ဆုံးထား၍ စီမံကိန်းအဆင့်အလိုက် အစီရင်ခံခြင်းကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရှိနိုင်သော အတိုင်းအတာကို MEITI အနေဖြင့် ဆုံးဖြတ်သင့်သည်။ MSG အနေဖြင့် ဝင်ငွေလမ်းကြောင်းများ၏ နယ်ပယ်အား လိုင်စင်ဖြင့်စည်းကြပ်ခြင်းနှင့် စီမံကိန်းအလိုက် တင်ပြခြင်းကို လုပ်ဆောင်ခြင်းကို စတင်လုပ်ဆောင်နိုင်သည်။

၁၈။ သတ်မှတ်ချက် ၄-၈ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရပလက်ဖောင်းများတွင် နောက်ဆုံးရအချက်အလက်များကို စနစ်တကျ ပုံမှန် တင်ပြရန်နှင့် ကုမ္ပဏီများကိုလည်း ထိုသို့ပင် လုပ်ဆောင်စေရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၉။ သတ်မှတ်ချက် ၄-၉ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရသည် SOE များအနေဖြင့် အစိုးရအချက်အလက်များကို ယုံကြည်မှုနှင့်ပတ်သက်၍ ထပ်မံသေချာစေခြင်းနှင့်အတူ အစိုးရအဖွဲ့များ၏ စာရင်းစစ်ပြီးသား ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြရန်လည်း စဉ်းစား သင့်သည်။ SOE နှင့် ကုမ္ပဏီပုံရိပ်များကို ယေဘုယျအားဖြင့် စစ်ဆေးခြင်းအဆင့်ကို တိုးတက်စေရန် သိသာထင်ရှားသော တိုးမြှင့်မှုအတွက် လုပ်ဆောင်ရန်လိုအပ်ခြင်းရှိမရှိ IA ၏ လေ့လာစောင့်ကြည့်မှုဖြင့် MSG ကို ၎င်းတို့ သဘောတူညီထားသော အချက်အလက်အရည်အသွေးစစ်ဆေးခြင်း နည်းလမ်းများကို ပြန်လည်စစ်ဆေးရန်နှင့် အချက်အလက်အရည်အသွေး တိုးတက်ရန်အတွက် ဖယ်ရှားသင့်သော အခြားနည်းလမ်းများကို ထည့်သွင်း စဉ်းစားရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။

၂၀။ သတ်မှတ်ချက် ၅-၁ အရ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော် ဘတ်ဂျက်တွင် မှတ်တမ်းတင်ခြင်းမရှိသော သယံဇာတတူးဖော်မှုဝင်ငွေများနှင့် ပတ်သက်၍ ထပ်မံ ရှင်းပြခြင်းကို ပြုလုပ်ရန် လိုအပ်သည်။ ငွေစာရင်းများထံသို့ သယံဇာတတူးဖော်မှုကဏ္ဍဝင်ငွေများနှင့် ထိုဝင်ငွေများကို အသုံးပြုပုံများကို အတိအကျခြေရာခံခြင်းကဲ့သို့သော အခြားဘဏ်စာရင်းများ၏ အသေးစိတ်အချက်အလက်များကို ထပ်မံစစ်ဆေးရန်အတွက် MSG အနေဖြင့် EITI အစီရင်ခံခြင်း နယ်ပယ်ကို ကျယ်ပြန့်စေရန်နှင့် ထိုငွေစာရင်းများကို ထိန်းသိမ်းရာတွင် စည်းကမ်းချက်များကို ရှင်းပြရန် စဉ်းစားဆုံးဖြတ်သင့်သည်။

၂၁။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၆-၁ အရ ကုမ္ပဏီများအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေ သို့မဟုတ် စာချုပ်အရ လူမှုရေးအသုံးစရိတ်များကို တင်ပြရန်လိုအပ်သည်။ ထိုအကျိုးခံစားခွင့်များကို ငွေအားဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့်ပေးအပ်ရာတွင် ကုမ္ပဏီများအနေဖြင့် ငွေအားဖြင့်မဟုတ်သော အခြားနည်းဖြင့် ရောင်းဝယ်ခြင်း၏ သတ်မှတ်သော တန်ဖိုးနှင့် သဘောသဘာဝကို တင်ပြရန် လိုအပ်သည်။ အကျိုးခံစားသူများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကိုလည်း တင်ပြသင့်သည်။ ဖြစ်နိုင်ပါက ထိုပေးချေမှုများကို ချိန်ညှိသင့်သည်။ ကုန်ပစ္စည်းများနှင့်ပတ်သက်သော တစ်ဦးချင်း ဆုံးဖြတ်ချက်ဖြင့် သုံးသော လူမှုရေးအသုံးစရိတ်များကိုလည်း တင်ပြရန် ကုမ္ပဏီများကို ထပ်မံတိုက်တွန်းသင့်သည်။ အခြားပေးချေမှုများကို တင်ပြခြင်းဖြင့် အချိုးမျှသော ပွင့်လင်းမြင်သာမှုအဆင့်ကို ရရှိနိုင်သည့် ရှုထောင့်ပါရှိသော အစီရင်ခံသောလုပ်ငန်းစဉ်တစ်ခုကို ဖန်တီးရန် MSG ကို တိုက်တွန်း နှိုးဆော်ထားသည်။

11



၂၂။ သတ်မှတ်ချက် ၆-၂ အရ မြန်မာနိုင်ငံအနေဖြင့် လူမှုရေးဝန်ဆောင်မှုများအတွက် SOEပေးချေမှုများ၊ အများပြည်သူအခြေခံအဆောက်အဦများ၊ လောင်စာဆီထောက်ပံ့မှုများနှင့် နိုင်ငံ့ငွေချေးလုပ်ငန်းများ စသည်တို့ကဲ့သို့သော နိုင်ငံ၏ ဘဏ္ဍာရေးလုပ်ငန်းစဉ်အပြင်ဘက်ရှိ နိုင်ငံတော်ဘဏ္ဍာမှ မဟုတ်သော အသုံးစရိတ်များနှင့်ပတ်သက်၍ SOE မှ တင်ပြမှုများလည်း ပါရှိရန် လိုအပ်သည်။ ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းအုပ်စုအနေဖြင့် အခြားပေးချေမှုများနှင့် ဝင်ငွေလမ်းကြောင်းများနှင့်ပတ်သက်၍ အချိုးမျှသော ပွင့်လင်းမြင်သာမှုအဆင့်ကို ရရှိနိုင်သည့် ရှုထောင့်ပါရှိသော အစီရင်ခံသော လုပ်ငန်းစဉ်တစ်ခုကို ဖန်တီးရန် လိုအပ်ပြီး SOE ထောက်ပံ့မှုများနှင့် ဖက်စပ်လုပ်ငန်းများလည်း ပါဝင်သင့်သည်။

၂၃။ သတ်မှတ်ချက် ၆-၃ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် တရားဝင်အလုပ်ခန့်ထားခြင်း အချက်အလက်ကို အစိုးရ ပလက်ဖောင်းများမှတဆင့် တင်ပြခြင်းနှင့်အတူ သယံဇာတတူးဖော်မှုကဏ္ဍ၏ စီးပွားရေးတွင် ပါဝင်မှုကို စနစ်တကျ ပုံမှန်တင်ပြရန် အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၂၄။ သတ်မှတ်ချက် ၇-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် EITI အစီရင်ခံစာများကို နည်းပညာအသုံးပြုမှုနည်းသော အနှစ်ချုပ်အစီရင်ခံများ ထုတ်ဝေခြင်းဖြင့် ကျယ်ပြန့်မှုကို တိုးမြှင့်၍ ၎င်းတို့၏ ဆက်သွယ်ပြောဆိုမှုနည်းလမ်းကို အပြည့်အဝ အကောင်အထည်ဖော်ရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။ မူဝါဒချမှတ်သူများ၊ လွှတ်တော်နှင့် မြန်မာနိုင်ငံတွင် လွှမ်းမိုးနိုင်သည့် အခြားအရေးပါသောနေရာမှ တစ်ဦးချင်းစီသို့ ပုံမှန်ရောက်ရှိစေခြင်းဖြင့် EITI အချက်အလက်အသုံးပြုမှုကို တိုးတက်စေနိုင်သည်။

၂၅။ သတ်မှတ်ချက် ၇-၂ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် EITI အချက်အလက်နှင့် သတင်းများကို ပြည်သူလူထုမှ နားလည်ခြင်းကို တိုးမြှင့်ရန် ရည်ရွယ်သော အစီရင်ခံစာကို လေ့လာဆန်းစစ်မှုပြုလုပ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်ထားသည်။ EITI အချက်အလက်ကို အခြားပြည်သူလူထုထံမှ ရရှိသော အချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် EITI အစီရင်ခံစာနှင့် အချက်အလက်ဖိုင်ကို ပူးတွဲသင့်သည်။

၂၆။ သတ်မှတ်ချက် ၇-၃ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုကို စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းနည်းလမ်းတစ်ခုကို ကျင့်သုံးရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။ နိုင်ငံရေးကတိကဝတ်များ အထူးသဖြင့် နိုင်ငံရေးကျောထောက်နောက်ခံလိုအပ်သော ရေရှည်အကြံပြုချက်များ ကို သေချာစေရန်အတွက် လုပ်ဆောင်ရန်လိုအပ်သော ထောက်ခံမှုကို ပေးနိုင်သည့် အဓိကပုဂ္ဂိုလ်များကို သိရှိနိုင်စေရန် မိတ်ဖက်အဖွဲ့အစည်းဖွဲ့စည်းပုံတစ်ခုကို ပြုလုပ်ရန် စဉ်းစားသင့်သည်။ ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကိုလည်း သတ်မှတ်ဖော်ထုတ်ရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။

၂၇။ သတ်မှတ်ချက် ၇-၄ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံတွင် EITI ရိုက်ခတ်မှုကို အကဲဖြတ်ရန်နှင့် ထိုရိုက်ခတ်မှုသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်တွင် အတိအကျတိုင်းတာမှုများဖြင့် တိုးတက်လာနိုင်ခြေများကိုလည်း အကဲဖြတ်ရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။ MSG အနေဖြင့် ရိုက်ခတ်မှုကို ဖန်တီးရန် ဖြစ်နိုင်ခြေရှိသော အခြားကိစ္စရပ်များနှင့် နယ်ပယ်များကိုလည်း စုံစမ်းရန် ထည့်သွင်းစဉ်းစားသင့်သည်။

## ပုံ ၁ - ပဏာမ အကဲဖြတ်ခြင်းကတ်

| သတ်မှတ်ချက်များ | တိုးတက်မှုအဆင့် | | | | |
|---|---|---|---|---|---|
| | တိုးတက်မှုမြင့် | မလုံလောက် | အစပြုသည့် | ကျေနပ်ဖွယ် | ထိုက်ထိုက်တန်တန် |

12

မြန်မာနိုင်ငံကို အတည်ပြုခြင်း၊ ကနဦး အချက်အလက်ကောက်ယူမှုများနှင့် ပူးပေါင်းဆောင်ရွက်သူများ ဆွေးနွေးမှု အစီရင်ခံစာ

| အမျိုးအစားများ | သတ်မှတ်ချက်များ | | | | | |
|---|---|---|---|---|---|---|
| MSG ကြီးကြပ်မှု | အစိုးရ ပါဝင်မှု (#1.1) | | | | ■ | |
| | လုပ်ငန်း ပါဝင်မှု (#1.2) | | | ■ | | |
| | ပြည်သူလူထုအဖွဲ့အစည်း ပါဝင်မှု (#1.3) | | | | ■ | |
| | MSG အုပ်ချုပ်မှုစနစ် (#1.4) | | | | ■ | |
| | လုပ်ငန်းစီမံကိန်း (#1.5) | | | | ■ | |
| လိုင်စင်နှင့် စာချုပ်များ | ဥပဒေမူဘောင် (#2.1) | | | | ■ | |
| | လိုင်စင်ခွဲတမ်းများ(#2.2) | | | ■ | | |
| | လိုင်စင်မှတ်ပုံတင်(#2.3) | | | ■ | | |
| | စာချုပ်ကို တင်ပြမှုမူဝါဒ (#2.4) | | | | ■ | |
| | အကျိုးခံစားခွင့်ပိုင်ဆိုင်မှု(#2.5) | | | | | |
| | ပြည်နယ်၏ ပါဝင်လုပ်ဆောင်မှု(#2.6) | | | ■ | | |
| ထုတ်လုပ်မှုကို ကြီးကြပ်ခြင်း | အချက်အလက်ရှာဖွေခြင်း(#3.1) | | | | ■ | |
| | ထုတ်လုပ်မှုအချက်အလက်(#3.2) | | | ■ | | |
| | ပို့ကုန်အချက်အလက်(#3.3) | | | ■ | | |
| ဝင်ငွေကောက်ခံခြင်း | ဘက်စုံကျယ်ပြန့်မှု (#4.1) | | | | ■ | |
| | ငွေဖြင့်မဟုတ်သော ဝင်ငွေများ(#4.2) | | | ■ | | |
| | ကုန်ဖလှယ်မှု သဘောတူညီချက်(#4.3) | | | | | |
| | သယ်ယူပို့ဆောင်ရေးဝင်ငွေများ(#4.4) | | | | ■ | |
| | SOE ရောင်းဝယ်မှုစာရင်းများ(#4.5) | | | ■ | | |
| | တိုက်ရိုက်ဒေသန္တရပေးချေမှုများ(#4.6) | | | | | |
| | အမျိုးအစားခွဲခြားခြင်း(#4.7) | | | | ■ | |
| | အချက်အလက်အချိန်မီခြင်း(#4.8) | | | | ■ | |
| | အချက်အလက်အရည်အသွေး(#4.9) | | | | ■ | |
| ဝင်ငွေခွဲတမ်းချခြင်း | ဝင်ငွေများကို ဖြန့်ဝေခြင်း(#5.1) | | ■ | | | |
| | တိုင်းဒေသကြီး/ပြည်နယ် လွှဲပြောင်းမှုများ(#5.2) | | | | | |
| | ဝင်ငွေစီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များ(#5.3) | | | | | |
| လူမှု-စီးပွားရေးတွင် ပါဝင်မှု | တရားဝင်သတ်မှတ်သော လူမှုရေးအသုံးစရိတ်များ(#6.1) | | ■ | | | |
| | SOE ၏ နိုင်ငံတော်ဘဏ္ဍာရေးမှ မဟုတ်သော အသုံးစရိတ်များ(#6.2) | | ■ | | | |
| | စီးပွားရေးအရ ပါဝင်မှု(#6.3) | | | | ■ | |
| ရလဒ်များနှင့် သက်ရောက်မှု | ပြည်သူလူထုဆွေးနွေးမှု(#7.1) | | | | ■ | |
| | အချက်အလက်ရနိုင်မှု(#7.2) | | | | | |
| | အကြံပြုချက်များကို လိုက်နာလုပ်ဆောင်မှု(#7.3) | | | | ■ | |
| | ရလဒ်များနှင့် အကောင်အထည်ဖော်ခြင်းရိုက်ခတ်မှု(#7.4) | | | | ■ | |

## *အကဲဖြတ်ကဒ်အညွှန်း*

**တိုးတက်မှုမရှိ** - သတ်မှတ်ချက်၏ ကဏ္ဍများအားလုံး သို့မဟုတ် အားလုံးနီးပါးသည် သိသာစွာရှိနေပြီး သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သောဦးတည်ချက် မပြည့်မီခြင်း။

**တိုးတက်မှုမလုံလောက်** - သတ်မှတ်ချက်၏ သိသာထင်ရှားသော ကဏ္ဍများကို အကောင်အထည်မဖော်ရသေးသည့်အပြင် သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ပြည့်မီရန် အတော်လိုအပ်နေသေးခြင်း။

**အဓိပ္ပာယ်ရှိသော တိုးတက်မှု** - သတ်မှတ်ချက်၏ သိသာထင်ရှားသော ကဏ္ဍများကို အကောင်အထည်ဖော်ပြီးသည့်အပြင် သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ပြည့်မီခြင်း။

**ကျေနပ်ဖွယ်တိုးတက်မှု** - သတ်မှတ်ချက်၏ ကဏ္ဍများအားလုံးကို အကောင်အထည်ဖော်ပြီးသည့်အပြင် သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ပြည့်မီခြင်း။

**ထို့ထက်ပို၍** - နိုင်ငံသည် သတ်မှတ်ချက်ထက် ကျော်လွန်ကောင်းမွန်ခြင်း။

ဤသတ်မှတ်ချက်သည် တိုက်တွန်းခြင်း သို့မဟုတ် အကြံပြုခြင်းဖြစ်ပြီး လေးစားလိုက်နာမှုကို အကဲဖြတ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း မရှိသင့်။

MSG အနေဖြင့် ဤသတ်မှတ်ချက်ကို နိုင်ငံအတွင်း အကျုံးအဝင်ဟု သရုပ်ပြထားခြင်း။

14



## နိဒါန်းပျိုးခြင်း

### စတင်လုပ်ဆောင်ခြင်းအဆင့်အကျဉ်းချုပ်

မြန်မာနိုင်ငံအနေဖြင့် EITI ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ကို ၂၀၁၂ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က လူသိရှင်ကြား တရားဝင်ကြေငြာခဲ့သည်။ သမ္မတရုံးဝန်ကြီး ဦးစိုးသိမ်းကို EITI ၏ ရပ်တည်ကာကွယ်သူအဖြစ် ခန့်အပ်ခဲ့သည်။ အဆင့်မြင့်ကော်မတီ (EITI ခေါင်းဆောင်အခွင့်အာဏာ) ကိုလည်း ပြဋ္ဌာန်းခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် သစ်တောဝန်ကြီးဌာနတို့ ပါဝင်ကြသည်။
MSG အဖွဲ့ဝင်များကိုလည်း သီးခြားနယ်ပယ်များတွင် ၂၀၁၃ ဒီဇင်ဘာလ၌ ရွေးကောက်ခဲ့ကြသည်။ ပထမဦးဆုံး MSG အစည်းအဝေးကို ၂၀၁၄ မတ်-ဧပြီလတွင် ကျင်းပခဲ့ပြီး ရာထူးနေရာလျှောက်ထားမှုများကို အပြီးသတ် ရွေးချယ်ခဲ့ကြသည်။ MSG အနေဖြင့် ၂၀၁၄ ဧပြီ ၃၀ ရက်နေ့တွင် လျှောက်လွှာများကို အတည်ပြုခဲ့ပြီး ၂၀၁၄ မေလ ၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးရုံးသို့ တင်ပေးခဲ့သည်။ ၂၀၁၄ ဇူလိုင်လတွင် မက္ကစီကို၌ ကျင်းပသော EITI ဘုတ်အဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံကို EITI နိုင်ငံအဖြစ် သတ်မှတ်ခဲ့ကြသည်။

### အကောင်အထည်ဖော်ရေးဦးတည်ချက်များနှင့် လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အဖက်ဖက်မှတိုးတက်မှု

မြန်မာ EITI သည် ၂၀၁၇ စက်တင်ဘာလတွင် ၃နှစ်တာ လုပ်ငန်းစီမံကိန်းကို လုပ်ရန် သဘောတူခဲ့သည်။ လုပ်ငန်းစီမံကိန်းတွင် အဓိကဦးတည်ချက်သုံးခုပါရှိပြီး ၎င်းတို့မှာ (၁) သဘာဝရင်းမြစ်များနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ ဝင်ငွေများ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော တိကျသေချာ မှန်ကန်သည့် နောက်ဆုံးပေါ် သတင်းအချက်အလက်များကို အချိန်မီ ရယူရန်နှင့် ပြည်သူလူထုသိစေခြင်းဗှာ ဖြန့်ဖြူးရန် (၂) EITI စံချိန်စံညွှန်းနှင့်အညီ ထိရောက်သော အကောင်အထည်ဖော်ရေးကိုလုပ်နိုင်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန်နှင့် (၃) EITI ကို အောင်မြင်စွာ လုပ်ဆောင်ခြင်းဖြင့် သဘာဝရင်းမြစ်များ ရေရှည်ဖွံ့ဖြိုးမှုနှင့် စီမံအုပ်ချုပ်ရေးပြန်လည်ဖွဲ့စည်းမှုများကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန် တို့ဖြစ်သည်။

ယေဘုယျအားဖြင့် လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်မှုသည် အထူးသဖြင့် EITI အစီရင်ခံစာများ ထွက်ရှိလာမှုနှင့်ဆက်စပ်သော လုပ်ဆောင်ချက်များသည် လမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်သည်။ MSG အစည်းအဝေးများနှင့် ကော်မတီခွဲအစည်းအဝေးများကို အနည်းဆုံး တစ်လခြားတစ်ကြိမ် ပုံမှန်ပြုလုပ်သည်။ အကျိုးရှိသော ပိုင်ဆိုင်မှုများကို ထုတ်ဖော်ခြင်းနှင့်ဆက်စပ်သော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ရာတွင် သိသာထင်ရှားသော တိုးတက်မှုအဖြစ် - စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လုပ်ဆောင်သော ကုမ္ပဏီ ၂၁ ခုမှ ၁၇ ခု ပါဝင်ပြီး အကျိုးရှိသော ပိုင်ဆိုင်မှုများကို ပိုင်ဆိုင်သူများ၏အမည် ၃၁ ခုကို တင်ပြနိုင်ခဲ့သည့် အကျိုးရှိသော ပိုင်ဆိုင်မှုပြ ရှေ့ပြေးပုံစံငယ်နှင့် အေဂျင်စီများကြား အများကို ဖန်တီးသောပုံစံဟူသည့် ကျိုးရှိသောပိုင်ဆိုင်မှုတာဝန်ရလဒ်နှစ်ခုကို တွေ့ရှိရသည်။ အစိုးရအေဂျင်စီများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အကြံပေးပုဂ္ဂိုလ်၏ စီစဉ်မှုဖြင့် အလုပ်လုပ်ကိုင်သောအဖွဲ့နှင့် သင်တန်းပြုလုပ်ခြင်းကဲ့သို့သော သတ္တုတွင်းလုပ်ကွက်လိုင်စင်ဆိုင်ရာ တိုးတက်မှုကို စတင်လုပ်ဆောင်သော အစကနဦးခြေလှမ်းများကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။၂၀၁၆-၂၀၁၇ EITI အစီရင်ခံစာ ထုတ်ဝေမှုအတွက် ပြင်ဆင်ခြင်းကိုလည်း လုပ်ဆောင်နေပြီဖြစ်သည်။ EITI အစီရင်ခံစာအတွက် အစီရင်ခံစာပုံစံများကို ဖြည့်နည်းအတွက် အစီရင်ခံတင်ပြသည့်အဖွဲ့များကို သင်တန်းပေးခြင်းအပြင် MEITI ရုံးဘဏ္ဍာရေးဌာန (MOBD) အတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ လေ့လာဆန်းစစ်မှု အချက်အလက်/ အစီရင်ခံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများစွာအပါအဝင် စွမ်းရည်တည်ဆောက်ခြင်း လုပ်ဆောင်ချက်များကိုလည်း လုပ်ဆောင်နေပြီဖြစ်သည်။ MSG ၊ နိုင်ငံတော် အတွင်းရေးမှူး၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် အကျိုးခံစားခွင့် ပိုင်ဆိုင်မှုအဖွဲ့ဝင်များအတွက် လုပ်ဆောင်မှုသင်တန်းပေးခြင်းကဲ့သို့သော စွမ်းရည်တည်ဆောက်ခြင်း စီမံချက်ကိုလည်း အကောင်အထည်ဖော် နေပြီဖြစ်သည်။
၂၀၁၇ - ၂၀၁၉ အလုပ်စီမံကိန်းကို MEITI ဝက်ဘ်ဆိုဒ်တွင် အများပြည်သူဖတ်ရှုနိုင်ရန် ရရှိနိုင်ပြီဖြစ်သည်။ [2]

### အစီရင်ခံစာရေးခြင်း နောက်ခံသမိုင်း

မြန်မာနိုင်ငံ၏ EITI သည် EITI ယနေ့အထိ အစီရင်ခံစာ သုံးစောင်ကို [3]ထုတ်ဝေပြီးဖြစ်သည်။ ပထမအစီရင်ခံစာ သည် ၂၀၁၃ - ၂၀၁၄

[2]MEITI (ဖွန် ၂၀၁၈) "၂၀၁၇ - ၂၀၁၉ လုပ်ငန်းစီမံကိန်း" ကို ၂၀၁၈ ဩဂုတ်တွင် ဤနေရာမှ here ဝင်ရောက်ဖတ်ရှုနိုင်သည်။

15


ဘဏ္ဍာရေးနှစ် အတွက် အစီရင်ခံစာကို ၂၀၁၆ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သည်။ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တို့အတွက် ဒုတိယနှင့် တတိယအစီရင်ခံစာကို ၂၀၁၈ မတ်လ ၃၀ ရက်နေ့တွင် တပြိုင်တည်းထုတ်ဝေခဲ့သည်။ MEITI အစီရင်ခံစာများသည် ငွေသားဖြင့်မဟုတ်သော ပေးချေမှုများ၊ သယံဇာတတူးဖော်မှုတွင် နိုင်ငံတော်ပါဝင်မှုနှင့် ခွဲခြားထုတ်ဝေမှုနှင့် ပို့ကုန်အချက်အလက်စသည့် သယံဇာတဝင်ငွေများကို တင်ပြခြင်း အဆင့်တွင် ပထမဆုံးအကြိမ်အဖြစ် လူသိရှင်ကြားတင်ပြခြင်းဖြစ်သဖြင့် မိုင်တိုင်များအဖြစ် သတ်မှတ်နိုင်သည်။ အစီရင်ခံတစ်ခုစီတွင် အစီရင်ခံ တင်ပြမှု လုပ်ငန်းစဉ်ကို တိုးတက်စေခြင်းနှင့် နိုင်ငံအတွင်းရှိ သဘာဝသယံဇာတ စီမံခန့်ခွဲရေးခိုင်မာခြင်းရှိစေရန် ဦးတည်သော အကြံပြုချက်များပါဝင်သည်။ အစီရင်ခံစာများတွင် သယံဇာတကဏ္ဍ၏ စည်ကမ်းမူဘောင်နှင့် လုပ်ဆောင်လျှက်ရှိသော ပြုပြင်ပြောင်းလဲမှုများ ဆိုင်ရာ ဘက်စုံဆွေးနွေးမှုများ ပါဝင်သည်။

## အစိုးရ၊ ပြည်သူလူထုနှင့် ကုန်ထုတ်လုပ်ငန်းတွင် ပူးပေါင်းပါဝင်မှုအကျဉ်းချုပ်

၂၀၁၇ ဒီဇင်ဘာအကုန်တွင် အဖွဲ့ဝင် ၂၁ ဦး (အစိုးရအဖွဲ့မှ ၆ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ၆ ဦးနှင့် CSO ဘက်မှ ၉ ဦး) နှင့်အတူ MEITI MSG ကို ပြဋ္ဌာန်းခဲ့သည်။ အဖွဲ့ဝင်အားလုံးသည် အစပိုင်းကတည်းက စဉ်ဆက်မပြတ်သော ပါဝင်ဆောင်ရွက်မှုကို လုပ်ဆောင်ခဲ့ပြီး သယံဇာတကဏ္ဍရှိ ကိစ္စရပ်များကို ရေရှည်ဆွေးနွေးမှုဆိုင်ရာ ပလက်ဖောင်းအဖြစ် EITI ကို အသုံးပြုရန် ရည်ရွယ်မှုကို နားလည်သဘောပေါက်စေရန် လုပ်ဆောင်ခဲ့ကြသည်။
EITI အကောင်အထည်ဖော်ခြင်းကို ၂၀၁၆ အစိုးရအကူးအပြောင်းကာလတွင် ယာယီ အရှိန်လျှော့ထားခဲ့သည်။ အစိုးရအဖွဲ့အစည်းများအားလုံးကို လက်ရှိဖျက်သိမ်းပြီး MSG အတွက် လှုပ်ရှားမှုမရှိသော ကာလတစ်ခုကို ဖြတ်ကျော်ခဲ့ပြီးနောက် ၂၀၁၇ ဖေဖော်ဝါရီတွင် စီမံဘဏ္ဍာဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂၄/ ၂၀၁၇ ကို ထုတ်ပြန်၍ ပြန်လည်ထူထောင်ခဲ့သည်။ လက်ရှိ MSG ကို အဖွဲ့ဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းထားပြီး အစိုးရမှ ကိုယ်စားလှယ် ၇ ဦး၊ စက်မှုလုပ်ငန်းမှ ၇ ဦး၊ အရပ်ဖက်အဖွဲ့အစည်းမှ ၇ ဦး ပါဝင်သည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများလည်း ကိုယ်စားပြုပါဝင်ကြသည်။

အစိုးရကိုယ်စားလှယ်များတွင် ပြည်ထဲရေးဝန်ကြီးဌာန(MHA)၊ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(MONREC)၊ စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာန (MOEE)နှင့် စာရင်းစစ်ချုပ်ရုံး (OAG) တို့မှ အလယ်အလတ်အဆင့် အရာရှိများ (အနည်းဆုံး ဒါရိုက်တာ သို့မဟုတ် လက်ထောက်ဒါရိုက်တာ အဆင့်) တို့ ပါဝင်ကြသည်။ MSG ကို စီမံဘဏ္ဍာဝန်ကြီးဌာန(MOPF)မှ ဒုဝန်ကြီး ဦးမောင်မောင်ဝင်းက ဦးဆောင်သည်။ MSGS ရှိ CSO (အစိုးရလူမှုအဖွဲ့အစည်း) မှ ကိုယ်စားလှယ်များအားလုံးသည် ၂၀၁၄ တွင် MSG ကို တည်ထောင်သော ရည်ရွယ်ချက်အတွက် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသည်။ ထိုလုပ်ငန်းကို မြန်မာနိုင်ငံ သတ္တုတူးဖော်ရေးဖယ်ဒရေးရှင်း(MFMA)၊ မြန်မာ့ကျောက်မျက်ရတနာစွန့်ဦးလုပ်ငန်းရှင်အသင်း (MGJEA) ၊ Myanmar Yang Tse Copper ကုမ္ပဏီလီမိတက်၊ Total E&P ကုမ္ပဏီလီမိတက်၊ မြန်မာ့ရေနံအရင်းအမြစ် ကုမ္ပဏီလီမိတက် (MPRLE) နှင့် မြန်မာ့သစ်တောထုတ်လုပ်မှုကုန်သည်ကြီးများအသင်း(MFPMF) တို့က ကိုယ်ကိုယ်စားပြုသည်။

MSG အစည်းအဝေးများ၏ မှတ်တမ်းများမှ မြင်တွေ့ရသည်မှာ ၂၀၁၇ - ၂၀၁၈ အစည်းအဝေးတိုင်းတွင် အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် အနည်းဆုံးလူဦးရေကို ပြည့်မီသည်။ ၂၀၁၄-၂၀၁၅ ကာလအတွင်း တွင် MSG အစည်းအဝေး ၁၂ ခုအတွက် တက်ရောက်မှုမှတ်တမ်းကို အစည်းအဝေး မှတ်တမ်းတွင် အပြည့်အဝ တင်ပြထားခြင်းမရှိပေ။ နောက်ဆုံးထုတ်ထားသော နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် ဖော်ပြထားချက်အရ အစိုးရ၊ CSO နှင့် လုပ်ငန်းကိုယ်စားလှယ်များသည် MSG အစည်းအဝေးကို စဉ်ဆက်မပြတ်တက်ရောက်ခဲ့ကြပြီး လုပ်ငန်းကိုယ်စားပြုသော တူညီသော အခြား အဖွဲ့ဝင်များ နှင့်အတူ အစိုးရကိုယ်စားပြု ဒါရိုက်တာများလည်း တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးမှတ်တမ်းအရ သိရသည်မှာ MSG အဖွဲ့ဝင်များသည် ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကို လုပ်ဆောင်နိုင်ကြပြီး EITI အစီရင်ခံစာ ထုတ်ဝေမှုနှင့်သက်ဆိုင်သော နည်းပညာဆိုင်ရာ ဆွေးနွေးမှုများတွင်လည်း ပါဝင်ကြသည်။ MSG အဖွဲ့ဝင်များ၏ လုပ်ဆောင်နိုင်စွမ်းကို ခက်ခဲစေသည့်အရာများကို စွမ်းအားတည်ဆောက်မှုလုပ်ဆောင်ချက်များဖြင့် ဖြေရှင်းကြသည်။ MSG အဖွဲ့ဝင်များ၏ နောက်ဆုံးထုတ်ထားသော စာရင်းကို နောက်ဆက်တွဲ (က) တွင် ဖတ်ရှုနိုင်သည်။

[3]MEITI ဝက်ဘ်ဆိုဒ်၏ MEITI အစီရင်ခံစာများအခန်းကို ၂၀၁၈ ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

## သယံဇာတတူးဖော်မှုလုပ်ငန်း၏ အဓိကအချက်များ

မြန်မာနိုင်ငံသည် အာရှတွင် GBP ကြီးထွားမှုအရ စီးပွားရေးကြီးထွားမှုအမြန်ဆုံးနိုင်ငံထဲမှ တစ်ခုဖြစ်ပြီး ၂၀၁၇ နှင့် ၂၀၁၈ တွင် တစ်နှစ်အတွင်း ၆.၈% ကြီးထွားလာခဲ့သည်။ [4]

အမျိုးအစားများပြားပြီး မတူးဖော်ရသေးသော နိုင်ငံ၏ ဘူမိဗေဒသယံဇာတများကြောင့် သတ္တုတူးဖော်ရေးကို လာမည့်နှစ်များတွင် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုအတွက် အင်အားတစ်ရပ်အဖြစ် ကျယ်ပြန့်စွာ လက်ခံယူဆ ထားကြသည်။ မြန်မာနိုင်ငံရှိ ဓာတ်သတ္တုများတွင် (ရွှေ၊ ကြေးနီ၊ ငွေ၊ ခဲ၊ သွပ်၊ သံဖြူ၊ မန်းဂနီးစ် နှင့် ခနောက်စိမ်း) တို့ကဲ့သို့ အခြေခံသတ္တုများနှင့် ထုတ်လုပ်မှုသုံး တွင်းထွက်ပစ္စည်းများ (ဘိလပ်မြေ၊ ရွှံ့၊ ဂျစ်ပဆမ်၊ ဓာတ်မြေသြဇာ များ၊ ထုံးကျောက်၊ ဆားနှင့် ဘယ်လ်ရိုက်) တို့ ပါဝင်သည်။[5]မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေး ကဏ္ဍတွင် ကြီးမား သော တူးဖော်ရေးနှင့် သေးငယ်သော တူးဖော်ရေးလုပ်ငန်းများအပြင် သိသာသော တရားမဝင် တူးဖော်မှုများ လည်း ရှိနေသည်။[6]မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေး ကဏ္ဍတွင် ကြီးမား သော တူးဖော်ရေးနှင့် သေးငယ်သော တူးဖော်ရေးလုပ်ငန်းများအပြင် သိသာသော တရားမဝင် တူးဖော်မှုများ လည်း ရှိနေသည်။ [၆] နိုင်ငံတွင်း တူးဖော်နေသော တွင်းထွက်သတ္တုများ ထဲမှ ကြေးနီသည် သတ္တုကဏ္ဍတွင် အကြီးမားဆုံးထုတ်ကုန်သတ္တုဖြစ်သည်။ ရွှေ၊ သံနှင့် သံမဏိ၊ ထုံးကျောက်နှင့် အခြား ကုန်ထုတ်တွင်းထွက်များကဲ့သို့ လူသုံးကုန်များကို ပြည်တွင်းသုံးစွဲရန်အတွက် ထုတ်လုပ်ကြသည်။[7]

မြန်မာနိုင်ငံသည် ကမ္ဘာတွင် အရည်အသွေးမြင့်မားသော ကျောက်စိမ်းကို ထုတ်လုပ်သော အဓိကကုန်သွယ်ရင်းမြစ်ဖြစ်ပြီး ကမ္ဘာ့ကျောက်စိမ်း၏ ၉၀% သည် ဖားကန့်မြို့မှ ထွက်ရှိသောကျောက်စိမ်းများ ဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကကျောက်မျက်ထုတ်လုပ်ရေးဒေသများသည် ပထဝီဝင်အနေအထားအရ အရှေ့မြောက်အရပ်ရှိ တောင်ပေါ်ဒေသများဖြစ်ကြသည်။[8] ကျောက်စိမ်းထဲတွင် တန်ဖိုးအမြင့်ဆုံးဖြစ်သော အရည်အသွေးမြင့်ကျောက်စိမ်းကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် အများအားဖြင့် တွေ့ရှိနိုင်သည်။ အခြားကျောက်မျက်တွင်းများကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တွေ့ရှိနိုင်သည်။[9] တန်ဖိုးအမြင့်ဆုံး ပတ္တမြားများအပါအဝင် ကမ္ဘာတဝှမ်းရှိ ပတ္တမြားများ၏ ၈၀% - ၉၀% ကို မြန်မာနိုင်ငံတွင် တွေ့ရှိနိုင်သည်ဟု ခန့်မှန်းသိရှိရသည်။ ၂၀၁၅ မေလတွင် နေရောင်ခြည်ပတ္တမြားဟု အမည်ပေးထားသော ၂၅.၅၉ ကာရက်ရှိ ခိုသွေးအမျိုးအစား ရှားပါးတွင်းထွက်စစ်စစ် မိုးကုတ်ပတ္တမြားကို ဂျီနီဗာနိုင်ငံတွင် ကျင်းပသော Sotheby လေလံပွဲတွင် အမေရိကန်ဒေါ်လာ ၃၀.၃၃ မီလီယံဖြင့် ကမ္ဘာ့စံချိန်တင်ရောင်းချနိုင်ခဲ့ပြီး တစ်ကာရက်လျှင် အမေရိကန်ဒေါ်လာ ၁ မီလီယံနှင့် ညီမျှသော တန်ဖိုးဖြစ်သည်။ [10]

သတ္တုတူးဖော်ရေးနှင့် ကျောက်မျက်ကဏ္ဍသည်  အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများ ပတ်ချာဝိုင်းနေသဖြင့် နိုင်ငံတော်စီးပွားရေးတွင် ပါဝင်နိုင်သည့် အနေအထားကို ကန့်သတ်လျှက်ရှိသည်။ မတူးဖော်ရသေးသော ကျောက်မျက်နှင့် ဓာတ်သတ္တုရင်းမြစ်များကို သိသာစွာ သတိပြုမိသော်လည်း ခေတ်မီသော ပထဝီဝင်အချက်အလက်များ နည်းပါးခြင်းကြောင့် နိုင်ငံအနေဖြင့် ထိုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှုလည်း နည်းပါးနေသည်။

လွတ်လပ်သော အဖွဲ့အစည်းများ၏ များစွာသော လေ့လာမှုများအရ တရားဝင်ထုတ်လုပ်မှုနှင့် ပို့ကုန် အချက်အလက်များနှင့် အခြား သတင်းအချက် အလက် ရင်းမြစ်များကြားတွင် ကွာဟချက်များရှိနေကြောင်း သိရှိရသည်။[11] မြန်မာနိုင်ငံ EITI ၏ ပံ့ပိုးမှုဖြင့် ဟားဗတ်တက္ကသိုလ် Ash Centre/ Proximity Designs မှ ၂၀၁၃ ဇူလိုင်တွင် ထုတ်ဝေသော အစီရင်ခံစာဖြစ်သည့် ကျောက်မျက်ကဏ္ဍလေ့လာဆန်းစစ်မှုအရ ၂၀၁၁ ခုနှစ် ပြည်ပတင်ပို့သော ကျောက်စိမ်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇.၈ ဘီလီယံရှိပြီး တရားဝင်ကိန်းဂဏန်းများ ထက် သုံးဆမြင့်သည်။[12] New Cross Roads Asia ၏ "မြန်မာ့စီးပွားရေးနောက်ဆုံးသတင်း" တွင် ၂၀၁၄ ခုနှစ်၌ တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၂.၃

---

[4]ADB (၂၀၁၈) "မြန်မာ - စီးပွားရေး" ကို ၂၀၁၈ အောက်တိုဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[5] U.S. Geological Survey (2012) 'Minerals Yearbook, Burma'ကို ၂၀၁၅-၂၀၁၆ အစီရင်ခံစာတွင် ကိုးကားရေးသားထားသည်။ .

[6] MEITI (မတ် ၂၀၁၈) "ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၅၉၊ ၆၃-၆၄

[7] MEITI (မတ် ၂၀၁၅) "ဧပြီ ၂၀၁၃- မတ်၂၀၁၄ MEITI အစီရင်ခံစာ" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၃၂

[8]Emma Irwin (July 2016)ကျောက်မျက်ကဏ္ဍလေ့လာဆန်းစစ်မှု

[9] MEITI (မတ် ၂၀၁၈) "ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၆၀

[10]Emma Irwin (July 2016)ကျောက်မျက်ကဏ္ဍလေ့လာဆန်းစစ်မှု

[11]Ibid.

[12] ဒီမိုကရေစီအုပ်ချုပ်မှုနှင့် ပြင်ဆင်မှုအတွက် အာ့ရှ်စင်တာ - ဂျွန်ကနေဒီအစိုးရကျောင်း၊ ဟားဗတ်တက္ကသိုလ် (ဇူလိုင် ၂၀၁၃)၊ အနာဂတ်ကိုဖန်တီးခြင်း - ဖယ်ဒရယ်အသစ်နှင့် စုစည်းမှုအတွက် သဘာဝရင်းမြစ်များကိုအသုံးပြုခြင်း" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

ဘီလီယံတန်ဖိုးရှိ ကျောက်စိမ်းနှင့်ကျောက်မျက်ကို တင်သွင်းခဲ့ကြောင်း တရုတ်အကောက်ခွန်ဌာနသတင်းများမှ သိရှိရကြောင်း ရေးသားထားသည်။[13] ကမ္ဘာ့စောင့်ကြည့်မှု နိုင်ငံတကာ NGO အဖွဲ့၏ ၂၀၁၅ ခုနှစ် မြန်မာ့ကျောက်စိမ်းကဏ္ဍအစီရင်ခံစာအရ ၂၀၁၄ တွင် ကျောက်စိမ်းထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၀.၉ ဘီလီယံအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။[14] ထုတ်လုပ်မှုကို ကွပ်ကဲရန် စနစ်ကျသောနည်းလမ်းမရှိခြင်းသည် ဝင်ငွေယိုစီးမှုများနှင့် အကျင့်ပျက်ခြစားမှုကို ဖြစ်ပေါ်စေရန် တွန်းအားပေးသည်။ ၂၀၁၇ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ NRGI ညွှန်ကိန်းအရ မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍသည် ၂၇/၁၀၀ အမှတ်ရရှိပြီး ကျရှုံးမှတ်ဖြစ်သည်။ နိုင်ငံသည် အကဲဖြတ်မှု ၈၉ ခုပြုလုပ်ခဲ့ပြီး အဆင့် ၈၃ ရရှိပြီး အဓိကအကြောင်းရင်းမှာ လိုင်စင်ချပေးရာတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့်ဖြစ်သည်။[15] မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ပထမဆုံး ရေနံတင်ပို့မှုသည် ၁၈၅၃ တွင် စတင်ခဲ့ပြီး ကမ္ဘာ့သက်တမ်းအရင့်ဆုံး ရေနံထုတ်လုပ်မှုထဲတွင် ပါဝင်ခဲ့သည်။[16]အရှေ့တောင်အာရှတွင် သဘာဝဓာတ်ငွေ့ကို ဒုတိယအကြီးဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ထုတ်လုပ်မှုသည် စဉ်ဆက်မပြတ် တိုးတက်လာခဲ့ သည်။[17]၂၀၁၄ - ၂၀၁၅ အတွင်း မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့ကို ကုဗပေ ၆၅၀ ဘီလီယံကျော် ထုတ်လုပ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ တွင် ကုဗပေ ၇၀၀ ဘီလီယံကျော် အထိ တိုးမြင့်လာခဲ့သည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ၂၀၁၅ ခုနှစ်တွင် သဘာဝဓာတ်ငွေ့တင်ပို့ခြင်းဖြင့် အမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ ဝင်ငွေရရှိခဲ့သည်။ [18]

မြန်မာနိုင်ငံအစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေမှုနှင့် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် လုပ်ဆောင်နေသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် ထုတ်လုပ်မှု၊ ဆက်သွယ်ပြောဆိုမှု၊ ဓာတ်အားပေးရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် အဓိကကျသဖြင့် FDI ကို ဆွဲဆောင်နေသည့်အရာများထဲမှ တစ်ခုဖြစ်သည်။ ၂၀၁၇ ဇန်နဝါရီလအထိ မှတ်တမ်းအရ FDI (စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံ) ၏ အမေရိကန်ဒေါ်လာ ၂၂.၄ ဘီလီယံကို ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရရှိသည်။[19]HIS ကမ္ဘာ့စောင့်ကြည့်ခန့်မှန်းရေးအရ မြန်မာနိုင်ငံသည် မြေအောက်သဘာဝဓာတ်ငွေ့ပိုင်ဆိုင်မှု ကုဗပေ ၁၈ ထရီလီယံရှိပြီး မြေအောက်ရေနံပိုင်ဆိုင်မှု သည်ပေါင်း ၃.၂ ဘီလီယံရှိသည်။[20]

မြန်မာနိုင်ငံသည် ၂၀၁၆ တွင် ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းအဆင့်တွင်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ပရောဂျက် ၆၇ ခု (ကမ်းဝေးတွင် ၃၈ ခုနှင့် ကုန်းပေါ် တွင် ၂၉ ခု) ရှိသည်။ ကမ်းဝေးသဘာဝဓာတ်ငွေ့ပရောဂျက်များဖြစ်သည့် ရတနာ (TOTAL၊ Chevron နှင့် PTTEP ၏ အကျိုးတူလုပ်ငန်း) နှင့် ရဲတံခွန် (Petronas နှင့် PTTEP) တို့ကို ထိုင်းနိုင်ငံမှ ရေနံကုမ္ပဏီ PTT မှ လုပ်ဆောင်ပေးနေပြီး နေ့စဉ်ထွက်ရှိနှုန်း ကုဗပေ ၉၁၀ မီလီယံ နှင့် ကုဗပေ ၂၅၀ မီလီယံ အသီးသီးရှိသည်။ “ရွှေသဘာဝဓာတ်ငွေ့ပရောဂျက်” သည် ကုဗပေ ၅၀၀ မီလီယံ ထုတ်လုပ်ပြီး ထိုသဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံ၏ ရေနံကော်ပိုရေးရှင်းထံ ရောင်းချပြီးဖြစ်သည်။ ကမ်းဝေးရေနံတွင်း ဇော်တိက (PTTEP) မှ ကုဗပေ ၃၆၀ မီလီယံထုတ်လုပ်သည်။[21]

## အတည်ပြုမှုလုပ်ငန်းစဉ်ကို ရှင်းပြခြင်း

အတည်ပြုမှုသည် EITI အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်၏ မရှိမဖြစ်သည့် အချက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် EITI အကောင်အထည် ဖော်ခြင်းကို EITI စံချိန်စံညွှန်းဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်ခြင်း ရှိမရှိ တစ်စိတ်တစ်ပိုင်း အကဲဖြတ်ခြင်းဖြင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို ပံ့ပိုးကူညီပေးရန် ရည်ရွယ်သည်။ EITI ၏ သက်ရောက်မှု၊ EITI စံချိန်စံညွှန်းဖြင့် အားပေးလုပ်ဆောင်ထားသော လုပ်ဆောင်ချက်များကို

[13]အာရှလမ်းဆုံလမ်းခွအသစ် (ဇွန် ၂၀၁၅) “မြန်မာစီးပွားရေးနောက်ဆုံးသတင်း”ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[14] Global Witness (အောက်တိုဘာ ၂၀၁၅) “ကျောက်စိမ်း - မြန်မာနိုင်ငံ၏ ပြည်နယ်ကြီး၏ လျှို့ဝှက်ချက်” ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[15] NRGI (2017), ‘ရင်းမြစ်စီမံအုပ်ချုပ်မှုညွှန်ကိန်း ၂၀၁၇ - မြန်မာ’ ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[16] MEITI (မတ် ၂၀၁၈) “ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ” ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၃၆
[17] Ibid.
[18] အမေရိကန်ကုန်သွယ်ရေးဌာန (၂၀၁၇ ဇူလိုင်)၊ ‘မြန်မာနိုင်ငံ ကုန်သွယ်ရေးလက်စွဲ’၊ ၂၀၁၈ စက်တင်ဘာလတွင် ဤ၌ ဖတ်ပါ။
[19] Ibid.
[20] NRGI (2017), ‘နိုင်ငံပျှဟာမှတ်စု - မြန်မာ’ ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[21] MEITI (မတ် ၂၀၁၈) “ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ” ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၃၆

18



အကောင်အထည်ဖော်ခြင်း၊ EITI အကောင်အထည်ဖော်ခြင်းတွင် ရရှိသော သင်ခန်းစာများအပြင် အနာဂတ်တွင် EITI အကောင်အထည်ဖော်ခြင်းအတွက် မိတ်ဖက်အဖွဲ့အစည်းများက တင်ပြသော အခက်အခဲများနှင့် အကြံပြုချက်များကိုလည်း ဦးတည်ဖြေရှင်းသည်။

အတည်ပြုခြင်း လုပ်ငန်းစဉ်ကို EITI စံချိန်စံညွှန်းစာအုပ် အခန်း ၄ တွင် ဖော်ပြထားသည်။[22] ၎င်းတွင် အဆင့် ၄ ဆင့်ရှိသည်။

၁။ ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းများက အတည်ပြုခြင်းအတွက် ပြင်ဆင်ခြင်း

၂။ EITI အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးက လုပ်ဆောင်သော အစကနဦး အချက်အလက်စုဆောင်းခြင်းနှင့် မိတ်ဖက်အဖွဲ့အစည်း အကြံပြုဆွေးနွေးခြင်း

၃။ EITI ဘုတ်အဖွဲ့ကို တိုက်ရိုက်အစီရင်ခံရသော အမှီအခိုကင်းသည့် သီးသန့်အတည်ပြုရေးအဖွဲ့ဖြင့် အမှီအခိုကင်းသော အရည်အသွေး အတည်ပြုခြင်း

၄။ ဘုတ်အဖွဲ့၏ စိစ်ဆေးမှု

အတည်ပြုစစ်ဆေးမှု လက်စွဲစာအုပ် တွင် EITI အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး၏ အချက်အလက်စုဆောင်းခြင်းနှင့် မိတ်ဖက်အဖွဲ့များ အကြံပြု ဆွေးနွေးခြင်းနှင့် အတည်ပြုသူအတွက် စံချိန်စံညွှန်းမီသည့် ရည်ညွှန်းကိုးကားမှုစည်းကမ်းချက်များအပါအဝင် EITI သတ်မှတ်ချက်များကို အကဲဖြတ်ရာတွင် အသေးစိတ်လမ်းညွှန်မှုများနှင့် ပိုမိုအသေးစိတ်သော အတည်ပြုလုပ်ငန်းစဉ်များ ပါဝင်သည်။

အတည်ပြုစစ်ဆေးမှုလက်စွဲစာအုပ်တွင် "မိတ်ဖက်အဖွဲ့အစည်းများအဖွဲ့အနေဖြင့် အတည်ပြုခြင်းလုပ်ငန်းစဉ်တွင် အချို့သော ဦးတည်ချက်များ သို့မဟုတ် လုပ်ဆောင်မှုများကို အကဲဖြတ်ရာ၌ MSG လုပ်ငန်းစီမံကိန်းနှင့်အညီ သေချာစွာ ဂရုစိုက်ရန် မျှော်လင့်ပြီး ထိုအချက်များသည် MSG ၏ တောင်းဆိုမှုဖြင့် သတ်မှတ်သင့်သည်" ဟူသော စည်းကမ်းချက်တစ်ချက် ပါရှိသည်။ MEITI MSG သည် သီးသန့်ဆုံးဖြတ်ချက်အတွက် မည်သည့်ကိစ္စရပ်ကိုမျှ တောင်းဆိုခဲ့ခြင်းမရှိပေ။

အတည်ပြုခြင်းလုပ်ငန်းစဉ်များနှင့်အညီ အစကနဦး အချက်အလက်စုဆောင်းခြင်းနှင့် မိတ်ဖက်အဖွဲ့များ အကြံပြုဆွေးနွေးခြင်းတွင် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး၏ လုပ်ငန်းကို အဆင့် သုံးဆင့်ဖြင့် လုပ်ဆောင်ခဲ့ကြသည်။

၁။ ရုံးတွင်း လေ့လာဆန်းစစ်မှု - နိုင်ငံကို သွားရောက်လည်ပတ်ခြင်းမပြုမီ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးသည် EITI စံချိန်စံညွှန်းနှင့်ကိုက်ညီစွာ လုပ်ဆောင်နေသော နိုင်ငံနှင့်သက်ဆိုင်သည့် ရနိုင်သမျှ စာရွက်စာတမ်းများကို အောက်ပါအချက်များပါဝင်ပြီး ကန့်သတ်ထားခြင်းမရှိသော အသေးစိတ် အချက်များကို ဖတ်ရှုသည်။

- ဘဏ္ဍာရေးနှင့် ဆက်သွယ်ပြောဆိုရေးစီမံကိန်းများကဲ့သို့သော EITI လုပ်ငန်းစီမံကိန်းနှင့် အခြားစီမံကိန်းစာရွက်စာတမ်းများ
- ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းများ၏ ရည်ညွှန်းကိုးကား စည်းကမ်းချက်များနှင့် ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းများ၏ အစည်းအဝေး မှတ်တမ်းများ
- EITI အစီရင်ခံစာများနှင့် အနှစ်ချုပ်အစီရင်ခံစာနှင့် ခြုံငုံလေ့လာခြင်းကဲ့သို့သော ဖြည့်စွက်အချက်အလက်များ
- ဆက်သွယ်ပြောဆိုရေး စာရွက်စာတမ်းများ
- နှစ်စဉ်တိုးတက်မှု အစီရင်ခံစာများ နှင့်
- အတည်ပြုခြင်းဆိုင်ရာ အခြားအချက်အလက်များ

အတည်ပြုခြင်းလုပ်ငန်းစဉ်အဆင့်များအရ အတွင်းရေးမှူးရုံးသည် အတည်ပြုမှုကို စတင်ပြီးနောက် လုပ်ဆောင်သော လုပ်ဆောင်မှုများကို ထည့်သွင်းခြင်း မရှိပေ။

၂။ နိုင်ငံသို့ သွားရောက်လည်ပတ်ခြင်း - နိုင်ငံသို့ အလည်အပတ်လာရောက်ခြင်းကို ၂၀၁၈ ဩဂုတ်လ ၈ - ၁၇ ရက်ကြာမြင့်ခဲ့သည်။ အစည်းအဝေးများအားလုံးကို နေပြည်တော်နှင့် ရန်ကုန်တွင် ကျင်းပခဲ့သည်။ အတွင်းရေးမှူးသည် ကဏ္ဍစုံမှမိတ်ဖက်အဖွဲ့အစည်းများအုပ်စုတွင် တိုက်ရိုက်မပါဝင်သော်လည်း ကိုယ်စားပြုသော မိတ်ဖက်အဖွဲ့အစည်းများ အပါအဝင် ကဏ္ဍစုံမှမိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ အမှီအခိုကင်းသော အုပ်ချုပ်သူများနှင့် အခြားအဓိကပါဝင်သူများနှင့်တွေ့ဆုံသည်။MSG အဖွဲ့နှင့် တွေ့ဆုံခြင်းအပြင် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးသည် သင့်လျော်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အမြင်များကို လွတ်လပ်စွာ ဖော်ပြနိုင်ခြင်းနှင့် လျှို့ဝှက်ချက် မပေါက်ကြားရန်

[22] EITIဝက်ဘ်ဆိုဒ်၏ MEITI အတည်ပြုခြင်းအခန်းကို ၂၀၁၈ ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

19



တောင်းဆိုမှုကို အလေးအနက်ထားခြင်းဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် အစိတ်အပိုင်းများ (အစိုးရ၊ ကုမ္ပဏီများနှင့် အရပ်ဖက်အဖွဲ့အစည်း) နှင့် တစ်ဦးချင်း သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့လိုက် တွေ့ဆုံသည်။ ဆွေးနွေးအကြံပြုခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်းများစာရင်းကို နောက်ဆက်တွဲ (ဃ) တွင် ထည့်သွင်းထားသည်။

၃။ သတ်မှတ်ချက်များတွင် တိုးတက်မှုကို အစီရင်ခံခြင်း - ဤအစီရင်ခံစာတွင် အတည်ပြုမှု လမ်းညွှန်လက်စွဲနှင့် အညီ သတ်မှတ်ချက်များတိုးတက်မှုအား အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး၏ ကနဦးအကဲဖြတ်မှုကို ထည့်သွင်းပေးထားသည်။ လေးစားလိုက်နာခြင်းကို ခြုံငုံအကဲဖြတ်မှု မပါဝင်ပေ။
အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး၏ အဖွဲ့တွင် **Gay Alessandra Ordenes (ဒေသဆိုင်ရာ ဒါရိုက်တာ)၊Abigail Ocate (ပြည်နယ်အရာရှိ)၊ Alex Gordy (အတည်ပြုရေးဒါရိုက်တာ) နှင့် Sam Bartlett (နည်းပညာဒါရိုက်တာ)** တို့ ပါဝင်သည်။

20



## အပိုင်း ၁ – MSG ကြီးကြပ်ရေးတာဝန်

# ၁။ EITI လုပ်ငန်းစဉ် ကြီးကြပ်ရေးတာဝန်

## ၁-၁။ အကျဉ်းချုပ်

ဤအခန်းသည် မိတ်ဖက်အဖွဲ့များ ခန့်ထားခြင်းနှင့် နိုင်ငံအတွင်း EITI၏ အထမြောက်ခြင်းအတွက် ပတ်ဝန်းကျင်၊ ညွှန့်ပေါင်းအုပ်စု (MSG)၏ အုပ်ချုပ်မှုနှင့် အလုပ်လည်ပတ်ခြင်း၊ EITIအလုပ်ပုံစံတို့နှင့် ဆက်စပ်သည်။

### ၁-၂။ အကဲဖြတ်ချက်

**EITI လုပ်ငန်းစဉ်တွင် အစိုးရ၏ ချိတ်ဆက်ပါဝင်မှု (#၁-၁)**

**လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း**

*<u>လူသိရှင်ကြားထုတ်ပြန်ကြေညာချက်</u>။* ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမေရိကန် ကုန်သည်ကြီးများအသင်း၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သော မိန့်ခွန်းတစ်ခုတွင် လက်ရှိအစိုးရက EITI အထမြောက်စေရေးအပေါ် ၎င်းတို့၏ ဆက်တိုက်ပံ့ပိုးမှုကို ကြေညာခဲ့သည်။[23] ၂၀၁၇ ခုနှစ် မတ်လ ၉ ရက်နေ့တွင် MEITI နိုင်ငံတကာ ကွန်ဖရင့်၌ ထိုစဉ်က MOPF ဝန်ကြီးဖြစ်သူ ဦးကျော်ဝင်းက ရသုံးငွေစာရင်း ပွင့်လင်းမြင်သာရေးနှင့် ပြည့်သူ့ဘဏ္ဍာစီမံထိန်းသိမ်းရေးအပေါ် ပြုပြင်ပြောင်းလဲမှုများကို EITIက ဖော်ဆောင်ခြင်းအတွက် အစိုးရ၏ အသိအမှတ်ပြုခြင်းကို ထုတ်ဖော်ပြောဆိုပြီး EITI အပေါ် အစိုးရ၏ ပံ့ပိုးမှုကို ဖော်ပြခဲ့သည်။

လက်ရှိအစိုးရမတိုင်မီက MEITI ကို သမ္မတအမိန့်စာအမှတ် ၉၉/၂၀၁၂[24] ဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် တည်ထောင်ခဲ့ပြီး ထိုအမိန့်စာတွင် EITI အထမြောက်စေရန် အစိုးရ၏ ရည်ရွယ်ချက်နှင့် ဆုံးဖြတ်ချက်တို့ကို ဖော်ပြထားသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ထိုစဉ်က EITI ဥက္ကဋ္ဌ ဖြစ်သူ ကလဲရ်ရှော့နှင့် တွေ့ဆုံစဉ်အတွင်း သမ္မတဟောင်း သိန်းစိန်က အစိုးရ၏ ရည်ရွယ်ချက်သည် သယံဇာတများ၊ အရင်းအမြစ်များကို ပေါ်ပေါက်စေပြီး ပွင့်လင်းမြင်သာသော ပုံစံတစ်ခုဖြင့် စီမံနေကြောင်း သေချာအောင် EITI ကို အသုံးပြုရန် ဖြစ်ကြောင်း ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။[25] အထမြောက်ရေးကို ပံ့ပိုးသော အချက်အလက်များကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မောင်မောင်သိန်းအပါအဝင် တခြား ထိပ်တန်းအစိုးရအရာရှိဟောင်းများက ထုတ်ပြန်ခဲ့ကြသည်။[26]

*<u>ထိပ်တန်းဦးဆောင်သူ</u>။* ၂၀၁၅ ခုနှစ် သမ္မတရွေးကောက်ပွဲပြီးနောက် အမိန့်ကြော်ငြာစာအမှတ်- ၁၁၅/၂၀၁၆ ဖြင့် ဦးဆောင်ကော်မတီ အသစ်တစ်ခုကို ဖွဲ့စည်းခဲ့ပြီး ထိုစဉ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ဦးကျော်ဝင်းကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။ ၂၀၁၈ ခုနှစ် မေလတွင် ၎င်းကို လက်ရှိ MOPF ဝန်ကြီး ဦးစိုးဝင်းနှင့် အစားထိုးခန့်အပ်ခဲ့သည်။ လက်ရှိအာဏာပိုင်ကလည်း အမိန့်ကြော်ငြာစာအမှတ်- ၂၄/၂၀၁၇ ကို ထုတ်ပြန်ပြီး MOPF လက်ထောက် ဝန်ကြီး ဦးမောင်မောင်ဝင်းကို MSG ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။ MSG အစည်းအဝေးတက်ရောက်မှု မှတ်တမ်းများက MSG အစည်းအဝေး ၁၄ ခုအနက် ၁၁ ခုတွင် သဘာပတိမှုခဲ့ကြောင်း ဖော်ပြသည်။ MOPF ဝန်ကြီးဟောင်း ဦးကျော်ဝင်း သဘာပတိမှုခဲ့သော MSG အစည်းအဝေးတစ်ခုလည်း ရှိပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနတို့၏ ဝန်ကြီးများက တက်ရောက်ခဲ့ကြသည်။[27]

လက်ရှိ ထိပ်တန်း ဦးဆောင်သူများမတိုင်မီ မြန်မာနိုင်ငံတွင် EITI အထမြောက်ရေးကို ကြီးကြပ်ရန် လျာထားသော အဖွဲ့ဖြစ်သည့် EITI ဦးဆောင်

[23] အမေရိကန် ကုန်သည်ကြီးများအသင်း (၂၀၁၆ ခုနှစ် စက်တင်ဘာလ)၊ 'နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း'၊ ဤသို့ ကြည့်ပါ။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ
[24] MEITI (၂၀၁၂ ခုနှစ် ဒီဇင်ဘာလ)၊ 'သမ္မတအမိန့်စာအမှတ် ၉၉/၂၀၁၂' ဤသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကြည့်ပါ။
[25] EITI (၂၀၁၃ ခုနှစ် ဒီဇင်ဘာလ)၊ 'EITIဆီသို့ လှမ်းချီနေသော မြန်မာ' ဤသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကြည့်ပါ။
[26] EITI (၂၀၁၆ ခုနှစ် ဇန်နဝါရီလ)၊ 'နိုင်ငံတော်ပိုင် ကုမ္ပဏီများ၏ ဖုံးကွယ်မှုကို မြန်မာဖွင့်လှစ်ပြီ'၊ ဤသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကြည့်ပါ။
[27] ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော (၁၀) ကြိမ်မြောက် MSG အစည်းအဝေး

အာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် သမ္မတဝန်ကြီးရုံး ဝန်ကြီးဟောင်း ဦးစိုးသိန်းကို ၂၀၁၂ ခုနှစ်တွင် ခန့်အပ်ခဲ့သည်။ MEITI MSG ကို ၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ထိုစဉ်က ဘဏ္ဍာရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး ဒေါက်တာ မောင်မောင်သိန်းကို MSG ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

*တက်ကြွစွာပါဝင်မှု။* မြန်မာနိုင်ငံအစိုးရသည် MOPF မှတစ်ဆင့် EITI အထမြောက်ရေးတွင် တက်ကြွစွာ ဦးဆောင်ပါဝင်ခဲ့သည်။ MSG ဥက္ကဋ္ဌကို ညွှန်ကြားရေးမှူး အဆင့်ရှိ အစိုးရအရာရှိ ခုနစ်ယောက်နှင့်အတူ MSG ၏ ဒုတိယဥက္ကဋ္ဌဖြစ်သော MONRED မှ ဦးဝင်းသိန်းတို့က ပံ့ပိုးပေးသည်။ MSGတွင် ကိုယ်စားလှယ်ပြုသည့် အစိုးရအဖွဲ့အစည်းများတွင် MHA၊ MOEE၊ MONREC၊ MOPF နှင့် OAG တို့ ပါဝင်သည်။

တခြားကော်မတီနှစ်ခုကို EITI အထမြောက်ရေးအား ပံ့ပိုးရန် အစိုးရက ဖွဲ့စည်းခဲ့သည်။ ဦးစိုးဝင်း (MOPF)၊ ဦးဝင်းခိုင် (MOEE)နှင့် ဦးအုန်းဝင်း (MONREC) စသော ဝန်ကြီးသုံးဦးနှင့် လက်ထောက်ဝန်ကြီး ဦးမောင်မောင်ဝင်းတို့ဖြင့် ဖွဲ့စည်းထားသော အမြင့်ဆုံး EITI အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် MEITI ဦးဆောင် ကော်မတီကို အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည်။ လက်တွေ့အရ ဦးဆောင်ကော်မတီနှင့် MSG ၏ ဆက်ဆံရေးကို အဓိပ္ပာယ် ဖွင့်ဆို သည့် စာရွက်စာတမ်းမရှိသော်လည်း ထိုအဖွဲ့သည် MSG၏ အကြံပြုချက်များကို အစိုးရဝန်ကြီးများအဖွဲ့သို့ တင်ပြသော အဖွဲ့ဖြစ်သည်။ ထို့အပြင် MEITI လုပ်ငန်းကော်မတီကို အစိုးရအရာရှိ ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အများစုသည် ညွှန်ကြားရေးမှူးအဆင့်ဖြစ်ကာ EITI အစီရင်ခံခြင်းလုပ်ငန်းစဉ်တွင် ပတ်သက် သော ဌာနများနှင့် အစိုးရရုံး အမြောက်အမြားကို ကိုယ်စားပြုကြသည်။ ဤကော်မတီက EITI အစီရင်ခံခြင်းအတွက် လိုအပ်သော သတင်း အချက်အလက် များကို ပေးရန် အစီရင်ခံအဖွဲ့များကို ညွှန်ကြားသည်။

EITI အထမြောက်ရေးသည် ယခင်အစိုးရမှ အကူးအပြောင်းကာလဖြစ်သည့် ဇူလိုင်လနှင့် ဒီဇင်ဘာလအကြားတွင် ရပ်တန့်ခဲ့သည်။ အစိုးရအသစ်နှင့် MSG ဥက္ကဋ္ဌတို့ တရားဝင်တွေ့ဆုံခြင်း မရှိခဲ့သော်လည်း မိတ်ဖက်အဖွဲ့များအကြား လွတ်လွတ်လပ်လပ် တွေ့ဆုံပွဲများ ပြုလုပ်ဖြစ်စေရန်နှင့် ထို့ကြောင့်ပင် ကနဦး ဆွေးနွေးချက်များသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် ကျောက်မျက်ကဏ္ဍပြုပြင်ပြောင်းလဲမှုတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန် အစိုးရအင်အားများကို MOPFသည် ဆက်လက်ပံ့ပိုးခဲ့သည်။

အစည်းအဝေးတက်ရောက်မှု မှတ်တမ်းများက အစိုးရကိုယ်စားလှယ်များသည် MSG အစည်းအဝေးများတွင် ပုံမှန်တက်ရောက်ကြပြီး အစည်းအဝေး မှတ်တမ်းများက သုံးသပ်ချက်များ ပြုလုပ်ခြင်းကို ပြည့်စုံရှင်းလင်းစွာ မဖော်ပြထားသော်လည်း EITI အစီရင်ခံစာ၏ နယ်ပယ်ကို ဆုံးဖြတ်ခြင်းအပါအဝင် EITI အထမြောက်ရေး၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကဏ္ဍများအပေါ် ဆွေးနွေးမှုများတွင် ပါဝင်ခဲ့ကြသည်။

EITIတွင် ကုမ္ပဏီများနှင့် အစိုးရသီးခြားအဖွဲ့များ ပါဝင်ဆောင်ရွက်မှုရှိစေရန် အစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားစာများ မြောက်မြားစွာရှိသည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများကို EITI အထမြောက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် ဖွန်လတွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၈[28] က ပြဋ္ဌာန်းသည်။ မြန်မာနိုင်ငံ EITI အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး လမ်းပြမြေပုံ၏ အထမြောက်မှုကို ပံ့ပိုးပေးရန် ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အကျိုးအမြတ် ရရှိ ပိုင်ဆိုင်မှု ဖော်ဆောင်ရေးအဖွဲ့ကို အမိန့်ကြောငြာစာအမှတ် ၆၀/၂၀၁၈[29] ဖြင့် ဖွဲ့စည်းခဲ့သည်။ အစိုးရအဖွဲ့များက မိမိတို့၏ အစီရင်ခံရမည့် ပုံစံများကို တင်ပြရန် ပျက်ကွက်သော အစီရင်ခံအဖွဲ့များကို အရေးယူဆောင်ရွက်သည်ဟုလည်း MSG အစည်းအဝေးမှတ်တမ်းများတွင် အထောက်အထားများ ရှိသည်။ အားလုံးသော အရေးပါသည့် အစိုးရအဖွဲ့အစည်းများက MSG၏ အစီရင်ခံခြင်းဆိုင်ရာ လမ်းညွှန်ချက်အများအရ အစီရင်ခံ ပုံစံများကို တင်ပြကြသည်။[30]

EITI အထမြောက်ရေးအတွက် အစိုးရက ရန်ပုံငွေတချို့ကို ထောက်ပံ့ပေးသော အထောက်အထားလည်း ရှိသည်။ EITI အထမြောက်ရေးအတွက် ငွေကြေးထောက်ပံ့မှုကို မြန်မာမိတ်ဆွေ အလှူရှင်ပေါင်းစုံအဖွဲ့ ရန်ပုံငွေ (MP-MDTF) က ပံ့ပိုးပေးပြီး MOPF က ခန့်အပ်ထားသော EITI ဝန်ထမ်းများ၏ လစာများကို အစိုးရက ပေးသည်။

[28] MEITI (၂၀၁၈ ခုနှစ် ဖွန်လ)၊ 'ကြော်ငြာအမိန့်နံပါတ် ၇၆/၂၀၁၈'၊ ဤ၌ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကြည့်ပါ။
[29] MEITI (၂၀၁၈ ခုနှစ် ဖွန်လ)၊ 'ကြော်ငြာအမိန့်နံပါတ် ၆၀/၂၀၁၈'၊ ဤ၌ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကြည့်ပါ။
[30] MEITI (၂၀၁၈ ခုနှစ် မတ်လ)၊ '၂၀၁၅ ခုနှစ် ဧပြီလ-၂၀၁၆ ခုနှစ် မတ်လ MEITI အစီရင်ခံစာ'၊ ဤ၌ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကြည့်ပါ။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

အစိုးရက အပြည့်အဝ အာမခံပြီး EITI အထမြောက်ရေးတွင် ပါဝင်နေသော ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့များနှင့် လုပ်ငန်း ကိုယ်စားလှယ်များ အကြား အများသဘောတူညီမှု ရှိသည်။ အစိုးရ စနစ်များအတွင်း ပွင့်လင်းမြင်သာမှုကို ထောက်ခံသော MSG ဥက္ကဋ္ဌ၏ စိတ်မှန်သည့် အခိုင်အမာ ပြောဆိုချက်ကို မိတ်ဖက်အဖွဲ့များ အားလုံးနီးပါးက သက်သေပြုကြသည်။ MEITI အစီရင်ခံစာနှစ်စောင်ကို အစိုးရအကူးအပြောင်းကာလအတွင်း အချိန်မီ ပုံနှိပ်ထုတ်ဝေခြင်းသည် EITI ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့တွင် အစိုးရ၏ ပါဝင်မှုအား ထင်ဟပ်စေသော အစိုးရ၏ ပါဝင်မှုသာဓက တစ်ခုဖြစ်ကြောင်း မြောက်မြားစွာသော ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့များက မှတ်ချက်ပြုကြသည်။ အစိုးရ၏ တိုက်တွန်းမှုအရ လုပ်ငန်းကိုယ်စားလှယ် အများအပြားက EITIတွင် ပူးပေါင်းပါဝင်မှုများ ပြုလုပ်ခဲ့ကြသည်။

MSG အစည်းအဝေးများတွင် အစိုးရဖက်မှ ပုံမှန်တက်ရောက်ပြီး MSGရှိ အစိုးရကိုယ်စားလှယ်များသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆွေးနွေးခြင်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်သည်ဟု မိတ်ဖက်အဖွဲ့များ အများစုက ယူဆကြသည်။ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့တစ်ခုက MSG ဥက္ကဋ္ဌသည် အစည်းအဝေးအားလုံးနီးပါးကို တက်ရောက်သည်ဟု ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် ဆုံးဖြတ်ချက်များကို ပိုမိုလျှင်မြန်စွာ ချမှတ်နိုင်ရန်အလို့ငှာ လုပ်ငန်းများမှ မိတ်ဖက်အဖွဲ့များ တချို့နှင့် ပြည်သူလူထုက ပိုမိုသော ထိပ်တန်းအရာရှိများ MSG အစည်းအဝေးများသို့ တက်ရောက်ရန် တောင်းဆိုခဲ့ကြသည်။

တချို့သော လူထုအဖွဲ့အစည်း မိတ်ဖက်အဖွဲ့များများက လက်ရှိအစိုးရလက်ထက်တွင် (၂၀၁၆ ခုနှစ် ကတည်းက) အစိုးရ၏ ပံ့ပိုးမှုအဆင့်သည် လျော့နည်း လာသည်ဟု ယူဆကြသည်။ EITIကို ယခင်ကကဲ့သို့ သမ္မတဝန်ကြီးရုံးလက်အောက်တွင် ထားမည့်အစား MOPF လက်အောက်တွင် ထားခြင်းသည် အစိုးရ အတွင်း EITI၏ လွှမ်းမိုးမှုနှင့် လုပ်ပိုင်ခွင့်တို့ကို သက်ရောက်မှုရှိသည်ဟု ၎င်းတို့က ဆိုသည်။ မိတ်ဖက်အဖွဲ့များများထံ ကမ်းလင့်ထောက်ကူသော လှုပ်ရှားမှု များ မရှိခြင်းကိုလည်း တချို့သော CSOများက အစိုးရပံ့ပိုးမှု အားနည်းခြင်း၏ လက္ခဏာတစ်ရပ်အဖြစ် ထင်မြင်ကြသည်။ တစ်စချင်းဖြစ်သော အခြေခံစနစ် တစ်ခုအပေါ် တင်ပြထားသော အချက်အလက်အမြောက်အမြားဖြင့် MEITI အစီရင်ခံစာများတွင် EITIအရ လိုအပ်သော အချက်အလက်အားလုံးကို ဖွင့်ချထားသည်ဟုဆိုကာ အစိုးရ အဖွဲ့အစည်းများသည် တသမတ်တည်း သေချာမှုမရှိဟု CSOများက ယူဆသည်။ သို့သော်လည်း အစီရင်ခံစာ ထုတ်ဝေပြီးနောက် အစိုးရက ပေးအပ်သော နောက်ဆက်တွဲ စာရွက်စာတမ်းများကို MEITI အစီရင်ခံစာ ဆော့ဖ်ကော်ပီထဲ၌ မွမ်းမံမှုများတွင် သက်ဆိုင်ရာ လင့်ခ်များဖြင့် MEITI ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည်ဟု MEITI နိုင်ငံတော် အတွင်းဝန်များရုံးက ရှင်းပြခဲ့သည်။

အစိုးရအဖွဲ့အစည်းများသည် MEITI အစီရင်ခံစာများပါ အကြံပြုချက်များကို လိုက်နာကြသည်ဟု မိတ်ဖက်အဖွဲ့များများက အတည်ပြုကြသည်။ သို့သော်လည်း တချို့သော CSOများနှင့် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့များက အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်သော အကြံပြုချက်များအတွက် အစိုးရ၏ ပံ့ပိုးမှုကို ၎င်းတို့ မြင်တွေ့ပြီးဖြစ်သော်လည်း စစ်တပ်နောက်ခံ ကုမ္ပဏီများကို ပြုပြင်ပြောင်းလဲခြင်းကဲ့သို့သော ပိုမို အငြင်းပွားဖွယ်ဖြစ်သော မူဝါဒဆိုင်ရာကိစ္စများနှင့် ဆက်စပ်သော အကြံပြုချက်များအပေါ် ခိုင်မာသော နိုင်ငံရေးဆိုင်ရာ ပံ့ပိုးမှုကိုမူ ၎င်းတို့ မမြင်တွေ့ဖူးဟု ဆိုသည်။

မိတ်ဖက်အဖွဲ့များ အားလုံးက EITI အထမြောက်ရေးတွင် အစိုးရအဖွဲ့အစည်းအတွင်း၌ အတားအဆီးများ မရှိသည်ကို အခိုင်အမာ ပြောဆိုကြသည်။ အစိုးရက ရေနံနှင့်ဓာတ်ငွေ့ဆိုင်ရာ PSCများနှင့် ဝင်ငွေခွန်ဥပဒေတို့ရှိ လျှို့ဝှက် ပြဋ္ဌာန်းချက်များကို ဖော်ထုတ်ခြင်းဖြင့် EITI အထမြောက်ရေး လုပ်ငန်း ကြန့်ကြာနေသော အဆင့်များကို ဖြေရှင်းခဲ့သည်ဟု MSG အဖွဲ့ဝင်အမြောက်အမြားက ယူဆကြသည်။ EITI ရည်ရွယ်ချက်များအတွက် အခွန် အချက် အလက်များကို ဖွင့်ချရန် IRDကို ခွင့်ပြုသော ကင်းလွတ်ခွင့် စာပိုဒ်ဖြင့် EITIကို ကာကွယ်ပေးသည် ဟူသော ပုံစံတစ်ခုဖြင့် ဝင်ငွေခွန်ဥပဒေပါ လျှို့ဝှက် ပြဋ္ဌာန်းချက်များကို IRDက အဓိပ္ပာယ်ကောက်သည်ဟု အစိုးရ ကိုယ်စားလှယ်တစ်ယောက်က အလေးအနက်ပြောသည်။ ထို့ပြင် ရေနံနှင့်ဓာတ်ငွေ့ ကုမ္ပဏီအားလုံးကို EITI အစီရင်ခံစာရေးခြင်းတွင် ပူးပေါင်းပါဝင်စေရန် လိုအပ်သော မူဝါဒတစ်ခုကို MOGEက ရေးဆွဲနေသည်ဟု အစိုးရ ကိုယ်စားလှယ်တစ်ယောက်က ပြောသည်။

အစိုးရ လုပ်ငန်းစဉ်များကို သုံးသပ်ခြင်းနှင့် မူဝါဒများ ရေးဆွဲခြင်းတွင် EITI အစီရင်ခံစာများမှ သက်ဆိုင်ရာ အချက်အလက်များကို အသုံးပြုသည်ဟု အစိုးရ ကိုယ်စားလှယ်များက ဆိုသည်။ နိုင်ငံတကာက ရင်းနှီးမြုပ်နှံသော ကုမ္ပဏီများနှင့် ဆွေးနွေးမှုများတွင် EITI အချက်အလက်များကို တိုက်ရိုက် ကိုးကားသည်ဟု SOE ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

23


EITI လုပ်ရှားမှုများကို ငွေကြေးထောက်ပံ့မှုတွင် အစိုးရက EITI အတွက် ခန့်အပ်ထားသော ဝန်ထမ်းများ၏ လစာအပါအဝင် MOBD၏ လုပ်ငန်းလည်ပတ်မှု စရိတ်များကို ပေးခြင်းဖြင့် အထောက်အပံ့ပြုသည်ဟု အစိုးရကိုယ်စားလှယ်တစ်ဦးက အသားပေးပြောဆိုသည်။

## ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးဌာန၏ စဦးအကဲဖြတ်မှုအရ မြန်မာနိုင်ငံသည် ဤလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် စိတ်ကျေနပ်ဖွယ် တိုးတက်မှုကို ပြုလုပ်ပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံရေးအပြောင်းအလဲနှင့်ဆက်စပ်၍ နှေးကွေးမှုများ ရှိခဲ့သော်လည်း EITI အထမြောက်ရေး၌ ထိရောက်သော ကြီးကြပ်ရေးတာဝန်ကို ပြုလုပ်ရန် ဝန်ကြီးအဆင့်ရှိ ထိပ်တန်းအစိုးရအရာရှိများကို MSG နှင့် အဆင့်မြင့် အစိုးရဦးဆောင်ကော်မတီ နှစ်ခုစလုံးတွင် ပါဝင်စေခြင်းဖြင့် အစိုးရက ၎င်း၏ EITI အပေါ် ပံ့ပိုးပေးမှုကို ပြသခဲ့သည်။ MSGနှင့် တွဲဖက်ကော်မတီ အစည်းအဝေးများတွင် တက်ကြွစွာပါဝင်မှု၊ MEITI အကြံပြုချက်များကို လိုက်နာမှုနှင့် လုပ်ငန်းစဉ်အထမြောက်မှု၏ ဥပဒေဆိုင်ရာ အတားအဆီးများကို ဖော်ထုတ်မှုတို့မှတစ်ဆင့်လည်း အစိုးရ၏ပံ့ပိုးမှုကို ထင်ရှားစွာ ပြသထားပြီးဖြစ်သည်။

လုပ်ငန်းစဉ်အထမြောက်ရေးကို ခိုင်မာစေရန်အတွက် EITI အထမြောက်ရေးတွင် အစိုးရပါဝင်မှု မြင့်မားခြင်းသည် လုပ်ငန်းအထမြောက်ရေး၏ ထိရောက်သော လုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးတာဝန်ကို ဖြည့်ဆည်းပေးရန် လိုအပ်ချက်အရ မူမှုတတဖြစ်ကြောင်း သေချာစေအောင် မြန်မာနိုင်ငံကို တိုက်တွန်းကြသည်။

### EITI လုပ်ငန်းစဉ်တွင် လုပ်ငန်းများ၏ ချိတ်ဆက်ပါဝင်မှု (#၁-၂)

## လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*တက်ကြွစွာ ပါဝင်မှု။* MSG အစည်းအဝေးများ၊ ကော်မတီခွဲ အစည်းအဝေးများ၊ စွမ်းရည်တည်ဆောက်ရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် ကမ်းလင့်ထောက်ကူ ခြင်း လုပ်ရှားမှုများတွင် ကုမ္ပဏီများ၏ တက်ကြွသော ပါဝင်မှုက ၎င်းတို့သည် EITI လုပ်ငန်းစဉ်တွင် ပါဝင်နေကြောင်းကို ဖော်ပြသည်။ နောက်ဆုံး နှစ်စဉ် လုပ်ငန်းစဉ်တိုးတက်မှု အစီရင်ခံစာ[31]တွင် တွေ့မြင်ရသည့်အတိုင်း လုပ်ငန်းများကို ကိုယ်စားပြုသော MSG အဖွဲ့ဝင် ခြောက်ယောက်သည် အစည်း အဝေးအားလုံးနီးပါးကို တက်ရောက်ခဲ့ကြသည်။ ကော်မတီခွဲ အစည်းအဝေးမှတ်တမ်းများက လုပ်ငန်းကိုယ်စားလှယ်များသည် ယေဘုယျအားဖြင့် ပုံမှန် အစည်းအဝေးတက်ကြသည်ဟု ဖော်ပြသည်။

MSG တွင် လုပ်ငန်းကိုယ်စားလှယ်များ၏ ကဏ္ဍကို MSG ToR တွင် ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ MSGက သဘောတူထားသော ကုန်ကြမ်းပေး ငွေများနှင့် ဆက်စပ်သက်ဆိုင်သည့် အချက်အလက်များကို ထုတ်ဖော်ပြခြင်း၊ EITI အထမြောက်ရေးတွင် အတားအဆီးများကို ဖော်ထုတ်ရာ၌ တခြားသော လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်၊ EITI တိုးတက်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လုပ်ငန်းဆိုင်ရာအဖွဲ့ဝင်များနှင့် ဆက်ဆံခြင်းတို့သည် ဤဖွင့်ဆိုချက်တွင် ပါဝင်သည်။

EITI အစီရင်ခံခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်းအားဖြင့် ကုမ္ပဏီအားလုံးသည် ၎င်းတို့၏ အစီရင်ခံပုံစံများကို တင်ပြရသော ညှိနှိုင်းရေးနယ်ပယ်တွင် ပါဝင်ကြသည်။ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီရှစ်ခုနှင့် ရေနံသယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုတို့က အစီရင်မခံသော်လည်း အစီရင်ခံစာ အကျုံးဝင်သော ဘဏ္ဍာရေးနှစ်များအတွက် ၎င်းကုမ္ပဏီများထံမှ မည်သည့်ပေးငွေမျှ မရရှိခဲ့ဟု အတည်ပြုသော တရားဝင်စာတစ်စောင်ကို MOGEက ထုတ်ပြန်ခဲ့သည်။ ယခုထိ ထုတ်ဝေခဲ့သော EITI အစီရင်ခံစာ သုံးစောင်တစ်လျှောက် EITI အစီရင်ခံခြင်းအတွက် အရည်အသွေးအာမခံချက်များ တင်ပြသော ကုမ္ပဏီ အရေအတွက်သည် မြင့်တက်ခဲ့သည်။ ပထမ MEITI အစီရင်ခံစာအတွက် ငွေကြေးအချက်အလက်များကို တင်ပြခဲ့သော ကုမ္ပဏီသုံးခုတည်းနှင့် နှိုင်းစာလျှင် အစီရင်ခံ ကုမ္ပဏီများ၏ အများစု (၁၁၁ ခုအနက် ၉၆ ခု)က ဒုတိယနှင့် တတိယ MEITI အစီရင်ခံစာများအတွက် အစစ်ဆေးခံပြီးဖြစ်သော ငွေကြေးအချက်အလက်များကို တင်ပြခဲ့ကြသည်။[32]

[31] MEITI (၂၀၁၈ ခုနှစ် ဇူလိုင်လ)၊ 'မြန်မာနိုင်ငံနှစ်စဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ။ ။၂၀၁၇ ခုနှစ် ဇူလိုင်လ-၂၀၁၈ ခုနှစ် ဇွန်လ'၊ ဤ၌ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ကြည့်ပါ။
[32] MPRL, Petronas နှင့် Xie မိသားစု

မိုင်းတွင်းကဏ္ဍမှ ကုမ္ပဏီကိုးခု၊[33] ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍမှ ကုမ္ပဏီငါးခု၊[34] ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ ကုမ္ပဏီငါးခု[35] အပြင် သစ်တောကဏ္ဍမှ ကုမ္ပဏီနှစ်ခု[36] ပါဝင်သော ကုမ္ပဏီတချို့သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ရှေ့ပြေးအစီရင်ခံခြင်းတွင် ပါဝင်ခဲ့ကြသည်။

MSGပါ ကုမ္ပဏီများသည် EITI လုပ်ငန်းစဉ်နှင့်ပတ်သက်၍ တိုင်ပင်ကြရန် ၎င်းတို့၏ ထောက်ခံသူများနှင့် ထိတွေ့ဆက်ဆံမှုသော်လည်းကောင်း၊ EITI အစီရင်ခံစာများ၏ တွေ့ရှိချက်များကို ဆွေးနွေးမှုသော်လည်းကောင်း၊ လုပ်ငန်းအစီအစဉ်များနှင့် နှစ်စဉ်လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကဲ့သို့သော MSGက ထောက်ခံပေးထားသော စာရွက်စာတမ်းများအတွက် ထည့်သွင်းမည့်အချက်အလက်များကို တောင်းယူမှုခြင်းသော်လည်းကောင်း ပြုလုပ်မှုရှိ မရှိကို မှတ်တမ်းတင်ထားခြင်း မရှိပေ။

*အထောက်အကူပြုသော ပတ်ဝန်းကျင်။* EITI လုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမှ ကုမ္ပဏီများကို တားဆီးထားသော ဥပဒေမရှိပေ။ ကန်ထရိုက်စာချုပ်များသည် လျှို့ဝှက်အနေဖြင့် ကျန်ရှိနေသော်လည်း ဤသည်က EITIတွင် ကုမ္ပဏီများ ပါဝင်မှုကို အတားအဆီးတစ်ခု ဖြစ်စေသည်ဟု အဆိုပြုရန် မဖြစ်ပေ။ အစိုးရက EITI အစီရင်ခံခြင်းကို လျှို့ဝှက်ပြဋ္ဌာန်းချက်အဖြစ်မှ ကင်းလွတ်ခြင်းတစ်ခုအဖြစ် ပြုလုပ်ခြင်းဖြင့် ဝင်ငွေခွန်ဥပဒေပါ လျှို့ဝှက်ပြဋ္ဌာန်းချက်ကို အစိုးရက ကိုင်တွယ်ခဲ့သည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

လုပ်ငန်းကိုယ်စားလှယ်များက ၎င်းတို့သည် MSG အစည်းအဝေးများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ပြီး MSGက လိုအပ်သော သတင်းအချက်အလက် အားလုံးကို ပေးအပ်ခဲ့သည်ဟု ပြောကာ EITI အထမြောက်ရေးအပေါ် ၎င်းတို့၏ ပံ့ပိုးမှုကို အတည်ပြုခဲ့သည်။ လုပ်ငန်းဆိုင်ရာ MSG အဖွဲ့ဝင်များက EITI ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ထောက်ခံသူများကို ခေတ်နှင့်အညီအဆင့်မြှင့်ခြင်းများ ပြုလုပ်ပေးပြီး အလုပ်အစီအစဉ်နှင့် နှစ်စဉ်လုပ်ငန်း တိုးတက်မှုအစီရင်ခံစာများကဲ့သို့သော အရေးကြီးသည့် MSG စာရွက်စာတမ်းများတွင် ထည့်သွင်းမည့် အချက်အလက်များကို ပေးအပ်ခဲ့သည်ဟု ထုတ်ဖော် ပြောကြားခဲ့သည်။ မိုင်းတွင်းကိုယ်စားလှယ်တစ်ဦးက ဒေသများနှင့် ပြည်နယ်များကို ကမ်းလင့်ထောက်ကူခြင်း အပါအဝင် EITIနှင့် ဆက်စပ်သော လှုပ်ရှားမှု များကို ၎င်းတို့၏ အဖွဲ့အစည်းက ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ ကျောက်မျက်ကဏ္ဍမှ ကိုယ်စားလှယ်များက EITIကို သိရှိခြင်းအား မြှင့်တင်ဖို့ရာ အဖွဲ့ဝင်ကုမ္ပဏီများနှင့် ကမ်းလင့်ထောက်ကူခြင်း လှုပ်ရှားမှုများကို ပိုမိုဖော်ဆောင်ရန်နှင့် MEITI အစီရင်ခံစာများ၏ ရှာဖွေတွေ့ရှိချက်များကို ဆွေးနွေးရန် ၎င်းတို့၏ အစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

တခြားတစ်ဖက်တွင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများက EITI အထမြောက်ရေးတွင် တိုးတက်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ၎င်းတို့၏ ထောက်ခံသူများကို သတင်းပေးခြင်းအတွက်သော်လည်းကောင်း၊ အလုပ်အစီအစဉ်နှင့် နှစ်စဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာတို့အတွက် တုံ့ပြန်အကြံပြုချက် တောင်းခံခြင်း အတွက်သော်လည်းကောင်း တရားဝင်နည်းလမ်းတစ်ရပ် မရှိသေးဟု ဆိုသည်။ မိတ်ဖက်အဖွဲ့များ ဆွေးနွေးညှိနှိုင်းပွဲအတွင်း ဤအကြောင်းနှင့်ပတ်သက်၍ မေးမြန်းသောအခါ MSG ပြင်ပမှ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများသည် အံ့သြသွားပုံပေါ်ပြီး MOGEသည် ကုမ္ပဏီများကို စုဝေးရန် ဖိတ်ကြားလေ့ရှိကာ MSG ပြင်ပမှ ကုမ္ပဏီများအတွက် ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် ဆောင်ရွက်လေ့ရှိသည်ဟု ရှင်းပြသည်။ MSG ပြင်ပ ရေနံကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ် တစ်ဦးက ၂၀၁၅-၁၆ ခုနှစ် EITI အစီရင်ခံစာပါ မတိကျမှုများနှင့်ပတ်သက်၍ မည်သူ့ကိုဆက်သွယ်ရမည်ကို သေချာမသိရဟု ညှိနှိုင်းဆွေးနွေးပွဲအတွင်း ဖော်ထုတ်ပြောကြားခဲ့သည်။ MSGတွင် တိုက်ရိုက်ကိုယ်စားမပြုသော ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ အတော်များများသည် ဆွေးနွေးညှိနှိုင်းပွဲအတွင်းတွင် EITIနှင့် ပတ်သက်၍ ဇဝေဇဝါဖြစ်နေပုံပေါ်ပြီး EITI အစီရင်ခံစာနှင့် တခြားအရေးပါသော EITI စာရွက်စာတမ်းများကို ထုတ်ဝေခြင်းအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို စမ်းတဝါးဝါးဖြစ်နေပုံ ပေါ်သည်။ ၎င်းတို့၏ တုံ့ပြန်မှုများက ဖော်ပြသည်မှာ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီတချို့သည် EITI၏ ရည်မှန်းချက်နှင့် အခန်းကဏ္ဍများအပြင် ကုမ္ပဏီကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ မရှင်းလင်းဘဲ ရှိနေဆဲဖြစ်သည်။

မြောက်မြားစွာသော လုပ်ငန်းများမှ မိတ်ဖက်အဖွဲ့များများက EITI စံနှုန်းအရ မလိုအပ်သော သတင်းအချက်အလက်များကို ဖွင့်ပြောရန်

---

[33] မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ CNMC နီကယ် ကုမ္ပဏီလီမိတက်၊ မြန်မာရန်စဲ ကြေးနီးလီမိတက်၊ နိုင်ငံတော်ချမ်းသာရေးရွှေထုတ်လုပ်ငန်းအဖွဲ့လီမိတက်၊ ထွန်းသွင်သတ္တုတွင်းကုမ္ပဏီလီမိတက်၊ ပတ္တမြားနဂါးသတ္တုတွင်းကုမ္ပဏီလီမိတက်၊ ရွှေမိုးယံကုမ္ပဏီလီမိတက်၊ ဒယ်လ်ကိုကုမ္ပဏီလီမိတက်၊ ထာဝရသတ္တုတွင်းကုမ္ပဏီလီမိတက်

[34] ပီစီ မြန်မာ (ဟောင်ကောင်) လီမိတက်၊ PETRONAS Carigali Myanmar Inc.၊ PTTEPI Myanmar၊ ပေါ်စကိုဒေဝူးကော်ပိုရေးရှင်း၊ ရွှေရေနံ JOC Inc.

[35] ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီလီမိတက်၊ စိမ်းလွန်းတောင်တန်း ကျောက်မျက်လီမိတက်၊ သိရောမဏိ ကျောက်မျက်ရတနာ၊ Pang Huke Duwa Co. Ltd., ပတ္တမြားနဂါး ကျောက်စိမ်းနှင့် ကျောက်မျက် ကုမ္ပဏီလီမိတက်။

[36] တော်ဝင်မြစ်ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၊ ဂျွန်နီဘရားသား ကုမ္ပဏီလီမိတက်

25



အမေးခံရခြင်းနှင့် ပတ်သက်သော အကြောင်းကိစ္စများကို ပြောဆိုပြီး အချက်အလက်များနှင့် စာရွက်စာတမ်းများအတွက် EITIမှတစ်ဆင့် CSOများ၏ တောင်းဆိုချက်များက EITI၏ ပြဋ္ဌာန်းချက်များကို ကျော်လွန်နှင့်ပြီးဖြစ်သည်ဟု ထုတ်ဖော်ပြောကြားသည်။ တချို့သော ကုမ္ပဏီများကမပေးသော စစ်ဆေးပြီးဖြစ်သည့် ဘဏ္ဍာရေးအချက်အလက်များ၏ မိတ္တူများမှတစ်ပါး EITIနှင့် ဆက်စပ်သော အချက်အလက်အားလုံးကို တင်ပြခဲ့သည်ဟု လုပ်ငန်းကိုယ်စားလှယ်များက အတည်ပြုပြောကြားခဲ့သည်။

အစိုးရနှင့် လူထုအသိုင်းအဝိုင်း မိတ်ဖက်အဖွဲ့များများက MSG အစည်းအဝေးများနှင့် ပိုမိုပေါ်လွင်သော အကောင်အထည်ဖော်ခြင်းတို့တွင် ကုမ္ပဏီများ ပူးပေါင်းပါဝင်ခြင်း၌ တိုးတက်ခြင်းများဖြစ်စေရန် တောင်းဆိုသည်။ ဆွေးနွေးကြသော CSO ကိုယ်စားလှယ် အများအပြားက ကုမ္ပဏီများသည် MSG အစည်းအဝေးများတွင် စီနီယာကိုယ်စားလှယ်များကို မတက်ရောက်စေခဲ့ပြီး ၎င်းက ဆုံးဖြတ်ချက်ချရာတွင် ပိုမိုနှောင့်နှေးစေခဲ့သည်ဟု ဆိုသည်။ ကုမ္ပဏီများသည် ယေဘုယျအားဖြင့် EITI ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းဖြင့် အလိုက်သင့်နေသော်လည်း ၎င်းတို့၏ ရည်မှန်းချက်များအား အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများအားဖြင့် ရရှိစေရန် ကူညီခြင်းတွင် EITI၏ ပိုမို၍ ဖျူဟာမြောက်သော စွမ်းပကားကိုမူ နားမလည်ကြပေဟု ဖွံ့ဖြိုးတိုးတက်ရေး ပါတနာတစ်ဦးက မှတ်ချက်ပြုသည်။ UMEHL နှင့် MEC စသော စစ်တပ်နောက်ခံ ကုမ္ပဏီများ၏ ပူပေါင်းပါဝင်မှု မရှိခြင်းက EITI လုပ်ငန်းစဉ်နှင့် EITI အစီရင်ခံစာ တစ်ခုလုံးကို အများက ယုံကြည်လက်ခံခြင်းအပေါ် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကို တချို့သော အရပ်ဘက် အဖွဲ့အစည်းများနှင့် တခြားသော မိတ်ဖက်အဖွဲ့များများက ဖော်ထုတ်ပြောဆိုခဲ့ကြသည်။ ထိုကုမ္ပဏီနှစ်ခုသည် သယံဇာတထုတ်လုပ်ရေး ကဏ္ဍတွင် ပင်မထုတ်လုပ်သူများဖြစ်သည်ကို ထင်ထင်ရှားရှား သတိပြုမိကြသော်လည်း ၎င်းတို့ကို EITIတွင် ပါဝင်လာစေရန် အင်အားစိုက်ထုတ်မှုက နည်းပါးသည်။ UMEHLနှင့် MECတို့ ပါဝင်လာအောင် MSG၏ ကြိုးပမ်းခြင်းသည် ပုံမှန် စာများသာပို့ပြီး နောက်ထပ် အရေးယူဆောင်ရွက်မှုမပြုလုပ်ဟု တိုးတက်ဖွံ့ဖြိုးရေးပါတနာတစ်ဦးက ဆိုသည်။

ဆွေးနွေးကြသော လုပ်ငန်း မိတ်ဖက်အဖွဲ့များ အားလုံးက EITI အထမြောက်မှုတွင် ကုမ္ပဏီများ ပူးပေါင်းပါဝင်ခြင်းအတွက် ဥပဒေ သို့မဟုတ် စည်းမျဉ်းဆိုင်ရာ အတားအဆီးများ မရှိဟု သဘောတူကြသည်။ သို့သော်လည်း ကုမ္ပဏီကိုယ်စားလှယ် အများအပြားက ၎င်းတို့ပေးထားသော အခွန်အကောက်များနှင့်ပတ်သက်၍ EITI အစီရင်ခံစာတွင် ဖော်ပြခြင်းက ၎င်းတို့ထံ (အတိအကျမဖော်ပြထားသော) ခြိမ်းခြောက်ငွေညှစ်မှုများ ဖြစ်ပေါ်လာနိုင်ပြီး EITIတွင် ၎င်းတို့ပူးပေါင်းပါဝင်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ခြိမ်းခြောက်မှုများကို အစိုးရက ကာကွယ်မှုများပေးရန် တောင်းဆိုကြသည်။

ယခင်က တိုးတိုးတိတ်တိတ် သက်ညှာခွင့်များ အသုံးပြုခြင်းကို အစားထိုးမည့် အမြဲတမ်းအဖြေတစ်ခုကို ပြုလုပ်ရန် အခွန်ဥပဒေအရ အခွန် ထိမ်ချန်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များရှိ ကင်းလွတ်ခွင့်များကို နားလည်အောင်ရှင်းပြခြင်း အပါအဝင် EITIတွင် ကုမ္ပဏီများ အပြည့်အဝ ပူးပေါင်းပါဝင်စေရန် ဆောင်ရွက်ရသော ကြိုးပမ်းမှုများကို အစိုးရကိုယ်စားလှယ်များက ပြန်လည်ပြောပြသည်။ အခွန်ဥပဒေက ပုံမှန်အစိုးရ ဝတ္တရားများမှတစ်ပါး အခြား ရည်ရွယ်ချက်များအတွက် အခွန်အချက်အလက်များကို ဖွင့်ချခြင်းအား ကန့်သတ်ထားသောကြောင့် EITI အစီရင်ခံစာ ထုတ်ဝေခြင်းကို "အစိုးရ လုပ်ဆောင်ချက်များကို ဖြည့်ဆည်းခြင်း" တွင် ပါဝင်အောင် စာပိုဒ်ကို ဘာသာပြန်ကြရသည်ဟု အစိုးရအရာရှိတစ်ဦးက ရှင်းပြသည်။ ထို့အပြင် EITI အချက်အလက် စုဆောင်းမှုလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေရန် ကျောက်မျက်ရတနာ မှုဝါဒအသစ်သည် ပါမစ်ရထားသူများကို EITI အတွက် ဆက်စပ်အချက်အလက် အားလုံးကို လူသိရှင်ကြားဖော်ပြစေရန် လိုအပ်လိမ့်မည်ဟု အစိုးရကိုယ်စားလှယ်များက မျှဝေပြောကြားသည်။

### ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုက မြန်မာနိုင်ငံသည် ဤပြဋ္ဌာန်းချက်ကို ဖြည့်ဆည်းခြင်းတွင် အဓိပ္ပာယ်ပြည့်ဝသော တိုးတက်မှုကို ပြုလုပ်ပြီးဖြစ်သည်ဟု ဖော်ပြသည်။ သတ္တုနှင့် ကျောက်မျက်ကုမ္ပဏီများက သတင်းအချက်အလက်များပေးခြင်း၊ EITI လှုပ်ရှားမှုများကို ထိန်းကျောင်းခြင်း နှင့် အောင်မြင်အောင်ဆောင်ရွက်ခြင်းတို့အပြင် လူသိရှင်ကြား ဆွေးနွေးအောင် လှုံ့ဆော်ရန် ကမ်းလင့်ထောက်ကူမှုကို ဖော်ဆောင်ခြင်းအားဖြင့် EITI လုပ်ငန်းစဉ်တွင် တက်ကြွစွာနှင့် ထိရောက်စွာ ပါဝင်နေသည်က ထင်ရှားမြင်သာသည်။

26



သို့သော်လည်း MSG ပြင်ပမှ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများသည် EITI လုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရာ၌ တက်ကြွမှု မရှိခဲ့ကြောင်း မြင်ရသည်။ မိတ်ဖက်အဖွဲ့များ ဆွေးနွေးပွဲများက ယူဆသည်မှာ ရေနံနှင့် ဓာတ်ငွေ့ နယ်ပယ်ခွဲမှ EITIတွင် ပါဝင်မှုကို MSG အဖွဲ့ဝင်များတွင် ကန့်သတ်ထားပြီး MSG အဖွဲ့ဝင်မဟုတ်သူများ၏ ပူးပေါင်းပါဝင်မှု ပမာဏကို အချက်အလက်များ တင်ပြခြင်းတွင် ကန့်သတ်ထားသည်ဟူ၍ ဖြစ်သည်။ ဤသည်က ဥပဒေအရ မဖြစ်မနေပြုလုပ်ရသော လူမှုရေးအသုံးစရိတ်များကဲ့သို့သော (ပြဋ္ဌာန်းချက် ၆-၁ ကို ကြည့်ပါ။) သီးခြားပြဋ္ဌာန်းချက်များ၏ အပ်စပ်မှုအပေါ် ပြတ်သားမှုမရှိခြင်းကို ဦးတည်သည်။ MSGတွင် လက်တွေ့၌ လုပ်ငန်းကိုယ်စားလှယ်တို့၏ အာဏာကြီးခြင်းကြောင့် စိန်ခေါ်မှုများ ရှိနေပြီး ဤသည်က ဆုံးဖြတ်ချက် ပြုလုပ်ခြင်းလုပ်ငန်းစဉ်ကို နှေးကွေးမှု ဖြစ်စေသည်။

ပူးပေါင်းပါဝင်မှုမရှိသော စစ်တပ်နောက်ခံ ကုမ္ပဏီများဖြစ်သည့် UMEHL နှင့် MEC တို့သည်လည်း စိုးရိမ်စရာတစ်ရပ်ဖြစ်ပြီး ၎င်းတို့က တွင်းထွက်လုပ်ငန်း ကဏ္ဍရှိ တခြား မိတ်ဖက်အဖွဲ့များများက ၎င်းတို့၏ အရေးပါမှုအပေါ် အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့ကို လုံးဝမချုံငုံမိခြင်းတွင် EITI အစီရင်ခံခြင်း၏ အများ လက်ခံယုံကြည်မှုကို အန္တရာယ်ပေးလာနိုင်သည်။ EITI အထမြောက်ရေးတွင် ထိုကုမ္ပဏီနှစ်ခုက တရားဝင် အဓိပ္ပာယ်ရှိရှိ ပါဝင်စေရန် အလေးအနက် အားထုတ်ထားခြင်း အထောက်အထားမရှိပေ။ မိတ်ဖက်အဖွဲ့များ အမြောက်အမြားက ဖော်ပြသည့်အတိုင်း ဤသည်က EITI အစီရင်ခံစာ တစ်ခုလုံး သာမက EITI လုပ်ငန်းစဉ်ကိုပါ လုံးလုံးလျားလျား အောက်ခြေမှ လှိုက်စားသွားစေနိုင်သည်။

ပြဋ္ဌာန်းချက် ၁-၂ အရ မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတထုတ်လုပ်ရေးတွင် လုပ်ကိုင်နေသော စစ်တပ်နောက်ခံ ကုမ္ပဏီများအပြင် MSG ပြင်ပမှ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများအပါအဝင် ကုမ္ပဏီများသည် EITI လုပ်ငန်းစဉ်တွင် အပြည့်အဝ တက်တက်ကြွကြွနှင့် ထိထိရောက်ရောက် သေချာ ပါဝင်စေရမည်ဖြစ်သည်။ ဤကုမ္ပဏီများ ပူးပေါင်းပါဝင်ခြင်းအတွက် အတားအဆီးများ ရှိခဲ့လျှင် အစိုးရသည် ပြဋ္ဌာန်းချက် ၁-၂-ခ အရ ကုမ္ပဏီ၏ ပူးပေါင်းပါဝင်မှုအတွက် သက်ဆိုင်ရာ ဥပဒေများ၊ ပြဋ္ဌာန်းချက်များနှင့် အုပ်ချုပ်ရေးနည်းဥပဒေများအပြင် EITI အထမြောက်ရေးတွင် အမှန် လက်တွေ့လုပ်ဆောင်မှုများအရ အဆင်ပြေသော ပတ်ဝန်းကျင်တစ်ခုဖြစ်အောင် အစိုးရက သေချာစေရမည်ဖြစ်သည်။

### EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ချိတ်ဆက်ပါဝင်မှု (#၁-၃)

#### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

အရပ်ဘက်အဖွဲ့အစည်းများကို MSG တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအတွက် မြန်မာနိုင်ငံ မဟာမိတ်အဖွဲ့ (MATA)အားဖြင့် သဘာဝသယံဇာတ ထိန်းချုပ်ရေးနှင့် တာဝန်ခံရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းသော အဖွဲ့အစည်းများ၏ ကွန်ရက်တစ်ခုအဖြစ် ကိုယ်စားပြုစေသည်။ MATA ကို ဒေသခံ အရပ်ဘက်အဖွဲ့အစည်း ၄၀၀ ကျော်၊ အကြံပေးအဖွဲ့များနှင့် စိတ်ဝင်စားသူများဖြင့် ဖွဲ့စည်းထားသည်။ EITI တွင် ၎င်း၏ အခန်းကဏ္ဍအပြင် MATA သည် သဘာဝသယံဇာတ စီမံရေးတွင် ပိုမိုကြီးမားသော လူထုပါဝင်မှုအပါအဝင် သဘာဝသယံဇာတ ကဏ္ဍများ၏ စီမံခန့်ခွဲမှု တိုးတက်ရေးကို ထောက်ခံခြင်းတွင် ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်သည်။ MATA ၏ ဖွဲ့စည်းမှုတွင် နိုင်ငံတစ်ဝန်း ဖြန့်ကျက်ထားသော ဒေသဆိုင်ရာအဖွဲ့ ၁၄ ဖွဲ့ ပါဝင်သည်။

ဤအခန်းက မြန်မာနိုင်ငံရှိ အရပ်ဘက်နေရာများ၏ အခြေအနေကို ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးသည့်အပြင် EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်မှုကိုလည်း ဆွေးနွေးသည်။

<u>*ဆန္ဒထုတ်ဖော်ခြင်း*</u>။ အကယ်၍ ဥပဒေကို မဆန့်ကျင်လျှင်နှင့် ဥပဒေ၊ အမိန့်၊ လူထုငြိမ်းချမ်းရေးနှင့် လူကျင့်ဝတ်ဆိုင်ရာကိစ္စများကို မနှောင့်ယှက်လျှင် မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံသားတိုင်းသည် ၎င်းတို့၏ ခံယူချက်နှင့် အမြင်တို့ကို လွတ်လပ်စွာ ဖော်ပြရန် အခွင့်အရေးကို အာမခံချက်ပေးသည်။[37] အရပ်ဘက်အဖွဲ့အစည်းများထံမှ လွတ်လပ်စွာ ထုတ်ဖော်ခြင်းကို ကန့်သတ်ပုံပေါ်သော ဥပဒေ ပြဋ္ဌာန်းချက်တချို့ကို ရုပ်သိမ်းရန် တောင်းဆိုချက်များ ရှိသည်။ ၎င်းကန့်သတ်ချက်များတွင် "ဆက်သွယ်ရေး ကွန်ရက်တစ်ခုကို အသုံးပြု၍ မည်သူ့ကိုမဆို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ မှားယွင်းစွာ ထိန်းချုပ်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ လွန်ကဲသော လွှမ်းမိုးမှု ဖြစ်စေခြင်း သို့တည်းမဟုတ် ခြိမ်းခြောက်ခြင်း" အားဖြင့် အပြစ်ရှိသည်ဟု တွေ့ရှိရသော မည်သူ့ကိုမဆို ထောင်ဒဏ်သတ်မှတ်သော ၂၀၁၃ ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၆၆ (ဃ) ပါဝင်သည်။ ထိုဥပဒေ၏ အပိုဒ်ခွဲ ၇၇ က အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရေးလုပ်ငန်းများကို ဆက်သွယ်ရေးဝန်ကြီးဌာနက ရပ်ဆိုင်းထားရန် အာဏာရှိပြီး ငြိမ်းချမ်းသော ဆန္ဒပြခြင်း

[37] အပိုဒ် ၃၅၄

မတိုင်မီ အင်တာနက်နှင့် ဖုန်းဆက်သွယ်ရေးများကို အစိုးရက ပိတ်နိုင်ရန် အာဏာအပ်နှင်းထားသည်။[38] ဤပြဋ္ဌာန်းချက်များသည် ဆိုရှယ်မီဒီယာတွင် မိမိတို့၏ ထင်မြင်ချက်ကို ဖော်ပြသောသူများအား မလျော်မကန် ပြစ်ဒဏ်စီရင်ခြင်း လမ်းပေါက်များကို ဖွင့်လှစ်ပြီး ထိုနည်းဖြင့် အစိုးရအာဏာပိုင်များကို ဝေဖန်ခြင်းအား ထိန်းချုပ်လိုက်သည်ဟု လူထုအသိုင်းအဝိုင်းနှင့် ဂျာနယ်လစ်များက ကန့်ကွက်ကြသည်။ လက်ရှိတွင် ဆက်သွယ်ရေးဥပဒေကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၊ စံနှုန်းတို့ဖြင့် ချိန်ညှိရန် ဓမ္မဝိဋ္ဌာန်ကျကျ ပြန်လည်ဆန်းစစ်နေကြသည်။

နိုင်ငံသားလွတ်လပ်ခွင့်စောင့်ကြည့်ရေးအဖွဲ့[39] အရ အစိုးရကို ဝေဖန်သူများအား ပြစ်ဒဏ်စီရင်ရန် အသုံးပြုသည့် တခြားဥပဒေများသည် အသရေဖျက်မှု ဥပဒေ၊ တရားမဝင်အသင်းဥပဒေ၊ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေနှင့် ၂၀၀၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေတို့ ဖြစ်ကြသည်။ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေ သို့မဟုတ် အစိုးရလျှို့ဝှက်ချက်ဥပဒေနှင့် တရားမဝင်အသင်းဥပဒေတို့သည် ကိုလိုနီခေတ်မှ ဥပဒေများဖြစ်ကြပြီး ၎င်းတို့တွင် အသရေဖျက်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းနှင့် တရားမဝင်စုဝေးခြင်းတို့နှင့် ဆက်စပ်သော ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ၂၀၀၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေသည် နိုင်ငံလုံခြုံရေး၊ ဥပဒေနှင့် အမိန့်၊ နိုင်ငံ့စည်းလုံးညီညွတ်မှု၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ကို ပျက်ပြားစေမည့် လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုကို အသုံးပြုခြင်းအား ပြစ်ဒဏ်စီရင်သည်။

အာရှဖွံ့ဖြိုးရေးဘဏ် လူထုအသိုင်းအဝိုင်းညွှန်ကြားချက်က[40] "မကြာသေးမီ နှစ်များတွင် နိုင်ငံသားနေရာများကို ဖွင့်လှစ်ပေးခဲ့သော်လည်း ဥပဒေအရ ကန့်သတ်ချက်များနှင့် လက်တွေ့ကန့်သတ်ချက်များသည် နေရာအမြောက်အမြားတွင် ကျန်ရှိနေပြီး ထိုနေရာများတွင် အာဏာပိုင်များက လူထု အသိုင်း အဝိုင်း လှုပ်ရှားမှုကို သံသယဖြင့် ဆက်လက်စောင့်ကြည့်သည်ဟု ယူဆသည်။။ ပြဿနာအတော်များများတွင် လယ်သမားများ၊ တက်ကြွ လှုပ်ရှားသူများနှင့် ဂျာနယ်လစ်များကို ငြိမ်းချမ်းသော ဆန္ဒပြပွဲများ သို့မဟုတ် အစိုးရလှုပ်ရှားမှုများကို ဖော်ထုတ်ခြင်းတို့တွင် ပါဝင်ခြင်းအတွက် ပြစ်ဒဏ်ပေး စီရင်ကာ ထောင်ဒဏ်ချခဲ့သည်။" ဂျာနယ်လစ်များအဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာပန်က မကြာသေးမီက အကဲဖြတ်မှုတွင် မြန်မာနိုင်ငံ၌ သတင်း လွတ်လပ်ခွင့် သည် ယိုယွင်းခဲ့သည်ဟု ဆိုသည်။ [41]

ဤဥပဒေများပါဝင်သော မှတ်တမ်းတင်ထားသည့် ကိစ္စရပ်အားလုံးနီးပါးတွင် သဘာဝသယံဇာတ ထိန်းချုပ်မှုနှင့် မဆက်စပ်သော ပြဿနာများ အပေါ် အစိုးရကို အစိုးရဆန့်ကျင်သူများက ဝေဖန်သော ကိစ္စရပ်များ ပါဝင်သည်။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံရှိ နိုင်ငံသား နေရာ၏ အခြေအနေကို စေ့စေ့စပ်စပ် သုံးသပ်ထားပြီး ၂၀၁၈ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာက သယံဇာတတူးဖော်မှုနှင့် ဆက်စပ်သော ကိစ္စများအပေါ် ဆန္ဒ ထုတ်ဖော်ခြင်း၏ လွတ်လပ်မှုကို ကန့်သတ်ထားမှု တစ်စုံတစ်ရာကိုမျှ ဖော်ပြမထားပေ။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်အဆိုအရ ၂၀၁၃ ခုနှစ်တွင် လက်ပတောင်းကြေးနီတောင် ဆန္ဒထုတ်ဖော်သူများကို ၎င်းတို့၏ "ဆန္ဒပြမှုသည် အချည်းနှီး" ဖြစ်ပြီး နိုင်ငံသည် ထိုအငြင်းပွားဖွယ် မိုင်းတွင်းလုပ်ငန်းက ဖန်တီးပေးသော အလုပ်အကိုင်များကို လိုအပ်သည်ဟု ထုတ်ပြန်ကြေငြာမှုတစ်ရပ်ကို ပြုလုပ်ခဲ့သည်ဟု မှတ်တမ်းတင်ထားသော ဆူပူမှုတစ်ခု[42] ရှိခဲ့သည်။

မြန်မာနိုင်ငံကို တစ်စိတ်တစ်ပိုင်းလွတ်လပ်မှု အခြေအနေတစ်ရပ်ဖြင့် Freedom House Monitor[43] က အကဲဖြတ်ရာတွင် ၂၀၁၇ ခုနှစ်၌ လူထု လွတ်လပ်ခွင့် များနှင့် နိုင်ငံရေးအခွင့်အရေးများ နှစ်ခုစလုံးတွင် အမှတ် ငါးမှတ်ရရှိသည်။[44] လွတ်လပ်သော ဆန္ဒထုတ်ဖော်ခွင့်ကို အကဲဖြတ်ရာတွင် မီဒီယာလွတ်လပ်ခွင့် များသည် ၂၀၁၂ ခုနှစ်တွင် အစိုးရဆင်ဆာဖြတ်ခြင်းနှင့် မထုတ်ဝေမီ အတည်ပြုချက်ယူခြင်းတို့ တရားဝင်ရပ်စဲစဉ်ကပင် တိုးတက်လာခဲ့သည်ဟု Freedom House က ဖော်ပြသည်။ သို့သော်လည်း အသရေဖျက်မှုဥပဒေများအရ တရားစွဲခံရဖွယ်ရှိခြင်းအားဖြင့် ကိုယ်တိုင်ဆင်ဆာဖြတ်ခြင်းကို တိုက်တွန်း နေဆဲဖြစ်သည်။ ထိလွယ်ခိုက်လွယ်သော ခေါင်းစဉ်များကို ရေးသော သတင်းထောက်များသည် အနှောင့်အယှက်ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် ထောင်ကျခြင်း အန္တရာယ်ကြုံကြသည်။

---

[38] ICNL (၂၀၁၈ ခုနှစ် ဖွန်လ)၊ 'နိုင်ငံသားလွတ်လပ်ခွင့်စောင့်ကြည့်ရေး။ မြန်မာ (ဗမာ)'၊ ဤ၌ ကြည့်ပါ။ ၂၀၁၈ ခုနှစ် သြဂုတ်လ။

[39] Ibid

[40] ADB (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ)၊ 'လူထုအသိုင်းအဝိုင်းအချက်အလက်အကျဉ်းချုပ်၊ မြန်မာနိုင်ငံ'၊ ဤ၌ ကြည့်ပါ။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ။

[41] PEN America (၂၀၁၈ ခုနှစ် မေလ)၊ 'လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်းလွတ်လပ်ခွင့်တို့သည် ထင်ရှားသော ခြိမ်းခြောက်မှုအောက်တွင် ရှိနေသည်ဟု မြန်မာနိုင်ငံရှိ လူထုအသိုင်းအဝိုင်းနှင့် ဂျာနယ်လစ်များက တွေ့ရှိသည်။'၊ ဤ၌ ကြည့်ပါ။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ။

[42] Heinrich-Böll-Stiftung (၂၀၁၇ ခုနှစ် ဇူလိုင်လ)၊ 'မြန်မာ့ လူထုအသိုင်းအဝိုင်း၏ မှေးမှိန်ခြင်းလား'၊ ဤ၌ ကြည့်ပါ။ ၂၀၁၈ ခုနှစ် သြဂုတ်လ။

[43] Freedom House (၂၀၁၈ ခုနှစ်), '၂၀၁၈ ခုနှစ် ကမ္ဘာတွင် လွတ်လပ်မှု၊ မြန်မာနိုင်ငံအပေါ်အမြားအမြင်'၊ ဤ၌ ကြည့်ပါ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ။

[44] ၁=အလွတ်လပ်ဆုံး၊ ၇=မလွတ်လပ်ဆုံး။

၂၀၁၈ ခုနှစ် မတ်လတွင် ထုတ်ပြန်သော ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာက[45] သယံဇာတထုတ်ယူခြင်းနှင့် ဆက်စပ်သော မည်သည့် ကန့်သတ်ချက်ကိုမျှ တိကျစွာ ဖော်ပြခြင်းမရှိသော်လည်း မြန်မာနိုင်ငံရှိ လူထုနေရာကျဉ်းကျုံ့လာခြင်းကို ဖော်ပြထားသည်။ Civicus Monitor[46] က LGBTI အဖွဲ့များသည် ခွဲခြားဆက်ဆံခြင်းကို ရင်ဆိုင်နေရဆဲဖြစ်ပြီး စူးစမ်းလေ့လာသော ဂျာနယ်လစ်များသည် ဖိနှိပ်ထားသော ပတ်ဝန်းကျင်တစ်ခုတွင် ဆက်လက် လုပ်ကိုင်ဆောင်ရွက်နေရကြောင်း ၎င်း၏ တွေ့ရှိချက်အရ နိုင်ငံသားနေရာအပေါ် မြန်မာနိုင်ငံ၏ နောက်ဆုံးအဆင့်ကို ဖိနှိပ်မှုမကင်းခြင်းအဖြစ်[47] အမျိုးအစားခွဲထားသည်။ ဆန္ဒပြခြင်းဆိုင်ရာ အခွင့်အရေးများကို ကန့်သတ်ရန် ဖိနှိပ်ထားသော ခွင့်ပြုမိန့်ဆိုင်ရာ သတ်မှတ်ချက်များနှင့် ရဲအင်အားကို လွန်ကဲစွာ အသုံးပြုခြင်းက ဆက်လက်ရှိနေဆဲဟု အစီရင်ခံစာက ဖော်ပြသည်။

EITI လုပ်ငန်းစဉ်နှင့် ဆက်စပ်၍ MSG အဖွဲ့ဝင်အဖြစ် ပါဝင်ရန်အလို့ငှာ ကိုယ်စားလှယ်တစ်ယောက်စီသည် ၎င်းတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ၎င်းတို့၏ ကိုယ်ပိုင်သတ်မှတ်ချက်များ (အခန်း ၅-၂)အရ လွတ်လွတ်လပ်လပ် မျှမျှတတ ရွေးကောက်နိုင်သည်ဟု ဖော်ပြကာ လူထုအသိုင်းအဝိုင်း၏ လွတ်လပ်ခြင်းကို MSG၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်က အလေးထားသည်။

*<u>လုပ်ဆောင်မှု</u>*။ မြန်မာနိုင်ငံတွင် လူထုအသိုင်းအဝိုင်းအဖွဲ့များကို မှတ်ပုံတင်ခြင်းအား ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေက ထိန်းချုပ်ပြီး ၎င်းက ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) နှစ်ခုစလုံးကို အသိအမှတ်ပြုသည်။ အကယ်၍ ပြည်တွင်းအဖွဲ့အစည်းများသည် မှတ်တမ်းတင်စဉ်တွင် တစ်ကြိမ်အခွန်ဆောင်ခဲ့လျှင် ၎င်းတို့ကို အခွန်ကင်းလွတ်ခွင့်များ ပေးသည်။ လျှောက်လွှာတချို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားစေပြီး တချို့ကို ပြည်ထောင်စုအဆင့် (နိုင်ငံတော်)၊ တိုင်းဒေသကြီး အဆင့် သို့မဟုတ် ပြည်နယ်အဆင့်တို့တွင် မှတ်ပုံတင်ရေးကော်မတီ ခြောက်ခုမှ တစ်ခုခုဖြင့် လျှောက်ထားစေခြင်းဖြင့် မှတ်ပုံတင်ခြင်းစနစ်ကို လုပ်ပိုင်ခွင့် ဖြန့်ကျက်ပေးထားသည်။ မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ ပြောင်းလဲရန် ကြိုးစားသည့် မည်သည့်အဖွဲ့အစည်းမဆို သက်ဆိုင်ရာ မှတ်ပုံတင်ရေး ကော်မတီတွင် လျှောက်ထားရမည်ဟူသော ပြဋ္ဌာန်းချက်တစ်ခုကြောင့် မှတ်ပုံတင်ထားသော အာဏာပိုင်၏ စီရင်ပိုင်ခွင့်ရှိသော နယ်မြေအတွင်းတွင်သာ အဖွဲ့အစည်း၏ လုပ်ရှားဆောင်ရွက်မှု တရားဝင်ဖြစ်ခြင်းကို ကန့်သတ်ထားခြင်းနှင့် ပတ်သက်၍ စိုးရိမ်မှုများကို ဤလုပ်ပိုင်ခွင့် ဖြန့်ကျက်ပေးခြင်း လုပ်ငန်းစဉ်က မြင့်တက်လာစေသည်။[48]

၂၀၁၄ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ မိတ်ဆက်သော ထင်ရှားသည့် အပြောင်းအလဲတစ်ခုသည် မဖြစ်မနေမှတ်ပုံတင်ခြင်းမှ ဆန္ဒအလျောက်မှတ်ပုံတင်ခြင်းသို့ ပြောင်းလဲခြင်းဖြစ်သည်။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဥပဒေ၏ အပိုဒ်ခွဲ ၇ က "ဒေသတွင်း အဖွဲ့အစည်းများသည် ၎င်းတို့၏ ဆန္ဒအလျောက် ဆုံးဖြတ်ချက်ဖြင့် သက်ဆိုင်ရာ မှတ်ပုံတင်ကော်မတီသို့ လျှောက်လွှာတင်ရမည်" ဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ မှတ်ပုံတင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများသည်လည်းပဲ ရိုးရှင်းလာသည်။ မှတ်ပုံတင်ကြေးကို (နိုင်ငံတော်အဆင့်) ၅၀၀,၀၀ ကျပ်မှ ၁၀၀,၀၀ ကျပ်နှင့် (တိုင်းဒေသအဆင့်) ၃၀,၀၀၀ ကျပ်ထိ လျှော့ချလိုက်သည်။ သက်တမ်းတိုးကြေးများကိုမူ ကောက်ခံခြင်းမရှိပေ။ သို့သော်လည်း ဤအသင်းအဖွဲ့များကို နှစ်စဉ်အစီရင်ခံစာ တင်စေသည့်အပြင် အဖွဲ့ဝင်ဆိုင်ရာနှင့် အတည်ပြုထားသော လုပ်ရှားမှုများတွင် အပြောင်းအလဲရှိသည့် ကိစ္စတွင်လည်း အစီရင်ခံစာတင်စေသည်။

၂၀၁၄ ခုနှစ် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေက နိုင်ငံခြားအစိုးရ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များ၊ ပြည်တွင်းအဖွဲ့ သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ အထောက်အပံ့ သို့မဟုတ် ရန်ပုံငွေလက်ခံရန် မှတ်ပုံတင်ထားသော ပြည်တွင်းအဖွဲ့အစည်းများ၏ အခွင့်အရေးကိုလည်းပဲ

---

[45] လူ့အခွင့်အရေးကောင်စီ (၂၀၁၈ ခုနှစ် မတ်လ)၊ 'မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ'၊ ဤ[သို့] ကြည့်ပါ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ။

[46] Civicus (၂၀၁၇ ခုနှစ် ဩဂုတ်လ)၊ 'မြန်မာနိုင်ငံဆိုင်ရာ ခြုံငုံသုံးသပ်ချက်'၊ ဤ[သို့] ကြည့်ပါ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ။ accessed here in October 2018.

[47] "ဖိနှိပ်မှု"၏ အဆင့်သတ်မှတ်ချက်ဟူသည် "နိုင်ငံသားနေရာသည် ထင်ရှားစွာ ဘောင်ခတ်ခံထားရသည်။ အာဏာလက်ကိုင်ထားသူများကို ဝေဖန်သော တက်ကြွသည့် လူပုဂ္ဂိုလ်များနှင့် လူထုအသိုင်းအဝိုင်းအဖွဲ့ဝင်များသည် စောင့်ကြည့်ခြင်း၊ အနှောင့်အယှက်ပေးခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ အကျဉ်းချခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းစသော အန္တရာယ်များကို ကြုံရသည်။ လူထုအသိုင်းအဝိုင်း အဖွဲ့အစည်းတချို့ ရှိသော်ငြားလည်း ၎င်းတို့၏ အားပေးမှုအလုပ်ကို ပုံမှန်နှောင့်ယှက်ပြီး အာဏာပိုင်များက မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းနှင့် ပိတ်ပင်ခြင်းကို ရင်ဆိုင်ရသည်။ ငြိမ်းချမ်းသော ဆန္ဒပြပွဲများကို စီစဉ်သူ သို့မဟုတ် ပါဝင်သူများကို အာဏာပိုင်များက လက်နက်ခဲယမ်း၊ အန္တရာယ်များသော ဖမ်းဆီးထိန်းသိမ်းခြင်းတို့အပါအဝင် အဆမတန်အင်အားသုံးခြင်းမှတစ်ဆင့် ပစ်မှတ်ထားဖွယ်ရှိသည်။" မီဒီယာက ထုံးစံအတိုင်း နိုင်ငံအဆင့်ကို ထင်ဟပ်ပြီး လွတ်လပ်သော မည်သည့်အသံများမဆို ပုံမှန်အားဖြင့် ရုတ်တရက်တိုက်ခိုက်ခြင်းများ၊ ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်ခြင်းများ သို့မဟုတ် ကြာရှည်သော တရားရေးရင်ဆိုင်မှုတို့မှတစ်ဆင့် ပစ်မှတ်ထားခံရသည်။ ဝက်ဘ်ဆိုက်များနှင့် လူမှုကွန်ရက်များကို ပိတ်ဆို့ထားပြီး အင်တာနက်တွင် လှုပ်ရှားမှုကို ပြင်းထန်စွာ စောင့်ကြည့်ထိန်းချုပ်သည်။"  စောင့်ကြည့်အဖွဲ့အရ အနည်းဆုံးအဆင့်တွင် ဒုတိယဖြစ်သည်။

[48] ICNL (၂၀၁၈ ခုနှစ် ဇွန်လ), 'နိုင်ငံသားလွတ်လပ်ခွင့်စောင့်ကြည့်ရေးအဖွဲ့၊ မြန်မာ(ဗမာ)'၊ ဤ[သို့] ကြည့်ပါ။ ၂၀၁၈ ခုနှစ် ဩဂုတ်လ။

အတိအလင်းဖော်ပြသည်။ ဤပြဋ္ဌာန်းချက်ကို မှတ်ပုံမတင်ထားသော အဖွဲ့အစည်းများသည် တူညီသော အထောက်အပံ့ကို လက်ခံခွင့်မရှိဟု အဓိပ္ပာယ်ပြန်ဆိုသင့် မသင့်ကိုမူ မရှင်းလင်းပေ။

EITI တွင် လူထုအသိုင်းအဝိုင်းကို ကိုယ်စားပြုရန် MATA ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သည်။ ၎င်းကို မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးမှ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၄၄၉ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ MATA၏ ရည်မှန်းချက်များသည် ပွင့်လင်းမြင်သာရေးနှင့် တာဝန်ယူခြင်းကို အားပေးရန်၊ လူထုပူးပေါင်းပါဝင်ခြင်း၏ လွတ်လပ်မှုကို မြှင့်တင်ရန်နှင့် သဘာဝသယံဇာတများနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံ၏ ဥပဒေဘောင်များနှင့် လမ်းညွှန်ချက်များကို သေသေချာချာစိစစ်ရန်တို့ ဖြစ်ကြသည်။[49] MATAသည် နိုင်ငံတော်အဆင့်နှင့် နိုင်ငံတော်အောက်အဆင့်နှစ်ခုစလုံးတွင် အဖွဲ့ဝင် ၅၀၀ ကျော်၊ ပံ့ပိုးကူညီသူအဖွဲ့နှင့် နိုင်ငံတော်အဆင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ကိုင်နေသောအဖွဲ့တစ်ခုတို့ဖြင့် လုပ်ကိုင်လည်ပတ်သည်။

မြန်မာနိုင်ငံတွင် EITI အထမြောက်ခြင်း၏ အစပိုင်းတွင် MATAသည် မှတ်ပုံတင်ထားသော အဖွဲ့အစည်းတစ်ခု မဟုတ်သောကြောင့် အခြားမိတ်ဖက်များထံမှ ရန်ပုံငွေလက်ခံရန် ပြဿနာများ ဖြစ်ပေါ်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ MATA သည် သဘာဝရင်းမြစ်ထိန်းသိမ်းရေးအဖွဲ့ (NRGI) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့တို့ကို လက်ခံနိုင်ပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် ၎င်း၏ပါဝင်မှုကို ခိုင်မာစေရန် စွမ်းရည်တည်ဆောက်ခြင်းလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်က ထင်ရှားသည်။ MATA ၏ မှတ်ပုံတင်ခြင်းကို လက်ရှိတွင် ဆိုင်းငံ့ထားသည်။

*လူစုဖွဲ့ခြင်း။* ရဲထံမှ ရှေးဦးစွာ ခွင့်တောင်းရသော်ငြားလည်း လွတ်လပ်စွာ စုဝေးခြင်းအတွက် အကာအကွယ်ပေးသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ထုတ်ပြန်ခဲ့သည်။ ဦးဆုံးခွင့်ပြုခြင်းကို လိုအပ်ဆဲဖြစ်သော်လည်း အာဏာပိုင်က "ခိုင်လုံသော အကြောင်းပြချက်များ" အတွက်သာ ပိတ်ပင်နိုင်သည်ဟု ၎င်းဥပဒေကို ဆက်လက်၍ မွမ်းမံခဲ့သည်။ ထောင်ဒဏ်ကို တစ်နှစ်မှ ခြောက်လသို့ လျှော့ချခဲ့သည်။ ဤမွမ်းမံမှုများရှိသော်လည်း ဆန္ဒပြသူများသည် EITI နှင့် မဆက်စပ်သည် ပြဿနာများမဟုတ်သော်ငြားလည်း ဥပဒေကို ချိုးဖောက်ခြင်း အတွက် ဖမ်းဆီးခံနေကြရဆဲဖြစ်သည်။ ၂၀၁၈ ခုနှစ် မေလတွင်[50] ကချင်ပြည်နယ်ရှိ စစ်ပွဲကို ရပ်စဲရန်တောင်းဆိုသည့် စစ်ဆန့်ကျင်သည့် ဆန္ဒပြပွဲကို စည်းရုံးသော ဆန္ဒပြပွဲစီစဉ်သူ ၁၇ ဦးကို မြန်မာနိုင်ငံရဲများက စွဲချက်တင်ရန် ကြိုးပမ်းခဲ့သည်။ ဤဦးဆောင်သူများကို ဆန္ဒပြပွဲမတိုင်မီ အာဏာပိုင်များထံမှ ခွင့်ပြုချက်မရယူထားခြင်းအတွက် ဖမ်းဆီးသည်ဟု ဆိုသည်။ စစ်ကိုင်းတိုင်းရှိ လက်ပတောင်းကြေးနီတောင် ဆန္ဒပြပွဲများတွင် ရဲများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး အနည်းဆုံးဆယ်ဦးခန့် ဒဏ်ရာရခဲ့သည်ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၁၇ ခုနှစ် မတ်လ၌ တင်ပြခဲ့သည်။[51]

MATA ၏ ပါဝင်မှုကို ကြည့်မည်ဆိုလျှင် - EITI လုပ်ငန်းစဉ်တွင် MATA ၏ ပူးပေါင်းပါဝင်မှုကို တရားဥပဒေ အရ ဖြစ်စေ လက်တွေ့တွင်ဖြစ်စေ ဟန့်တား နှောင့်ယှက်ခံရခြင်း မရှိပေ။ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေး မှတ်တမ်းများအရ MATA သည် EITI လှုပ်ရှားမှုများတွင် လွတ်လပ်စွာ ပါဝင်နိုင်ကြောင်း ဖော်ပြနေသည်။ ၎င်း၏ ကျယ်ပြန့်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်မှတဆင့် ကွင်းဆင်း လှုပ်ရှားမှုများကိုလည်း ဦးဆောင် လုပ်ကိုင်နိုင်သည်။ အစိုးရသစ်သို့ ကူးပြောင်းသော ကာလအတွင်း ပြုလုပ်သော ဆွေးနွေးပွဲများအတွက် MDTF ၏ ရံပုံငွေ အပြင် NRGI ၏ရံပုံငွေဖြင့် MATA ၏ ပူးပေါင်းပါဝင်မှုကို ပံ့ပိုးသည်။

*ချိတ်ဆက်ပါဝင်မှု* - မြန်မာနိုင်ငံတွင်း EITI လုပ်ငန်းများ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် MATA သည် လွတ်လပ်စွာ၊ တက်ကြွစွာပူးပေါင်းပါဝင်ခဲ့သည်ကို MSG အစည်းအဝေးမှတ်တမ်းများတွင် တွေ့ရသည်။ EITI အစီရင်ခံခြင်း နှင့်ပတ်သက်သော ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ပြီး သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပတ်သက်သည့် ပြဿနာများ

---

[49] MATA ဝက်ဘ်ဆိုက်ကို ဤတွင် ကြည့်ပါ။

[50] Radio Free Asia (၂၀၁၈ ခုနှစ် မေလ), 'မြန်မာနိုင်ငံ CSO အဖွဲ့က ငြိမ်းချမ်းသော စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြသူများကို ဖမ်းဆီးခြင်းအား ရပ်တန့်စေလိုသည်။'၊ ဤတွင် ကြည့်ပါ။ ၂၀၁၈ ခုနှစ် ဩဂုတ်။

[51] Amnesty International (၂၀၁၇ ခုနှစ် မတ်လ), 'မြန်မာနိုင်ငံ၊ ပြဿနာဖြစ်နေသော မိုင်းတွင်း၌ ဆန္ဒပြသူများအပေါ် ရဲအင်အားအသုံးပြုမှုကို စစ်ဆေးခြင်း'၊ ဤတွင် ကြည့်ပါ။ ၂၀၁၈ ဩဂုတ်လ။ အပိုဒ် ၁၉ ကိုလည်း ကြည့်ပါ (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ)၊ 'မြန်မာနိုင်ငံ၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းအတွက် ယိုယွင်းနေသော ပတ်ဝန်းကျင်ကို HCR က ဖော်ထုတ်ရမည်'၊ ဤတွင် ကြည့်ပါ။ ၂၀၁၈ ခုနှစ် ဩဂုတ်လ။

30



ထည့်သွင်းနိုင်ရန် အစီရင်ခံစာ၏ နယ်ပယ်ကို တိုးချဲ့နိုင်ရေးအတွက် တက်ကြွစွာ အရေးဆိုတင်ပြခဲ့သည်။ ဥပမာအားဖြင့် ဒုတိယအကြိမ် EITI အစီရင်ခံစာတွင် သစ်တောကဏ္ဍပါဝင်စေရန် MATA က တွန်းအားပေးခဲ့သည်။ တတိယအကြိမ် EITI အစီရင်ခံစာတွင် ထုတ်လုပ်မှု အချက်အလက်များ ညှိနှိုင်းခြင်းမှ ရလဒ်အဖြစ် ကျောက်မျက်များ ထုတ်လုပ်မှုအား စစ်ဆေးခြင်းကိုလည်း ပြုလုပ်စေခဲ့သည်။ အစိုးရသစ်ကူးပြောင်းသောကာလအတွင်း လက်ရှိ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းစဉ် အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သည့် လှုပ်ရှားမှုများ တွင်လည်း တက်ကြွစွာ ပဲ့ကိုင်လမ်းညွှန်ခဲ့သည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခဲ့ပြီး MEITI ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် လမ်းညွှန် ရေးဆွဲရာတွင် ပါဝင်ပံ့ပိုးခဲ့သည်။ EITI အစီရင်ခံစာများတွင် ဖော်ပြထားသော အကြံပြုချက်များအတွက် အပြည့်အဝ ပါဝင်ပံ့ပိုးခဲပြီး အခြား MSG အဖွဲ့ဝင်များအား နိုင်ငံပိုင်လုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဦးစားပေးကြရန် တိုက်တွန်းခဲ့သည်။ တရားဝင်ဖြစ်ခြင်းကို ဦးစားပေးလျက် MATA သည် တရားဝင်ဖြစ်ရေး လုပ်ငန်းစဉ်တွင် တက်ကြွပြီးထိရောက်စွာ ပူးပေါင်းပါဝင်သည့် အနေဖြင့် လွတ်လပ်သော အကြံပေးတစ်ဦးနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်သည်။

*<u>အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းကို လက်လှမ်းမီမှု (Access to public decision- making)</u>* **-** မူဝါဒ ချမှတ်ခြင်းတွင် MATA ၏ ပါဝင်မှုသည် EITI ကိုကျော်လွန် သည်အထိ ကျယ်ပြန့်သည်။ ဥပမာအားဖြင့် MATA သည် ပြီးခဲ့သော ကျောက်မျက်ကဏ္ဍမူဝါဒ မူကြမ်းရေးဆွဲခဲ့သည့် ကျောက်မျက်လုပ်ငန်း ကော်မတီ အဖွဲ့ဝင် အဖြစ်ပါဝင်ခဲ့ခြင်း ဖြစ်သည်။ MATA သည် လွှတ်တော်နှင့်လည်း ချိတ်ဆက်နိုင်စွမ်းရှိသည်။

ထိုမျှသာမက မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများတွင် ပိုမိုတိုးတက် ပါဝင်လာလျက်ရှိသည်။ ပင်လုံ ငြိမ်းချမ်းရေးညီလာခံတွင် ကိုယ်စားပြုပါဝင်ခဲ့ပြီး MATA သည် ငြိမ်းချမ်းရေး စကားဝိုင်းများတွင် သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ချိတ်ဆက်ထည့်သွင်းရန် ကြေငြာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။[52] အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များသည် ကျောက်မျက်ကြီးကြပ်ရေးကော်မီတီ စသည့် တွင်းထွက်ပစ္စည်းတူးဖော်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ကြီးကြပ်ကွပ်ကဲရန် လုပ်ကိုင်နေသည့် အခြားအဖွဲ့များ၌လည်း ကိုယ်စားပြု ပါဝင်သည်။ MATA အဖွဲ့ဝင်များသည် ၎င်းတို့၏ တဦးချင်း လုပ်နိုင်စွမ်းအလိုက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပြုပြင်ပြောင်းလဲမှုများတွင်လည်း အကြံပေးများအဖြစ် ဆောင်ရွက်သည်။

ADB ၏ အရပ်ဘက်လူမှုအဖွဲ့များ အစီရင်ခံစာအကျဉ်းချုပ်[53]တွင် ကြီးမားသော နိုင်ငံတကာ NGO များနှင့် ဒေသခံ ဖွံ့ဖြိုးရေး NGO အချို့ကသာလျှင် အစိုးရထံတွင် မှတ်ပုံတင်၍သော်လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုး၍သော်လည်းကောင်း လုပ်ကိုင်ကြသည်ဟု ဖော်ပြထားရာ အစိုးရသည် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများကို မိတ်ဖက်အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြု လာပြီဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ တိုင်းဒေသကြီး/ပြည်နယ် အဆင့်များတွင်ပင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အစိုးရနှင့် ပိုမို ပူးပေါင်းလုပ်ကိုင်လာကြသည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

*<u>အရပ်ဘက်လူမှုအဖွဲ့အစည်းများ ချိတ်ဆက်ပါဝင်မှု</u>* - အရပ်ဘက်လူမှုအဖွဲ့များသည် MSG နှင့် တက်ကြွစွာ ချိတ်ဆက်ထားကြပြီး EITI ကို ၎င်းတို့၏ ကိုယ်ပိုင်ရည်မှန်းချက်များ ရရှိအောင်မြင်နိုင်ရေး နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုကြသည်ဟု မိတ်ဖက်အဖွဲ့များ အားလုံးက ရှုမြင်သည်။ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ကြသော အရပ်ဘက်လူမှုအဖွဲ့ ကိုယ်စားလှယ်များသည် EITI အစီရင်ခံစာနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ၊ ထောက်ခံ အကြံပြုခြင်း လုပ်ငန်းများတွင် ပါဝင်ခြင်းနှင့် ကွင်းဆင်း ဆောင်ရွက်သော လှုပ်ရှားမှုများပြုလုပ်ခြင်းအားဖြင့် EITI အကောင်အထည်ဖော်ခြင်းတွင် ပါဝင်ကြသည်ဟု ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီကြသည်။ သို့သော်လည်း MSG တွင်ပါဝင်သည့် အချို့သော နယ်ပယ်များကို ကိုယ်စားပြုသူများက အရပ်ဘက်လူမှုအဖွဲ့များ၏ တောင်းဆိုမှုများသည် EITI ၏ သတ်မှတ်ချက်များကို အလွန်အမင်းကျော်လွန်နေသည်ဟု အချို့သော MSG အဖွဲ့ဝင်များက ရှုမြင်နေကြသည်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ဖော်ပြခဲ့သည်။ ကုမ္ပဏီများ၏ စစ်ဆေးထားသော ငွေစာရင်းရှင်းတမ်း ကဲ့သို့သော နောက်ထပ် အချက်အလက်များ ပေးရခြင်းသည် ဖိစီးမှု ဖြစ်စေနိုင်ပြီး MSG ၏ လုပ်ပိုင်ခွင့်ကိုလည်း ကျော်လွန်နေသည်ဟု ယူဆကြသည်။ အစိုးရကိုယ်စားလှယ် အနည်းငယ်က MSG မှတဆင့် အရပ်ဘက်လူမှုရေးအဖွဲ့များကို ချိတ်ဆက်ရန် အခွင့်အလမ်းကို လက်ခံသော်လည်း အရပ်ဘက်လူမှုအဖွဲ့များ၏ တောင်းဆိုချက်များကို

---

[52] ရပ်ရွာလူထုအဖွဲ့အစည်း၏ ထုတ်ပြန်ချက်ကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[53] ADB (February 2015), 'ရပ်ရွာလူထုမှတ်ချက်များ - မြန်မာ' ကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

31


လိုက်လျောရန်မှာ တခါတရံ အခက်အခဲ တွေ့ရကြောင်း၊ အထူးသဖြင့် အစိုးရနားလည်ထားသော EITI နယ်ပယ် ပြင်ပရှိ အကြောင်းအရာများဖြစ်နေလျှင် ဖြစ်ကြောင်း မှတ်ချက်ပြုသည်။ အစိုးရ ကိုယ်စားလှယ်များမှ ကိုးကားပြောဆိုသည့် ဥပမာတစ်ခုတွင် အရပ်ဘက်လူမှုအဖွဲ့များသည် လုံခြုံရေးကြောင့် သတင်းအချက်အလက်ထုတ်ပေးရန် မဖြစ်နိုင်သော အချို့သော သတ္တုတွင်းပိတ်သိမ်းမှုများနှင့် ပတ်သက်သည့် အချက်အလက်များကို တောင်းဆိုခဲ့ကြောင်း ပါဝင်သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးက MSG ဆွေးနွေးပွဲများတွင် အရပ်ဘက်လူမှုအဖွဲ့များမှ ပိုမိုလက်တွေ့ကျကျ မျှော်မှန်းသင့်ကြောင်း  တောင်းဆိုလိုက်သည်။ အခြားဘက်မှလည်း ထည့်သွင်းစဉ်းစားရန်နှင့် အစိုးရနှင့် ကုမ္ပဏီများရှိ အကန့်အသတ်များကိုလည်း အသိအမှတ်ပြုရန် ဖြစ်သည်။ ထိုလေ့လာတွေ့ရှိချက်များ ရှိသော်ငြားလည်း MSG အဖွဲ့ဝင်အားလုံးသည် အမြင် မတူညီမှုများရှိနေခြင်းမှာ  ပုံမှန်ပင်ဖြစ်ပြီး ကိုင်တွယ်၍ ရနိုင်ကြောင်း၊ EITI လုပ်ငန်းများကို ရပ်တန့်မသွားစေနိုင်ကြောင်း သဘောတူညီကြသည်။  ကုမ္ပဏီ ကိုယ်စားလှယ်တစ်ဦးက အခြေခံကျသော တူညီမှုကို တွေ့ရှိရန်မှာ  အစပိုင်းတွင် ခက်ခဲ၍ အစည်းအဝေးကို ရပ်နားလိုက်ရသော ဖြစ်ရပ်များ ယခင်က ရှိခဲ့ပြီး၊ နှစ်ပေါင်းများစွာ ဖြတ်ကျော်လာခဲ့ပြီးနောက် MSG သည် နှစ်ဦးနှစ်ဘက်အကြား ယုံကြည်မှု တည်ဆောက်လာနိုင်သည်အထိ အတူတကွ လိုက်လျောညီထွေ အလုပ်လုပ်ရန် သင်ယူနိုင်ခဲ့ပြီဖြစ်သည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

MSG အတွင်း အရပ်ဘက်လူမှုအဖွဲ့များ အနေဖြင့် MSG မှ ဆွေးနွေးမည့် ခေါင်းစဉ်များနှင့် ပတ်သက်၍ မိမိတို့အမြင်များနှင့် ရည်ရွယ်ချက်များကို လွတ်လပ်စွာ ပြောဆိုနိုင်ကြသောကြောင့်  လွတ်လပ်စွာထုတ်ဖော် ပြောဆိုရေးအတွက် အဟန့်အတား တစုံတရာမရှိကြောင်း ပါဝင်သူအားလုံးက သဘောတူကြသည်။ အရပ်ဘက်လူမှုအဖွဲ့ကိုယ်စားလှယ်များသည် သူတို့၏ အမြင်များကို ထုတ်ဖော်ပြောဆိုရာတွင်လည်းကောင်း၊ EITI လှုပ်ရှားမှုများတွင် ပါဝင်ရာတွင်လည်းကောင်း၊ အဟန့်အတား ရှိနေသည်ဟုမခံစားရကြောင်း၊ သူတို့နှင့် ထိတွေ့ဆက်ဆံခြင်းမှလည်း အဟန့်အတားရှိသည်ဟု မခံစားရကြောင်း အတည်ပြုပြောကြားသည်။ သို့သော်လည်း သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အတွင်း လုံလောက်သော ငွေးခုံမှု မရှိကြောင်း၊ တခါတရံတွင် MSG အစီအစဉ်တွင် ပါဝင်စေလိုသည့် အကြောင်းအရာများကို အချိန်မရသောကြောင့် စနစ်တကျ မကိုင်တွယ်နိုင်ခဲ့၍ စိတ်မကောင်းဖြစ်ရကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ကျောက်စိမ်းတွင်းတစ်ခုသို့ IA နှင့်အတူ သွားရောက်ရန် တောင်းဆိုမှုကို အစိုးရက လုံခြုံရေးအကြောင်းပြချက်ဖြင့် ငြင်းပယ်ခဲ့သည်။ သတင်းအချက်အလက် ဖြန့်ဖြူးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆွေးနွေးမှုများ စတင်ခြင်း တို့အတွက် အလားအလာသည် ပြဿနာ၏ အဖြေကို ရှာဖွေရန်နှင့် ဆွေးနွေးပွဲများတွင် ချိတ်ဆက်ပါဝင်ရန် အစိုးရနှင့် အဖွဲ့အစည်းများ၏ ဝန်လေးမှုကြောင့် အကန့်အသတ်ဖြစ်နေသည်ဟုလည်း ဖော်ပြသည်။

၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍၊ MATAကို အစိုးရထံတွင် မှတ်ပုံတင်ခြင်းလုပ်ငန်းအား ဆွေးနွေးညှိနှိုင်းသောအချိန်၌ ဆိုင်းငံ့ထားရသည်။ မှတ်ပုံတင်မှုကို အတည်ပြုရန် နှောင့်နှေးနေခြင်းနှင့် ပတ်သက်၍ တိုင်ကြားခဲ့ကြသော်လည်း မှတ်ပုံတင်မထားခြင်းက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ဆိုးဆိုးရွားရွား မထိခိုက်စေခဲ့ပေ။

၎င်းတို့၏ စွမ်းဆောင်ရည်နှင့် စပ်လျဉ်း၍၊ အခြားနယ်ပယ်မှ အဖွဲ့ဝင်များနှင့် ဖွံ့ဖြိုးရေးလုပ်ဖော်ကိုင်ဖက်များက အရပ်ဘက်လူမှုအဖွဲ့များသည် EITI လုပ်ငန်းများတွင် ပါဝင်ရန် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များရှိသည်ဟု  ယေဘုယျအားဖြင့် သဘောတူကြသည်။ လုပ်ငန်းရှင် ကိုယ်စားလှယ် အနည်းငယ်က အရပ်ဘက်အဖွဲ့များ၏ စွမ်းရည်သည် စီမံအုပ်ချုပ်မှု အားနည်းချက်များကို ထောက်ပြခြင်းနှင့် လူမှုရေး ကုန်ကျစရိတ်ကဲ့သို့သော အချို့သော ကိစ္စရပ်များအတွက်သာ အသုံးချနိုင်ဘွယ် ရှိသည်ဟု ဆိုသည်။  MATA က သူတို့သည် ဒေသခံတို့၏ နေထိုင်မှုဘဝအပေါ် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း စီမံချက်များ၏ သက်ရောက်မှုကို ဆန်းစစ်ခြင်းစသည့် EITI အချက်အလက်များကို ၎င်းတို့၏ အရေးဆိုတင်ပြမှုများတွင် အသုံးပြုကြောင်း ပြန်လည် ချေပပြောဆိုသည်။ ၎င်းတို့က သူတို့သည် EITI အချက်အလက်များကို အသုံးပြု၍ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်သည့် သုတေသန စာတမ်းတစ်ခုကို ထုတ်ဝေခဲ့ကြောင်းကို ကိုးကားသည်။ ၎င်းတို့သည် လွတ်လပ်စွာအသုံးပြုနိုင်သော အချက်အလက် ပဏာမခြေလှမ်း (open data initiatives) ကိုလည်း ဦးဆောင်ခဲ့သည်။

*<u>အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ</u>* - MATA အဖွဲ့ဝင်များသည် EITI သာမက တွင်းထွက် ကျောက်မျက်မူဝါဒမူကြမ်း ရေးဆွဲခြင်းနှင့် မြေသိမ်းဥပဒေကဲ့သို့ အခြားသော ဥပဒေပြုရေးစသည့် မူဝါဒချမှတ်ရေး ဆွေးနွေးတိုင်ပင်မှုများ သို့မဟုတ် ဖိုရမ်များတွင်လည်း ပါဝင်နိုင်ခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တွင်လည်း MATA မှ ပါဝင်ဆောင်ရွက်မှုများရှိသည်။

မြန်မာနိုင်ငံတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ဆိုင်ရာတိုးတက်မှုလားရာနှင့် ပတ်သက်၍ မိတ်ဖက်အဖွဲ့များ အမျိုးမျိုးထံမှ အမြင်များ ရောထွေးနေသည်။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍနှင့် ပိုမိုကျယ်ပြန့်သော အကြောင်းအရာများနှင့် ဆက်စပ်သည့် ပြဿနာများအပေါ် အမြင်များကို ထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်ပါက လက်တုံ့ပြန်မည်ကို ကြောက်ရွံ့ခြင်းကြောင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် လျော့နည်းလာလျက် ရှိသည်ဟု အရပ်ဘက်လူမှုအဖွဲ့ဝင်အများစုက ဆိုသည်။ တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းနှင့် မပတ်သက်စေကာမူ အချို့သော အဆင့်မြင့်ရာထူးရရှိနေသည့် နိုင်ငံရေးသမားများ သို့မဟုတ် စစ်ဘက်အရာရှိများကို ဝေဖန်ခံရသော  ဖြစ်ရပ်များတွင် လက်တုံ့ပြန်

ခြိမ်းခြောက်လေ့ရှိသည်ဟု အချို့သော သတင်းသမားများက ပြောဆိုသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ အပေါ်ဟန့်တားမှုများ ရှိနေသေးသော်လည်း လက်ရှိအခြေအနေကို EITI အကောင်အထည်ဖော်မှု မပြုလုပ်မီအခြေအနေများထက် သာလွန်သော ကြီးမားသည့် တိုးတက်မှုတစ်ရပ်ဟု ယူဆကြောင်း အခြားသော မိတ်ဖက်အဖွဲ့များက အခိုင်အမာ ပြောဆိုကြသည်။ နောက်ဆုံးတွင် မိတ်ဖက်အဖွဲ့များ အချို့က EITI အကောင်အထည်ဖော်မှု မပြုမီ အချိန်များနှင့် နှိုင်းယှဉ်လျှင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ အပြောင်းအလဲ မရှိသေးဟု သုံးသပ်ကြသည်။

တရားဥပဒေမူဘောင်၌ ဥပဒေများစွာသည် (ဆက်သွယ်ရေးဥပဒေ၊ ငြိမ်းစုစီဥပဒေ၊ ၂၀၀၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ နှင့် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့အပေါ် ပိုမိုကျယ်ပြန့်စွာ ဟန့်တားမှုများရှိနေကြောင်း အားလုံးက သဘောတူကြသည်။ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုနေသော မည်သူကိုမဆို အသရေဖျက်မှုဖြင့် အရေးယူနိုင်သော ၂၀၁၃ ခုနှစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ထုတ်ပြန်ခြင်းအား ဖွံ့ဖြိုးမှုမိတ်ဖက်များက ရှင်းပြကြသည်။ ဖေ့စ်ဘုတ် (Facebook) ကို အသုံးပြု၍ အရပ်သားအုပ်စုများက ပြုလုပ်သည့် အစိုးရကို ဝေဖန်မှုများအပေါ် တရားစွဲဆိုမှု အများအပြား ပေါ်ပေါက်စေသည့် ပုဒ်မဖြစ်သော်လည်း တွင်းထွက်သယံဇာတများတူးဖော်ခြင်းနှင့်ဆိုင်သည့် ပြဿနာများအပေါ် ပြောဆိုမှုများနှင့် ဆက်နွယ်သည့် တရားစွဲဆိုမှုများကို မတွေ့ရပေ။ ဆွေးနွေးကြသော မိတ်ဖက်အဖွဲ့များ များက ၆၆ (ဃ) နှင့် တရားစွဲဆို ခံရသည့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပြဿနာများကို ဦးတည်သော အမှုမျိုးကို မကြားဖူးသော်လည်း တွင်းထွက်သယံဇာတများ တူးဖော်ခြင်းပြဿနာများဆိုင်ရာ ထုတ်ဖော်ပြောဆိုမှုများကို မည်သည့်အချိန်တွင်မဆို ဤပုဒ်မကို အသုံးပြု၍ အရေးယူခံရနိုင်ချေရှိသည်ကို လျော့မတွက်ကြရန် အကြံပြုသည်။

MSG ပြင်ပတွင် ဆွေးနွေးတိုင်ပင်ခဲ့ကြသော အရပ်ဘက်လူမှုအဖွဲ့မှ ပါဝင်သူများက ဥပဒေမူဘောင်သည် ပိုမိုယိုယွင်းလာသည်ဟု မယူဆနိုင်သော်လည်း လတ်တလောပြင်ဆင်လိုက်သော ငြိမ်းစုစီဥပဒေသည် ပြည်သူလူထု၏ မျှော်လင့်ထားမှုနှင့် မကိုက်ညီကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် အသရေဖျက်ခြင်းအတွက် သီးခြားဥပဒေရှိပြီးဖြစ်ကြောင်းကို အခိုင်အမာပြောလျက် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ကျင့်သုံးမှု၏ တရားဥပဒေနှင့်ညီညွတ်မှုကို ပြင်းပြင်းထန်ထန် ထိုးနက်ခဲ့ကြသည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ အကောင့်ဟက်ခြင်း (အခြားသူတစ်ဦး သုံးစွဲနေသော အကောင့်နှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များကို ရယူနှောင့်ယှက်ခြင်း) ကဲ့သို့သော ပြစ်မှု ကျူးလွန်သည့် အပြုအမူများကို ကာကွယ်ရန်ထက် နိုင်ငံသားများ၏ အွန်လိုင်းတွင် ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်း ဖြစ်နေသည်ဟု ၎င်းတို့က ဆိုသည်။ ၎င်းတို့၏ ပြောပြချက်အရ ပြင်ဆင်လိုက်သော ဥပဒေသည် အသေရေဖျက်မှုအတွက် အထောက်အထားဖြစ်နေသည့် အချက်ကို ရုတ်သိမ်းခြင်းမရှိဘဲ အာမခံပေးနိုင်သည် ဟုသာ ပြင်ဆင်လိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။

အချို့သော ဖွံ့ဖြိုးမှုလုပ်ငန်း လုပ်ဖော်ကိုင်ဖက်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် သတင်းသမားများက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တရားဝင် ပိတ်ပင်တားဆီးမှုများအပြင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများ ရှိနေသည့် အချို့သော ပဋိပက္ခဖြစ်ပွားရာဒေသများသို့ သွားရောက်ခွင့်ကိုပါ ပိတ်ပင်တားမြစ်မှုများ ရှိနေသည်ဟု ထောက်ပြကြသည်။ နိုင်ငံခြားသားများ၊ အထူးသဖြင့် သတင်းသမားများကို တိုင်းပြည်၏ အဖိုးအထိုက်တန်ဆုံး အရင်းအမြစ်များ တွေ့ရှိရာနေရာဖြစ်သည့် ကျောက်စိမ်းတွင်းများ ရှိသော ဖားကန့်သို့ သွားရောက်ခွင့်မပြုကြောင်း ဖော်ပြကြသည်။ ထိုသို့ တားဆီးပိတ်ပင်ထားခြင်းသည် ထိုဒေသ အတွင်း ဖြစ်ပေါ်နေသော အခြေအနေများအကြောင်း သုံးသပ်ရေးသားရန် စူးစမ်းဖော်ထုတ်သော သတင်းသမားများ၏ စွမ်းရည်အပေါ် သက်ရောက်မှုရှိသည်ဟု ၎င်းတို့က ဆိုသည်။ သို့သော် အချို့သော သတင်းသမားများက ဖားကန့်၊ ကချင်နှင့်ရှမ်း စသည့် တားမြစ်ပိတ်ပင်သည့် နေရာများသည် မြေမြှုပ်မိုင်းများနှင့် လက်နက်ကိုင်အုပ်စုများ ရှိနေခြင်းကြောင့် သတင်းသမားများ၏ လုံခြုံရေး အတွက် အမှန်တကယ်အန္တရာယ် ရှိနေခြင်းကို လက်ခံကြသည်။

စာနယ်ဇင်းများတွင် အစိုးရကို ဝေဖန်သော ဆောင်းပါးများ ထုတ်ဝေနိုင်နေသေးကြောင်း သိရှိထားလျက်ကပင် လက်တုံ့ပြန်မည်ကို ကြောက်ရွံ့ခြင်းသည် အစိုးရအပေါ် ဝေဖန်သည့် အကြောင်းအရာများ၌ ကိုယ်တိုင် စီစစ်ဖြတ်တောက်မှုများ အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်စေနိုင်ကြောင်း အချို့သော ပါဝင်ပတ်သက်သူများ၏ သဘောထားတွင် တွေ့ရသည်။ အခြားသတင်းသမားတစ်ယောက် အဆိုအရ ၂၀၁၇ခုနှစ်တွင် သစ်တောကဏ္ဍ မူမမှန်မှုများနှင့်ပတ်သက်၍ လူထုကိုလှုံ့ဆော်သောသတင်းကြောင့် သတင်းသမားတစ်ဦး အသတ်ခံခဲ့ရသည်ဟု ယူဆနိုင်သော အမှုတစ်ခုအပါအဝင် ကုမ္ပဏီများနှင့် အစိုးရကို ဆန့်ကျင်၍ အနုတ်လက္ခဏာဆောင်သော သတင်းများကို ထုတ်ဝေခြင်းကြောင့် အဖမ်းဆီးခံရသော ၊ အသတ်ခံရသော သတင်းသမားများနှင့် အရပ်သားများ အကြောင်းဥပမာအချို့ကို ကိုးကားဖော်ပြသည်။ ဆွေးနွေးခဲ့သော သတင်းသမားများက သူတို့သည် ယေဘုယျအားဖြင့် တရားမဝင် သစ်ထုတ်လုပ်ခြင်း ပြစ်မှုများကို သတင်းရေးသားနိုင်သော်လည်း ဖြစ်ရပ်အတိအကျကို ကိုးကားဖော်ပြခြင်းနှင့် တစ်ဦးတစ်ယောက် အမည်ကို ဖော်ပြခြင်းသည် ဘေးအန္တရာယ်ကျရောက်နိုင်စေသည်ကို ထည့်သွင်း စဉ်းစားရကြောင်း ရှင်းပြသည်။ ကျောက်စိမ်းနှင့် တွင်းထွက်ရတနာများနှင့် ပတ်သက်သည့် ဂလိုဘယ်ဝစ်နက်စ် (Global Witness) အစီရင်ခံစာ စသည့် သတင်းများတွင် ပိုမိုကျယ်ပြန့်သော နောက်ခံအကြောင်းတရားများဖြင့် တင်ပြလျှင် တရားစွဲခံရနိုင်ချေမှာ နည်းပါးသော်လည်း အတွင်းကျကျ သတင်းများတွင် ပုဂ္ဂိုလ်ရေးများညီစွန်းလျှင် တရားစွဲဆိုခံရရန် ခြိမ်းခြောက်မှုများ များပြားလာသည်ဟု ဆိုသည်။ သတင်းသမားများ၏ အဆိုအရ၊ တရားမဝင်ရွှေတူးဖော်မှု အကြောင်း သတင်းရေးသားမည့် လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ဤသို့သော ခြိမ်းခြောက်မှုများဖြင့် တားဆီးထားသည်ဟု သိရသည်။ ပါဝင်ပတ်သက်သူများ

33



ကိုးကားသည့် အခြား ဖြစ်ရပ်မှာ ဖားကန့်ရှိ သတင်းသမားတစ်ဦး ဖမ်းဆီးခံရခြင်းဖြစ်သည်။ ထိုသတင်းသမားသည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများသည် ဥပဒေကို ချိုးဖောက်နေကြောင်းထောက်ပြခဲ့သည်။ ထိုအမှုမှာ ကုမ္ပဏီက စွဲဆိုသော အမှုဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေနှင့်ပတ်သက်၍ လက်ရှိကာလနှင့် ယခင်နှစ်အခြေအနေများကို နှိုင်းယှဉ်စေသောအခါ သတင်းသမားများက ၂၀၁၁ခုနှစ်မှစ၍ အခြေအနေသည် တဖြည်းဖြည်း တိုးတက်လာနေသည်ဟု ထင်မြင်ယူဆသည်။ မီဒီယာများကို ခြိမ်းခြောက်မှုများ လုံး၀ ကွယ်ပျောက်သွားခြင်း မရှိသေးသော်လည်း လူမှုမီဒီယာများကို လက်လှမ်းမီမှုသည် နိုင်ငံသားများ၏ စွမ်းရည်နှင့် ၎င်းတို့၏ အမြင်များကို လွတ်လပ်စွာပြောဆိုခြင်းကို တိုးတက်စေသည်ဟု အသိအမှတ်ပြုသည်။ သတင်းအချက်အလက် လွတ်လပ်ခွင့်ဥပဒေတွင် တိုးတက်မှုမရှိကြောင်း မှတ်ချက်ပြုသော်လည်း ငြိမ်းစုစီဥပဒေ ပြင်ဆင်ချက်ကို လက်ခံကြသည်။ ပြည်သူလူထု၏ သတင်းအချက်အလက် ရနိုင်မှုသည် နှစ်ပေါင်းများစွာအတွင်း ယေဘုယျအားဖြင့် တိုးတက်မှုရှိလာပြီး အစိုးရအရာရှိများကို သတင်းအချက်အလက်နှင့် အင်တာဗျူးများအတွက် တောင်းဆိုမှုကို ခွင့်ပြုခြင်းအားဖြင့် ပိုမိုရရှိနိုင်လာကြောင်း ဖော်ပြကြသည်။ အရာရှိအနည်းငယ်နှင့် ၀န်ကြီးဌာနအချို့တို့မှာ ထိုတောင်းဆိုမှုများအတွက် တုံ့ပြန်ပြောဆိုမှုမရှိဟု သိရှိနေကြဆဲဖြစ်လင့်ကစား ဆွေးနွေးကြသော မီဒီယာနှင့် အရပ်ဘက်လူမှုအဖွဲ့ကိုယ်စားလှယ်တို့က အစိုးရသည် သတင်းအချက်အလက် ပေးပို့မှုတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုရှိလာသည်ဟု ဆိုသည်။

အရပ်ဘက်လူမှုအဖွဲ့များက MSG မှ CSO အဖွဲ့၀င်တစ်ဦးသည် လွန်ခဲ့သည့်နှစ်က ကျောက်မီးသွေးတွင်း တူးဖော်မှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုနှင့် လက်ကမ်းစာရွက်ဝေငှမှုတို့ကြောင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ၏ ဖမ်းဆီးမှုခံခဲ့ရသည်ဟု ဆိုသည်။ ထိုပြဿနာကို MSG က အလေးထားစောင့်ကြည့်ခဲ့ရပြီး EITI အမျိုးသားညှိနှိုင်းရေးမှူးမှ ကြားဝင်ဖျန်ဖြေသောအခါ ပြေလည်သွားခဲ့သည်။ အစိုးရဌာနတစ်ခုက သတ္တုတွင်း လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များကို တောင်းဆိုလာပါက NGO များနှင့် ညှိနှိုင်းဖြေရှင်းခြင်းမပြုရန် ဝန်ထမ်းများကို ဌာနတွင်းအမိန့်များ ထုတ်ပြန်ခဲ့ကြောင်း အရပ်ဘက်လူမှုအဖွဲ့များက ဖော်ပြသည်။ ထို့ပြင်၊ စစ်ကိုင်းမှ MATA ၏ ဒေသဆိုင်ရာ အဖွဲ့ဝင်တစ်ဦးဖြစ်သော တက်ကြွလှုပ်ရှားသူ တစ်ဦးသည် သတ္တုတွင်းတစ်ခု၏ လူမှုရေး ကုန်ကျစရိတ်များ ဆိုင်ရာ အချက်အလက်များကို တောင်းဆိုခဲ့ ပြီးနောက် ဆန္ဒပြနေစဉ်အတွင်း အဖမ်းခံခဲ့ရသည်။ တိုင်ကြားမှုကို မည်သူကစတင်ခဲ့သည်မှာ မရှင်းလင်းပေ။ အုံ့အားသင့်ဘွယ်ကောင်းစွာပင် လွန်ခဲ့သည့် အစိုးရကချမှတ်ခဲ့သည့် ဥပဒေဟောင်းများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်ရန် အသုံးပြုနေဆဲဖြစ်သည်ဟု အရပ်ဘက်လူမှု အဖွဲ့များစွာတို့က မှတ်ချက်ပြုခဲ့သည်။ ထိုပြဿနာများသည် MSG၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်နေသောကြောင့် ထိုဖြစ်ရပ်များ အတွက် အရေးယူဆောင်ရွက်မှုများ မပြုနိုင်ဟု ရှုမြင်ကြကြောင်း အချို့သော MSG အဖွဲ့၀င်များက ထပ်မံ ပြောဆိုသည်။ သို့သော်လည်း ကောင်းမွန်သော မှတ်ချက်တစ်ခုမှာ EITI လုပ်ငန်းများသည် သူတို့ကို အကဲဆတ်သော ပြဿနာများ ဆွေးနွေးရန် နေရာတစ်ခု ပေးခဲ့ပြီး တရားဥပဒေဆိုင်ရာ တားဆီးပိတ်ပင်မှုများကို ကူညီ ဖယ်ရှားခဲ့သည်ဟု အသိအမှတ်ပြုနေဆဲဖြစ်သည်။ ဥပမာအားဖြင့် ကယားပြည်နယ်တွင် အရပ်ဘက်လူမှုအဖွဲ့၏ လှုပ်ရှားမှုများသည် ဒေသခံအုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုချက်ရယူရလေ့ရှိပြီး ယခုအခါ MSG အဖွဲ့၀င်ဖြစ်သော အရပ်ဘက်လူမှုအဖွဲ့များနှင့် ဒေသခံအုပ်ချုပ်ရေးမှူးအကြား ရလဒ်တစ်ခုအဖြစ် EITI နှင့်ဆက်စပ်သော လှုပ်ရှားမှုများအတွက် လုံခြုံရေးခွင့်ပြုချက် လိုအပ်မှုများကို လျော့ပေါ့ပေးသည့် အတွက် ခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ လှုပ်ရှားမှုများ ပြုလုပ်နိုင်ပြီဖြစ်သည်။

အချို့သော အရပ်ဘက်လူမှုအဖွဲ့ ကိုယ်စားလှယ်များက MSG အဖွဲ့၀င် အရပ်ဘက်လူမှုအဖွဲ့များသည် MSG အစည်းအဝေးများတွင် တားဆီးပိတ်ပင်မှု တစုံတရာမရှိဘဲ ပြောဆိုဆွေးနွေးနိုင်သည်ဟု မှတ်ချက်ချပြီး EITI အကောင်အထည်ဖော်ခြင်းထိရောက်မှုရှိရန် လိုအပ်သည်ဟု ယူဆသည့် အရပ်ဘက်လူမှုအဖွဲ့များ၏ သုံးသပ်ချက်များကို MSG ကိုကျော်လွန်၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သို့ တိုးချဲ့သွားရမည်ဟု ယူဆကြသည်။ တချိန်တည်းတွင် အခြားအရပ်ဘက်လူမှုအဖွဲ့ကိုယ်စားလှယ်များက လွတ်လပ်စွာ ပြောဆိုခွင့်ကို တားမြစ်ချက်များသည် အချို့သော နေရာဒေသများတွင်သာ ကျင့်သုံးကြောင်း ပြောဆိုသည်။ သူတို့က အထူးသဖြင့် ရန်ကုန်နှင့် နေပြည်တော်ရှိ နိုင်ငံအဆင့်များတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍ တိုးတက်မှုအချို့ကို တွေ့ရသည်ဟု ဆိုသည်။

## ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤလိုအပ်ချက်များနှင့် ကိုက်ညီမှုအောင် ကျေနပ်လောက်သော တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည် ဟူ၍ ဖြစ်သည်။

EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်လူမှုအဖွဲ့များ ချိတ်ဆက်ပါဝင်မှုနှင့်ပတ်သက်၍ အရပ်ဘက်လူမှုအဖွဲ့ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် EITI လုပ်ငန်းများ ပုံစံထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းတို့တွင် သင့်တင့်စွာ ချိတ်ဆက်ပါဝင်ခဲ့ကြသည်ဟု ဆိုနိုင်သည့် လုံလောက်သော သက်သေအထောက်အထားရှိသည်။ MSG အစည်းအဝေးများနှင့် လှုပ်ရှားမှုများ၏ မှတ်တမ်းမှတ်ရာများနှင့် အတူ ပါဝင်ပတ်သက်သူများအမြင်က EITI လုပ်ငန်းစဉ်အတွက် လမ်းညွှန်ပံ့ပိုးခြင်း၊ ပြုပြင်ပြောင်းလဲရေး အတွက် အကြံပြုချက်များကို ဦးစားပေးသတ်မှတ်ခြင်း၊ အစိုးရဘက်မှ အရေးပါသော အရာရှိများကို ချိတ်ဆက်နိုင်သည့် ကိုယ်ပိုင်ကွန်ရက် များဖြင့် အဆင်သင့်ရှိခြင်း၊ ပိုမိုကျယ်ပြန့်သော အဖွဲ့၀င်များနှင့်

34



ညှိနှိုင်းဆောင်ရွက်ခြင်း၊ လူထုဆွေးနွေးပွဲများကို လှုံ့ဆော် ပံ့ဖော်ပေးခြင်းတို့တွင် MATA ၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုကို သက်သေပြနေပေလိမ့်မည်။ အချို့သော ရှုထောင့်များတွင် စွမ်းရည်ကွာဟမှုများ ရှိနေဆဲ ဖြစ်နေလင့်ကစား နည်းပညာဆိုင်ရာ ဆွေးနွေးမှုများတွင် ချိတ်ဆက်ပါဝင်ရန် အရပ်ဘက်လူမှုအဖွဲ့များ၏ စွမ်းရည်သည် အချိန်နှင့်အမျှ တိုးတက်မှုရှိလာသည်ဟု မိတ်ဖက်များကဆိုသည်။ အရပ်ဘက်လူမှုအဖွဲ့သည် အထူးသဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်နှင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ စီမံခန့်ခွဲမှုတို့တွင် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခြင်းမှတဆင့် သူတို့၏ စွမ်းဆောင်ရည်ကိုတိုးမြှင့်ရန် လုံ့လပြု၍ အားထုတ်ကြကြောင်း သက်သေများရှိသည်။ စင်စစ်အားဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် ကျောက်မျက်မူဝါဒ မူကြမ်းအသစ်ရေးဆွဲခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများ တွင် အစိုးရနှင့် အကြိမ်များစွာ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ လွတ်လပ်သော အစီရင်ခံစာများနှင့် ပါဝင်ပတ်သက်သူများက တည်ဆဲဥပဒေများအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်တို့အပေါ် တားဆီးပိတ်ပင်မှုများရှိနေဆဲဖြစ်ပြီး သတင်းသမားများအပါအဝင် အရပ်ဘက်လူမှုအဖွဲ့များအကြားတွင် လက်တုံ့ပြန်မည်ကိုကြောက်ရွံ့မှုသည် ပျံ့နှံ့နေဆဲဖြစ်သည်ကို သဘောတူညီကြသည်။ တချိန်တည်းတွင် သိရှိထားသော တားမြစ်ပိတ်ပင်မှုများသည် EITI အကောင်အထည်ဖော်မှုအပေါ် သက်ရောက်မှုမရှိကြောင်းနှင့် MSGအဆင့်တွင် အရပ်ဘက် လူမှုအဖွဲ့များ သည် သူတို့၏ အမြင်များကို MSGအစည်းအဝေးတွင်ဖြစ်စေ၊ EITI လှုပ်ရှားမှုများတွင်ဖြစ်စေ ဟန့်တားပိတ်ပင်မှုမရှိဘဲ ထုတ်ဖော်ပြောဆိုနိုင်ကြသည်မှာ ထင်ရှားသည်။ အရပ်ဘက်လူမှုအဖွဲ့မှ လူအများသည် တစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံမှုများမှ ဘောင်ခတ် ခံထားရသည်ဟု ဆိုရန် အကြောင်းမရှိပေ။ တွင်းထွက်သယံဇာတ တူးဖော်သော ကုမ္ပဏီများကို ဆန့်ကျင်ဆန္ဒပြခြင်း သို့မဟုတ် တွင်းထွက်သယံဇာတတူးဖော်ရေးစီမံကိန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအတွက် တောင်းဆိုခြင်းတို့နှင့်ဆက်စပ်သည့် လက်တုံ့ပြန်မှုများ ရှိနေကြောင်း ဖြစ်ရပ်အချို့ရှိနေသည်ကို သိရှိ လက်ခံရမည်ဖြစ်သလို၊ ကွင်းဆင်းလှုပ်ရှားမှုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် တွင်းထွက်သယံဇာတ တူးဖော်ရေးကဏ္ဍ အကြောင်း ဆွေးနွေးရန် နေရာဖြစ်လာပုံနှင့် EITI လုပ်ငန်းစဉ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများချိတ်ဆက်ခြင်းသည် အချို့သော တရားဥပဒေဆိုင်ရာ အဟန့်အတားများကို ဖယ်ရှားရာတွင် အထောက်အကူဖြစ်ပုံ တို့ကို ရှုမြင်ခဲ့ရသည့်အလျောက် EITI သည် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ကျယ်ပြန့်စေကြောင်း ဖော်ပြရန် အထောက်အထားများလည်း ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ဝေဖန်မှုများကြောင့် ပုဂ္ဂိုလ်ရေး ထိခိုက်နစ်နာသည်ဟု ခံစားရသည့် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် ကုမ္ပဏီတစ်ခုကို ဦးတည်သည့် ပြဿနာများဖြစ်ပွားသောအခါ လက်တုံ့ပြန်မှုများ အများဆုံး ဖြစ်ပွားသည် ဟူသော သဘောထားကို ကျယ်ပြန့်စွာ လက်ခံထားကြသည်။ နိုင်ငံအဆင့်တွင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍဆိုင်ရာ ပြဿနာများအပေါ် ကောင်းမွန်ပြီး ခိုင်မာသော ဆွေးနွေးမှုများ ရှိနေဆဲဖြစ်ပြီး ထိုကဏ္ဍများကို စီမံအုပ်ချုပ်မှုအပေါ် ဝေဖန်သော သတင်းများထုတ်ဝေခြင်း အချို့သော အစိုးရအရာရှိများက လက်ခံခွင့်ပြုဆဲဖြစ်ကြောင်း ပါဝင်ပတ်သက်သူ အများစုက လက်ခံထားကြသည်။ အချို့သော အမှုများတွင် ဆက်သွယ်ရေးဥပဒေ၏ အပြန့်ကျယ်သော ပုဒ်မအရ လက်တုံ့ပြန်မှုသည် နိုင်ငံတော်မှ ပြုလုပ်ခြင်း မဟုတ်ဘဲ လူမှုမီဒီယာမှတစ်ဆင့် အသရေဖျက်မှု ကျူးလွန်ခြင်းဖြစ်သည်ဟု ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းက တရားစွဲဆိုခြင်းဖြစ်သည်ကိုလည်း ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။ ထိုမျှသာမက၊ အရပ်ဘက်လူမှုအဖွဲ့များသည် အချို့သော သတင်းအချက်အလက် အမျိုးအစားများကို ရရှိနိုင်မှုအတွက် ငြင်းဆိုခံရဆဲဖြစ်နေလင့်ကစား၊ သတင်းသမားများနှင့် အရပ်ဘက်လူမှုအဖွဲ့များသည် ယခုအခါ လွန်ခဲ့သော အစိုးရလက်ထက်ကထက် သတင်းအချက်အလက် လက်လှမ်းမီရရှိမှု ပိုမိုလာသည်မှာ ထင်ရှားသည်ဟု ပါဝင်ပတ်သက်သူများက လက်ခံသဘောတူသည်။ ထို့ပြင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ၊ စီးပွားရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပြုပြင်ပြောင်းလဲမှုများအတွက် ညှိနှိုင်းဆွေးနွေးမှုများတွင် သူတို့၏ ပူးပေါင်းပါဝင်မှုသည် သူတို့သည် လုံးဝတိတ်ဆိတ်မနေကြောင်းနှင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ချိတ်ဆက်ပါဝင်ရန် အခွင့်အလမ်းကို လက်လှမ်းမီရရှိနေကြောင်း ဖော်ပြ နေသည်။

အကောင်အထည်ဖော်မှုကို ပိုမိုအားကောင်းစေရန် အများပြည်သူ၏ ပိုမိုကျယ်ပြန့်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လှုပ်ရှားလုပ်ကိုင်ခွင့်ကို အတားအဆီးဖြစ်စေသည်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်း အများအပြားက ယူဆကြသော ဥပဒေပုဒ်မများကို ပြန်လည်သုံးသပ်ခြင်းအပါအဝင် EITI အကောင်အထည် ဖော်ခြင်း ရှုထောင့်များတွင် အရပ်ဘက်လူမှုအဖွဲ့များ ထိရောက်စွာ ချိတ်ဆက်ပါဝင်နိုင်ရေးအတွက် ကောင်းမွန်သော တရားဥပဒေ၊ အာဏာအပ်နှင်းမှုနှင့် စီမံအုပ်ချုပ်မှု ဝန်းကျင်ဖြင့် ဆက်လက်ထောက်ကူမှု ရှိမရှိကို အနီးကပ် ပုံမှန် စောင့်ကြည့်ကြီးကြပ်ရန် MSG ကို အားပေးတိုက်တွန်းသည်။ အစိုးရသည် စုဝေးခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့် အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တားမြစ်ပိတ်ပင်သည့် ဥပဒေများကို ပြင်ဆင်ရန် ထည့်သွင်း စဉ်းစားခဲ့နိုင်သည်။ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခြင်းကို ထိန်းသိမ်းကန့်သတ်မှုများနှင့် လက်တုံ့ပြန်မည်ကို ကြောက်ရွံ့ခြင်းကို ကိုင်တွယ်ရန် အရပ်ဘက် လူမှုအဖွဲ့များနှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုများပြုလုပ်ရန် အခွင့်အလမ်းများ တိုးချဲ့လာနိုင်ခဲ့သည်။

## သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ စီမံအုပ်ချုပ်မှုနှင့် လည်ပတ်ပုံ (#၁-၄)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်ဖြစ်ခြင်း* - MSG ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတ အမိန့်အမှတ် ၉၉/၂၀၁၂ ဖြင့် တရားဝင် ဖွဲ့စည်းခဲ့သည်။ အစိုးရကဏ္ဍမှ ခြောက်ဖွဲ့၊ ပုဂ္ဂလိက ကဏ္ဍမှ ခြောက်ဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုးဖွဲ့တို့ဖြင့် အဖွဲ့ဝင် ၂၁ဖွဲ့ ပါဝင်သည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် MSG သည် NLD အစိုးရသစ်၏ အမိန့်စာ အမှတ် ၂၄/၂၀၁၇အရ ပြန်လည်ဖွဲ့စည်းခဲ့သည်။ လက်ရှိ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် အဖွဲ့ဝင် ၂၅ ဖွဲ့ပါဝင်သည်။[54] အမိန့်စာ အမှတ် ၂၄/၂၀၁၇ နှင့်အညီ အစိုးရကဏ္ဍမှ ခုနစ်ဖွဲ့၊ ကုန်ထုတ်လုပ်ရေးကဏ္ဍမှ ခုနစ်ဖွဲ့၊ နှင့် အရပ်ဘက်လူမှုအဖွဲ့ ကိုးဖွဲ့ ပါဝင်သည်။ ခန့်အပ်ထားသော MSG ဥက္ကဌမှာ MOPF မှ ဒုဝန်ကြီး ဦးမောင်မောင်ဝင်းဖြစ်ပြီး MSG ဒုတိယဥက္ကဌမှာ MONREC မှ ဦးဝင်းထိန်ဖြစ်သည်။

အစိုးရကဏ္ဍမှပါဝင်သော MSG အဖွဲ့ဝင်များမှာ MHA, MONREC, MOEE, MOPF နှင့် OAG တို့မှ ကိုယ်စားလှယ်များ ဖြစ်သည်။ တဖက်တွင်လည်း မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် (MFMA)၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (MGJEA)၊ မြန်မာယန်စီကြေးနီကုမ္ပဏီ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍကို ကိုယ်စားပြု၍ Total E&P နှင့် Myanmar Petroleum Resource Limited (MPRLE) တို့မှ အဖွဲ့ဝင်များ ပါဝင်သည်။ ထိုမျှသာမက၊ သစ်တောကဏ္ဍကလည်း မြန်မာနိုင်ငံ သစ်တောထွက် ပစ္စည်းလုပ်ငန်းရှင်များ အသင်းချုပ် (MFPMF) မှတဆင့် ချိတ်ဆက်ပါဝင်သည်။ အရပ်ဘက်အဖွဲ့အစည်းများကို မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)က ကိုယ်စား ပြုသည်။ ထိုအဖွဲ့သည် နိုင်ငံအဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်တစ်ခုဖြစ်ပြီး တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ဦးတည်ချက်ထား၍ မြန်မာနိုင်ငံတွင် အုပ်ချုပ်မှု၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှု အတွက် တစ်စုတစ်ပေါင်းတည်း အရေးဆိုတင်ပြရန် အရပ်ဘက်လူမှုအဖွဲ့မှ လှုပ်ရှားသူများကို ထောက်ကူပေးသည်။[55]

MSG ဖွဲ့စည်းပုံကို သတ်မှတ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ (လုပ်ငန်းလမ်းညွှန်) (ToR) အခန်း ၅ တွင် ချမှတ်ထားသည်။[56] လက်ရှိဖွဲ့စည်းပုံမှာ လုပ်ငန်းလမ်းညွှန်နှင့် အမိန့်ကြော်ငြာစာတွင် ရေးဆွဲပြဋ္ဌာန်းထားသည့် အတိုင်း ဖြစ်သည်။ ကဏ္ဍတစ်ခုစီမှ MSG ကိုယ်စားလှယ်များကို ၎င်းတို့၏ သက်ဆိုင်ရာ အဖွဲ့ဝင်များမှ ၎င်းတို့၏ ကိုယ်ပိုင် သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်မှုတစ္စာ ရွေးချယ်နိုင်သည်ဟု လုပ်ငန်းလမ်းညွှန်တွင် ဖော်ပြ ထားသည်။ MSG အဖွဲ့ဝင်တိုင်းသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အစည်းအဝေးများကို အဓိက အဖွဲ့ဝင်များက တက်ရောက်ရန်မဖြစ်နိုင်ပါက အခြားသူတစ်ဦးကို အစားထိုးတက်ရောက်ရန် တာဝန်ပေး နိုင်သည်။ သို့သော်လည်း လုပ်ငန်းလမ်းညွှန်တွင် အခြေခံ၍ ရှေ့လုပ်ငန်းစဉ်များ အတည်ပြုခြင်း၊ MSG ၏ လုပ်ငန်းလမ်းညွှန်ကို အတည်ပြုခြင်း၊ နှစ်စဉ်တိုးတက်မှု အစီရင်ခံစာနှင့်၊ EITI အစီရင်ခံစာများအတည်ပြုခြင်းတို့တွင် မူလ MSG အဖွဲ့ဝင်ကသာ မဲပေးနိုင်သည်။

*အရပ်ဘက်လူမှုအဖွဲ့ကိုယ်စားပြုခြင်း* - နိုင်ငံအဝှမ်းမှ CSO များကို ဆွေးနွေးတိုင်ပင်မှု လုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်စေပြီး EITI ကို ကျယ်ပြန့်စွာ တည်ဆောက်ဖွဲ့စည်းရာတွင် အကြီးဆုံးသော ထီးရိပ်အဖွဲ့ကြီးဖြစ်သည့် မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှုဆိုင်ရာ အရပ်ဖက် မဟာမိတ်အဖွဲ့ (MATA)ကို ဖွဲ့စည်းနိုင်စေခဲ့သည်။ MSG တွင် ပါဝင်သော CSO ကိုယ်စားလှယ် အားလုံးတို့သည် MATA အဖွဲ့ဝင်များဖြစ်သည်။ MATA ဖွဲ့စည်းပုံကို ပြဌာန်းချက် ၁.၃. တွင် ဖော်ပြထားသည်။

MSG တွင်ပါဝင်သော CSO ကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်တွင် MATA ၏ ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ဖော်ပြထားသည်။ MATA အဖွဲ့ဝင်များက ရွေးချယ်ခံမည့်သူများကို အမည်တင်သွင်းခြင်း၊ MATA၏ နိုင်ငံလုံးဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ စုံညီချိန်အတွင်း ပြုလုပ်ရသော MSG အဖွဲ့ဝင် အရပ်ဘက်လူမှုအဖွဲ့ ၉ ခုကို ရွေးကောက်ခြင်း၊ ဒေသဆိုင်ရာ ကိုယ်စားလှယ်များ ဖွဲ့စည်းခြင်း တို့အတွက် ကွန်ရက်အဖွဲ့ဝင်အားလုံးထံသို့ ဖြန့်ချီထားသည့် ရွေးချယ်ခံမည့်သူများ အမည်စာရင်း တင်သွင်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းလမ်းညွှန်တွင် ဦးစွာ ချမှတ်ထားသည်။ CSO ကိုယ်စားလှယ်များ ရွေးချယ်ခြင်း အတွက် အသုံးပြုသော စံသတ်မှတ်ချက်များကိုလည်း လုပ်ငန်းလမ်းညွှန်တွင် ဖော်ပြထားသည်။ MSG ရှိ လက်ရှိ

---

[54] MEITI (ဖေဖော်ဝါရီ ၂၀၁၇) "အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၇" ကို 2018 စက်တင်ဘာလတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[55] MATA ဝက်ဘ်ဆိုဒ်ကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[56] MEITI (ဇန်နဝါရီ ၂၀၁၇) "MSG လုပ်ထုံးလုပ်နည်းရည်ညွှန်းToR" ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

36


အရပ်ဘက် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ ရွေးချယ်ရာတွင် ဤလုပ်ငန်းစဉ်ကို လိုက်နာခြင်းမရှိကြောင်း ပြောဆိုရန် အထောက်အထားမရှိပါ။ အမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ်ကိုလည်း အားလုံးသိအောင် ဖွင့်ထားခြင်းမရှိ သို့မဟုတ် မမျှတ၊ ပွင့်လင်းမြင်သာမှုမရှိကြောင်း ထုတ်ဖော်ပြောဆိုသည့် အထောက်အထားလည်းမရှိပါ။ အခြား နိုင်ငံအဆင့် ညီလာခံကျင်းပသည့် ၂၀၁၆ခုနှစ်တွင် ပြန်လည်ရွေးကောက်ခြင်းတစ်ခု ပြုလုပ်ခဲ့သည်။ နောက်ရွေးကောက်ပွဲကို လုပ်ငန်းလမ်းညွှန်တွင် သဘောတူညီထားသည့်ရွေးချယ်ခြင်း လုပ်ငန်းစဉ်အသစ်တွင် အခြေခံ၍ ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

*<u>ကုန်ထုတ်လုပ်ငန်းများကို ကိုယ်စားပြုခြင်း</u>*- အမိန့်ကြော်ငြာစာ ၁၁၅/၂၀၁၆ အရ EITI ကို ပြန်လည် ဖွဲ့စည်းပြီးနောက် MOGE က ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများသို့ MSG ကိုယ်စားလှယ်များ ရွေးချယ်ရန် အစည်းအဝေးသို့ ဖိတ်ကြားသည့် စာတစ်စောင်ကို သီးခြားပေးပို့ခဲ့သည်။ အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဓိက ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း လုပ်ကိုင်သူများ[57] အပြင် MOGE ကိုယ်စားလှယ်များလည်းပဲ တက်ရောက်ခဲ့သည်။ အစည်းအဝေးမှတ်တမ်း မိတ္တူတစ်စောင်ကို အမျိုးသားအဆင့် ညှိနှိုင်းရေး အထွေထွေအတွင်းရေးမှူး (NCS) သို့ ပေးပို့ခဲ့သော်လည်း ကိုယ်စားလှယ်ရွေးချယ်သည့် စံသတ်မှတ် ချက်များ ဖော်ပြထားသည့် မှတ်တမ်းမပါရှိသကဲ့သို့ MSG ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းခြင်း အတွက် စီစဉ်ရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများ လည်း မပါရှိပေ။

သတ္တုတွင်းနှင့်ကျောက်မျက်ရတနာအတွက် သတ္တုတွင်းဌာန နှင့် MGE တို့က MGJEA၊ MFPMF နှင့် MFMA စသည့် ကုန်ထုတ်အသင်းအဖွဲ့များကို MSG ကိုယ်စားလှယ်ရွေးချယ်ရန် အဆိုပါ အသင်းအဖွဲ့များသို့ သီးခြားစာရေးသားပေးပို့၍ တောင်းဆိုခဲ့သည်။ MGJEA နှင့် MFMA နှစ်ဖွဲ့စလုံးက သတ္တုတွင်းဌာန နှင့် MOPF သို့ ပြန်လည်ဖြေကြားသောစာတွင် သူတို့သည် MSG အတွက် ကိုယ်စားလှယ်များကို ရွေးချယ်သည့် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ရေးသားထားသည်။ သို့သော်လည်း အဆိုပါ အစည်းအဝေး၏ မှတ်တမ်းနှင့် MSG ကိုယ်စားလှယ်ရွေးချယ်ခြင်းအတွက် စံသတ်မှတ်ချက်များကို ပေးပို့ခြင်းဖြစ်စေ အများပြည်သူသိရှိနိုင်အောင် ပြုလုပ်ထားခြင်းဖြစ်စေ မရှိပေ။ ကုမ္ပဏီကိုယ်စားပြုမှု အနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း ကျောက်မျက် ကုမ္ပဏီများ ပါဝင်လာခြင်းမှအပ MSG တွင် ကုမ္ပဏီကိုယ်စားလှယ်များ ပါဝင်မှုမှာ အပြောင်းအလဲ မရှိပေ။

*<u>အစိုးရကိုယ်စားပြုမှု</u>* - MSG ၏ အစိတ်အပိုင်းအဖြစ် အောက်ပါ အေဂျင်စီများမှ အစိုးရကိုယ်စားလှယ်များကို အမိန့် အမှတ် ၂၄/၂၀၁၇ အရ ခန့်အပ်ထားသည်။ MOPF (ပြည်တွင်းအခွန်များဦးစီးဌာန အပါအဝင်)၊ MONREC (သတ္တုတူးဖော်ရေးဌာန၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းနှင့် မြန်မာ့သစ်လုပ်ငန်းတို့အပါအဝင်)၊ MHA ၏ အုပ်ချုပ်ရေးဌာန၊ MOEE မှ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း နှင့် OAG တို့ဖြစ်သည်။

အစိုးရအေဂျင်စီတစ်ခုစီတို့သည် စီစဉ်ပြီးဖြစ်ပုံမရသည့် ဌာနတွင်းဖွဲ့စည်းပုံကိုအခြေခံ၍ MSG အတွက် ကိုယ်စားလှယ် တစ်ဦးစီထားရှိရန် သဘောတူ ညီခဲ့သည်။ NCS က နိုင်ငံတကာအထွေထွေ အတွင်းရေးမှူးရုံး ထံသို့ ရက်စွဲနှင့် အမည်စာရင်းအပါအဝင် အစိုးရ ကဏ္ဍမှ ရွေးချယ်ထားသော MSG အဖွဲ့ဝင်များ စာရင်းကို ပေးပို့ခဲ့သည်။ သို့သော်လည်း ထိုမှတ်တမ်းများမှာ MEITI ဝက်ဆိုက်တွင် တင်ထားခြင်းမရှိသေးပါ။ အမိန့် ကြော်ငြာစာ ၂၄/၂၀၁၇ ထုတ်ပြန်လိုက်သောအခါ အစိုးရကိုယ်စားလှယ်များတွင် အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။

*<u>တာဝန်နှင့်လုပ်ပိုင်ခွင့်များ</u>* (လုပ်ငန်းလမ်းညွှန် - TOR) - လုပ်ငန်းလမ်းညွှန်တွင် EITI စံနှုန်း ပြဋ္ဌာန်းချက် ၁.၄ (a) (၄) ၏ လက္ခဏာများအားလုံး အကျုံးဝင်သည့် MSG ၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းစွာ ဖော်ပြထားသည်။ တနည်းအားဖြင့် နိုင်ငံအဆင့် အထွေထွေအတွင်းရေးမှူးရုံးက MSG ထံသို့သာ ထောက်ပံ့ကူညီပေးရန် မဟုတ်ဘဲ MSG ကဖွဲ့စည်းထားသည့် ကော်မီတီခွဲများ (ဆပ်ကော်မီတီများ) နှင့် လုပ်ငန်းအဖွဲ့များကိုပါ ထောက်ပံ့ပေးရန် မျှော်မှန်းထားသည်။ လုပ်ငန်းလမ်းညွှန်ကို MEITI ဝက်ဆိုက်တွင် ရယူကြည့်ရှုနိုင်သည်။[58]

MSG က လုပ်ငန်းလမ်းညွှန်ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည် သုံးသပ်ခဲ့သည်။ လုပ်ငန်း လမ်းညွှန် ပြင်ဆင်ချက်တွင် အဖွဲ့ဝင် ၂၅ ဦးသို့ တိုးမြှင့်ခြင်း နှင့် MSG အဖွဲ့ဝင် သက်တမ်းကို သုံးနှစ်မှ ငါးနှစ်သို့ ပြောင်းလဲသတ်မှတ်ခြင်း၊ MSG ၏

[57] TEPM, PCML, PTTEPI and MPRL E&P

[58] MEITI (ဇန်နဝါရီ ၂၀၁၇) "MSG လုပ်ထုံးလုပ်နည်းရည်ညွှန်းToR" ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

ပြဋ္ဌာန်းချက်အရ တာဝန်နှင့်ဝတ္တရားများ ထည့်သွင်းခြင်း၊ ၂၀၁၆ ခုနှစ် EITI စံနှုန်းများ ဆိုင်ရာ ကိုးကားချက်များထည့်သွင်းခြင်း တို့ပါဝင်သည်။

*ကိုယ်စားပြုမှု* - လုပ်ငန်းလမ်းညွှန်တွင် MSG အဖွဲ့ဝင်အရေအတွက် ဆိုင်ရာပုဒ်မများ (အခန်း ၅)၊ နယ်ပယ်တစ်ခုစီမှ ကိုယ်စားလှယ်များ၏ ဝတ္တရားများ (အခန်း ၆.၄) တို့ ပါဝင်သည်။ MSG အဖွဲ့ဝင်များသည် သက်တမ်း ၅ နှစ်ကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နောက်သက်တမ်းအတွက် ပြန်လည်အရွေးခံနိုင်သည် (အခန်း ၅.၅) ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဤအခန်းတွင် ကိုယ်စားပြုမှု တဆက်တည်းဖြစ်စေရန်နှင့် MSG အတွင်း အဖွဲ့အစည်းဆိုင်ရာ မှတ်မိနိုင်မှုရှိစေရန် နယ်ပယ်တစ်ခုစီမှ မူလ အဖွဲ့ဝင်၏ အနည်းဆုံး သုံးပုံတစ်ပုံသည် နောက်ထပ်သက်တမ်းအတွက် တာဝန် ထမ်းဆောင်ရမည်ဟု နောက်ထပ် အကြံပြုထားသည်။

ထို့ပြင်၊ အခန်း ၅.၃ တွင် လစ်လပ်မှုများကို MSG အဖွဲ့ဝင်များ အစားထိုး တာဝန်ပေးခြင်းအားဖြင့် ဖြည့်ဆည်းရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်။ သက်ဆိုင်သော နယ်ပယ်က အသစ်တာဝန်ပေးမည့်သူကို အမည်တင်သွင်းရမည် ဖြစ်သည်။ တနည်းအားဖြင့်၊ သက်ဆိုင်ရာနယ်ပယ်သည် MSG အဖွဲ့ဝင် အသစ်တစ်ဦးကို အမည်တင်သွင်းနိုင်ပြီး MSG ဥက္ကဋ္ဌက လူစားထိုးမှုကို အတည်ပြုပေးနိုင်သည်။ နှစ်စဉ်လုပ်ငန်း တိုးတက်မှု အစီရင်ခံစာတွင် MSG အဖွဲ့ဝင်အပြောင်းအလဲကို ထည့်သွင်းဖော်ပြသည်။ သို့သော် အပြောင်းအလဲအတွက် ဆွေးနွေးမှုသည် အစည်းအဝေးမှတ်တမ်းတွင် ဖော်ပြရန်မဟုတ်ဘဲ၊ အပြောင်းအလဲပြုလုပ်သည့် ရက်စွဲများနှင့် ခွင့်ပြုသည့်အချက်များထက် အဖွဲ့ဝင်ဟောင်းနှင့် အသစ်တို့၏ အမည်များကိုသာ ဖော်ပြရန် ဖြစ်သည်။ လစ်လပ်နေရာကို အစားထိုးပြန်လည်ဖြည့်ဆည်းခြင်းအတွက် အကျဉ်းချုပ်ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများကို မလိုက်နာဟု ဖော်ပြရန် မရှိပါ။

*အဖွဲ့ အတွင်းအုပ်ချုပ်မှု* - လုပ်ငန်းလမ်းညွှန်၏ အခန်း ၇ တွင် MSG အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ လုပ်ငန်းလည်ပတ်မှု စည်းမျဉ်းများနှင့် လုပ်ထုံး လုပ်နည်းများ ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ ဤအခန်းတွင် အစည်းအဝေး အကြိမ်အရေအတွက်၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများ၊ အစည်းအဝေး မှတ်တမ်းကို အတည်ပြုခြင်းတို့ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်သကဲ့သို့ ကြိုတင်စီစဉ်ရမည့် အစည်းအဝေး ဖိတ်ကြားစာနှင့် ဖြန့်ဝေရမည့် သက်ဆိုင်ရာ စာရွက်စာတမ်း စောင်ရေတို့လည်း ပါဝင်သည်။ လုပ်ငန်းလမ်းညွှန်တွင် MEITI အထွေထွေအတွင်းရေးမှူးရုံးသည် အစည်းအဝေးမှတ်တမ်းကို အတည်ပြုရန် မှတ်တမ်းမူကြမ်းကို MSG ထံသို့ အစည်းအဝေးပြုလုပ်ပြီး တစ်ပတ်အတွင်း ပေးပို့ရမည်ဟု ချမှတ်ထားသည်။ ဤအချက်သည် လက်တွေ့တွင် အမြဲတမ်းမလိုက်နာကြောင်း မှတ်တမ်းမှတ်ရာများကို ပြန်လည်သုံးသပ်ခြင်းမှ တွေ့ရသည်။ ကြိုတင်ဖြန့်ဝေသော စာရွက်စာတမ်းများ မလုံလောက်ခြင်းနှင့် ပတ်သက်၍ CSO များ၏ တိုင်ကြားမှုကို ဖော်ပြထားသည့်အတိုင်း ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ရက်နေ့တွင် ကျင်းပခဲ့သော MSG အစည်းအဝေး မှတ်တမ်းတွင် ဖော်ပြထားသည်။[59] လုပ်ငန်းလမ်းညွှန်၏ အခန်း ၇.၁ တွင် MEITI ကMSG အစည်းအဝေးကို အနည်းဆုံး နှစ်လလျှင် တစ်ကြိမ် ကျင်းပရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ အစည်းအဝေးမှတ်တမ်းများကို ပြန်လည်သုံးသပ်ခြင်းကို အခြေခံ၍ MSG သည် ၂၀၁၇ခုနှစ် မတ်လမှ စ၍ ၂၀၁၈ခုနှစ်မတ်လအထိ လတိုင်းနီးပါးတွင် အစည်းအဝေးများ ပြုလုပ်ခဲ့သည်။ အစည်းအဝေးများကို ရန်ကုန်နှင့် နေပြည်တော်တွင် တလှည့်စီ ပြုလုပ်သည်။ လုပ်ငန်းလမ်းညွှန် အခန်း ၉ တွင် MSG အဖွဲ့ဝင်များသည် တာဝန်များကို ထမ်းဆောင်ရာတွင် လိုက်နာကျင့်သုံးရမည့် အပြည်ပြည်ဆိုင်ရာ EITI ကျင့်ဝတ်များနှင့်အညီ[60] ထမ်းဆောင်ရန် သဘောတူသည်ဟု ရေးသားထားသည်။

လုပ်ငန်းအစီအစဉ်နှင့်အုပ်ချုပ်မှုကော်မီတီ၊ နည်းပညာနှင့် အစီရင်ခံခြင်း ကော်မီတီ၊ ဆက်သွယ်ရေးနှင့် ကွင်းဆင်းရေး ကော်မီတီ နှင့် သတ္တုတွင်း လုပ်ကွက်လိုင်စင်မှတ်ပုံတင်ခြင်းဆိုင်ရာ (Mining cadaster) ကော်မီတီ ဟူသော ဆပ်ကော်မီတီလေးခုက MSG ၏ လုပ်ငန်းများကို ထောက်ကူပေးသည်။ ဆပ်ကော်မီတီ အဆင့်တွင် အကြောင်းအရာအများအပြားစုကို အကြံပြုချက်များနှင့်အတူ ဂရုတစိုက် ဆွေးနွေးခဲ့ကြပြီး MSG သို့ တင်ပြကြောင်း သိရသည်။ ဆပ်ကော်မီတီ အစည်းအဝေးမှတ်တမ်းများ မရှိသော်လည်း MSG အစည်းအဝေးသည် ဆပ်ကော်မီတီ တစ်ခုချင်းစီ၏ လုပ်ငန်းများ၏ အစီရင်ခံမှုများကို ထင်ဟပ်သည်။

*ဆုံးဖြတ်ချက်ချမှတ်ခြင်း*- လုပ်ငန်းလမ်းညွှန် အခန်း ၇.၂ တွင် MSG သည် အများသဘောဆန္ဒအရ ဆုံးဖြတ်ချက်များ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ အများသဘောဆန္ဒမရရှိလျှင် နယ်ပယ်တစ်ခုချင်းစီက အကြောင်းအရာကို ၁၄ ရက်အတွင်း ဆွေးနွေးရမည် ဖြစ်သည်။ ထိုသို့ဆွေးနွေးပြီးနောက် အထူး အစည်းအဝေး တစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်သည်။ လူစားထိုးထားသော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့

[59] MEITI (ဇွန်၂၀၁၇) "လေးကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဇူလိုင်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[60] MEITI MSG လုပ်ထုံးလုပ်နည်းရည်ညွှန်းToR ၏ နောက်ဆက်တွဲ ၂

အဖွဲ့ဝင်များသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်သည်။ ယေဘုယျအားဖြင့် မူလ ဖွဲ့ဝင်များ၏ လုပ်ငန်းများအားလုံးကို မူလအဖွဲ့ဝင် မတက်ရောက်နိုင်သည့်အချိန်တွင် ဆောင်ရွက်နိုင်သည်။ သို့သော် ၎င်းတို့ကို MEITI ရှေ့လုပ်ငန်းစဉ်များ၊ MSG ၏ လုပ်ငန်းလမ်းညွှန်၊ နှစ်စဉ်တိုးတက်မှု အစီရင်ခံစာနှင့် EITI အစီရင်ခံစာတို့နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ခွင့်မပြုပါ။ MSG အစည်းအဝေးမှတ်တမ်းများကို ပြန်လည်သုံးသပ်ရာတွင် ဆုံးဖြတ်ချက်အားလုံးသည် အများသဘောဆန္ဒဖြင့် ပြုလုပ်ထားကြောင်း တွေ့ရသည်။

*<u>မှတ်တမ်းများသိမ်းဆည်းခြင်း</u>* - လုပ်ငန်းလမ်းညွှန် အခန်း ၆.၅ တွင် MSG အစည်းအဝေး မှတ်တမ်းများ ပြင်ဆင်ခြင်းနှင့် MSG ၏ အတည်ပြုချက်ရပြီးလျှင် အများသိအောင် ထုတ်ပြန်ခြင်းတို့သည် MEITI အထွေထွေအတွင်းရေးမှူးရုံး၏ တာဝန်ဖြစ်သည်ဟု သတ်မှတ်ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အတွင်းက MSG ကို ပြန်လည်ဖွဲ့စည်းပြီးနောက်ပိုင်းတွင် အစည်းအဝေးမှတ်တမ်းများကို MEITI ကသာ ထုတ်ပြန်ရန် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစည်းအဝေး မှတ်တမ်း အများစုတွင် ပါဝင်သော အကြောင်းအရာများမှာ ယေဘုယျအကြောင်းအရာများသာဖြစ်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်ကိုသာ ဖော်ပြသည်။ ထည့်သွင်း စဉ်းစားသော ရွေးချယ်မှုဆိုင်ရာ ဆွေးနွေးမှုများနှင့် MSG ဆုံးဖြတ်ချက်များအတွက် အကြောင်းပြချက်များကို ရှင်းလင်းစွာ မှတ်တမ်းတင်ခြင်း မရှိပါ။ MEITI အထွေထွေအတွင်းရေးမှူးရုံးသည် မြန်မာဘာသာစကားဖြင့် ရေးသားထားသော ဆပ်ကော်မီတီများ၏ အစည်းအဝေးမှတ်တမ်းများကိုလည်း သိမ်းဆည်းသည်။ သို့သော် ထိုမှတ်တမ်းများကို MEITI ဝက်ဆိုက်တွင် ထုတ်ပြန်ဖော်ပြခြင်းမရှိပါ။

*<u>MSG ၏ စွမ်းရည်</u>* - MSG အဖွဲ့ဝင်များသည် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်နိုင်စွမ်း ရှိရမည်ဟု လုပ်ငန်းလမ်းညွှန် အခန်း ၆.၄ တွင် ဖော်ပြထားသည်။ MSG အစည်းအဝေးများ၏ မှတ်တမ်းများတွင် နယ်မြေအားလုံးမှ MSG အဖွဲ့ဝင်များသည် အစီရင်ခံစာ၏ နယ်ပယ်နှင့် အရေးပါမှုတို့နှင့်ဆက်စပ်သော နည်းပညာဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်နိုင်သည့် စွမ်းရည်ရှိသည်။[61] EITI လှုပ်ရှားမှု မှတ်တမ်းများတွင် MSG အဖွဲ့ဝင်များသည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် သက်ဆိုင်ရာ ပြဿနာများနှင့် ပတ်သက်သော ဆွေးနွေးမှုများ၌ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်စွမ်းရှိကြောင်း တွေ့ရှိနိုင်သည်။ အတည်ပြုထားသော ရှေ့လုပ်ငန်းအစီအစဉ်တွင် အမျိုးမျိုးသော စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများပါဝင်သည်။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် MSG ၏ အဂတိလိုက်စားမှု အန္တရာယ်များကိုနားလည်ခြင်းနှင့် EITI က ထိုအန္တရာယ်များကို လျော့ချနိုင်မည့်နည်းလမ်း၊ တနိုင်တပိုင်သတ္တုတွင်းများရှိ ပြဿနာများကို သုံးသပ်ခြင်း၊ သတ္တုတွင်း လုပ်ကွက်လိုင်စင်မှတ်ပုံတင်ခြင်းစနစ် (Mining Cadastre) ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို နားလည်ခြင်းနှင့် အခြား အရင်းအမြစ်အုပ်ချုပ်မှုနှင့် အခွန်ဘဏ္ဍာစနစ်နှင့် ပတ်သက်သည့် ပိုမိုကျယ်ပြန့်သော ပြဿနာများကို နားလည်ခြင်းတို့တွင် MSG ၏ စွမ်းရည်ကိုမြှင့်တင်ပေးရန် ရည်မှန်းထားသော လှုပ်ရှားမှုများပါဝင်သည်။ လက်ရှိတွင် အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်နေဆဲ ဖြစ်သည်။

*<u>စရိတ်ပံ့ပိုးမှု -</u>* လုပ်ငန်းလမ်းညွှန် အခန်း ၉ တွင် MSG အဖွဲ့ဝင်များကို သော်လည်းကောင်း MEITI အထွေထွေအတွင်းရေးမှူးရုံး ကိုသော်လည်းကောင်း ပံ့ပိုးရမည့် စရိတ် သတ်မှတ်ရာတွင် မျှတသော အမှန်တကယ်ကုန်ကျစရိတ် နှင့် ကောင်းမွန်သော နိုင်ငံတကာမှ ကျင့်သုံးမှုများတွင် အခြေခံတွက်ချက်ရမည် ဟု ပြဋ္ဌာန်း ထားသည်။ လုပ်ငန်းလမ်းညွှန်တွင် ပံ့ပိုးမည့် စရိတ်သတ်မှတ်ရာ၌ နိုင်ငံ၏ ဥပဒေများ၊ နည်းဥပဒေများကို စောင့်ထိန်းရမည်ဟုလည်း ထည့်သွင်းထားသည်။ MSG ၏ စရိတ်ပံ့ပိုးမှု မူဝါဒသည် Myanmar Partnership Multi-Donor Trust Fund (MP-MDTF)[62] ဆိုင်ရာ အကောင်အထည်ဖော်ခြင်း လက်စွဲကိုလည်း ထင်ဟပ်သည်။ ထို လက်စွဲကို MEITI ဝက်ဆိုက်တွင် ရယူနိုင်သည်။ (လက်စွဲတွင် သင်တန်း၊ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်ရန် ဒေသတွင်းနှင့်နိုင်ငံတကာ ခရီးသွားလာရခြင်းတို့ အတွက် သယ်ယူပို့ဆောင်ခြင်း၊ တည်းခိုနေထိုင်ခြင်း၊ နှင့် နေ့စဉ် ကုန်ကျစရိတ်ခွင့်ပြုချက်များအတွက် ပေးချေမှုများကို ပံ့ပိုးသည်ဟု ဖော်ပြထားသည်။) သို့သော်လည်း နိုင်ငံတကာခရီးစဉ်များသည် MSG ၏ အတည်ပြုထားသော ရှေ့လုပ်ငန်းစဉ်တွင် ပါရှိရမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်မှ မကန့်ကွက်ကြောင်း အတည်ပြုစာ လိုအပ်မည်ဖြစ်သည်။)

*<u>တက်ရောက်သူစာရင်း</u>* - MSG ၏ လုပ်ငန်းလမ်းညွှန် အခန်း ၇.၁ တွင် MSG သည် အနည်းဆုံး နှစ်လလျှင် တစ်ကြိမ်တွေ့ဆုံရမည်ဟု ပြဋ္ဌာန်းထားသည်။ အဖွဲ့ဝင်များ၏ အစည်းအဝေးတက်ရောက်သူစာရင်းကို နှစ်စဉ်တိုးတက်မှု အစီရင်ခံစာနောက်ဆက်တွဲတွင် ရရှိနိုင်သည်။ လုပ်ငန်းလမ်းညွှန်၏ အခန်း ၇.၂

[61] ၅-၆ အောက်တိုဘာ ၂၀၁၅ မှ ၁၁ ကြိမ်မြောက် MSG အစည်းအဝေး နှင့် ၂၀၁၇ အောက်တိုဘာ ၂ ရက်မှ ၇ ကြိမ်မြောက် MSG အစည်းအဝေး

[62] MEITI (ဒီဇင်ဘာ ၂၀၁၇) မြန်မာမိတ်ဖက်ပါတနာအလှူရှင်များရံပုံငွေအဖွဲ့အတွက် အကောင်အထည်ဖော်ရေးလမ်းညွှန် ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

တွင် အစည်းအဝေးအထမြောက်ရန် အနည်းဆုံးလိုအပ်သည့် ဦးရေမှာ အဖွဲ့ဝင် စုစုပေါင်းအရေအတွက်၏ ၅၀ ရာခိုင်နှုန်းကျော် နှင့် နယ်ပယ်တစ်ခုစီမှ ကိုယ်စားလှယ်များ၏ ၅၀ ရာခိုင်နှုန်းကျော် ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ တက်ရောက်သူစာရင်းမှတ်တမ်းက MSG အစည်းများအားလုံးတွင် အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ဦးရေရောက်ရှိကြောင်းဖော်ပြနေသည်။

*<u>နိုင်ငံအဆင့် အထွေထွေ အတွင်းရေးမှူးရုံး</u>* - MEITI ရုံးဘတ်ဂျက်ဌာန (MOBD) ကို ၂၀၁၅ ခုနှစ်က MOPF အတွင်း ဖွဲ့စည်းခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် အမိန့်ကြော်ငြာစာ အမှတ် ၁၁၅/၂၀၁၆ ဖြင့် ရီနေဆန့် အင်စတီကျု (Renaissance Institute) ကို နိုင်ငံအဆင့် ညှိနှိုင်းရေး အတွင်းရေးမှူးရုံး (NCS) အဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။ MEITI အထွေထွေအတွင်းရေးမှူးရုံး၏ ဝတ္တရားများကို MOBD နှင့် NCS တို့အကြားမျှဝေထားသည်။ MOBD သည် အကောင်အထည်ဖော်ရေးအတွက် ရုံပုံငွေကိုစီမံခန့်ခွဲခြင်း တာဝန်ရှိပြီး ဝယ်ယူရေး နှင့်ပတ်သက်၍ ဦးဆောင်အေဂျင်စီဖြစ်သကဲ့သို့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် အစီရင်ခံမှု တို့အတွက်လည်း တာဝန်ရှိသည်။ အခြားတစ်ဘက်တွင် NCS သည် MEITI လုပ်ငန်းအစီအစဉ်များကို ထိရောက်သောအကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ရန် တာဝန်ရှိသည်။ ထိုရုံးနှစ်ခုလုံးသည် MSG သို့ အစီရင်ခံရသည်။ ၂၀၁၇ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့တွင် MOPF နှင့် ရီနေဆန်းအင်စတီကျု့တို့ အကြား နားလည်မှု စာချွန်လွှာ (MOU) တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ နားလည်မှုစာချွန်လွှာ တွင် MOBD နှင့် NCS တို့၏ အခန်းကဏ္ဍ ကွဲပြားမှုကို ရှင်းလင်းစွာ ဖော်ပြထားသည်။ လုပ်ငန်းလမ်းညွှန် အခန်း ၆.၅ အရ MEITI အထွေထွေအတွင်းရေးမှူးရုံး၏ လုပ်ပိုင်ခွင့်သည် MEITI အတွက် ဖွဲ့စည်းထားသော ဥက္ကဌ၊ ဒုဥက္ကဌ၊ ဆပ်ကော်မီတီများ၊ လုပ်ငန်း အဖွဲ့များ အပါအဝင် MSG ၏ အဖွဲ့ဝင်များကို အုပ်ချုပ်ရေး၊ နည်းပညာနှင့် ညှိနှိုင်းရေး ထောက်ပံ့မှုများပေးရန် ဖြစ်သည်။ လက်ရှိ NCS သည် နိုင်ငံအဆင့် ညှိနှိုင်းရေးမှူး ဦးစိုးဝင်း ဦးဆောင်သည့် ဝန်ထမ်း ၁၃ ဦးဖြင့် ဖွဲ့စည်းထားသည်။[63] အခြားဝန်ထမ်းများတွင် လက်ထောက် ညှိနှိုင်းရေးမှူး၊ အစီအစဉ်အကြံပေးနှင့် မန်နေဂျာ၊ နည်းပညာ ကျွမ်းကျင်၊ ဆက်သွယ်ရေးအရာရှိ၊ အုပ်ချုပ်စီမံရေးအရာရှိ၊ ဘဏ္ဍာရေးအရာရှိ နှင့် အခြား အမျိုးမျိုးသော နည်းပညာနှင့်အုပ်ချုပ်ရေး ဝန်ထမ်းများ ပါဝင်သည်။ တနည်းအားဖြင့် MOBD ကို MOPF မှ အမှုထမ်းများဖြင့် ဖြည့်ဆည်းထားသည်။

## မိတ်ဖက်အဖွဲ့များ၏ အမြင်များ

ဆွေးနွေးမှုတွင် ပါဝင်သူများက အားလုံးသော နယ်ပယ် သုံးခုသည် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG) တွင် လုံလောက်စွာကိုယ်စားပြု ပါဝင်ကြသည်ဟု သဘောတူညီကြသည်။ အလုပ်အမှုဆောင်ကော်မီတီနှင့် ဦးဆောင်ကော်မီတီ အစည်းအဝေးများတွင် အစိုးရအဖွဲ့ဝင်များကို ရွေးချယ်ခဲ့ပြီး ရွေးချယ်ခြင်း လုပ်ငန်းစဉ်သည် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိသည်ဟု NCS က မှတ်ချက်ပြုသည်။ CSO ကိုယ်စားလှယ်များ က MSG အဖွဲ့ဝင် ရွေးချယ်ခြင်းကို EITI ကို အတည်ပြုခဲ့သော ၂၀၁၃ ခုနှစ် နိုင်ငံအဆင့် ညီလာခံပြီးမှ ပြုလုပ်ခြင်း ဖြစ်သည်ဟု ရှင်းပြသည်။ အရပ်ဘက် အဖွဲ့အစည်းများမှ ပါဝင်ပတ်သက်သူများ၏ အဆိုအရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရှိ တွင်းထွက်သယံဇာတတူးဖော်ရေးကဏ္ဍတွင် ပါဝင်သော အဖွဲ့ဝင်များအပါအဝင် တက်ရောက်သူ ၅၀၀ ကျော်သည် နိုင်ငံအဆင့် ညီလာခံကို တက်ရောက်ခဲ့သည်။ CSO ကိုယ်စားလှယ်တစ်ဦးက MSG အဖွဲ့ဝင် ရွေးချယ်ရေးအတွက် လုပ်ငန်းစဉ်ကို အားလုံးသို့ ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး MATA အဖွဲ့ဝင်ဖြစ်ခြင်းအတွက် ကန့်သတ်ထားခြင်းမရှိဟု ဖော်ပြခဲ့သည်။ အမျိုးမျိုးသော အရပ်ဘက် လူမှုအဖွဲ့အစည်းများက ၂၀၁၃ခုနှစ်တွင် ပထမဆုံး အဖွဲ့ဝင်များကို ရွေးကောက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပါဝင်သော တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှု ပြဿနာများနှင့် ပတ်သက်၍ လှုပ်ရှားလုပ်ကိုင်နေသော ပုဂ္ဂိုလ်များလည်း ပါဝင်သည် ဆိုသည်။ ထိုကာလတွင် ကိုယ်တိုင်ဖွဲ့စည်းနေရဆဲ ကာလဖြစ်သဖြင့် ရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများကို စနစ်တကျမရေးဆွဲနိုင်ခဲ့ပေ။ အဖွဲ့အစည်းအများအပြားမှ ညှိနှိုင်းရေး အဖွဲ့တစ်ခုက တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်း အလိုက်၊ အဖွဲ့တစ်ခုစီကအထူးပြု ဆောင်ရွက်သည့်နယ်ပယ်ကို ဖော်ပြ ပြုစုထားသော UNDP ၏ စာရင်းကို အခြေခံ၍ ပါဝင်သူ ၅၀၀ကျော်သော နိုင်ငံအဆင့် ညီလာခံတစ်ရပ်ကို ပြုလုပ်ကျင်းပခဲ့သည်ဟု ပြန်ပြောင်းပြောဆိုသည်။ ထိုညီလာခံမှ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုမှ ကိုယ်စားလှယ်များကို ရွေးကောက်ခြင်း၊ ဗဟို အလုပ်အမှုဆောင် ကော်မီတီကို ရွေးကောက်ခြင်းများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကျင်းပသော နောက်ထပ် ညီလာခံတစ်ရပ်တွင် ပြန်လည်ရွေးကောက်ခြင်းကို ပြုလုပ်ခဲ့သည်။ နောက်တစ်ကြိမ် ပြုလုပ်မည့် ရွေးကောက်ပွဲကို လုပ်ငန်းလမ်းညွှန်တွင် သဘောတူထားသည့် ရွေးချယ်ရေးလုပ်ငန်းစဉ်ကို အခြေခံလျက် ၂၀၁၉ခုနှစ်တွင် ပြုလုပ်ရန် လျာထားသည်။ ပါဝင်ဆွေးနွေးခဲ့ကြသော CSO များက ၎င်းတို့သည် တိုင်းနှင့်ပြည်နယ် ၁၄ခု အတွက် ၁၂ ဦးမှ ၁၅ ဦးအထိ ပါဝင်သော လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းရန် ရည်ရွယ်သည်ဟု ဖော်ပြသည်။ ထို့နောက် ဤလုပ်ငန်းအဖွဲ့မှ ပုဂ္ဂိုလ် ၅ ဦးကို MSG ကိုယ်စားလှယ်အဖြစ် အမည်တင်သွင်းနိုင်မည့် ပုဂ္ဂိုလ် ၇၀ အတွက် အစုတစ်ခု ဖန်တီးရန် ရွေးချယ်မည်ဖြစ်သည်။ ကျန် MATA အဖွဲ့ဝင်များမှ ရွေးကောက်ပွဲကို မည်သို့ပြုလုပ်မည် ဆိုသည်ကို ရှင်းလင်းစွာဖော်ပြခြင်းမရှိပါ။

MATA သို့မဟုတ် MSG တွင် ပါဝင်ရန် ရည်ရွယ်ချက်ကို ဖော်ပြသည့် အဖွဲ့အစည်းဖြစ်နိုင်ခြင်းရှိမရှိကို မေးမြန်းရာတွင် မလုပ်နိုင်ကြောင်း၊ MATA အဖွဲ့ဝင်များက စတင်ဖွဲ့စည်းဆဲ အချိန်တွင် စနစ်ကျသော လုပ်ငန်းစဉ်များ မရှိဘဲ ဖြစ်နေနိုင်သည်ဟု ယူဆနိုင်ကြောင်း ဖြေကြားသည်။ သူတို့သည် ယခင်က အာဏာပိုင်ကို ကိုယ်စားလှယ်များအား လွတ်လပ်စွာရွေးချယ်ရန် အခြေအနေပေးခဲ့သည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ MATA ကိုယ်စားလှယ်ရွေးကောက်ခြင်းသည် တားဆီးပိတ်ပင်မှုများမရှိပဲ လွတ်လပ်စွာ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

[63] အတွင်းရေးမှူးရုံးအဖွဲ့ဝင်များစာရင်းကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

40



လုပ်ငန်းရှင်များအတွက်၊ MFMA နှင့် MGJEA တို့မှ ကိုယ်စားလှယ်များက MSG တွင်ပါဝင်သော ၎င်းတို့၏ ကိုယ်စားလှယ်များကို သက်ဆိုင်ရာအဖွဲ့များ၏ အစည်းအဝေးတွင် ရွေးချယ်ခဲ့ကြသည်ဟု အတည်ပြု ပြောဆိုသည်။ သို့သော်လည်း သက်ဆိုင်ရာအစည်းအဝေး မှတ်တမ်းများကို ပေးအပ်ခြင်းမရှိပါ။ လုပ်ငန်းရှင်ကဏ္ဍမှ ပါဝင်သူတစ်ဦးက ကျောက်မျက်ကဏ္ဍအတွက် ကိုယ်စားလှယ်ရွေးချယ်ရာတွင် မြေပြင်ရှိကျောက်မျက်နှင့် ကျောက်စိမ်း ပြဿနာများကို နားလည်သိရှိသည့် ပုဂ္ဂိုလ်ဖြစ်ရမည်၊ EITI နှင့်ရင်းနှီးရမည်၊ အလားတူပင် နိုင်ငံတကာအတွေ့အကြုံနှင့် MGJEA အဖွဲ့ဝင်သက်တမ်းတစ်ခု ရှိရမည်ဟုစံသတ်မှတ်ကြောင်းမှတ်ချက်ပြုသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့တွင်၊ ကုမ္ပဏီများက ရွေးကောက်ရေးကော်မီတီကိုဖွဲ့စည်းခဲ့ပြီး MSG ကိုယ်စားလှယ်များကို ရွေးချယ်သည့်အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ လက်တွေ့တွင် မြန်မာယန်စီကြေးနီကုမ္ပဏီနှင့် MFPMF အပါအဝင် ကုန်ထုတ်လုပ်မှု ကဏ္ဍမှ ကိုယ်စားလှယ်များကို မည်သို့ ရွေးချယ်ခဲ့သည်ဆိုသည့် မှတ်တမ်းများ မရှိပေ။

MSG ၏ လုပ်ငန်းလမ်းညွှန် အတည်ပြုချက် နှင့် ပြန်လည်သုံးသပ်ခြင်းတို့ နှင့်ပတ်သက်၍ ၊ NCS က MSG သည် ၂၀၁၇ မတ်လက ပြုလုပ်ခဲ့သော ပထမဆုံးအစည်းအဝေး၌ ၂၀၁၄ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့သော လက်ရှိလုပ်ငန်းလမ်းညွှန်အတိုင်းဆက်လက် ထားရှိရန် သဘောတူညီခဲ့သည်ဟု ရှင်းလင်းတင်ပြသည်။ လုပ်ငန်းလမ်းညွှန်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ အစည်းအဝေးတွင် လုပ်ငန်းအစီအစဉ်နှင့် အုပ်ချုပ်မှုဆပ်ကော်မီတီက ပြန်လည်သုံးသပ်ခဲ့သည်။ NCS က ဆွေးနွေးမှုများအစဉ်လိုက် ပြုလုပ်ခဲ့ပြီးသည့်နောက် MSG က ပြန်လည်သုံးသပ်ထားသော လုပ်ငန်းလမ်းညွှန်ကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၄-၁၅ တွင် ပြုလုပ်ခဲ့သော အစည်းအဝေး၌ အတည်ပြုခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း လုပ်ငန်းလမ်းညွှန် အတည်ပြုချက်ကို အစည်းအဝေးမှတ်တမ်းတွင် မဖော်ပြပါ။ ဆွေးနွေးကြသော ပါဝင်ပတ်သက်သူ အားလုံးက လုပ်ငန်းလမ်းညွှန်အတည်ပြုချက်မူကြမ်းရေးဆွဲရာတွင် ပါဝင်ခဲ့ကြောင်း အတည်ပြုပြောဆိုသည်။

လုပ်ငန်းလမ်းညွှန်တွင် ပါဝင်သော ပြဋ္ဌာန်းချက်များကို လက်တွေ့လိုက်နာကျင့်သုံးကြောင်း ပါဝင်ပတ်သက်သူ အများအပြားက အတည်ပြုသည်။ MSG အစည်းအဝေး မပြုလုပ်မီကြိုတင်၍ စာရွက်စာတမ်းများကို ကြိုတင်ဝေငှခဲ့ပြီး အစည်းအဝေးအားလုံးတွင် တက်ရောက်သူဦးရေ ပြည့်မီခဲ့သည်ဟု ပါဝင်ဆွေးနွေးသော ကုန်ထုတ်လုပ်ငန်း ကိုယ်စားလှယ်များက ဆိုသည်။ NCS က အစည်းအဝေး ဖိတ်ကြားမှု အားလုံးကို အစည်းအဝေးမတိုင်မီ နှစ်ပတ်အတွင်း MSG အဖွဲ့ဝင်များထံသို့ ပေးပို့ခြင်းမပြုမီ MSG ဥက္ကဋ္ဌက အတည်ပြုခဲ့သည်ဟု ဆိုသည်။ လုပ်ငန်းလမ်းညွှန်အရ၊ အစည်းအဝေး မှတ်တမ်းများကို မှတ်ချက်ပေးရန်နှင့် အတည်ပြုရန်အတွက် MSG သို့ အစည်းအဝေး ပြုလုပြီး ၇ ရက်အတွင်း ပေးပို့ခဲ့သည်။ အစည်းအဝေးတွင် ကိုယ်စားပြုပါဝင်မှုနှင့်ပတ်သက်၍ NCS က MSG အဖွဲ့ဝင်များသည် အစည်းအဝေး တက်ရောက်မည့်သူကို ၎င်းတို့ကိုယ်စား အစားထိုးရန်ရှိပါက အမြဲတစေ ကြိုတင်သတင်းပို့ကြကြောင်း ရှင်းလင်းတင်ပြသည်။

NCS နှင့် ကုန်ထုတ်လုပ်ငန်းမှ ပါဝင်သူများက MSG ဆုံးဖြတ်ချက်များကို အမြဲတမ်း အများသဘောဆန္ဒဖြင့် ပြုလုပ်သည်ဟု အတည်ပြုပြောဆိုသည်။ ကုန်ထုတ်လုပ်ငန်း ကိုယ်စားလှယ်တစ်ဦးက ကုန်ထုတ်လုပ်ငန်းများမှ ကိုယ်စားလှယ်များသည် အစိုးရ၏နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ကို အများသဘောဆန္ဒ ဖြစ်အောင် သဘောတူခဲ့ရသော ဖြစ်ရပ်အချို့ ရှိသော်လည်း ၎င်းတို့၏ ကနဦးပိုင်း သဘောမတူညီမှုကို မှတ်တမ်းတင်ရန် NCS ကိုတောင်းဆိုခဲ့သည်။ အစည်းအဝေးအစီအစဉ် မူကြမ်းနှင့် ပတ်သက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များက အစီအစဉ်တွင် ၎င်းတို့ဆွေးနွေးမည့် အကြောင်းအရာများကို ထည့်သွင်းရန် ခွင့်ပြုသော်လည်း အစိုးရသည် ၎င်းတို့ အဆိုပြုသော ပြဿနာများကို ဆွေးနွေးရန် အချိန်မလုံလောက်ဟု ဆိုလေ့ရှိသည်ဟု ဖော်ပြကြသည်။

စရိတ်ပံ့ပိုးမှုနှင့်ပတ်သက်၍ NCS က MSG သို့ တက်ရောက်သော ကုန်ထုတ်လုပ်ငန်း ကိုယ်စားလှယ်များ အပါအဝင် အခြား EITI နှင့်ဆက်စပ်သည့် လှုပ်ရှားမှုများတွင် ပါဝင်သော MSGအဖွဲ့ဝင်အားလုံး၏ ခရီးသွားလာခြင်း၊ အစားအသောက်နှင့် တည်းခို နေထိုင်ခြင်းအတွက် အမှန်တကယ်ကုန်ကျစရိတ်ကို ငွေပြန်ထုတ်ပေးခဲ့ကြောင်း၊ ရှင်းလင်းတင်ပြသည်။ စရိတ်ပံ့ပိုးငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ MEITI၏ ကျင့်သုံးမှုအပေါ် ဖြစ်လာနိုင်သည့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှု အပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြသူမရှိပါ။

နယ်ပယ်အားလုံးမှ ပါဝင်ပတ်သက်သူများက ရှေ့လုပ်ငန်းစဉ်၊ နှစ်စဉ်တိုးတက်မှု အစီရင်ခံစာနှင့် EITI အစီရင်ခံစာ တို့ကို အတည်ပြုရာတွင် ပါဝင်ခဲ့ပြီး ဖြည့်သွင်းမှုများဖြင့် ပံ့ပိုးခဲ့ကြောင်း အတည်ပြုပြောဆိုသည်။ အစိုးရမှပါဝင်ပတ်သက်သူများက အစိုးရ၊ ကုန်ထုတ်လုပ်ငန်းနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်သော ဆပ်ကော်မီတီအစည်းအဝေးတွင် ရှေ့လုပ်ငန်းစဉ်နှင့် နှစ်စဉ်တိုးတက်မှု အစီရင်ခံစာတို့ကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြောင်းဖော်ပြသည်။ ကုန်ထုတ်လုပ်ငန်း ကိုယ်စားလှယ်တစ်ဦးက MEITI အစီရင်ခံစာ၏ အကြံပြုချက်များတွင် မှတ်ချက်များ

ပေးခဲ့ကြောင်းထပ်လောင်းပြောဆိုသည်။

MSG အဖွဲ့ဝင်များသည် EITI ကိုအကောင်အထည်ဖော်ရန် နှင့် တာဝန်များကို ထမ်းဆောင်ရန် စွမ်းဆောင်ရည်ရှိသည်ဟု သဘောတူညီမှု ရရှိသော်လည်း နောက်ထပ်စွမ်းရည်မြှင့် လှုပ်ရှားမှုများ လိုအပ်နေသေးကြောင်းကိုလည်း လက်ခံသဘောတူကြသည်။

ဖွံ့ဖြိုးရေးမိတ်ဖက်များက NCS ကဆွေးနွေးမှုကို အဆင်ပြေအောင် ညှိနှိုင်းဖြည့်ဆည်းရာတွင် သိသိသာသာ တိုးတက်လာသောကြောင့် လက်ရှိ MSG သည် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်သည်ဟု မှတ်ချက်ပြုသည်။ သို့သော်လည်း ဤ ဆွေးနွေးမှုသည် ကဏ္ဍတွင် ဖြစ်ပေါ်နေသော ပြဿနာများထက် လုပ်ငန်းစဉ်ဦးစားပေးမှု၊ EITI ၏ အဓိကလှုပ်ရှားမှုများကို ညှိနှိုင်းဖြေရှင်းမှုက ပိုများနေကြောင်း မှတ်ချက်ပြုသည်။ CSO ကိုယ်စားလှယ်တစ်ဦးက MSG ၏ လုပ်ငန်းများအားလုံးကိုခြုံငုံ၍ ကွဲပြားသောအမြင်တစ်ခုကို ထုတ်ဖော်ပြောဆို ခဲ့သည်။ ၎င်းက MSG အစည်းအဝေး အစီအစဉ်သည် စနစ်တကျမရှိဘဲ ဖွဲ့စည်းတည်ဆောက်ပုံလည်းမရှိဟု ဆိုသည်။ ဖွံ့ဖြိုးရေး မိတ်ဖက်တစ်ဦးက အစည်းအဝေးတွင် MSG အဖွဲ့ဝင်များသည် NCS က အဆိုပြုထားသည့်အချက်ကို သဘောတူသည့် အကြိမ်များစွာရှိကြောင်း မှတ်ချက်ပြုသည်။ မည်သို့ပင်ဖြစ်စေ ထိုပုဂ္ဂိုလ်ကပင် EITI လုပ်ငန်းစဉ်များကို MSG ကသာ လုပ်ကိုင်နေသည်ဟု ဆိုသည်။

ကုန်ထုတ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များက အရပ်ဘက်လူမှုအဖွဲ့များ၏ အစည်းအဝေးအစီအစဉ်တွင် ပြဿနာများ ထည့်သွင်းခြင်း၊ EITI စံနှုန်းပြဌာန်းချက်များကို ကျော်လွန်သော စာရွက်စာတမ်းများတောင်းခံခြင်း တို့ကြောင့် MSG ၏ အလုပ်ဝန်ပိမှုများပြားလာကြောင်းကို အထူး အလေးပေး ထောက်ပြကြသည်။ ဖွံ့ဖြိုးရေးမိတ်ဖက်များက MSG နှင့် NCS ၏ လုပ်ငန်းများဖြစ်သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ထုတ်ဖော်ခြင်း၊ သတ္တုတွင်း လုပ်ကွက်လိုင်စင်မှတ်ပုံတင်စနစ် ဖော်ထုတ်ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ညှိနှိုင်းရေးယူနစ်များ ဖွဲ့စည်းခြင်း တို့နှင့်ပတ်သက်သည့် လှုပ်ရှားမှုများ လုပ်ဆောင်နေသည့်အချိန်တွင် ကိုးလအတွင်း EITI အစီရင်ခံစာနှစ်စောင် ရေးဆွဲရန်မှာ မလွယ်ကူကြောင်း ထောက်ခံပြောကြားသည်။ ဆပ်ကော်မီတီများသည် ကောင်းစွာအလုပ်လုပ်နေကြောင်း၊ လုပ်ငန်းကော်မီတီ၊ ဦးဆောင်ကော်မီတီ နှင့် ဆပ်ကော်မီတီများသည် ထိရောက်ကြောင်း သက်သေပြနေသည် ဟု ဖွံ့ဖြိုးရေးမိတ်ဖက်များက ယူဆသည်။

အထွေထွေအတွင်းရေးမှူးရုံးဝန်ထမ်းများက NCS ဖွဲ့စည်းပုံတွင် အပြောင်းအလဲများစွာ ရှိခဲ့သည်ဟု ဆိုသည်။ အစီအစဉ်မန်နေဂျာ အသစ်တစ်ဦးကို ငှားရမ်းထားပြီး နည်းပညာအဖွဲ့တွင်လည်း အဖွဲ့ဝင်အသစ်နှစ်ဦး ရှိသည်။ ဖွံ့ဖြိုးရေးမိတ်ဖက်ကိုယ်စားလှယ်များက NCS ဝန်ထမ်း အပြောင်းအလဲများပြားခြင်းသည် EITI လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းကိုဖော်ဆောင်မှု တသမတ်တည်းဖြစ်ခြင်းနှင့် လုပ်ငန်း အဆက်အစပ်များ အပေါ် သက်ရောက်မှုရှိကြောင်း မှတ်ချက်ပြုသည်။

## ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာအထွေထွေအတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤပြဌာန်းချက်များနှင့် ကိုက်ညီစေရန် ကျေနပ်ဖွယ် တိုးတက်မှုများ ဆောင်ရွက်ခဲ့သည်ဟူ၍ ဖြစ်သည်။

နယ်ပယ်တစ်ခုစီတို့သည် MSG တွင် လုံလောက်စွာ ကိုယ်စားပြုပါဝင်ခဲ့ပြီး အဖွဲ့ဝင်များသည် EITI လုပ်ငန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် တက်ကြွစွာပါဝင်သည်။ MSG အတွက် လုပ်ငန်းလမ်းညွှန်က MSG ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ ရှေ့လုပ်ငန်းအစီအစဉ်များ အတည်ပြုခြင်း၊ EITI အစီရင်ခံစာနှင့် နှစ်စဉ် တိုးတက်မှု အစီရင်ခံစာတို့အပြင် ယေဘုယျအားဖြင့် လိုက်နာဆောင်ရွက်ပုံရသော ဌာနတွင်း အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ ဆိုင်ရာပြဌာန်းချက်များ ထားရှိခြင်းအားဖြင့် EITI ပြဌာန်းချက်များကို ကိုင်တွယ်ထားသည်။ MSG အစည်းအဝေးများကို အဖွဲ့ဝင်များထံသို့ ကြိုတင်အကြောင်းကြား၍ ပုံမှန်ကျင်းပသည်။ ဌာနတွင်းအုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများအပါအဝင် အစည်းအဝေးကျင်းပခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်း လမ်းညွှန်ပြဌာန်းချက်များကို လက်တွေ့ ကျင့်သုံးလိုက်နာကြောင်း တွေ့ရသည်။ လက်ရှိ MSG အဖွဲ့ဝင် ရွေးချယ်ရေးစံနှုန်းများကို ထုတ်ပြန်ထားခြင်းမရှိသော်လည်း နယ်ပယ်အားလုံး၏ ရွေးချယ်ရေးလုပ်ငန်းစဉ်များကို ပွင့်လင်း မြင်သာစွာ ပြုလုပ်ခဲ့ခြင်းဖြင့် လျော့ပေါ့ခွင့်ပြုထားသည်။ MEITI ၏ စရိတ်ပံ့ပိုးမှု မူဝါဒကိုလည်း MSG ၏ လုပ်ငန်းလမ်းညွှန်နှင့် အကောင်အထည်ဖော်ခြင်းလက်စွဲတွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ အစိုးရနှင့် ကုမ္ပဏီကိုယ်စားလှယ်များတွင် ဝါရင့်ပုဂ္ဂိုလ်များ မပါရှိသည့်အတွက် အရပ်ဘက်လူမှုအဖွဲ့မှ စိုးရိမ်ပူပန်မှုများရှိသော်ငြားလည်း အစားထိုးသူများအပါအဝင် MSG အဖွဲ့ဝင်များ သည် ၎င်းတို့၏ တာဝန်များကို လုံလောက်စွာထမ်းဆောင်နိုင်သည့် စွမ်းရည်ရှိသည်။ အစည်းအဝေး မှတ်တမ်းများအရ၊ အစည်းအဝေး

42



တက်ရောက်သည့် MSG အဖွဲ့ဝင် အများစုမှာ အပြောင်းအလဲမရှိ တက်ရောက်ကြပြီး EITI စံနှုန်းအရ သတ်မှတ်ထားသော စာရွက်စာတမ်းများ အားလုံး ကို MSG က ပြန်လည်သုံးသပ်၍ အတည်ပြုထားသည်ဟု သိရသည်။

MSG တွင်ပါဝင်သော ရေနံနှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီများသည် ၎င်းတို့၏ နယ်ပယ်များတွင် ချိတ်ဆက်ပါဝင်မှု၌ တက်ကြွပုံမရဟု သိရသည်။ MOGE ကို ပိုမိုထိရောက်သော ဆက်သွယ်ရေး လမ်းကြောင်းအဖြစ် မှီခိုနေရခြင်းကြောင့် ဖြစ်သည်ဟု ရှင်းပြသည်။ အကောင်းဆုံး မဟုတ်သေးသော်လည်း MOGE နှင့် စီစဉ်ခြင်းသည် ရေနံကဏ္ဍ၏ လွတ်လပ်မှု သို့မဟုတ် EITI သို့ သတင်းအချက်အလက်များ ထုတ်ဖော်ပြောရန် လိုလားမှု အပေါ် သက်ရောက်နေသည်ကို မတွေ့ရပါ။ အမှန်အားဖြင့် EITI အစီရင်ခံခြင်း ရည်ရွယ်ချက်အတွက် ရေနံကုမ္ပဏီများ၏ ဖွင့်ဟပြောဆိုမှု အဆင့်သည် လုံလောက်ပုံရသည်။

အကောင်အထည်ဖော်မှုများ အားကောင်းစေရန်၊ ပြဌာန်းချက် ၁.၄.ခ.၆ နှင့်အညီ နယ်ပယ်တစ်ခုစီအတွက် MSG ကိုယ်စားလှယ်များ ရွေးချယ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းဆိုင်ရာ ရှင်းလင်းသော လုပ်ထုံးလုပ်နည်းတစ်ခုကို သဘောတူ ထုတ်ပြန်ရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။ နယ်ပယ် တစ်ခုချင်းစီကိုလည်း MSG အစည်းအဝေးများတက်ရောက်ရန် ကိုယ်စားလှယ်များ၏ ဝါရင့်ကျွမ်းကျင်မှု အနေအထားသည် မြန်ဆန်သော ဆုံးဖြတ်ချက် ချမှတ်ခြင်းများ ပြုလုပ်နိုင်ရန် လုံလောက်ကြောင်း သေချာစေရန် တိုက်တွန်းထားသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီများကိုလည်း ၎င်းတို့၏ နယ်မြေအတွင်း ပုံမှန်ဆွေးနွေး တိုင်ပင်ခြင်းနှင့် ပြန်ကြားခြင်း လုပ်ငန်းစဉ်တစ်ခု ရေးဆွဲချမှတ်ရန် တိုက်တွန်းသည်။

## ရှေ့လုပ်ငန်းစဉ် (#၁-၅)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

၂၀၁၇ ခုနှစ် ဇူလိုင်လ မှ ၂၀၁၈ ခုနှစ် မတ်လအထိ အကျုံးဝင်သော လုပ်ငန်းအစီအစဉ်ကို MSG က ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။[64] ထိုလုပ်ငန်းအစီအစဉ်ကို EITI ဥပဒေမူကြမ်း ရေးဆွဲခြင်း၊ Forestry Reconciliation Report (သစ်တော ပြန်လည် ညှိနှိုင်းခြင်း အစီရင်ခံစာ) ထုတ်ဝေခြင်း၊ နှင့် အလားတူ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ဖော်ထုတ်ရေးနှင့် တရားဝင်အောင်လုပ်ခြင်းတို့နှင့် သက်ဆိုင်သည့် လှုပ်ရှားမှုများ စသည်တို့ကို ၂၀၁၉ ခုနှစ်ဘဏ္ဍာရေးနှစ်အထိ လွှမ်းခြုံစေရန် ပြင်ဆင်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဖွန်လ ၁ ရက်နေ့ တွင် ပြုလုပ်ခဲ့သည့် ၁၄ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းတွင်[65] ၃ နှစ် (၂၀၁၇-၂၀၁၉) အတွက် လုပ်ငန်းအစီအစဉ်ကို MSG မှ အတည်ပြုချက်ကို ထည့်သွင်း ဖော်ပြခဲ့သည်။ လုပ်ငန်းအစီအစဉ်ကို MSG မှအတည်မပြုမီ **လုပ်ငန်းအစီအစဉ်နှင့် အုပ်ချုပ်မှု ဆပ်ကော်မီတီမှ** မူကြမ်းရေးဆွဲခဲ့ခြင်း ဖြစ်သည်။ MSG ပြင်ပတွင် လုပ်ငန်းအစီအစဉ်အတွက် ပါဝင်သူများဆွေးနွေးညှိနှိုင်းမှုများနှင့် ပတ်သက်၍ ရှင်းလင်းသော မှတ်တမ်းမှတ်ရာမရှိပါ။

*<u>အများပြည်သူ သိရှိနိုင်မှု</u>* - ၂၀၁၇-၂၀၁၉ အတွက် လက်ရှိ MEITI သုံးနှစ်စာလုပ်ငန်းအစီအစဉ် ကို MEITI ဝက်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။[66]

*<u>ရည်မှန်းချက်များ</u>* - လုပ်ငန်းအစီအစဉ်တွင် အဓိကရည်မှန်းချက် သုံးခုကိုဖော်ပြထားသည်။ ၎င်းတို့မှာ (၁) သဘာဝသယံဇာတ အရင်းအမြစ်များနှင့် သက်ဆိုင်ရာ အရေးပါသော အခွန်ဘဏ္ဍာများနှင့်ပတ်သက်၍ တိကျ၊ မှန်ကန်ပြီး အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များကို အချိန်မီ ရယူဖြန့်ချိရန်နှင့် သတင်းအချက်အလက်များကို အများပြည်သူ ရရှိနိုင်စေရန်။ (၂) EITI စံနှုန်းများ ထိရောက်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးရန်။ (၃) EITI ကို အောင်မြင်စွာလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝအရင်းအမြစ်အုပ်ချုပ်စီမံမှု ကို ပံ့ပိုးရန်၊ တို့ဖြစ်သည်။

[64] MEITI (စက်တင်ဘာ၂၀၁၇) " ၆ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဇူလိုင်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[65] MEITI (ဖွန်၂၀၁၈) "၁၄ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဇူလိုင်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[66] MEITI (ဖွန်၂၀၁၈) "၂၀၁၇-၂-၀၁၉ လုပ်ငန်းစီမံကိန်း" ကို 2018 ဩဂုတ်လတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

43


လုပ်ငန်းအစီအစဉ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှ ချမှတ်ထားသော အမျိုးသားစီးပွားရေးမူဝါဒနှစ်ခုနှင့် အညီ ဖြစ်သည်။[67]- ထိုမူဝါဒနှစ်ခုမှာ (၁) ပွင့်လင်းမြင်သာ၍ ထိရောက်သော ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို တိုးချဲ့ရေး နှင့် (၂) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အလုပ်အကိုင်ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားအဖြစ် မြှင့်တင်ပေးနေသည်နှင့်အမျှ ပြုပြင်ပြောင်းလဲရန် အလားအလာရှိသော နိုင်ငံပိုင်လုပ်ငန်းများနှင့် ထိုနိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တို့ဖြစ်သည်။

လုပ်ငန်းအစီအစဉ်တွင် ရည်မှန်းချက်တစ်ခုစီရှိ လှုပ်ရှားမှုများအတွက် အဓိက ဆောင်ရွက်ချက်ဆိုင်ရာ ညွှန်းကိန်းများနှင့် ရလဒ်များ ပါဝင်သည်။

*<u>တိုင်းတာ၍ ရသော ၊ အချိန်သတ်မှတ်ထားသော လှုပ်ရှားမှုများ</u>* - MEITI ၏ လုပ်ငန်းအစီအစဉ်တွင် EITI ၏ တရားဝင်မှုနှင့် အစီရင်ခံမှုစက်ဝန်းနှင့် ညှိနှိုင်းထားသော အချိန်ဇယားဖြင့် တိုင်းတာ၍ ရပြီး အချိန်သတ်မှတ်ထားသော လှုပ်ရှားမှုများ ပါဝင်သည်။ လှုပ်ရှားမှုတစ်ခုစီ၏ ပြီးဆုံးမည့် အချိန်ကာလ ကိုလည်း ထည့်သွင်းရေးဆွဲထားသည်။ သို့သော်လည်း အချိန်ဇယားတွင် ဆောင်ရွက်ဆဲဖြစ်သော လှုပ်ရှားမှုများနှင့် ၂၀၁၈ မေလအထိ အကောင်အထည်မဖော်ရသေးသော လှုပ်ရှားမှုများသာ ပါဝင်သည်။ လှုပ်ရှားမှုများတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ လေ့လာရန်အတွက်တာဝန်ပေးခြင်းနှင့် အကြံပေးများနှင့်ချိတ်ဆက်ခြင်း၊ လေ့လာရေးခရီးစဉ်များနှင့် EITI အစီရင်ခံစာတို့ ပါဝင်သည်။

*<u>စွမ်းဆောင်ရည်အဟန့်အတား</u>* - လုပ်ငန်းအစီအစဉ်တွင် စွမ်းဆောင်ရည်ကွာဟမှုနှင့် အဟန့်အတားများကို အတိအလင်း ဖော်ထုတ်သတ်မှတ်ထားခြင်း မရှိပါ။ သင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးများကို ရည်မှန်းချက် ၃ ရှိ လုပ်ငန်းအစီအစဉ် အခန်းငယ်အဖြစ် ထည့်သွင်းထားသည်။ စွမ်းဆောင် ရည်ဖွံ့ဖြိုးတိုးတက် စေရေး အစီအစဉ်တစ်ခု အကောင်အထည်ဖော်ခြင်းနှင့် အခြား EITI ဆောင်ရွက်မှုများရှိသော နိုင်ငံများသို့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်းအပါအဝင် EITI စံနှုန်း အကောင်အထည်ဖော်ခြင်း အတွက် MSG နှင့် NCS တို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ရည်ရွယ်သည့် လှုပ်ရှားမှုများကို ဤအခန်းတွင် ထည့်သွင်းထားသည်။ သဘာဝ သယံဇာတ အရင်းအမြစ်များ စီမံအုပ်ချုပ်မှုဆိုင်ရာပြဿနာများကို နားလည်ခြင်း၊ အခွန်ဘဏ္ဍာစနစ်များ၊ သတ္တုတွင်း လုပ်ကွက်လိုင်စင် မှတ်ပုံတင်ခြင်း၊ အဂတိလိုက်စားမှုနှင့် EITI ၏ နည်းပညာ သတ်မှတ်ချက်များ အပါအဝင် သီးခြား စွမ်းဆောင်ရည်မြှင့်တင်ရေး လှုပ်ရှားမှုများကို MEITI၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်တွင်[68] ထည့်သွင်းထားသည်။

*<u>EITI အစီရင်ခံစာ၏ နယ်ပယ်</u>* - လုပ်ငန်းအစီအစဉ်တွင် ဟိုက်ဒရိုသာမယ် (Hydrothermal) နှင့် ငါးလုပ်ငန်း စသည့် ကဏ္ဍများထည့်သွင်းနိုင်အောင် EITI အစီရင်ခံခြင်း[69] ကိုတိုးချဲ့ရန် အခွင့်အလမ်းများနှင့်အတူ EITI အစီရင်ခံခြင်း အမြင်များ ဆိုင်ရာနည်းပညာနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို စာရင်းပြုစုထားသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ဖော်ထုတ်ခြင်းနှင့် သက်ဆိုင်သည့် လှုပ်ရှားမှုများကိုလည်း လုပ်ငန်းအစီအစဉ် အတွင်း အကျဉ်းချုံး ထည့်သွင်းထားသည်။

*<u>တရားဥပဒေ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရန် အာဏာအပ်နှင်းခြင်း ဆိုင်ရာအဟန့်အတားများ</u>* - လုပ်ငန်းအစီအစဉ်တွင် EITI အကောင်အထည်ဖော်ခြင်းအတွက် တရားဥပဒေဆိုင်ရာ အတားအဆီးများကို ကိုင်တွယ်ရန် ရည်ရွယ်သည့် ဥပဒေပြု ပြုပြင်ပြောင်းလဲမှုများနှင့် ချိတ်ဆက်ထားသော လှုပ်ရှားမှုများပါဝင်သည်။ လှုပ်ရှားမှုများတွင် EITI ကိုအတည်တကျ ပြဌာန်းနိုင်ခြင်းအတွက် တရားဥပဒေဆိုင်ရာ ရွေးချယ်စရာများကို စိစစ်ရန် အတွက် လေ့လာမှုတစ်ရပ် ပြုလုပ်ရန်တာဝန်ပေးခြင်း နှင့် EITI ဥပဒေမူကြမ်း ရေးဆွဲခြင်းနှင့် လေ့လာမှုမှ ထွက်ပေါ်လာသော အကြံပြုချက်များတွင်အခြေခံ၍ ဥပဒေပြု ပြင်ဆင်ဖြည့်စွက်မှုများလည်း ပါဝင်သည်။

*<u>EITI အကြံပြုချက်များ</u>* - ရည်မှန်းချက် ၂ တွင် EITI အစီရင်ခံစာနှင့် တရားဝင်ဖြစ်အောင်လုပ်ခြင်းမှ အကြံပြုချက်များကို ကိုင်တွယ်ရန် ရည်ရွယ်ထားသော လှုပ်ရှားမှုများ ထည့်သွင်းထားသည်။ အကြံပြုချက်များကို ဦးစားပေးအစီအစဉ်ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ရမည့် အဆင့်များ ရေးဆွဲခြင်းအတွက် MSG က အကြံပြုချက်များ ဆွေးနွေးညှိနှိုင်းခြင်း အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ဖွန်လ ၉ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

---

[67] ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[68] MEITI စွမ်းအင်တည်ဆောက်ခြင်းစီမံကိန်းကို 2018 ဩဂုတ်လတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[69] IA ၏ ဝယ်ယူရေးအပါအဝင် စာရင်းညှိ၍ အစီရင်ခံခြင်းနှင့် အစီရင်ခံသောအဖွဲ့များနှင့် အလုပ်ရုံဆွေးနွေးပွဲ

*<u>ကုန်ကျစရိတ်များနှင့် ရန်ပုံငွေ ရင်းမြစ်</u>* - လုပ်ငန်းအစီအစဉ်ကို အပြည့်အဝအကောင်အထည်ဖော်ရန်အတွက် ကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ ၃,၅၀၀,၀၀၀ (အမေရိကန်ဒေါ်လာ-၂,၃၉၆.၆၀) ရှိမည်ဟု ခန့်မှန်းထားပြီး MP MDTF အရ ရန်ပုံငွေ ထောက်ပံ့မည်ဖြစ်သည်။ လှုပ်ရှားမှုတစ်ခုစီအတွက် ရန်ပုံငွေရင်းမြစ်ကိုဖော်ပြထားခြင်းမရှိပါ။ သို့သော်လည်း လုပ်ငန်းအစီအစဉ်တွင်ပါရှိသော လှုပ်ရှားမှုများအားလုံးသည် ကမ္ဘာ့ဘဏ်မှ စီမံခန့်ခွဲသော MP MDFT မှ ထောက်ပံ့သည်ဟု နားလည်ထားသည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MSG အဖွဲ့ဝင်များအားလုံးက နောက်ဆုံးရေးဆွဲလိုက်သော MEITI လုပ်ငန်းအစီအစဉ်မူကြမ်းကို အတည်ပြုကြောင်း၊ ဖြည့်ဆည်းပံ့ပိုးကြောင်း အတည်ပြုပြောဆိုသည်။ NSC က လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် လုပ်ငန်းအစီအစဉ်နှင့်အုပ်ချုပ်မှု ဆပ်ကော်မီတီအဆင့်တွင် ဆွေးနွေးခြင်းပြုလုပ်ပြီး နောက်ထပ် ဆွေးနွေးရန်နှင့် အတည်ပြုရန်တို့အတွက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သို့ ထပ်ဆင့်အတည်ပြုခြင်း အတွက် ဆက်လက်လုပ်ဆောင်ခြင်းတို့ ပါဝင်ကြောင်း ရှင်းလင်းတင်ပြသည်။ ပါဝင်ပတ်သက်သူများ ဆွေးနွေးခြင်းမှ လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းတွင် MSG ပြင်ပမှ ပါဝင်သူများကို ဆွေးနွေးတိုင်ပင်ခြင်း မပြုခဲ့သည် တွေ့ရသည်။

လုပ်ငန်းအစီအစဉ်တွင် ပါဝင်သော လှုပ်ရှားမှုများကို အမှန်တကယ်အကောင်ထည်ဖော်မှုနှင့်စပ်လျဉ်း၍၊ အချို့သော ဖွံ့ဖြိုးရေးမိတ်ဖက်များက ယခုနှစ်အတွက် လှုပ်ရှားမှု အများစုကို အကောင်အထည် မဖော်ရသေးသည့် ကိစ္စနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းပြောဆိုသည်။ ဥပမာအားဖြင့် နောက်ဆုံး MEITI အစီရင်ခံစာကိုထုတ်ပြန်ရန် တရားဝင်ဖြစ်အောင်ပြုလုပ်သည့် အချိန်ရောက်သည်အထိ မပြုလုပ်ရသေးပေ။ ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာများ ထုတ်ဝေခြင်းမှအပ ပုံမှန် ကော်မီတီများ သို့မဟုတ် အစည်းအဝေးများ၊ MSG ဆပ်ကော်မီတီများ၊ MEITI အစီရင်ခံစာများပုံနှိပ်ခြင်း၊ အစီရင်ခံစာထုတ်ပြန်မည့် အကြောင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၊ MEITI ဝက်ဆိုက်၊ အချက်အလက် ဘဏ်နှင့် သတ္တုတွင်း လုပ်ကွက်လိုင်စင် မှတ်ပုံတင်ခြင်းဆိုင်ရာနှင့်ဆက်စပ်သည့် လုပ်ဆောင်မှုများ ကို အချိန်နှင့်တပြေးညီဖြစ်အောင် မွမ်းမံခြင်း၊ စသည့် လုပ်ငန်းအစီအစဉ်တွင်ဖော်ပြထားသော လှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ်တွင် အကောင်အထည်ဖော်ပြီးဖြစ်သည်ဟု NCS က ဆိုသည်။

MSG အဖွဲ့ဝင်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းများကို မပြုလုပ်ရသေးကြောင်း ဖွံ့ဖြိုးရေး မိတ်ဖက်အချို့က ထောက်ပြသောအခါ၊ NCS က MSG အဖွဲ့ဝင်များနှင့် အထွေထွေအတွင်းရေးမှုးရုံးမှ ဝန်ထမ်းများအကြား တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ အုပ်ချုပ်စီမံမှုနှင့် EITI အကြောင်း သိရှိမှု တိုးမြှင့်လာစေရန် လှုပ်ရှားမှု အများအပြားပြုလုပ်ပြီးဖြစ်ကြောင်း၊ အလားတူပင် EITI အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံစာမှ အကြံပြုချက်များအတွက် နည်းပညာစွမ်းဆောင်ရည်ကို တိုးတက် စေရန်လည်း အများအပြား ပြုလုပ်ပြီးဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။ NCS မှပြောကြားသော စွမ်းဆောင်ရည်မြှင့်တင်ခြင်း လှုပ်ရှားမှုများတွင် MOBD အတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းနှင့် NORAD မှပြုလုပ်သော ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍမှ အချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ပါဝင်သည်။

ရံပုံငွေနှင့်ပတ်သက်၍၊ NCS နှင့် MOBD တို့က လုပ်ငန်းအစီအစဉ်တွင်ပါဝင်သော လှုပ်ရှားမှုအများစုကို MP-MDTF အောက်တွင် ထောက်ပံ့ထားခြင်းဖြစ်ကြောင်း ပြောကြားသည်။ အစိုးရဘက်မှ ပါဝင်ပတ်သက်သူများက အစိုးရဘက်မှ ပုဂ္ဂိုလ်သာလျှင် EITI အတွက် ငှားရမ်းခန့်ထားသော ဝန်ထမ်းများ၏ လစာအပါအဝင် MOBD ၏ လုပ်ငန်းလည်ပတ်မှုစရိတ်ကို အသုံးပြုကြောင်း အတည်ပြုသည်။

## ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အထွေထွေအတွင်းမှုးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤပြဌာန်းချက်များနှင့် ကိုက်ညီအောင် ကျေနပ်လောက်ဘွယ်ရှိသော လုပ်ငန်း တိုးတက်မှုများ ဆောင်ရွက်ခဲ့သည် ဟု ဖြစ်သည်။ ပြဌာန်းချက် ၁.၅ နှင့်အညီ၊ MEITI ၏ နိုင်ငံ၏ ဦးစားပေးမှုများနှင့် ချိန်ညှိထားသော ရည်မှန်းချက်များဖြင့် သုံးနှစ်စာလုပ်ငန်းအစီအစဉ်ကို အများသိရှိရယူနိုင်ပြီး အချိန်နှင့်တပြေးညီထုတ်ပြန်လျက် နှစ်စဉ် မွမ်းမံ ထားရှိသည်။ လုပ်ငန်းအစီအစဉ်တွင် EITI အစီရင်ခံစာမှ အကြံပြုချက်များကို ဆက်လက်ဆောင်ရွက်ရန် နှင့် EITI အကောင်အထည်ဖော်မှုကို အတားအဆီးဖြစ်နေသော ဥပဒေများကို ကိုင်တွယ်မည့် အစီအစဉ်များ ရေးဆွဲရန်အတွက် သီးခြားလှုပ်ရှားမှုများလည်း ပါဝင်သည်။ လုပ်ငန်းအစီအစဉ်တွင် စွမ်းဆောင်ရည် အဟန့်အတားများကို ရှင်းလင်းစွာဖော်ပြထားခြင်း မရှိသော်လည်း လုပ်ငန်းအစီအစဉ်ကို ဖြည့်စွက်ရန် သီးခြား စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်သည်။ MSG ပြင်ပမှ ပါဝင်ပတ်သက်သူများထံမှ ဆွေးနွေးတိုင်ပင်မှုများ မရှိလင့်ကစား၊ ဖော်ပြထားသော ရည်မှန်းချက်များနှင့် လှုပ်ရှားမှုများ၏ ပြည့်စုံကျယ်ပြန့်မှုကို ယုံမှားသံသယရှိကြောင်း ဖော်ပြရန် အကြောင်းမရှိပေ။ လှုပ်ရှားမှုတစ်ခုစီအတွက် ရံပုံငွေရင်းမြစ်ဖော်ပြမထားခြင်းကို လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်သူများ အကြားတွင် လှုပ်ရှားမှုအများစုကို MP MDTF မှ ရံပုံငွေထောက်ပံ့ကြောင်း သာမန်အားဖြင့် သိရှိထားကြသည် ဟူသောအချက်ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

45



အကောင်အထည်ဖော်မှု အားကောင်းစေရန်အတွက် မြန်မာနိုင်ငံသည် နှစ်စဉ် EITI လုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် ပိုမိုကျယ်ပြန့်သော နယ်ပယ်များမှ အချက်အလက်ဖြည့်သွင်းမှုများနှင့် တုံ့ပြန်မှုများ ဆွေးနွေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ဖော်ထုတ်ရန် ဆန္ဒရှိသည်။ MSG သည် လုပ်ငန်းအစီအစဉ် ရည်မှန်းချက်များသည် နိုင်ငံ၏ ဦးစားပေးမှုများနှင့် မည်သို့ ဆက်နွယ်သည်ကို ဆွေးနွေးခြင်း အပါအဝင်  ထိရောက်သော EITI အကောင်အထည်ဖော်ခြင်းကို သက်ရောက်နိုင်သည့် MSG အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အဟန့်အတားများကို ဖော်ထုတ်ရန်ကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။ ထို့ပြင်၊ လျှပ်ရှားမှု တစ်ခုစီအတွက် ရန်ပုံငွေရင်းမြစ်ကို အနာဂတ်လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းနိုင်ခဲ့သည်။

## ဇယား ၁- ကနဦးအကဲဖြတ်မှုအကျဉ်းချုပ်ဇယား - သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) ကြီးကြပ်ရေးတာဝန်

| EITI ပြဋ္ဌာန်းချက်များ | ပင်မ တွေ့ရှိမှု အကျဉ်းချုပ် | နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးရုံး၏ EITI ပြဋ္ဌာန်းချက်များ၏ လုပ်ငန်းတိုးတက်မှုအပေါ် ကနဦးအကဲဖြတ်ချက် |
|---|---|---|
| EITI လုပ်ငန်းစဉ်များ ကို အစိုးရကြီးကြပ်မှု (#၁-၁) | အကြီးတန်းပုဂ္ဂိုလ်တစ်ဦးကို EITI အကောင်အထည်ဖော်ခြင်းကိုဦးဆောင်ရန် ခန့်ထားသည်။ အစိုးရကိုယ်စားလှယ်များသည် MSG အစည်းအဝေးများနှင့် ဆပ်ကော်မီတီ အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်သည် ။ အစိုးရသည် MEITI အစီရင်ခံစာများမှ အကြံပြုချက်များကို ဆက်လက်ဆောင်ရွက်ပြီး အကောင်အထည် ဖော်မှုကို အတားအဆီး ဖြစ်နေသော ဥပဒေများကို ကိုင်တွယ်သည်။ | ကျေနပ်လောက်သော တိုးတက်မှု |
| ကုမ္ပဏီများချိတ်ဆက်ပါဝင်မှု (# ၁-၂) | ကုမ္ပဏီများပူးပေါင်းပါဝင်ခြင်းက MSG အဖွဲ့ဝင်များကို ကျဉ်းကျပ်စေသည်။ မည်သို့ပင် ဖြစ်စေ၊ ကုမ္ပဏီ ကိုယ်စားလှယ်များသည် အချက်အလက်များ ပေးအပ်ခြင်း၊ EITI လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း အားဖြင့် တက်ကြွ ထိရောက်စွာ ချိတ်ဆက်ပါဝင်သည်။ | အပြည့်အဝတိုးတက်မှု |
| အရပ်ဘက် လူမှုအဖွဲ့များ ချိတ်ဆက်ပါဝင်မှု (# ၁-၃) | အရပ်ဘက်လူမှုအဖွဲ့မှ ကိုယ်စားလှယ်များသည် EITI လုပ်ငန်းများရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းတို့တွင် လုံလောက်စွာ ချိတ်ဆက်ပါ ဝင်ကြောင်း အထောက်အထား များစွာတို့က ပြသနေသည်။ တည်ဆဲ ဥပဒေများက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း၊ အသင်းအပင်း ဖွဲ့စည်းခြင်းများ အပေါ် တားဆီးဟန့်တားမှုအချို့ ထားရှိနေသေးသော်လည်း MSG တွင် အရပ်ဘက် အဖွဲ့အစည်း များသည် အတားအဆီး တစုံတရာ မရှိဘဲ ၎င်းတို့၏ အမြင်များကို လွတ်လပ်စွာ ဖော်ထုတ် နိုင်သည်။ ခြုံငုံ၍ ဆိုရလျှင် အရပ်ဘက်လူမှုအဖွဲ့နယ်ပယ် သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ထိတွေ့ ဆက်ဆံရာမှ ကျဉ်းကျပ်သော အနေအထား ရောက်ရသည်ဟု ဖော်ပြရန် အထောက် အထား မရှိပါ။ | ကျေနပ်လောက်သော တိုးတက်မှု |

47



| | | |
|---|---|---|
| MSG စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်း လည်ပတ်မှု (# ၁-၄) | MSG အစည်းအဝေးများကို ပုံမှန်ကျင်းပပြီး အဖွဲ့ဝင်များကလည်း EITI လုပ်ရှားမှုများ ရေးဆွဲ အကောင်အထည်ဖော်ခြင်း တို့တွင်တက်ကြွစွာ ပါဝင်သည်။ ပါဝင်သူများက အစိုးရနှင့် ကုမ္ပဏီ ကိုယ်စားလှယ်များတွင် ရာထူးအဆင့် မြင့်မား သူများ မပါသည့်အတွက် စိုးရိမ်ပူပန်မှုများရှိနေပြီး၊ MSG အဖွဲ့ဝင်များ နှင့် ၎င်းတို့အစားထိုးသော အဖွဲ့ဝင်များမှာ ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရန်လုံလောက်သော အရည်အချင်း ရှိသည်။ MSG ၏ လုပ်ငန်းလမ်းညွှန်က စံနှုန်းများ သတ်မှတ်ချက်များကို ကိုင်တွယ်ထားပြီး ပါဝင် သူများက လက်တွေ့ကျင့်သုံးမှုတွင် လုပ်ငန်း လမ်းညွှန်ကို သိသာသော သွေဖည်မှုများ ရှိသည်ဟု ထောက်ပြခြင်းမရှိပါ။ နယ်ပယ် တစ်ခုစီမှ လုံလောက်သော ကိုယ်စားပြုပါဝင်မှု ရှိခဲ့သော်လည်း ရွေးချယ်မှုလုပ်ငန်းစဉ်၊ စံသတ် မှတ်ချက် တို့ကို အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ရန် လိုအပ်သည်။ | ကျေနပ်လောက်သော တိုးတက်မှု |
| လုပ်ငန်းအစီအစဉ် (#၁-၅) | သုံးနှစ်စာ MEITI လုပ်ငန်းအစီအစဉ်ကို အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ထားပြီး ဖြစ်သည်။ အချိန်နှင့်တပြေးညီ ထုတ်လုပ် ထားခြင်း ဖြစ်ပြီး လုပ်ငန်းအစီအစဉ်၏ ရည်မှန်းချက်များသည် နိုင်ငံ၏ ဦးစားပေးမှုများ နှင့် ချိန်ညှိထားသည်။ လုပ်ငန်းအစီအစဉ်တွင် EITI အစီရင်ခံစာမှ အကြံပြုချက်များကို ဆက်လက်လုပ်ဆောင်ရန် ပါရှိသကဲ့သို့ EITI အကောင်အထည်ဖော်ခြင်းကို တားဆီးနေသော ဥပဒေအတားအဆီးများကို ကိုင်တွယ်သွားရန် အစီအစဉ်လည်း ပါရှိသည်။ လုပ်ငန်းအစီအစဉ် တွင် စွမ်းဆောင်ရည် အကန့်အသတ်များကို ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသော်ငြား၊ သီးခြား စွမ်းဆောင်ရည်ဖွံ့ဖြိုးရေး အစီအစဉ်တစ်ခုကို ရေးဆွဲထားပြီး ဖြစ်သည်။ | ကျေနပ်လောက်သော တိုးတက်မှု |

**အထွေထွေအတွင်းရေးမှူးရုံး၏ အကြံပြုချက်များ။**

၁။ အကောင်အထည်ဖော်မှု အားကောင်းစေရန် MSG အစည်းအဝေးများတွင် ဆုံးဖြတ်ချက်ချမှတ်ရန် လုပ်ပိုင်ခွင့်ရှိသည့် အကြီးတန်း အစိုးရအရာရှိများ ပိုမိုပါဝင်လာစေရန် ပြုလုပ်သင့်ကြောင်း မြန်မာနိုင်ငံကို တိုက်တွန်းအားပေးသည်။

၂။ ပြဌာန်းချက် ၁.၂.ကနှင့်အညီ၊ ကုမ္ပဏီများ၊ အထူးသဖြင့် စစ်တပ်မှ ထိန်းချုပ်ထားသော ကုမ္ပဏီများ နှင့် အလားတူ MSG ပြင်ပမှ ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများ ကို EITI လုပ်ငန်းစဉ်များတွင် အပြည့်အဝ၊ တက်ကြွထိရောက်စွာ ချိတ်ဆက်ပါဝင်စေရန် မြန်မာနိုင်ငံအနေဖြင့် ပြုလုပ်သင့်သည်။ ဤကုမ္ပဏီများ ပါဝင်ခြင်းအတွက် အတားအဆီးများရှိနေလျှင် အစိုးရသည် ပြဌာန်းချက် ၁.၂.ခ နှင့်အညီ၊ EITI အကောင်အထည်ဖော်မှုများတွင် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများ၊ နှင့် စီမံအုပ်ချုပ်မှု နည်းဥပဒေများ နှင့် အမှန်တကယ် လက်တွေ့ကျင့်သုံးမှုများ အရ ကုမ္ပဏီများပါဝင်နိုင်အောင် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးသင့်သည်။

၃။ အကောင်အထည်ဖော်မှု အားကောင်းစေရန်၊ EITI အကောင်အထည်ဖော်ခြင်း ရှုထောင့်တွင် အရပ်ဘက် လူမှုအဖွဲ့များ ထိရောက်စွာ ချိတ်ဆက်ပါဝင်နိုင်ရေး အတွက် ပါဝင်သူများ၏ ပိုမိုကျယ်ပြန့်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လုပ်ကိုင်ခွင့်တို့ကို အတားအဆီးဖြစ်နေသည်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းများက ယူဆနေသော တရားဥပဒေပုဒ်မများကို ပြန်လည်သုံးသပ်ခြင်းအပါအဝင် ဥပဒေ၊ စည်းကမ်းထိန်းသိမ်းမှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကောင်းမွန်သော ပတ်ဝန်းကျင်တစ် ခုဆက်လက်ဖြစ်ပေါ်နေခြင်းရှိမရှိ ကို အနီးကပ်ပုံမှန် စောင့်ကြည့်ကြီးကြပ်ရန် MSG ကို တိုက်တွန်းသည်။ အစိုးရသည် စုဝေးခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့် အပါအဝင် အရပ်ဘက်လူမှုအဖွဲ့များ၏ ကဏ္ဍကို တားမြစ်ပိတ်ပင်နေသော ဥပဒေများ ကို ပြင်ဆင်ပြောင်းလဲရန် စဉ်းစားနိုင်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် လက်တုံ့ပြန်မည်ကို ကြောက်ရွံ့မှုကို ဖော်ပြခြင်း ကို ကန့်သတ်သည့် သဘောထားများကို ကိုင်တွယ်ရန် အရပ်ဘက် လူမှု အဖွဲ့များနှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုများ အတွက် အခွင့်အလမ်းများကို တိုးချဲ့ပေးနိုင်သည်။

၄။ အကောင်အထည်ဖော်မှုကို ပိုမိုအားကောင်းစေရန်၊ ပြဌာန်းချက် ၁.၄.ခ.၆ နှင့်အညီ နယ်ပယ်တစ်ခုစီအတွက် MSG ကိုယ်စားလှယ်များကို ရွေးချယ်ခြင်းနှင့် ပြောင်းလဲခြင်းတို့ဆိုင်ရာ ရှင်းလင်းသော လုပ်ထုံးလုပ်နည်း တစ်ခုကို သဘောတူ ထုတ်ပြန်ပေးရန် မြန်မာနိုင်ငံကို တိုက်တွန်းသည်။ နယ်ပယ်တစ်ခုစီကိုလည်း MSG အတွက် ရွေးချယ်သော ကိုယ်စားလှယ်များ၏ ဝါရင့်ကျွမ်းကျင်မှု အဆင့်ကို ဆုံးဖြတ်ချက်ချမှတ်မှုများ မြန်ဆန်စေရန် လုံလောက်သော အဆင့်ဖြစ်စေရေး ဆောင်ရွက်ကြရန် တိုက်တွန်းသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီများကို ၎င်းတို့၏ နယ်ပယ်အတွင်း တရားဝင်ဆွေးနွေးညှိနှိုင်းမှုနှင့် ပြန်လည် ဖြေကြားမှု လုပ်ထုံးကို ရေးဆွဲရန် တိုက်တွန်းသည်။

၅။ အကောင်အထည်ဖော်မှု အားကောင်းစေရန်၊ လုပ်ငန်းအစီအစဉ်ဖော်ဆောင်ရာတွင် ပိုမိုကျယ်ပြန့်သော နယ်ပယ်အုပ်စုများ၏ ဆန္ဒများရယူခြင်းနှင့် ပြန်လည်ဖြေကြားခြင်း လုပ်ထုံးတစ်ခုကို ဖော်ထုတ်သတ်မှတ်ရန် မြန်မာနိုင်ငံကဆန္ဒရှိနိုင်သည်။ MSG သည်လည်း လုပ်ငန်းအစီအစဉ်၏ ရည်မှန်းချက်များသည် နိုင်ငံ၏ ဦးစားပေးမှုများနှင့် မည်သို့ချိတ်ဆက်သည်ကို ဆွေးနွေးမှု တစ်ခု ပါဝင်စေခြင်းနှင့် ထိရောက်သော EITI အကောင်အထည်အဖော်ခြင်းကို သက်ရောက်နိုင်သည့် MSG အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အကန့်အသတ် ကို ဖော်ထုတ်ခြင်း တို့ကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။ ထို့ပြင် အနာဂတ် လုပ်ငန်းအစီအစဉ်များတွင် လှုပ်ရှားမှု တစ်ခုစီအတွက် ရံပုံငွေရင်းမြစ်များကို ထည့်သွင်းဖော်ပြနိုင်မည် ဖြစ်သည်။

## အပိုင်း ၂- EITI ဖွင့်ပြ ထုတ်ပြန်ခြင်း

## ၂။ စာချုပ်များနှင့် လိုင်စင်များ ချပေးခြင်း

### ၂-၁။ အကျဉ်းချုပ်

ဤအခန်းတွင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး၊ လိုင်စင်ချထားရေးလုပ်ငန်းများ၊ စာချုပ်များ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်နှင့် နိုင်ငံတော်၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တရားဥပဒေမူဘောင်နှင့် ဆက်စပ်သော EITI ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်မှု အသေးစိတ်ကို ဖော်ပြထားသည်။

## ၂-၂။ အကဲဖြတ်ချက်

## တရားဥပဒေ မူဘောင် (#၂-၁)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*<u>တရားဥပဒေဝန်းကျင်</u>* **-** ၂၀၁၅-၂၀၁၆ EITI အစီရင်ခံစာတွင် ရေနံ (စက်သုံးဆီ) (စာ-၃၇) နှင့် သတ္တုတွင်း (စာ-၆၅) တို့ဆိုင်ရာ တရားဥပဒေ မူဘောင်အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ အစီရင်ခံစာတွင် ဖော်ပြခဲ့သော ရေနံ ဥပဒေများတွင် ရေနံမြေ အက်ဥပဒေ (၁၉၁၈) နှင့် ၁၉၆၉ ခုနှစ် ရေနံဓါတ်သတ္တုပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၆၉) တို့ပါဝင်သည်။ ကန်ထရိုက်တာများ (ရင်းနှီးမြှုပ်နှံသူများ) နှင့် ညှိနှိုင်း၍ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ်များ (PSCs)၊ လုပ်ဆောင်မှု ခုနှိမ်ခြင်း စာချုပ်များ (PCCs)၊ အမြတ်တိုးတက်ရရှိရေး သဘောတူစာချုပ်များ (IPRs)၊ နှင့် လုပ်ငန်းပြန်လည် ဆောင်ရွက်ခြင်း သဘောတူစာချုပ်များသည် တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိ (စာ ၃၇) ကြောင်းပြ၍ ရေနံစီမံကိန်းများကို စီမံအုပ်ချုပ်ကြောင်း အစီရင်ခံစာတွင်ရှင်းလင်းတင်ပြသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍတွင် ကျင့်သုံးနိုင်သောအခြားဥပဒေများမှာ ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေနှင့် MIC အမိန့်ကြော်ငြာများနှင့် မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) ၏လုပ်ပိုင်ခွင့်အာဏာကို ပြဌာန်းထားသော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများဥပဒေ တို့ဖြစ်သည်။

သတ္တုတူးဖော်ရေးကဏ္ဍအတွက်၊ အစီရင်ခံစာတွင် မြန်မာ့သတ္တုတွင်းများဥပဒေ (၁၉၉၄) နှင့် မြန်မာ့သတ္တုတွင်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)၊ အပါအဝင် အုပ်ချုပ်ရေးဥပဒေများနှင့် ကျောက်မျက်ဥပဒေ (၁၉၉၅)နှင့် ကျောက်မျက်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တို့ ကို ကိုးကားဖော်ပြခဲ့သည်။ အစီရင်ခံစာတွင် ဖော်ပြရန် အခြားသက်ဆိုင်ရာဥပဒေများကျန်ရှိသေးသည်ဟု အကြံပြုပြောဆိုခြင်းမရှိပါ။

*<u>အစိုးရ ဌာနများ၏ အခန်းကဏ္ဍ</u>* - MEITI အစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ (စာ-၃၈-၃၉၊ ၅၃-၅၇)၊ သတ္တုတွင်း ကဏ္ဍ (စာ-၆၆-၆၇၊ ၇၂-၇၆) တို့၌ အစိုးရ၏ အခန်းကဏ္ဍကို ရှင်းလင်းဖော်ပြထားသည်။ အဓိက အာဏာအပ်နှင်းထားသော ဌာနများမှာ သတ္တုတူးဖော်မှုအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) နှင့် ရေနံအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE) တို့ဖြစ်သည်။ အကျိုးမရှိသော်လည်း နိုင်ငံပိုင် လုပ်ငန်းဖြစ်သော မြန်မာ့ကျောက်မျက်လုပ်ငန်း (MGE) နှင့် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) တို့မှာ ကျောက်မျက်နှင့် ရေနံကဏ္ဍတွင် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအပြင် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ကိုပါ အသီးသီးလုပ်ဆောင်သည် (စာ- ၃၈၊ ၆၇)။ MONREC, MEE, MOGE နှင့် MGE တို့အောက်ရှိ အခြား ဌာနများနှင့် ကော်မီတီများ၏ အခန်းကဏ္ဍမှာ အစီရင်ခံစာ၏ အထက်တွင် ဖော်ပြခဲ့သော စာမျက်နှာများတွင်ဆွေးနွေးထားသည်။ သက်ဆိုင်ရာ အေဂျင်စီများအားလုံးကို ထည့်သွင်းဆွေးနွေးပြီးဖြစ်ကြောင်းသိမြင်နိုင်သည်။

*<u>အခွန်ဘဏ္ဍာစနစ်</u>* - ရေနံနှင့်သဘာဝဓါတ်ငွေ့ PSAs (စာ- ၄၉-၅၂) နှင့် သတ္တုတွင် ၊အတွက် (စာ ၇၁-၇၂) တို့တွင် တွေ့နေကျဖြစ်သော ဘဏ္ဍာရေးနှင့်အခွန်စနစ်များကို ရှင်းလင်းတင်ပြထားသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ ကို စာချုပ်သုံးမျိုးဖြင့် စီမံအုပ်ချုပ်သည်။[70] စာချုပ်အမျိုးအစားတစ်ခုစီတွင် နိုင်ငံတော်၏ ပူးပေါင်းပါဝင်မှု၊ ထုတ်လုပ်မှုအပေါ်ခွဲဝေခြင်း၊ ကုန်ကျစရိတ်ပြန်လည်ရရှိခြင်းအစီအစဉ်၊ ဓါတ်သတ္တုခွန်နှင့် အခြားပြဌာန်းချက်များနှင့်ပတ်သက်၍ သီးခြား စည်းကမ်းချက်များရှိသည်။ သတ္တုတွင်းကဏ္ဍအတွက် အခွန်ဘဏ္ဍာစနစ်ကို PSCs ဖြင့်သတ်မှတ်သည်။ အစီရင်ခံစာတွင် ရေနံဓါတ်သတ္တုဖော်ယူခွင့်အတွက် ဓါတ်သတ္တုခွန်၊ ဝင်ငွေခွန်၊ မြေငှားရမ်းခနှင့် ကုန်သွယ်ခွန်တို့အပါအဝင် သတ္တုတွင်း ကဏ္ဍအတွက် အသုံးပြုသော အဓိကအခွန်ဘဏ္ဍာငွေ များကို စာရင်းပြုစုဖော်ပြထားသည် (စာ-၇၂)။ ဆွေးနွေးမှုတွင် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍ ဆိုင်ရာ အခွန်ဘဏ္ဍာစနစ်ကို ပြည့်စုံကျယ်ပြန့်သော သုံးသပ်ချက်တစ်ခုအဖြစ် တွေ့ရသည်။

*<u>ဘဏ္ဍာငွေခွဲဝေမှု ပမာဏ</u>* - မြန်မာနိုင်ငံတွင် ဗဟိုချုပ်ကိုင်သော ဘဏ္ဍာရေးစနစ်ကိုကျင့်သုံးသည်။ EITI အစီရင်ခံစာ (စာ-၁၀၄) တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာငွေကောက်ယူမှုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပါဝင်မှုကို ကန့်သတ်ထားသည်။

---

[70] ကမ်းလွန်နှင့် ကုန်းပေါ် ပရောဂျက်များအတွက် PSC များ၊ ကုန်းပေါ်ပရောဂျက်များအတွက် PCC နှင့် ကုန်းပေါ်ပရောဂျက်များအတွက် ရေနံပြန်လည်ထူထောင်ရေးတိုးမြှင့်စာချုပ်များ (IPRs)

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ဖါတ်သတ္တုခွန်ကို ကျောက်စရစ်နှင့် သဲထုတ်လုပ်မှုမှသာ ကောက်ခံနိုင်သည်။ လက်တွေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများမှ အခွန်ကောက်ခံရရှိမှု မရှိပေ။

*ပြုပြင်ပြောင်းလဲမှု*- အထူးသဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့အတွက် CSR ရံပုံငွေကို ချမှတ်ရာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကိုထိန်းသိမ်းရန် ပြုပြင်ပြောင်းလဲမှုများကို (စာ-၅၈) တွင်ရှင်းလင်းတင်ပြထားသည်။ မြန်မာ့သတ္တုတွင်းများဥပဒေနှင့် မြန်မာ့ကျောက်မျက်ဥပဒေကို ပြင်ဆင်ခြင်း အပါအဝင် သတ္တုတွင်းများကို ထိန်းသိမ်းရန် ပြုပြင်ပြောင်းလဲမှုများကို (စာ-၈၇) တွင်ဖော်ပြထားသည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

အစီရင်ခံစာတွင် သက်ဆိုင်ရာကဏ္ဍများအတွက် ဥပဒေများအားလုံး ပါဝင်သည်ဟု ပါဝင်ပတ်သက်သူများအားလုံးကသဘောတူသည်။ အစိုးရကိုယ်စားလှယ်များက အခွန်ဘဏ္ဍာဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲမှုကို ဆိုင်းငံ့ခြင်းနှင့် ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလအတွင်းက လတ်တလောထုတ်ပြန်လိုက်သော သတ္တုတွင်းဆိုင်ရာ နည်းဥပဒေကို အကောင်အထည်ဖော်ခြင်း တို့ကို ရည်ညွှန်းဖော်ပြသည်။ သတ္တုတွင်းဦးစီးဌာန (DOM) နှင့် အရပ်ဘက်လူမှုအဖွဲ့ ကိုယ်စားလှယ်များအပါအဝင် ပါဝင်ပတ်သက်သူများက အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ဥပဒေပြုရေးနှင့် EITI ဥပဒေတို့ လိုအပ်ကြောင်းပြောကြားသည်။ EITI လုပ်ငန်းစဉ်များတွင် ထည့်သွင်းရန် IRD နှင့် ရှေ့နေချုပ်ရုံး မှ အဓိပ္ပါယ်ကောက်ယူရာ၌ အခွန်ဥပဒေတွင် လျှို့ဝှက်ချက်ထိန်းသိမ်းမှု ပြဌာန်းချက်များ ရှိနေသော်လည်း သတင်းအချက်အလက်များကို အစိုးရလုပ်ငန်းများနှင့် သက်ဆိုင်သော ရည်ရွယ်ချက်အတွက် အသုံးပြုမည်ဆိုလျှင် ချွင်းချက်တစ်ခုရှိကြောင်း၊ IRD ကရှင်းလင်းတင်ပြသည်။ ဤသို့ဖြစ်လျှင် သူတို့သည် အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ပြရန် ကုမ္ပဏီများထံမှ ကုမ္ပဏီကစွန့်လွှတ်ကြောင်း လက်မှတ်ထိုးထားသော တရားဝင်စာကို မလိုအပ်တော့ပေ။

### ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အထွေထွေအတွင်းရေးမှုးရုံး၏ ကနဦးအကဲဖြတ်ချက်တွင် မြန်မာနိုင်ငံသည် ဤပြဌာန်းချက်ကို ပြည့်မီအောင် ကျေနပ်ဖွယ်တိုးတက်မှုများ ပြုလုပ်ခဲ့သည်ဟု ဖော်ပြထားသည်။ EITI အစီရင်ခံစာတွင် သက်ဆိုင်ရာ ဥပဒေများဆိုင်ရာ ပြည့်စုံကျယ်ပြန့်သော ဆွေးနွေးချက်များ ပါဝင်ပြီး ကျန်ရှိခဲ့သော ဥပဒေမရှိပေ။

EITI အကောင်အထည်မှုအားကောင်းစေရန် မြန်မာနိုင်ငံရှိ ပြုပြင်ပြောင်းလဲမှုများ အပါအဝင် တွင်း ထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍဆိုင်ရာ တရားဥပဒေနှင့် အာဏာအပ်နှင်းမှု မူဘောင် နှင့်ပတ်သက်သည့်သတင်းအချက်အလက်များ ကို MEITI အစီရင်ခံစာတွင် ဤသတင်းအချက်အလက်များကို ဆွေးနွေးလျှင် အသေးစိတ် ဖော်ပြသကဲ့သို့ တန်းတူ အဆင့်ဖြင့် အစိုးရ website စသည်တို့မှ အများပြည်သူ အလွယ်တကူ ရရှိနိုင်အောင် ပြုလုပ်ထားရန် အစိုးရကို တိုက်တွန်းအားပေးသည်။

## လိုင်စင်ချပေးခြင်း (#၂-၂)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*ပေးအပ်ခြင်း/လွှဲပြောင်းခြင်းလုပ်ငန်းစဉ်*

**ရေနံနှင့်သဘာဝဓါတ်ငွေ့** - ကုန်းတွင်းလုပ်ကွက် ၁၆ ခုကို ကုမ္ပဏီ ၁၆ ခုသို့ ၂၀၁၃ ခုနှစ် အောက်တိုဘာလ အတွင်း၌ ချထားပေးလိုက်ကြောင်း (စာ ၄၅)နှင့် ကမ်းလွန်လုပ်ကွက် ၂၀ကို ကုမ္ပဏီ ၁၃ခုသို့ ၂၀၁၄ခုနှစ် မတ်လအတွင်းက ချထားပေးကြောင်း (စာ ၄၆) အစီရင်ခံစာတွင် ရှင်းလင်းတင်ပြထားသည်။ ၂၀၁၃ ခုနှစ်ဝန်းကျင်က ပြုလုပ်ခဲ့သော ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက် လေလံတင်ချိန်က စိတ်ဝင်စားမှု ဖော်ပြချက်ဆိုင်ရာစာ (LOEI) တင်သွင်းထားသော ကုမ္ပဏီများစာရင်းကို နောက်ဆုံး MEITI အစီရင်ခံစာတွင် တွဲလျက် ဖော်ပြထားသည်။[71] လက်ရှိတရားဥပဒေမူဘောင်သည် အစိုးရကာကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် ပြုလုပ်နေသော လျောက်ထားခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ပြဌာန်းချက်များ မပါရှိကြောင်း ထွက်ဆိုလျက် လိုင်စင်ချထားခြင်း လုပ်ငန်းစဉ်ကို (စာ ၄၄-၄၅) တွင် ဖော်ပြထားသည်။ အစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ခွင့်ပြုချက်ပါမစ်များကို ၂၀၁၃ခုနှစ်ဝန်းကျင်က ပြုလုပ်ခဲ့သော လေလံများတွင် ချထားပေးခြင်းမရှိကြောင်း (စာ-၄၇) ထပ်မံ ဖော်ပြထားသည်။ အစီရင်ခံစာနှင့် အကျုံးဝင်သော ကာလအတွက် လွှဲပြောင်းမှုများလည်း မရှိကြောင်း အတည်ပြုသည် (စာ၄၈)။ အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၁ တွင် ခွင့်ပြုချက်ပါမစ်ချထားသော

[71] ဧပြီ ၂၀၁၅- မတ် ၂၀၁၆ MEITI အစီရင်ခံစာတွင် link ပါရှိသည်။ ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

ကုမ္ပဏီများ၏ အမည်၊ လုပ်ကွက်နံပါတ်ကို စာရင်းပြုစုထားသည်။ သို့သော် ခွင့်ပြုချက်အတွက် လက်မှတ်ရေးထိုးသော ရက်စွဲမှာ ၂၀၁၄-၂၀၁၅ ကာလအတွင်းတွင်ဖြစ်သည်။ ဤအစီရင်ခံစာတွင် အကျုံးဝင်သော ကာလအတွင်း ခွင့်ပြုချက်ပါမစ် လက်မှတ်ရေးထိုးထားသော လုပ်ကွက် နှစ်ခုရှိသည်။ ထိုလုပ်ကွက်များမှာ AD 10 နှင့် M7 တို့ဖြစ်ပြီး ၂၀၁၅ခုနှစ် ဧပြီလနှင့် ဇူလိုင်လတို့တွင် အသီးသီးလက်မှတ်ရေးထိုးသည်။ ထိုလုပ်ကွက်များကို လက်ခံရရှိသော ကုမ္ပဏီများကိုဖော်ပြထားသည်။

**သတ္တုတွင်း** - သတ္တုတွင်း လိုင်စင်ချထားခြင်းနှင့် လွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်းများကို အစီရင်ခံစာ (စာ ၈၁-၈၂ ) တွင် အကျဉ်းချုံး ဖော်ပြထားသည်။ သတ္တုတွင်းများဥပဒေပြင်ဆင်ချက်တွင် တင်ဒါစနစ်ကိုခွင့်ပြုထားသော်လည်း ဓါတ်သတ္တုလိုင်စင်များကို ဦးရာလူစနစ်ဖြင့် ချထားလျက်ရှိကြောင်း ရှင်းပြထားသည်။ အစီရင်ခံစာတွင် အကျုံးဝင်သော ဘဏ္ဍာရေးနှစ်အတွင်း သတ္တုတွင်းလိုင်စင် ၆၆၂ ခုကို ချထားပေးခဲ့ကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။ (စာ ၈၂) နောက်ဆက်တွဲ ၁၁ တွင် လိုင်စင်ချထားသောရက်စွဲ၊ ရရှိသော ကုမ္ပဏီများ၏ အမည်၊ ဧရိယာအကျယ်အဝန်းနှင့် ထိုဧရိယာများမှ ထုတ်လုပ်သော ပစ္စည်းများကို ဖော်ပြထားသည်။ လိုင်စင်ချထားမှု လုပ်ငန်းစဉ် ကော်လံအောက်တွင် ဦးရာလူစနစ်ဖြင့် လိုင်စင် ချထားကြောင်းဖော်ပြထားသည်။ အခြားသတ္တုများအတွက် လိုင်စင် လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို အထူးပြုဖော်ပြထားခြင်းမရှိပါ။

**ကျောက်မျက်**_ - အစီရင်ခံစာတွင် လိုင်စင်ချထားမှုလုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြထားသည်။ (စာ- ၈၂-၈၆) အစီရင်ခံစာတွင် ၂၀၁၅-၂၀၁၆ ကာလအတွင်း ကျောက်မျက်လိုင်စင် ၄၃ ခုချထားခဲ့ကြောင်းဖော်ပြထားပြီး ထိုလိုင်စင်များကို နောက်ဆက်တွဲ ၁၁ တွင် စာရင်းပြုစုဖော်ပြထားသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်အတူ၊ အစီရင်ခံစာတွင် ၂၀၁၅-၂၀၁၆ အတွင်း တင်ဒါပြိုင်စနစ်ဖြင့် ခွင့်ပြုချက်ရရှိရန် လျှောက်ထားသူများ စာရင်းကို တွဲလျက် ဖော်ပြထားသည်။[72] လွှဲပြောင်းခြင်းအတွက်၊ အစီရင်ခံစာတွင် ကျောက်မျက်ဥပဒေအရ ကျောက်မျက်လုပ်ငန်းခွင့်ပြုချက်ပါမစ် လွှဲပြောင်းခြင်းကို ခွင့်မပြုကြောင်း ရှင်းလင်းတင်ပြထားသည်။ လက်တွေ့ကျင့်သုံးမှုနှင့်ပတ်သက်၍ မှတ်ချက်ပြုရာတွင် အစီရင်ခံစာက “ခွင့်ပြုချက်ပါမစ် အရေအတွက် များပြားခြင်းနှင့် MONREC ၏ စွမ်းဆောင်ရည်အကန့်အသတ်များကြောင့် ဓါတ်သတ္တုနှင့် ကျောက်မျက် လိုင်စင်များကို MONREC ၏ အသိအမှတ်ပြုမှု မရှိဘဲ လွှဲပြောင်းလေ့ရှိသည်ဟု ကျွန်ုပ်တို့အနေဖြင့်သဘောပေါက်သည်” ဟု ဖော်ပြထားသည်။ (စာ ၈၂)

*<u>နည်းပညာနှင့် ဘဏ္ဍာရေးသတ်မှတ်ချက်များ/ လေလံစနစ်</u>*

**ရေနံနှင့်သဘာဝဓါတ်ငွေ့**- ကုန်းတွင်းလုပ်ကွက် (စာ ၄၆) နှင့် ကမ်းလွန်လုပ်ကွက် (စာ ၄၈) နှစ်ခုလုံးအတွက် လိုင်စင်ချထားခြင်း ဆိုင်ရာ နည်းပညာနှင့် ဘဏ္ဍာရေး သတ်မှတ်ချက်များကို ရှင်းလင်းတင်ပြထားသည်။ နောက်ဆက်တွဲ ၂၀ တွင် ဘဏ္ဍာရေး အခြေအနေ၊ နည်းပညာတတ်မြောက်မှု၊ နှင့် လုပ်ငန်းအစီအစဉ်တို့ကို အကဲဖြတ်ခြင်းပါဝင်သည့် ဈေးပြိုင်ခြင်းစနစ်ကို သုံးသပ်ရန်အသုံးပြုသော ပြန်လည်သုံးသပ်ခြင်း မှတ်တမ်း ဟု ယူဆရသည်။ နည်းပညာ တတ်မြောက်မှုအတွက် တူးဖောက်ခြင်း၊ လည်ပတ်ခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်း အတွေ့အကြုံများ စသည့် အချက်များကို ထည့်သွင်း စဉ်းစားသည်။

**သတ္တုတူးဖော်ခြင်း**- EITI အစီရင်ခံစာတွင် သတ္တုတွင်းများ ဥပဒေသည် အသုံးပြုနိုင်မည့် ဘဏ္ဍာငွေနှင့် နည်းပညာ အမျိုးအစားခွဲခြားသတ်မှတ်မှုကို ဖော်ပြထားခြင်းမရှိသော်လည်း၊ ပြန်လည်သုံးသပ်ရေးကော်မီတီက သုံးသပ်ချက်ပြုလုပ်ရန် စံသတ်မှတ်မှုတစ်စုံကို ရေးဆွဲချမှတ်ခဲ့ကြောင်း ရှင်းလင်း တင်ပြထားသည်(စာ-၈၃)။ ရှာဖွေတွေ့ရှိမှု အချက်အလက်၊ အနည်းဆုံးရင်းနှီးမတည်ငွေပမာဏ၊ အခြေခံအဆောက်အအုံ အစီအစဉ်၊ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း နှင့် ဆက်လက် သန့်စင်ထုတ်လုပ်ခြင်း နည်းလမ်းများ၊ ဘဏ္ဍာရေးကာလ၊ နှင့် ဘဏ်အာမခံများ စသည့် အချက်များ ကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် လျှောက်လွှာများကို သုံးသပ်သည်။ သို့သော်လည်း၊ ဤအချက်အလက်များကို မည်သို့ တိုင်းတာချိန်ဆရမည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိကြောင်း အစီရင်ခံစာက တွေ့ရှိထားပြီး လိုင်စင်လျှောက်လွှာအသစ်ကိုပြန်လည် သုံးသပ်ခြင်းတွင် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ ယခင်အတွေ့အကြုံ သို့မဟုတ် ဘဏ္ဍာရေး အခြေအနေ စသည့် စံနှုန်းများကို (စာ-၈၃) တွင် ပြည့်စုံစွာ အကဲဖြတ်ထားသည်ဟု မယူဆနိုင်ကြောင်း မှတ်ချက်ပြုထားသည်။

**ကျောက်မျက်**- အစီရင်ခံစာတွင် ကျောက်မျက်လိုင်စင်ချထားခြင်းအတွက် အကဲဖြတ်သည့် နည်းပညာနှင့် ဘဏ္ဍာရေးစံနှုန်းများကို ဖော်ပြထားခြင်းမရှိပါ။ နောက်ဆက်တွဲ ၁၁ တွင် ခွင့်ပြုချက်ပါမစ်အားလုံးကို ဦးရာလူစနစ်ဖြင့် ချထားပေးသည်ဟု ဖော်ပြထားသည်။ ကုမ္ပဏီတစ်ခုစီအတွက် နည်းပညာ ဆိုင်ရာစံနှုန်းများသည် “လက်ခံနိုင်ဘွယ်” ဟူ၍ ဖြစ်ပြီး ဘဏ္ဍာရေး စံနှုန်းတွင် “အများဆုံး” ဈေးနှုန်းဖြစ်သည်ဟု သာ ဖော်ပြထားသည်။

[72] ဧပြီ ၂၀၁၅- မတ် ၂၀၁၆ MEITI အစီရင်ခံစာတွင် link ပါရှိသည်။ ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

*လိုင်စင်ရရှိသူ၏ သတင်းအချက်အလက်*

**ရေနံနှင့်သဘာဝဓါတ်ငွေ့** - အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၁ တွင် လုပ်ကွက်နံပါတ်နှင့် ၂၀၁၅ခုနှစ် ဇူလိုင်လ နှင့် ဧပြီလ တို့တွင် လက်မှတ်ရေးထိုးထားသော ခွင့်ပြုချက်ပါမစ်များ ရရှိသည့် ကုမ္ပဏီများ၏ အမည်များကို စာရင်းပြုစုဖော်ပြထားသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်ကတည်းက လိုင်စင်ချထားခြင်းမရှိကြောင်း လည်း ဖော်ပြထားသည်။

**သတ္တုတွင်း**- အစီရင်ခံစာတွင် အကျုံးဝင်သော ဘဏ္ဍာရေးနှစ်အတွင်း ချထားသည့် သတ္တုတွင်းလိုင်စင်မှာ ၆၆၂ ခုရှိကြောင်းဖော်ပြထားသည်(စာ-၈၂) ။ နောက်ဆက်တွဲ ၁၁ တွင် လိုင်စင်ရရှိသူများ၏ အမည်ကို ဖော်ပြထားသည်။

**ကျောက်မျက်**- ၂၀၁၅-၂၀၁၆ အတွင်းကျောက်မျက်လိုင်စင် ၄၃၃ ချထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်(စာ ၈၆)။ လိုင်စင်ရရှိသူများကို နောက်ဆက်တွဲ ၁၁ တွင် စာရင်းပြုစုဖော်ပြထားသည်။

*အသေးအဖွဲ့မဟုတ်သော ကွဲလွဲချက်များ*

**ရေနံနှင့်သဘာဝဓါတ်ငွေ့** - အသေးအဖွဲ့မဟုတ်သော ကွဲလွဲချက်များကို အကဲဖြတ်ထားခြင်း မရှိပါ။ သို့သော် အစီရင်ခံစာနှင့်အကျုံးဝင်သော ကာလအတွင်း လိုင်စင်ချထားမှုမရှိဟု သိရှိထားရမည်။

**သတ္တုတွင်း** - အစီရင်ခံစာတွင် ဦးရာလူစနစ်မှ ကွဲလွဲချက်များကို အကဲဖြတ်ထားခြင်းမရှိပါ။ သို့သော်လည်း လျှောက်လွှာရှိ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ စံနှုန်း များ မှာ တသမတ်တည်း မရှိကြောင်း တွေ့ရှိချက်တစ်ခုရှိသည် (စာ ၈၃)။ လွှဲပြောင်းရာတွင် အစီရင်ခံစာ၌ "ခွင့်ပြုချက်များ များပြားပြီး MONREC ၏ စွမ်းဆောင်ရည်အကန့်အသတ်ကြောင့်၊ သတ္တုနှင့် ကျောက်မျက် လိုင်စင်များကို MONREC ၏ အသိအမှတ်ပြုမှုမရှိဘဲ လွှဲပြောင်းလေ့ရှိကြောင်း ဖော်ပြထားသည်။ (စာ ၈၂)

**ကျောက်မျက်**- အစီရင်ခံစာတွင် ကျောက်မျက်လိုင်စင်များလွှဲပြောင်းမှုကို တားမြစ်ကြောင်း အထူးပြု ဖော်ပြထားသော်လည်း လိုင်စင်များကို (တရားမဝင်) လွှဲပြောင်းကြကြောင်း မီးမောင်းထိုးပြထားသည်။ (စာ ၈၂)

## အကျိုးရှိမှုအပေါ် သုံးသပ်ချက်

"လိုင်စင်ချထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် သတ္တုတွင်း ခွင့်ပြုချက်ပါမစ်များ လွှဲပြောင်းခြင်း ဆိုင်ရာ စံနှုန်းများကို အကဲဖြတ်ချက် စသည့် သတင်းအချက်လက်များ ကို ဖော်ပြထုတ်ပြန်ထားခြင်းမရှိပါ" ဟု EITI အစီရင်ခံစာ (စာ ၈၆) တွင် လိုင်စင်ချထားခြင်းလုပ်ငန်းစဉ်၏ အကျိုးရှိမှုအပေါ် သုံးသပ်ချက်တွင် ဖော်ပြထားသည်။ အသုံးပြုနေသော စံနှုန်းများကို ချိန်ဆ တိုင်းတာပုံနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များမှာ ရှင်းလင်းမှုမရှိပါ။ ဤသို့ဖြစ်နေခြင်းသည် ဘက်လိုက်ခြင်း သို့မဟုတ် အကတိလိုက်စားခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ MONREC သည် သတ်မှတ်ထားသော အချိန်အတွင်း အရေးယူဆောင်ရွက်ရန်ရမည့် အသနားခံခြင်း အဆင့်တွင် ရှိနေသေးသည့် လျှောက်လွှာများအပါအဝင် သတ္တုတွင်း တူးဖော်ခွင့် ပါမစ်/လိုင်စင်အတွက်လျှောက်လွှာ အများအပြားလက်ခံရရှိခဲ့သည်။ သို့သော်လည်း၊ လူအင်အားမလုံလောက်သောကြောင့် ဤ တောင်းခံမှုများကို အရေးယူဆောင်ရွက်ရာတွင် နှောင့်နှေးနိုင်သည်။ ထို့ကြောင့် ပါဝင်သူအများအပြား၏ ဆိုင်းငံ့ထားသော လျှောက်လွှာများ တပုံတပင်ဖြစ်လာနိုင်သည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

**ရေနံနှင့်သဘာဝဓါတ်ငွေ့**- အစီရင်ခံစာနှင့်အကျုံးဝင်သော ကာလအတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့ လိုင်စင်ချထားမှု မရှိ ၊ လွှဲပြောင်းမှုမရှိဟု အစီရင်ခံစာ၏ ဖော်ပြချက်ကို အစိုးရ ကိုယ်စားလှယ်များက အတည်ပြုသည်။ နောက်ဆက်တွဲ ၁၁[73] တွင်ဖော်ပြထားသော ရက်စွဲများသည် PSC ကို လက်မှတ်ရေးထိုးသော ရက်စွဲဖြစ်ကြောင်း ရှင်းပြသည်။ လိုင်စင်ချထားမှုအမှန်တကယ်ပြုလုပ်ခဲ့သော ရက်စွဲမှာ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက် ဖြစ်သည်။ ထိုရက်စွဲသည် အစီရင်ခံစာ၏ ကာလအတွင်း အကျုံးမဝင်ပါ။ ကုမ္ပဏီများအနေနှင့် MONREC ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာန (ECD) နှင့် အခြား အစိုးဌာနများမှ ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှု လေ့လာဆန်းစစ်ချက်ကို အတည်ပြုရန် စောင့်ဆိုင်းရခြင်းကြောင့် လိုင်စင်ချထားခြင်း အတွက်စာချုပ်ကို လိုင်စင်ချထားသည့်နေ့ရက်ထက် နောက်ကျပြီးမှ လက်မှတ်ရေးထိုးသည်မှာ ပုံမှန်ပင်ဖြစ်ကြောင်း၊ သူတို့က

[73] ဆိုလိုသည်မှာ ၂၀၁၅ ဧပြီနှင့် ဩဂုတ်တွင်

ရှင်းလင်းတင်ပြသည်။

အစိုးရအရာရှိများက ၎င်းတို့၏ လုပ်ပိုင်ခွင့်ဖြစ်သော လုပ်ထုံးလုပ်နည်းများတွင် အသေးအဖွဲမဟုတ်သော ကွဲလွဲမှု မရှိကြောင်း နှင့် အစီရင်ခံစာ၏ နောက်ဆက်တွဲ (၂၀) သည် လျှောက်ထားသူများကို လေ့လာသုံးသပ်သည့် မှတ်တမ်းများစာရင်းပင် ဖြစ်ကြောင်း အတည်ပြုပြောဆိုသည်။ လျှောက်လွှာများကို သုံးသပ်ခြင်းအနေဖြင့် MOGE နှင့် OGPD တို့သည် ရေနံနှင့်သဘာဝဓါတ်ငွေ့ စီမံချက်များ၏ အနည်းဆုံး ၀ါးနှစ်စာ လမ်းကြောင်းကို လိုက်လံကြည့်ရှုကြောင်း အစိုးရအရာရှိများက ရှင်းပြသည်။ ပါဝင်ပတ်သက်သူများ ဆွေးနွေးတိုင်ပင်မှုတွင် နောက်ထပ်အကြောင်းအရာ ဖော်ပြမှုမရှိပါ။

**သတ္တုတွင်း** - အစိုးရအရာရှိတစ်ဦးက သတ္တုတူးဖော်မှုကဏ္ဍတွင် လိုင်စင်များလွှဲပြောင်းလုပ်ကိုင်မှုကို ခွင့်မပြုကြောင်း ရှင်းပြသည်။ ထို့ကြောင့် နောက်ဆက်တွဲ ၁၁ တွင် ဖော်ပြထားသော ရက်စွဲများအားလုံးသည် လိုင်စင်ချထားသည့် ရက်စွဲများနှင့် နီးနွယ်သည်။ အစီရင်ခံစာနှင့်အကျုံးဝင်သော ကာလအတွင်း ချထားခဲ့သည့် လိုင်စင်အားလုံးကို ဦးရာလူစနစ်ဖြင့် ချထားခဲ့ခြင်းဖြစ်သည်။ သတ္တုသိုက်တည်ရှိမှုသတ်မှတ်ရန် ကျန်ရှိနေသေးသော နေရာများအတွက် တင်ဒါပြိုင်ခြင်းစနစ်ကို ၂၀၁၈ တွင် စတင် အကောင်အထည်ဖော်ခဲ့သည်။ သတ္တုသိုက်တည်ရှိမှုကို သိရှိပြီးသော နေရာများ အတွက်၊ လိုင်စင်ကို ဦးရာလူစနစ်ဖြင့် ဆက်လက်ချထားလျက်ရှိသည်။ သတ္တုတွင်းဦးစီးဌာနက လျှောက်ထားသူများ၏ ဘဏ်စာရင်းအပါအဝင် နည်းပညာနှင့် ဘဏ္ဍာရေးနောက်ခံ များကို ကြည့်ရှုကြောင်း အစိုးရအရာရှိများကရှင်းပြသည်။ အရာရှိက ဤသတ်မှတ်ချက်များသည် တည်ဆဲဥပဒေများတွင် မပါရှိသော်လည်း လတ်တလော ရေးဆွဲနေသော ဥပဒေမူကြမ်းတွင် ပါရှိသည်ဟု ဆက်လက်ရှင်းပြသည်။ အစိုးရအရာရှိတစ်ဦးက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအားလုံးကို တင်းကြပ်စွာလိုက်နာရပြီး နည်းဥပဒေမှ အသေးအဖွဲမဟုတ်သောကွဲလွဲမှု မရှိဟု အတည်ပြုပြောဆိုသည်။ လေလံများကို သုံးသပ်ခြင်းအတွက် သတ်မှတ်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာ သတ္တုတွင်းကုမ္ပဏီများက သတ္တုတွင်း ဌာန သည် ပုံစံကိုအသုံးပြု၍ လေလံများကို သုံးသပ်ခြင်း အတွက် စံပြုထားသော လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်သည်ဟု ဖြေကြားသည်။ ကုမ္ပဏီများ သိထားသည့်အတိုင်း လေလံတင်သည့်ဈေးနှုန်းသည် သတ္တုတွင်းဦးစီးဌာနအတွက် ပထမဆုံး ထည့်သွင်းစဉ်းစားချက် ဖြစ်သည်။ သုံးသပ်သူများထည့်သွင်းစဉ်းစားသည့် အခြားအချက်များတွင် စီမံကိန်းကိုဆောင်ရွက်ရန် ကုမ္ပဏီ၏ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများလျော့ချရန် စီစဉ်ထားမှု၊ နှင့် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှု၊ စီမံကိန်း ကာလ၊ လုပ်ငန်းနှင့် ဘတ်ဂျက်အစီအစဉ်တို့ ပါဝင်သည်။ ကုမ္ပဏီများသည် ခွင့်ပြုချက်ပါမစ်ကို ဈေးအမြင့်ဆုံးပေးသူထံသို့ ချထားကြောင်း ကုမ္ပဏီများက ဖော်ထုတ်ပြောဆိုသည်။

**ကျောက်မျက်ကဏ္ဍ**- MGEမှ ကိုယ်စားလှယ်များက ၂၀၁၅-၂၀၁၆ အတွင်း ကျောက်မျက် လိုင်စင် ၄၃ ခု ချထားခဲ့ပြီး (စာ-၈၆) ထိုချထားမှုများအားလုံးကို နှစ်ရက်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ရှင်းပြသည်။ MGE မှ ရေးဆွဲခဲ့သော လုပ်ထုံးလုပ်နည်းများတွင် တစ်လတာကာလအတွင်း လျှောက်လွှာများ အားလုံးကို လက်ခံရယူပြီး လိုင်စင်ချထားခြင်းအတွက် နှစ်ရက်လျာထားသတ်မှတ်ရန် ပါရှိသည်။ တသမတ်တည်းဖြစ်သည်။ ထို့ကြောင့် ထို လုပ်ထုံး လုပ်နည်းအားဖြင့် နောက်ဆက်တွဲ ၁၁တွင် ဖော်ပြထားသော ရက်စွဲနှစ်ခုတည်းဖြစ်ရသည့် အကြောင်းရင်းကို ရှင်းလင်းပြီးဖြစ်သည်။ ကျောက်မျက် ကဏ္ဍတွင် လိုင်စင်လွှဲပြောင်းခြင်းကို ခွင့်မပြုသောကြောင့် ရက်စွဲများသည် လိုင်စင်ချထားသော ရက်စွဲများကိုသာ ညွှန်းဆိုသည်။ အစီရင်ခံစာ ထုတ်ပြန်ပြီးနောက်မှ MGE က တင်ပြသော သက်တမ်းပြည့်သော လုပ်ကွက်များ၊ အသစ်လျာထားသော လုပ်ကွက်များ၊ နှင့် နိုင်ငံတော်နှင့် ပူးပေါင်းလုပ်ဆောင်သော လုပ်ကွက်များ ဆိုင်ရာ လိုင်စင်ခွင့်ပြုချက် လုပ်ထုံးလုပ်နည်းများ ဖော်ပြထားသည့်စာရွက်စာတမ်းကို NCS က ပြသည်။[74] စံသတ်မှတ်ချက်များနှင့် ပတ်သက်၍ SOE ကိုယ်စားလှယ်တစ်ဦးက ဖက်စပ်လုပ်ငန်းအတွက် အမြဲတမ်းမမှန်ကန်သော်လည်း ပုဂ္ဂလိကပိုင် လုပ်ကွက်များ အတွက်အမြင့်ဆုံး ဈေးပြိုင်သူက အလိုအလျောက် ရရှိအောင်မြင်ပြီးဖြစ်ကြောင်း ပြောကြားသည်။ MGJEA အဖွဲ့ဝင်များဖြစ်ကြသော ကုမ္ပဏီများက အမြင့်ဆုံးဈေးပေးသောသူက အလိုအလျောက် လိုင်စင်ရရှိသည်ဆိုသည်မှာ မှန်ကန်ကြောင်း၊ သို့သော်လည်း အစိုးရစည်းမျဉ်းများနှင့် ကုမ္ပဏီ၏ လေးစား လိုက်နာမှုနှင့် အတူ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို စိစစ်သုံးသပ်ကြောင်း အတည်ပြုပြောဆိုသည်။ အစိုးရသုံးစွဲနေသော နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိကို မေးမြန်းရာ၊ သူတို့သည် ခွင့်ပြုချက်ပါမစ်ထုတ်ပေးခြင်းတွင် လေးနှစ်အထိ ကြာမြင့်သွားနိုင်သည့် နှောင့်နှေးမှုများကို စိတ်ပျက်နေသည့်အချိန်မှာပင် သူတို့က သဘောချင်းကိုက်ညီကြောင်းပြသ၍ တုံ့ပြန်ဖြေကြားသည်။ MGJEA အဖွဲ့ဝင်ကုမ္ပဏီများက လိုင်စင်ချထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို တင်းကြပ်စွာလိုက်နာရသည်ဟု အတည်ပြုပြောကြားသည်။

## ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်က မြန်မာနိုင်ငံသည် ဤပြဌာန်းချက်များကို ရရှိအောင် အဓိပ္ပါယ်ပြည့်ဝသော တိုးတက်မှုများဆောင်ရွက်နိုင်ခဲ့သည် ဟု ဆိုသည်။ ဓါတ်သတ္တုများဆိုင်ရာ နည်းပညာနှင့် ဘဏ္ဍာရေး သတ်မှတ်ချက်များ သည် EITI အစီရင်ခံစာတွင်

[74] ဧပြီ ၂၀၁၅- မတ် ၂၀၁၆ MEITI အစီရင်ခံစာတွင် link ပါရှိသည်။ ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

မရှင်းမလင်းဖြစ်နေပြီး ကျောက်မျက်ကဏ္ဍဆိုင်ရာ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များကို လုံလောက်စွာ ဖော်ပြထားခြင်းမရှိ လင့်ကစား၊ MSGသည် လက်တွေ့တွင် လုပ်ငန်းစဉ်ကို ရှင်းလင်းစေရန် ကြိုးပမ်းသည့် သိသာသော လုပ်ဆောင်မှုများပြုလုပ်ခဲ့သည်။ MEITI အစီရင်ခံစာတွင် စိစစ်သုံးသပ်ရန် ရှင်းလင်းသော သတ်မှတ်ချက်များမရှိမှုကို အကြောင်းပြု၍ လျောက်လွှာများအတည်ပြုခြင်းကို လွန်ကဲစွာ လိုလျှင်လိုသလိုလုပ်ပေးသည်ဟု ဖော်ပြထားသည်။ MEITI အစီရင်ခံစာတွင် လိုင်စင်ချထားမှုနှင့် လွှဲပြောင်းမှုများကို စီမံအုပ်ချုပ်ရာတွင် ကျင့်သုံးနိုင်သောဥပဒေနှင့် စည်းမျဉ်းမူဘောင်များမှ အသေးအဖွဲ့မဟုတ်သော ကွဲလွဲချက်များ နှင့်ပတ်သက်သည့် ဆွေးနွေးမှုကို ထည့်သွင်းမထားပါ။

ထို့ပြင်၊ EITI အစီရင်ခံစာနှင့် ပါဝင်ပတ်သက်သူများအကြား ဓါတ်သတ္တုဆိုင်ရာ လိုင်စင်များ လွှဲပြောင်းခြင်းကို ခွင့်ပြုထားခြင်းရှိမရှိကိုလည်း ပြတ်သားမှုမရှိပါ။ ဤဟာကွက်များသည် လုံလောက်မှုမရှိသောတိုးတက်မှုကို အကဲဖြတ်ခြင်း ဖြစ်ကြောင်း ပြနေသည်ဟု အငြင်းပွားနိုင်လင့်ကစား MSG ၏ အားထုတ်မှုများက ယခင်က လုံးဝ နားမလည်နိုင်သော စနစ်ကို ရှင်းလင်းစေခဲ့ပြီး ပြဌာန်းဥပဒေအရ လုပ်ထုံးလုပ်နည်းမဟုတ်လျှင်ပင် လိုင်စင်ခွဲဝေချထားမှုတွင် အမှန်တကယ် ကျင့်သုံးနေမှုကို ရှင်းလင်းစေခြင်းမှာ တိုးတက်မှုများပြုလုပ်ခဲ့သည်။

EITI စံနှုန်း ၏ ပြဌာန်းချက် ၂-၂-က-၂ အရ မြန်မာနိုင်ငံသည် ဓါတ်သတ္တုနှင့် ကျောက်မျက်ကဏ္ဍများ၌ လိုင်စင်ချထားခြင်းနှင့်ပတ်သက်၍ အသုံးပြုနေသော နည်းပညာနှင့် ဘဏ္ဍာရေးသတ်မှတ်ချက်များကို ဖော်ပြရန် လိုအပ်သည်။ MSG တွင် ပြဋ္ဌာန်းချက် ၂-၂-က-၄ နှင့်အညီ လိုင်စင်ချထားခြင်းနှင့် လွှဲပြောင်းခြင်းတို့ကို အုပ်ချုပ်စီမံရာတွင် ကျင့်သုံးနိုင်သော တရားဥပဒေနှင့် စည်းမျဉ်းမူဘောင်မှ အသေးအဖွဲ့မဟုတ်သော ကွဲလွဲချက်များကို အကဲဖြတ်ချက်တစ်ရပ်လည်း ထည့်သွင်းထားသည်။ နောက်ဆုံးတွင် MSG သည် လိုင်စင်လွှဲပြောင်းမှုဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းရမည်ဖြစ်သည်။ အထူးသဖြင့် ဓါတ်သတ္တုကဏ္ဍတွင် လိုင်စင်လွှဲပြောင်းခြင်းကို ခွင့်ပြုထားခြင်းရှိမရှိ ဆိုသည်ကို ရှင်းလင်းရမည်။ လက်ရှိ သတ္တုတွင်းလုပ်ကွက်လိုင်စင် မှတ်ပုံတင်ခြင်းစနစ် ပြုပြင်ပြောင်းလဲခြင်း အားထုတ်မှုများနှင့် ပူးပေါင်းရန် ကြိုးစားခြင်းအားဖြင့် ပြဋ္ဌာန်းချက် ၂-၂ တွင်ပြဋ္ဌာန်းထားသော သတင်းအချက်အလက်များ အားလုံးကို စနစ်တကျဖွင့်ဟဖော်ထုတ်ရန် MSG ကို တိုက်တွန်းအားပေးသည်။

## လိုင်စင်မှတ်ပုံတင်ခြင်း (# ၂-၃)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*<u>အလားအလာရှိသော ဓါတ်သတ္တုကုမ္ပဏီများ ကိုင်ဆောင်ထားသည့် လိုင်စင်များ</u>* - ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ အတွက် ၂၀၁၅-၂၀၁၆ ခုနှစ် EITI အစီရင်ခံစာ (စာ ၄၄) တွင် MOGE က သက်ဆိုင်ရာ လိုင်စင်ကိုင်ဆောင်သူ၏ အမည်၊ အကျုံးဝင်သောကာလနှင့် တည်နေရာတို့ ဖော်ပြထားသော လိုင်စင်စာရင်းကို ထိန်းသိမ်းထားသည်ဟု ဖော်ပြထားသည်။ ဤအချက်အလက်ကို MOGE ဝက်ဆိုက်တွင် ထုတ်ပြန်ထားခြင်းမရှိသေးသော်လည်း အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၀တွင် စုစည်းဖော်ပြထားသည်။ သတ္တုတွင်းများနှင့် ကျောက်မျက်ကဏ္ဍအတွက် ၊ အစီရင်ခံစာ (စာ-၈၀) တွင် နိုင်ငံအတွင်း တည်ဆဲ သတ္တုတွင်းလိုင်စင် မှတ်ပုံတင်မှု မရှိကြောင်း၊ သို့သော်လည်း MONREC က လုပ်ကိုင်နေသော ကုမ္ပဏီများ၏ အမည်များပါဝင်သော သတ္တုတွင်း ခွင့်ပြုချက် ပါမစ်များစာရင်းကို ထိန်းသိမ်းထားသည်ဟု ဖော်ပြထားသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍဆိုင်ရာ လိုင်စင် မှတ်ပုံတင်များ ကဲ့သို့ပင် သတ္တုတွင်း လိုင်စင်စာရင်းကို ထုတ်ပြန်ထားခြင်းမရှိပါ။ EITI အစီရင်ခံစာ၏ ရည်ရွယ်ချက်အတွက် လုပ်ကိုင်နေဆဲဖြစ်သော သတ္တုတွင်း ကုမ္ပဏီများ၏ အချက်အလက်များကို နောက်ဆက်တွဲ ၁၀တွင် စုစည်း ဖော်ပြထားသည်။

*<u>လိုင်စင်ကိုင်ဆောင်ထားသူများ၏အမည်</u>* - ရေနံနှင့်သဘာဝဓါတ်ငွေ့အတွက် နောက်ဆက်တွဲ ၁၀ တွင် လိုင်စင်ကိုင်ဆောင်ထားသူများကို ဖော်ပြထားခြင်းမရှိဘဲ ရှယ်ယာရာခိုင်နှုန်းများအပါအဝင် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များကို မူဝေပိုင်ဆိုင်ထားသော ကုမ္ပဏီများ၏ အမည်များကို ဖော်ပြထားသည်။ သတ္တုတွင်းနှင့် ကျောက်မျက်ကဏ္ဍအတွက်၊ လိုင်စင်ကိုင်ဆောင်ထားသူများ၏ အမည်များသည် MEITI အစီရင်ခံစာ၊ နောက်ဆက်တွဲ ၁၀ တွင် စုစည်းဖော်ပြထားသည်။

*<u>လိုင်စင် မြေပုံအညွှန်းများ</u>* - ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍတွင် ၊ လိုင်စင်ချထားသည့် ဧရိယာကို ဖော်ပြသည့် မြေပုံညွှန်းများကို နောက်ဆက်တွဲ ၁၀ တွင် ဖော်ပြထားခြင်းမရှိပေ။ ကုမ္ပဏီလည်ပတ်နေသော နေရာရှိ မြို့များ ရွာများကို သာဖော်ပြထားသည်။

သတ္တုတွင်းများအတွက် ME1 နှင့် ME2 တို့၏ ကြီးမားသော လုပ်ငန်းများ၏ မြေပုံအညွှန်းများကို နောက်ဆက်တွဲ ၁၀ တွင်ဖော်ပြထားသည်။ ME3 အတွက်မူ သတ္တုတွင်းလုပ်ကိုင်နေသော ယေဘုယျတည်နေရာများကိုသာ ဖော်ပြထားသည်။ ကျောက်မျက်နှင့် ME1၊ ME2 တို့မှ ပမာဏသေးငယ်သော လိုင်စင်များအတွက် နောက်ဆက်တွဲ ၁၀တွင် လိုင်စင်မြေပုံအညွှန်းများအတွက် ကော်လံတစ်ခု ထည့်သွင်းထားသော်လည်း မည်သည့် မြေပုံညွှန်းစနစ်ကို

55


အသုံးပြုသည်ကို ရှင်းလင်းစွာမဖော်ပြထားပါ။

*ရက်စွဲများ* - ရေနံနှင့်သဘာဝဓါတ်ငွေ့အတွက် အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၀တွင် လျှောက်ထားသည့် ရက်စွဲများ၊ လိုင်စင်ချထားသည့်ရက်စွဲများနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲများနှင့် ပတ်သက်သည့် အချက်အလက်များ ဖော်ပြထားခြင်းမရှိပါ။ MOGE မှ ထပ်မံတင်ပြသော စာရွက်စာတမ်းများတွင် PSC လက်မှတ်ထိုးသော ရက်စွဲသာ ပါရှိသည်။

သတ္တုတွင်းလုပ်ငန်းများနှင့်ပတ်သက်၍ နောက်ဆက်တွဲ ၁၀ တွင်ဖော်ပြထားသော ME2 အတွက် လိုင်စင် ၅၅ ခုတွင် လျှောက်ထားသည့်ရက်စွဲ ပါရှိသည်။ ME1 ME3 နှင့် ME 2 ၏ ပမာဏသေးငယ်သော လိုင်စင်များတွင် လျှောက်ထားသည့်ရက်စွဲများမပါရှိပါ။ သတ္တုတွင်းဌာန မှဖော်ပြသော သတ္တုတွင်း လိုင်စင်များစာရင်းတွင်လည်း လျှောက်ထားသည့်ရက်စွဲမပါရှိပါ။ နောက်ဆက်တွဲ ၁၀ တွင်မူ သတ္တုတွင်းလိုင်စင်အားလုံးအတွက် လိုင်စင် ချထားသည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲများ နှင့်ပတ်သက်သည့် အချက်အလက်များ ပါရှိသည်။

ကျောက်မျက်ကဏ္ဍအတွက်၊ လျှောက်ထားသည့်ရက်စွဲ၊ လိုင်စင်ချထားသည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲများအားလုံးကို နောက်ဆက်တွဲ ၁၀ တွင် ဖော်ပြထားသည်။

*ကုန်ပစ္စည်း* - ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင်၊ နောက်ဆက်တွဲ ၁၀၌ လိုင်စင်တွင် အကျုံးဝင်သော ကုန်ပစ္စည်းများ သတ်မှတ်ဖော်ပြထားခြင်းမရှိပါ။ ထို့ပြင်၊ လိုင်စင်အရ ထုတ်လုပ်မည့် ကုန်ပစ္စည်း အမျိုးအစားများနှင့် စပ်လျဉ်း၍ အစီရင်ခံစာတွင် အတိအလင်းဖော်ပြထားသော ထုတ်ပြန်ချက်မပါရှိပါ။ သတ္တုတွင်းနှင့် ကျောက်မျက်ကဏ္ဍတွင် နောက်ဆက်တွဲ ၁၀၌ လိုင်စင်တစ်ခုစီအတွက် ထုတ်လုပ်မည့် ထုတ်ကုန်စာရင်းကို ဖော်ပြထားစသည်။

*ကုမ္ပဏီများ ကိုင်ဆောင်ထားသော လိုင်စင်များ* - ၂၀၁၅-၂၀၁၆ MRITI အစီခံစာ၏ နောက်ဆက်တွဲ ၁၀ တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သတ္တုတွင်းနှင့် ကျောက်မျက် ကဏ္ဍတို့ဆိုင်ရာ ကုမ္ပဏီများကိုင်ဆောင်ထားသာ လိုင်စင်များနှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြထားသည်။

*မှတ်ပုံတင်/လိုင်စင် ထုတ်ပြန်ခြင်း* - MOGE သည်လည်းကောင်း၊ MONREC သည်လည်းကောင်း လိုင်စင်မှတ်ပုံတင်ထုတ်ပြန်ခြင်းမရှိဟု အစီရင်ခံစာတွင် ရှင်းလင်းပြထားသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍအတွက်၊ အစီရင်ခံစာ၏နောက်ဆက်တွဲ ၁၀ တွင် ဖော်ပြထားသော လိုင်စင်ဆိုင်ရာ အချက် အလက်များကို MOGE မှ အတားအဆီးမရှိ၊ ကုန်ကျစရိတ်မရှိဘဲ တိုက်ရိုက်ရယူနိုင်သည်ဟု ဆိုသည်။ (စာ ၄၄) ။ မှတ်ပုံတင်ခြင်းရှိ ဟာကွက်များ ကို ဖွင့်ဟ ဖော်ပြထားပြီး (စာ ၄၄) အစီရင်ခံစာက နှင့် MOGE ဝက်ဆိုက်တွင် လိုင်စင်မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ထားခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများကို အကြံပြုထားသည်။ သတ္တုတွင်းကဏ္ဍအတွက် အစီရင်ခံစာတွင် MONREC သည် EITI က ချမှတ်ထားသည့် အချက်အလက်များ အားလုံးပါဝင်သော သတ္တုတွင်းလုပ်ကွက်လိုင်စင် မှတ်ပုံတင်စနစ် တစ်ခုတည်ဆောက်ရန် အမြင်ဖြင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်ဟု ဖော်ပြထားသည် (စာ-၈၀-၈၁) ။ ဓါတ်သတ္တု လုပ်ကွက်လိုင်စင်ဆိုင်ရာ မှတ်ပုံတင်ခြင်းစနစ်တစ်ခု အကောင်အထည်ဖော်ခြင်းသည် ပထမဆုံး MEITI အစီရင်ခံစာတွင် ဖော်ပြထားသည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အကြံပြုချက်တစ်ခု ဖြစ်သည်။

## မိတ်ဖက်အဖွဲ့များ၏ အမြင်များ

ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍနှင့်ပတ်သက်၍ အစီရင်ခံစာ ထုတ်ပြန်ပြီးနောက် MOGE မှ လိုင်စင်မြေပုံညွှန်းများထုတ်ပေးခဲ့ကြောင်း NCS က ရှင်းလင်း တင်ပြသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ကွက်များ၏ မြေပုံအညွှန်းများ ပါရှိသော စာရွက်စာတမ်းများကို[75] MEITI ဝက်ဆိုက်တွင် ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာနှင့် တွဲလျက် ရရှိနိုင်သည်။ အစိုးရအရာရှိများက မြေပုံအညွှန်းများပါရှိသော ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ကွက်များ စာရင်းမှာ ပြည့်စုံသည်ဟု အတည်ပြုပြောကြားသော်လည်း နောက်ဆက်တွဲ ၁၀ တွင် ဖော်ပြထားသော လိုင်စင်အရေအတွက်နှင့် မကိုက်ညီပေ။ နောက်ဆက်တွဲ ၁၀တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ကွက် ပေါင်း ၆၇ခု ဖော်ပြထားသော်လည်း လိုင်စင် ၄၂ တွင်သာ မြေပုံအညွှန်းများပါရှိသည်။ ထို့ပြင်၊ MOGE မှ သီးခြားဖော်ပြသော မှတ်တမ်းတွင်ပါရှိသည့် ကုန်းတွင်းလုပ်ကွက်များကို နောက်ဆက်တွဲ ၁၀တွင် ကမ်းလွန်လုပ်ကွက်များအဖြစ်ဖော်ပြထားပြီး နောက်ဆက်တွဲ ၁၀တွင် ကုန်းတွင်းလုပ်ကွက်များအဖြစ်ဖော်ပြထားသည့် လိုင်စင်များမှာ MOGE မှတ်တမ်းတွင် ကမ်းလွန်လုပ်ကွက်များဖြစ်နေသည်ကို တွေ့ရသည်။ အရာရှိများက လျှောက်လွှာတင်သည့် ရက်စွဲကိုမှတ်တမ်းတင်ထားခြင်းမရှိကြောင်း၊ နောက်ဆုံးဈေးပြိုင်လေလံအတွက် လျှောက်လွှာတင်ခြင်း

[75] ဖေပြီ ၂၀၁၅- မတ် ၂၀၁၆ MEITI အစီရင်ခံစာတွင် link ပါရှိသည်။ ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

မှာ ၂၀၁၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့အထိသာ ဖြစ်ကြောင်း ရှင်းပြသည်။ ကုမ္ပဏီများမှ တင်ပြသော အဆိုပြုလွှာများတွင် လျှောက်ထားသည့်ရက်စွဲများပါရှိသော်လည်း ၎င်းတို့ကို MOGE မှ မှတ်တမ်းတင်ထားပြီးဖြစ်သည်။ ဆွေးနွေးသော အစိုးရ အရာရှိများက လိုင်စင်များအားလုံးကို ၂၀၁၄ခုနှစ် မတ်လ ၂၆ရက်တွင် ချထားပြီး ကြေညာချက်ကို ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားသည်ဟု ထပ်မံရှင်းပြသည်။

သတ္တုတွင်းကဏ္ဍနှင့်ပတ်သက်၍ အစိုးရအရာရှိတစ်ဦးက သတ္တုတွင်းလုပ်ကွက်လိုင်စင်မှတ်ပုံတင် စာရင်းသွင်းခြင်း အဖွဲ့တစ်ခုကို ဖွဲ့စည်းထားပြီးဖြစ်ပြီး ထိုအဖွဲ့က လိုင်စင်မှတ်ပုံတင်ထုတ်ပြန်ခြင်း လုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းမျှဝေသည်။ ထိုအရာရှိ၏ အဆိုအရ မြေပုံအညွှန်းများတွင် Lambert Conformal Conic (LCC) စနစ်ကို အသုံးပြုသည်ဟုဆိုသည်။ ထိုအချက်ကို နောက်ဆက်တွဲ ၁၀တွင် ဖော်ပြထားသည်။ သို့သော်လည်း သတ္တုတွင်း လုပ်ကွက်လိုင်စင် မှတ်ပုံတင် ခြင်းအတွက် လတ္တီကျူ့နှင့် လောင်ဂျီကျူ့ များဖြင့် ဖော်ပြသော မြေပုံအညွှန်းများအဖြစ်သို့ ပြောင်းလဲရန် ဖြစ်သည်။ ME1 နှင့် ME 2 တို့လက်အောက်ရှိ ပမာဏသေးငယ်သော လိုင်စင်များအတွက် အရာရှိက စီမံချက်တည်နေရာ၊ အတိအကျကို သတ်မှတ် ဖော်ထုတ်ရာတွင် မြေပုံညွှန်းများအစား တည်နေရာကို သတ်မှတ်ပေးသော ခွဲတမ်းနံပါတ်၊ ပြည်နယ်နှင့် မြို့နယ်ကို အသုံးပြုသည်မှာ စီမံချက် ဧရိယာသည် သေးငယ်လွန်း၍ဖြစ်သည်ဟု ရှင်းပြသည်။ ME3 လိုင်စင်များ၏ မြေပုံညွှန်းများကို သတ္တုတွင်းဦးစီးဌာနက ပေးပို့ပြီးဖြစ်ကြောင်းနှင့် ၎င်းတို့ကို နောက်ဆက်တွဲ ၁၀ တွင်သီးခြားအပိုဒ်တစ်ခုဖြင့်ဖော်ပြထားကြောင်းရှင်းလင်းသည်။ အစိုးရအရာရှိတစ်ဦးက ကုမ္ပဏီများက အသုံးပြုခဲ့သော လျှောက်လွှာပုံစံများတွင် လျှောက်ထားသည့်ရက်စွဲမပါဝင်သောကြောင့် သတ္တုတွင်းဦးစီးဌာန တွင် လျှောက်ထားသည့် ရက်စွဲများမရှိကြောင်းရှင်းပြသည်။ သို့သော်လည်း ပြင်ဆင်လိုက်သော မြန်မာ့သတ္တုတွင်းများဥပဒေနှင့် ဥပဒေကြမ်းအသစ်တွင်တွင် လျှောက်လွှာပုံစံ၌ ရက်စွဲထည့်သွင်းရန် ပြဋ္ဌာန်းထားသောကြောင့် နောင်တွင် ဤအချက်ကို ဖော်ပြနိုင်မည်ဖြစ်သည်။ အရာရှိက ချထားသော လိုင်စင်များ၏ အသေးစိတ် အချက်အလက်များ အပါအဝင် လိုင်စင်များ ချထားခြင်းကို ဝက်ဆိုက်တွင်ကြေငြာထားကြောင်းရှင်းလင်းတင်ပြသည်။

## ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်တွင် မြန်မာနိုင်ငံသည် ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီအောင် အပြည့်အဝ တိုးတက် ဆောင်ရွက်မှုများပြုလုပ်နိုင်ခဲ့သည်ဟု ဆိုသည်။

ပြဋ္ဌာန်းချက် ၂.၃. အရဖော်ပြထားသော အချက်အလက်များအားလုံးကို စုစည်း၍ အများပြည်သူကြည့်ရှုနိုင်အောင် ပြုလုပ်ထားသော်လည်း ကျောက်မျက်နှင့် သတ္တုတွင်းလိုင်စင်များ ၊ မြေပုံညွှန်းများဆိုင်ရာ အချက်အလက်များ၊ လျှောက်ထားသည့် ရက်စွဲများ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ လိုင်စင်များချထားခြင်းနှင့် သက်တမ်းကာလကိုမဖော်ပြထားပေ။ မည်သို့ပင်ဖြစ်စေ ပထမဆုံးအကြိမ်အဖြစ် EITI အစီရင်ခံစာမှတဆင့် လိုင်စင်ဆိုင်ရာ အချက်အလက်များစုစည်းရန်နှင့် အများပြည်သူသို့ ဖော်ထုတ်ပြောဆိုရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ၏ အားထုတ်မှု ကို ချီးကျူးရမည်ဖြစ်သည်။

ပြဋ္ဌာန်းချက် ၂.၃. နှင့်အညီ၊ မြန်မာနိုင်ငံသည် EITI အစီရင်ခံစာတွင် မပါရှိသော အောက်ပါ အချက်အလက်များကို လူသိရှင်ကြားထုတ်ဖော်ပြောဆိုရန် လိုအပ်သည်။ ME3 လုပ်ကွက်များ၏ မြေပုံညွှန်းများ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ လိုင်စင်များ၊ လျှောက်လွှာရက်စွဲများ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းလိုင်စင်ချထားခြင်းနှင့် သက်တမ်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက်တစ်ခုစီမှ ထုတ်လုပ်မည့် ကုန်ပစ္စည်း တို့ဖြစ်သည်။ အကောင်အထည်ဖော်မှုအားကောင်းစေရန်၊ ပြဋ္ဌာန်းချက် ၂.၃. အရ သတ်မှတ်ထားသည့် လိုင်စင်အချက်အလက်များကို မှတ်ပုံတင်ထုတ်ပြန်ခြင်းမှတဆင့် အစိုးရ၏ နေ့စဉ် နှင့် စနစ်တကျ ဖော်ထုတ်ရမည့် သတင်းအချက်အလက်များအဖြစ် ဖွင့်ပြဖော်ထုတ်နိုင်စေရန် မြန်မာနိုင်ငံကို တိုက်တွန်းသည်။

# စာချုပ် ဖွင့်ပြဖော်ပြခြင်း (# ၂-၄)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*အစိုးရမူဝါဒ*

**ရေနံနှင့်သဘာဝဓါတ်ငွေ့** - ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍဆိုင်ရာ စာချုပ်ဖွင့်ပြထုတ်ပြန်ခြင်းဆိုင်ရာ မူဝါဒ၊ လိုက်နာကျင့်သုံးမှုနှင့် ပြုပြင်ပြောင်းလဲမှုများကို စာ-၅၂ တွင် ဖော်ပြထားသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းလုပ်ကိုင်သူများနှင့် MOGE အကြား ချုပ်ဆိုသည့် စာချုပ်နမူနာများ (PSCs) တွင် စာချုပ်ဝင်များက မဖော်ပြရန် သဘောတူထားသည်ဟု ဖော်ပြထားသည့် “ဝယ်ယူသော သို့မဟုတ် သိမ်းယူသော အချက်အလက်များ” သို့မဟုတ် “လုပ်ငန်းလည်ပတ်နေစဉ်အတွင်း” ရရှိသော စသည့် လျှို့ဝှက်ထိန်းသိမ်းထားရမည့် အပိုဒ်များ ပါရှိသော်လည်း စာချုပ်ပါ စာပိုဒ်တွင် စာချုပ်ကို

57


ဖွင့်ပြထုတ်ဖော်မှုကို တားမြစ်သည်ဟု ဖော်ပြရေးသားထားခြင်းမရှိဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရေနံနှင့်သဘာဝ ဓါတ်ငွေ့ဥပဒေပြဌာန်းမှုသည် အစိုးရကပြုလုပ်သော လိုင်စင်များ သို့မဟုတ် စာချုပ်များကို အများပြည်သူသို့ ပြသခြင်းဆိုင်ရာ တားမြစ်ချက်များမပါရှိပေ။

**သတ္တုတွင်း** - EITI အစီရင်ခံစာ (စာ- ၈၀) တွင် သတ္တုတွင်း ဆိုင်ရာစာချုပ်များ ဖွင့်ပြထုတ်ပြန်ခြင်းနှင့်သက်ဆိုင်သည့် မူဝါဒ၊ လက်တွေ့ကျင့်သုံးမှုနှင့် ပြုပြင်ပြောင်းလဲမှုများကို ဖော်ပြထားသည်။ သတ္တုတွင်း သဘောတူစာချုပ်အများစုတွင်ပါရှိသည့် လျှို့ဝှက်ထားရမည့် အပိုဒ်များသည် အစိုးရ၏ သဘောတူညီချက်မပါရှိဘဲ စာချုပ်ကိုပြသခြင်းမှ ကုမ္ပဏီများကို တားမြစ်ထားသည်ဟု ၎င်းတို့က ရှင်းပြသည်။ သတ္တုတွင်းလုပ်ငန်းလုပ်ကိုင်သူများကို ရံပုံငွေရရှိရန် ရည်ရွယ်ချက်အတွက် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများသို့ ဥပဒေအရ ပြသရန်လိုအပ်သည့် အချက်အလက်များမှအပ လုပ်ငန်း လုပ်ကိုင်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို စာချုပ်ဝင်မဟုတ်သော အခြားသူများထံသို့ ပြသခြင်းမှ တားမြစ်ထားသည်။ သို့သော်လည်း ထိုစာပိုဒ်တွင် ထုတ်ဖော်ပြသမှုကိုတားမြစ်ကြောင်း အတိအလင်း ဖော်ပြထားခြင်း မရှိပေ။ သတ္တုတွင်းဥပဒေတွင် အစိုးရမှ စာချုပ်များနှင့် လိုင်စင်များကို အများပြည်သူ သိရှိစေခြင်းနှင့် ပတ်သက်၍ သီးခြားတားမြစ်ထားချက်များမပါရှိပါ။

<u>*လက်တွေ့လိုက်နာကျင့်သုံးမှု*</u>- လက်တွေ့တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ စာချုပ်များကို လျှို့ဝှက်ထားသည်။ သို့သော် စံသတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်း နမူနာများကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၂ တွင် ဖော်ပြထားသည်။ ရတနာ စီမံချက်အတွက် MOGE နှင့် Total E&P တို့အကြား ပြုလုပ်ချုပ်ဆိုသည့် ၁၉၉၂ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့ရက်စွဲဖြင့် PSC မိတ္တူကို MOEE ဝက်ဆိုဒ်တွင်ရယူနိုင်ပြီး နောက်ထပ် PSCs စာချုပ်အရှည်ပုံစံကို မရရှိနိုင်ပေ။( စာ-၅၂) ထုတ်လုပ်မှု မျှဝေခြင်း စာချုပ်များတွင် ပါရှိသည့် ငွေကြေးစီးဆင်းမှု အကျဉ်းချုပ်ကို ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် တွဲလျက်ဖော်ပြထားသည်။[76]

သတ္တုတွင်းကဏ္ဍအတွက်၊ ဘူမိဗေဒစူးစမ်းလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဌာနက အလားအလာရှိမှု၊ ရှာဖွေတွေ့ရှိမှုနှင့် ဖြစ်နိုင်ခြေလေ့လာမှု လုပ်ငန်းများအတွက် မွမ်းမံထားသော နမူနာ သဘောတူစာချုပ်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။[77] သဘောတူစာချုပ်တွင် ဘဏ္ဍာရေးသက်တမ်း၊ လုပ်ငန်း လည်ပတ်မှုဆိုင်ရာ ကတိကဝတ်များ နှင့်ပတ်သက်သော အချက်အလက်များနှင့်အတူ ကုမ္ပဏီ၏ စီမံခန့်ခွဲမှုနှင့် တရားဥပဒေဆိုင်ရာ တာဝန် ဝတ္တရားများပါရှိသည်။

<u>*လက်လှမ်းမီနိုင်မှု*</u> - MOGE ဝက်ဆိုက်တွင် အများပြည်သူ ရရှိနိုင်သော ရတနာစီမံကိန်းအတွက် ၁၉၉၂ ခုနှစ် ဇူလိုင်လ ၉ ရက် ရက်စွဲပါ MOGE နှင့် Total E&P အကြားပြုလုပ်ချုပ်ဆိုသော PSC စာချုပ်နမူနာ မှအပ အခြားစာချုပ်များမှာ အများပြည်သူ လက်လှမ်းမီနိုင်ခြင်းမရှိဟု အစီရင်ခံစာတွင် စာချုပ်များ ဖွင့်ပြထုတ်ပြန်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုမှ ကောက်ချက်ချနိုင်သည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ စာချုပ်များကို ထိုစာချုပ်များအတွင်း ထည့်သွင်းထားသည့် လျှို့ဝှက်ထိန်းသိမ်းရမည့် ပြဋ္ဌာန်းချက် များနှင့်အညီ လျှို့ဝှက်ထားသည်ဟု အတည်ပြုပြောဆိုသည်။ လျှို့ဝှက်ထိန်းသိမ်းမှု စည်းမျဉ်းများကို ပံ့ပိုးရန် ကိုးကားနိုင်သည့် ဥပဒေများ၊ အစိုးရ စည်းမျဉ်းစည်းကမ်းများ မရှိပါ။ SOE ကိုယ်စားလှယ်တစ်ဦးက နမူနာ စာချုပ်များကို ဖော်ပြနိုင်လင့်ကစား အမှန်တကယ်ချုပ်ဆိုသော စာချုပ်များ ကို လျှို့ဝှက်ထားပြီး တစ်ခုမျှထုတ်ပြန်ခြင်းမရှိပါဟု ဆိုသည်။ SOE မှ အခြား ကိုယ်စားလှယ်တစ်ဦးက စာချုပ်များကို အစိုးရထံမှ ခွင့်ပြုချက်ဖြင့် ပြသနိုင်မည်ဟု ယူဆသည်။ အစိုးရ အရာရှိတစ်ဦးက သတ္တုတွင်း ဌာန သည် NRGI နှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များနှင့် စာချုပ်များထုတ်ဖော်ပြသနိုင်ရေးကို ဆွေးနွေးလျက်ရှိသည်ဟု ဆိုသည်။ အခြား SOE ကိုယ်စားလှယ်တစ်ဦးက ကျောက်မျက်ဥပဒေကို ပြင်ဆင်နေဆဲဖြစ်ပြီး၊ ပြင်ဆင်ချက်များတွင် စာချုပ်များထုတ်ဖော်ပြသခြင်းဆိုင်ရာ EITI စည်းမျဉ်းများကို လိုက်နာရန် ပြဋ္ဌာန်းချက်များ ပါရှိသည်ဟု ဆိုသည်။ ဥပဒေကိုပြဋ္ဌာန်းလျှင် ဖက်စပ် သဘောတူစာချုပ်များကို ဥပဒေအသစ်နှင့်အညီဖြစ်စေရန် ပြန်လည်သုံးသပ်ပြင်ဆင်ရမည်ဖြစ်သည်။

ပါဝင်ပတ်သက်သူများမှ စီးပွားရေးအရ အကဲဆတ်သော အချက်အလက်များနှင့်ပတ်သက်၍ အခက်အခဲအချို့ကို ဖော်ပြသော်လည်း စာချုပ်များ ဖွင့်ပြထုတ်ပြန်ရေးကို ကန့်ကွက်သူမရှိပါ။ အချို့သော ကျောက်မျက်ကုမ္ပဏီများမှ ပါဝင်ပတ်သက်သူများက မြန်မာနိုင်ငံ၏ အနေအထားအရ၊ ကုမ္ပဏီ အရာရှိများ၏ ဘေးကင်းလုံခြုံရေးကို ထိပါးစေနိုင်သဖြင့် စီမံချက်တည်နေရာနှင့် ကုမ္ပဏီ၏ ဝင်ငွေကဲ့သို့သော အခြေခံ အချက်အလက်များကို အကဲဆတ်သော အချက်အလက်များအဖြစ်ယူဆနိုင်သည်ဟု ဆိုသည်။ ဆွေးနွေးကြသော ကုမ္ပဏီကိုယ်စားလှယ်များက

[76] ဧပြီ ၂၀၁၅- မတ် ၂၀၁၆ MEITI အစီရင်ခံစာတွင် link ပါရှိသည်။ ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[77] သဘောတူစာချုပ်နမူနာကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

ကုမ္ပဏီများသည် အခွန် အခများကို ကောင်းစွာပေးဆောင်ကြောင်း သတင်းအချက်အလက်များကို အများပြည်သူသိရှိစေခြင်း၏ အကျိုးကျေးဇူးကို သိမြင်ကြသော်လည်း ဤအချက်အလက်များကြောင့် လက်နက်ကိုင်အုပ်စုများ၏ ခြိမ်းခြောက်ငွေညှစ်နိုင်မည့် အန္တရာယ်မှာ အလွန်မြင့်မားသည်ဟု ဆိုသည်။ စာချုပ် ထုတ်ဖော်ပြသခြင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဖြစ်ရပ်များအတွက် အစိုးရထံမှ အကာအကွယ်ရရှိရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် သတ္တုတွင်း ကုမ္ပဏီများမှ ကိုယ်စားလှယ်များက ဤပူပန်မှုကို အတူအကွပြောဆိုကြသည်။ စာချုပ်ဖွင့်ပြထုတ်ပြန်ရန် ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ် လိုအပ်မည်သည်ဟု သတ္တုတူးဖော်ရေးလုပ်ငန်း ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

လုပ်ငန်းကိုယ်စားလှယ်တစ်ဦးက ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် စာချုပ်ထုတ်ဖော်ပြသရေးကို ထောက်ခံကြောင်း ပြောကြားသည်။ အခြားရေနံနှင့် သဘာဝ ဓါတ်ငွေ့ ကုမ္ပဏီများက မည်သည့်မှတ်ချက်မျှ မပေးပါ။ EITI အစီရင်ခံစာ (စာ ၅၂) (PSCs တွင် လျှို့ဝှက်ချက်ထိန်းသိမ်းရမည့် အပိုဒ်များ မပါရှိသော်လည်း လက်တွေ့တွင် စာချုပ်များသည် လျှို့ဝှက်ထားသည်) တွင်ဖော်ပြထားသောအချက်ကိုရှင်းပြရန် မေးမြန်းသောအခါ SOEs နှင့် အစိုးရ ကိုယ်စားလှယ်များက PSC စာချုပ်များသည် လက်တွေ့တွင် လိုက်နာနိုင်သော လျှို့ဝှက်ချက်ထိန်းသိမ်းရေး အပိုဒ်များ ပါရှိသည်ဟု ရှင်းလင်းသည်။ ပုံမှန်တွေ့ရသော စာပိုဒ်မှာ စာချုပ်ဝင်များသည် စာချုပ်များကို စာချုပ်သက်တမ်းတစ်လျှောက်လုံး နှင့် သက်တမ်းကုန်ဆုံးပြီး ငါးနှစ်ကျော်သည်အထိ လျှို့ဝှက်ထားရမည်ဖြစ်သည်ဟူ၍ ဖြစ်သည်။ EITI က စာချုပ်ဖွင့်ပြထုတ်ပြန်ရန် ပြဋ္ဌာန်းထားလျှင် ထိုကိစ္စကို အစိုးရ၏ ပိုမိုမြင့်မားသော အဆင့်သို့ တင်ပြမည် ဟု ရှင်းပြသည်။ ထိုအချိန် အတွင်း MEITI အထွေထွေအတွင်းရေးမှူးရုံးသို့ PSCs နမူနာများကို ပေးအပ်သည်။ စာချုပ်များကို ဖော်ထုတ်ပြသရန် ဝန်လေးနေမှုမှာ MOEE ကြောင့် ဖြစ်ကြောင်း ပါဝင်ပတ်သက်သူအချို့က ဆိုသည်။ အချို့ MOREC သည် စာချုပ်များ ဖော်ထုတ်ပြသရန် ကောင်းစွာ ကူညီပေးသည်ဟု ဆိုသည်။ အစိုးရ ကိုယ်စားလှယ်တစ်ဦးက ကျောက်မျက်မူဝါဒ မူကြမ်းတွင် စာချုပ်ထုတ်ဖော်ပြသရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်လာမည်ဖြစ်ကြောင်းပြောကြားသည်။

### ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်တွင် မြန်မာနိုင်ငံသည် ဤပြဋ္ဌာန်းချက်ကို ပြည့်မီအောင် ကျေနပ်ဖွယ် တိုးတက်မှုများ ပြုလုပ်ခဲ့သည်ဟု ဖော်ပြသည်။ အစီရင်ခံစာတွင် စာချုပ် ဖွင့်ပြထုတ်ပြန်ခြင်း ဆိုင်ရာ အစိုးရ၏ မူဝါဒနှင့် လက်တွေ့ကျင့်သုံးမှု များကိုရှင်းလင်းစွာ ဖော်ပြထားသည်။

EITI အကောင်အထည်ဖော်မှု အားကောင်းစေရန် မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး စာချုပ်အားလုံးကို ယခင် EITI အစီရင်ခံစာ သုံးခုတွင် အကြံပြုထားသကဲ့သို့ အပြည့်အဝ ဖော်ထုတ်ပြသခြင်းကို ထည့်သွင်းစဉ်းစားရန် ဆန္ဒရှိနိုင်ပါသည်။ PSCs နှင့် သတ္တုတွင်း စာချုပ်များတွင် ပါရှိသော လျှို့ဝှက်ထိန်းသိမ်းထားရမည့် အပိုဒ်များကို ပြန်လည် စဉ်းစားရန်လည်း အကြံပြုထားသည်။

## အကျိုးအမြတ်ရယူပိုင်ဆိုင်ခွင့်ဆိုင်ရာ ဖွင့်ပြထုတ်ပြန်မှု (#၂-၅)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*အစိုးရမူဝါဒ* - ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီများ ဆိုင်ရာ အကျိုးအမြတ်ပိုင်ဆိုင်သူများကို ဖော်ပြရန် တည်ဆဲဥပဒေပြဋ္ဌာန်းထားခြင်းမရှိကြောင်း ဖော်ပြထားသည်။ ထို့ပြင် အစိုးရအရာရှိများ အနေဖြင့် တွင်းထွက်သဘာဝ ရင်းမြစ်များ တူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍမှ ရရှိသည့် ၎င်းတို့၏ အကျိုးစီးပွား၊ ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှုများကို ဖော်ပြထားရန် လိုအပ်ကြောင်း သီးခြား စည်းမျဉ်းများလည်းမရှိချေ (စာ ၁၁၂)။ ကုမ္ပဏီပြန်လည်မှတ်ပုံတင်ခြင်းအတွက် ဖြည့်စွက်ရသည့် ပုံစံတွင်[78] ကုမ္ပဏီတွင်ပါဝင်သည့်သူများ၏ အချက်အလက်များနှင့် သာမန်ပုဂ္ဂိုလ်နှင့် တရားဝင် ပုဂ္ဂိုလ်များအကြား ခွဲခြားထားမှုများ ပါရှိသည်။

*လက်တွေ့ကျင့်သုံးမှု* - အမှန်တကယ် ပြသဖော်ထုတ်ရေး လက်တွေ့ကျင့်သုံးမှုအနေဖြင့် ၂၀၁၅-၂၀၁၇ MEITI အစီရင်ခံစာတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ဖွင့်ပြဖော်ထုတ်မှုကို မိမိသဘောနှင့်ပြုလုပ်နိုင်သောစနစ်ဖြင့် ထည့်သွင်းရန် ကြိုးစားခဲ့သော်လည်း ကုမ္ပဏီများက အချက်အလက်များကို မတင်ပြခဲ့ပါ။ အကျိုးအမြတ်ပိုင်ဆိုင်သူများ နှင့် နိုင်ငံရေးအရ ထင်ရှားသောပုဂ္ဂိုလ် (PEP) ဆိုသည့်စကားရပ်၏ အဓိပ္ပါယ်သတ်မှတ်ချက် တို့ကို

---

[78] ကုမ္ပဏီများပြန်လည်မှတ်ပုံတင်ရေးအတွက် DICA ၏ လျှောက်လွှာပုံစံများကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

အစီရင်ခံစာ၏ စာမျက်နှာ ၁၁၃ တွင် ဖော်ပြထားသည်။ အကျိုးအမြတ်ပိုင်ဆိုင်သူဆိုသည်မှာ အများဆိုင်ကုမ္ပဏီဖြစ်စေ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီဖြစ်စေ၊ ကော်ပိုရိတ်ဖြစ်စေ တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခြေခံအားဖြင့် ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်နိုင်သော သာမန်ပုဂ္ဂိုလ် (များ) ကို ဆိုလိုသည်။ ပါဝင်သော ကုမ္ပဏီများထံမှ ကြေညာချက်ပုံစံ အစိတ်အပိုင်းအဖြစ် တောင်းဆိုသည့် အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၁၁၄ တွင်ဖော်ပြထားသည်။ ထို့ပြင်၊ အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့်၏ ရှေ့ပြေး လေ့လာချက်ကို ပါဝင်သော တွင်းထွက် သဘာဝ သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီ ၂၁ ခုတို့တွင် ပြုလုပ်ပြီးဖြစ်သည်။ ကုမ္ပဏီ ၂၁ ခုမှ၊ ၁၇ခုသည် ၎င်းတို့၏ တရားဝင်မှုနှင့် အကျိုးအမြတ်ပိုင်ဆိုင်ခွင့်ရှိသူတို့နှင့် ပတ်သက်သည့် အချက်အလက်များကို ဖွင့်ပြဖော်ထုတ်ခဲ့သည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့် ရှေ့ပြေးလေ့လာချက် က ရုယ်ယာ သို့မဟုတ် မဲပေးပိုင်ခွင့် ၅ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်ပြီး အခြားနည်းလမ်းအားဖြင့် ပါဝင်သော ကုမ္ပဏီများ အပေါ် ထိန်းချုပ်နိုင်သော ပုဂ္ဂိုလ် ၃၁ ဦးကို စာရင်းပြုစုခဲ့သည်။

ရှေ့ပြေးလေ့လာချက်မှ တွေ့ရှိချက်များကို အခြေခံ၍ အသုံးပြုနေသော အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် ကွာဟမှု သုံးခု ရှိနေသည်။ ၎င်းတို့မှာ ၁) SOEs, အထူးသဖြင့် နိုင်ငံခြား ကုမ္ပဏီများ ၂) လူသိရှင်ကြားစာရင်းပေါက်သော ကုမ္ပဏီများ နှင့် ၃) လျို့ဝှက်ချက် ထိန်းသိမ်းရေး ပြဿနာများ ဖြစ်သည်။ ရှေ့ပြေးလေ့လာချက်နှင့်ပတ်သက်သည့် အစီရင်ခံစာတွင် ၂၀၂၀ ခုနှစ်တွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့် ဆိုင်ရာ EITI ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရန် MEITI ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို မည်သို့ကောင်းမွန်အောင် လုပ်ဆောင်မည် ဆိုသည်နှင့်ပတ်သက်၍ အကြံပြုချက်များကို စာရင်းပြုစုဖော်ပြထားသည်။

အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့် လုပ်ငန်းအဖွဲ့တစ်ခုကို အစိုးရက ၂၀၁၈ ခုနှစ် ဇွန်လ ၃၀ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၆၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည်။[79] လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ကို ဖွင့်ပြရန် ကြိုးပမ်းမှုအတွက် လမ်းညွှန်မှုနှင့် ခေါင်းဆောင်မှုကို ပံ့ပိုးရန် ရည်ရွယ်သည်။ လုပ်ငန်းအဖွဲ့ကို EITI အကောင်အထည်ဖော်ခြင်းတွင် ပါဝင်သော အေဂျင်စီများမှ ဒါရိုက်တာများဖြင့် ဖွဲ့စည်းထားသည်။ အလားတူပင် အခြား သက်ဆိုင်ရာ အစိုးရရုံးများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA)၊ ဗဟိုဘဏ်၊ ဘဏ္ဍာရေး အချက်အလက် ယူနစ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့လည်းပါဝင်သည်။

*<u>ထင်ရှားသော ကုမ္ပဏီများ၏ တရားဝင်ပိုင်ဆိုင်သူ</u>* -နောက်ဆုံးထွက်ရှိထားသော MEITI အစီရင်ခံစာ၏ နောက်ဆက်တွဲ ၂တွင် EITI နှင့်အကျုံးဝင်သော ကုမ္ပဏီများ၏ တရားဝင်ပိုင်ရှင်များ ကို ဖော်ပြထားသည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

အစိုးရကိုယ်စားလှယ်တစ်ဦးက DICA သည် အကျိုးအမြတ်ပိုင်ဆိုင်ခွင့် ဖွင့်ပြဖော်ထုတ်ရေးနှင့် ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများတွင် လတ်တလော တာဝန်ယူထားခြင်း မရှိဟု ဆိုသည်။ ကိုယ်စားလှယ်က ကုမ္ပဏီများအက်ဥပဒေအသစ်ကို မူကြမ်းရေးဆွဲရာတွင် DICA က အကျိုးအမြတ်ရရှိပိုင်ခွင့်နှင့် နိုင်ငံရေးအရ ထင်ရှားသော ပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်းသည့် ပုဒ်မအချို့ထည့်သွင်းရန် စဉ်းစားခဲ့သည်။ သို့သော် အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ အခြေခံသဘောတရားများကို ကုမ္ပဏီများအကြား သိရှိထားမှု မရှိသေးသောကြောင့် ထိုသို့မထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံရှိကုမ္ပဏီများ၏ ၉၀ ရာခိုင်နှုန်း နီးပါးသည် တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများနှင့် ဆက်စပ်ခြင်းမရှိသည့် အခက်အခဲကိုလည်း ထည့်သွင်းစဉ်းစားခဲ့သည်။ ယခုအခါ DICA ၏ ဦးစားပေးမှုမှာ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ အသိတိုးမြှင့်ပေးရန်ဖြစ်သည်။

အစိုးရ ကိုယ်စားလှယ်တစ်ဦးက အွန်လိုင်းမှ ကုမ္ပဏီမှတ်ပုံတင်ခြင်းစနစ်ကို လုပ်ဆောင်နေပြီဖြစ်ကြောင်း ပြောကြားသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ ကုမ္ပဏီများအားလုံးသည် အွန်လိုင်းစနစ်ကို အသုံးပြု၍ ပြန်လည်မှတ်ပုံတင်ရန်လိုအပ်သည်။ ကုမ္ပဏီအချက်အလက်များကို လူအများရယူနိုင်ခြင်းကို ဆက်လက် ခွင့်ပြုမည်ဖြစ်သော်လည်း အချို့သော အချက်အလက်များအတွက် ကျသင့်ငွေ သတ်မှတ်ထားမည်ဖြစ်သည်။ အစိုးရကိုယ်စားလှယ်က DICA သည် အနာဂတ်တွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့် ဖွင့်ပြဖော်ထုတ်ခြင်းအတွက် နေရာတစ်ခုဖြစ်လာမည်ဟု အသိအမှတ်ပြုပြောကြားသည်။ MSG အနေဖြင့် DICA သည် ကုမ္ပဏီများထံမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းမည်ဖြစ်ကြောင်း၊ ထိုနည်းအားဖြင့် DICA သည် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ ကုမ္ပဏီပုံစံများနှင့် လုံခြုံစိတ်ချရသော ခွင့်ပြုချက်များကို ပြန်လည် သုံးသပ်နိုင်မည်ဖြစ်ကြောင်း အကြံပြုသင့်သည်ဟု သူတို့က အဆိုပြုသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့် ပြုပြင်ပြောင်းလဲမှုကို စတင်ခြင်းသည် ပြဿနာမဟုတ်ကြောင်း၊ အကျိုးအမြတ် ရရှိပိုင်ဆိုင်ခွင့် ဖွင့်ပြဖော်ထုတ်မှုကို အားပေးရန် ရင်းနှီးမြှုပ်နှံမှု ဥပဒေက ကုမ္ပဏီများအားလုံးသည် ပွင့်လင်းမြင်သာမှုရှိရမည်ဟု ရှင်းလင်းစွာ ပြဋ္ဌာန်းထားပြီး တည်ဆဲဥပဒေများအတွင်း ပွင့်လင်းမြင်သာသော ပုဒ်မများ ရှိပြီးဖြစ်သည်ဟု ရှင်းပြသည်။ ဤဖွင့်ပြဖော်ထုတ်မှုကို ကန့်ကွက်မှုများရှိမည်ဟု မမျှော်လင့်ကြပေ။

[79] MEITI (ဇွန် ၂၀၁၈) "အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၈" ကို 2018 စက်တင်ဘာလတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

### ကနဦးအကဲဖြတ်ချက်

အကောင်အထည်ဖော်ဆောင်ရွက်နေသော နိုင်ငံများတွင် အကျိုးခံစားပိုင်ခွင့်ရှိသူများကို သီးခြားဖော်ပြရန် မလိုအပ်သေးဘဲ ထိုလိုအပ်ချက်များကို နိုင်ငံတစ်နိုင်ငံ၏ EITI အခြေအနေအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှု တစ်စုံတရာမရှိသေးပါ။ မည်သို့ဆိုစေကာမူ ကနဦး အဆင့်ဆောင်ရွက်ချက်တွင် အကျိုးခံစားပိုင်ခွင့်ရှိသူများလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရှေ့ပြေးအစီရင်ခံစာတွင် အကျိုးခံစားပိုင်ခွင့်ရှိသူများကို အမှန်တကယ် ဖော်ပြခြင်း အပါအဝင် အကျိုးခံစားပိုင်ခွင့်ရှိသူများ ပွင့်လင်းမြင်သာရေးသို့ ဦးတည်လုပ်ဆောင်သောမြန်မာနိုင်ငံအား ချီးကျူးသင့်သည်။ မြန်မာနိုင်ငံသည် ကုမ္ပဏီမှတ်ပုံတင်ခြင်းမှတစ်ဆင့် ရရှိနိုင်သော အကျိုးခံစားပိုင်ခွင့်ရှိသူများ၏ အချက်အလက်များကို ဖော်ထုတ်ထည့်သွင်းအသုံးပြုရန် အကြံပြုထားသည်။

## နိုင်ငံတော်အဆင့်ပါဝင်မှု (#၂-၆)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*စွမ်းဆောင်ရည်*- တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုအခန်းကဏ္ဍတွင် နိုင်ငံတော်အဆင့်ပါဝင်ခြင်းသည် တွင်းထွက်သယံဇာတနှင့်ဆိုင်သော ဝင်ငွေကို တိုးမြင့်စေသည်ဟု EITI အစီရင်ခံစာက အတည်ပြုသော်လည်း တွင်းထွက်သယံဇာတရွေးချယ်ခြင်းအတွက် အဓိပ္ပာယ်နှင့် စံသတ်မှတ်ချက်များကို အစီရင်ခံစာ၌ ဖော်ပြမထားပါ။ EITI အစီရင်ခံခြင်းလုပ်ငန်းစဉ်အတွက် အောက်ပါ နိုင်ငံပိုင်လုပ်ငန်းများကို ရွေးချယ်ခဲ့သည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့အတွက် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) (စာမျက်နှာ - ၁၁၊ ၅၃၊ ၅၅၊ ၁၂၇၊ ၁၆၂)၊ ကျောက်မျက်ကဏ္ဍအတွက် မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) (စာမျက်နှာ - ၁၁၊ ၇၃၊ ၁၂၇၊ ၁၆၂)၊ သတ္တုတွင်းကဏ္ဍအတွက် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ME1) (စာမျက်နှာ - ၁၁၊ ၇၃၊ ၁၂၇၊ ၁၆၂)၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (ME 2) (စာမျက်နှာ - ၁၁၊ ၅၃၊ ၅၅၊ ၁၂၇၊ ၁၆၂)၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်း (ME3) (စာမျက်နှာ ၁၁၊ ၇၃၊ ၁၂၇၊ ၁၆၂) နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (MPE) (စာမျက်နှာ - ၁၁၊ ၁၆၊ ၁၂၇၊ ၁၆၂) တို့ကို ရွေးချယ်ခဲ့သည်။ ထိုအစီရင်ခံစာတွင် မြန်မာနိုင်ငံဥပဒေအရ တပ်မတော်ပိုင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်(UMEHL) နှင့် မြန်မာ့စီးပွားရေးကော်ပိုးရေးရှင်း (MEC) တို့ကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဟု သတ်မှတ်ထားခြင်းမရှိပါ။ ဤအနှစ်ချုပ်အတွက် အစီရင်ခံစာတွင် UMEHL နှင့် MEC တို့၏ ဒွဟဖြစ်သော လုပ်ဆောင်မှုအခြေအနေ ရှင်းလင်းချက် မပါရှိသော်လည်း နယ်ပယ်စုံပါဝင်ပတ်သက်သူများအဖွဲ့ (MSG) က UMEHL နှင့် MEC နှစ်ခုလုံးအား SOEs ဟု မသတ်မှတ်ပါ။

EITI အစီရင်ခံစာတွင် တပ်မတော်ပိုင်ကုမ္ပဏီနှစ်ခုကို မြန်မာနိုင်ငံဥပဒေအရ SOEs ဟု သတ်မှတ်မထားသော်လည်း UMEHL ကို တပ်မတော်ဌာနနှစ်ခုက (ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံးက ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်) (စာမျက်နှာ - ၇၅) ပူးတွဲပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။ MEC သည် ကာကွယ်ရေး ဝန်ကြီးဌာန ပစ္စည်းဝယ်ယူရေးညွှန်ကြားရေးမှူးရုံးက စီမံဆောင်ရွက်သော ဗမာ့တပ်မတော်၏ အဓိကဦးပိုင်ကုမ္ပဏီနှစ်ခုအနက်မှ တစ်ခုဖြစ်သည်။ သတ္တုကဏ္ဍ၌ MEC သည် ရှယ်ယာ ပိုင်ဆိုင်သည့် အမှတ်အသား တစ်စုံတရာမရှိကြောင်းအစီရင်ခံစာတွင် မှတ်ချက်ပြု ထားသည် (စာမျက်နှာ ၇၆) ။

*အစိုးရနှင့်ဘဏ္ဍာရေးဆက်စပ်မှု* -EITI အစီရင်ခံစာတွင် အစိုးရနှင့် နိုင်ငံတော်ပိုင်လုပ်ငန်းများ(SOEs) MOGE (စာမျက်နှာ- ၅၅ - ၇၇) နှင့် မြန်မာ့ကျောက်မျက်လုပ်ငန်း (စာမျက်နှာ - ၇၆ -၇၉) အကြား ဘဏ္ဍာရေးစပ်လျဉ်းသောတည်ဆဲဥပဒေနှင့် လက်တွေ့ဆောင်ရွက်နေမှုတို့ကို အသေးစိတ် ဖော်ပြထားပါသည်။

MOGE အနေဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီများထံမှ အခွန်ကောက်ခံမှု၌ ၎င်း၏အခန်းကဏ္ဍ (စာမျက်နှာ-၅၄)၊ ဘဏ္ဍာငွေလွှဲပြောင်းရရှိမှု (၂၀၁၅-၂၀၁၆ မပါဝင်ပါ)(စာမျက်နှာ - ၅၅)၊ ဝင်ငွေထိန်းသိမ်းနိုင်မှုအရည်အသွေး (စာမျက်နှာ - ၅၅ - ၅၆)၊ အစိုးရသို့ အမြတ်ဝေစုခွဲဝေပေးရန် လိုအပ်ချက် (စာမျက်နှာ-၅၅)၊ နှင့် ၂၀၁၅ -၂၀၁၆ အတွင်း လက်တွေ့ဆောင်ရွက်ချက်အပေါ် သုံးသပ်ချက် (စာမျက်နှာ-၅၆) တို့ကို အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် တတိယအဖွဲ့အစည်း(third-party)ရန်ပုံငွေ(ကြွေးမြီး သို့မဟုတ် မတည်ရင်းနှီးငွေ)ကိုရှာဖွေရန် MOGE ၏ စွမ်းဆောင်ရည်နှင့် ဆက်စပ်သော ဥပဒေများမရှိသည်ကိုပါ ဖော်ပြထားသည်။

ME1 ME2 ME3 နှင့် MGE အတွက် အစီရင်ခံစာတွင် SOEs သတ္တုတူးဖော်မှုလုပ်ငန်းများ လိုက်နာရန် အစိုးရဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများသည် တူညီပြီး MOGE နှင့်ဆက်နွယ်သည်ဟု ဖော်ပြထားပြီး ၂၀၁၅-၁၆ ခုနှစ်ရှိ အမှန်တကယ်လုပ်ဆောင်မှု သုံးသပ်ချက် ပံ့ပိုးထားသည်။

*အစိုးရပိုင်လုပ်ငန်း* အစီရင်ခံစာတွင် MOGE ၏ ၇.၃ ရာခိုင်နှုန်း South East Asia Gas Pipline Co. (SEAGP) နှင့် South East Asia Crude Oil Pipeline (SEACOP) စီမံကိန်းတို့တွင် ၄၉ ရာခိုင်နှုန်း အပါအဝင် ရေနံနှင့် သဘာဝဓါတ်ငွေ့စီမံကိန်းများ၌ နိုင်ငံတော်အဆင့် ပါဝင်မှုများကို ဖော်ပြထားသည်။ SEAGP သည် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို စီမံခန့်ခွဲရန် MOGE နှင့် CNPC တို့ ထူထောင်ထားသော ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည်။ ဤအစီရင်ခံစာတွင်

61



မတည်ငွေရင်းရှယ်ယာနှင့် သက်ဆိုင်သည်များကို သီးခြားဖော်ပြခြင်းမရှိသော်လည်း ရေနံနှင့်သဘာဝဓါတ်ငွေ့ စီမံကိန်းများတွင် အသုံးပြုသော MOGE ၏ အကြီးမားဆုံးအသုံးစရိတ်ခွဲတမ်းကို တင်ပြထားသည်(စာမျက်နှာ ၅၃)။

အစီရင်ခံစာတွင် MOGE ကို အစိုးရက ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်ကြောင်း အတည်ပြုဖော်ပြထားသော်လည်း ၎င်း၏မတည်ငွေရင်းများကို ၎င်းကို ကြီးကြပ်ကွပ်ကဲသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန MOEE က ထိန်းချုပ်မှုရှိမရှိမှာ ရှင်းလင်းမှုမရှိပါ။၊ စာမျက်နှာ(၅၃)။ ရေနံနှင့်သဘာဝ ဓါတ်ငွေ့ကုမ္ပဏီများ၏ မတည်ငွေရင်းတွင် MOGE မပါရှိသည်ကို အစီရင်ခံစာတွင် ရှင်းလင်းဖော်ပြထားပြီး ၂၀၁၆ ခုနှစ် မတ်လမှစ၍ ထုတ်လုပ်မှု အပေါ်မှုဝေခံစားမှုစာချုပ်များ (PSCs) ရှိ MOGE ၏ ရှယ်ယာများကို စာရင်းပြုစုထားသည် (စာမျက်နှာ ၅၅)။ MOGE ပါဝင်သော PSCs နှင့်သက်ဆိုင်သော ကုန်ကျစရိတ်များအတွက် ၎င်း၏တာဝန်များကို မဖော်ပြထားပါ။

အစီရင်ခံစာတွင် MOGE ရှယ်ယာများနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို သီးခြားရည်ညွှန်းခြင်း မရှိပါ။ အပြည့်အစုံဖော်ပြထားခြင်းမရှိသော်လည်း ၎င်း၏ကြီးမားဆုံးသော အသုံးစရိတ် ခွဲဝေမှုအကြောင်းအရင်းဖြစ်သော ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံကိန်းများ၌ MOGE ၏ ပါဝင်လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေကို ကုန်သွယ်မှုစည်းကမ်းသတ်မှတ်ချက်များအရ ပေးသွင်းထားသော မတည်ငွေရင်းများက သွယ်ဝိုက်၍ပေါ်လွင်စေသည်။

ME1 နှင့် ME3 ရှိ သတ္တုတူးဖော်ရေးစီမံကိန်းများကို ထုတ်လုပ်မှုအပေါ်ခွဲဝေသည့်စနစ်ဖြင့် ငှားရမ်းထားကြောင်း ဤအစီရင်ခံစာ၌ ဖော်ပြထားသည်။ ၂၀၁၅ - ၂၀၁၆ ခုနှစ်၌ MGE သည် ကျောက်မျက်ရတနာတူးဖော်ရေးကုမ္ပဏီများထံတွင် မတည်ငွေရင်း ထည့်ဝင်မှုတစ်စုံတရာမရှိကြောင်း(စာမျက်နှာ-၇၃)နှင့် ME2 သည် သတ္တုတူးဖော်ရေးကုမ္ပဏီများထံတွင် မတည်ငွေရင်း ထည့်ဝင်မှုတစ်စုံတရာမရှိကြောင်း မှတ်ချက်ပြုထားသည်(စာမျက်နှာ-၇၅)။ သတ္တုတူးဖော်ရေး လုပ်ငန်းများရှိ ME2 ၏ ဖက်စပ်လုပ်ငန်းများကို နောက်ဆက်တွဲ ၂၁ တွင် ဖော်ပြထားသည်။ဖက်စပ်လုပ်ငန်းများနှင့် တွင်းထွက်ထုတ်လုပ်မှု ခွဲဝေရာတွင် ME1၊ ME2နှင့် ME3 တို့သည် ၎င်းတို့၏ ခံစားပိုင်ခွင့်ကိုသာထည့်သွင်းထားသော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သော အခြားပြဋ္ဌာန်းချက်များကို ဤအစီရင်ခံစာတွင် မဖော်ပြထားပါ။ (ဥပမာ။ ။ မတည်ငွေရင်းရှယ်ယာနှင့်ဆက်စပ်သောလုပ်ငန်းစတင်ချိန်ကုန်ကျစရိတ်အတွက် တာဝန်ယူမှု)

<u>*ပိုင်ဆိုင်မှု အပြောင်းအလဲ -*</u> အစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများအတွက် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မတည်ငွေရင်းပမာဏ ပြောင်းလဲမှုမရှိကြောင်း ဖော်ပြထားသည်။ သတ္တုတူးဖော်ရေးအတွက် ၂၀၁၄/၁၅-၂၀၁၅/၁၆ အတွင်း ဖက်စပ် ချုပ်ဆိုထားသောရာခိုင်နှုန်း ပြောင်းလဲမှု မရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည် (စာမျက်နှာ ၇၅)။ ကျောက်မျက်ရတနာလုပ်ငန်းများအတွက် ၂၀၁၅-၁၆ ခုနှစ်၌ MGE သည် အစီရင်ခံစာ နောက်ဆက်တွဲ-၁၀ ရှိ ၎င်း၏ဖက်စပ် ကျောက်မျက်နှင့်ကျောက်စိမ်း လုပ်ငန်းအားလုံး၏ ရင်းနှီးငွေ ၂၅ ရာခိုင်နှုန်းကို ချုပ်ကိုင်ထားသည်ဟု ဖော်ပြထားသည်။ ထို ၂၀၁၄-၁၅ ခုနှစ်၌ လိုင်စင်အားလုံး ၄၀ ရာခိုင်နှုန်းပေးဆောင်စေခြင်းမှ ၂၀၁၅-၁၆ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းသို့ လျော့ချခဲ့သည်။ ဤအစီရင်ခံစာအရ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ဆောင်နေသော MGE ၏ ရှယ်ယာပမာဏ အပြောင်းအလဲရှိမရှိမှာ ရှင်းလင်းမှုမရှိပါ။ မတည်ငွေပြောင်းလဲမှုစည်းကမ်းသတ်မှတ်ချက်ကို ထိုအစီရင်ခံစာတွင် ဖော်ပြထားခြင်းမရှိပါ။ နောက်ဆက်တွဲ-၁၀ ရှိMPE ပုလဲဖက်စပ်လုပ်ငန်းများကို အခြေခံသောအချက်အလက်များအရ ၂၀၁၅ စက်တင်ဘာလတွင် ထူထောင်သော Ocean Pearl Co. အမည်ရှိ ဖက်စပ်ကုမ္ပဏီတစ်ခု ပေါ်ပေါက်လာသည်။ သို့သော် MPE ပါဝင်မှုများမှ သိသာထင်ရှားသော စည်းကမ်းသတ်မှတ်ချက် ပြောင်းလဲမှုများကို ဖော်ပြမထားပါ။

<u>*ချေးငွေနှင့်အာမခံ*</u> -အစီရင်ခံစာတွင် MOGE နှင့် ME3 ယူထားသော ချေးငွေများ ဖော်ပြထားသည်(စာမျက်နှာ ၁၂၇)။ အစီရင်ခံစာ ပြန်လည် ဆန်းစစ်နေချိန်အတွင်း ယခုချေးငွေများနှင့်မသက်ဆိုင်သောတပ်မတော်ဦးပိုင်ကုမ္ပဏီအပါအဝင် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကုမ္ပဏီ အာမခံထားသည့် ချေးငွေများ မပါရှိသည်ကို သတိပြုပါ။ အစီရင်ခံစာတွင် အစိုးရနှင့် SOE အားတွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သော ကုမ္ပဏီများမှ ချေးငွေနှင့် အာမခံချက် အသေးစိတ်အားဖော်ပြပေးရန် တောင်းဆိုကြသော်လည်း ပြန်လည်ဖြေရှင်းခြင်းမရှိသဖြင့်ချေးငွေနှင့်အာမခံ အစီရင်ခံမှု ပြည့်စုံမှုနှင့်ပတ်သက်၍ မေးခွန်းများ ပိုမိုများပြားလာသည်ကို သတိပြုသင့်သည်။ အစီရင်ခံစာတွင် နိုင်ငံခြားတိုင်းပြည်များမှ MOGE ချေးငွေလေးခုကို အသေးစိတ်ဖော်ပြထားသော်လည်း (ဂျပန်နိုင်ငံ/JICA ဖြစ်ခဲ့ပါက အစိုးရထံမှဖြစ်နိုင်သည်။) အစီရင်ခံစာအရ MOGE နိုင်ငံခြားမှ ချေးယူထားသော ချေးငွေများအပေါ် မြန်မာအစိုးရထံမှ အစိုးရအာမခံချက်ပေးမပေးဆိုသည်မှာ ရှင်းလင်းမှုမရှိပါ။

သတ္တုတူးဖော်မှုအတွက် စီရင်ခံစာ၌ ME1 နှင့် ME2 တို့သည် အစိုးရထံမှ ချေးငွေတစ်စုံတရာမရရှိကြောင်း အတည်ပြုထားသည်။ ME1 နှင့် ME2 တို့သည် နိုင်ငံအတွင်း လုပ်ကိုင်နေသော သတ္တုတူးဖော်ရေးကုမ္ပဏီများ ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီများသို့ ချေးငွေ သို့မဟုတ် အာမခံချက် တစ်စုံတရာ ပံ့ပိုးပေးခြင်းမရှိပါ (စာမျက်နှာ ၇၉)။ အစီရင်ခံစာတွင် ME3 ၏ ချေးငွေများအပေါ် မြန်မာအစိုးရထံမှ အစိုးရအာမခံချက်ပေးမပေးဆိုသည်မှာ ရှင်းလင်းမှုမရှိသော်လည်း ဂျပန်အစိုးရထံမှ ME3 ချေးယူထားသော ချေးငွေတစ်ခုအား အသေးစိတ် ဖော်ပြထားသည်။

<u>*ဝင်ငွေထိန်းသိမ်းမှု*</u> တွင်းထွက်သယံဇာတတူးဖော်မှုလုပ်ငန်း အမြတ်ငွေများကို ကုမ္ပဏီပိုင်ရံပုံငွေအနေဖြင့် SOEs က အထူးသီးသန့်လုပ်ငန်းများနှင့်

62



ရင်းနှီးမြုပ်နှံမှုများ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့်၎င်းတို့၏ Other Account တွင် ထိန်းသိမ်းထားသည်ဟု MEITI အစီရင်ခံစာတွင် ရှင်းပြထားသည်။ SOEs ထိန်းသိမ်းထားသော ပမာဏမှာ မြန်မာငွေ ၉၅၃,၅၉၁ မီလီယံကျပ်(အမေရိကန်ဒေါ်လာ ၇၇၉ မီလီယံဒေါ်လာ) ဖြစ်ပြီး ထိုပမာဏမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တွင်းထွက်သယံဇာတတူးဖော်မှုလုပ်ငန်းမှ အစိုးရအသားတင်အမြတ်စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ SOEs ကထိန်းသိမ်းထားသော ဝင်ငွေများအဖြစ် Other Account ကို စီမံခန့်ခွဲသုံးစွဲမှုအတွက် လိုက်နာရမည့်ဥပဒေများကို တရားဝင်ထုတ်ပြန်သော အချက်အလက်များ မရှိပါ။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MEITI အစီရင်ခံစာတွင် အစိုးရတာဝန်ရှိသူများမှ နိုင်ငံတော်အဆင့်ပါဝင်မှုကို မိတ်ဖက်အဖွဲ့များ ဆွေးနွေးညှိနှိုင်းချိန်တွင် အတည်ပြုကြကြောင်း ဖော်ပြထားသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်၌လုပ်ငန်းတိုးချဲ့မှုမရှိသလို မည်သည့်ချေးငွေမျှ မရရှိကြောင်း SOE တာဝန်ရှိသူတစ်ဦးက ထပ်လောင်းပြောကြားသည်။ SOE တာဝန်ရှိသူများစွာကအစီရင်ခံစာတွင် ချေးငွေများကို ဖော်ပြထားကြောင်းနှင့် ၎င်းချေးငွေများအတွက် အစိုးရအာမခံချက်ကို MOPF က ပေးကြောင်း အတည်ပြုပြောဆိုသည်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဂျပန်အစိုးရထံမှ ချေးငွေများကို ရရှိခဲ့ပြီးဖြစ်သည်ဟု SOE တာဝန်ရှိသူများစွာက ထုတ်ဖော်ပြောဆိုသော်လည်း အစိုးရ၏အာမခံမှု ရှိမရှိမှာ မရေရာပေ။ ၎င်းတို့နားလည်သည်မှာ MOGE ကိုယ်စား MOPF က တရုတ်ဘဏ်မှ ချေးငွေယူခဲ့ခြင်းသာဖြစ်သည်။

တွင်းထွက်သယံဇာတများတူးဖော်ထုတ်လုပ်မှုအခန်းကဏ္ဍ၌အစိုးရပါဝင်မှုနှင့် ပတ်သက်၍ SOE အရာရှိများက MOGE သည် ၎င်း၏ ဖက်စပ်လုပ်ငန်းများ အားလုံး၏ ၂၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း ရှင်းပြသည်။ MEITI အစီရင်ခံစာနောက်ဆက်တွဲ၌လုပ်ကွက်အားလုံးမှာ ဖက်စပ်မဟုတ်သော်လည်း ပုဂ္ဂလိကပိုင် လုပ်ကွက်များကို ညွှန်းဆိုပြီး နောက်ဆက်တွဲဇယား-၁၀ ရှိ လိုင်စင်ချထားသောလုပ်ကွက် ၂၂,၅၀၀ ကွက်လုံးမှရှယ်ယာ ၂၅ ရာခိုင်နှုန်းပိုင်ဆိုင်ထားသည်ဟု ယူဆပါက သုံးသပ်ချက်များယွင်းနိုင်သည်ဟု ၎င်းတို့က ရှင်းပြသည်။ တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်မှု စီမံကိန်းများတွင် MGE ပါဝင်မှု အပြောင်းအလဲမှာ ၂၀၁၄-၁၀၁၅ ခုနှစ်တွင်ဖက်စပ်ကုမ္ပဏီများ၌ ၎င်းတို့၏ မတည်ငွေရင်း ပါဝင်မှုကို ၄၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ ၂၀၁၅ မေလ ၂၁ ရက်မှစတင်၍ လျှော့ချခဲ့သည်ဟု ၎င်းတို့က ရှင်းပြသည်။

ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ငန်းများအတွက် MEE သည် ၎င်း၏ စီမံကိန်းများ၌မတည်ရင်းနှီးငွေ လုံးဝမပါရှိကြောင်း SOE နှင့်အစိုးရ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။ MOGE သည် အနည်းဆုံးအနေဖြင့် ရေနံစီမံကိန်းများကို စီမံခန့်ခွဲမှုများဆောင်ရွက်ရန်အတွက် အပ်နှံထားသော ပုဂ္ဂလိက မတည်ရင်းနှီးငွေအားလုံး၏ ၁၅-၂၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည်။

မိတ်ဖက်အဖွဲ့များက EITI အစီရင်ခံစာတွင် နိုင်ငံတော်အဆင့်ပါဝင်သော အချက်အလက်များကို ဖော်ပြခြင်းသည် အစီရင်ခံစာကို ပိုမိုကောင်းမွန်စေသည် ဟု သဘောတူညီကြသည်။ အထူးသဖြင့် တပ်မတော်နှင့်နီးနွယ်သောကုမ္ပဏီနှစ်ခုကို အတန်းအစားခွဲခြားခြင်း။

UMEHL ကို ပုဂ္ဂလိကကုမ္ပဏီအဖြစ် ပြောင်းလဲရန် မိတ်ဖက်အဖွဲ့များ အများစုက သဘောတူညီသော်လည်း ကုမ္ပဏီစီမံခန့်ခွဲမှုများတွင် စစ်တပ် လွှမ်းမိုးမှုရှိနေခြင်းအား မသိကျိုးကျွန်ပြုမပြုသင့်ဘဲ EITI အစီရင်ခံမှုလုပ်ငန်းစဉ်အတွက်UMEHL နှင့် MEC အားအမျိုးအစားခွဲခြားခြင်းကို အလေးထား ဆောင်ရွက်ရမည်။

UMEHL တာဝန်ရှိသူတစ်ဦးက ၎င်းတို့တွင် ယခင်က ရှယ်ယာနှစ်မျိုးရှိကြောင်း A အမျိုးအစားရှယ်ယာကို ကာကွယ်ရေးဝန်ကြီးဌာနက ပိုင်ဆိုင်ပြီး B အမျိုးအစားရှယ်ယာကို တပ်မတော်သားများနှင့် စစ်မှုထမ်းဟောင်းများက ပိုင်ဆိုင်ကြောင်း ရှင်းပြသည်။ ၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေနှင့်အညီ လည်ပတ်နေပြီး ၂၀၁၀ ခုနှစ် မတိုင်မီအချိန်က ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရခဲ့သည်။

၂၀၁၅ ခုနှစ် မတ်လတွင် A အမျိုးအစားရှယ်ယာအားလုံးကို ပယ်ဖျက်ခဲ့သည်။ထို့နောက် UMEHL ကို ၂၀၁၇ ပုဂ္ဂလိကုမ္ပဏီအက်ဥပဒေအရ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုအနေဖြင့် စာရင်းသွင်းခဲ့သည်။ယခုချိန်တွင် UMEHL ၏ ရှယ်ယာအားလုံးကို ပုဂ္ဂလိကသီးသန့်သာ ပိုင်ဆိုင်သည်။ မတူညီသော ကဏ္ဍများ လုပ်ကိုင်နေသော လက်အောက်ခံကုမ္ပဏီ ၅၈ ခု နှင့် အလျှင်စလိုခန့်အပ်ထားသော ဒါရိုက်တာများဖြင့် လည်ပတ်နေပြီး ၎င်းတို့ပိုင် သတ္တု တူးဖော်ရေးကုမ္ပဏီသုံးခုမှာ မြန်မာအင်ပီရီရယ်ဂျိတ်ကုမ္ပဏီလီမိတက်၊ မြန်မာပတ္တမြားအင်တာပရိုက်ကုမ္ပဏီလီမိတက်နှင့် မြန်မာဝမ်ပေါင် သတ္တုတူးဖော်ရေး ကုမ္ပဏီ တို့ဖြစ်သည်။ သာမန်ပြည်သူများကို ရှယ်ယာပိုင်ဆိုင်ခွင့် မပြုဘဲ ရှယ်ယာ ၁၈၀,၀၀၀ လုံးကို တပ်မတော်သားများကသာ ပိုင်ဆိုင်သည်။

UMEHL ၏ စီးပွားရေးလုပ်ငန်းများမှာ ကုန်သွယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ဖက်စပ်လုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းတို့ဖြစ်သည်။ UMEHL က တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုနှင့် သက်ဆိုင်သော လုပ်ငန်းများလည်ပတ်ဆောင်ရွက်မှုမှာ ၃ ရာခိုင်နှုန်းသာ ရှိသည်ဟု ခန့်မှန်းထားသည်။ မြန်မာပတ္တမြားအင်တာပရိုက်ကုမ္ပဏီလီမိတက်နှင့်မြန်မာအင်ပီရီရယ်ဂျိတ်ကုမ္ပဏီလီမိတက်တို့သည် ကုန်သွယ်ရေးလုပ်ငန်း အောက်တွင် ရှိသည်။ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုနှင့် သက်ဆိုင်သောလုပ်ငန်းများ၌ UMEHL ၏လုပ်ငန်းများသည် ၃ ရာခိုင်နှုန်းသာ အမှန်တကယ်ဖြစ်နိုင်သည်ဟု ပြောနေသော်လည်း သတ္တုတူးဖော်ရေးလုပ်ငန်း လိုင်စင်များမှ သွယ်ဝိုက်၍ရသော ရှယ်ယာများကြောင့် ရာခိုင်နှုန်းမှာ ပိုမိုများပြားနိုင်မည်ဟု ထင်မြင် ယူဆကြောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်အချို့က ထုတ်ဖော်ပြောဆိုကြသည်။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းတွင် ရှယ်ယာ ၂၉ ရာခိုင်နှုန်း ရှိသည်ဟု အရပ်ဘက် လူမှုအဖွဲ့အစည်းဝင်တစ်ဦးက သူသိသမျှ ပြောဆိုသည်။ UMEHL သည် ပြည်ထောင်စုအတွင်းဝန်သို့ အထောက်အထား စာရွက်စာတမ်းများ ပေးပို့ထားပြီး ME1 ၏ ရှယ်ယာ ၅၁ ရာခိုင်နှုန်းသို့ လျော့ချပြီးနောက် UMEHL သည် ဝမ်ပေါင်ကုမ္ပဏီအမြတ်ဝေစုမှ ၁၉ ရာခိုင်နှုန်းသာ ရရှိသည်ဟု ၎င်းတို့ ဝက်ဘ်ဆိုက်တွင်တင်ထားသည်။

အစိုးရသို့ပေးသော ဝင်ငွေအားလုံးကို ပြည်ထောင်စုအတွင်းဝန်သို့ ပေးသော အထောက်အထားစာရွက်စာတမ်းများ၌[80] ဖော်ပြထားသည်ဟု UMEHL က ပြောဆိုသည်။ ၎င်းတို့ပေးသော ဝင်ငွေများမှာ ထုတ်လုပ်မှုအပေါ်ခွဲဝေမှု၊ ဓါတ်သတ္တုခွန်၊ မြေငှားရမ်းခ၊ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်တို့ ဖြစ်သည်။ သို့သော် အထောက်အထားစာရွက်စာတမ်းများ ပေးပို့ခြင်းမှာ MEHL က ပေးပို့သည်လား ၎င်း၏လက်အောက်ခံကုမ္ပဏီများက ပေးပို့သည်လား ဆိုသည်မှာ ရှင်းလင်းမှု မရှိပါ။

အစိုးရကိုယ်စား မည်သည့်အခွန်ကိုမျှ မကောက်ခံကြောင်း UMEHL က အတည်ပြုပြောကြားသည်။ UMEHL သည် တပ်မတော်ဦးစီးချုပ် ညွှန်ကြားရေးမှူး ရုံးသို့ အစီရင်ခံခြင်း မရှိသည်မှာ ကြာမြင့်ပြီဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆက်နွယ်မှုအားလုံးကို ဖြတ်ချထားခြင်းက MEITI ၏ အစီရင်ခံစာ အခြေအနေနှင့် သိသိသာသာ ကွဲလွဲနေသည်။ ယခုအခါတွင် UMEHL သည် ကုမ္ပဏီအနေဖြင့်သာ အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်နေသည်။ UMEHL တွင် ၎င်းကိုတိုက်ရိုက်ထုတ်ပေးထားသော ကိုယ်ပိုင်သတ္တုတူးဖော်ခွင့်ပါမစ်ရှိသည်။ UMEHLကို စာရင်းစစ်ချုပ်ရုံးအသိအမှတ်ပြု ပုဂ္ဂလိကစာရင်းစစ်အဖွဲ့က စစ်ဆေးပြီး ၎င်း၏ စာရင်းစစ်အစီရင်ခံစာကို မိတ်ဖက်အဖွဲ့များ များအား နှစ်စဉ် ဖြန့်ဝေသည်။

EITI အစီရင်ခံစာ အနှစ်ချုပ်တွင် UMEHL မထည့်သွင်းခြင်းအား မေးမြန်းသောအခါ UMEHL သည် ကုမ္ပဏီအဆင့်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း MSG ရှိ အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ၎င်းကို IA က အတည်ပြုသည်။ အစိုးရသို့ပေးအပ်သော UMEHL ၏ဝင်ငွေ အချက်အလက်များအပေါ်အခြေခံကာ ဆုံးဖြတ်ခဲ့သည်ဟု ထပ်မံရှင်းပြသည်။ UMEHL ကို ၎င်း၏အခန်းကဏ္ဍအပေါ် မေးမြန်းသောအခါ ၎င်းတို့သည် MEITI နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သို့သော် နောက်ဆုံး အစီရင်ခံစာအတွက် အချက်အလက်များ ပံ့ပိုးပေးရန် တောင်းခံချက်တစ်စုံတစ်ရာ ရရှိမှုမရှိကြောင်း ဖြေကြားသည်။

သတ္တုကဏ္ဍတွင် ၎င်းတို့၏ ရှယ်ယာပမာဏအလွန်ကြီးမားသောကြောင့် MSG ရှိ အရပ်ဘက်ကိုယ်စားလှယ်များက MEITI တွင် UMEHL နှင့် MEC တို့ ပါဝင်မှုသည် အလွန်အရေးကြီးသည်ဟု ယူဆကြသည်။ ပထမဆုံးအစီရင်ခံစာ တရားဝင်ထုတ်ပြန်ကြေငြာချိန်တွင် ၎င်းတို့ ပူးပေါင်းပါဝင်မှု မရှိခြင်းအား ပြည်သူလူထု ဝေဖန်မှုအချို့ ရှိသည်ဟု မြန်မာ့ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတစ်ခုက ထုတ်ဖော်ပြောဆိုသည်။ ထိုကုမ္ပဏီနှစ်ခု၏ ပါဝင်မှုကို MSG အစည်းအဝေးတွင် အကျဉ်းချုပ်ဆွေးနွေးခဲ့ပြီး ထိုအစည်းအဝေးတွင် ၎င်းတို့ကိုစာပို့ရန် သဘောတူညီမှုသာ ရရှိခဲ့သည်ကို မိတ်ဖက်အဖွဲ့များ အချို့က လေ့လာတွေ့ရှိခဲ့သည်။ CSO ကိုယ်စားလှယ်များပင်လျှင် ထိုကုမ္ပဏီများပါဝင်လာစေရန် မဆွဲဆောင်နိုင်ခဲ့ကြောင်း မိတ်ဖက်အဖွဲ့များ တစ်ဦးက ပြောဆိုသည်။ ထိုသို့ဖြစ်ခြင်းမှာ စည်းမျဉ်းများသည် ထိုကုမ္ပဏီများအပေါ် တစ်ပြေးညီ ကျင့်သုံးမှုမရှိခြင်းကြောင့် ဖြစ်သည်။ UMEHL နှင့် MEC တို့သည် တပ်မတော်နှင့်နီးနွယ်သဖြင့် ၎င်းတို့ကို MEITI အစီရင်ခံစာတွင် SOE အဖြစ် သတ်မှတ်သင့်သည်ဟု CSO များစွာက ယူဆကြသည်။ အထူးသဖြင့် MEC ၏ ရှင်းလင်းမှုမရှိသော အနေအထား။ တပ်မတော်နှင့်ဆက်နွယ်သော ကုမ္ပဏီနှစ်ခုကို ကျောက်မျက်နှင့်ကျောက်စိမ်းလိုင်စင် ပေးအပ်မှုအပေါ်၌ ရှင်းလင်းမှုမရှိဟု ၎င်းတို့က ယူဆကြသည်။ ဒေသဆိုင်ရာရုံးများကို ကြားဝင်ရန် တောင်းဆိုသော်လည်း ၎င်းကုမ္ပဏီများကို ၎င်းတို့အကဲဖြတ်ခွင့် ပို၍ဆုံးရှုံးကြောင်း အရပ်ဘက်အဖွဲ့အစည်းများက ညည်းညူကြသည်။

---

[80] ဧပြီ ၂၀၁၅- မတ် ၂၀၁၆ MEITI အစီရင်ခံစာတွင် link ပါရှိသည်။ ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

64


CSO များစွာက SOE များ၏ စာရင်းရှင်းတမ်းများကို ထုတ်ပြန်ရန် အကြံပြုတောင်းဆိုကြသော်လည်းEITI အစီရင်ခံစာနှင့် ဆက်စပ်မှုမရှိဟု အခြားသော MSG အဖွဲ့ဝင်များက ယူဆကြသဖြင့် ၎င်းအချက်အလက်များကို ထုတ်ပြန်မှု မလုပ်ခဲ့ကြောင်း ရှင်းပြသည်။

MOGE နှင့် MGE ကို အဓိကထားပြီး အသေးစိတ်ပြုလုပ်ထားသော မြန်မာနိုင်ငံ SOE များအစီရင်ခံစာတစ်စောင်ကို ၂၀၁၆ ဇန်နဝါရီလတွင် NRGI က ထုတ်ဝေသည်။ ထိုအစီရင်ခံစာ တွေ့ရှိချက်မှာMOGE သည် လုပ်ကွက်အမြတ်ငွေ၏ ၁၅ ရာခိုင်နှုန်းနှင့် ၂၀.၄ ရာခိုင်နှုန်းအကြားသာ ကောက်ယူသော်လည်း နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကိုယ်စား MOGE က (ကုန်ကြွယ်မှုဝင်ငွေခွန်မှလွဲ၍) အခွန်ပေးဆောင်ခြင်း ဖြစ်သည်။ ထိုအစီရင်ခံစာအရ MOGE ၏ တရားဝင် အမြတ်ငွေမှာ PSCS ကို အခြေခံသော ရေနံအမြတ်ငွေအပါအဝင် ပြန်လည်ရရှိသော နိုင်ငံတော် မတည်ရင်းနှီးငွေနှင့် ပိုက်လိုင်းများမှရရှိသော ဝင်ငွေ တို့ဖြစ်သည်။ ဤလေ့လာမှုတွင် MEITI အစီရင်ခံစာတွင်မပါရှိသော စီမံကိန်းများစွာရှိ MOGE ၏ ရှယ်ယာများကိုပါ ဖော်ပြထားသည်။ PSC တစ်ခုခြင်းစီသည် နမူနာသတ်မှတ်ထားသော PSC နှင့် သိသိသာသာကွဲပြားပြီး အခွန်ကင်းလွတ်ခွင့်ကို အခြားကုမ္ပဏီများအား အာမခံခြင်းသည် ဘဏ္ဍာရေးနယ်ပယ်၌ စီမံကိန်းတစ်ခုနှင့်တစ်ခု မတူညီသည့် အဓိပ္ပာယ် သက်ရောက်ကြောင်း ဖော်ပြထားသည်။ရွှေဓါတ်ငွေ့စီမံကိန်းတွင် MOGE သည် ၇.၆ ရာခိုင်နှုန်းသာ ပိုင်ဆိုင်ချိန်တွင် ၎င်း၏ဖက်စပ်လုပ်ငန်းများနှင့် ပို့ကုန်ဓါတ်ငွေ့ရောင်းချမှုနှင့် ဝယ်ယူမှုသဘောတူညီချက်အရ ပြည်တွင်းသွင်းကုန်အခွန် ၁၀၀ ရာခိုင်နှုန်း ပေးအပ်ရန်လိုအပ်ကြောင်း ထပ်မံလေ့လာတွေ့ရှိခဲ့သည်။ MOGE သည် ၂၀၁၅-၂၀၁၆ ခုနှစ်၌ နိုင်ငံခြားကုမ္ပဏီများထံမှ စုစုပေါင်း မြန်မာငွေ ၂.၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၇ မီလီယံ)ကို ထုတ်လုပ်မှုနှင့်မသက်ဆိုင်သောစရိတ်များအတွက် ပေးချေမှုအနေဖြင့် ရရှိခဲ့သည်ကိုပါ ဖော်ပြထားသည်။ ဈေးငွေမှပြန်ရငွေကဲ့သို့ အခြားသောဝင်ငွေမျိုးစုံ၊ ကြွေးမြီများမှ အတိုးပေးချေမှုများကိုပါ NRGI အစီရင်ခံစာတွင် ထပ်မံဖော်ပြထားသည်။

MGE အနေဖြင့်ဆိုလျှင်၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် MGE ၏ သိုလှောင်ထားသော ကျောက်မျက်ရတနာပမာဏမှာ မြန်မာငွေ ၃၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၁ မီလီယံ)ရှိပြီး MGE စာရင်းရှိ ပစ္စည်းများထက် သိုလှောင်ထားသည်များကို အမြတ်ငွေအနေဖြင့် သတ်မှတ်ခြင်းသည်စိုးရိမ်ပူပန် မှုကို ပိုမိုတိုးပွားစေသည်ဟု NRGI အစီရင်ခံစာတွင် မှတ်ချက်ပြုထားသည်။၂၀၁၆-၂၀၁၇ ခုနှစ်အထိ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များအနီးတွင် အခြေစိုက်သော တပ်မတော်စခန်းနှစ်ခုကို ပေးရသော လုံခြုံရေးအတွက်ကုန်ကျစရိတ်သည် MOGE အတွက် အကြီးမားဆုံး အသုံးစရိတ် အမျိုးအစား ဖြစ်ကြောင်းကိုပါ ထုတ်ပြန်ခဲ့သည်။ MGE ကပေးရမည့် သီးသန့်ရံပုံငွေအမျိုးအစား မြန်မာငွေ ၁၄၄ ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၁၁၈ မီလီယံ) ရှိပြီး စာချုပ်ဖောက်ဖျက်မှုများ သို့မဟုတ် နိုင်ငံတော်က တာဝန်ယူသည့် မမျှော်မှန်းနိုင်သောကုန်ကျစရိတ်များဖြစ်ပေါ်လာပါက MGE ကိုအပ်နှံထားသော အာမခံငွေများ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီများ၏ စပေါ်ငွေများ ပါဝင်သည့် ကြွေးမြီများ ကိုအခြေတည်သော အခြားပေးရန်တာဝန် မြန်မာငွေ ၁၆၁ ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၁၃၂ မီလီယံ) ကိုပါ အစီရင်ခံစာတွင် ထပ်မံတင်ပြဆွေးနွေးခဲ့သည်။ ၎င်းပေးရန်တာဝန်များကို MEITI အစီရင်ခံစာ၌ ဆွေးနွေးတင်ပြထားခြင်း မရှိပါ။ အဆုံးသတ်အနေဖြင့် NRGI အစီရင်ခံစာက ၂၀၁၇ မှစ၍ MGE တွင် ၎င်း၏ Other Account တွင် စုဆောင်းငွေ မြန်မာငွေ ၆၈၈ ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၅၆၂ မီလီယံ) ရှိသည်ဟု ဖော်ပြထားသည်။ ၎င်းပမာဏမှာယခုအခြေအနေ၌ MGE လုပ်ငန်း အကောင်အထည်ဖော် အသုံးစရိတ် ၁၇၂ နှစ်အတွက် ဖူလုံသည်။

မိတ်ဖက်အဖွဲ့များ ဆွေးနွေးပွဲအတွင်း အစီရင်ခံစာမူကြမ်း ရေးနေစဉ်တွင် အစိုးရက အကြံပြုချက်များပေးသော်လည်း NRGI ၏ SEO အစီရင်ခံစာအပေါ် အစိုးရ၏တရားဝင်မှတ်ချက် မရရှိသေးကြောင်း နိုင်ငံတကာ CSO တစ်ဦးက ထုတ်ဖော်ပြောဆိုသည်။

## ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤလိုအပ်ချက်များနှင့် ကိုက်ညီမှုအောင် ကျေနပ်လောက်သော တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည် ဟူ၍ ဖြစ်သည်။

MEITI အစီရင်ခံစာ၌ နိုင်ငံတော်အဆင့်ပါဝင်၌ အဓိကကျသော အချက်အလက်များ ပါဝင်ပြီး လိုအပ်ချက်များနှင့်ကိုက်ညီကာ သိသာထင်ရှားသည့် ကဏ္ဍများ၌ သုံးသပ်ရန်လုံလောက်သော်လည်း အချက်အလက်များစွာ လိုအပ်နေဆဲဖြစ်သည်။ MOGE၊ ME1,2 နှင့် MGE ရှယ်ယာများနှင့် ဆက်စပ်သော

စည်းကမ်းချက်များကို အစီရင်ခံစာတွင် အပြည့်အဝ ဖော်ပြမထားပါ။ အစီရင်ခံစာ၌ နိုင်ငံခြားတိုင်ပြည်များမှ MOGE ၏ ချေးငွေလေးခု အသေးစိတ်ကို ဖော်ပြထားသော်လည်း အစီရင်ခံစာအရ MOGE ၏ နိုင်ငံခြားမှ ချေးယူခြင်းအပေါ် အစိုးရက အစိုးရအာမခံချက် ပေးမပေးဆိုသည်မှာ ရှင်းလင်းမှုမရှိပါ။ MOPF က ထိုကဲ့သို့သော ချေးငွေများအတွက် အာမခံပေးသော်လည်း အာမခံချက်အသေးစိတ် ထုတ်ပြန်ကြေငြာသည်ကို မတွေ့ရသည်ကို ဆွေးနွေးပွဲ အချိန်အတွင်း မိတ်ဖက်အဖွဲ့များ များက အတည်ပြုပြောဆိုသည်။ ပိုင်ဆိုင်မှုအပြောင်းအလဲနှင့်ပတ်သက်၍ MGE ၏ မတည်ငွေရင်း အပြောင်းအလဲနှင့် ဆက်စပ်သော စည်းကမ်းချက်များကို ထုတ်ပြန်ခြင်း မရှိပါ။ MOGE က ၎င်း၏ မိတ်ဖက်လုပ်ငန်းများအစား အခွန်ပေးဆောင်မှုနှင့် ချေးငွေမှပြန်ရငွေကဲ့သို့ အခြားသောဝင်ငွေမျိုးစုံ၊ ကြွေးမြီးများမှ အတိုးပေးချေမှုများအပါအဝင် MEITI အစီရင်ခံစာတွင် အပြည့်အဝမပါရှိသည့် တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်မှု ကဏ္ဍတွင် နိုင်ငံတော်၏ပါဝင်မှုနှင့် စပ်လျဉ်းသော ထပ်တိုးသတင်းအချက်အလက်များအတွက် ပြင်ပသတင်းရင်းမြစ်များကို အလေးထား ဂရုပြုသင့်သည်။စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းထားသော ဝင်ငွေများကို အသုံးပြုရန် လိုက်နာရမည့်ဥပဒေများကို ဖော်ပြခြင်းမရှိပါ။ တပ်မတော်နှင့်နီးနွယ်သော ဦးပိုင်ကုမ္ပဏီနှစ်ခုစလုံးကို မိတ်ဖက်အဖွဲ့များ များက အထူးစိတ်ဝင်စားမှုရှိပြီး EITI အစီရင်ခံစာခြင်းလုပ်ငန်းစဉ်အတွက် ဦးပိုင်ကုမ္ပဏီနှစ်ခုစလုံးကို SOE အဖြစ်ထည့်သွင်းရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ က တောင်းဆိုကြသည်။

လိုအပ်ချက် ၂.၆ အရ မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတများတူးဖော်ထုတ်လုပ်မှု စီမံကိန်းများရှိ SOE အားလုံး၏ ရှယ်ယာပိုင်ဆိုင်မှုနှင့် ဆက်စပ်သော စည်းကမ်းချက် အသေးစိတ်ကို ထုတ်ဖော်ပြရန် လိုအပ်သည်။ မိတ်ဖက်ဖက်စပ်လုပ်ငန်းများကိုယ်စား အခွန်ပေးဆောင်မှု အသေးစိတ်နှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ဖြစ်ပါက အမျိုးစုံဝင်ငွေ အပါအဝင်စီမံကိန်းလည်ပတ်မှု အဆင့်အဆင့်၌ကုန်ကျစရိတ် လုံလောက်စေရန် SOE ၏ တာဝန်ကို ထုတ်ဖော်ပြသင့်သည်။ MOPF သည် SOE သို့ပံ့ပိုးပေးသော ချေးငွေအာမခံ အသေးစိတ်နှင့် ဝင်ငွေများထိန်းသိမ်းမှုအပေါ်၌ တည်ဆဲ ဥပဒေများကိုပါဖော်ပြသင့်သည်။ အဆုံးသတ် အနေဖြင့် မြန်မာနိုင်ငံသည် UMEHL နှင့် MEC တို့ကို အစိုးရပိုင်ကော်ပိုရေးရှင်းဟုတ်မဟုတ် ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ရန်လိုအပ်သည်။ တိတိကျကျ ဖြစ်ပါက လိုအပ်ချက် ၁.၂ နှင့်အညီ ၎င်းတို့ကို EITI လုပ်ငန်းစဉ်တွင် ပါဝင်ရန် MSG ကို လိုအပ်ပြီး ၎င်းတို့ကို EITI အစီရင်ခံခြင်း လုပ်ငန်းစဉ် နယ်ပယ်တွင် ထည့်သွင်းပြီး MEITI အစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ တွင်းထွက်သယံဇာတများတူးဖော်ထုတ်လုပ်မှု စီမံကိန်းများရှိ ၎င်းတို့၏ ရှယ်ယာအလုံးစုံကို အကဲဖြတ်မည်။ အကောင်အထည်ဖော်မှု အားကောင်းလာစေရန် စွပ်စွဲထားသော MOGE ၏ ဝင်ငွေအမျိုးမျိုးကို ထည့်သွင်းစစ်ဆေးရန် MSG ကို တွန်းအားပေးမည်။

## ဇယား -၂ ကနဦးအကဲဖြတ်မှုအကျဉ်းချုပ်ဇယား - စာချုပ်ချုပ်ဆိုခြင်းနှင့် လိုင်စင်ချထားပေးခြင်း

| EITI ပြဋ္ဌာန်းချက်များ | ပင်မ တွေ့ရှိမှု အကျဉ်းချုပ် | နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးရုံး ၏ EITI ပြဋ္ဌာန်းချက်များ၏ လုပ်ငန်းတိုးတက်မှုအပေါ် ကနဦးအကဲဖြတ်ချက် |
|---|---|---|
| ဥပဒေမူဘောင် (#၂-၁) | ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် ဖော်ပြရန်လိုအပ်သော ဥပဒေမူဘောင်နှင့် တွင်းထွက်သယံဇာတများတူးဖော်ထုတ်လုပ်မှု ကဏ္ဍရှိ ဒေသအလိုက်ကွဲပြားသောအုပ်ချုပ်မှု များပါဝင်သည်။ | ကျေနပ်လောက်သော တိုးတက်မှု |
| လိုင်စင်ချထားပေးမှု (#၂-၂) | ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် သတ္တုတွင်း၊ ကျောက်မျက်၊ ရေနံနှင့် သဘာဝဓါတ်ငွေ့များ ပေးအပ်လွှဲပြောင်းမှုအတွက် လုပ်ကိုင်မှုအဆင့်များကို အကျဉ်းချုပ်ရေးသားထားသော်လည်း သတ္တုတူးဖော်မှုနှင့် ကျောက်မျက် ကဏ္ဍအတွက် နည်းပညာနှင့် ဘဏ္ဍာရေးကို ရှင်းလင်းစွာ ဖော်ပြမထားပါ။ အစီရင်ခံစာတွင် လိုင်စင်ချထားပေးမှုကို စီမံကွပ်ကဲသော လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေမူဘောင်များမှ အရေးပါသော သဘောထားကွဲလွဲမှု ဆွေးနွေးချက်များ မပါဝင်ပါ။ | အပြည့်အဝတိုးတက်မှု |

66



| | | |
|---|---|---|
| လိုင်စင်လျှောက်ထားခြင်း (#၂-၃) | လိုအပ်ချက် ၂.၃ ရှိအချက်အလက်များကို ကျောက်မျက်နှင့် သတ္တုတူးဖော်မှုလိုင်စင်အတွက် လူတိုင်းလက်လှမ်းမှီအောင် ပေါင်းစပ်ပြုလုပ်ထားသော်လည်း ရေနံနှင့်သဘာဝဓါတ်ငွေ့လိုင်စင် အချက်အလက်များကို ထုတ်ဖော်ခြင်းမရှိဘဲ ရေနံနှင့်သဘာဝဓါတ်ငွေ့လိုင်စင် တစ်ခုခြင်းစီ၏ လိုင်စင်လက်ဝယ်ပိုင်ဆိုင်သူအမည်၊ လျှောက်ထားသည့်နေ့၊ သတ်တမ်းကုန်ဆုံးသည့်နေ့နှင့် အသုံးပြုသောပစ္စည်းများကို ထိန်ချန်ထားသည်။ | အပြည့်အဝတိုးတက်မှု |
| စာချုပ်ထုတ်ပြန်ခြင်း (#၂-၄) | ၂၀၁၅-၂၀၁၆ ခုနှစ် MEITI အစီရင်ခံစာ၌ အစိုး၏မူဝါဒနှင့် စာချုပ်ထုတ်ပြန်မှုတွင် လက်တွေ့အမှန်တကယ်ဆောင်ရွက်မှုအား ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ သို့သော် ဆွေးနွေးပွဲ၌ပါဝင်သူများ၊ ကုမ္ပဏီများ၊ အစိုးရဌာနများက သတ္တုတူးဖော်ခြင်းနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့စာချုပ်များတွင် လျှို့ဝှက်ပြဋ္ဌာန်းချက်ရှိသည်ဟု မှတ်ချက်ပြုကြသည်။ | ကျေနပ်လောက်သော တိုးတက်မှု |
| အကျိုးခံစားပိုင်ခွင့်ရှိသူကို ဖော်ပြခြင်း (#၂-၅) | ၂၀၁၅-၂၀၁၆ ခုနှစ် MEITI အစီရင်ခံစာတွင် အစီရင်ခံစာအရ အကျုံးဝင်သော တရားဝင်ကုမ္ပဏီပိုင်ရှင်များကိုဖော်ပြထားသည်။ ထို့အပြင် ကနဦးအဆင့်တွင် အကျိုးခံစားပိုင်ခွင့်ရှိသူများ (BO) ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ပြီး BO လုပ်ငန်းအဖွဲ့ဖန်တီးခြင်းနှင့် BO ရှေ့ပြေးအစီရင်ခံစာကို တရားဝင်ချပြခြင်းများ ပါဝင်သည်။ | တွန်းအားပေးမှု |
| နိုင်ငံတော်အဆင့်ပါဝင်မှု (#၂-၆) | ၂၀၁၅-၂၀၁၆ ခုနှစ် MEITI အစီရင်ခံစာတွင် အစိုးရနှင့် SOE များအကြား ဘဏ္ဍာရေးအရ ပတ်သက်မှုနှင့် စပ်လျဥ်း၍ သက်ဆိုင်သော ဥပဒေနည်းလမ်းများ ဖော်ပြမှု အပါအဝင် နိုင်ငံတော်အဆင့်ပါဝင်မှုအပေါ် အဓိကကျသောအချက်အလက်များ ပါရှိသည်။ သို့သော် SOE ၏ ရှယ်ယာနှင့်ဆိုင်သောစည်းကမ်းချက်များကို အစီရင်ခံစာတွင် အပြည့်အစုံ မဖော်ပြထားပါ။ နိုင်ငံခြားတိုင်းပြည်များမှ MOGE ၏ ချေးငွေလေးခုကို အသေးစိတ်ဖော်ပြထားသော်လည်း နိုင်ငံခြားမှ MOGE ချေးငွေများကို မြန်မာနိုင်ငံအစိုးရမှ အစိုးရ၏အာမခံချက် ပေးမပေးဆိုသည်မှာ ရှင်းလင်းမှုမရှိပါ။ ပိုင်ဆိုင်မှုအပြောင်းအလဲနှင့်ပတ်သက်၍ MGE ၏ မတည်ငွေရင်း အပြောင်းအလဲနှင့် ဆက်စပ်သော စည်းကမ်းချက်များ၊ တည်ဆဲဥပဒေများကို ဖော်ပြခြင်း မရှိပါ။ | အပြည့်အဝတိုးတက်မှု |

67



အထွေထွေအတွင်းရေးမှူးများ၏ ထောက်ခံချက်

၁။ အကောင်အထည်ဖော်မှု အားကောင်းလာစေရန်အတွက် အစိုးရအားတွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုကဏ္ဍအတွက် တရားဝင် ဥပဒေမူဘောင်ဆိုင်ရာ အချက်အလက်များပြုလုပ်ရန် မြန်မာနိုင်ငံရှိ အစိုးရ ဝက်ဘ်ဆိုက်ကဲ့သို့ အများပြည်သူနှင့်ဆိုင်သော နေရာမှ အချက်အလက်များ ရနိုင်သော ပြုပြင်ပြောင်းလဲမှု အပါအဝင် MEITI အစီရင်ခံစာ၌ ထိုအချက်အလက်များကို ဆွေးနွေးချိန်တွင် တညီတညွတ်ထဲ အသေးစိတ် အတည်ပြုခဲ့ကြသည်များကို ဆောင်ရွက်ရန် တိုက်တွန်းရမည်။

၂။ EITI စံနှုန်းများ၏ ပြဋ္ဌာန်းချက်၂.၂.က.ii အရ မြန်မာနိုင်ငံသည် တွင်းထွက်နှင့် ကျောက်မျက်ကဏ္ဍ၌ လိုင်စင်ချထားပေးမှုအတွက် အသုံးပြုသော နည်းပညာနှင့် ဘဏ္ဍာရေးစံသတ်မှတ်ချက်များကို ဖော်ပြရန်လိုအပ်သည်။ MSG သည် ပြဋ္ဌာန်းချက် ၂.၂.က.iv ကို ရရှိရန် လိုင်စင်ထုတ်ပေးရာ၌ လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း မူဘောင်များမှ အရေးပါသောဆွေးနွေးမှုကွဲလွဲချက်များကို ထည့်သွင်းသင့်သည်။ MSG သည် အနည်းဆုံး လိုင်စင်လွှဲပြောင်းမှု ဥပဒေ၊ အထူးသဖြင့် ၎င်းကို တွင်းထွက်ကဏ္ဍတွင် ခွင့်ပြုမပြုကို မြင်သာအောင် လုပ်သင့်သည်။ သတ်မှတ်ထားသောစံနှုန်း အသေးစိတ်အဆင့်လိုအပ်ချက်များနှင့်အညီ ပြဋ္ဌာန်းချက် စံနှုန်း ၂.၂ တွင် လိုအပ်သော အချက်အလက်အားလုံးအား စနစ်တကျထုတ်ပြန်ရန် MSG အား တိုက်တွန်းရမည်။

၃။ MEIT ၏ သတ်မှတ်စံနှုန်း လိုအပ်ချက်များနှင့်အညီ မြန်မာနိုင်ငံသည် EITI အစီရင်ခံစာတွင် မပါရှိသည့် အောက်ပါ အချက်အလက်များကို တရားဝင်ထုတ်ပြန်ရန် လိုအပ်သည်။ ME3 လုပ်ကွက်များစွာ၏ တည်နေရာအညွှန်း၊ လျှောက်ထားသည့်နေ့စွဲ၊ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖော်မှုလိုင်စင် ချထားပေးမှုနှင့် လိုင်စင်သတ်တမ်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက်တိုင်းအတွက် အသုံးပြုသောပစ္စည်းများ။ လုပ်ငန်းအကောင်အထည်ဖော်မှုအားကောင်းစေရန် မြန်မာနိုင်ငံသည် စံသတ်မှတ်မှု ပြဋ္ဌာန်းချက် ၂.၃ အရ ပြဋ္ဌာန်းချက်တစ်ခုအနေဖြင့် လိုင်စင် အချက်အလက်များကို သေချာအောင် လုပ်ဆောင်သင့်သည်။ စံနှုန်းသတ်မှတ်ချက်များကို အစိုးရ၏ပုံမှန်လုပ်ငန်းစဉ်၏ အစိတ်အပိုင်း တစ်ခု အနေဖြင့် ဆောင်ရွက်ပြီး အချက်အလက်များကို စနစ်တကျထုတ်ပြန်ရမည်။

၄။ EITI လုပ်ငန်းအကောင်အထည်ဖော်မှုအားကောင်းစေရန် မြန်မာနိုင်ငံသည် ၎င်းတို့၏ ယခင် EITI အစီရင်ခံစာ သုံးခုရှိ ထောက်ခံချက်အရ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုစာချုပ်အားလုံးကို အပြည့်အဝ ထုတ်ဖော်ပြရန် သဘောထား ဆန္ဒရှိသည်။

၅။ ပြဋ္ဌာန်းချက် ၂.၆ အရ မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှု စီမံကိန်းများရှိ SOE ရှယ်ယာအားလုံးနှင့် ဆက်စပ်သော စည်းမျဉ်းများကို အသေးစိတ် ထုတ်ပြန်ရန် လိုအပ်သည်။ မိတ်ဖက်ဖက်စပ်လုပ်ငန်းများကိုယ်စား အခွန်ပေးဆောင်မှု အသေးစိတ်နှင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ဖြစ်ပါက အမျိုးစုံ ဝင်ငွေ အပါအဝင်စီမံကိန်းလည်ပတ်မှု အဆင့်အဆင့်၌ ကုန်ကျစရိတ် လုံလောက်စေရန် SOE ၏ တာဝန်ကို ဖော်ပြသင့်သည်။ MOPF သည် SOE သို့ပံ့ပိုးပေးသော ချေးငွေအာမခံ အသေးစိတ်နှင့် ဝင်ငွေများထိန်းသိမ်းမှုအပေါ် ထားရှိသော တည်ဆဲ ဥပဒေများကိုပါထုတ်ဖော်ပြသင့်သည်။ အပြီးသတ်အနေဖြင့် မြန်မာနိုင်ငံသည် UMEHL နှင့် MEC တို့ကို အစိုးရပိုင် ကော်ပိုရေးရှင်း ဟုတ်မဟုတ် ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ရန်လိုအပ်သည်။ တိတိကျကျဖြစ်ပါက ပြဋ္ဌာန်းချက် ၁.၂ နှင့်အညီ ၎င်းတို့ကို EITI လုပ်ငန်းစဉ်တွင် ပါဝင်ရန် MSG ကို လိုအပ်ပြီး ၎င်းတို့ကို EITI အစီရင်ခံခြင်းလုပ်ငန်းစဉ်နယ်ပယ်၌ ထည့်သွင်းပြီး MEITI အစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ တွင်းထွက်သယံဇာတများတူးဖော်ထုတ်လုပ်မှု စီမံကိန်းများရှိ ၎င်းတို့၏ရှယ်ယာအလုံးစုံကို အကဲဖြတ်မည်။ အကောင်အထည်ဖော်မှု အားကောင်းလာစေရန်အတွက် စွပ်စွဲထားသော MOGE ၏ ဝင်ငွေအမျိုးမျိုးကို ထည့်သွင်းစစ်ဆေးရန် MSG ကို တွန်းအားပေးမည်။

# ၃။ စောင့်ကြည့်အကဲဖြတ်မှုနှင့် ထုတ်လုပ်မှု

## ၃-၁။ အကျဉ်းချုပ်

ယခုအခန်း၌ရှာဖွေဖော်ထုတ်မှု၊ ထုတ်လုပ်မှု၊ ပြင်ပသို့ပို့မှုနှင့် ဆက်စပ်သောEITI လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်မှုအတွက် အသေးစိတ်ပုံပိုးထားသည်။

### ၃-၂။ အကဲဖြတ်ချက်

#### ရှာဖွေဖော်ထုတ်သောလုပ်ဆောင်မှုများပါဝင်သည့် တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်မှုကဏ္ဍ ခြုံငုံသုံးသပ်ချက် (#၃-၁)

#### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

၂၀၁၅-၂၀၁၆ ခုနှစ် MEITI အစီရင်ခံစာ၌သတ္တုတူးဖော်မှု (စာမျက်နှာ ၅၉-၆၂) နှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံသုံးသပ်ထားသည်။ အဓိကကျသော ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံကိန်းများကို ဖော်ပြထားပြီး အရေးပါသော သတ္တုရှာဖွေဖော်ထုတ်မှုနှင့် တူးဖော်ထုတ်လုပ်မှု လုပ်ဆောင်မှုများကို စာရင်းပြုစုထားသည် (စာမျက်နှာ ၆၃-၆၄)။ အလားအလာရှိသောသိုက်များကိုပါ ဖော်ပြထားသည် (စာမျက်နှာ ၃၆)။ အစီရင်ခံစာ နောက်ဆက်တွဲ- ၁၀ တွင် သတ္တုတူးဖော်ရေးစီမံကိန်းများ၊ ရှာဖွေဖော်ထုတ်နေသော ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက်များကို ထည့်သွင်းထားသည်။ နိုင်ငံတွင်းရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက် ပိုက်လိုင်းများကို ပြသသောမြေပုံကိုပါ ထည့်သွင်းထားသည် (စာမျက်နှာ ၄၃)။

#### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

အစိုးရနှင့် စက်မှုလုပ်ငန်းတာဝန်ရှိသူများက တွင်းထွက်သယံဇာတများတူးဖော်ထုတ်လုပ်မှုနယ်ပယ်နှင့် သိသာထင်ရှားသော ရှာဖွေဖော်ထုတ်မှုလုပ်ငန်းများအပေါ် MEITI အစီရင်ခံစာ၏ ခြုံငုံသုံးသပ်ချက်သည် ကျယ်ကျယ်ပြန့်ပြန့်အနေဖြင့် ရှိသည်ဟု ယူဆကြောင်း ဖော်ပြကြသည်။ အခြားသော မိတ်ဖက်အဖွဲ့များက နိုင်ငံအတွင်း ရှာဖွေဖော်ထုတ်မှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချက်အပေါ်၌ သဘောထားမှတ်ချက် တစ်စုံတစ်ရာ ပေးခြင်းမရှိပါ။

#### ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤလိုအပ်ချက်များနှင့် ကိုက်ညီမှုအောင် ကျေနပ်လောက်သော တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည် ဟူ၍ ဖြစ်သည်။ ပြဋ္ဌာန်းချက် ၃-၁ အရ အစီရင်ခံစာတွင်ထင်ရှားသော ရှာဖွေဖော်ထုတ်ရေး လုပ်ငန်းများအပါအဝင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုကဏ္ဍ ခြုံငုံသုံးသပ်ချက်ကို ဖော်ပြထားသည်။
လုပ်ဆောင်မှုများ အားကောင်းလာစေရန် အစိုးရသည် MONREC နှင့် MEE ကဲ့သို့ အစိုးရလုပ်ငန်းများနှင့် သက်ဆိုင်သော website များတွင် မြန်မာနိုင်ငံ၏တွင်းထွက်သယံဇာတများတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များအား ပုံမှန်စနစ်တကျ ဖော်ပြရန် ဆန္ဒရှိရမည်။

#### ထုတ်လုပ်မှု အချက်အလက်များ (#၃-၂)

#### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

<u>*ထုတ်လုပ်မှုပမာဏ*</u> -၂၀၁၅ ဧပြီလမှ ၂၀၁၆ မတ်လအထိ ဓာတ်ငွေ့ရည်နှင့် သဘာဝဓာတ်ငွေ့ကို ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ကုန်တွင်းလုပ်ကွက်များတွင် ထုတ်လုပ်ကြောင်း MEITI အစီရင်ခံစာတွင် ဖော်ပြထားသည်။ (စာမျက်နှာ ၁၃)

၂၀၁၅ - ၂၀၁၆ တွင် ထုတ်လုပ်သော တွင်းထွက်ပစ္စည်း ၂၄ မျိုးမှ သီးခြားခွဲထုတ်ထားသော၊ SOEs သတ္တုတွင်းလုပ်ငန်းသုံးခုမှအရင်းခံလာသော သတ္တုတွင်းလုပ်ငန်းထုတ်လုပ်မှုတန်ဖိုးများကို နောက်ဆက်တွဲ ၆. (ဂ) တွင် ဖော်ပြထားသည်။ (စာမျက်နှာ ၂၃၅)

ကျောက်မျက်ရတနာနှင့်ကျောက်စိမ်းအတွက် MEITI ၏ ထုတ်လုပ်မှုပမာဏအစီရင်ခံစာအရ အခြားသော ကျောက်မျက်အမျိုးအစားကွဲများ (ဥပမာ - ပတ္တမြားနှင့်နီလာ)နှင့် ကျောက်စိမ်း (ဥပမာ - quartzile နှင့် ပယင်း) ကြားတွင်ခွဲခြားဖော်ပြခြင်းမရှိဘဲ ကျောက်မျက်နှင့်ကျောက်စိမ်းကိုသာ ခွဲခြားဖော်ပြထားသည်။ (စာမျက်နှာ ၁၄-၁၅)

ပုလဲအတွက်အစီရင်ခံစာသည် အရောင်းနှုန်းကိုဖော်ပြထားပြီး ကုန်စည်ပြပွဲမှ ရောင်းရသည့်အချက်များကို အခြေခံထားသော ထုတ်လုပ်မှုနှုန်းနှင့် ပုလဲတန်ဖိုးများကိုဖော်ပြထားခြင်းမရှိပေ။

ထုတ်လုပ်မှုတန်ဖိုး ။ ။ MEITI အစီရင်ခံစာတွင်ပါဝင်သောထုတ်လုပ်မှုတန်ဖိုးများမှာ ကမ်းရိုးတန်း အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကျိုချက်ခြင်းနှင့် ကမ်းလွန်မှဓာတ်ငွေ့တို့ဖြစ်ကြသည်။ ထုတ်လုပ်မှုတန်ဖိုးများကို ပြည်ပသို့တင်ပို့သည့်ဈေးနှုန်းများ၏ ပျမ်းမျှတန်ဖိုးကိုယူ၍ တွက်ချက်သည်။

၂၀၁၅ - ၂၀၁၆ တွင် ထုတ်လုပ်သော တွင်းထွက်ပစ္စည်း ၂၄ မျိုးမှ သီးခြားခွဲထုတ်ထားသော၊ SOEs သတ္တုတွင်းလုပ်ငန်းသုံးခုမှအရင်းခံလာသော သတ္တုတွင်းလုပ်ငန်းထုတ်လုပ်မှုတန်ဖိုးများကို နောက်ဆက်တွဲ ၆ (ဂ) တွင် ဖော်ပြထားသည်။ (စာမျက်နှာ ၂၃၅)

ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများအတွက် ထုတ်လုပ်မှုတန်ဖိုးများကို ဖော်ပြထားသည်။ တန်ဖိုးကို ရာဖြတ်ကော်မတီ၏အကဲဖြတ်မှုအပေါ်တွင် အခြေခံထားသည်။ သွင်းကုန်ပို့ကုန်များကို ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကြား ခွဲခြားဖော်ပြထားသော်လည်း ကျောက်မျက်ခေါင်းစဉ် အောက်ရှိ ပတ္တမြားနှင့်နီလာကဲ့သို့ကျောက်များ၊ ကျောက်စိမ်းခေါင်းစဉ်အောက်ရှိ သလင်းနှင့်ပယင်းကဲ့သို့အချို့သော အမျိုးအစားတူပစ္စည်းများကို စုပေါင်း ဖော်ပြထားသည်။

*တည်နေရာ* - ရေနံနှင့်သဘာဝဓါတ်ငွေ့အားလုံးအတွက် ကမ်းလွန်နှင့်ကုန်းတွင်းဟု ဖော်ပြထားခြင်းမှလွဲ၍ ထုတ်လုပ်သည့်နေရာကို ညွှန်ပြထားခြင်းမရှိပေ။ ထုတ်လုပ်မှုတန်ဖိုးများအတွက် နိုင်ငံတော်မှပေးသည့် သတင်းအချက်အလက်များကို ဖော်ပြခြင်းမရှိပေ။

EITI အစီရင်ခံစာ၏ထောက်ခံချက်များအနက်မှ မှတ်သားသင့်သည်မှာ ထုတ်လုပ်မှုအချက်အလက်ကို စုဆောင်းရန်နှင့်ထိန်းချုပ်ရန် MONREC လက်အောက်ရှိဌာနများကို ၎င်းတို့၏ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် ကျင့်ထုံးများဖြင့် ဆောင်ရွက်နိုင်စေရန် ဆိုသည့်အချက်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် အစီရင်ခံစာတွင်ဖော်ပြထားသော ကိန်းဂဏန်းများမှာ သတ္တုတွင်းကုမ္ပဏီများ၏ တင်ပြချက်များနှင့် ကြေညာချက်များအပေါ်တွင် အခြေခံထားသောကြောင့်ဖြစ်သည်။ MONREC တွင် သတ္တုတွင်းကုမ္ပဏီများမှ တင်ပြပေးသော ထုတ်လုပ်မှုအချက်အလက်ကို စုဆောင်းရန်နှင့်ထိန်းချုပ်ရန် ၎င်း၏ကိုယ်ပိုင် ကျင့်ထုံးများနှင့် စနစ်များမရှိပေ။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

ကျောက်မျက်ရတနာများကဏ္ဍတွင် EITI သို့ အစိုးရအချက်အလက်အားလုံးကိုစီမံပေးပြီး ၊အစီရင်ခံစာတွင် ပါဝင်သော ကျောက်မျက်ထုတ်လုပ်မှု အချက်အလက်များကို နားလည်စေရန် ထည့်သွင်းစဉ်းစားပေးထား ပါသည်ဟု SOE ကိုယ်စားလှယ်တစ်ယောက်ကပြောသည်။ သို့သော်လည်း အစီရင်ခံစာတွင်ပါဝင်သော ကျောက်မျက်ထုတ်လုပ်မှု အချက်အလက်များသည် ကျောက်မျက်ကုန်စည်ပြပွဲတွင် ရောင်းရသော အချက်အလက်များ သာဖြစ်ပြီး နိုင်ငံအဆင့် စုစုပေါင်းထုတ်လုပ်သော အချက်အလက်များမဟုတ်ဟု ၎င်းတို့ကအခိုင်အမာဆိုသည်။ SOEကိုယ်စားလှယ် တစ်ယောက်က ၎င်းတို့သည် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀.၉ ဘီလီယံတန်သော ကျောက်စိမ်းပျမ်းမျှထုတ်လုပ်နှုန်းကို ဖော်ပြထားသော ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် Global Witness Report ကို အလေးထားသည်ဟုပြောသည်။ ကျောက်မျက်များထုတ်လုပ်မှုနှုန်းနှင့်တန်ဖိုးများအပေါ် အစိုးရပိုင်းဆိုင်ရာ အချက်အလက်နှင့် တရုတ်ဖောက်သည်များ၏ အချက်အလက်ကြား ခြားနားမှုများကို အလေးပေး ဖော်ပြထားသည်။ အစိုးရအချက်အလက်နှင့် လက်ရှိအချက်အလက်များကြားတွင် ခြားနားချက်ရှိနိုင်သည်။ သို့သော်လည်း ဤကဲ့သို့ ကွဲပြားချက်များကို ထည့်သွင်း၍ စဉ်းစားရသည်အထိ အရေးမကြီးဟု SOE ကိုယ်စားလှယ်က ပြောကြားသည်။ ကုန်ကြမ်းပစ္စည်း အချက်အလက်နှင့် ကုန်ချောပစ္စည်း အချက်အလက် အကြားတွင် ရှုပ်ထွေးခြင်း ရှိကောင်းရှိနိုင်သည် ဟူ၍လည်း ရှင်းပြသည်။ The Global Witness Report ကို မူဝါဒများနှင့် စနစ်များ ပြန်လည် ပြုပြင်ခြင်းအတွက် တွန်းအားတစ်ခုအဖြစ် နစ်သက်သော်လည်း ၎င်းအစီရင်ခံစာသည် မျက်မှောက်အခြေအနေကို ရောင်ပြန်ဟပ်သည့် အစီရင်ခံစာဟူ၍မူ ၎င်းက အပြည့်အဝထောက်ခံပေ။ ပြပွဲချိန်ပြင်ပရောင်းချမှုများကို ခြေရာခံရန်ခက်ခဲသောကြောင့် တိတိကျကျ ကောက်ချက်ဆွဲနိုင်မည်မဟုတ်ဟု CSOများက ဤအမြင်ကို တုံ့ပြန်ပြောဆိုခဲ့သည်။ကျောက်မျက်ပြပွဲ ပြင်ပတွင်ရောင်းချမှုများကိုခြေရာခံနိုင်ရန် မူကြမ်းအဆင့်သာရှိသေးသော ကျောက်မျက် မူဝါဒများ ပါဝင်ရန် လိုအပ်ပြီး ကုမ္ပဏီများကလည်း MGE သို့ပုံမှန်အစီရင်ခံစာများ ပေးပို့ရန်လိုအပ်ကြောင်း SOE ကိုယ်စားလှယ် တစ်ဦးကပြောသည်။

MSG မှ လုပ်ငန်းကိုယ်စားလှယ်များက EITI အစီရင်ခံစာတွင်ပါဝင်သော ထုတ်လုပ်မှု အချက်အလက်များသည် မှန်ကန်သည်ဟု သဘောတူကြသည်။ သို့သော်လည်း ကုန်စည်ပြပွဲမှ မဟုတ်သည့်အချက်အလက်များမှာ အစီရင်ခံစာထဲတွင် မပါဝင်ကြောင်း အသိပေးထားသည်။ ကုန်စည်ပြပွဲပြင်ပမှ ရောင်းချခြင်းများကို အစိုးရက ခြေရာခံနေခြင်းမရှိဟု အချို့သောကုမ္ပဏီများက ဆိုသည်။ ဥပဒေအရခွင့်ပြုထားသော ကုမ္ပဏီများကို နိုင်ငံအတွင်း၌ ကုန်စည်ပြပွဲပြင်ပတွင်လည်း ရောင်းချရန် အစိုးရကခွင့်ပြု ထားပါသည်။ ထုတ်လုပ်မှုနှင့် ရောင်းချမှုအားလုံးကို ခန့်မှန်းရန်ခက်ခဲသည်ဟု အားလုံးက ထောက်ခံကြသည်။ အရည်အသွေးမြင့် ကျောက်မျက်များအားလုံးနီးပါးကို ပြပွဲတွင်ရောင်းချသော်လည်း အချို့ကုမ္ပဏီများ၏အဆိုအရ ကျောက်မျက်များ

70



ရှားပါးလာပြီး ပိုတန်ဖိုးမြင့်လာသည့်အချိန်အထိ သိုလှောင်ထားကြသည်ဟုလည်း သိရသည်။

အမျိုးအစားခွဲထုတ်ခြင်းကိစ္စတွင် EITI အစီရင်ခံစာက ကျောက်မျက်နှင့်ကျောက်စိမ်းထုတ်လုပ်မှု အချက် အလက်ကို MGE ၏စာရင်းတွင် ပုံစံတူ ဖော်ပြထားသည်။ ဆိုလိုသည်မှာ မတူသောကျောက်မျက်အမျိုးအစား များ(ပတ္တမြားနှင့်နီလာ)နှင့် ကျောက်စိမ်း(သလင်းနှင့်ပယင်း)အကြား ခွဲခြားမှုမရှိပါဟု SOEကိုယ်စားလှယ် တစ်ဦးကပြောသည်။ သို့သော်လည်း ၎င်းတို့၏စာရင်းဇယားစနစ်များကိုညှိနှိုင်းပြီးလျှင် နောက်အစီရင်ခံစာ တွင်ခွဲခြားဖော်ပြရန် ဖြစ်နိုင်သည်ဟု ပြောသည်။ EITI အတွက် MGE ထုတ်လုပ်မှုအချက်အလက်များသည် The Gemstone Sector Review တွင် ဖော်ပြထားသောအချက်နှင့် ကွဲပြားခြားနားသည်ဟု EITI အစီရင်ခံစာ (စာမျက်နှာ၁၆၂)အရ ရှင်းပြထားသည်။ The Gemstone Sector Review (ဧပြီ မှ စက်တင်ဘာ ၂၀၁၇ ထိ) မှ ကွဲပြားသော ကာလအပိုင်းအခြားတစ်ခု (ဥပမာ ဧပြီ ၂၀၁၅ မှ မတ်လ ၂၀၁၆) ကို ခြုံငုံထားသည်ဟု ရှင်းပြထားသည်။ The Central Statistics Office (ဗဟိုစာရင်းအင်းရုံး)မှ အချက်အလက်အပေါ် အခြေခံထားသော ပြပွဲအတွင်းရောင်းချမှုနှင့် ပြည်ပတင်ပို့မှုများကြား အချက်အလက်ကွဲလွဲမှုသည် SOE ကိုယ်စားလှယ်တစ်ဦးက ကုန်ပစ္စည်းအချို့ကိုထုတ်လုပ်သောနှစ်တွင် တစ်ခါတည်းမရောင်းသောကြောင့် ဖြစ်သည်ဟု ရှင်းပြသည်။

တချို့သော အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များသည် ကျောက်မျက်အရောင်းပြပွဲပြင်ပမှ ရောင်းချမှုများကို အခြေခံပြီး MSG အစည်းအဝေးတွင် ဆွေးနွေးထားသည့် ထုတ်လုပ်မှု အချက်အလက်ပါဝင်သော အဆိုပြုချက်ကို ဖော်ပြရန်အကြံပြုသော်လည်း ပြပွဲပြင်ပတွင် ရောင်းချခဲ့မှုများနှင့် ပတ်သက်၍ အစိုးရကငြင်းဆိုခဲ့သည်။ MGEအတွင်း ကန့်သတ်ချုပ်ချယ်ထားသော ပမာဏကို ထည့်တွက်သော်လည်း (ကျောက်မျက် သို့မဟုတ် ကျောက်စိမ်းတုံး တစ်ရာအတွက် ဝန်ထမ်းတစ်ယောက်ကိုသာ စဉ်းစားခြင်း) ကုမ္ပဏီများသည် အစိုးရ သတိမမူမိသော အခြားရောင်းချခြင်းများမှ ဝင်ငွေရသည်ဟု ထိုကိုယ်စားလှယ်များက ရှင်းပြသည်။ တရားဝင်ထုတ်လုပ်မှု အချက်အလက်၏ လက်ခံနိုင်မှုထက် မြင့်တက်လာသော ပြင်းထန်သည့် လုပ်ငန်းများ ကို ထည့်သွင်းစဉ်းစားရန် CSO များကအကြံပေးသည်။
အခြားသော တွင်းထွက်ပစ္စည်းများနှင့် ပတ်သက်၍ အချို့ကုမ္ပဏီများသည် EITI အစီရင်ခံစာတွင် ထုတ်လုပ်မှုနှုန်းဆိုင်ရာ တရားဝင်အချက်အလက်များကို ဖော်ပြရင်းနှင့်ပင် ထုတ်လုပ်မှုနှုန်းများကို ညွှန်ပြရာ၌ ကွာဟချက်များ ရှိနေဆဲဖြစ်သည်ဟု ၎င်းတို့ကစဉ်းစားသည်။ ထုတ်လုပ်မှုအချက်အလက်၏ အရည်အသွေးကို မြှင့်တင်ရန်သည် MEITI အစီရင်ခံစာ၏ ထောက်ခံချက်များထဲမှ တစ်ခုဖြစ်သည်။

### ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ကျေနပ်လောက်သော တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည် ဟူ၍ ဖြစ်သည်။ ထုတ်လုပ်မှုနှုန်းများနှင့် တန်ဖိုးများကို စီစဉ်ပေးရင်း ကျောက်မျက်ကိစ္စတွင် ပစ္စည်းများ၏အချက်အလက်ကို ဖယ်ထုတ်ထားခြင်းမရှိပေ။ ထို့အပြင် ရှယ်ယာရှင်များသည် နားလည်မှုနှင့် ထုတ်လုပ်မှုအချက်အလက်၏ အရည်အသွေးကို ထည့်သွင်း စဉ်းစားသော ပြင်ပအရင်းအမြစ်များ၏ သတင်းအချက်အလက်ကို ကြိုတင်ဖော်ပြပြီး ဖြစ်သည်။

ပြဋ္ဌာန်းချက် ၃-၂အရ၊ မြန်မာနိုင်ငံသည် ကျောက်စိမ်းနှင့် ကျောက်မျက်ပစ္စည်းများ၏ထုတ်လုပ်မှုနှုန်းနှင့် တန်ဖိုးကို နားလည်နိုင်သည့် အချက်အလက်ကို ထုတ်ဖော်ပြောရန် လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို တိုးမြှင့်ရန် မြန်မာနိုင်ငံသည် EITI အစီရင်ခံစာ နယ်ပယ်အတွင်းမှ ကျောက်မျက် ကုန်စည်ပြပွဲပြင်ပ အရောင်းအဝယ်ကိစ္စများမှ ပြည်ပသို့တင်ပို့သည့် အချက်အလက်များကိုပါ ထည့်သွင်း စဉ်းစားသင့်သည်။ အစိုးရမူဝါဒများမှတစ်ဆင့် ဤသတင်းအချက်အလက်များကို စနစ်တကျထုတ်ဖော်ပြောရန် အစိုးရကို အားပေးသည်။

### ပြည်ပပို့ကုန်အချက်အလက်များ (#၃-၃)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

_ပြည်ပပို့ကုန်ပမာဏ_ - ဓာတ်ငွေ့ရည်နှင့် သဘာဝဓါတ်ငွေ့၏ ပြည်ပပို့ကုန်ပမာဏကို အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာတွင် ၂၀၁၅ - ၂၀၁၆ တွင် ပြည်ပသို့ တင်ပို့သည့် မည်သည့် ရေနံစိမ်းပမာဏကိုမျှမဖော်ပြထားပေ။ သတ္တုတွင်းလုပ်ငန်းအတွက် အစီရင်ခံစာသည် ၂၀၁၅ -၂၀၁၆ ခုနှစ်တွင် ME1၊ ME2 နှင့် ME3 ကို အခြေခံသော ပြည်ပသို့တင်ပို့သည့် တွင်းထွက်ပစ္စည်းတစ်ခုချင်းစီ၏ ပမာဏကို ဖော်ပြထားသည် (စာမျက်နှာ ၂၃၆)။ သတ္တုတွင်း လုပ်ငန်း ခွဲခြမ်းစိတ်ဖြာမှု၏ ပမာဏများနှင့် ပြည်ပပို့ကုန်များ၏ တန်ဖိုးများကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၆ တွင် ဖော်ပြထားသည်။ ပြည်ပပို့ကုန်များ၏

71



ပမာဏကို ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်းအတွက် မဖော်ပြထားပေ။
ပုလဲအတွက် အစီရင်ခံစာသည် ကျောက်မျက်ပြပွဲမှရောင်းချရသည့် ပမာဏများနှင့် တန်ဖိုးများ (စာမျက်နှာ ၁၆)ကို ဖော်ပြထားသော်လည်း ၂၀၁၅ - ၂၀၁၆ တွင် နိုင်ငံအဆင့်ပြည်ပသို့တင်ပို့ရောင်းချသည့် ပုလဲအရေ အတွက်နှင့် တန်ဖိုးများကို ဖော်ပြထားခြင်းမရှိပါ။

*ပြည်ပပို့ကုန်တန်ဖိုး* - ပြည်ပပို့ကုန်များ၏ အရေအတွက်နှင့် တန်ဖိုးများကို (စာမျက်နှာ ၁၃) ဖော်ပြထားပါသည်။ ၂၀၁၅-၂၀၁၆ တွင် နိုင်ငံခြားသို့တင်ပို့သည့် ရေနံစိမ်းပမာဏကို ဖော်ပြထားခြင်းမရှိပေ။ သတ္တုတွင်းအတွက် အစီရင်ခံစာသည် ME1 ၊ME2 နှင့် ME3 ကိုအခြေခံထားသော ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြည်ပသို့တင်ပို့သော တွင်းထွက်ပစ္စည်း တစ်ခုချင်းစီ၏ တန်ဖိုးများကို ဖော်ပြထားသည်။ အခြား တွင်းထွက်ပစ္စည်းများ၏ တန်ဖိုးများမှာ မြန်မာငွေ ၁၂၉၂၃ မီလီယံကျပ် (အမေရိကန်ဒေါ်လာ ၁၀.၆ မီလီယံ ဒေါ်လာ) ဟု SOEs မှ ဖော်ပြသည်။ ကျောက်မျက်နှင့် ကျောက်စိမ်းအတွက် အစီရင်ခံစာက ၂၀၁၅-၂၀၁၆ (စာမျက်နှာ ၁၅) ၏ စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုးကို ဖော်ပြသည်။ ကျောက်မျက်များကို ကျောက်စိမ်းနှင့် ခွဲခြားဖော်ပြထားသော်လည်း အချို့ အမျိုးအစားများကို အတူတကွ ဖော်ပြထားသည်။ ဥပမာ ကျောက်မျက်ခေါင်းစဉ်အောက်တွင် ပတ္တမြားနှင့်နီလာကို အတူဖော်ပြထားသည်။ ပြည်ပပို့ကုန် အချက်အလက်များမှာ ကျောက်မျက်ပြပွဲအတွင်း ရောင်းချရသော အရေအတွက်ကိုသာ ဖော်ပြထားကြောင်း သတိပြုရမည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

ရေနံနှင့်သဘာဝဓါတ်ငွေ့အတွက်မူ ရေနံစိမ်းကို ၂၀၁၅ ခုနှစ်နှင့်၂၀၁၆ ခုနှစ်တွင် ပြည်ပသို့ တင်ပို့ခြင်းမရှိဟု SOE ကိုယ်စားလှယ်များက အခိုင်အမာ အတည်ပြုသည်။ ကျောက်မျက်အတွက် ပြည်ပသို့တင်ပို့နှုန်းများကို MEITI အစီရင်ခံစာတွင် ထုတ်ဖော်ပြောထားခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် အစီရင်ခံစာပုံစံသည် ပြည်ပပို့ကုန်တန်ဖိုးကိုသာ မေးမြန်းသောကြောင့်ဖြစ်သည်ဟု SOE ကိုယ်စားလှယ်တစ်ဦးက ရှင်းပြသည်။ အချက်အလက်ကို မပေးထားသော်လည်း တောင်းဆိုလျှင် ရနိုင်သည်။ MEITI အစီရင်ခံစာတွင်ပါသည့် ပြည်ပပို့ကုန် အချက်အလက်များသည် စိတ်ချရကြောင်း လုပ်ငန်းကိုယ်စားလှယ် တစ်ဦးကပြောသည်။ အစီရင်ခံစာတွင် ပါဝင်သော ပြည်ပပို့ကုန် အချက်အလက်များနှင့် မည်သည့် အစုရှယ်ယာရှင်၏ ထင်မြင်ချက်နှင့်မျှ သက်ဆိုင်မှုမရှိကြောင်း ၎င်းကပြောသည်။

### ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ကျေနပ်လောက်သော တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည် ဟူ၍ ဖြစ်သည်။ ရေနံနှင့်သတ္တုတွင်းထွက် ပြည်ပပို့ကုန်များ၏ လုံလောက်သောအချက်အလက် ရှိသော်လည်း ကျောက်မျက်များအတွက်မူ ပြည်ပပို့ကုန် နှုန်းများကို ဖော်ပြနိုင်ခြင်း မရှိသေးပေ။ ကျောက်မျက်များနှင့် ကျောက်စိမ်းအတွက် စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုးကိုသာ ဖော်ပြပေးထားသည်။ ထို့အပြင် ကျောက်မျက်များ၏ အချက်အလက်အပေါ် နားလည်သဘောပေါက်မှုနှင့် ပတ်သက်၍ အစုရှယ်ယာရှင်များအကြား မေးခွန်းထုတ်စရာများရှိသော်လည်း ကျောက်မျက်ပြပွဲမှ ရောင်းရမှုများကိုသာ ထည့်သွင်းစဉ်းစားသည်။

ပြဋ္ဌာန်းချက် ၃-၃ နှင့်အညီ မြန်မာနိုင်ငံသည် စံနှုန်းထည့်သွင်းဖော်ပြမထားသော ကျောက်မျက်များနှင့် ကျောက်စိမ်း၏ ပြည်ပတင်ပို့မှုပမာဏ၊ တန်ဖိုးများနှင့် ဆိုင်သည့် နားလည်နိုင်မည့် အချက်အလက်များကို ထုတ်ဖော်ပြောဆိုသင့်သည်။ စီမံကိန်းများ ခိုင်မာမှုရှိစေရန် MSG သည် EITI အစီရင်ခံစာ၏ နယ်ပယ်တွင်ပါဝင်သော ကျောက်မျက်ပြပွဲပြင်ပမှ ပြည်ပသို့ တင်ပို့သော အချက်အလက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ဤကဲ့သို့ အချက်အလက်များကို အစိုးရမူဝါဒအရ စနစ်တကျဖော်ပြပေးရန် အစိုးရကိုတိုက်တွန်းသည်။

## ဇယား ၃ - ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - စောင့်ကြည့်စစ်ဆေးမှုနှင့် ထုတ်လုပ်မှု

| EITI ပြဋ္ဌာန်းချက်များ | ပင်မ တွေ့ရှိမှု အကျဉ်းချုပ် | နိုင်ငံတကာ အထွေထွေအတွင်းရေးမှူးရုံး၏ EITI ပြဋ္ဌာန်းချက်များဆိုင်ရာ လုပ်ငန်းတိုးတက်မှုအပေါ် ကနဦးအကဲဖြတ်ချက် (ပြီးပြည့်စုံစေရန် လိုအပ်သော ပြဋ္ဌာန်းချက်) |
|---|---|---|

| | | |
|---|---|---|
| ရှာဖွေဖော်ထုတ်မှုလုပ်ငန်းအပါအဝင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုကဏ္ဍ အကျဉ်းချုပ် (#၃-၁) | ၂၀၁၅-၂၀၁၆ ခုနှစ် MEITI အစီရင်ခံစာတွင် ရှာဖွေဖော်ထုတ်မှုလုပ်ငန်းအပါအဝင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်မှုကဏ္ဍ အကျဉ်းချုပ်ကို ပံ့ပိုးထားသည်။ | ကျေနပ်လောက်သော တိုးတက်မှု |
| ထုတ်လုပ်မှုအချက်အလက်များ (#၃-၂) | ၂၀၁၅-၂၀၁၆ ခုနှစ် MEITI အစီရင်ခံစာသည် ထုတ်လုပ်မှုနှုန်းများနှင့် တန်ဖိုးများကို သတ်မှတ်ပေးသော်လည်း ကျောက်မျက်ကဏ္ဍရှိ အချက်အလက်များကိုမူ စံနှုန်းသတ်မှတ်ထားခြင်း မရှိပေ။ ထို့အပြင် ပါဝင်ပတ်သက်သူများသည် ပြင်ပမှ သတင်းအချက်အလက် ရင်းမြစ်များကို ထည့်သွင်းစဉ်းစား၍ ထုတ်လုပ်မှုအရည်အသွေးပြည့်ဝမှုကို ကြိုတင်ထည့်သွင်း စဉ်းစားရန်လည်း ဖော်ပြခဲ့ကြသည်။ | အပြည့်အဝတိုးတက်မှု |
| ပြည်ပတင်ပို့မှု အချက်အလက်များ (#၃-၃) | ၂၀၁၅-၂၀၁၆ ခုနှစ် MEITIအစီရင်ခံစာသည် ကျောက်မျက်နှင့်ကျောက်စိမ်းအတွက် ပြည်ပတင်ပို့မှုပမာဏနှင့် ပို့ကုန်တန်ဖိုး ကွာဟချက်အချို့ ရှိသော်လည်း အစီရင် ခံစာတွင် သတ္တုကဏ္ဍနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍမှ လိုအပ်သော ပြည်ပပို့ကုန်ပမာဏကို ဖော်ပြထားသည်။ | အပြည့်အဝတိုးတက်မှု |

အတွင်းရေးမှူးရုံးများမှ အကြံပြုချက်များ

၁။ အကောင်အထည်ဖော်ဆောင်မှု တိုးတက်စေရန် အစိုးရက မြန်မာနိုင်ငံ၏ သယံဇာတ ထုတ်ယူခြင်းနှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များအား MONARC၊ MEE ကဲ့သို့ အစိုးရအဖွဲ့အစည်းများနှင့် သက်ဆိုင်သော ကွန်ရက်များ၌ စနစ်တကျပုံမှန် ထုတ်ဖော်ပြောကြားရန် ဆန္ဒရှိရမည်။

၂။ EITI စံညွှန်းပြဌာန်းချက် ၃-၂ နှင့်အညီ ကျောက်စိမ်းနှင့်ကျောက်မျက်များအတွက် ထုတ်လုပ်မှုပမာဏနှင့်တန်ဖိုးကို ထုတ်ဖော်ရန် လိုအပ်သည်။ အကောင်အထည်ဖော်ဆောင်မှု တိုးတက်စေရန် MSG က EITI ၏ အစီရင်ခံစာမှ ကန့်သတ်ထားသည့် ကျောက်စိမ်းအရောင်းအဝယ်နှင့် ထုတ်ကုန်စာရင်းကိုပါ စဉ်းစားသင့်သည်။ အစိုးရ၏ နည်းလမ်းများမှတစ်ဆင့် သတင်းအချက်အလက်ကို ထုတ်ဖော်ပြောပြရန် တိုက်တွန်းသည်။

၃။ ပြဌာန်းချက် ၃-၃ နှင့်အညီ မြန်မာနိုင်ငံသည် စံနှုန်းထည့်သွင်းဖော်ပြမထားသော ကျောက်မျက်များနှင့် ကျောက်စိမ်း၏ ပြည်ပတင်ပို့မှုပမာဏ၊ တန်ဖိုးများနှင့်ဆိုင်သည့် နားလည်နိုင်မည့် အချက်အလက်များကို ထုတ်ဖော်ပြောဆိုသင့်သည်။ စီမံကိန်းများ ခိုင်မာမှုရှိစေရန် MSG သည် EITI အစီရင်ခံစာ၏ နယ်ပယ်တွင်ပါဝင်သော ကျောက်မျက်ပြပွဲပြင်ပမှ ပြည်ပသို့ တင်ပို့သော အချက်အလက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ဤကဲ့သို့ အချက်အလက်များကို အစိုးရမူဝါဒအရ စနစ်တကျဖော်ပြပေးရန် အစိုးရကိုတိုက်တွန်းသည်။

# ၄။ အခွန်ကောက်ခံခြင်း

## ၄-၁။ အကျဉ်းချုပ်

ဤအပိုင်းသည် အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအတွက် EITI လိုအပ်ချက်များအပေါ် အသေးစိတ်စီစဉ်ပေးထား သောအပိုင်း ဖြစ်ပါသည်။ နားလည်နိုင်စွမ်း၊ အရည်အသွေးနှင့် ထုတ်ဖော်သည့် အသေးစိတ်အဆင့်တို့ ပါဝင်ပါသည်။ EITI လိုအပ်ချက်များသည် EITI အစီရင်ခံစာများထုတ်ရန်နှင့်လည်း ဆက်စပ်နေပါသည်။

73



## ၄-၂။ အကဲဖြတ်ချက်

### နားလည်သဘောပေါက်ခြင်း (#၄-၁)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*ဘဏ္ဍာငွေရှာဖွေမှု အရည်အသွေး သတ်မှတ်ချက်* - ၂၀၁၅-၂၀၁၆ ခုနှစ် EITI အစီရင်ခံစာအတွက် MSG သည် သတ်မှတ်ထားသော အခွန်အမျိုးမျိုးနှင့် အခြားရငွေလမ်းကြောင်းများကို ထည့်သွင်းရန် ဆုံးဖြတ်ထားသည်။ (စာမျက်နှာ ၁၂၀)

*ဓါတ်သတ္တုများမှရရှိသောအခွန်ငွေ စီးဆင်းမှု ဖော်ပြချက်* - ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုတွင်း၊ ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍကို EITI အစီရင်ခံစာ (စာမျက်နှာ ၁၂၀-၁၂၂)တွင် ဖော်ပြထားသည်။ အခွန်စီးဆင်းမှု တစ်ခုချင်းစီကို နောက်ဆက်တွဲ ၉ (စာမျက်နှာ၂၄၃-၂၄၆)တွင် ဖော်ပြထားသည်။ အခွန်ငွေအားလုံး၏ စီးဆင်းမှုကို ညှိနှိုင်းဆောင်ရွက်မှု နယ်ပယ်တွင် ပါဝင်သော လိုအပ်ချက် ၄-၁ တွင် စာရင်းပြုစုထားပါသည်။ ရေနံအမြတ်ကို "ထုတ်လုပ်အပေါ်ခွဲဝေမှု" အနေဖြင့် ရည်စူးထားသည်ကို သတိပြုသင့်သည်။

*ကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက်* - ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် MSG သည် ထုတ်လုပ်သောရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းရှင်များနှင့် ရှာဖွေသည့်ကုမ္ပဏီအားလုံးကို အရည်အသွေးသတ်မှတ်မှု စတင်သည့်အဆင့်တွင် ထည့်သွင်းရန် သဘောတူညီသည်။ ဤသတ်မှတ်ချက်သည် အသိအမှတ်ပြုနယ်ပယ်အတွင်းမှ ရွေးချယ်ထားသော ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီ ၃၆ ခုကို ဦးတည်သည်။ ထိုကုမ္ပဏီများကို MEITI အစီရင်ခံစာ (စာမျက်နှာ ၁၇၊ ၁၂၄)တွင် ဖော်ပြထားသည်။

ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် MSG က လုပ်ငန်းအားလုံးကို အရည်အသွေးသတ်မှတ်မှု စတင်သည့်အဆင့်တွင် ထည့်သွင်းရန် သဘောတူညီသည်။ ထိုအခြေခံသတ်မှတ်ချက်အရ ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများစာရင်းကို (စာမျက်နှာ ၁၂၅ တွင်) ဖော်ပြထားပါသည်။

ကျောက်မျက်များနှင့် ကျောက်စိမ်းအတွက် MSGက ကုမ္ပဏီပေါင်း ၅၁ ခုကို ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာ အတွက် ပြန်လည်ညှိနှိုင်းရေးအစီအစဉ်တွင် ပါဝင်ရန် သတ်မှတ်ခဲ့သည်။ စာရင်းပြုစုထားသော ကုမ္ပဏီများ (စာမျက်နှာ ၁၂၅ - ၁၂၆) သည် ၂၀၁၅ - ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် တွင် ဝင်ငွေစုစုပေါင်း မြန်မာကျပ်ငွေ တစ်ဘီလီယံကို အခြေခံသတ်မှတ်ချက်အဖြစ် ထားရှိရန် သဘောတူညီခဲ့ကြသည်။ အစီရင်ခံစာက ညှိနှိုင်းရေးအတွက် ရွေးချယ် မထားသော ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီများကို အရည်အသွေး သတ်မှတ်ချက်များ မပို့ပိုးထားသော်လည်း (စာမျက်နှာ ၁၂၈-၁၂၉၊ ၁၆၅-၁၆၆) ဤအချက်အလက်များကို တွက်ချက်ရန် အစီရင်ခံစာအတွက် အချက်အလက် အလုံအလောက်ရှိသည်။ အချက်အလက်များသည် ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီများမှပေးသော အခွန်များ၏ ၆၈ ရာခိုင်နှုန်းကို ထည့်သွင်း၍ ဖော်ပြထားသည်ဟု အစီရင်ခံစာကဆိုသည်(စာမျက်နှာ ၁၂၅)။

အခြားသော သတ္တုတွင်းများအတွက် ကုမ္ပဏီ ၂၈ ခုသည် အစိုးရထံ အခွန်ပေးဆောင်ရန် လိုအပ်သည်။ ထိုကုမ္ပဏီများသည် အောက်ဖော်ပြပါ အရည်အသွေး သတ်မှတ်ချက်တစ်ခုနှင့် ကိုက်ညီသည်။ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် SOEများ နှင့် အစိုးရဌာနများမှ အလုံးစုံ အခွန်ကောက်ခံရရှိမှုမှာ မြန်မာကျပ်ငွေ ၁.၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀၄,၃၁၉)၊ သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ME2 မှ စုဆောင်းပေးထားသော ခဲမဖြူနှင့်အဖြိုက်နက်အတွက် ပစ္စည်းချင်းပေးချေမှုမှာ မက်ထရစ်တန် ၁၇ တန် ရှိသည်။ ထို့အပြင် ME2 သို့ အကန့်အသတ်ရှိသော ကုမ္ပဏီများက သတ်မှတ်ထားသော ရွှေပေးသွင်းမှုများ၊ လုပ်ငန်းအားလုံးကို အရည်အသွေးသတ်မှတ်မှု စတင်သည့်အဆင့်တွင် ထည့်သွင်းရန် MSG က သဘောတူညီသည်။ အဘယ့်ကြောင့် ထိုအရည်အသွေးသတ်မှတ်ချက် သတ်မှတ်ရသည့်အကြောင်းကို အကျိုးအကြောင်းပြသော အထောက်အထားများမရှိပေ။ အခွန်များကို ရာခိုင်နှုန်းပုံစံဖြင့် ဖော်ပြရသည့် အကြောင်းရင်းကို အစီရင်ခံစာသည် ရှင်းပြမထားပေ။ လေ့လာမှုနယ်ပယ်တွင် အထိုရည်အသွေး သတ်မှတ်ချက်အတွက် လုံလောက်သော အကြောင်းပြချက်များရှိသည်။

*ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီများ -* ရေနံနှင့်သဘာဝဓါတ်ငွေ့ (စာမျက်နှာ၁၂၄)၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး (စာမျက်နှာ၁၂၅)၊ ကျောက်မျက်နှင့် ကျောက်စိမ်း (စာမျက်နှာ၁၂၅-၁၂၆)၊ သတ္တုတူးဖော်ရေးလုပ်ငန်း (စာမျက်နှာ ၁၂၆-၁၂၇) နှင့် SOEများ (စာမျက်နှာ ၁၂၇) ကုမ္ပဏီများကို အစီရင်ခံစာတွင် စာရင်းဖော်ပြထားသည်။ အစီရင်ခံစာ၏ တခြားအပိုင်းတွင် ပုလဲအကြောင်း ဆွေးနွေးထားသော်လည်း ပုလဲထုတ်လုပ်သည့် ကုမ္ပဏီများကို အဘယ်ကြောင့် အစီရင်ခံခြင်း နယ်ပယ်မှ ဖယ်ထားကြောင်း ရှင်းပြထားခြင်းမရှိပေ။ အစီရင်ခံခြင်းလုပ်ငန်းစဉ် နယ်ပယ်တွင် UMEHL ကို ထည့်သွင်းထားခြင်း မရှိသောကြောင့် အစီရင်ခံရန် ရည်ရွယ်ချက်အတွက် MEC ကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။

*<u>ဓာတ်သတ္တုကုမ္ပဏီများ အစီရင်ခံခြင်း-</u>*

၂၀၁၅-၂၀၁၆ခုနှစ် EITI အစီရင်ခံစာအရ ကုမ္ပဏီများ၏ တင်ပြမှုများတွင် ကွာဟချက်များစွာရှိသည်။ အစီရင်ခံခြင်းမရှိသည့် အကြောင်းပြချက်များ အပါအဝင် အစီရင်မခံသည့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီ ရှစ်ခု၏ စာရင်းများကို (စာမျက်နှာ ၁၈၊ ၂၇၆ တွင်) ဖော်ပြထားသည်။ အဆိုပါ ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီ ရှစ်ခုအနက်မှ ငါးခုသည်[81] အစိုးရထံသို့ အခွန်ငွေပေးသွင်းခြင်းတွင် တိကျမှန်ကန်မှုမရှိဟု လေ့လာတွေ့ရှိရသည် (စာမျက်နှာ ၁၇)။ အစိုးရက အခြားကုမ္ပဏီ သုံးခု၏ အခွန်ငွေများ (စာမျက်နှာ ၁၇)ကို ဖော်ပြခဲ့ခြင်းမရှိပေ။ ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုသည် အစီရင်ခံခြင်းမရှိသလို အစိုးရက ထိုကုမ္ပဏီထံမှ ရရှိသောအခွန်များကို လုံးဝ ဖော်ပြခြင်းမရှိပေ။

သတ္တု၊ ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများအတွက်မူ စာမျက်နှာ ၁၇ မျက်နှာရှိ အစီရင်ခံစာတွင် ကဏ္ဍအသီးသီးကို အတိအကျဖော်ပြထားသည်။ ဤအစီရင်ခံစာသည် ကုမ္ပဏီ၏ အရည်အသွေး သတ်မှတ်ချက်နှင့် ပြည့်စုံသည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ဖော်ပြပါ ကုမ္ပဏီများ၏နယ်ပယ်တွင် အမှန်တကယ် အလုံးစုံညီညွတ်သော သတင်းရယူခြင်းသည် အခွန်ဘဏ္ဍာအားလုံး၏ ၈၄ ရာခိုင်နှုန်းရှိသည်(စာမျက်နှာ၁၇)။ MEC သည် ၎င်း၏ အရည်အသွေးသတ်မှတ်ချက်နှင့် ဝင်ငွေများကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။

*<u>ဓါတ်သတ္တုလုပ်ငန်းမှ အစိုးရ၏ရပိုင်ခွင့်</u>* - MSG က ကုမ္ပဏီများမှရသောအခွန်ငွေများနှင့်ဆိုင်သော အစိုးရအေဂျင်စီ အားလုံး စုပေါင်းဆောင်ရွက်ခြင်း နယ်ပယ်တွင် ပါဝင်သင့်သည်ဟု သဘောတူညီသည်။ အစီရင်ခံစာသည် ဓါတ်သတ္တုလုပ်ငန်းမှ SOEs နှင့် အစိုးရ၏ရပိုင်ခွင့် ရှစ်မျိုးကို စာရင်းပြုစုထားသည်။ (စာမျက်နှာ ၁၂၇)

*<u>အစိုးရနှင့်ဆိုင်သော အစီရင်ခံချက်</u>* - တင်ပြထားသော အစိုးရ၏ရပိုင်ခွင့် ရှစ်မျိုးကို (စာမျက်နှာ ၁၈) အစီရင်ခံစာက အတည်ပြုသည်။ သို့သော် အစီရင်ခံစာသည် အစိုးရနှင့်ဆိုင်သော ပုံစံအပြည့်အစုံကို မဖော်ပြထားပေ။ ပေးချေမှုများ၏အနှစ်ချုပ် (စာမျက်နှာ ၁၂၈-၁၂၉) သည် ကုမ္ပဏီအချို့အတွက် ပြုလုပ်သော ပေးချေမှုများအတွက် အစိုးရအချက်အလက်နှင့် သက်ဆိုင်ခြင်းမရှိသော ဖြစ်စဉ်များကို ပြသသည်။ ဥပမာ- Geopetrol ၊ CNPC နှင့် Bashneft ။

*<u>ကွဲလွဲချက်များ</u>* - ပြန်လည်စုပေါင်းပြီးနောက် စုစုပေါင်းကွဲလွဲချက်သည် အခွန်စုစုပေါင်း၏ ၁.၉ ရာခိုင်နှုန်း (စာမျက်နှာ၂၀) ရှိသည်။ အစီရင်ခံစာသည် ရေနံနှင့်သဘာဝဓါတ်ငွေ့ (စာမျက်နှာ၁၃၁-၁၃၃)၊ သယ်ယူပို့ဆောင်ရေး (စာမျက်နှာ ၁၅၁)၊ ကျောက်မျက်များနှင့် ကျောက်စိမ်း (စာမျက်နှာ ၁၄၀-၁၄၁)နှင့် တွင်းထွက်လုပ်ငန်း (စာမျက်နှာ ၁၄၅-၁၄၈) တို့အတွက် ခြားနားခြင်းများကိုဖော်ပြထားသည်။ ကုမ္ပဏီများနှင့် အေဂျင်စီများသည် အပြည့်အဝ ပေးချေမှုမရှိဟု အစီရင်ခံစာက ယူဆပြီး အချို့ ကွဲလွဲချက်များသည် အစိုးရ သို့မဟုတ် ကုမ္ပဏီမှသတင်းအချက်အလက် မှားယွင်းခြင်းဖြစ်နိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ IA၏ နားလည်နိုင်သော အစီရင်ခံမှုအပေါ် အကဲဖြတ်မှု(စာမျက်နှာ ၃၂) သည် ပြန်လည်ပေါင်းစည်း၍မရသော ခြားနားချက်များသည် နားလည်လက်ခံနိုင်စွမ်းရှိသော ပေါင်းစည်းဖော်ပြခြင်းအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း သွယ်ဝိုက်ညွှန်းဆိုသည်။

*<u>အစိုးရ ထုတ်ဖော်ချက် အပြည့်အစုံ</u>* - နယ်ပယ်ထဲတွင် ရွေးချယ်မထားသော ကုမ္ပဏီများမှပေးသော ပေးချေမှုများကို အစိုးရက သွယ်ဝိုက် ဖွင့်ချခဲ့သည် (စာမျက်နှာ ၁၆)။ အစိုးရ၏ သွယ်ဝိုက်ဖွင့်ချမှု အားလုံးတွင် သတ္တုတူးဖော်ရေး၊ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲများ (စာမျက်နှာ၁၆၅-၁၆၆)အတွက် အခွန်ငွေအားလုံး ပါဝင်သည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေးတွင် ရွေးချယ်ထားသော ကုမ္ပဏီများအတွက် အရည်အသွေးသတ်မှတ်မှု စတင်သည့်အဆင့်တွင် ထားရှိသည်။ အစိုးရ၏ အခွန်စုစည်းဖော်ပြရေး အတွက် အစီရင်ခံစာသည် အခွန်အားလုံးအတွက် အပြည့်အဝသွယ်ဝိုက်၍ ထုတ်ဖော်ထားပါသည်။

ကဏ္ဍခွဲများအားလုံးအောက်ရှိ ကျောက်စိမ်း၊ ကျောက်မျက်နှင့် အခြားသတ္တု ကုမ္ပဏီများသည် အရည်အသွေး သတ်မှတ်မှုများအတိုင်း

[81] IRD က IT ကိုအစီရင်ခံခဲ့သည့် မြန်မာငွေ 8,226,969,741 ပမာဏရှိသော Nippon Oil၊ MOGE က အစီရင်ခံခဲ့သည့် မြန်မာငွေ 25,514,240၊ မြန်မာငွေ 446,964,138, မြန်မာငွေ 1,294,095,997 နှင့် မြန်မာငွေ 448,441,219 အသီးသီးရှိသော Oil India Ltd, CFG Energy Pte.Ltd, Reliance Industries Ltd and Tap Energy Pte. Ltd။ အစီရင်ခံစာတွင် မပါဝင်သောကုမ္ပဏီများအားလုံး (ရှာဖွေခြင်းအဆင့်တွင်သာရှိသေးသော Jubilant Oil မှလွဲ၍) မြန်မာနိုင်ငံတွင် လုပ်ငန်းဆက်မလုပ်ခဲ့ကြကြောင်းသိရှိရသည်။ (စာမျက်နှာ ၁၇)

75



ပေးချေကြသည်။ MSGEITI ပြဋ္ဌာန်းချက် ၄-၂ နှင့်အညီ ကုမ္ပဏီများထံမှ ပေါင်းစပ်အကျိုးအမြတ်စီးဝင်မှုကို အစိုးရအေဂျင်စီများမှ တစ်ဖက်သတ် ထုတ်ဖော်ချက်ကို ထည့်သွင်းရန် ဆုံးဖြတ်သည်။(စာမျက်နှာ ၁၂၅)

**မိတ်ဖက်အဖွဲ့များ၏ အမြင်များ**

အစိုးရစနစ်နှင့် အခွန်ကောက်ခံမှုစည်းမျဉ်းတွင် လိုအပ်ချက်များရှိသော်လည်း အစိုးရနှင့် ကုမ္ပဏီများရှိ ပါဝင်ပတ်သက်သူများက အခွန်စီးဆင်းမှု ဖော်ပြချက်နှင့် ကုမ္ပဏီများလွှမ်းခြုံထားသည့် ကဏ္ဍအားလုံးအတွက် အစီရင်ခံစာအမြင်အပေါ် ကျေနပ်မှုရှိကြောင်း ဖော်ပြကြသည်။ ဤကဲ့သို့ ကွာဟချက်များ ရှိသော်လည်း ဓါတ်သတ္တုအခွန် စီးဆင်းမှုနှင့် MEITI အစီရင်ခံစာတွင် ကုမ္ပဏီများပါဝင်မှုကို ၎င်းတို့ ယုံကြည်ချက်ရှိနေဆဲဖြစ်သည်။

လုပ်ငန်းကိုယ်စားလှယ်တစ်ဦးက UMEHL သည် ပုဂ္ဂလိကပိုင်ကုမ္ပဏီဖြစ်ပြီး SOE တစ်ခုမဟုတ်ကြောင်း ရှင်းလင်းပြောဆိုသည်။ အစီရင်ခံစာ သုံးသပ်ချက်တွင် UMEHL မပါသည့်အကြောင်းအား မေးမြန်းမှုကို IA၊ NCS နှင့် MSG တို့ရှိ အစိုးရတာဝန်ရှိသူများက UMEHL အမြတ်ငွေများသည် ကုမ္ပဏီများ၏ အရည်အသွေး သတ်မှတ်ချက်အောက် ကျဆင်းခြင်းကြောင့်ဟု ရှင်းပြသည်။

အစိုးရကိုယ်စားလှယ်များက အခွန်ထမ်းသူများ မြန်မာနိုင်ငံတွင် အင်အားနည်းကြောင်း ပြောဆိုသည်။ အချို့အခွန်ထမ်းများသည် နှစ်စဉ်သုံးနှစ်တစ်ကြိမ် အခွန်ထမ်းဆောင်ကြရသည်။ IRD ၏ အစီရင်ခံစာသည် စာရွက်ပေါ်တွင်သာအခြေခံ၍ နိုင်ငံတစ်ဝှမ်းတွင် အခွန်အချက်အလက်ရယူရန် ရုံးခန်းသုံးရာ ရှိသည်။ ၎င်းတို့၏ စာအုပ်များနှင့် MEITI အစီရင်ခံစာတွင် ကွဲပြားချက်များကို ရှင်းပြထားသည်။ သို့သော် ၎င်းတို့က အခွန်စနစ်များတိုးတက်ရန် မည်သို့ပြုပြင်ပြောင်းလဲမှုများလုပ်သင့်ကြောင်း ထောက်ပြသည်။ ဝင်ငွေခွန်၊ ချန်ထားသောအခွန်နှင့် MEITI တွင် ပါဝင်သော စီးပွားရေးအခွန်အတွက် လွတ်နေသော အချက်အလက်များကို ထည့်သွင်းစဉ်းစားပြီး IRD သည်အစီရင်ခံခြင်းဖြစ်သည်။ ကုမ္ပဏီကပေးချေပြီးသောအခါ ဤကဲ့သို့ပေးချေမှုမျိုးကို EITI သို့ မှတ်တမ်းတင်ရသည်။ သို့သော် ကွဲပြားခြားနားသော အစီရင်ခံမှုကြောင့် ပေးချေမှုကို IRD တွင် မှတ်တမ်းမတင်ထားပေ။ ကုမ္ပဏီများသည် ယနေ့အထိ လုပ်ငန်းအမှတ်စဉ်မရှိသေးပေ။ ထိုအချက်သည် အခွန်ငွေများကို မှတ်တမ်းတင်ရာတွင် နှောင့်နှေးခြင်းကို ဖြစ်စေသည်။ ကွဲပြားရခြင်းများ၏ အခြားအကြောင်းပြချက်တစ်ခုသည် အချို့ကုမ္ပဏီများသည် ရောင်းရခြင်းများအပေါ် သစ္စာရှိကြောင်းဖော်ပြပြီး IRD သို့ ပေးချေခြင်းသည် သတ္တုတွင်းဌာနသို့ ပေးချေမှုပင်ဖြစ်သည်ဟု ယူဆကြသည်။ အချို့ကုမ္ပဏီများသည် စီးပွားရေးချဲ့ထွင်ရန် ဆောင်ရွက်ရင်း ကုမ္ပဏီများကို ဝင်ငွေခွန်ပေးရမည့် ခေါင်းစဉ်အောက်တွင် အမျိုးအစားခွဲခြားခြင်း မပြုလုပ်မိကြပေ။ သို့သော်လည်း ဤဆောင်ရွက်ချက်များသည် အခွန်စီးဆင်းမှုအတွက် မှတ်တမ်းတင်ရန် ထုတ်နုတ်ထားသော ကုမ္ပဏီများနှင့် ဆိုင်သည်။အကျိုးဆက်အားဖြင့် ဤကုမ္ပဏီများကို ဓါတ်သတ္တုကုမ္ပဏီများအဖြစ် ထည့်သွင်းစဉ်းစားသော်လည်း ၎င်းတို့၏ ဝင်ငွေခွန်ပေးချေမှုများအတွက် အချက်အလက်မရှိပေ။

အရည်အသွေးသတ်မှတ်မှု ဆုံးဖြတ်ခြင်းတွင်ပါဝင်သော အစိုးရ MSG အဖွဲ့ဝင်များသည် ဓါတ်သတ္တုအရည်အသွေး သတ်မှတ်ရာတွင် ၎င်းတို့က အစီရင်ခံစာ ထုတ်ရန် ကျန်ရှိသည့်လများတွင် ကုမ္ပဏီပေးချေမှုများကို မည်မျှ စုစည်းနိုင်သနည်းဆိုသည်ကို ထည့်စဉ်းစားရမည်။ ဓါတ်သတ္တုကုမ္ပဏီများ အားလုံးကို အာမခံပေးသော ချဉ်းကပ်မှု ပြုလုပ်သောအခါ ပစ္စည်းကုမ္ပဏီ အားလုံးပါဝင်ရန် အရည်အသွေးနိမ့်သည်။ အချက်အလက်များစုစည်းရန် ကုမ္ပဏီ အရေအတွက်နှင့် အချိန်အရေအတွက်ကို ချိန်ညှိရန်အရေးကြီးပါသည်။ အရည်အသွေးကို မည်သို့တွက်ချက်သည်ကို အသေးစိတ် ဖော်ပြမထားသော်လည်း အရည်အသွေးသည် အခွန်ငွေစုစုပေါင်းအပေါ် အခြေခံသည်။ သတ္တုတွင်းကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်က ၎င်းတို့သည် အသေးစား တွင်းထွက် လုပ်ငန်းတွင် ပါဝင်ချင်သည်။ သို့သော် စိန်ခေါ်မှုဖြစ်နေသော ရှိရင်းစွဲအကြောင်းအရာများကိုလည်း သိရမည်။ အဘယ်ကြောင့်ဆိုသော် ဤနယ်ပယ်၏ ရှုပ်ထွေးမှုများကြောင့် ဖြစ်သည်ဟု ဖော်ပြသည်။

ရေနံနှင့်သဘာဝဓါတ်ငွေ့အတွက် SOE ကိုယ်စားလှယ်များက MEITI အစီရင်ခံစာတွင် ပါဝင်သော ဓါတ်သတ္တုကုမ္ပဏီများ စာရင်းနှင့် ဓါတ်သတ္တုနှင့် ဆိုင်သော အခွန်စီးဆင်းမှုများကို နားလည်သဘောပေါက်ပြီး ဓါတ်သတ္တုကုမ္ပဏီနှင့် ပေးချေမှုအားလုံးကို လွှမ်းခြုံထားသည်ဟု အတည်ပြုသည်။ MOGE တွင် ဝင်ငွေလည်ပတ်နေသော ကမ်းလွန်စီမံကိန်း လေးခုနှင့် ကုန်းတွင်းစီမံကိန်း နှစ်ခုရှိသည်ဟု ၎င်းတို့က ရှင်းပြသည်။ အခြားကုမ္ပဏီများသည် အကောင်အထည်ဖော်နေဆဲဖြစ်သည်။ အကောင်အထည်ဖော်နေဆဲ ကုမ္ပဏီများတွင် ဝင်ငွေမရှိသောကြောင့် MEITI အစီရင်ခံစာတွင် ထည့်သွင်း စဉ်းစားခြင်း မရှိသေးကြောင်း အတည်ပြု ပြောကြားသည်။ နောက်ဆုံး MEITI အစီရင်စာသည် ပထမဆုံး အစီရင်ခံစာထက် တိုးတက်မှုပြသည်။ အဘယ်ကြောင့်ဆိုသော် ပူးပေါင်းဆောင်ရွက်ပြီးနောက် ကွာဟချက်များ လျော့ပါးသွားသောကြောင့်ဖြစ်ကြောင်း ကျောက်မျက်ကုမ္ပဏီမှ ကိုယ်စားလှယ် များက လေ့လာတွေ့ရှိသည်။ အချို့သတ္တုတွင်းကုမ္ပဏီများသည်

76


ကျေနပ်ဖွယ်ကောင်းသော အခွန်အချက်အလက်အပေါ် နားလည်မှုကို ဖော်ပြသည်။ သို့သော် SOEများ၏ အခြားငွေစာရင်းများ၏ အသေးစိတ်အချက်အလက် အကြောင်းများကိုလည်း ကိုးကားဖော်ပြသည်။ မျှဝေသုံးစွဲသော ၄၅ ရာခိုင်နှုန်းကို အခြားငွေစာရင်းများသို့ မည်သို့ မည်ပုံမျှဝေသုံးစွဲကြောင်း ရှင်းပြပေးရန် ၎င်းတို့က အစိုးရကို ပြောဆိုသည်။ MSGသည် ပုလဲကဏ္ဍတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့ခြင်း ရှိ မရှိ မေးမြန်းသောအခါ ပုလဲကဏ္ဍတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့သော်လည်း အချိန်အကန့်အသတ်ကြောင့် အချက်အလက်ကို တဖြည်းဖြည်း စွန့်ပစ်ရန် အစိုးရနှင့် MSGကိုယ်စားလှယ်များက ဆုံးဖြတ်ခဲ့ရသည်ဟု ဖြေကြားသည်။

### ကနဦးအကဲဖြတ်ချက်

နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်ချက်မှာ မြန်မာနိုင်ငံသည် ဤလိုအပ်ချက်များနှင့် ကိုက်ညီမှုအောင် ကျေနပ်လောက်သော တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည်ဟူ၍ ဖြစ်သည်။ MSG အဖွဲ့ဝင်များသည် ပစ္စည်းစံနှုန်းများကို သဘောတူသည်ဟု အတည်ပြုသည်။ အခွန်ငွေအားလုံး၏ ၈၄ ရာခိုင်နှုန်းသည် သီသီသာသာမြင့်မားနေပြီး အစီရင်ခံစာသုံးသပ်ချက်တွင် သိသာသော ပေးချေမှုများ သို့မဟုတ် ဓါတ်သတ္တုကုမ္ပဏီများကို အစီရင်ခံစာမှ ဖယ်ထုတ်ထားသည်ကို မတွေ့ရပေ။ ပေးချေမှုများနှင့် အခွန်များအတွက် စုစည်းဖော်ပြမှုတွင် ကွဲပြားချက်များရှိသော်လည်း အစီရင်ခံစာသည် ကွဲပြားမှု၏ အဓိကအရင်းအမြစ်ကို ဖော်ပြထားပြီး ဓါတ်သတ္တုမဟုတ်သော ကုမ္ပဏီများ၏ ပေးချေမှုများကိုပါ ထည့်သွင်းထားကြောင်း အစိုးရကအပြည့်အဝ ဖော်ပြထားသည်။ ပါဝင်ပတ်သက်သူ တချို့က စစ်တပ်နှင့်ဆက်နွယ်သော ကုမ္ပဏီနှစ်ခုကို စိုးရိမ်ကြသော်လည်း အစီရင်ခံစာသုံးသပ်ချက်တွင် MEC ပါဝင်ခြင်းနှင့် UMEHL မပါဝင်ခြင်းကို မြေပြင်အခြေအနေအရ ဆုံးဖြတ်သည်။ ဤအချက်ကို ထည့်သွင်း စဉ်းစားက ၎င်းတို့သဘာဝနှင့် ပိုင်ဆိုင်မှုကို ဤပြဋ္ဌာန်းချက်အကဲဖြတ်မှုတွင် ထည့်သွင်းစဉ်းစားခြင်း မပြုသော်လည်း ပြဋ္ဌာန်းချက် ၂-၆ တွင် ဖော်ပြထားသည်။

အကောင်အထည်ဖော်မှုများ အားကောင်းစေရန် အစိုးရက အစိုးရပိုင် website ကဲ့သို့ နေရာများမှ အခွန်အချက်အလက်များကို ပုံမှန် စနစ်တကျ ထုတ်ပြန်ရမည်။ MSGသည် ဝင်ငွေများနှင့် ကုမ္ပဏီများ၏ ဓါတ်သတ္တုအရည်အသွေးအတွက် သဘောတရားနှင့် ရွေးချယ်မှုများကို ဆုံးဖြတ်ရန် အချက်အလက် ထည့်သွင်းခြင်းများကို ရှင်းရှင်းလင်းလင်း စဉ်းစားသင့်ပါသည်။

### ကုန်စည်ဖြင့်ပေးချေမှုရသောအခွန်များ (#၄-၂)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*ကုန်စည်ဖြင့်ပေးချေမှုအမျိုးအစားနှင့် အရည်အသွေးသတ်မှတ်ချက်*

**ရေနံနှင့် သဘာဝဓါတ်ငွေ့** - ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းများရှိ ကုန်စည်အနေဖြင့် ပေးချေမှုရရှိသော ဝင်ငွေအမျိုးအစား ခြောက်မျိုးကို အစီရင်ခံစာတွင် (စာမျက်နှာ ၁၂၂) စာရင်းပြုစုထားသော်လည်း ထိုအထဲမှ အနည်းဆုံးတစ်မျိုးမှာ ဘဏ္ဍာပေးချေမှုကို နိုင်ငံတော်ကိုယ်စား ကောက်ယူသည့်ပုံစံကို ကိုယ်စားမပြုပေ (MOGE ၏ ခံစားပိုင်ခွင့်)။ EITI အစီရင်ခံစာက ထုထည်ဖြင့်သတ်မှတ်ထားသော ကုန်စည်အနေဖြင့်ပေးချေသော ဇယားတစ်ခုကို ထပ်မံစုစည်းကာ ပုံပိုးထားပြီး ကုန်စည်အနေဖြင့်ပေးချေသော အမျိုးအစားခြောက်ခု၏ အခွန်စီဆင်းမှုကို ရေနံစည်(ယူနစ်) အရေအတွက်နှင့် MSCFဖြင့် ဖော်ပြထားသည် (စာမျက်နှာ ၁၃၄)။ သို့သော်လည်း EITI အစီရင်ခံစာအရ အစိုးရသည် ရေနံနှင့် သဘာဝဓါတ်ငွေ့အတွက် ကုန်စည်အနေဖြင့် ပေးချေမှုပုံစံဖြင့် အခွန်ကောက်ခံမှု ရှိမရှိ မရှင်းလင်းပေ။ တစ်နည်းအားဖြင့် အစီရင်ခံစာတွင် "ကုန်စည်အနေဖြင့်ပေးချေမှု" (စာမျက်နှာ ၁၂၂) ဟုယူဆရသော အခွန်လမ်းကြောင်းကို စာရင်းပြုစုထားပြီး PSCs သည် နိုင်ငံတော်ထုတ်လုပ်မှုဝေစုကို ရောင်းချမှုမှ ကုန်စည်အနေဖြင့် ပေးချေမှုများကို လက်ခံရန် အစိုးရကို ခွင့်ပြုသည်ဟု ရှင်းပြသည်။ သို့သော် MOGEသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မည်သည့်ကုန်စည်အနေဖြင့် ပေးချေမှုကိုမျှ ပြုလုပ်ခြင်းမရှိဟု အစီရင်ခံစာက အတည်ပြုသည်။ MOGE ပါဝင်သော ထုတ်လုပ်မှုများကို စာချုပ်အရ လုပ်ငန်းများက နှစ်ဘက်ကိုယ်စား ရောင်းချပြီး ထိုသို့ရောင်းချခြင်းမှ ရရှိလာသည်ကို ငွေသားအနေဖြင့် ရှယ်ယာအချိုးအစားနှင့်အညီ လွှဲပြောင်းပေးသည်။ ထုတ်လုပ်မှုအပေါ် နိုင်ငံတော်၏ဝေစုကို ထုတ်လုပ်မှုနှုန်းအပေါ် အခြေခံ၍ ထုထည်ဖြင့် တွက်ချက်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဓါတ်ငွေ့အခွန်များကို ရောင်းချခြင်းမှ ရရှိသော အမြတ်များကို PSCs နှင့်အညီ MOGE နှင့် ဖက်စပ်လုပ်ငန်းများက ငွေသားအနေဖြင့် ထားရှိကြသည်။ အစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုထည်ကို ကုန်စည်အနေဖြင့် ပေးချေမှုအဖြစ် တင်ပြထားသော်လည်း ရေနံနှင့်သဘာဝဓါတ်ငွေ့ အခွန်စီးဆင်းမှုဇယားတွင် DMO မှအပ MOGE ကောက်ခံသော အခွန်အားလုံးကို ကုန်စည်အနေဖြင့် ပေးချေသောစနစ်မဟုတ်ဘဲ ငွေသားအနေဖြင့် ကောက်ခံသည်(စာမျက်နှာ ၁၀၆)။

ကုန်စည်ဖြင့်ပေးချေသော အခွန်အားလုံးကို "ဖက်စပ်လုပ်ငန်းများ"က ရောင်းချကာ MOGE သို့ လွှဲပြောင်းပေးသည်ကိုပါ (စာမျက်နှာ ၁၆၆ တွင်) ဖော်ပြထားသော်လည်း MOGE သည် ရေနံတွင် ကုန်စည်ဖြင့်ပေးချေမှု တစ်စုံတစ်ရာ ရှိ၊ မရှိကို တိတိကျကျ မဖော်ပြထားပေ (စာမျက်နှာ ၁၆၈)။ ထို့ကြောင့် အစီရင်ခံစာတွင် နိုင်ငံပိုင်ထုတ်လုပ်မှုဝေစုများကို ရောင်းချခြင်းမှ မြန်မာကျပ်ငွေ ၁,၁၃၃,၆၂၄ မီလီယံ ရရှိမှုကို ဖော်ပြထားသည်။ MOGE က ရောင်းချသည်ဟု မယူဆဘဲ ဖက်စပ်လုပ်ငန်းများက ရောင်းချသည်ကို ရည်ရွယ်သည့် သဘောဖြစ်သည်။

ထပ်ပေါင်းပြောဆိုရလျှင် ပြည်တွင်းဈေးကွက်၏တာဝန်များ(DMOs)သည် လက်ရှိအခြေအနေပေါ် မူတည်နေသည်ကို သတိပြုသင့်သည်။ လုပ်ငန်းများ၏ DMO ပေးချေမှုများကို အစီရင်ခံစာတွင်ငွေသားဖြင့် ထုတ်ပြန်သည်။ ပြည်တွင်းအသုံးပြုမှုအတွက် ကုမ္ပဏီများက ကုန်စည်ဖြင့်ပေးချေမှုပုံစံဖြင့် ရောင်းချမှုတွင် သဘာဝဓါတ်ငွေ့အတွက် MOGE သို့ "ပေးချေမှု" မှာ ရှင်းလင်းမှုမရှိပါ။ ရောင်းချသည့် ပမာဏနှင့် ကုန်စည်ဖြင့်ပေးချေသော အခွန်များကို ရောင်းချရာမှရသော အမြတ်ငွေများကို အမျိုးအစားလိုက် ခွဲခြား ဖော်ပြထားသည်။(စာမျက်နှာ ၁၆၈)

ရေနံနှင့်သဘာဝဓါတ်ငွေ့အတွက် ကုန်စည်ဖြင့်ပေးချေမှုခြင်း မရှိသည့်သဘောဟု ယူဆသည်။ ထိုအတွက် အရည်အသွေးသတ်မှတ်ချက်မှာ အခြား ဝင်ငွေစီးဆင်းမှုများတွင် အသုံးပြုသည်နှင့် တူညီသည်။

**သတ္တုတူးဖော်မှု** - သတ္တုတူးဖော်မှုလုပ်ငန်း၏ အခွန်စီးဆင်းမှုပြကားချပ်သည် SOEs (စာမျက်နှာ ၁၀၇) မှစုဆောင်းပေးသော "ထုတ်လုပ်မှု ကွာဟချက်" မှလွဲ၍ ပေးချေမှုများအားလုံးကို ငွေသားဖြင့်သာ ပေးချေရကြောင်း ပြသနေသည်။ သတ္တုတူးဖော်မှု လုပ်ငန်းအပိုင်းတွင် (ထုတ်လုပ်မှု ကွာဟချက်နှင့် မြေရှင်ထံပေးရငွေဟူ၍) အခွန်ချင်းချေပမှုနှစ်မျိုးရှိပြီး အစီရင်ခံစာ (စာမျက်နှာ၁၂၂)တွင် ဖော်ပြထားသောအချက်နှင့် ကိုက်ညီမှု မရှိပေ။ အခြားသော တွင်းထွက်များအတွက် ကုန်စည်ဖြင့်ပေးချေမှုကို ချိန်ညှိပေးထားသည့် ဇယားကွက်တွင် ကုန်စည်ဖြင့် ပေးချေမှုပုံစံ နှစ်မျိုးကိုပါ ရေးဆွဲထားသည်။ သတ္တုတူးဖော်မှု လုပ်ငန်းများအတွက် အရည်အသွေးအပေါ် ဆွေးနွေးမှုကို ကုမ္ပဏီများအပေါ် အသုံးပြုသည်။ ဥပမာ - ခဲမဖြူ၊ အဖြိုက်နက် တန် ၁၇ သန်း ကုန်စည်ဖြင့်ပေးချေမှုကို ဓါတ်သတ္တုကုမ္ပဏီ သုံးသပ်မှု၌ ထည့်သွင်းခြင်း။ ME2 သို့ ရွှေတူးဖော်သူများက ကုန်စည်ဖြင့်ပေးချေမှု အထောက်အထားရှိသော်လည်း အစီရင်ခံစာတွင် ထိုကဲ့သို့ကုမ္ပဏီ အနည်းငယ်ကိုသာ ဖော်ပြထားသည်။(စာမျက်နှာ ၁၂၆)

**ကျောက်မျက်ရတနာများ -** ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်း၏အခွန်စီးဆင်းမှုသည် MGE မှ ကောက်ခံသော "ထုတ်လုပ်မှုအပေါ်ခွဲဝေမှု" ကုန်စည်ဖြင့်ပေးချေမှုများ၏ တစ်စိတ်တစ်ပိုင်းသာလျှင် ဖြစ်ကြောင်း ဖော်ပြထားသည် (စာမျက်နှာ ၁၀၇)။ ကျောက်မျက်အတွက် ကုန်စည်ဖြင့် ပေးဆောင်မှု၏ အရည်အသွေး သတ်မှတ်ချက်အပေါ် ဆွေးနွေးချက်မရှိပေ။

*<u>အခွန်ကောက်ယူရရှိသော ပမာဏများ-</u>*

**ရေနံနှင့် သဘာဝဓာတ်ငွေ့-** MEITI အစီရင်ခံစာ၏ (စာမျက်နှာ ၁၃၄ ရှိ) ဇယားကွက်မှ ကိန်းဂဏန်းများသည် ငွေအစား ပစ္စည်းပေးမှုများ၏ ငွေသားတန်ဖိုး သို့မဟုတ် ရောင်းကုန်၏ ပမာဏ မည်သည့်တစ်ခု ဖြစ်သည်ကို မရှင်းလင်းပေ။

**သတ္တုတွင်းလုပ်ငန်း-** ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ME1 နှင့် ME2 တို့သည် ငွေသားအစား ကုန်ပစ္စည်းပေးခြင်းကို မကောက်ယူခဲ့ဘဲ ထို့ကြောင့်ပင် ထိုနှစ်များအတွက် မည်သည့်ကုန်ပစ္စည်းကိုမျှ ရောင်းချခဲ့ခြင်းလည်း မရှိဟု အစီရင်ခံစာက ဖော်ပြသည် (စာမျက်နှာ ၁၆၉)။ ပေးအပ်သော ကုမ္ပဏီက ခွဲခြားခြင်းမပြုသော်လည်း ငွေသားအစား ကုန်ပစ္စည်းပေးခြင်းအားဖြင့် (စာမျက်နှာ ၁၆၊ ၁၆၇ တွင်) ကောက်ယူရရှိသော ဓာတ်သတ္တု ထုတ်လုပ်ခြင်း ငါးခုမှ[82] တစ်ခုစီက ခွဲခြားထားကာ SOEs (ME2)က ကောက်ခံရရှိသော ငွေသားအစား ကုန်ပစ္စည်းအခွန်များ ပမာဏများနှင့် တန်ဖိုးများကို အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာက ဓာတ်သတ္တုထုတ်လုပ်ခြင်း သုံးခုအတွက်သာ[83] (စာမျက်နှာ ၂၃၊ ၁၄၇) ငွေသားအစား ကုန်ပစ္စည်းအခွန်၏ ညှိနှိုင်းမှုကို အခွန်စီးဆင်းမှုဖြင့် ခွဲခြား၍ ဖော်ပြထားသော်လည်း ပေးဆောင်သည့် ကုမ္ပဏီကမူ ခွဲခြားဖော်ပြခြင်းမရှိပေ။ သီးခြားဇယားကွတ်တစ်ခုက ကုမ္ပဏီက ငွေသား အစားထိုး ဓာတ်သတ္တုကုန်ပစ္စည်းအခွန်များ၏ ညှိနှိုင်းခြင်းကို ပြသသော်လည်း (စာမျက်နှာ ၁၄၈) ၎င်းတို့ကို အခွန်စီးဆင်းမှုက ခွဲခြား မဖော်ပြထားပေ။ သို့သော်လည်း ကုမ္ပဏီတစ်ခုစီ၏ ငွေသားအစား

[82] သံဖြူ၊ အဖြိုက်နက်၊ သံဖြူ/အဖြိုက်နက်အရော၊ သံဖြူ/အဖြိုက်နက်/ Scheelite အရောနှင့် ရွှေ
[83] ရွှေ၊ သံဖြူနှင့် ကြေးနီ

78



ကုန်ပစ္စည်းအခွန်ပေးဆောင်မှုနှင့် ပတ်သက်သော အချက်အလက်တို့ကို နောက်ဆက်တွဲ ၁၈ ရှိ သီးခြား အစီရင်ခံ ပုံစံများတွင် တွေ့နိုင်သည်။

**ကျောက်မျက်များ**-၂၀၁၅-၁၆ ခုနှစ်တို့တွင် MGE သည် ငွေသားအစား ကုန်ပစ္စည်းအခွန်အားဖြင့် ကျောက်စိမ်း ၄,၉၀၃ ဂရမ်ကို ကောက်ခံရရှိသော်လည်း (စာမျက်နှာ ၁၅၊ ၁၆၇) ၎င်းတို့ကို မရောင်းချဘဲ ပြတိုက်တွင် သိမ်းဆည်းထားသည်ဟု (စာမျက်နှာ ၁၅) အစီရင်ခံစာက အတည်ပြုသည်။ အစီရင်ခံစာ၏ (စာမျက်နှာ ၁၄၀ ရှိ) ဇယားကွက်တစ်ခုက ကုမ္ပဏီနှင့် MGE တို့၏ ငွေသားအစား ကုန်ပစ္စည်း အခွန်ပေးခြင်းအပေါ် ဖွင့်ချမှုများကို အကျဉ်းချုပ် ပြုလုပ်ထားသည်။ အစိုးရထံ ငွေသားအစား ကုန်ပစ္စည်းအခွန်ပေးသည့် ကုမ္ပဏီနှစ်ခုသည် ဝေအောင်ကမ္ဘာကျောက်မျက်ကုမ္ပဏီလီမိတက်နှင့် လင်းလက်ဝင်ရတနာကျောက်မျက်တို့ ဖြစ်ကြသည်။ MGE အရ ငွေသားအစား ကုန်ပစ္စည်းအခွန် ကောက်ယူရရှိခြင်း၏ ညီမျှသည့်တန်ဖိုးသည် မြန်မာကျပ်ငွေ ၁,၅၅၈.၆၂ မီလီယံ (အမေရိကန်ဒေါ်လာ ၁.၃ မီလီယံ)နှင့် ညီမျှသည်ဟု အစီရင်ခံစာက ဖော်ပြသည်။ (စာမျက်နှာ ၁၆၈)

*ရောင်းချသော ပမာဏများနှင့် ရောင်းချမှုတိုးတက်ခြင်း-*

**ရေနံနှင့် ဓာတ်ငွေ့**.- MOGEသည် ကမ်းလွန်လုပ်ကွက်များမှ[84] ထုတ်လုပ်ခြင်း၏ အစိုးရဝေစုကို ရောင်းချခြင်းဖြင့် မြန်မာကျပ်ငွေ ၁,၁၃၃,၆၂၄ မီလီယံ (အမေရိကန်ဒေါ်လာ ၉၂၆ မီလီယံ) ပမာဏရှိသော အခွန်ငွေကို ကောက်ယူရရှိသည်ဟု အစီရင်ခံစာက ဖော်ပြသည် (စာမျက်နှာ ၁၆၈)။ အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၈ သည် ကုမ္ပဏီတစ်ခုစီ၏ ငွေသားအစား ကုန်ပစ္စည်းအခွန်ပေးခြင်း ပမာဏကိုသာ ဖွင့်ပြသော်လည်း MEITI အစီရင်ခံစာတွင် ရောင်းချမှု ကိန်းဂဏန်းများကိုမူ မဖော်ပြပေ။

**သတ္တုတွင်းလုပ်ငန်း**- SOEsက ကောက်ယူရရှိသော ငွေသားအစား ဓာတ်သတ္တုပစ္စည်းဖြင့် ပေးအပ်သော အခွန်များသည် မြန်မာကျပ်ငွေ ၂၃,၅၆၇.၇၆ မီလီယံ (အမေရိကန်ဒေါ်လာ ၁၉ မီလီယံ) (စာမျက်နှာ ၁၆) တန်ဖိုးရှိသော်လည်း ထိုဓာတ်သတ္တုပစ္စည်းများကို ရောင်းချခြင်းမှ အခွန်ငွေသည် မြန်မာကျပ်ငွေ ၃၅,၇၆၈ မီလီယံ (အမေရိကန်ဒေါ်လာ ၂၉ မီလီယံ) ဖြစ်သည်ဟု အစီရင်ခံစာက ဆိုသည်။ တစ်ချိန်တည်းတွင် ME1 နှင့် ME2 တို့သည် ၂၀၁၅-၂၀၁၆ ခုနှစ်တို့တွင် ငွေသားအစား ကုန်ပစ္စည်းအခွန်ပေးခြင်းကို ကောက်ယူခဲ့ခြင်းမရှိဘဲ ထိုနှစ်များအတွက် မည်သည့်ကုန်ပစ္စည်းမျှ ရောင်းချခဲ့ခြင်းမရှိဟု အစီရင်ခံစာက ဖော်ပြသည်။ (စာမျက်နှာ ၁၆၉)

ME2 က ရောင်းချခဲ့သော ငွေသားအစား ဓာတ်သတ္တုပစ္စည်းဖြင့် ပေးအပ်သော အခွန်များ၏ ပမာဏများနှင့် ထိုပစ္စည်းများ ရောင်းချခြင်း၏ တိုးတက်လာမှုကို ကုန်ပစ္စည်းအားဖြင့် (စာမျက်နှာ ၁၆၈)နှင့် ဝယ်ယူသူအားဖြင့် (စာမျက်နှာ ၁၆၉) စုပေါင်း၍ ဖော်ပြပေးထားသည်။ ငွေသားအစား အခွန်အဖြစ် လက်ခံရရှိသော ရွှေ၊ သံဖြူ၊ ကြေးနီနှင့် ထုံးကျောက်တို့ကို သတ္တုတွင်း SOEများ (ME2)က လက်ခံရရှိသည့် ပမာဏများဖြင့် ဖွင့်ချဖော်ပြခဲ့သည်။ (စာမျက်နှာ ၁၄၈-၁၄၉)

**ကျောက်မျက်များ**- MGE၏ အစီရင်ခံ ပုံစံများက ဖက်စပ်လုပ်ငန်းများ ၎င်း၏ ဝေစုများကို (ကာလပေါက်ဈေးဖြင့်) ရောင်းချခြင်းမှ မြန်မာကျပ်ငွေ ၇၄,၉၁၉ မီလီယံ (အမေရိကန်ဒေါ်လာ ၆၁ မီလီယံ) ပမာဏကို အခွန်ကောက်ယူရရှိခဲ့သည်ဟု ဖော်ပြသည်။ MGE သည် ၎င်း၏ ငွေသားအစား အခွန်ပေးသည့် ကုန်ပစ္စည်းဝေစုကို မရောင်းချဘဲ ထိုအစား ကျောက်မျက်ပြတိုက်တွင် သိမ်းထားသည်ဟု အစီရင်ခံစာက ရှင်းပြသည်။

*ကွာဟချက်များ*

**ရေနံနှင့် သဘာဝဓာတ်ငွေ့**.-ပြန်တွက်ချက်၍မရသော ကွာဟချက်စုစုပေါင်းမှာ ကုဗပေပေါင်း ၁၁၆,၃၅၁ မီလီယံဖြစ်ပြီး အစိုးရက အစီရင်ခံသော ငွေသားမဟုတ်သော ပေးချေမှုစုစုပေါင်း၏ ၁၉% ဖြစ်သည်။

**သတ္တုတူးဖော်ခြင်း** - သတ္တုတူးဖော်ခြင်းတွင် MEITI အစီရင်ခံစာ (စာမျက်နှာ ၁၄၇) တွင် နောက်ဆုံးကွာဟချက်များကို ဖော်ပြထားပြီး ကုမ္ပဏီများနှင့် ME2 မှ အစီရင်ခံစာများအကြား ထုတ်လုပ်မှုကွာဟချက်မှာ ရွှေ ၃၇၄ ထရွိုင်အောင်စ၊ ကြေးနီ ၁၈၈၇ မက်ထရစ်တန်နှင့် ထုံးကျောက် ၂၆၉,၂၂၆ မက်ထရစ်တန်ဖြစ်သည်။

**ကျောက်မျက်** - ကျောက်မျက်ကဏ္ဍ၏ ပြန်တွက်ချက်၍မရသော ကွာဟချက်စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၉,၇၃၃,၀၁၉, ၄၆၂ (အမေရိကန်ဒေါ်လာ ၇.၉၅ မီလီယံ) ဖြစ်သည်။ ထုထည်ပမာဏကွာဟချက်အတွက် သက်ဆိုင်ရာ ကိန်းဂဏန်းကို အစီရင်ခံစာတွင် ရှင်းလင်းစွာ ဖော်ပြခြင်းမရှိပေ။

[84] ရွှေရေနံနှင့် MPRL

*အမျိုးအစားခွဲခြားခြင်း*

ငွေသားဖြင့်မဟုတ်သော ပေးချေမှုများကို အစီရင်ခံစာတွင် အမျိုးအစားအလိုက် ကုမ္ပဏီအလိုက် ခွဲခြားထားသည် (နောက်ဆက်တွဲ ၁၈)။
ပုလဲကဏ္ဍ အတွက် အစီရင်ခံစာတွင် MPE (စာမျက်နှာ ၁၆၇) မှ ငွေသားဖြင့်မဟုတ်သည့် စုဆောင်းရရှိသော ပုလဲနှင့် ခရုခွံများ၏ ထုထည်များကို ဖော်ပြထားသည်။ MPE အနေဖြင့် ထိုငွေသားဖြင့်မဟုတ်သော ဝင်ငွေဖြစ်သည့် ပုလဲနှင့် ခရုခွံများကို မည်သို့စီမံသည်ကို အစီရင်ခံစာတွင် ရှင်းလင်းစွာ ဖော်ပြခြင်းမရှိပေ။

## မိတ်ဖက်အဖွဲ့များ၏ အမြင်များ

**ရေနံနှင့် သဘာဝဓာတ်ငွေ့** - MEITI အစီရင်ခံစာ (စာမျက်နှာ ၁၃၄) တွင် ပါရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် ငွေသားမဟုတ်သော ပေးချေမှုများ၏ စာရင်းနှင့် ထိုငွေသားမဟုတ်သော ပေးချေမှုများကို ကုမ္ပဏီများထံမှ လက်ခံရရှိခဲ့သည်ဟူသောအချက်ကို SOE ကိုယ်စားလှယ်များက အတည်ပြုခဲ့ကြသည်။ သို့သော် ကမ်းဝေးပရောဂျက်များအားလုံးသည် ငွေသားဖြင့်ပေးချေခဲ့ပြီးဖြစ်သဖြင့် MOGE အနေဖြင့် ထိုငွေသားမဟုတ်သော ပေးချေမှုများကို IPR နှင့် PCC စာချုပ်တို့ဖြင့် အသီးသီးလုပ်ဆောင်နေကြသော Goldpetrol နှင့် MPRL မှ ကုန်းပေါ်ပရောဂျက်များထံမှ ရေနံအရိုင်းနှင့် သဘာဝဓာတ်ငွေ့ပုံစံဖြင့် ရရှိခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ကြသည်။ EITI အစီရင်ခံစာ (စာမျက်နှာ ၁၆၈) တွင် ပါရှိသော ဖော်ပြချက်ဖြစ်သည့် JV ပါတနာများအားလုံးသည် သဘာဝဓာတ်ငွေ့ကို ရောင်းချကြပြီး MOGE ၏ ဝင်ငွေခွဲတမ်းကို ငွေသားဖြင့် ပေးချေသည်ဟူသောအချက်ကို ချေပခဲ့ကြသည်။ (စာမျက်နှာ ၁၆၈) တွင် ပါရှိသော ကိန်းဂဏန်းများ ၎င်းတို့အနေဖြင့် ကုန်းပေါ်ပရောဂျက်များထံမှ ငွေသားမဟုတ်သော ပေးချေမှုဖြင့်ရရှိသည့် ဝင်ငွေများဖြစ်ကြောင်း ရှင်းပြခဲ့ကြသည်။

အခြားတစ်ဘက်တွင် ကုမ္ပဏီများသည် ငွေသားမဟုတ်သော ပေးချေမှုများ မပြုလုပ်ခဲ့ကြကြောင်း ပြောဆိုခဲ့ကြပြီး အစီရင်ခံစာ (စာမျက်နှား ၁၆၈) ရှိ ဖော်ပြချက်ဖြစ်သည့် ပါတနာများသည် ရေရှည် သဘာဝဓာတ်ငွေ့ရောင်းချရေးစာချုပ်များနှင့်အညီ သဘာဝဓာတ်ငွေ့အားလုံးကို ရောင်းချကြပြီး ရရှိသော ဝင်ငွေများကို MOGE နှင့် အခြားပါတနာများကို PSC ၏ သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ပေးချေခဲ့သည်ဟူသော အချက်ကို ထောက်ခံခဲ့ကြသည်။ ရေနံကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက PSC သတ်မှတ်ချက်များသည် ကမ်းဝေးပရောဂျက်နှင့် ကုန်းပေါ်ပရောဂျက် ကွဲပြားခြားနားမှုရှိနိုင်ကြောင်း ပြောကြားခဲ့သည်။ ယေဘုယျအားဖြင့် ကမ်းဝေးပရောဂျက်များတွင် ငွေသားဖြင့်မဟုတ်သော ပေးချေမှုမရှိကြောင်းနှင့် ကုမ္ပဏီအနေဖြင့် ပြည်ပသို့ တင်ပို့ရောင်းချမှုရှိသောအခါမှသာ MOGE သည် ၎င်း၏ အမြတ်ရှယ်ယာကို ပြည်တွင်းဈေးကွက်ဆိုင်ရာတာဝန်အနေဖြင့် ယူခြင်းသာရှိကြောင်း ပြောပြခဲ့သည်။ နိုင်ငံတော်အတွင်းရေးမှူးအနေဖြင့် MOGE နှင့် TOTAL တို့နှင့် ပြုလုပ်သော အစည်းအဝေးကို အခြေခံ၍ ပြည်တွင်းဈေးကွက်ဆိုင်ရာ တာဝန်(DMO) ကို MOGE ၏ ဝင်ငွေတစ်စိတ်တစ်ပိုင်းအဖြစ် ပေးချေမှုကို ကောက်ယူကြောင်း ပါရှိသည့် ရှင်းပြချက်စာတမ်းတစ်ခုကို အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးသို့ ပို့ပေးခဲ့သည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် MOGE ကြားတွင် ငွေသားမဟုတ်သော ပေးချေမှု သို့မဟုတ် ကုန်ပစ္စည်းများကို ရွှေ့ပြောင်းပေးအပ်မှု လုံးဝမရှိကြောင်း ၎င်းက ရှင်းပြထားသည်။ ပေးချေမှုများအားလုံးကို ငွေသားဖြင့် ပြုလုပ်ပြီး MOGE ၏ ထုတ်လုပ်မှုခံစားပိုင်ခွင့်၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် ပြည်တွင်းဈေးကွက်ဆိုင်ရာတာဝန်ပုံစံဖြင့် ပေးချေခြင်းဖြစ်သည်။ MOGE အနေဖြင့် ၎င်းတို့၏ ထုတ်လုပ်မှုခံစားပိုင်ခွင့်ကို PCS များတွင် ဖော်ပြထားသော အချက်အပေါ်အခြေခံ၍ ပေးချေမှုအဖြစ် လက်ခံကြောင်းပြောကြားသောအခါ ရှုပ်ထွေးမှုပေါ်ပေါက်လာကြောင်း ၎င်းက ပြောကြားခဲ့သည်။ PCS များတွင် MOGE ၏ ထုတ်လုပ်မှုခံစားပိုင်ခွင့်များကို ကုန်ပစ္စည်းပမာဏများဖြင့် ဖော်ပြထားသည်မှာ မှန်ကန်နေသော်လည်း ထိုပမာဏများကို MOGE ၏ ရှယ်ယာကို တွက်ချက်ရာတွင်သာ သုံးရန်ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး ထိုကုန်ပစ္စည်းများကို MOGE ထံသို့ ပေးချေမှုအဖြစ် ရွှေ့ပြောင်းခြင်းမရှိခဲ့ပေ။ ပုဂ္ဂလိက ကုမ္ပဏီများသည် MOGE ကိုယ်စားရောင်းချပေးကြပြီး ရရှိငွေများကို ကောက်ယူကာ MOGE ကို ငွေသားဖြင့် ပေးချေခဲ့ကြသည်။ IA အရ ထိုသို့သော စီမံမှုကို ပြည်တွင်းဈေးကွက်ဆိုင်ရာတာဝန်ကို ပေးဆောင်ရာတွင်လည်း အလားတူလုပ်ဆောင်ပြီး ပုဂ္ဂလိက ကုမ္ပဏီများသည် ကုန်ပစ္စည်းများကို ပြည်သူလူထုသို့ လျှော့ဈေးဖြင့်ရောင်းချကြောင်း သိရသည်။ သို့သော် MOGE က ထိုအချက်ကို ချေပထားပြီး OGPD ကလည်း MOGE သည် ကုမ္ပဏီမှ ပြည်တွင်းဈေးကွက်ဆိုင်ရာတာဝန်နှင့်ညီမျှသော ကုန်ပစ္စည်းကို ဝယ်ယူပြီး ဈေးကွက်အတွင်းရှိ ပြည်တွင်း နိုင်ငံပိုင် ကုမ္ပဏီများသို့ရောင်းချသည်ဟု ဆိုသည်။

EITIအစီရင်ခံစာတွင် တွက်ချက်ညီမျှသော ငွေသားဖြင့်မဟုတ်သော ပေးချေမှုများ၏ စာရင်းဇယားအရ IA က ရှင်းပြသည်မှာ ရေနံကို စည်အလိုက် ပေးချေမှုများကို စာရင်းကိုက်ညီစေရန်အတွက် တွက်ချက်ထားခြင်းသာဖြစ်ပြီး ကုမ္ပဏီများနှင့် MOGE ကို ကုန်ပစ္စည်းများ၏ ပမာဏကို MOGE ၏ ခံစားပိုင်ခွင့်အတွက် အခြေခံ၍ အသုံးပြုပြီးစာရင်းလုပ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သော်လည်း ထိုကုန်ပစ္စည်းပမာဏကို MOGE သို့ တိုက်ရိုက်ပေးခဲ့ခြင်းဟု မဆိုလိုပေ။

အရပ်ဖက်အဖွဲ့အစည်းမှ ပြောသည်မှာ အစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် တိုက်ရိုက်ပေးချေမှုကို ရရှိသော်လည်း အစိုးရအနေဖြင့် ထို အချက်အလက်များကို ဖွင့်ချပြရန် တွန့်ဆုတ်နေသဖြင့် ထိုဖြစ်စဉ်ကို စေ့စပ်စွာ ကြည့်ရှုစစ်ဆေးရန်မှာ ခက်ခဲသည်။

80



**ကျောက်မျက်များ** - SOE ကိုယ်စားလှယ်တစ်ဦးက ရှင်းပြသည်မှာ MEITI အစီရင်ခံစာ (စာမျက်နှာ ၁၁၀) ရှိ ပုံတွင် တူးဖော်ခွင့်များကို ငွေသားဖြင့်မဟုတ်ဘဲ ပေးချေခဲ့ကြောင်း ပြောကြားချက်များသည် မှားနေသည်ဟု ရှင်းပြသည်။ ကျောက်မျက်ကဏ္ဍတွင် ငွေသားဖြင့်မဟုတ်သော ပေးချေမှုများသည် ကုမ္ပဏီများက MGE သို့ တိုက်ရိုက်ပို့ဆောင်ပေးရသော ထုတ်လုပ်မှုရှယ်ယာကို ကိုယ်စားပြုကြောင်း ၎င်းတို့က ရှင်းပြသည်။ ထိုအချက်ကို ထပ်မံရှင်းပြသည်မှာ ကျောက်မျက်ကဏ္ဍတွင် ရောင်းရငွေဝေစုနှင့် ထုတ်လုပ်မှုဝေစုဟူ၍ ဝင်ငွေပုံစံ နှစ်မျိုးရှိသည်ဟု သိရသည်။

SOE ကိုယ်စားလှယ်တစ်ဦးက ရှင်းပြသည်မှာ MGE သည် တူးဖော်ခွင့်၏ ၂၀% (ငွေသားဖြင့်) ကို ကုမ္ပဏီများ သို့မဟုတ် ဖက်စပ်လုပ်ငန်းများ (JV) မှ အဆင့်အားလုံးတွင် ကောက်ယူသည်ဟု ဆိုသည်။ ထို့နောက် ကျောက်မျက်နှင့်ကျောက်စိမ်းအတွက် ရပိုင်ခွင့်ကို ကျောက်မျက်ပြပွဲရောင်းချမှုတွင် ခွဲတမ်းရယူသည်။ ထိုအဆင့်တွင် အထူးကုန်သွယ်ခွန်ကို IRD ကို ပေးရပြီး ကျောက်မျက်ပြပွဲအခကြေးငွေကို MGE ကို ပေးရသည်။ ကျောက်မျက်ပြပွဲရောင်းချမှုမှ ရရှိသော ဝင်ငွေများကို ကုမ္ပဏီ (၇၅%) နှင့် MGE (၂၅%) ဟူ၍ ခွဲဝေသည်။ ရောင်းရငွေခွဲဝေမှုကိုလည်း ထိုကဲ့သို့ပင် ပြုလုပ်သည်။ တစ်ချိန်တည်းမှာပင် တူးဖော်ခွင့်ရငွေကို ကောက်ယူပြီးနောက် ထုတ်လုပ်မှုရပိုင်ခွင့်ကို နိုင်ငံတော်နှင့် ကုမ္ပဏီများအကြား ညီမျှစွာ ခွဲဝေယူကြသည်။ ထုတ်လုပ်မှုရပိုင်ခွင့်ခွဲဝေမှုကို ထိုသို့ပြုလုပ်သည်။ ထို ၅၀-၅၀ ထုတ်လုပ်မှုရပိုင်ခွင့်ခွဲဝေမှုသည် ရရှိသော ကျောက်မျက်က ရှားပါးသော သို့မဟုတ် အရည်အသွေးမြင့်သောအခါများတွင်သာ ဖြစ်ပြီး ထိုအချက်သည် MGE ၏ အကဲဖြတ်မှုကို အခြေခံသည်။ MGE သည် ထုတ်လုပ်မှု ရပိုင်ခွင့်ခွဲတမ်းမှ ရှယ်ယာများကို မရောင်းဘဲ ကျောက်မျက်ပြတိုက်တွင်သာ သိမ်းဆည်းထားသည်ဟု ဆိုသည်။ MEITI အစီရင်ခံစာတွင် ဖော်ပြချက် ဖြစ်သည့် MGE သည် (ထုတ်လုပ်မှုရပိုင်ခွင့်ခွဲတမ်းမှ ရှယ်ယာများ၏ တစ်စိတ်တစ်ပိုင်းအဖြစ်) ငွေသားမဟုတ်သော ၄,၉၀၃ ကီလိုဂရမ်ကို ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများထံမှ ကောက်ယူရရှိထားပြီး မရောင်းချဘဲ ကျောက်မျက်ပြတိုက်တွင် သိမ်းဆည်းထားသည်ဟု အတည်ပြုထားသည် (စာမျက်နှာ ၁၄)။ ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်တစ်ဦးက ထိုအချက်ကို အတည်ပြုပြီး ထိုတန်ဖိုးရှိကျောက်မျက်များကို နိုင်ငံခေါင်းဆောင်များထံ သို့ လက်ဆောင်အဖြစ်လည်း ပေးရကြောင်း ထပ်မံပြောကြားသည်။

**သတ္တုတူးဖော်ခြင်း** - သတ္တုတူးဖော်ခြင်းကဏ္ဍတွင် အစိုးရကိုယ်စားလှယ်တစ်ဦးက ရှင်းပြသည်မှာ နိုင်ငံတော်အနေဖြင့် တူးဖော်ခွင့်အတွက် ပေးရငွေနှင့် ထုတ်လုပ်မှုရှယ်ယာကို ရရှိပြီး စီစဉ်တွက်ချက်မှုကို ကုန်ပစ္စည်းပေါ်တွင် အခြေခံ၍ ပြုလုပ်သည်။ ရွှေနှင့် သံဖြူအတွက် ME2 သည် ထုတ်လုပ်မှုဝေစုနှင့် တူးဖော်ခွင့်အတွက် ပေးရငွေ နှစ်မျိုးလုံးကို ကောက်ယူပြီး တူးဖော်ခွင့်အတွက် ပေးရငွေကို DOM သို့ ငွေသားဖြင့် လွှဲပြောင်းပေးအပ်သည်။ ရွှေတူးဖော်ခွင့်အတွက် ပေးရငွေသည် ထုတ်လုပ်မှု၏၅% ဖြစ်ပြီး သံဖြူအတွက်မူ ထုတ်လုပ်မှု၏ ၄% ဖြစ်သည်။ သယံဇာတကို သိမ်းဆည်းထားရန် နိုင်ငံ၏ လိုအပ်ချက်ကြောင့် ကြေးနီနှင့် နီကယ်တွင် ထိုစီစဉ်တွက်ချက်မှုသည် ကွာခြားသည်။ ထိုကုန်ပစ္စည်းနှစ်ခုအတွက် DOM သည် တူးဖော်ခွင့်အတွက် ပေးရငွေအဖြစ် ၄% ရှယ်ယာကို တိုက်ရိုက်ကောက်ခံသည်။ ME1 သည် ထုတ်လုပ်မှုဝေစုကိုသာ ကောက်ခံပြီး ရာခိုင်နှုန်းကို ဈေးနှုန်းပေါ်တွင် မူတည်တွက်ချက်သည်။

အစီရင်ခံစာမှ ပါရှိသည့် SOE (ME2) မှ ကောက်ခံရရှိသော ငွေသားဖြင့်မဟုတ်သော ဝင်ငွေများ၏ ပမာဏများနှင့် တန်ဖိုးများကို ဓာတ်သတ္တုကုန်ပစ္စည်း ငါးခုထဲမှ တစ်ခုချင်းစီအလိုက် ခွဲခြားထားသော်လည်း (စာမျက်နှာ ၁၆ နှင့် ၁၆၇) ဓာတ်သတ္တုသုံးမျိုး (စာမျက်နှာ ၂၃ နှင့် ၁၄၇) သာ စာရင်းကိုက်ညီသည်ကို SOE ကိုယ်စားလှယ်များက ရှင်းပြကြသည်မှာ လက်တွေ့တွင် ရွှေ၊ သံဖြူနှင့် ကြေးနီ သုံးမျိုးကိုသာ တိုက်ရိုက်ကောက်ခံခြင်းဖြစ်သည်ဟု ဆိုသည်။ Scheelite နှင့် အဖြိုက်နက် သည် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် ရရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်ကြပြီး ဥပမာအားဖြင့် ခဲမဖြူကို သံဖြူနှင့် အဖြိုက်နက်တွင်လည်း တွေ့ရှိနိုင်သည်။[85] အစိုးရမှ ကုန်ပစ္စည်းများကို ရောနှောသည်ဟုဆိုကာ ကုမ္ပဏီများကမူ ရောနှောပါဝင်ခြင်းမရှိပါဟုဆိုသောကြောင့် ကုမ္ပဏီများနှင့် အစိုးရတို့တွင် ကွဲပြားခြားနားသော မှတ်တမ်းတင်စနစ် ရှိနေသဖြင့် ထိုရောနှောနေသော သတ္တုများကို စာရင်းကိုက်ခြင်းမရှိပေ။ ထုံးကျောက်ကို တိုက်ရိုက်ကောက်ခံခြင်းမရှိကြောင်းနှင့် MEITI အစီရင်ခံစာတွင် (စာမျက်နှာ ၂၃) မထည့်သွင်းသင့်ကြောင်း ထောက်ပြကြသည်။ ထို့အပြင် DOM သည် ကြေးနီကို တိုက်ရိုက်ကောက်ခံခြင်းနှင့် ပတ်သက်သော အချက်အလက်များကို ပံ့ပိုးပေးပြီး ထိုအချက်အလက်များကို MEITI ဝက်ဘ်ဆိုဒ်တွင် တင်ပြထားသည်။[86]

## ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူး၏ အစကနဦးအကဲဖြတ်မှုအရ မြန်မာနိုင်ငံသည် သတ်မှတ်ချက်ကို ပြည့်မီသော အဓိပ္ပာယ်ပြည့်ဝသည့်

---

[85] တစ်ခါတရံရောစပ်မှုမှာသံဖြူနှင့် အဖြိုက်နက်၊ သို့မဟုတ် သံဖြူနှင့် scheelite၊ သို့မဟုတ် သံဖြူ၊ အဖြိုက်နက်နှင့် scheelite

[86] ကြေးနီကိုငွေသားဖြင့်မဟုတ်သောကောက်ခံမှုများမှ DOM အချက်အလက်ကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

81



တိုးတက်မှုကို ဆောင်ရွက်နေပြီဖြစ်သည်။ ငွေသားဖြင့်မဟုတ်သော ပေးချေမှုများ၏ ကုန်ပစ္စည်းကို အမျိုးအစားခွဲခြား၍ အကဲဖြတ်ခြင်းမရှိသေးပေ။ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ အတွက်လည်း EITI အစီရင်ခံစာနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အမြင်များတွင်လည်း အငြင်းပွားဖွယ်ရာ ရှင်းပြချက်များရှိနေသဖြင့် ငွေသားဖြင့် မဟုတ်သော ပေးချေမှုများရှိမရှိဟူသောအချက်မှာ မရှင်းလင်းပေ။ အစီရင်ခံစာအရ သတ်မှတ်ချက် ၄-၂ သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အကျုံးမဝင်ပုံပေါ်ပြီး SOE နှင့် လုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့ဝင်များက ငွေသားဖြင့်မဟုတ်သော ပေးချေမှုကို ဆက်လက်တည်ရှိအောင် ထိန်းသိမ်း ထားကြသည်။ ထို့ပြင် MOGE သည် ကမ်းဝေးလုပ်ငန်းများမှ နိုင်ငံပိုင် ထုတ်လုပ်မှုရှယ်ယာ ရောင်းချမှုဝင်ငွေများကို ကောက်ခံသော်လည်း MEITI အစီရင်ခံစာတွင် ထိုအရောင်းငွေကိန်းဂဏန်းများနှင့် သက်ဆိုင်သော ပမာဏများမပါရှိကြောင်း အစီရင်ခံစာမှ ဖော်ပြထားသည်။ သို့သော် PSC စည်းကမ်းချက်နှင့်အညီ MOGE ၏ ငွေသားဖြင့်မဟုတ်သော ရှယ်ယာများနှင့်သက်ဆိုင်သည့် ကိန်းဂဏန်းများ၏ အချက်အလက်ကို လုံလောက်သော ဖွင့်ချမှုရှိသည်ဟု အသိအမှတ်ပြုသင့်သည်။ ထိုအချက်ကိုကြည့်လျှင် သတ်မှတ်ချက်များ၏ သိသာထင်ရှားသော အချက်များကို ပြည့်မီပြီး အနှစ်ချုပ် ဦးတည်ချက်ကိုလည်း ပြည့်မီလာတော့မည်ဖြစ်ကြောင်း အတွင်းရေးမှူးရုံးအနေဖြင့် သိရှိနိုင်သည်။ သတ္တုတူးဖော်ခြင်းနှင့် ကျောက်မျက်ကဏ္ဍတွင် ငွေသားဖြင့် မဟုတ်သော ပေးချေမှုများကို ပေးချေသောကုမ္ပဏီအလိုက် ခွဲခြားသော်လည်း အစိုးရ၏ ရှယ်ယာများရောင်းချမှုတွင် ဝယ်ယူသော ကုမ္ပဏီများကိုမူ ဖွင့်ဟတင်ပြခြင်းမရှိပေ။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့်အလားတူ ငွေသားဖြင့်မဟုတ်သော ဝင်ငွေများ၏ ပမာဏနှင့် တန်ဖိုးများ ဆိုင်ရာ အချက်အလက်ကို ကုန်ပစ္စည်းဖြင့်သာ တင်ပြသည်။

သတ်မှတ်ချက် ၄-၂ အရ မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုတူးဖော်ရေး၊ ကျောက်မျက်နှင့် ကျောက်စိမ်းတို့တွင် ငွေသားဖြင့်မဟုတ်သော ပေးချေမှုများ၏ ကုန်ပစ္စည်းများကို အကဲဖြတ်စစ်ဆေးသင့်သည်။ နိုင်ငံတော် ရှယ်ယာရောင်းချမှုများကိုလည်း ရောင်းရသော ပမာဏနှင့် ရရှိသော ဝင်ငွေများနှင့်အတူ ဖော်ပြသင့်သည်။ နိုင်ငံတော် ရှယ်ယာရောင်းချမှုများတွင် ငွေသားဖြင့်မဟုတ်သော ပေးချေမှုများကို SOE သို့ ပေးချေသော ကုမ္ပဏီနှင့် ဝယ်ယူသောကုမ္ပဏီအလိုက် ခွဲခြားပြသသင့်သည်။ အကောင်အထည်ဖော်ခြင်းကို ခိုင်မာစေရန် အစိုးရအနေဖြင့် အစိုးရပလက်ဖောင်းများမှတဆင့် ငွေသားဖြင့်မဟုတ်သော ဝင်ငွေများတွင် အချက်အလက်များကို စနစ်တကျ တင်ပြရန် အားပေးတိုက်တွန်းရမည်။

### ဖလှယ်ခြင်းနှင့် အခြေခံအရောင်းအဝယ် (#၄-၃)

#### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

SOE နှင့် အစိုးရအေဂျင်စီများကို တွင်းထွက်သယံဇာတကဏ္ဍတွင် လုပ်ကိုင်နေသော ကုမ္ပဏီများနှင့် ပြုလုပ်သော အခြေခံအရောင်းအဝယ် သတ်မှတ်ချက်များနှင့် ဖလှယ်ခြင်းစီစဉ်တွက်ချက်မှုများကို တင်ပြရန် တောင်းဆိုထားသည်။ SOE နှင့် အစိုးရအေဂျင်စီများတင်ပြသော ကုန်ပစ္စည်းများသည် ဖလှယ်မှု သို့မဟုတ် အခြေခံအရောင်းအဝယ်များ မပါရှိပေ (စာမျက်နှာ ၁၇၃)။

#### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MSG မှ အစိုးရကိုယ်စားလှယ်များနှင့် ကုမ္ပဏီမှ ရှယ်ယာရှင်များက အစီရင်ခံစာတွင် ပါဝင်သည့် ကာလအတွင်း မြန်မာနိုင်ငံတွင် ဖလှယ်မှု သို့မဟုတ် အခြေခံရောင်းဝယ်မှုများ မရှိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ကြသည်။ အခြားမိတ်ဖက်အဖွဲ့ဝင်များကလည်း ၎င်းတို့၏ အမြင်များကို ဖော်ပြခြင်းမရှိပေ။

#### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ အစကနဦးအကဲဖြတ်မှုသည် ဤသတ်မှတ်ချက်ကို မြန်မာနိုင်ငံတွင် အကျုံးမဝင်ပေ။ မိတ်ဖက်အဖွဲ့ဝင်များသည် အစီရင်ခံစာတွင် ပါဝင်သည့်အတိုင်း မြန်မာနိုင်ငံတွင် ဖလှယ်မှု သို့မဟုတ် အခြေခံရောင်းဝယ်မှုများ မရှိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ကြသည်။

### သယ်ယူပို့ဆောင်ရေးဝင်ငွေ (#၄-၄)

#### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် အစီရင်ခံသည့် နယ်ပယ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီ ငါးခု ပါဝင်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးကဏ္ဍရှိ ကုမ္ပဏီအရေ အတွက်များအရ လုပ်ငန်းလုပ်ကိုင်သူများအားလုံးသည် ကုန်ပစ္စည်းကို

သုညကတည်းက ကနဦးစတင်မှုနှင့်အတူ စာရင်းကိုက်ညီရာတွင် ပါဝင်ခဲ့ကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေးစရိတ်နှင့် လမ်းကြေးများမှ အကျိုးအမြတ်မျှဝေခြင်းတို့ပါဝင်သည်။ အစီရင်ခံစာတွင် ကုမ္ပဏီများမှ အစိုးရအေဂျင်စီများထံသို့ သယ်ယူပို့ဆောင်ရေးမှ ပေးချေငွေစီးဆင်းမှုများကို ပြသသော ပုံကို ထည့်သွင်းထားသည် (စာမျက်နှာ ၁၀၇)။ ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးဝင်ငွေများကို အမျိုးအစားခွဲခြားမှုတွင် ဖော်ပြထားပြီး (စာမျက်နှာ ၉) စာရင်းကိုက်သော သယ်ယူပို့ဆောင်ရေး ပေးချေမှုများကို ကုမ္ပဏီနှင့် ဝင်ငွေလမ်းကြောင်းအလိုက် ခွဲခြားထားသည် (စာမျက်နှာ ၁၅၀၊၁၅၁)။ နောက်ဆုံးတွင် အစီရင်ခံစာ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုချင်းစီမှ သယ်ယူသော ကုန်ပစ္စည်းပမာဏများနှင့် အစီရင်ခံစာရေးထားသော ဘဏ္ဍာရေးနှစ်အတွင်း ရရှိသည့် ပျမ်းမျှအခွန်ဆိုင်ရာ အချက်အလက်များကိုလည်း ထည့်သွင်းထားသည် (စာမျက်နှာ ၁၆၈)။ လအလိုက် ခွဲခြားထားသော အချက်များကို နောက်ဆက်တွဲ ၁၃ တွင် တွေ့ရှိနိုင်သည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MEITE အစီရင်ခံစာ ခြုံငုံမိသော သယ်ယူပို့ဆောင်ရေးဝင်ငွေများ၏ ပမာဏအပေါ် မည်သည့် သီးခြားအမြင်ကိုမျှ မိတ်ဖက်အဖွဲ့ဝင်များက မဖော်ပြကြပေ။ ရေနံနှင့် ဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်နေသော ကုန်ကြမ်း ကုမ္ပဏီများနှင့် ဝင်ငွေလမ်းကြောင်းများအပါအဝင် အားလုံးကို အစီရင်ခံစာက ခြုံငုံမိကြောင်း လုပ်ငန်းကိုယ်စားလှယ်များနှင့် အစိုးရ ကိုယ်စားလှယ်များက အတည်ပြုခဲ့သည်။

### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ် တိုးတက်မှု ရှိနေသည်ဟု ဆိုသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ဝင်ငွေကို တင်ပြပြီး ကုမ္ပဏီနှင့် ဝင်ငွေစီးဆင်းမှုဖြင့် စာရင်းကိုက်ညီရမည်။

### SOE များနှင့် အစိုးရကြားမှ ရောင်းဝယ်မှုများ (#၄-၅)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

<u>*SOE များသို့ ကုမ္ပဏီမှ ပေးချေမှုများ*</u> - EITI အစီရင်ခံစာသည် SOE များအားလုံးကို ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍများမှ များပြားသော ဝင်ငွေများကို အစိုးရကိုယ်စား ကောက်ခံကြောင်း အတည်ပြုထားသည်။ SOE ရောင်းဝယ်မှုများအတွက် MSG သည် သီးသန့် ကုန်ပစ္စည်းသတ်မှတ်မှုကို ချမှတ်ခြင်းမရှိပေ။ အစီရင်ခံစာ၏ နယ်ပယ်အတွင်း ပုလဲကိုလည်း ထည့်သွင်းဆွေးနွေးမှုများလည်းရှိခဲ့ကြောင်း တွေ့ရပြီး MPE ကို ပေးချေမှုများကို အစီရင်ခံစာတွင် ဖွင့်ဟထားခြင်းမရှိပေ။

**ရေနံနှင့် သဘာဝဓာတ်ငွေ့** - အသေးစိတ်အစီရင်ခံတင်ပြသော ပုံစံပြားများ (နောက်ဆက်တွဲ ၁၈) အရ ပေးချေမှုများသည် SOE သို့ ပုဂ္ဂလိက ကုမ္ပဏီများမှ ပေးချေမှုများကို လုံလောက်စွာ မှတ်တမ်းတင်ခြင်းနှင့် စာရင်းကိုက်ခြင်းရှိကြောင်း သိရှိရသည်။ နောက်ဆက်တွဲ ၁၈ တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ၏ MOGE သို့ ပေးချေမှုများ၏ အသေးစိတ်စာရင်းများကို ဝင်ငွေလမ်းကြောင်း ၁၄ ခုဖြင့် စာရင်းကိုက်၍ ဖော်ပြထားသည်။ ကုမ္ပဏီများမှ MOGE သို့ ငွေသားဖြင့်မဟုတ်သော ပေးချေမှုများကို MEITI အစီရင်ခံစာ (စာမျက်နှာ ၁၃၄) တွင် ခွဲခြားပြသ၍ တင်ပြထားသည်။

**ကျောက်မျက်နှင့် ကျောက်စိမ်း** - နောက်ဆက်တွဲ ၁၈ တွင် ကုမ္ပဏီအလိုက် MGE သို့ ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီတို့မှ ထုတ်လုပ်မှု ခွဲတမ်းပေးချေမှုကို အသေးစိတ်စာရင်းကိုက်ထားသော စာရင်းပါရှိပြီး ပေးချေမှုလမ်းကြောင်းသည် စာရင်းကိုက်ညီကြောင်း တွေ့ရသည်။

**သတ္တုတူးဖော်ခြင်း -** နောက်ဆက်တွဲ ၁၈ တွင် DOM <u>နှင့်</u> ME1, ME2 နှင့် ME3 တို့ကြားမှ ပေးချေမှုလမ်းကြောင်း ရှစ်ခုကို ကုမ္ပဏီအလိုက် အသေးစိတ်စာရင်းကိုက်ထားသော စာရင်းပါရှိသော်လည်း SOE တစ်ခုချင်းစီမှ သီးသန့် ကောက်ခံထားသော ဝင်ငွေများကို ခွဲခြားပြထားခြင်းမရှိပေ။ သို့သော် (စာမျက်နှာ ၁၀၈) အစီရင်ခံစာ၏ သတ္တုတွင်း ဝင်ငွေစီးဆင်းမှုပြပုံကို အခြေခံ၍ ထုတ်လုပ်မှုခွဲတမ်း၊ လိုင်စင်လက်မှတ်နှင့် တူးဖော်ခွင့်အတွက် ရငွေတို့ကိုသာ SOE များကို ပေးရကြောင်း သိရှိနိုင်သည်။ ထို့ကြောင့် ME သုံးခုသို့ ကုမ္ပဏီပေးချေမှုများသည် စာရင်းကိုက်သည်။ SOE များ (နောက်ဆက်တွဲ ၈) ပါရှိသော ပေးချေမှုများနှင့် ဝင်ငွေများ၏ စာရင်းဇယားများတွင် အချို့သော သိသာထင်ရှားသည့် ကွာဟချက်များသည် စာရင်း ကိုက်ညီပြီး နားလည်စေနိုင်ခြင်းကို အခက်အခဲဖြစ်စေသည်။

**ပုလဲများ** - ပုလဲကုမ္ပဏီများမှ ပေးချေမှုများကို MPE ကောက်ခံရရှိခြင်းရှိမရှိ အစီရင်ခံစာတွင် ရှင်းလင်းမှုမရှိပေ။ MPE သို့ ပေးချေမှုများကို အစီရင်ခံစာတွင် တင်ပြထားခြင်းမရှိပေ။

83



*SOE မှ အစိုးရသို့ လွှဲပြောင်းမှုများ*

**ရေနံနှင့် သဘာဝဓာတ်ငွေ့** - MOPF နှင့် DOM သို့ MOGE ၏ လွှဲပြောင်းမှုများကို (စာမျက်နှာ ၂၇၊ ၁၅၂ ) တွင် စုစည်းပြီး SOE၊ ဝင်ငွေစီးဆင်းမှုနှင့် အစိုးရအဖွဲ့မှ အကျိုးခံစားမှုများဖြင့် ခွဲခြားကာ စာရင်းပြုစုထားသည် (စာမျက်နှာ ၂၃၈)။ အစီရင်ခံစာတွင် MOGE သည် အစိုးရထံ အကောက်ခွန်၊ CIT နှင့် နိုင်ငံတော်ရံပုံငွေကို ပေးဆောင်သည်ဟု ဖော်ပြထားသည်။ ပမာဏများကို နောက်ဆက်တွဲ ၈ တွင် စာရင်းဖြင့် ဖော်ပြထားသည်။

**ကျောက်မျက်နှင့် ကျောက်စိမ်း -** MOPF နှင့် DOM သို့ MGE ၏ လွှဲပြောင်းမှုများကို (စာမျက်နှာ ၂၇၊ ၁၅၂) တွင် စုစည်းပြီး SOE၊ ဝင်ငွေစီးဆင်းမှုနှင့် အစိုးရအဖွဲ့မှ အကျိုးခံစားမှုများဖြင့် ခွဲခြားကာ စာရင်းပြုစုထားသည် (စာမျက်နှာ ၂၃၈)။ ကျောက်မျက်ကဏ္ဍမှ SOE များသည် CIT နှင့် နိုင်ငံတော်ရံပုံငွေကို အစိုးရထံ ပေးချေသည်။ ပမာဏများကို နောက်ဆက်တွဲ ၈ တွင် စာရင်းဖြင့် ဖော်ပြထားသည်။

**သတ္တုတူးဖော်ရေး**- MOPF နှင့် DOM သို့ ME1၊ ME2 နှင့် ME3 ၏ လွှဲပြောင်းမှုများကို (စာမျက်နှာ ၂၇၊ ၁၅၂ ) တွင် စုစည်းပြီး SOE၊ ဝင်ငွေစီးဆင်းမှုနှင့် အစိုးရအဖွဲ့မှ အကျိုးခံစားမှုများဖြင့် ခွဲခြားကာ စာရင်းပြုစုထားသည် (စာမျက်နှာ ၂၄၀-၂၄၂)။ သတ္တုတူးဖော်ရေးကဏ္ဍမှ SOE များသည် CIT နှင့် နိုင်ငံတော်ရံပုံငွေ ကို အစိုးရထံ ပေးချေသည်။ ပမာဏများကို နောက်ဆက်တွဲ ၈ တွင် စာရင်းဖြင့် ဖော်ပြထားသည်။

**ပုလဲများ** - အစိုးရသို့ MPE ၏ ပေးချေမှုများသည် စာရင်းကိုက်ညီခြင်းမရှိသော်လည်း အစိုးရသို့ MPE ၏ လွှဲပြောင်းမှုများကို စုစည်းကာ (စာမျက်နှာ ၁၁) ဝင်ငွေလမ်းကြောင်း (စာမျက်နှာ ၇၈) ဖြင့် ခွဲခြားကာတင်ပြထားသည်။

*အစိုးရမှ SOE သို့ လွှဲပြောင်းမှုများ* - အစီရင်ခံစာတွင် အစိုးရမှ လုပ်ပေးခဲ့သော SOE သို့ လွှဲပြောင်းမှုများကို ဖော်ပြထားသည်။ MOGE နှင့် ပတ်သက်၍ အစီရင်ခံစာတွင် ၂၀၁၅ - ၂၀၁၆ ခုနှစ် (စာမျက်နှာ ၅၅) အတွင်း MOGE ကို ဘတ်ဂျက်လွှဲပြောင်းမှုမရှိကြောင်း အတည်ပြုထားသည်။ MGE နှင့်ပတ်သက်၍ နောက်ဆက်တွဲ ၈ တွင် MOPF အနေဖြင့် လွှဲပြောင်းမှုကို ဖော်ပြခြင်းမရှိဘဲ ကွာဟချက်များစွာရှိသော်လည်း (MOPF မှ) MGE သို့ ဘတ်ဂျက်လွှဲပြောင်းမှုများကို (စာမျက်နှာ ၂၃၉) တွင် စာရင်းကိုက်ရန်ကြိုးစားထားကြောင်း တွေ့ရသည်။ ME1၊ ME2 နှင့် ME3 သည်လည်း ၎င်းနှင့် အလားတူပင် လွှဲပြောင်းမှုကို ဖော်ပြခြင်းမရှိဘဲ ကွာဟချက်များစွာရှိသော်လည်း နောက်ဆက်တွဲ ၈ တွင် (MOPF မှ) ME1 သို့ (စာမျက်နှာ ၂၄၀) တွင် စာရင်းကိုက်ရန် ကြိုးစားထားကြောင်း တွေ့ရသည်။MPE နှင့်ပတ်သက်၍ MPE အနေဖြင့် ၂၀၁၅ - ၂၀၁၆ ခုနှစ် (စာမျက်နှာ ၇၈) အတွင်း MPE ၏ ဘဏ္ဍာစာရင်းများ၏ အနှစ်ချုပ်တွင် ဘတ်ဂျက်လွှဲပြောင်းမှုများကိုရရှိခဲ့ကြောင်း သက်သေအထောက်အထား မရှိသဖြင့် အစီရင်ခံစာတွင် MPE အနေဖြင့် ၂၀၁၅ - ၂၀၁၆ တွင် ဘတ်ဂျက်လွှဲပြောင်းမှုကို ရရှိခဲ့ခြင်း ရှိမရှိ သေချာစွာ ဖော်ပြထားခြင်းမရှိပေ။ MEITI အစီရင်ခံစာတွင် SOE များက သယံဇာတကဏ္ဍဝင်ငွေ၏ ၃၃% ကို ရရှိထားသည့် အခြားဘဏ္ဍာစာရင်းများကို ထိန်းသိမ်းထားကြောင်း ရေးသားထားသည်ကို တွေ့ရှိနိုင်သည်။ ထိုအခြားဘဏ္ဍာစာရင်းများမှ အခြားအဖွဲ့များထံသို့ လွှဲပြောင်းမှုများရှိမရှိနှင့် လွှဲပြောင်းမှုများမှာ ကုန်ပစ္စည်းများဖြစ်မဖြစ်ကို ဆွေးနွေးဖော်ပြထားခြင်း မရှိပေ။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

SOE များနှင့် အခြားအစိုးရအဖွဲ့မှ မိတ်ဖက်အဖွဲ့ဝင်များသည် ဘတ်ဂျက်လွှဲပြောင်းမှုများ၏ ကိန်းဂဏန်းများတွင် ကြီးမားသော ကွာဟချက်သည် MOPF မှ ထိုလွှဲပြောင်းမှုများနှင့် သက်ဆိုင်သော အချက်အလက်များကို တင်ပြခြင်းမရှိသဖြင့် အချက်အလက်မရှိခြင်းကြောင့်ဖြစ်ကြောင်း ဆွေးနွေးပြောဆိုမှုများမှ သဘောပေါက် လာခဲ့ကြသည်။ အစိုးရကိုယ်စားလှယ်များသည် ထိုအချက် အလက်များကို အစီရင်ခံစာပြုမှုတွင် ထည့်သွင်းရန် မတောင်းဆိုခဲ့ကြောင်း ရှင်းပြခဲ့ကြသော်လည်း Citizen’s Budget[87](ပြည်သူများ၏ ဘတ်ဂျက်ငွေ) စာအုပ်တွင် နှစ်စဉ်တင်ပြခဲ့သည်။ သို့သော် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးကို ပေးအပ်သော Citizen’s Budget ကို ဖတ်ရှုခြင်းသည် လွှဲပြောင်းမှုများနှင့်ပတ်သက်သော စုစည်းအချက်အလက်များကိုသာ ပြသခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးကို NCS မှ လွှဲပြောင်းမှုများကို ပြသသော ဝင်ငွေနှင့်သုံးငွေ အစီရင်ခံစာ တစ်စောင်ကို ပေးအပ်ခဲ့သည်။ သို့သော် အတည်ပြုခြင်းကို စတင်ချိန်တွင် ထိုအချက်အလက်များကို လူသိရှင်ကြား ဖော်ပြခဲ့ခြင်းရှိမရှိ ရှင်းလင်းခြင်းမရှိပေ။

၂၀၁၈ NRGI အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ SOE များက MOGE သည် ကုန်းပေါ်ရှိ ထုတ်လုပ်ရေးလုပ်ကွက်မှ ရရှိသော ဝင်ငွေများကို တင်ပြသော်လည်း MOGE ၏ ဘဏ္ဍာရေးစာရင်းထုတ်ပြန်ချက်တွင် နှစ်ခုတည်းသာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ထိုအစီရင်ခံစာတွင် MOGE ၏ အခြား ဝင်ငွေများထဲမှ အချို့သည် စာအုပ်ထဲတွင် မပါရှိကြောင်း ဖော်ပြထားသည်။ ထိုအခြားဝင်ငွေများသည် MEITI အစီရင်ခံစာတွင် ပါရှိခြင်းရှိမရှိကိုလည်း ရှင်းလင်းစွာဖော်ပြခြင်းမရှိပေ။ ထို့ပြင် ၂၀၁၅ - ၂၀၁၆ တွင် ရေးသားသော NRGI အစီရင်ခံစာတွင် MOGE သည် ထုတ်လုပ်ရေးနှင့် မသက်ဆိုင်ဘဲ

[87] နိုင်ငံသားဘတ်ဂျက်ကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

ပေးအပ်သော ဝန်ဆောင်မှုများအတွက် နိုင်ငံခြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ လေးခုထံမှ မြန်မာငွေ ၅၉၇ မီလီယံကို အခကြေးငွေအဖြစ် လက်ခံခဲ့ကြောင်း တင်ပြထားသည်။ NRGI အစီရင်ခံစာတွင် အကြွေးပြန်ရခြင်းများနှင့် အကြွေးမှရရှိသော အတိုးများကိုလည်း တင်ပြထားသည်။ ထိုဝင်ငွေများကို ထည့်သွင်းတွက်ချက်ထားခြင်းရှိမရှိနှင့် မည်သို့ထည့်သွင်းထားသည်ကိုမူ MEITI အစီရင်ခံစာတွင် ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပေ။

### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် အဓိပ္ပာယ် ပြည့်ဝသော တိုးတက်မှု ရှိနေသည်ဟု ဆိုသည်။ ၂၀၁၅ - ၂၀၁၆ EITI အစီရင်ခံစာတွင် MPE ကို ကုန်ပစ္စည်း SOE အဖြစ် သတ်မှတ်လိုက်သော်လည်း ပုလဲကဏ္ဍမှလွဲ၍ ကဏ္ဍအားလုံးမှ SOE များသို့ ကုမ္ပဏီပေးချေမှုများနှင့် အစိုးရထံသို့ SOE လွှဲပြောင်းမှုများကို တင်ပြထားသည် (သတ်မှတ်ချက် ၂-၆ တွင်ကြည့်ပါ)။ အစီရင်ခံစာတွင် SOE များသို့ အစိုးရမှ လွှဲပြောင်းမှုအချို့ကိုသာ တင်ပြထားပြီး ထိုလွှဲပြောင်းမှုများနှင့်ပတ်သက်သော နောက်ဆက်တွဲ အချက်အလက်များကို SOE များ၏ ဝင်ငွေနှင့်သုံးငွေ စာရင်းထုတ်ပြန်ချက်များတွင် ရရှိနိုင်သည်။ သို့သော် NRGI ၏ အမှီအခိုကင်းသော သုတေသနမှ သိရှိရသည်မှာ EITI အစီရင်ခံစာတွင် SOE အရောင်းအဝယ်များကို စာရင်းတင်ပြခြင်းကို နားလည်စေရန်အတွက် သာထင်ရှားသော မေးခွန်းများကို ပေါ်ပေါက်လာစေသည်။

SOE များ၏ အခြားဘဏ်စာရင်းများမှ အခြားအစိုးရအဖွဲ့များကို ဖြစ်နိုင်ချေရှိသော ပေးချေမှုများကို ရှင်းလင်းရှင်းမရှိပေ။ သတ်မှတ်ချက်၏ သိသာထင်ရှားသော အချက်များကို ဦးတည်ဖြေရှင်းပြီးနောက် ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ပြည့်မီရန်လုပ်ဆောင်နေဆဲဖြစ်သဖြင့် အချက်များအားလုံးကို ကျေနပ်ဖွယ် ဖြစ်အောင် ဖြေရှင်းထားကြောင်း ကောက်ချက်ချနိုင်ခြင်းမရှိပေ။

သတ်မှတ်ချက် ၄-၅ အရ မြန်မာနိုင်ငံသည် SOE သို့ ကုမ္ပဏီများမှ ကုန်ပစ္စည်းပေးချေမှုများအားလုံးနှင့် SOE နှင့် အစိုးရကြားရှိ လွှဲပြောင်းမှုများကို အလုံးစုံတင်ပြပြီး စာရင်းကိုက်ညီကြောင်း သေချာအောင် ပြုလုပ်သင့်သည်။ မြန်မာနိုင်ငံအနေဖြင့် အခြားသတင်းအချက်အလက်ရင်းမြစ်များမှ ရရှိသော SOE အရောင်းအဝယ်များ နှင့်ပတ်သက်၍ တင်ပြထားသော အချက်အလက်များကို အလုံးစုံနားလည်အောင် စစ်ဆေးသင့်သည်။

### ဒေသအလိုက်တိုက်ရိုက်ပေးချေမှုများ (#၄-၆)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

၂၀၁၅ - ၂၀၁၆ EITI အစီရင်ခံစာ[88] က မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးပြည်နယ်များမှ တိုက်ရိုက်ပေးချေမှုများ မရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။ ၂၀၀၈ အခြေခံဥပဒေအရ သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့် ဝင်ငွေကောက်ခံမှုတွင် တိုင်းဒေသကြီးပြည်နယ်များ၏ ပါဝင်မှုသည် ဥပဒေအရခွင့်ပြုသော နေရာများနှင့် နိုင်ငံနှင့် ဒေသဆိုင်ရာ အစိုးရများ၏ တာဝန်ဝတ္တရားများကို ကန့်သတ်ထားသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကဏ္ဍများသည် တိုင်းဒေသကြီးပြည်နယ်အစိုးရ ပါဝင်သော ကဏ္ဍများ၏စာရင်းတွင် မပါဝင်ကြပေ (စာမျက်နှာ ၁၀၂)။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

၂၀၁၅ - ၂၀၁၆ အတွင်း သယံဇာတတူးဖော်မှုများနှင့် ဆက်စပ်၍ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးပြည်နယ်များ၏ တိုက်ရိုက်ပေးချေမှုများမရှိကြောင်း မိတ်ဖက်အဖွဲ့ဝင်များက အတည်ပြုပြောကြားခဲ့သည်။ တူးဖော်ရေးလုပ်ငန်း ငယ်များအတွက် ဥပဒေသစ်များကို ထပ်မံပြဋ္ဌာန်းခဲ့ခြင်းဖြင့် ဒေသခံအစိုးရကို လုပ်ပိုင်ခွင့်ဆိုင်ရာ အာမခံချက်ပေးခဲ့ကြောင်း သတ္တုတွင်းဌာနက ၂၀၁၈ တွင် ပြောကြားခဲ့သည်။ ထိုပြဋ္ဌာန်းချက်အရ နောင်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လိုင်စင်လျှောက်ထားရေး၌ အချို့သောပေးချေမှုများကို ကောက်ခံနိုင်မည်ဖြစ်သည်။

### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် အကဲဖြတ်နေသော ကာလအတွင်း မြန်မာနိုင်ငံသည် ဤသတ်မှတ်ချက်အတွင်း အကျုံးဝင်ခြင်းမရှိသေးဟု ဆိုသည်။ မြန်မာနိုင်ငံသည် ဝင်ငွေကောက်ခံသောလုပ်ငန်း စဉ်တွင် ဗဟိုချုပ်ကိုင်စနစ်ကို အသုံးပြုနေသည်ဟု

[88] MEITI (မတ် ၂၀၁၈) "ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

ပါဝင်သူများက အတည်ပြုသည့်အပြင် သက်သေများကလည်း သိသာထင်ရှားသည်။

**ခွဲခြားခြင်းအဆင့် (#၄-၇)**

**လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း**

**MEITI အစီရင်ခံစာသည် စာရင်းအင်းအချက်အလက်များကို ကုမ္ပဏီတစ်ခုချင်းစီ၊ အစိုးရအဖွဲ့တစ်ဖွဲ့ချင်းစီနှင့် ဝင်ငွေစီးဆင်းမှုလမ်းကြောင်းအလိုက် စုစည်း တင်ပြထားသည် (နောက်ဆက်တွဲ ၁၈)။ ခွဲခြားမှုတွင် ပါဝင်သော ဝင်ငွေများသည် စာရင်းကောက်သောနယ်ပယ်အတွင်း မပါဝင်သော ကုမ္ပဏီများမှ ပေးချေမှုများဖြစ်သဖြင့် အစိုးရအေဂျင်စီများမှ တစ်ဖက်တည်း စုစည်းတင်ပြထားခြင်းဖြစ်သည် (စာမျက်နှာ ၁၆၅ - ၁၆၆)။ ကုန်ပစ္စည်း မပေးသော ကုမ္ပဏီများအတွက် တင်ပြမှုများကို အစိုးရအေဂျင်စီတစ်ခုချင်းစီနှင့် ဝင်ငွေစီးဆင်းမှု လမ်းကြောင်းအလိုက် တင်ပြထားသည်။ ကုန်ပစ္စည်းဖြင့် သတ်မှတ်ထားသော ပေးချေမှုများအားလုံးကို စံချိန်စံညွှန်းနှင့် သတ်မှတ်ထားသော အဆင့်နှင့်အညီ တင်ပြထားသည်။**

**မိတ်ဖက်အဖွဲ့များ၏ အမြင်များ**

မိတ်ဖက်အဖွဲ့ဝင်များ ဆွေးနွေးအကြံပြုကြရာတွင် ၂၀၁၆-၂၀၁၆ MEITI အစီရင်ခံစာရှိ ဝင်ငွေအချက်အလက်ကို စုစည်းမှုအဆင့်နှင့်ပတ်သက်၍ အခက်အခဲကို မဆွေးနွေးခဲ့ကြပေ။

**ကနဦးအကဲဖြတ်ချက်**

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကိုပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ် တိုးတက်မှု ရှိနေသည်ဟု ဆိုသည်။ သတ်မှတ်ချက် ၄-၇ အရ MEITI အစီရင်ခံစာတွင် ပါရှိသော အချက်အလက်များကို ကုမ္ပဏီတစ်ခုချင်းစီ၊ အစိုးရအဖွဲ့တစ်ဖွဲ့ချင်းစီနှင့် ဝင်ငွေစီးဆင်းမှုလမ်းကြောင်းအလိုက် စုစည်းတင်ပြထားသည်။ မြန်မာနိုင်ငံကို နောင်လာမည့် အစီရင်ခံစာတွင် ပရောဂျက်အဆင့် အစီရင်ခံခြင်းကို လုပ်ဆောင်ရန် တိုက်တွန်းထားသည်။ MEITI အနေဖြင့် EITI အကောင်အထည်ဖော်ခြင်းကိုလုပ်ဆောင်နေသော နိုင်ငံများအတွက် ၂၀၂၀ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ပရောဂျက်တစ်ခုစီကို အစီရင်ခံတင်ပြရန် သတ်မှတ်ချက်ကို ပြည့်မီရန် ပရောဂျက်အဆင့် အစီရင်ခံခြင်းကို ကြိုတင်၍ အကောင်အထည်ဖော်ခြင်း ဖြင့် တိုးတက်အောင် လုပ်နိုင်သည့် အတိုင်းအတာကို စဉ်းစားဆုံးဖြတ်နိုင်စေလိုသည်။ MSG အနေဖြင့် လိုင်စင်များက စည်းကြပ်သော ဝင်ငွေလမ်းကြောင်းများကို ခြုံငုံမိအောင် စတင်လုပ်ဆောင်နိုင်ပြီး ပရောဂျက်အလိုက် တင်ပြနိုင်သည်။

**အချက်အလက်အချိန်မီခြင်း (#၄-၈)**

**လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း**

**မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ဧပြီလမှ မတ်လအထိ ဖြစ်သည်။ EITI အစီရင်ခံစာသည် ဧပြီ ၂၀၁၅ မှ မတ် ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အတည်ပြုခြင်းကို လုပ်ဆောင်ခြင်းဖြစ်ပြီး ၂၀၁၈ မတ်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် EITI စံချိန်စံညွှန်းဖြစ်သည့် သတ်မှတ်ချက် ၄-၈ အရ နှစ်နှစ်တာကာလအတွင်း ခွင့်ပြုပေးခြင်းဖြစ်သည်။ MSG သည် အစီရင်ခံစာတွင် လုပ်ဆောင်ခဲ့သော ကာလကို သဘောတူညီခွင့်ပြုခဲ့သည် (စာမျက်နှာ ၁၆)။**

**မိတ်ဖက်အဖွဲ့များ၏ အမြင်များ**

မိတ်ဖက်အဖွဲ့ဝင်များထဲမှ မည်သူမျှ အချက်အလက်အချိန်မီခြင်းကိစ္စရပ်အပေါ် အမြင်တစ်စုံတစ်ရာ ဖော်ပြခဲ့ခြင်းမရှိပေ။

**ကနဦးအကဲဖြတ်ချက်**

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ် တိုးတက်မှု ရှိနေသည်ဟု ဆိုသည်။ အစီရင်ခံစာကို လုပ်ဆောင်ခဲ့သော ကာလသည် EITI စံချိန်စံညွှန်းဖြစ်သည့် သတ်မှတ်ချက် ၄-၈ အရ လိုအပ်သော

86



ကာလအတိုင်းဖြစ်သည်။

အကောင်အထည်ဖော်ခြင်းကို ခိုင်မာစေရန် မြန်မာနိုင်ငံကို အစိုးရပလက်ဖောင်းများမှ နောက်ဆုံးပေါ် အချက်အလက်များကို စနစ်တကျ ပုံမှန်တင်ပြရန် တိုက်တွန်းထားသည်။

## အချက်အလက်အရည်အသွေး (#၄-၉)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*အမှီအခိုကင်းသော အုပ်ချုပ်ရေးအဖွဲ့အတွက် ရည်ညွှန်းလက်စွဲ(ToR)* – ၂၀၁၅ - ၂၀၁၆ အစီရင်ခံစာအတွက် ToR သည် EITI အစီရင်ခံစာများ၏ ToR စံချိန်စံညွှန်းနှင့် EITI ဘုတ်အဖွဲ့က ထောက်ခံချက်ပေးသော ခွင့်ပြုထားသည့် လုပ်ငန်းစဉ်နှင့် ကိုက်ညီရမည်။ အစီရင်ခံစာနယ်ပယ်တွင် အသေးစိတ်အချက်များကို ထပ်ဖြည့်ရန် အထူးပြဋ္ဌာန်းချက်အချို့ ရှိခဲ့သည်။[89]အကျိုးကျေးဇူးဖော်ပြမှုများကို တောင်းဆိုခြင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝယ်ယူရေးလုပ်ငန်းစဉ်နှင့်အညီ ၂၀၁၇ မတ်လတွင် ထုတ်ဝေခဲ့သည်။ MSG အစည်းအဝေးများ၏ မှတ်တမ်းများအရ ToR ကို MSG က ၂၀၁၇ မတ်လ ၃၀ ရက်တွင် [90] နည်းပညာဆပ်ကော်မတီက အကျယ်ဆွေးနွေးမှုများနှင့်တကွ သဘောတူခဲ့ကြောင်း သိရှိရသည်။

*အစီရင်ခံစာရေးသားမှုပုံစံများကို သဘောတူလက်ခံခြင်း* - ၂၀၁၇ မတ်လ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည် ပထမဆုံး အစည်းအဝေးတွင် IA ၏ ToR ကို MSG က ဆွေးနွေးခဲ့သည်။ IA ကို ချိန်းဆိုမှုအတွက် စာချုပ်ကို ၂၀၁၇ ဇူလိုင် ၂၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ [91] MSG အစည်းအဝေးများ၏ မှတ်တမ်းများအရ ၂၀၁၇ စက်တင်ဘာ ၁၁ရက်နေ့က အစီရင်ခံစာတွင် ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများတွင် စီရင်ခံစာရေးသားမှုပုံစံများကို အမှီအခိုကင်းသော အုပ်ချုပ်ရေးမှူးက အေဂျင်စီများနှင့် ကုမ္ပဏီများနှင့်အတူ လုပ်ဆောင် ကြောင်းတွေ့ရှိရသည်။ ပုံစံများကို MSG မှ ၂၀၁၇ အောက်တိုဘာ ၂ ရက်နေ့တွင် ဆွေးနွေးခဲ့ကြပြီး သဘောတူညီခဲ့ကြသည်။[92]

*စာရင်းစစ်ခြင်းများကို ပြန်လည်စစ်ဆေးခြင်း* - အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် အစိုးရအေဂျင်စီများအတွက် ၂၀၁၅-၂၀၁၆ တွင် စာရင်းစစ်လုပ်ငန်းစဉ်များနှင့် လုပ်နည်းလုပ်ဟန်များကို ပြန်လည်စစ်ဆေးခြင်း ပါရှိသည်။ ကုမ္ပဏီများသည် ၂၀၁၀ နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံစာ စံချိန်စံညွှန်းများနှင့် တစ်ထပ်တည်းတူညီသော မြန်မာဘဏ္ဍာရေးအစီရင်ခံစာစံချိန်စံညွှန်းများကို လိုက်နာသည်ဟု အစီရင်ခံစာက ရှင်းပြထားသည် (စာမျက်နှာ ၁၁၅)။ စာရင်းစစ်ပြီးသော ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးထုတ်ပြန်ချက်များရှိကြသော ကုမ္ပဏီများအားလုံးကို IA ထံသို့ ၎င်းတို့၏ AFS (နှစ်စဉ်ဘဏ္ဍာရေး ထုတ်ပြန်ချက်) များကို ပို့ပေးရန် တောင်းဆိုခဲ့သည်။ နောက်ဆက်တွဲ ၁ တွင် နှစ်စဉ်ဘဏ္ဍာရေးထုတ်ပြန်ချက်များကို စာရင်းစစ်ပြီးသော ကုန်ပစ္စည်းကုမ္ပဏီများနှင့် ၎င်းတို့၏ စာရင်းစစ်အမည်များကို စစ်ဆေးတင်ပြမှုပါရှိသည်။

အပြည်ပြည်ဆိုင်ရာ အဓိပတိစာရင်းစစ်များအဖွဲ့ချုပ်(INTOSAI) စာရင်းစစ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော အများလက်ခံသည့် စာရင်းစစ်စံချိန်စံညွှန်းများနှင့်အညီ အစိုးရအချက်အလက်ကို မြန်မာနိုင်ငံ၏ စာရင်းစစ်ချုပ်ရုံးတွင် စစ်ဆေးခဲ့သည်။နှစ်စဉ်စာရင်းစစ်ခြင်းတွင် သယံဇာတ တူးဖော်ရေးလုပ်ငန်းကဏ္ဍပရောဂျက်သို့ ပါတနာများမှ ပေးအပ်သော အခွန်နှင့် အခွန်မဟုတ်သော ပေးချေမှုများ ပါဝင်သည် (စာမျက်နှာ ၁၁၆)။ နော်က်ဆက်တွဲ ၁၄ တွင် စာရင်းစစ်ထားသော မှတ်တမ်းမရှိသည့် စာရင်းကိုက်ညီထားသော နယ်ပယ်အတွင်းရှိ ကုမ္ပဏီများကို စုစုပေါင်း ၂၆ ကုမ္ပဏီအထိ စာရင်းပြုစုထားသည်။ (စာမျက်နှာ ၁၁၆) တွင် OAG သည် IA ကို ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွင်း EITI အစီရင်ခံစာတင်ခြင်းတွင် ပါဝင်သည့် အစိုးရအေဂျင်စီများနှင့် SOE များ၏ စာရင်းစစ်တမ်းအစီရင်ခံစာများကို ပေးပို့ခဲ့သည်။ အစီရင်ခံစာတွင် ကုန်ပစ္စည်း SOE ငါးခုလုံးသည် (MPE မဟုတ်) ၂၀၁၅-၂၀၁၆ အတွက် ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်ခဲ့ကြကြောင်း အတည်ပြုပြောကြားခဲ့သည် (စာမျက်နှာ ၁၃၆)။ အစီရင်ခံစာတွင် ကုမ္ပဏီများ၏ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများကို ဝင်ရောက်ကြည့်ရှုရန် နည်းလမ်းကို ဖော်ပြထားခြင်းမရှိပေ။

---

[89] ကျောက်မျက်ကဏ္ဍနယ်ပယ်ကိုရှင်းလင်းခြင်းကဲ့သို့သောအချက်ကိုကျောက်မျက်ပြပွဲအပြင်ဘက်ရှိအချက်အလက်များပါ ပါဝင်သင့်သည်။ ဝင်ငွေစီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်၊ အထူးသဖြင့် UMEHL နှင့် MECအတွက် အခြားငွေစာရင်းများနှင့် ဝင်ငွေစီးဆင်းမှုများ၊ ထုတ်လုပ်မှုအချက်များကိုကိုက်ညီခြင်း၊ မိမိဆန္ဒအရ လှူမှုရေးအသုံးစရိတ်များ၊ အကျိုးခံစားပိုင်ခွင့်နှင့် စာချုပ်တင်ပြမှုများပါဝင်သင့်သည်။

[90] MEITI (မတ်၂၀၁၇) "၂၂ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဇူလိုင်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[91] MSG အစည်းအဝေးမှတ်တမ်းများကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[92] MEITI (အောက်တိုဘာ၂၀၁၇) "၇ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဇူလိုင်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

*အာမခံဆန်းစစ်ခြင်းနည်းလမ်း* - အရည်အသွေးအာမခံဆန်းစစ်ခြင်းနည်းလမ်းများကို (စာမျက်နာ ၁၈၊ ၃၀-၃၁) တွင် ဖော်ပြထားသည်။ ကုမ္ပဏီများအတွက် ဤနည်းလမ်းများတွင် ကုမ္ပဏီစီမံခန့်ခွဲရေး (ဘဏ္ဍာရေးဌာနမှူး သို့မဟုတ် အမှုဆောင် အရာရှိချုပ်/ ဒါရိုက်တာ) ထံမှ ပြောကြားမှုပါဝင်သည်ဟု ဆိုသော်လည်း ထိုပြောကြားမှု၏ အကြောင်းအရာကို ရှင်းလင်းစွာ ဖော်ပြခြင်းမရှိပေ (စာမျက်နာ ၁၈၊ ၃၀)။ အစိုးရအတွက်မူ စာရင်းစစ်ချုပ်ရုံးမှ ထုတ်ပေးသော ပေးချေမှုအသေးစိတ်နှင့် လက်မှတ်နှင့်အတူ အစိုးရအေဂျင်စီ၏အခွင့်အာဏာရပုဂ္ဂိုလ်မှ ပြောကြားမှုပါဝင်သည် (စာမျက်နာ ၁၈၊ ၃၁)။ ၂၀၁၇ အောက်တိုဘာ ၂ ရက်နေ့တွင် ပြုလုပ်ခဲ့သော MSG အစည်းအဝေး၏ မှတ်တမ်းများအရ အရည်အသွေးအာမခံဆန်းစစ်ခြင်း လုပ်ငန်းစဉ်များကို MSG မှ ဆွေးနွေးသဘောတူခဲ့ကြောင်း သိရသည်။[93] အစီရင်ခံစာတွင် နိုင်ငံတကာ ပညာရှင်စံချိန်စံညွှန်းများကို အသုံးပြုထားကြောင်း အတည်ပြု ရေးသားထားသည် (စာမျက်နာ ၃၀)။

*လျှို့ဝှက်ချက်ထိန်းသိမ်းမှု*- လျှို့ဝှက်ချက်ထိန်းသိမ်းမှု သတ်မှတ်ချက်များကို (စာမျက်နာ ၃၂-၃၃) တွင် ဆွေးနွေးထားသည်။ အစီရင်ခံစာတွင် အစီရင်ခံသောအဖွဲ့များထံမှ ရရှိသော အချက်အလက်များကို မည်သို့ ကာကွယ်၍ လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားကြောင်း ရှင်းပြထားသည်။

*စာရင်းကိုက်ညီခြင်းအနှစ်ချုပ်* - သယံဇာတကဏ္ဍနှင့် ကဏ္ဍခွဲမှ စုစုပေါင်းဝင်ငွေများနှင့်ပတ်သက်၍ ရွေးချယ်ထားသော ကုမ္ပဏီများအတွက် သတ်မှတ်ထားသော ကုန်ပစ္စည်းစံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော စာရင်းကိုက်ညီမှုကို  အစီရင်ခံစာတွင် ဖော်ပြထားသည် (စာမျက်နာ ၁၇)။ နောက်ဆုံး စာရင်းကိုက်ညီမှုအနှစ်ချုပ်သည် ၈၂.၄၆% (စာမျက်နာ ၁၉) ဖြစ်သည်။ အနှစ်ချုပ်၏ ရာခိုင်နှုန်းကို စာရင်းကိုက် ထားသော ဝင်ငွေများကို နိုင်ငံ၏ ထုတ်လုပ်မှုရှယ်ယာ (စုစုပေါင်းဝင်ငွေများမှ လူမှုရေးဆိုင်ရာ ပေးငွေများနှင့် ဝင်ငွေများကို နုတ်ပြီး (စာမျက်နာ ၁၇ မှ footnote ၁၈ ကိုကြည့်ပါ)။

MSG မှ သဘောတူလက်ခံထားသော အစီရင်ခံစာ လမ်းညွှန်ချက်များနှင့်အညီ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ ရှစ်ခုမှလွဲ၍ ကုမ္ပဏီများအားလုံးသည် ၎င်းတို့၏ အစီရင်ခံစာပုံစံများတွင် ပါဝင်သော စာရင်းကိုက်ညီမှုနယ်ပယ်တွင် ပါဝင်သည်။ [94]

MSG မှ သဘောတူလက်ခံထားသော အစီရင်ခံစာ လမ်းညွှန်ချက်များနှင့်အညီ (စာမျက်နာ ၁၈) အစိုးရအေဂျင်စီများသည် ၎င်းတို့၏ အစီရင်ခံစာ ပုံစံများတွင် ပါဝင်သော စာရင်းကိုက်ညီမှုနယ်ပယ်တွင် ပါဝင်သည်။ EITI အစီရင်ခံစာတွင် အစီရင်ခံစာမတင်သော ကုမ္ပဏီများမှ ပေးချေမှုတန်ဖိုးကို တင်ပြထားသည် (စာမျက်နာ ၁၇)။

*အာမခံကို ထိန်းချုပ်ခြင်း* - အစီရင်ခံစာတင်သော ကုမ္ပဏီအားလုံးထဲမှ တစ်ခုကို လုပ်ပိုင်ခွင့်ရအရာရှိတစ်ဦးက လက်မှတ်ထိုးထားသည်ဟု အစီရင်ခံစာတွင် အတည်ပြုထားသည် (စာမျက်နာ ၁၈)။ ဤအတည်ပြုခြင်းပရောဂျက်တွင် လိုက်နာခြင်းမရှိသော ကုမ္ပဏီ (Gail JJ India Ltd) သည် ရွှေပရောဂျက်တွင် ပါတနာတစ်ဦးဖြစ်ပြီး ထိုကုမ္ပဏီမှ ပေးချေခြင်းတစ်စုံတစ်ရာမရှိခဲ့သည့်အချက်ကို ထောက်၍ ၅ နှစ်စာ အခွန်ရှောင်ထားသည်ဟု အစီရင်ခံစာက အတည်ပြုထားသည်။ အစိုးရပိုင်လုပ်ငန်းများအားလုံးနှင့် SOE များကို လိုအပ်သော အရည်အသွေးအာမခံချက်ပေးထားကြောင်းအစီရင်ခံစာက အတည်ပြုထားသည် (စာမျက်နာ ၁၈)။

အစီရင်ခံစာပုံစံတွင် ပါဝင်ကြသော ကုမ္ပဏီများ၏ ၈၆% သည် စီမံခန့်ခွဲမှု အာမခံကြောင်းစာတစ်စောင်ကို တင်ခဲ့ခြင်း သို့မဟုတ် ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ပြီးဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။ အစီရင်ခံစာတွင် ပေးချေမှု၏ အရည်အသွေးကို အကဲဖြတ်ခြင်းအချက်ကို ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိသော်လည်း အစီရင်ခံစာပါ အချက်အလက်များကိုမူတည်၍ တွက်ချက်နိုင်သည် (နောက်ဆက်တွဲ ၁၈-၁၉)။ နောက်ဆက်တွဲ ၁ တွင် IA မှ ရရှိသော အတည်ပြုချက်များကို အသေးစိတ် ဖော်ပြထားသည်။ အစီရင်ခံစာ (စာမျက်နာ ၃၁) တွင် အစီရင်ခံစာပုံစံနှင့် စာရင်းစစ်တင်ပြမှုနှစ်ခုလုံးကို တင်ပြခြင်းသည် ကုမ္ပဏီအဆင့် အာမခံချက်ကို အကဲဖြတ်ရန် အဓိကစံသတ်မှတ်ချက်ဖြစ်သည်ဟု ဆိုသည်။ ပါဝင်သော ကုမ္ပဏီ ၁၁၁ ခုမှ ဝင်ငွေ ၉၉.၈% ကို ရရှိစေသော ၉၆ ကုမ္ပဏီကို အာမခံချက်အမြင့်အတွင်း ပါဝင်စေရန် အကဲဖြတ်ခဲ့ကြသည် (စာမျက်နာ ၃၁)။ နောက်ဆက်တွဲ ၁၄ တွင် ၎င်းတို့၏ အစီရင်ခံစာပုံစံနှင့် စာရင်းစစ်တင်ပြမှုကို တင်ပြသော ကုမ္ပဏီများ၏ အမည်များကို

[93] Ibid.

[94]Nippon Oil, Jubilant Oil and Gas Pte.Ltd, Asia Orient International Ltd, Petrovietnam Exploration Production Corporation, Oil India Ltd, CFG Energy Pte.Ltd, Reliance Industries Ltd and Tap Energy Pte. Ltd.

88



စာရင်းပြုစုထားသည်။

*အချက်အလက်ယုံကြည်ရမှုအကဲဖြတ်ခြင်း* - ကုမ္ပဏီများ၊ SOE များနှင့် အစိုးရပိုင်လုပ်ငန်းများမှ စာရင်းကိုက်ထားသော ဘဏ္ဍာရေးအချက်အလက်များ၏ အဘက်ဘက်မှ ယုံကြည်စိတ်ချရမှုကို နောက်ဆုံးအကဲဖြတ်ခြင်းရလဒ်သည် ကျေနပ်ဖွယ်ဖြစ်သည်ဟု IA က ကောက်ချက်ချသည် (စာမျက်နှာ ၁၈၊ ၃၂)။ သို့သော် EITI အစီရင်ခံစာတွင် သယံဇာတတူးဖော်ရေး ကုမ္ပဏီများမှ တင်ပြသော အာမခံအချက်အလက်များတွင် ကွာဟချက်တချို့ရှိနေသဖြင့် ယေဘုယျအားဖြင့် ကုမ္ပဏီများ၏ ကိန်းဂဏန်းများကို အာမခံခြင်းအဆင့်တွင် သိသာသော တိုးတက်မှုပြုလုပ်ရန် ကျန်ရှိနေသေးသည်ဟု ဆိုသည် (စာမျက်နှာ ၁၈)။

အခြား သတင်းအချက်အလက်ရင်းမြစ်များနှင့် နှိုင်းယှဉ်သောအခါ SOE များ၏ နှစ်စဉ် ဝင်ငွေရှင်းတမ်းများနှင့် ဝင်ငွေများအရ စုစုပေါင်းဝင်ငွေသည် EITI အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်းနှင့် အခြားတွင်းထွက်ကဏ္ဍများမှ ကောက်ယူရရှိသော ဝင်ငွေထက် ပိုများနေသည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။ ပုလဲကဏ္ဍတွင် နှစ်စဉ်ဝင်ငွေထွက်ငွေရှင်းတမ်းများအရ စုစုပေါင်းဝင်ငွေများသည် EITI အစီရင်ခံစာရှိ စုစုပေါင်း ဝင်ငွေထက် များနေသည်။ ထို့ကြောင့် EITI သို့ SOE ၏ အစီရင်ခံစာနှင့် များစွာသော အချက်အလက်ရင်းမြစ်များကြားတွင် တန်ဖိုးကွာဟချက်များရှိနေသည်ဟု အစီရင်ခံစာက ဆိုသည်။ ထိုတန်ဖိုးကွာခြားချက်များသည် အစီရင်ခံစာပါအချက်အလက်များ၏ မှန်ကန်မှုနှင့် ပတ်သက်၍ မရေမရာဖြစ်မှုတစ်ခုရှိနေကြောင်း သိရှိနိုင်သည် (စာမျက်နှာ ၁၅၂၊ ၁၆၂)။

*အချက်အလက်ကို ရင်းမြစ်ရှာခြင်း* - အစီရင်ခံစာတွက် သတင်းအချက်အလက်ရင်းမြစ်များကို ရည်ညွှန်းကိုးကား တင်ပြထားသည်။ အစီရင်ခံစာကို IA မှ အပြည့်အဝ တာဝန်ယူရေးသားထားခြင်းဖြစ်သည်။

*အကြံပြုချက်များ* - ယခင် အကြံပြုချက်များ၏ အခြေအနေကို ဆွေးနွေးထားသည် (စာမျက်နှာ ၁၈၈-၂၀၁)။ အကြံပြုချက်တစ်ခုစီအတွက် အစိုးရ အေဂျင်စီများမှ လုပ်ဆောင်သော လုပ်ဆောင်ချက်တုံ့ပြန်မှုများနှင့် နောက်ထပ်လုပ်မည့်အဆင့်များအတွက် တုံ့ပြန်မှုများလည်း ပါဝင်သည်။ ထိုကဏ္ဍ၏ အုပ်ချုပ်မှုနှင့် EITI အစီရင်ခံစာကို တိုးတက်စေမည့် အကြံပြုချက်များကို တင်ပြထားသည် (စာမျက်နှာ ၁၈၂-၁၈၇)။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MSG မှ တင်ပြဆွေးနွေးသော အကြောင်းအရာများကို အတည်ပြုရာတွင် EITI အစီရင်ခံစာနှင့် အစီရင်ခံစာပုံစံများအတွက် ToR ကို သဘောတူ ခွင့်ပြုချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုကြသော မိတ်ဖက်အဖွဲ့ဝင်များကပြောကြားခဲ့ခြင်းမရှိပေ။ အစိုးရဘက်မှ အခြားမိတ်ဖက်အဖွဲ့ဝင်များသည် Moore Stephens ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် IA အတွက် ဝယ်ယူရေးလုပ်ငန်းစဉ်ကို သုံးလခန့် ကြာခဲ့ရသဖြင့် စာရင်းစစ်ချုပ်ရုံးမှ သဘောတူညီချက်ကို ရယူခဲ့ရခြင်းဖြစ်ကြောင်း ညည်းညူပြောဆိုခဲ့ကြသည်။ ကုမ္ပဏီများထံမှ အစီရင်ခံစာပုံစံများကို ကောက်ယူရန်မှာ နိုင်ငံတော် အတွင်းရေးမှူးတွင် တာဝန်ရှိသည်ဟု IA နှင့် အတွင်းရေးမှူးရုံးမှ ဝန်ထမ်းများက ရှင်းပြကြသည်။ မိတ်ဖက်အဖွဲ့ဝင်များက ထိုလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အချက်များကို မဆွေးနွေးခဲ့ကြပေ။ သို့သော် အစိုးရအေဂျင်စီများထံမှ သတင်းအချက်အလက်ရရန် ခက်ခဲကြောင်း IA က ညည်းညူခဲ့သည်။

IA ၏ လုပ်ဆောင်ချက်အရ အမြင်များရောထွေးနေသည်။ အချို့သော သတ္တုတွင်းကုမ္ပဏီများက ၎င်းတို့ ပေးလိုက်သော ဖြည့်စွက်အချက်အလက်များကို IA က ထည့်သွင်းစဉ်းစားခြင်းမပြုသည့် ဖြစ်ရပ်များကို စောဒကတက်ကြသော်လည်း ကျောက်မျက်ကုမ္ပဏီများကမူ IA ၏ လုပ်ဆောင်ချက်ကို ယေဘုယျအားဖြင့် ကျေနပ်ကြသည်။ ၎င်းတို့က IA သည် ၎င်းတို့ အစီရင်ခံစာတင်ရာတွင် ပြင်ဆင်ကူညီပြင်ဆင်ပေးပြီး ၎င်းတို့၏ အကြံပြုချက်အချို့ကို ထည့်သွင်းစဉ်းစား ပေးခဲ့ကြောင်း ပြောကြားကြသည်။

ကျောက်မျက်ကုမ္ပဏီအချို့သည် အစီရင်ခံစာပုံစံများနှင့်ပတ်သက်သော သင်တန်းပေးခြင်းများကို ကောင်းစွာ ပြုလုပ်ပေးခြင်းမရှိခြင်းနှင့် အသစ် ပါဝင်လာသော ကုမ္ပဏီများကြောင့် လုပ်ဆောင်မှုများတွင် အမှားများပေါ်ပေါက် ကြောင်း ပြောကြားကြသည်။

လုပ်ငန်းတွင် မိတ်ဖက်ပါဝင်သူများ၏ ပြောကြားချက်အရ အချို့သော ကျောက်မျက်ကုမ္ပဏီများသည် ၎င်းတို့၏ စာရင်းစစ်ပြီးသား ဘဏ္ဍာရေးရှင်းတမ်းများ ကို အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်များက တောင်းခံသည့်အတိုင်း ပေးရန် နှောင့်နှေးနေသဖြင့် အချက်အလက်ကောက်ယူမှုလုပ်ငန်းစဉ်အတွင်း ကိစ္စရပ်တချို့ရှိခဲ့သည်ဟု သိရသည်။ ထိုကုမ္ပဏီများက ၎င်းတို့၏ သီးသန့် စာရင်းစစ်များက ထိုကုမ္ပဏီများသည် စာရင်းစစ်ပြီးကြောင်း သက်သေခံ ပေးထားသောစာရွက်ပါရှိသည့် ဘဏ္ဍာရေးရှင်းတမ်းများ၏ ပထမဆုံးစာမျက်နှာကိုသာ တင်လိုကြောင်း အခိုင်အမာ တောင်းဆိုခဲ့ကြသည်။ ကျောက်မျက် ကုမ္ပဏီများသည် စာရင်းစစ်ရှင်းတမ်းများကို ဥပဒေနှင့်အညီ မတင်ပြနိုင်ကြောင်း ပြောဆိုခဲ့ကြသည်။ သို့သော် ၎င်းတို့၏ လိုင်စင်၊ လက်ခံစာရွက်များ၊ ဘဏ်ရှင်းတမ်းများနှင့် ကော်ပိုရိတ်စာအုပ်များကို IA မိတ္တူများအနေဖြင့် ပေးအပ်ခဲ့သည်။ ကုမ္ပဏီ ခုနစ်ခုသည် ၎င်းတို့၏ စာရင်းစစ်မှတ်တမ်း

ပထမစာရွက်ကိုပေးပို့ရန် နောက်ကျခဲ့ကြသောအခါ ဦးဆောင်ရေးကော်မတီနှင့် IA တို့က ၎င်းတို့၏ MATA ၏ သတ်မှတ်ချက်များကို ကျော်လွန်နေသော ၎င်းတို့၏ တင်ပြမှုကို လက်ခံရန် သဘောတူခဲ့ကြသည်။

IA အနေဖြင့် များစွာသော ကုမ္ပဏီများကို ၎င်းတို့၏ စာရင်းစစ်ထားသော ဘဏ္ဍာရေးမှတ်တမ်းများကို တင်ပေးခြင်းမရှိပေ။ ထိုအစီရင်ခံစာများကို ကုမ္ပဏီ၏ အခွန်ပေးချေမှုများ၊ ဝင်ငွေများနှင့် လူမှုရေးအသုံးစရိတ်များကို စစ်ဆေးရန် လိုအပ်သော မှတ်တမ်းများကို IA က တုံ့ပြန်ထားသော မှန်ကန်သည့် စာရင်းပြုလုပ်မှုများကို ပြုလုပ်ရန်အတွက် စာရင်းစစ်ထားသော ဘဏ္ဍာရေးမှတ်တမ်းများကို မြင်ရရန် လိုအပ်သည်။ စာရင်းစစ်မှတ်တမ်းမရှိသော ကုမ္ပဏီများအတွက် အစိုးရက အစီရင်ခံ တင်ပြထားသော အရာများနှင့် ကုမ္ပဏီက တင်ပြထားသော အရာများကို နှိုင်းယှဉ်ကြည့်ကြရသည်။ SOE များ၏ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများအရ SOE များက ထိုအချက်အလက်များကို လူသိရှင်ကြား မဖော်ပြထားကြောင်း ပြောကြားကြသည်။ ဖော်ထုတ်တင်ပြခြင်းကို ဆန့်ကျင်သော မူဝါဒမရှိသော်လည်း ဖော်ထုတ်တင်ပြရန် ဆုံးဖြတ်ချက်သည် MOPF နှင့် ကျန်ရှိနေသည်ဟု ၎င်းတို့က ဆိုသည်။ စာရင်းစစ်ထားသော မှတ်တမ်းမရှိဘဲ IA အနေဖြင့် အစိုးရက တင်ပြထားသော အရာများနှင့် ကုမ္ပဏီက တင်ပြထားသော အရာများကို နှိုင်းယှဉ်ကြည့်ကြရသည်။

SOE ကိုယ်စားလှယ်တစ်ဦးက ၎င်းတို့၏ ဘဏ်စာရင်းများကို စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးသော်လည်း ထိုစာရင်းစစ်မှတ်တမ်းကို ပြည်သူလူထုက သိနိုင်ခွင့်မရှိကြောင်း ရှင်းပြခဲ့သည်။ အစီရင်ခံစာကို စာရင်းစစ်ချုပ်ရုံးမှတဆင့် သမ္မတ သို့မဟုတ် လွှတ်တော်မှ ခွင့်ပြုချက်ဖြင့် လွှတ်တော်ကို တင်ပြသည်။ MOGE နှင့် MGE ၏ စာရင်းစစ်မှတ်တမ်းများကို ပြည်သူလူထုကြားချမပြသော်လည်း ၎င်းတို့က မြင်ကြရသည်ဟု IA က ပြောကြားသည်။

လျှို့ဝှက်ချက်ထိန်းသိမ်းမှု သဘောတူညီချက်များအရ ကုမ္ပဏီများနှင့် သဘောတူညီထားသည့်အတိုင်း ၎င်းတို့ တင်ပြသော သတင်းအချက်အလက်များကို သေချာ ဆွေးနွေးအတည်ပြုမှု မလုပ်ခင်အထိ လျှို့ဝှက်ထားပေးရကြောင်း IA က ရှင်းပြသည်။ ကုမ္ပဏီများအနေဖြင့် အချက်အလက်များကို CD ဖြင့်ထည့်၍ ချိတ်ပိတ်ထားသော စာအိတ်နှင့် စာရွက်များကို ပို့ပေးရန် လိုအပ်သည်။

သို့သော် ရေနံကုမ္ပဏီတစ်ခုကမူ IA က ၎င်းတို့ကို နောက်ဆက်တွဲမေးခွန်းများ ထပ်မံမေးမြန်းရာတွင် ကုမ္ပဏီများထံသို့ ပို့သော အီးမေးလ်ထဲတွင် အဓိကကုမ္ပဏီများအားလုံးကို ထည့်သွင်းရေးသားထားသော အဖြစ်များရှိကြောင်း ပြောကြားခဲ့သည်။

IA က ကျင့်သုံးသော လုပ်ငန်းစဉ်များထဲမှ အချို့နှင့်ပတ်သက်သော ကုမ္ပဏီများကြောင့် ဖြစ်စေခဲ့သော ကိစ္စရပ်များရှိခဲ့သော်လည်း ပါဝင်ပတ်သက်သူများ ထဲမှ မည်သူကမှ IA ၏ ကျွမ်းကျင်မှုနှင့် တာဝန်ယူမှုနှင့်ပတ် သက်သော ကိစ္စရပ်များကို ပြောဆိုဆွေးနွေးခြင်းမရှိခဲ့ပေ။ MEITI အစီရင်ခံစာတွင် ပါရှိသော အချက်အလက်များ၏ စုံလင်မှုနှင့် ယုံကြည်အားထားနိုင်မှုအပေါ် ပြင်းထန်သော ကိစ္စတစ်စုံတရာ မရှိခဲ့ပေ။

### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ် တိုးတက်မှု ရှိနေသည်ဟု ဆိုသည်။အစီရင်ခံစာတွင် အရည်အသွေးဆိုင်ရာ အာမခံခြင်းကို ရှင်းလင်းသော သုံးသပ်ချက်နှင့် အချက်အလက်များ၏ စုံလင်မှုနှင့် ယုံကြည်အားထားနိုင်မှုအပေါ် IA ၏ အကဲဖြတ်မှုကို တင်ပြထားသည်။ စာရင်းကိုက်ညှိခြင်း လုပ်ငန်းစဉ်ကို နိုင်ငံတကာ ပညာရှင် စံသတ်မှတ်ချက်များကို အသုံးပြုလုပ်ဆောင်ခဲ့သဖြင့် IA ၏ ကျွမ်းကျင်မှု၊ တာဝန်ယူမှုနှင့် ယုံကြည်ကိုးစားနိုင်မှုနှင့်ပတ်သက်၍ ကြီးမားသော ပြဿနာ မပေါ်ပေါက်ခဲ့ပေ။

အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရအနေဖြင့် အစိုးရအချက်အလက်များ၏ ယုံကြည်ကိုးစားရမှုနှင့် ပတ်သက်သော အာမခံမှုများကို ထပ်မံဖြည့်ဆည်းမည့် SOE များအပါအဝင်
အစိုးရလုပ်ငန်းများ၏ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ဝေရန် စဉ်းစားသင့်သည်။ SOE နှင့် ကုမ္ပဏီကိန်းဂဏန်းများအပေါ် ယေဘုယျ အားဖြင့် အာမခံနိုင်မှုအဆင့်ကို တိုးတက်စေရန် သိသာထင်ရှားသော လုပ်ဆောင်မှုများ လိုအပ်နေသေးကြောင်း IA ၏ စောင့်ကြပ်ကြည့်ရှုခြင်းအရ ၎င်းတို့ သဘောတူညီထား သော အချက်အလက်အရည်အသွေး အာမခံမှုလုပ်ငန်းစဉ်များကို ပြန်လည်စစ်ဆေးရန်နှင့် အချက်အလက် အရည်အသွေးကို တိုးမြင့်စေသော အခြားရွေးချယ်မှုများကို ထည့်သွင်းစဉ်းစားရန် MSG ကို တိုက်တွန်းထားသည်။

90



## ဇယား ၄ - ကနဦးအကဲဖြတ်မှု အကျဉ်းချုပ်ဇယား - ဝင်ငွေကောက်ခံမှု

| EITI သတ်မှတ်ချက်များ | အဓိကတွေ့ရှိမှု အကျဉ်းချုပ် | EITI သတ်မှတ်ချက်များ တိုးတက်မှုကို အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူး၏ ကနဦးအကဲဖြတ်မှု |
|---|---|---|
| ဘက်စုံပါရှိမှု (#၄-၁) | ကုန်ပစ္စည်းကုမ္ပဏီများအားလုံးသည် ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာအတွက် အစီရင်ခံစာပုံစံများကို တင်ပြခဲ့ကြသည်။ အစိုးရနှင့် ကုမ္ပဏီပုံစံများမှ အချက်အလက် အချို့ ပျောက်နေသော်လည်း လုံလောက်သော ရှင်းလင်းမှုများရှိသည်။ ကုန်ပစ္စည်းမဟုတ်သော ကုမ္ပဏီများမှ ပေးချေမှုများကိုလည်း အစိုးရထံ အပြည့်အဝ တင်ပြခဲ့ကြသည်။ | စိတ်ကျေနပ်ဖွယ် တိုးတက်မှု |
| ငွေသားဖြင့်မဟုတ်သော ဝင်ငွေများ (#၄-၂) | ငွေသားဖြင့်မဟုတ်သော ပေးချေမှုများ၏ ပစ္စည်းတန်ဖိုးကို ခွဲခြားစစ်ဆေးခြင်း မရှိသော်လည်း ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာသည် အစိုးရသို့ ငွေသားဖြင့် မဟုတ်သော ပေးချေမှုများ၏ ပစ္စည်းတန်ဖိုးနှင့် ထုထည်ကို သိသာထင်ရှားသော အချက်များ ပါရှိသည်။ သို့သော် MEITI အစီရင်ခံစာနှင့် မိတ်ဖက်အဖွဲ့ဝင်များ၏ ပြောကြားချက်ကြားတွင် မတူညီမှုများရှိသဖြင့် သတ်မှတ်ချက် ၄-၂ သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အကျုံးဝင်မဝင် ရှင်းလင်းမှုမရှိပေ။ မည်သို့ပင်ဖြစ်စေ MOGE ၏ ငွေသားဖြင့် မဟုတ်သည့် ရှယ်ယာများနှင့်ပတ်သက်သော အချက်အလက်ကို PSC ၏ စည်းကမ်းနဲ့အညီ အစီရင်ခံစာတွင် တင်ပြရသည်။ | အဓိပ္ပာယ်ရှိသော တိုးတက်မှု |
| ကုန်ဖလှယ်စနစ်နှင့် အခြေခံရောင်းဝယ်မှုများ (#၄-၃) | မိတ်ဖက်အဖွဲ့ဝင်များ၏ အမြင်များအရ အစီရင်ခံစာမှ တင်ပြသော ကာလအတွင်း မြန်မာနိုင်ငံရှိ ကုန်ဖလှယ်စနစ်နှင့် အခြေခံရောင်းဝယ်မှုများ မရှိဟု ဆိုသည်။ | |

91


| | | |
|---|---|---|
| သယ်ယူပို့ဆောင်ရေးဝင်ငွေများ (#၄-၄) | ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် သက်ဆိုင်ရာ ဝင်ငွေလမ်းကြောင်းများအပါအဝင် အဓိက ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ အားလုံးပါဝင်သည်။ | ကျေနပ်ဖွယ်တိုးတက်မှု |
| SOE များနှင့် အစိုးရကြား အရောင်းအဝယ်များ (#၄-၅) | ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် SOE များနှင့် သက်ဆိုင်သော အရောင်းအဝယ်များ၊ SOE များမှ အစိုးရသို့ လွှဲအပ်မှုများနှင့် ကုန်ပစ္စည်းကုမ္ပဏီများအားလုံးမှ SOE သို့ ပေးချေမှုများအားလုံးကို တင်ပြမှုများ ပါရှိသည်။ သို့သော် SOE များနှင့် အစိုးရကြားမှ လွှဲအပ်မှုများကို တင်ပြခြင်းသည် ရှင်းလင်းခြင်းမရှိကြောင်း အကြံပြုထားသည်ကို တွေ့ရှိရသည်။ | အဓိပ္ပာယ်ရှိသော တိုးတက်မှု |
| တိုင်းဒေသကြီး/ ပြည်နယ်မှ တိုက်ရိုက်ပေးချေမှုများ (#၄-၆) | ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် တိုင်းဒေသကြီး/ ပြည်နယ်မှ တိုက်ရိုက်ပေးချေမှုများသည် မြန်မာနိုင်ငံတွင် မပါဝင်ကြောင်း ပြောကြားထားသည်။ | |
| စုစည်းမှုအဆင့် (#၄-၇) | သတ်မှတ်ချက် ၄-၇ အရ ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် ပါရှိသော အချက်များကို ကုမ္ပဏီ၊ ဝင်ငွေလမ်းကြောင်းနှင့် အစိုးရ လုပ်ငန်းပါဝင်မှု အလိုက် စုစည်းထားသည်။ | ကျေနပ်ဖွယ်တိုးတက်မှု |
| အချက်အလက်အချိန်မှန်ကန်မှု (#၄-၈) | EITI ဘုတ်အဖွဲ့က သဘောတူလက်ခံသော အချက်များဖြစ်သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အချက်အလက်ကို ၂၀၁၈ မတ်လတွင် ထုတ်ဝေခဲ့သည်။ | ကျေနပ်ဖွယ်တိုးတက်မှု |
| အချက်အလက်အရည်အသွေး (#၄-၉) | ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် အချက်အလက်၏ ယုံကြည်ရမှုနှင့် စုံလင်မှုကို IA ၏ အကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှုများကို ရှင်းလင်းစွာ အနှစ်ချုပ်ပြသထားသည်။ နိုင်ငံတကာ ပညာရှင်စံသတ်မှတ်ချက်များကို အသုံးပြု၍ စာရင်းကိုက်ညီခြင်းကို ပြုလုပ်သဖြင့် IA ၏ ယုံကြည်ရမှု၊ ကောင်းမွန်မှုနှင့် တာဝန်ယူမှုနှင့် ပတ်သက်၍ ကြီးမားသော ပြဿနာမရှိပေ။ | ကျေနပ်ဖွယ်တိုးတက်မှု |

92



အတွင်းရေးမှူး၏ အကြံပြုချက်များ -

၁။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရအနေဖြင့် အစိုးရပလက်ဖောင်းများမှတဆင့် ဝင်ငွေအချက်အလက်များကို စနစ်တကျ ပုံမှန်တင်ပြရန် တိုက်တွန်းထားသည်။ MSG အနေဖြင့် ကုမ္ပဏီများနှင့် ဝင်ငွေများအတွက် ကုန်စည်သတ်မှတ်ချက်စံများကို ဆုံးဖြတ်ရာတွင် အချိုးအစားနှင့် နည်းလမ်းများကို ဆုံးဖြတ်၍ ရှင်းလင်းစွာ မှတ်တမ်းတင်ခြင်းကို ပြုလုပ်သင့်သည်။

၂။ သတ်မှတ်ချက် ၄-၂ အရ မြန်မာနိုင်ငံသည် ကဏ္ဍသုံးခုအတွက် ငွေသားမဟုတ်သော ပေးချေမှုများ ၏ တန်ဖိုးကို အမျိုးအစားခွဲ၍ အကဲဖြတ်သင့်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် ငွေသား မဟုတ်သော ပေးချေမှုများရှိမရှိကိုလည်း နောက်လာမည့် အစီရင်ခံစာ တွင် ရှင်းလင်းစွာ တင်ပြသင့်သည်။ ရောင်းချသော ပမာဏများနှင့် ရရှိသော ဝင်ငွေများအပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် နိုင်ငံ၏ ဝေစုကို ရောင်းချမှုများ တင်ပြသင့်သည်။ သတ္တုတွင်းနှင့် ကျောက်မျက်ကဏ္ဍအတွက် ငွေသားမဟုတ်သော ပေးချေမှုများကို SOE သို့ ပေးချေသော ကုမ္ပဏီအလိုက် စုစည်းသင့်ပြီး အစိုးရရှယ်ယာရောင်းချခြင်းနှင့်ပတ်သက်သော ကိစ္စများတွင် ရောင်းချသော ကုမ္ပဏီအလိုက် စုစည်းသင့်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရသည်ငွေသားမဟုတ်သော ပေးချေမှုများဆိုင်ရာ အချက်အလက်များကို အစိုးရပလက်ဖောင်းများမှတဆင့် စနစ်တကျတင်ပြရန် တိုက်တွန်းထားသည်။

၃။ သတ်မှတ်ချက် ၄-၅ အရ အစိုးရအနေဖြင့် ၎င်းထံမှ SOE များထံသို့ လွှဲပြောင်းမှုများ အားလုံးကို အစိုးရပလက်ဖောင်းများတွင် စုံလင်စွာ လူသိရှင်ကြား တင်ပြရမည်။ SOE ၏ အခြားဘဏ်စာရင်းများ မှ အခြားလုပ်ငန်းများကြားရှိ ကုန်ပစ္စည်းလွှဲပြောင်းမှုများ ပြုလုပ်ခဲ့ခြင်းရှိမရှိ အပါအဝင် သတင်းအချက် အလက်ရင်းမြစ်များမှ ဖော်ထုတ်ရရှိပြီးနောက် SOE ရောင်းဝယ်မှုများနှင့်ပတ်သက်၍ တင်ပြသော အချက်အလက်များ စုံလင်ခြင်းရှိမရှိ စစ်ဆေးသင့်သည်။

၄။ နောက်လာမည့် အစီရင်ခံစာတွင် ပရောဂျက်အဆင့် အစီရင်ခံခြင်းနည်းကိုအသုံးပြုရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။ MEITI အနေဖြင့် ပရောဂျက်အဆင့် အစီရင်ခံခြင်းနည်းကို အကောင်အထည်ဖော်ရာတွင် ၂၀၂၀ ဒီဇင်လာတွင် ပရောဂျက်တစ်ခုကို တင်ပြနိုင်ရေး အတွက် EITI အကောင်အထည်ဖော်ရေးကို လုပ်ဆောင်နေသည့် နိုင်ငံများကို သတ်မှတ်ထားသည့်ရက်မတိုင်မီ တိုးတက်အောင် ဆောင်ရွက်နိုင်သော အတိုင်းအတာကို စဉ်းစားဆုံးဖြတ် သင့်သည်။ MSG အနေဖြင့် လိုင်စင်များကို စည်းကြပ်သော ဝင်ငွေ လမ်းကြောင်းများကို စတင်ကိုင်တွယ်ခြင်းကို လုပ်ဆောင်နိုင်ပြီး ပရောဂျက်တစ်ခုစီအလိုက် တင်ပြနိုင်သည်။

၅။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရပလက်ဖောင်းများတွင် နောက်ဆုံးရ အချက်အလက်များကို စနစ်တကျ ပုံမှန်တင်ပြရန်နှင့် ကုမ္ပဏီများကလည်း ထိုသို့ပြုလုပ်ရန် လိုအပ်ကြောင်း မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။

၆။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရအချက်အလက်များ ယုံကြည်ရမှုနှင့် ပတ်သက်သော ထပ်တိုး သေချာစေမှုများကို ပံ့ပိုးပေးမည့် SOE များအပါအဝင် အစိုးရပိုင်လုပ်ငန်းများ ၏ စာရင်းစစ်ပြီးသား ဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ပြန်ရန် အစိုးရအနေဖြင့် စဉ်းစားသင့်သည်။ SOE နှင့် ကုမ္ပဏီကိန်းဂဏန်းများ၏ ယေဘုယျ အာမခံမှုအဆင့်ကို သိသာစွာ တိုးတက်စေရန် လိုအပ်နေသေးကြောင်း IA ၏ လေ့လာသုံးသပ်မှုအရ ၎င်းတို့သဘောတူလက်ခံထားသော အချက်အလက် အရည်အသွေး အာမခံ စနစ်များကို ပြန်လည်ဆန်းစစ်ရန်နှင့် အချက်အလက် အရည်အသွေးကို တိုးမြှင့်ရန် ဖယ်ရှားသင့်သော အခြားအချက်များကို စဉ်းစားရန် MSG ကို တိုက်တွန်းထားသည်။

# ၅။ ဝင်ငွေစီမံခန့်ခွဲခြင်းနှင့် ဖြန့်ဝေခြင်း

## ၅-၁။ အကျဉ်းချုပ်

ဤအခန်းတွင် ဝင်ငွေစီမံခန့်ခွဲမှုနှင့် မျှဝေမှုနှင့် သက်ဆိုင်သည့် EITI သတ်မှတ်ချက်များကို အကောင်အထည်ဖော်ခြင်းကို အသေးစိတ်ဖော်ပြထားသည်။

## ၅-၂။ အကဲဖြတ်ခြင်း

### ဝင်ငွေများကို ဖြန့်ဝေခြင်း (#၅-၁)

#### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

EITI အစီရင်ခံစာ (စာမျက်နှာ ၁၀၆-၁၁၁) တွင် ဝင်ငွေစီးဆင်းမှုများကို ဖော်ပြထားပြီး နိုင်ငံ၏ ဘဏ်စာရင်းများနှင့် SOE ဘဏ်စာရင်းများကို လွှဲပြောင်းသည့် ပေးချေမှုများကို ဖော်ထုတ်ထားသည်။ သယံဇာတတူးဖော်ရေးလုပ်ငန်းဝင်ငွေများကို SOE များက ၎င်းတို့၏ အခြားဘဏ်စာရင်းများတွင် သီးသန့်ဆောင်ရွက်မှုများနှင့် မတည်ရင်းနှီးမှုအတွက် ကုမ္ပဏီ၏ ကိုယ်ပိုင်ရံပုံငွေအဖြစ်အဓိက ထည့်သွင်းထား ကြကြောင်းအစီရင်ခံစာတွင် ရှင်းပြထားသည်။ SOE များသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် သယံဇာတတူးဖော်ရေးကဏ္ဍမှ အသားတင်ဝင်ငွေရရှိမှုစုစုပေါင်း၏ ၃၃% ဖြစ်သည့် မြန်မာကျပ်ငွေ ၉၅၃.၅၉၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၇၉ မီလီယံ) ကို ထည့်သွင်းထားသည် (စာမျက်နှာ ၁၁)။ SOE များသည် နိုင်ငံအစိုးရ၏ ဘတ်ဂျက်ငွေကို အဓိကဘဏ္ဍာရေးနည်းလမ်းနှစ်ခုဖြင့် ပံ့ပိုးပေးခဲ့သည်။ ပထမတစ်ခုမှာ လုပ်ငန်းများအားလုံး (နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်နှစ်ခုလုံး) ကို အမြတ်ခွန် ၂၅% ဆောင်စေခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းမှာ နိုင်ငံ၏ရှယ်ယာပေါ် အမြတ်ယူခြင်းပုံစံဖြစ်ပြီး အစိုးရဘတ်ဂျက်သို့ SOE များ၏ အမြတ်ငွေ၏ ၂၀% ကို တိုက်ရိုက်လွှဲပေးရသည်။ ကျန်ရှိသော ရှယ်ယာကို ရင်းနှီးမြှုပ်နှံမှုထံ ကိုယ်တိုင်ထည့်သွင်းခြင်း သို့မဟုတ် နိုင်ငံသို့ လွှဲပြောင်းပေးရခြင်းအတွက် အသုံးပြုသည် (စာမျက်နှာ ၁၀၆)။ ကုမ္ပဏီများမှ အစိုးရအေဂျင်စီများသို့ ဝင်ငွေလမ်းကြောင်းတစ်ခုစီအတွက် ပေးချေမှုလမ်းကြောင်းများကို (စာမျက်နှာ ၁၀၄ - ၁၀၆) တွင် ဖော်ပြထားသည်။

ဘတ်ဂျက်ဖြစ်စဉ်ကို (စာမျက်နှာ ၉၀-၉၁) တွင် ဖော်ပြထားသည်။ အစီရင်ခံစာတွင် စာရင်းအင်းစနစ်ကို ငွေသားအခြေပြုထားပြီး ဘတ်ဂျက်ကို အခွန်ဝင်ငွေ၊ သဘာဝအရင်းအမြစ်များမှ ဝင်ငွေများ၊ နိုင်ငံပိုင်လုပ်ငန်းများမှ ဝင်ငွေများနှင့် အခြားအခွန်မဟုတ်သော ဝင်ငွေများဟူ၍ အဓိကရင်းမြစ် လေးခုဖြင့် ခွဲခြားထားကြောင်း ရှင်းပြထားသည်။ SOE ဘတ်ဂျက်သည် နိုင်ငံဘတ်ဂျက်တွင် ပါဝင်သော်လည်း SOE ၏ ဘတ်ဂျက်များ၏ အစိတ်အပိုင်းအချို့သည် ကိုယ်ပိုင်ရံပုံငွေကို မှီခိုရသည်။ MEITI အစီရင်ခံစာတွင် MOPF နှင့် ဆွေးနွေးအကြံပြုရာတွင် SOE များ၏ အခြားဘဏ်စာရင်းများမှ ဝင်ငွေများအပါအဝင် လက်ခံရရှိငွေနှင့် အသုံးစရိတ်များအားလုံးကို နိုင်ငံဘတ်ဂျက် တွင် စုစည်းထည့်သွင်းထားကြောင်း တွေ့ရှိရသည်။

MEITI အစီရင်ခံစာ (စာမျက်နှာ ၁၁) တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တု SOE များမှရရှိသော စုစုပေါင်းဝင်ငွေများသည် မြန်မာကျပ်ငွေ ၂,၆၈၈,၆၃၄ မီလီယံရှိကြောင်း ထပ်မံဖော်ပြထားသည်။[95]ထိုဘဏ္ဍာရေးနှစ်အတွင်းမှာပင် တူးဖော်ရေး SOE ခြောက်ခုသည် အခြားဘဏ်စာရင်းများသို့ မြန်မာကျပ်ငွေ ၉၅၃၆၉၁ မီလီယံ လွှဲပြောင်းပေးခဲ့ပြီး အစိုးရက ကောက်ခံရရှိသော သတ္တု တူးဖော်ရေး ဝင်ငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ ၂၈၆၉၉၉၂ မီလီယံ (အမေရိကန်ဒေါ်လာ ၂.၃ မီလီယံ) ရှိသည်။ ထိုဝင်ငွေများကို SOE များက ၎င်းတို့၏ အခြားဘဏ်စာရင်းများတွင် သီးသန့်ဆောင်ရွက်မှုများနှင့် မတည်ရင်းနှီးမှုအတွက် ကုမ္ပဏီ၏ ကိုယ်ပိုင်ရံပုံငွေအဖြစ် အဓိက ထည့်သွင်းထား ကြသည်။ SOE များသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် သယံဇာတတူးဖော်ရေးကဏ္ဍမှ အသားတင်ဝင်ငွေရရှိမှုစုစုပေါင်း၏ ၃၃% ဖြစ်သည့် မြန်မာကျပ်ငွေ ၉၅၃.၅၉၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၇၉ မီလီယံ) ကို ထည့်သွင်းထားသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ဝင်ငွေများကို ဖြန့်ဝေခြင်းအကြောင်း ဆက်လက်ရှင်းပြရာတွင် MEITI အစီရင်ခံစာ (စာမျက်နှာ ၅၅) တွင် SOE များအနေဖြင့် ကုန်ကြမ်းများကို ဝယ်ယူသည့် ကုန်ကျစရိတ်များမှလွဲ၍ ကျန်သော လုပ်ငန်းလည်ပတ်စရိတ်ကို ကာမိသည့် နှစ်စဉ်ဘတ်ဂျက်ခွဲတမ်းကို ရရှိကြောင်း ဖော်ပြထားသည်။ ထိုကုန်ကြမ်း စရိတ်များကို SOE ၏ ဘဏ်စာရင်းများမှ ပေးချေကြရပြီး နောက်နှစ်စာရင်းလက်ကျန်သို့ ဆက်လက်မှတ်တမ်း တင်သွားလေ့ရှိသည်။ ထိုနည်းလမ်းသည် SOE များအနေဖြင့် ထိုရံပုံငွေများကို လုပ်နိုင်သည့် အနေအထားကို ရှင်းလင်းစွာသတ်မှတ်ထားခြင်းမရှိသဖြင့် အကျိုးအမြတ်များသော SOE များအနေဖြင့် ၎င်းတို့၏ အခြားဘဏ်စာရင်းများတွင် ဝင်ငွေအများကြီးကို ထားရှိရန် အခွင့်အလမ်းဖြစ်စေ သည်ဟု MEITI

[95] မြန်မာငွေ 847,128မီလီယံကိုMoPFသို့ (IRD, အကောက်ခွန်နှင့် ဘဏ်တိုက်ဌာန)၊ မြန်မာငွေ 343,072မီလီယံကိုOGDP (ယခင် EPD)သို့၊ မြန်မာငွေ 4,343မီလီယံကိုဗဟိုကော်မတီသို့၊ မြန်မာငွေ 20,643မီလီယံကိုDoMသို့ လွှဲပြောင်းခဲ့သည်။

အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာ (စာမျက်နှာ ၅၆) တွင် ထိုအခြားဘဏ်စာရင်းများမှ ပမာဏကို မည်သည့်အစိုးရအဖွဲ့ထံသို့မှ လွှဲပြောင်းပေးခြင်းမရှိကြောင်း ဖော်ပြထားသည်။ ၂၀၁၅-၂၀၁၆ အတွင်း MOGE မှ အစိုးရထံသို့ လွှဲပေးသော အသားတင်ပေးချေမှုပမာဏသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ဝင်ငွေများနှင့် ပြည်သူ့အသုံးစရိတ်များ၏ ၃၇% နှင့် ၄% အသီးသီးနှင့်ညီမျှသည်။ MOGE သည် ထိုနှစ်အတွင်း ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၆၄၄.၇ မီလီယံ (မြန်မာကျပ်ငွေ ၇၈၈.၈ ဘီလီယံ) ကို အခြားဘဏ်စာရင်းများထဲသို့ သွင်းခဲ့ပြီး အဓိက SOE ခြောက်ခုမှာ ထိုဘဏ်စာရင်းများထဲသို့ အမေရိကန်ဒေါ်လာ ၇၆၂.၅ မီလီယံ (မြန်မာကျပ်ငွေ ၉၃၂.၉ ဘီလီယံ) သွင်းခဲ့ကြသည်။ သတ္တုတူးဖော်ရေးအတွက် MEITI အစီရင်ခံစာ (စာမျက်နှာ ၇၃) မှ ကိန်းဂဏန်းများသည် MONREC အောက်ရှိ SOE များသည် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၅.၉၅ မီလီယံ (မြန်မာကျပ်ငွေ ၁၂၉.၆ ဘီလီယံ) ကို အခြားဘဏ်စာရင်းများသို့ သွင်းခဲ့သည်။ အစီရင်ခံစာ၏ အခြားတစ်ခန်းတွင် (စာမျက်နှာ ၇၆) တူးဖော်ရေး SOE များက ရရှိသော ပမာဏများသည် တူးဖော်ရေးဝင်ငွေနှင့် အထွေထွေအသုံးစရိတ်မှာ ၇၁% နှင့် ၃% အသီးသီး ဖြစ်ကြောင်း ဖော်ပြထားသည်။ သတ္တုတွင်းကဏ္ဍ SOE များသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၆၀ မီလီယံ (မြန်မာကျပ်ငွေ ၅၅၇ ဘီလီယံ) ကို အခြားဘဏ်စာရင်းများထဲသို့ သွင်းခဲ့သည်။

MEITI အစီရင်ခံစာ (စာမျက်နှာ ၁၀၉) တွင် တူးဖော်ရေးဝင်ငွေများ၏ ၇၉% ကျော်ကို SOE များက မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်ထားသော အခြားဘဏ်စာရင်းများမှတဆင့် ကောက်ယူပြီး ထိုဘဏ်စာရင်းတွင် အသုံးစရိတ်များအပါအဝင် ဝင်ငွေများလည်းပါဝင်ပြီး အရှုံးအမြတ်ကို တွက်ချက်ထားပြီးဖြစ်ကြောင်း ပြောကြားထားသည်။ MOPF မှတ်တမ်းအရ SOE များ၏ အခြားဘဏ်စာရင်းများသည် နိုင်ငံတော်ရံပုံငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်သဖြင့် နိုင်ငံတော်ဘတ်ဂျက်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ SOE များ၏ အခြားဘဏ်စာရင်းများသည် ဘတ်ဂျက်ဘဏ်စာရင်းများနှင့် တစ်စုတစ်စည်းတည်းဖြစ်ပြီး ဘတ်ဂျက်လိုငွေပြ နေခြင်းကို ညှိရာတွင် အသုံးပြုသည်။ သို့သော် MEITI အစီရင်ခံစာ(စာမျက်နှာ ၁၁၀-၁၁၁) တွင် ဤရှင်းတမ်းနှင့်မတူညီစွာ SOE များ၏ အခြားဘဏ်စာရင်းများသည် သီးခြားဖြစ်ပြီး နိုင်ငံတော်ရံပုံငွေ ဘဏ်စာရင်းမှ ကွဲပြားနေကြောင်း ဖော်ပြထားသည်။

နိုင်ငံတကာအဆင့်မီ ဝင်ငွေအမျိုးအစား ခွဲခြားခြင်းစနစ်ကို အသုံးပြုထားသော အထောက်အထားမရှိပေ။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MEITI အစီရင်ခံစာတွင် ပုဂ္ဂလိကကုမ္ပဏီများက အစိုးရသို့ ငွေသားမဟုတ်သော ပေးချေမှုများ စီးဆင်းမှုများကို ဖော်ပြရာ၌ မတူညီမှုများရှိနေကြောင်း SOE ကိုယ်စားလှယ်တစ်ဦးက ထောက်ပြထားသည်။ ဥပမာအားဖြင့် စာမျက်နှာ ၁၀၆ မှ ပုံတွင် MOGE မှ ရရှိသော ငွေသားမဟုတ်သော ပေးချေမှုသည် DMO နှင့် လောင်စာ ထောက်ပံ့ငွေများဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် အစီရင်ခံစာ၏ အခြားနေရာတွင် (စာမျက်နှာ ၅၄) MOGE သည် နိုင်ငံတော်၏ ရေနံအမြတ်ငွေရှယ်ယာကို ရောင်းချ၍ကောက်ယူကြောင်း ဖော်ပြထားသည်။ ထို့ပြင် သို့သော် အစီရင်ခံစာ၏ အခြားနေရာတွင် (စာမျက်နှာ ၁၂၂) ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ငွေသားမဟုတ်သော ပေးချေမှုများကို ခြောက်မျိုးခွဲခြားထားပြီး ငွေသားမဟုတ်သော စာရင်းများ (စာမျက်နှာ ၁၃၄) တွင် ငွေသားမဟုတ်သော ပေးချေမှုများကို ခုနစ်မျိုးခွဲခြားစာရင်းကိုက်ထားသည်။ တူးဖော်ခွင့်ကို ငွေသားဖြင့်ပေးရပြီး ထုတ်လုပ်မှုဝေစုကိုသာ ငွေသား မဟုတ်သောပေးချေမှုဖြင့်ပေးရသဖြင့် SOE ကိုယ်စားလှယ်တစ်ဦးက MEITI အစီရင်ခံစာ (စာမျက်နှာ ၁၁၀) ရှိ ဝင်ငွေစီးဆင်းမှုပြပုံသည် လွဲနေကြောင်း ရှင်းပြသည်။

တူးဖော်ရေးဝင်ငွေများ၏ ၇၁% ကို SOE များ၏ အခြားဘဏ်စာရင်းများသို့ လွှဲပြောင်းခဲ့ကြောင်း ဖော်ပြထားသည့် MEITI အစီရင်ခံစာရှိ ရှင်းတမ်းကို မှတ်ချက်ပေးရန် တောင်းဆိုသောအခါ SOE ကိုယ်စားလှယ်များက ၎င်းတို့အနေဖြင့် ထိုအခြားဘဏ်စာရင်းများသို့ လွှဲသင့်သည့် ငွေပမာဏကို ဆုံးဖြတ်ရာတွင် MOPF ၏ လမ်းညွှန်ချက်များကို လိုက်နာခဲ့ကြောင်း ရှင်းပြကြသည်။ EITI အစီရင်ခံစာတွင် ဖော်ပြထားသည့် ထိုအခြား ဘဏ်စာရင်းများနှင့်ပတ်သက်သော ကိစ္စများသည် လွှတ်တော်အမတ်တစ်ဦးက ထိုအခြားဘဏ်စာရင်းများသို့ SOE များက ဝင်ငွေများကို စီမံနေသော နည်းလမ်းကို မေးသည့်အချိန်နောက်ပိုင်း၌ မီဒီယာတွင် စိတ်ဝင်စားစရာဖြစ်လာခဲ့ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးပါတနာများမှ ပြောပြကြသည်။ ဥပဒေ ချမှတ်သူတစ်ဦးကမူ ထိုအခြားဘဏ်စာရင်းများမှ ဝင်ငွေများကို ထုတ်ယူပြီး နိုင်ငံတော်ဘတ်ဂျက်ထဲသို့ ပြောင်းထည့်ပေးရမည်ဖြစ်ကြောင်း တောင်းဆိုခဲ့ သည်။

ဆွေးနွေးအကြံပြုခဲ့ကြသော CSO များစွာက ထိုအခြားဘဏ်စာရင်းများသည် ယခု ၎င်းတို့မြင်နေရသည့် လုပ်ဆောင်ချက်များထက် ပို၍နိုင်ငံရေးဆန်သော လုပ်ဆောင်ချက်များလုပ်ရန်လိုအပ်ကြောင်းနှင့် ဝင်ငွေ ဖြန့်ဝေမှုများကို ပိုမိုကျယ်ပြန့်စွာ ရှင်းပြသင့်ကြောင်း ပြောကြသည်။ ဤအကြောင်းအရာကို ဆွေးနွေးရန် အခွင့်အရေးများစွာ ရမည်မထင်ကြောင်း ပြောကြသည်။ ဥပမာအားဖြင့် ထိုအခြားဘဏ်စာရင်းများနှင့်ပတ်သက်၍ လွှတ်တော်တွင် ဆွေးနွေးမှုလုပ်သင့်သည်ဟု ထင်မြင်ကြသည်။ MSG တွင်လည်း ဆွေးနွေးသင့်သော်လည်း ယခုအထိ ဆွေးနွေးခြင်းမရှိကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် ဤသတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် တိုးတက်မှုသည် လုံလောက်မှုမရှိဟု ဆိုသည်။သတ်မှတ်ချက် ၅-၁ အရ တူးဖော်ရေးကဏ္ဍမှ ဝင်ငွေဖြန့်ဝေမှုကို ရှင်းပြထားကြောင်း ပြဌာန်းထားသည်။ အခြားဘဏ်စာရင်းများသို့ ဝင်ငွေများ၏ များပြားသော အစိတ်အပိုင်းများ ဝင်ရောက်သွားကြောင်း သိရပြီး နိုင်ငံတော်ဘတ်ဂျက်တွင် မှတ်တမ်းတင်ထားခြင်းရှိမရှိ ရှင်းလင်းစွာ ဖော်ပြခြင်းမရှိသည့်အပြင် ထိုငွေများကို ခွဲတမ်းချပုံကိုလည်း လုံလောက်စွာ ရှင်းပြထားခြင်းမရှိပေ။ ထိုရံပုံငွေများကို SOE များ၏ စီမံခန့်ခွဲမှုကို လူသိရှင်ကြား ရရှိနိုင်သော အစီရင်ခံစာကိုလည်း မတွေ့ရှိရပေ။

သတ်မှတ်ချက် ၅-၁ အရ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ဘတ်ဂျက်တွင် မှတ်တမ်းတင်ထားခြင်းမရှိသော တူးဖော်ရေးကဏ္ဍမှ ဝင်ငွေများနှင့်ပတ်သက်၍ ပိုမိုရှင်းပြရန် လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် MSG သည် EITI မှ အစီရင်ခံသည့်နယ်ပယ်ကို ထိုအခြားဘဏ်စာရင်းများကို စစ်ဆေးသည့်အခြေအနေအထိ ချဲ့ရန်လိုအပ်ပြီး ထိုဘဏ်စာရင်းများသို့ ဝင်သွားသော တူးဖော်ရေးကဏ္ဍမှ ဝင်ငွေအတိအကျနှင့် ထိုငွေများကို သုံးစွဲပုံနှင့်အတူ ထိုဘဏ်စာရင်းများကို ထိန်းသိမ်းစီမံသည့် စည်းကမ်းများကိုပါ ရှင်းပြသင့်သည်။

### တိုင်းဒေသကြီး/ပြည်နယ်မှလွှဲအပ်မှုများ (#၅-၂)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

တိုင်းဒေသကြီး/ပြည်နယ်မှ လွှဲအပ်မှုများသည် မြန်မာနိုင်ငံတွင် အသုံးမပြုကြောင်း EITI အစီရင်ခံစာတွင် အတည်ပြုထားသည် (စာမျက်နှာ ၁၀၄-၁၀၅)။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

ဗဟိုအစိုးရနှင့် ဒေသအစိုးရများအကြား တူးဖော်ရေးဝင်ငွေများ လွှဲပြောင်းမှုမရှိကြောင်း မိတ်ဖက်အဖွဲ့ဝင်များက ပြောကြားခဲ့သည်။

### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ အစကနဦးအကဲဖြတ်မှုတွင် ထိုသတ်မှတ်ချက်သည် မြန်မာနိုင်ငံကို လေ့လာနေသည့်ကာလအတွင်း အသုံးပြုခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ အစီရင်ခံစာနှင့် မိတ်ဖက်အဖွဲ့ဝင်များက မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး/ပြည်နယ်မှ လွှဲအပ်မှုများမရှိကြောင်း အတည်ပြုခဲ့ကြသည်။

### ဝင်ငွေစီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များအတွက် ဖြည့်စွက်အချက်အလက်များ (#၅-၃)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*ဘေးဖယ်ထားသော ဝင်ငွေများ* - EI ဝင်ငွေများမှ အသုံးစရိတ်ခွဲတမ်းကို (စာမျက်နှာ ၁၀၇-၁၀၈) တွင် ဖော်ပြထားသည်။ (စာမျက်နှာ ၁၀၇-၁၀၈) ရှိ ဝင်ငွေစီးဆင်းမှုပုံစံများအရ ဝင်ငွေများကို သီးသန့်အသုံးစရိတ်များအတွက် ဘေးဖယ်ထားသည်ကို မတွေ့ရပေ။ ဥပဒေဖော်ပြချက်အရ ငွေတိုက် သို့မဟုတ် IRD မှ ရရှိသော ဝင်ငွေများအားလုံးသည် ဘုံဘတ်ဂျက်သို့ ဝင်ရမည်ဟု ဆိုသည်။ အခြားဘဏ်စာရင်းများသို့ လွှဲလိုက်သော တူးဖော်ရေးဝင်ငွေများသည် အခြားလုပ်ဆောင်ချက်တစ်ခုခု ဥပမာ - ဒေသတစ်ခုခုရှိ ပရောဂျက်အတွက် ဖယ်ထားခြင်းဟုတ်မဟုတ် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပေ။

96



*ဘတ်ဂျက်လုပ်ငန်းစဉ်* - ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ဘတ်ဂျက်လုပ်ငန်းစဉ်ကို သုံးသပ်ချက်အကျဉ်းပါရှိသည်။ နိုင်ငံတော် ဘတ်ဂျက် ဥပဒေကို ထုတ်ပြန်ခဲ့သော လင့်ခ်ကို (စာမျက်နှာ ၉၁-၉၅) အစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံတော်ဘတ်ဂျက်ဥပဒေတွင် နိုင်ငံတော်မှ ပြည်နယ်များနှင့် ဒေသများကို ရံပုံငွေလွှဲပြောင်းမှုများနှင့် ပတ်သက်သော အချက်အလက်များပါဝင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် လက်ရှိလုပ်ဆောင်နေသော နိုင်ငံဘဏ္ဍာစီမံခန့်ခွဲရေး (PFM) ပြုပြင်ပြောင်းလဲမှုများကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ PFM ခေတ်မီအဆင့်မြင့်ရေးကို (၁) ဝင်ငွေ ရွှေ့လျားမှု (၂) ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့် စီမံကိန်းချခြင်း (၃) ဘတ်ဂျက်အကောင်အထည်ဖော်ခြင်း (၄) ပြင်ပမှ လေ့လာဆန်းစစ်ခြင်းနှင့် (၅) စွမ်းအားတည်ဆောက်ခြင်း ဟူသည့် နယ်ပယ် ၅ ခုတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

EITI အစီရင်ခံစာတွင် ဝင်ငွေစီမံခန့်ခွဲမှုနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်များကို သုံးသပ်ချက်နှင့်ပတ်သက်၍ အထူးတလည် ထင်မြင်ချက်များ ဖော်ပြထားခြင်းမရှိပေ။ သုံးလပတ်စာရင်းရှင်းတမ်းများနှင့် နှစ်ချုပ်စာရင်းရှင်းတမ်းများပါဝင်သည့် ပြည်သူများ၏ဘတ်ဂျက်ကို အစိုးရဝက်ဘ်ဆိုဒ်များတွင် ဖော်ပြထားကြောင်း အစိုးရဘက်မှ ရှယ်ယာရှင်များက ပြောကြားကြသည်။ နိုင်ငံတော်ဘတ်ဂျက်နှင့်ပတ်သက်သော အချက်အလက်အပေါ်တွင် နိုင်ငံမှ သိလိုစိတ်များပြားလာပြီး ထိုအချက်အလက်များကို ရရှိနိုင်မှုသည် မကြာသေးခင်နှစ်များအတွင်း ပိုမိုကောင်းမွန်လာပြီး ဘတ်ဂျက်လေ့လာဆန်းစစ်မှုများကို လုပ်ဆောင်လာနိုင်ကြောင်း နိုင်ငံCSO ကိုယ်စားလှယ်တစ်ဦးမှ ပြောကြားသည်။

### ကနဦးအကဲဖြတ်ချက်

အကောင်အထည်ဖော်နေသော နိုင်ငံများအနေဖြင့် ဝင်ငွေစီမံခန့်ခွဲမှုကို ဦးတည်လုပ်ဆောင်ရန် မလိုအပ်သေးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ EITI အခြေအနေတွင် ထိုသတ်မှတ်ချက်ကို အသုံးပြုခြင်းမရှိသေးပေ။ MSG အနေဖြင့် ဘတ်ဂျက်စီစဉ်ခြင်းလုပ်ငန်းစဉ်၏ အချက်အလက်အပါအဝင် ပြည်သူ့ဘဏ္ဍာနှင့် ဝင်ငွေစီမံခန့်ခွဲမှုကို ပြန်လည်ပြုပြင်ရေးလုပ်ဆောင်ရာတွင် အားထုတ်မှုရှိကြောင်း EITI အစီရင်ခံစာတွင် တွေ့ရှိရသည်မှာ အားတက်စရာဖြစ်သည်။

## ဇယား ၅ - ကနဦးအကဲဖြတ်မှုဇယားအကျဉ်းချုပ် - ဝင်ငွေစီမံခန့်ခွဲရေးနှင့် ဖြန့်ဝေမှု

| EITI သတ်မှတ်ချက်များ | အဓိကတွေ့ရှိမှုများ အကျဉ်းချုပ် | EITI သတ်မှတ်ချက်များ ၏ တိုးတက်မှုကို အပြည့်ပြည့်ဆိုင်ရာ အတွင်းရေးမှူး၏ ကနဦးအကဲဖြတ်မှု |
|---|---|---|
| ဝင်ငွေဖြန့်ဝေမှု (#၅-၁) | ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် တူးဖော်ရေးဝင်ငွေများ၏ များပြားသော အစိတ်အပိုင်း သည် အခြားဘဏ်စာရင်းများ သို့ ဝင်သွားသော်လည်း ထိုအခြားဘဏ်စာရင်းများကို နိုင်ငံတော် ဘတ်ဂျက်တွင် မှတ်တမ်းတင်ထားခြင်းမရှိကြောင်းနှင့် ထိုငွေများကို ခွဲတမ်းချပုံကိုလည်း လုံလောက်စွာ ရှင်းပြထားခြင်း မရှိသည့်အပြင် SOE ၏ ရံပုံငွေ စီမံခန့်ခွဲရေးကို ဖော်ပြသော အစီရင်ခံစာများကို လူသိရှင်ကြား တင်ပြထားခြင်းမရှိကြောင်း ဖော်ပြထားသည်။ | တိုးတက်မှု မလုံလောက် |
| တိုင်းဒေသကြီး/ပြည်နယ်လွှဲအပ်မှုများ (#၅-၂) | ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံနှင့် မိတ်ဖက်အဖွဲ့ဝင်များ၏ အမြင်အရ တိုင်းဒေသကြီး/ပြည်နယ်လွှဲအပ်မှုများ ကို မြန်မာနိုင်ငံတွင် ပြုလုပ်ခြင်းမရှိကြောင်း အတည်ပြုထားသည်။ | အသုံးပြုလိုက်နာခြင်းမရှိ |
| ဝင်ငွေစီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များ၏ အချက်အလက် (#၅-၃) | MSG သည် ဘတ်ဂျက်စီစဉ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သော အချက်အလက်များအပါအဝင် ပြည်သူ့ဘဏ္ဍာနှင့် ဝင်ငွေစီမံခန့်ခွဲမှုကို ပြန်လည်ပြုပြင်ရေး လုပ်ဆောင်ရာတွင် အားထုတ်မှုရှိကြောင်း EITI အစီရင်ခံစာတွင် တွေ့ရှိရသည်မှာ အားတက်စရာ ဖြစ်သည်။ | |

97



အတွင်းရေးမှူး၏ အကြံပြုချက်များ -

၁။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ဘတ်ဂျက်တွင် မှတ်တမ်းတင်ထားခြင်းမရှိသော တူးဖော်မှုဝင်ငွေများနှင့်ပတ်သက်၍ ပိုမိုရှင်းလင်းမှု လုပ်ရန် လိုအပ်သည်။ MSG အနေဖြင့် EITI မှ အစီရင်ခံသည့်နယ်ပယ်ကို ထိုအခြားဘဏ်စာရင်းများကို စစ်ဆေးသည့်အခြေအနေအထိ ချဲ့ရန်လိုအပ်ပြီး ထိုဘဏ်စာရင်းများသို့ ဝင်သွားသော တူးဖော်ရေးကဏ္ဍမှ ဝင်ငွေအတိအကျနှင့် ထိုငွေများကို သုံးစွဲပုံနှင့်အတူ ထိုဘဏ်စာရင်းများကို ထိန်းသိမ်းစီမံသည့် စည်းကမ်းများကိုပါ ရှင်းပြသင့်သည်။

98



## ၆။ လူမှုရေးနှင့် စီးပွားရေးအတွက် သုံးစွဲမှု

## ၆-၁။ သုံးသပ်ချက်

ဤအခန်းတွင် လူမှုရေးနှင့် စီးပွားရေးအတွက် သုံးစွဲမှု (SOE ဘဏ္ဍာရေးနှင့် မဆိုင်သောအသုံးစရိတ်များ၊ လူမှုရေးအသုံးစရိတ်များ EITI သတ်မှတ်ချက်များကို အကောင်အထည်ဖော်ခြင်း အသေးစိတ်အချက်အလက်များကို ဖော်ပြထားသည်။

### ၆-၂။ အကဲဖြတ်ချက်

#### လူမှုရေးအသုံးစရိတ်များ (#၆-၁)

## လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

**ရေနံနှင့် သဘာဝဓာတ်ငွေ့** - ဥပဒေအရ သတ်မှတ်ထားသော လူမှုရေးအသုံးစရိတ်များကို PSC များနှင့်အညီ လုပ်ဆောင်ရန်လိုအပ်သော်လည်း စာချုပ်များတွင် လိုအပ်သော အသုံးစရိတ်များ၏ သဘောသဘာဝကို သတ်မှတ်ထားခြင်း သို့မဟုတ် အနည်းဆုံးပမာဏကို ချမှတ်ထားခြင်းမရှိကြောင်း EITI အစီရင်ခံတွင် ရှင်းပြထားသည်။

အသစ်ချမှတ်ထားသော PSC များအရ ကန်ထရိုက်တာများသည် သင်တန်းရံပုံငွေ (ရှာဖွေနေစဉ်အတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၅၀၀၀၊ ထုတ်လုပ်နေစဉ်အတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၅၀၀၀၀) နှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးရံပုံငွေ (ရေနံတွင် ကန်ထရိုက်တာ၏ အမြတ်ရှယ်ယာ၏ ၀.၅%) ဟူသည့် ပေးဆောင်မှုများကို လုပ်ဆောင်ရန် လိုအပ်သည်။ နမူနာ PSC တွင် လူမှုရေးရင်းနှီးမြှုပ်နှံမှုပရိုဂရမ်ကို မလိုအပ်သော်လည်း မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် လက်ရှိဆွေးနွေးမှုများရှိနေပြီး ရင်းနှီးမြှုပ်နှံသူများကို ၎င်းတို့၏ အမြတ်ခွန် ကြိုတင်ပေးဆောင်ခြင်း၏ ၁-၃% ကို CSR ပရိုဂရမ်များအတွက် ဖယ်ထားရန်နှင့် ထိုငွေကို ဒေသရပ်ရွာအဖွဲ့အစည်းများနှင့် အာဏာပိုင်များနှင့် ပူးပေါင်း၍ သုံးစွဲရန် ဆုံးဖြတ်ချက်များ ချမှတ်ရန် အားပေးတိုက်တွန်းထားသည် (စာမျက်နှာ ၅၇)။

**သတ္တုတူးဖော်ရေး** - ဤအစီရင်ခံတွင် မြန်မာနိုင်ငံ၌ သတ္တုတူးဖော်ရေးကုမ္ပဏီများအတွက် လူမှုရေးအသုံးစရိတ်များနှင့်ပတ်သက်၍ အထူး သီးသန့် ဥပဒေများမရှိကြောင်း ရှင်းပြထားသည်။ တူးဖော်ရေးကုမ္ပဏီအချို့သည် ထိရောက်သော CSR အစီအစဉ်များကို မိမိသဘောဆန္ဒအရ ပါဝင်ကြသည်။ ရပ်ရွာအဖွဲ့အစည်းတိုးတက်မှုအတွက် တရားဝင်သတ်မှတ်ချက် သို့မဟုတ် မူဘောင်ချမှတ်ထားခြင်း မရှိသည့်အတွက် ကုမ္ပဏီများအနေဖြင့် တူးဖော်ရေး လုပ်ငန်းများ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ အရ) ပတ်လည်ရှိ မကောင်းသော သက်ရောက်မှုများကို လျော့ပါး သက်သာအောင်လုပ်ဆောင်ရန် မလိုအပ်ပေ။

ကဏ္ဍခွဲများအားလုံးမှ မိမိဆန္ဒအရ သုံးစွဲသော လူမှုရေးအသုံးစရိတ်များ၏ ကိန်းဂဏန်းအမှန်ကို (စာမျက်နှာ ၁၇၀) တွင် ဖော်ပြထားသည်။ ပမာဏများကိုမူ ကုမ္ပဏီများက တစ်ဖက်သတ်ကြေငြာထားပြီး စာရင်းကိုက်ခြင်းတွင် ပါဝင်ထားခြင်းမရှိပေ။ နောက်ဆက်တွဲ ၁၅ တွင် ကုမ္ပဏီတစ်ခုချင်းစီမှ မိမိဆန္ဒအရ သုံးစွဲသော လူမှုရေးအသုံးစရိတ်များကို တင်ပြထားသည်။ ပရောဂျက်များကို ကုမ္ပဏီအနည်းငယ်ကသာ ရေးသားဖော်ပြထားသည်။

#### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

သတ္တုနှင့် ကျောက်မျက်ကဏ္ဍမှ မိတ်ဖက်အဖွဲ့ဝင်များသည် ထိုကဏ္ဍတွင် တရားဝင်သတ်မှတ်ထားသော လူမှုရေးအသုံးစရိတ်များမရှိကြောင်းနှင့် လူမှုရေးပရောဂျက်များအားလုံးကို မိမိသဘောဆန္ဒအရ လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း ပြောကြားသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ တစ်ခုတည်းသော သတ်မှတ်ချက်မှာ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးစီမံကိန်းကို လိုက်နာရန်ဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးက ရှင်းပြသည်။ ကုမ္ပဏီများက မိမိသဘောအရ လုပ်ဆောင်သော CSR လှုပ်ရှားမှုများကို DOM ၏ ဝက်ဘ်ဆိုဒ်တွင် မှတ်တမ်းတင်ထားသည်။

သို့သော် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် MEITI အစီရင်ခံစာ၊ SOE/ အစိုးရ ကိုယ်စားလှယ်များနှင့် ကုမ္ပဏီများမှ အချက်အလက်များသည် တူညီမှုမရှိကြပေ။ MEITI အစီရင်ခံစာတွင် ရှင်းပြထားသည်။
ဥပဒေအရ သတ်မှတ်ထားသော လူမှုရေးအသုံးစရိတ်များကို PSC များနှင့်အညီ လုပ်ဆောင်ရန်လိုအပ်သည်ဟု ဆိုသဖြင့် ထိုအချက်သည် တရားဝင်ဖြစ်သည်ဟု ဆိုလိုသည်။ လူမှုရေးအသုံးစရိတ်များသည် PSC များနှင့်အညီ တရားဝင်ဖြစ်ပြီး ငွေပမာဏကိုမူ ကုမ္ပဏီများ ကိုယ်တိုင် ဆုံးဖြတ်စေသည်ဟု

99



SOE/ အစိုးရ ကိုယ်စားလှယ်များက ပြောကြားသည်။ သို့သော် လူမှုရေးပရောဂျက်များ လုပ်ဆောင်ရန်တာဝန်မှာ စာချုပ်အချို့တွင်သာ ပါရှိသည်ဟု ရေနံကုမ္ပဏီများက ပြောကြားသည်။ ပါဝင်ဆွေးနွေးသော ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများက တရားဝင်သတ်မှတ်သော လူမှုရေးအသုံးစရိတ်များကို ပါဝင်လုပ်ဆောင်ခဲ့ခြင်းမရှိဟု ပြောပြသည်။ ၎င်းတို့၏ လူမှုရေးပရောဂျက်များအားလုံးသည် မိမိဆန္ဒအရ လုပ်ဆောင်ခြင်း ဖြစ်သည်ဟု ဆိုသည်။ PSC များသည် ကမ်းဝေးပရောဂျက်များအတွက် လူမှုရေးအသုံးစရိတ်များလိုအပ်ကြောင်း နားလည်သော်လည်း ကုန်းပေါ်ရှိ ပရောဂျက်များကိုမူ သေချာနားမလည်ကြောင်း ကုမ္ပဏီတစ်ခုက ပြောကြားသည်။ ကုမ္ပဏီတစ်ခုကမူ အစီရင်ခံစာတွင် ကုန်ပစ္စည်းလုပ်ငန်းများ၏ တရားဝင် လူမှုရေး အသုံးစရိတ်များကို တင်ပြရန် သို့မဟုတ် မိမိဆန္ဒအရ လူမှုရေးအသုံးစရိတ်များကို တင်ပြရန် သို့မဟုတ် နှစ်ခုလုံးကို တင်ပြရန် တောင်းဆိုခြင်း ဟုတ်မဟုတ် သေချာနားလည်ခြင်းမရှိကြောင်း ပြောကြားသည်။

MSG မှမဟုတ်ဘဲ အရပ်ဖက်အဖွဲ့အစည်းမှ မိတ်ဖက်ပါဝင်သူများက ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏ လူမှုရေးအသုံးစရိတ်များသည် မိမိဆန္ဒအရဖြစ်ကြောင်း ပြောကြားခဲ့သည်။ သတ္တုတူးဖော်ရေးတွင် စာချုပ်များ၌ လူမှုရေးပရောဂျက်များကို ပါဝင်ခြင်းမှာ သတ္တုတူးဖော်ရေး ကုမ္ပဏီများအတွက် ထုံးစံတစ်ခုဖြစ်လာခဲ့သည်။ လာဘ်ထိုးငွေများကို လူမှုရေးအသုံးစရိတ်များကဲ့သို့ သတ်မှတ်ပြီး ထိုပရောဂျက်များကို အကျင့်ပျက်ခြစားရာတွင် သုံးနိုင်သဖြင့်လူမှုရေးအသုံးစရိတ်များကို တင်ပြရာတွင် ပရောဂျက်အလိုက် စုစည်းရန်လိုအပ်ကြောင်း ထောက်ပြကြသည်။

MEITI အစီရင်ခံစာတွင်မိမိဆန္ဒအရ လူမှုရေးအသုံးစရိတ်များကိုသာ မှတ်တမ်းတင်ခြင်းသည် ကုမ္ပဏီများက ထိုအသုံးစရိတ်ကို မိမိဆန္ဒအရဟု တင်ပြခြင်းကြောင့်ဖြစ်သည်ဟုဒေသဆိုင်ရာ IA က ရှင်းပြသည်။ သို့သော် PSC များကို တင်ပြရာတွင်သာ အတည်ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် တိုးတက်မှုသည် လုံလောက်ခြင်းမရှိဟု ဆိုသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ PSC များအရ လူမှုရေးအသုံးစရိတ်များကို လိုအပ်သော်လည်း ငွေပမာဏကိုမူ ကုမ္ပဏီများကိုယ်တိုင်ဆုံးဖြတ်စေသည်ဟု EITI အစီရင်ခံစာတွင် အတည်ပြုထားသည်။ သို့သော် အစီရင်ခံစာရှိ စာရင်းတွင် (စာမျက်နှာ ၁၇၀) ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် မိမိတန္ဒအရ လူမှုရေးအသုံးစရိတ်များကိုသာ ဖော်ပြထားသည်။ ထို့ပြင် အကျိုးခံစားသူများနှင့် အသုံးစရိတ် သဘောတရားများနှင့် ပတ်သက်သော အချက်အလက်များမှာ ကွာဟချက်များရှိနေသည်။ တရားဝင် လူမှုရေးအသုံးစရိတ်များကို သတ္တုနှင့်ကျောက်မျက်ကဏ္ဍတွင် ကျင့်သုံးခြင်းမရှိပေ။

သတ်မှတ်ချက် ၆-၁ အရ ကုမ္ပဏီများအနေဖြင့် လူမှုရေးအသုံးစရိတ်များကိုဥပဒေ သို့မဟုတ် စာချုပ်ဖြင့် တရားဝင်ပြုလုပ်ပြီးနောက် တင်ပြရန်လိုအပ်သည်။ ထိုအကျိုးကျေးဇူးများကို ငွေသားဖြင့်မဟုတ်ဘဲ ပေးအပ်သော အခါ ကုမ္ပဏီများအနေဖြင့် ထိုငွေသားဖြင့်မဟုတ်သော ပေးချေမှုများ၏ သဘာဝနှင့် ခန့်မှန်းတန်ဖိုးကို တင်ပြရန် လိုအပ်သည်။ အကျိုးခံစားသူများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကိုလည်း တွဲ၍ တင်ပြသင့်သည်။ ဖြစ်နိုင်ပါက ထိုပေးချေမှုများကို စာရင်းကိုက်ပေးသင့်သည်။ ကုန်ပစ္စည်းကုမ္ပဏီများကိုလည်း ကုန်ပစ္စည်းများကို လူမှုရေးအသုံးစရိတ်အဖြစ် ကိုယ်တိုင်သတ်မှတ်သော ပမာဏကိုလည်း တင်ပြရန် တိုက်တွန်းထားသည်။ အခြားပေးချေမှုများကို တင်ပြရာတွင်လည်း ညီမျှသော ပွင့်လင်းမြင်သာမှုကို ရရှိနိုင်သော အစီရင်ခံစာလုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။

## SOE ၏ နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များ (#၆-၂)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

MEITI အစီရင်ခံစာအရ MOGE သာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးပရောဂျက်များအတွက် ဘဏ္ဍာရေးနှင့်မဆိုင်သော အသုံးစရိတ်များကို မြန်မာကျပ်ငွေ ၃၉၉၅ မီလီယံ (အမေရိကန်ဒေါ်လာ ၃.၂၇ မီလီယံ) ပေးအပ်ခဲ့ကြောင်း တင်ပြထားသည်။ အစီရင်ခံစာပုံစံတွင် မေးထားသော်လည်း အခြား SOE များကနိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များကို တင်ပြခြင်းမရှိပေ။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MOGE မှလွဲ၍ အခြား SOE များက ၎င်းတို့အနေဖြင့် လူမှုရေးအသုံးစရိတ် သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များကို မသုံးစွဲခဲ့ကြကြောင်း ပြောကြားကြသည်။ ပါဝင်ဆွေးနွေးခဲ့ကြသော SOE/ အစိုးရ ကိုယ်စားလှယ်များက MEITI အစီရင်ခံစာတွင် ပါရှိသည့် နိုင်ငံတော်

100


ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်ပမာဏကို အတည်ပြုခဲ့ကြသော်လည်း ၎င်းမှာ နိုင်ငံတော်ဘတ်ဂျက်မှ ရရှိလာသောခြင်းဖြစ်ပြီး ဘဏ္ဍာရေးနှင့်မဆိုင်သော အသုံးစရိတ်များမှ ရရှိလာခြင်းမဟုတ်ဟု ဆိုသည်။ ထိုပမာဏအပြင် အခြား ဘဏ္ဍာရေးနှင့်မဆိုင်သော အသုံးစရိတ်ပမာဏ (QFE) များ ရှိမရှိမေးမြန်းရာ MOGE အနေဖြင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ဖက်စပ်ပါတနာဖြစ်သဖြင့် ထိုဖက်စပ်လုပ်ငန်းများတွင် ကုမ္ပဏီများက လုပ်ဆောင်သော လူမှုရေး ပရောဂျက်များတွင် ရှယ်ယာပါရှိပြီးဖြစ်ကြောင်း ပြောကြားကြသည်။ သို့သော် ၎င်းတို့တွင် ထိုအချက်အလက်များ မရှိသဖြင့် ကုမ္ပဏီများမှ ရရှိသင့်ကြောင်း ပြောကြားကြသည်။

SOE များနှင့်ပတ်သက်သည့် ၂၀၁၈ NRGI အစီရင်ခံစာအရ (စာမျက်နှာ ၆၁) MOGE သည် ၂၀၁၅-၂၀၁၆ အတွင်း ကမ်းဝေးလုပ်ငန်းကန်ထရိုက် လေးခုနှင့် ချိတ်ဆက်လုပ်ကိုင်သော နိုင်ငံခြားဖက်စပ်ပါတနာများကိုယ်စား အခွန်နှင့် အခွန်မဟုတ်သော ပေးချေမှုများအတွက် မြန်မာကျပ်ငွေ ၂၀၀ ဘီလီယံ သုံးစွဲခဲ့သည်။ နိုင်ငံတော် ဘတ်ဂျက်တွင် မှတ်တမ်းတင်မထားပါက ထိုပုဂ္ဂလိက ကုမ္ပဏီများကိုယ်စား အခွန်ပေးချေမှု အသုံးစရိတ်များကို MEITI အစီရင်ခံစာတွင် တင်ပြထားခြင်းမရှိသော ပုဂ္ဂလိကကုမ္ပဏီများ၏ ထောက်ပံ့ငွေများပုံစံဖြင့် နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်အဖြစ် သတ်မှတ်နိုင်သည်။ ထို့ပြင် NRGI အစီရင်ခံစာ (စာမျက်နှာ ၂၁) တွင် MOGE ၏ အခြားဘဏ်စာရင်းများက ထောက်ပံ့ပေးအပ်သော "လူမှု-စီးပွားရေး အသုံးစရိတ်များ" ဟု ဖော်ပြထားသည်။ MEITI အစီရင်ခံစာတွင် ၎င်းတို့ကို ထည့်သွင်းစဉ်းစားခြင်းရှိမရှိ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပေ။

## ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် တိုးတက်မှုသည် လုံလောက်ခြင်းမရှိဟု ဆိုသည်။MOGE မှ တင်ပြသည့် နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များ၏ အချက်အလက်များသည် အောက်ပါ ကွာဟချက်များ ရှိနေသည် - အစိုးရမိတ်ဖက်အဖွဲ့ဝင်များမှ အစီရင်ခံစာရှိ နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ် ပမာဏများသည် ဘတ်ဂျတ်ထဲမှ မဟုတ်သဖြင့် အမှန်တကယ် နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များဖြစ်ကြောင်း ချေပပြောဆိုသည်။ မိတ်ဖက်အဖွဲ့ဝင်များ ဆွေးနွေး အကြံပြုချက်များအရ MOGE သည် ၎င်းတို့၏ ဖက်စပ်ပါတနာများနှင့် အတူလုပ်ဆောင်သော လူမှုရေးပရောဂျက်များတွင် သုံးစွဲခဲ့သော်လည်း လူမှုရေး သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များ ဆိုသည့်အချက်ကို သေချာခွဲခြားထားခြင်းမရှိသဖြင့် ထိုအသုံးစရိတ်များတွင် MOGE ၏ ပါဝင်မှု အတိုင်းအတာမှာ ရှင်းလင်းခြင်းမရှိကြောင်း တွေ့ရှိရသည်။ MOGE ၏ ဖက်စပ်ပါတနာများကိုယ်စား ဘတ်ဂျက်တွင် မှတ်တမ်းတင်ထားသည့် အခွန် ပေးဆောင်မှုမှာလည်း ရှင်းလင်းခြင်းမရှိသဖြင့် ထိုငွေများကို နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များအဖြစ် ယူဆနိုင်ခြင်းရှိမရှိကိုလည်း မေးခွန်း မေးစရာပင်ဖြစ်သည်။ ထိုကွာဟချက်များကို ကြည့်ခြင်းဖြင့် သတ်မှတ်ချက်များမှ သိသာထင်ရှားသော အချက်များကို အကောင်အထည် ဖော်ခြင်းမရှိဘဲ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ရရှိရန်မှာ အလွန်ဝေးနေသေးသည်။

သတ်မှတ်ချက် ၆-၂ အရ မြန်မာနိုင်ငံသည် SOE များထံမှလူမှုရေးလုပ်ငန်းများအတွက် ပေးချေမှုများ၊ ပြည်သူ့အခြေခံအဆောက်အအုံ၊ လောင်စာဆီ ထောက်ပံ့မှုများနှင့် နိုင်ငံတော်ဘတ်ဂျက်လုပ်ငန်းစဉ်ပြင်ပမှ နိုင်ငံတော်ကြွေးမြီပေးဆပ်ခြင်းများ အပါအဝင်နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ် များနှင့်ပတ်သက်သော တင်ပြမှုများကို ထည့်သွင်းရန် လိုအပ်သည်။ အခြားပေးချေမှုများနှင့် ဝင်ငွေလမ်းကြောင်းများကို ညီမျှသော ပွင့်လင်းမြင်သာမှု အဆင့်တစ်ခုရရှိစေရန်လုပ်ဆောင်နိုင်သည့် အစီရင်ခံစာလုပ်ငန်းစဉ်ကို လုပ်ဆောင်ရန်နှင့် SOE ထောက်ပံ့မှုများနှင့် ဖက်စပ်လုပ်ငန်းများကိုလည်း ထည့်သွင်းသင့်ကြောင်း မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။

## တူးဖော်ရေးကဏ္ဍမှ စီးပွားရေးတွင် ပါဝင်မှု(#၆-၃)

## လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

*GDP ရှယ်ယာ* - ၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် GDP တွင် တူးဖော်ရေးလုပ်ငန်းများ၏ အပြည့်အဝပါဝင်မှုနှင့် ရာခိုင်နှုန်းပါဝင်မှုကို တင်ပြထားသည် (စာမျက်နှာ ၁၂၊ ၁၁၇)။ သို့သော် GDP တွင် တူးဖော်ရေးလုပ်ငန်းများ၏ နှိုင်းရပါဝင်မှုမှာ အစီရင်ခံစာတွင် တူညီခြင်းမရှိပေ။ တစ်နေရာတွင် (စာမျက်နှာ ၁၂၊၁၁၇) ၂၀၁၅ - ၂၀၁၆ အတွင်း GDP တွင် တူးဖော်ရေးလုပ်ငန်းများ၏ ပါဝင်မှုသည် ဗဟိုစာရင်းအင်းအဖွဲ့က အချက်အလက်များအရ ၆% ဖြစ်သည်ဟု ဆိုပြီး အခြားတစ်နေရာတွင် (စာမျက်နှာ ၃၄) ၂၀၁၃ - ၂၀၁၄ MEITI အစီရင်ခံစာမှ အချက်အလက်များအရ ၄% သာဖြစ်သည်ဟု ရေးသားထားသည်။ တူးဖော်ရေးကဏ္ဍမှ စုစည်းထားသော GDP ပါဝင်မှုအချက်အလက်သည် အစီရင်ခံစာတွင် မပါဝင်ပေ။နိုင်ငံအတွင်းရှိ လက်ဖြင့် တူးဖော်မှုများကို အကြမ်းဖျင်းသုံးသပ်ချက် အစီရင်ခံစာတွင် ပါရှိသော်လည်း ထုတ်လုပ်မှုနှင့် GDP တွင် တွင် ပါဝင်မှုအရ ခန့်မှန်းတန်ဖိုးဆိုင်ရာ အချက်အလက်များ မရှိပေ။

*အစိုးရ ဝင်ငွေများ* - တူးဖော်ရေးကဏ္ဍမှ အစိုးရဝင်ငွေများသို့ အပြည့်အဝပါဝင်မှုနှင့် နှိုင်းရပါဝင်မှုကို အစီရင်ခံစာတွင် ဖော်ပြထားသည် (စာမျက်နှာ ၁၂)။

101


ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်မျက်၊ ပုလဲနှင့် အခြားတွင်းထွက်များမှ စုစုပေါင်း ဝင်ငွေများ၏ စုစည်းထားသော အချက်အလက်များကို တင်ပြထားသည် (စာမျက်နှာ ၁၁၇)။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ်ရရှိသော နိုင်ငံတော် ဝင်ငွေများနှင့် ပတ်သက်သော အချက်အလက်များကို IA အနေဖြင့် ရရှိခြင်းမရှိကြောင်း အစီရင်ခံစာက ရှင်းပြထားသည်။ ထို့ကြောင့် ဝင်ငွေများတွင် တူးဖော်ရေးကဏ္ဍ၏ ပါဝင်မှုကို ၂၀၁၅-၂၀၁၆ နိုင်ငံတော် ဘတ်ဂျက်ဥပဒေအရ ဘတ်ဂျက်ချထားသော ဝင်ငွေများအပေါ် မူတည်၍ တွက်ချက်ခဲ့သည် (စာမျက်နှာ ၁၂၊ ၁၁၇)။ သို့သော် အစီရင်ခံစာ၏ အချို့နေရာများ၌ နိုင်ငံတော်ဝင်ငွေတွင် ပါဝင်မှုရာခိုင်နှုန်းသည် အခြားနေရာတွင် ပါရှိသော ကိန်းဂဏန်းများနှင့် ကွာခြားနေသည်ကို တွေ့ရသည် (စာမျက်နှာ ၃၄၊ ၁၇၅)။

*ပို့ကုန်များ* - နိုင်ငံ၏ ပို့ကုန်စုစုပေါင်းတွင် တူးဖော်ရေးကဏ္ဍ၏ အပြည့်အဝပါဝင်မှုနှင့် နှိုင်းရပါဝင်မှုကို အစီရင်ခံစာတွင် ဖော်ပြထားသည် (စာမျက်နှာ ၁၂)။ ပို့ကုန်အချက်အလက်များကို ကဏ္ဍအလိုက် စုစည်းထားသည် (စာမျက်နှာ ၁၁၈)။
သို့သော် GDP နှင့် အစိုးရဝင်ငွေများတွင် ပါဝင်သော အချက်များနှင့်အညီ အစီရင်ခံစာ (စာမျက်နှာ ၃၄) တွင် စုစုပေါင်းပို့ကုန်တွင် တူးဖော်ရေးကဏ္ဍ၏ ပါဝင်မှုတွင် ကွဲပြားခြားနားသော ကိန်းဂဏန်းကို ဖော်ပြထားသည်။

*အလုပ်အကိုင်ခန့်ထားမှု* - IA အနေဖြင့် တူးဖော်ရေးလုပ်ငန်းများထံမှ အလုပ်အကိုင်ခန့်ထားမှု အသေးစိတ်အချက်အလက်ကို မရရှိနိုင်ခဲ့ကြောင်း အစီရင်ခံစာက ရှင်းပြသည်။ ထို့ကြောင့် ပါဝင်သော ကုမ္ပဏီများနှင့် SOE များ၏ အစီရင်ခံစာပုံစံတွင် ပါဝင်သော ဝန်ထမ်းအရေအတွက်ကို ၂၀၁၅-၂၀၁၆ (စာမျက်နှာ ၁၂) ရှိ စုစုပေါင်းဝန်ထမ်းတွင် တူးဖော်ရေးကဏ္ဍ၏ ပါဝင်မှုကို ခန့်မှန်းခြေ အသုံးပြုထားခြင်းဖြစ်သည်။ ဗဟိုစာရင်းအင်းအဖွဲ့မှ ရရှိသော တစ်ခုတည်းသော စာရင်းမှာ ထိုကာလအတွင်း မြန်မာနိုင်ငံရှိ စုစုပေါင်း ဝန်ထမ်းအရေအတွက်သာဖြစ်သည် (စာမျက်နှာ ၁၁၈)။

*တည်နေရာ* - အစီရင်ခံစာတွင် အဓိက ရေနံနှင့် သဘာဝဓာတ်ငွေ့ (စာမျက်နှာ ၃၉-၄၂) နှင့် သတ္တုတူးဖော်ရေး (စာမျက်နှာ ၆၃-၆၄) ပရောဂျက်များကို ၎င်းတို့၏ တည်နေရာအပါအဝင် ဆွေးနွေးကြသည်။ ဒေသအလိုက် ကျောက်မျက်နှင့် ကျောက်စိမ်း ထုတ်လုပ်မှုစာရင်းကို (စာမျက်နှာ ၁၄) တွင် ဖော်ပြထားသည်။

## မိတ်ဖက်အဖွဲ့များ၏ အမြင်များ

၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာတွင် နိုင်ငံ၏ စီးပွားရေးကို တူးဖော်ရေးလုပ်ငန်းများမှ ပါဝင်နေမှုကို သုံးသပ်သည့် အမြင်များကို ပါဝင်ပတ်သက်သူများက မပြောဆိုခဲ့ကြပေ။ ပါဝင်ဆွေးနွေးခဲ့ကြသော အစိုးရအရာရှိများက အစီရင်ခံစာ ထုတ်ဝေပြီးနောက် နိုင်ငံတော် အတွင်းရေးမှူးထံသို့ ထပ်တိုးအချက်အလက်များကို တင်ပြခဲ့ကြကြောင်း ပြောကြားခဲ့သည်။[96]အခြားအစိုးရကိုယ်စားလှယ်များက ၎င်းတို့အနေဖြင့် ကုမ္ပဏီမှ တင်ပြသော ဝန်ထမ်းခန့်ထားမှုအချက်အလက်များကိုသာ အသုံးပြုခဲ့ကြောင်း ရှင်းပြကြသည်။

ကုန်ပစ္စည်းအဆင့် ကုမ္ပဏီများမှ အချက်အလက်များကို ထည့်သွင်းထားပါက စုစုပေါင်း ဝန်ထမ်းခန့်ထားမှုတွင် တူးဖော်ရေးကဏ္ဍ၏ ပါဝင်မှုသည် ၀. ၂% ထက် ပိုများသင့်ကြောင်း လုပ်ငန်းကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

## ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ်ရာ တိုးတက်မှုရှိသည်ဟု ဆိုသည်။သတ်မှတ်ချက် ၆-၃ အရ ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် GDP အရ တူးဖော်ရေးလုပ်ငန်းများမှ စီးပွားရေးသို့ အပြည့်အဝနှင့် နှိုင်းရ ဖြန့်ဝေမှု၊အစိုးရဝင်ငွေများ၊ ပို့ကုန်များ၊ အလုပ်အကိုင်များနှင့် အဓိက တူးဖော်ရေးလုပ်ဆောင်မှုများတည်နေရာ နှင့်ပတ်သက်၍ အသေးစိတ်ပါရှိသည်။ ဖော်ပြထားသော အလုပ်အကိုင်အချက်အလက်များ မစုံလင်သဖြင့် အစီရင်ခံစာမှာ ကဏ္ဍအလိုက် အလုပ်အကိုင် အချက်အလက်များကို စုစည်းမှုမလုပ်နိုင်ခြင်းကြောင့် အစီရင်ခံစာ သည် ပွင့်လင်းမြင်သာမှုမရှိပေ။ ထို့ပြင် သက်ဆိုင်ရာ အစိုးရအေဂျင်စီများက EITI နယ်ပယ်အတွင်း ပါရှိသော ကုမ္ပဏီများအပါအဝင် ကုမ္ပဏီများကို ၎င်းတို့၏ ဝန်ထမ်းအရေအတွက်ကို တင်ပြရန် တောင်းဆိုခြင်းဖြင့် ပိုမိုပြည့်စုံသော အချက်အလက်များကို ပေးနိုင်ရန် အားထုတ်နေကြသည်။

---

[96] ဇူပြီ ၂၀၁၅- မတ် ၂၀၁၆ MEITI အစီရင်ခံစာတွင် link ပါရှိသည်။ ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

102



အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် တူးဖော်ရေးလုပ်ငန်းများမှ စီးပွားရေးသို့ဖြန့်ဝေမှုများကို တရားဝင် အလုပ်အကိုင် အချက်အလက်များအပါအဝင်အစိုးရပလက်ဖောင်းများမှတဆင့် စနစ်တကျ ပုံမှန်တင်ပြရန် အစိုးရကို တိုက်တွန်းထားသည်။

## ဇယား ၆ - ကနဦးအကဲဖြတ်မှုဇယား - လူမှုရေးနှင့် စီးပွားရေးအသုံးစရိတ်

| EITI သတ်မှတ်ချက်များ | အဓိကတွေ့ရှိချက်များ အကျဉ်းချုပ် | EITI သတ်မှတ်ချက်များကို အပြည့်ပြည့်ဆိုင်ရာ အတွင်းရေးမှူး၏ ကနဦးအကဲဖြတ်မှု |
|---|---|---|
| လူမှုရေးအသုံးစရိတ်များ (#၆-၁) | ၂၀၁၅ -၂၀၁၆ MEITI အစီရင်ခံစာတွင် လူမှုရေးအသုံးစရိတ်များကို ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏ PSC များအရ လိုအပ်သော်လည်း အစီရင်ခံစာတွင် မိမိဆန္ဒအရ လူမှုရေး အသုံးစရိတ်များကိုသာ ဖော်ပြထားသည်။ ထို့ပြင် အကျိုးကျေးဇူးရရှိ သူများနှင့် အသုံးစရိတ်များ၏ သဘော သဘာဝနှင့်ပတ်သက်သော အချက်အလက် တွင် ကွာဟချက်များရှိနေသည်။ လူမှုရေး အသုံးစရိတ်များသည် သတ္တုတူးဖော်ရေးကဏ္ဍတွင် ပါဝင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။ | တိုးတက်မှု မလုံလောက် |
| နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များ ((#၆-၂) | ပါဝင်သူများ၏ အမြင်အရ တွင်းထွက်နှင့်ကျောက်မျက်ကဏ္ဍမှ SOE များတွင် လူမှုရေးအသုံးစရိတ်များ သို့မဟုတ် QFE များမရှိကြောင်း အတည်ပြုနိုင်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့တွင် ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် MOGE ၏ နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များဆိုင်ရာ အချက်အလက်များကို တင်ပြထားပြီး ထိုကိန်းဂဏန်းများသည် ဘတ်ဂျက်အပြင်ဘက်မှ မဟုတ်သော လူမှုရေးအသုံးစရိတ်များဖြစ်သဖြင့် QFE များဟု မသတ်မှတ်ကြောင်း မိတ်ဖက်အဖွဲ့များ များက မြင်ကြသည်။ ဖက်စပ်ပါတနာ ကုမ္ပဏီများကိုယ်စား ပေးချေသည့် အခွန်ပေးဆောင်မှုကဲ့သို့ MOGE ၏ အခြားဖြစ်နိုင်သော QFE များအတွက် အချက်အလက်များ အစီရင်ခံစာတွင် မပါရှိပေ။ ထိုကွာဟချက်များကို ကြည့်ခြင်းဖြင့် သတ်မှတ်ချက်များမှ သိသာထင်ရှားသော အချက်များကို အကောင်အထည်ဖော်ခြင်းမရှိဘဲ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ရရှိရန်မှာ အလွန်ဝေးနေသေးသည်။ | တိုးတက်မှု မလုံလောက် |
| တူးဖော်ရေးကဏ္ဍ၏ စီးပွားရေးတွင် ပါဝင်မှု (#၆-၃) | ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် GDP၊ စုစုပေါင်းအစိုးရဝင်ငွေ၊ အလုပ်အကိုင်ခန့်ထားမှုနှင့် ပို့ကုန်များ အရ တူးဖော်ရေးကဏ္ဍ၏ စီးပွားရေးတွင် ပါဝင်မှုကို တင်ပြထားသည်။ နိုင်ငံရှိ အဓိက တူးဖော်ရေး လုပ်ဆောင်မှုများ တည်ရှိရာနေရာများကိုလည်း ဖော်ပြထားသည်။ တင်ပြထားသော အလုပ်အကိုင် ခန့်ထားမှု အချက်အလက်များမှာ မပြည့်စုံသော်လည်း ကဏ္ဍအလိုက် အလုပ်အကိုင်ခန့်ထားမှုစုစည်းထားသည့်စာရင်းကို မရရှိနိုင်သည့် အချက်ကို အစီရင်ခံစာတွင် ပွင့်လင်းစွာဖော်ပြထားသည်။ | ကျေနပ်ဖွယ်တိုးတက်မှု |

103


အတွင်းရေးမှူး၏ အကြံပြုချက်များ -

၁။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၆-၁ အရ ကုမ္ပဏီများအနေဖြင့် လူမှုရေးအသုံးစရိတ်များကို ဥပဒေ သို့မဟုတ် စာချုပ်ဖြင့် တရားဝင် ပြုလုပ်ပြီးနောက် တင်ပြရန်လိုအပ်သည်။ ထိုအကျိုးကျေးဇူးများကို ငွေသားဖြင့်မဟုတ်ဘဲ ပေးအပ်သော အခါ ကုမ္ပဏီများအနေဖြင့် ထိုငွေသားဖြင့် မဟုတ်သော ပေးချေမှုများ၏ သဘာဝနှင့် ခန့်မှန်းတန်ဖိုးကို တင်ပြရန် လိုအပ်သည်။ အကျိုးခံစားသူများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကိုလည်း တွဲ၍ တင်ပြသင့်သည်။ ဖြစ်နိုင်ပါက ထိုပေးချေမှုများကို စာရင်းကိုက်ပေးသင့်သည်။ ကုန်ပစ္စည်းကုမ္ပဏီများကိုလည်း ကုန်ပစ္စည်းများကို လူမှုရေးအသုံးစရိတ်အဖြစ် ကိုယ်တိုင်သတ်မှတ်သော ပမာဏကိုလည်း တင်ပြရန် တိုက်တွန်းထားသည်။ အခြားပေးချေမှုများကို တင်ပြရာတွင်လည်း ညီမျှသော ပွင့်လင်းမြင်သာမှုကို ရရှိနိုင်သော အစီရင်ခံစာလုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်ရန် MSG ကို တိုက်တွန်းထားသည်။

၂။ သတ်မှတ်ချက် ၆-၂ အရ မြန်မာနိုင်ငံသည် SOE များထံမှ လူမှုရေးလုပ်ငန်းများအတွက် ပေးချေမှုများ၊ ပြည်သူ့အခြေခံအဆောက်အအုံ၊ လောင်စာဆီ ထောက်ပံ့မှုများနှင့် နိုင်ငံတော်ဘတ်ဂျက်လုပ်ငန်းစဉ်ပြင်ပမှ နိုင်ငံတော်ကြွေးမြီပေးဆပ်ခြင်းများ အပါအဝင်နိုင်ငံတော်ဘဏ္ဍာမှမဟုတ်သော အသုံးစရိတ်များ နှင့် ပတ်သက်သော တင်ပြမှုများကို ထည့်သွင်းရန် လိုအပ်သည်။ အခြားပေးချေမှုများနှင့် ဝင်ငွေလမ်းကြောင်းများကို ညီမျှသော ပွင့်လင်းမြင်သာမှုအဆင့်တစ်ခုရရှိစေရန်လုပ်ဆောင်နိုင်သည့် အစီရင်ခံစာလုပ်ငန်းစဉ်ကို လုပ်ဆောင်ရန်နှင့် SOE ထောက်ပံ့မှုများနှင့် ဖက်စပ်လုပ်ငန်းများကိုလည်း ထည့်သွင်းသင့်ကြောင်း မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။

၃။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် တူးဖော်ရေးလုပ်ငန်းများမှ စီးပွားရေးသို့ဖြန့်ဝေမှုများကို တရားဝင် အလုပ်အကိုင် အချက်အလက်များ အပါအဝင်အစိုးရပလက်ဖောင်းများမှတဆင့် စနစ်တကျ ပုံမှန်တင်ပြရန် အစိုးရကို တိုက်တွန်းထားသည်။

## အပိုင်း ၃ - ရလဒ်များနှင့် သက်ရောက်မှုများ

**၇။ ရလဒ်များနှင့် သက်ရောက်မှုများ**

### ၇-၁။ သုံးသပ်ချက်

EITI လုပ်ငန်းစဉ်၏ ရလဒ်များနှင့် သက်ရောက်မှုများနှင့်သက်ဆိုင်သော EITI သတ်မှတ်ချက်များ အကောင်အထည်ဖော်ခြင်းကို ဤအခန်းတွင် အကဲဖြတ်ထားသည်။

104


## ၇-၂။ အကဲဖြတ်ချက်

### လူထုတွင်း ဆွေးနွေးခြင်း (#၇-၁)

### လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

_ဆက်သွယ်ပြောဆိုမှုများ -_ MEITI တွင် ပြည်သူလူထုကို ဆက်သွယ်ပြောဆိုရန် အဓိကအသုံးပြုသော ဝက်ဘ်ဆိုဒ်တစ်ခုရှိသည်။[97] MEITI အစီရင်ခံစာများနှင့် အခြား MEITI ဆိုင်ရာ စာရွက်စာတမ်းများကို ဝက်ဘ်ဆိုဒ်တွင် ပုံမှန်တင်ပေးသည်။ EITI နှင့် ပိုမိုကျယ်ပြန့်သော ပရိသတ်များ စာအုပ်ထုတ်ဝေမှုများနှင့် အသံလွှင့်မှုများ၊ လက်ကမ်းစာစောင်များ၊ ကြော်ငြာစာစောင်များနှင့် ပုံနှင့်စာပါ စာရွက်စာတမ်းများမှတဆင့် ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်ရန် MEITI MSG အနေဖြင့် ဆက်သွယ်ပြောဆိုရေးနည်းဗျူဟာ[98] အသေးစိတ် အစီအစဉ်များကိုလည်း ထုတ်ပြန်ထားသည်။ MEITI အစီရင်ခံစာများ၊ အကျဉ်းချုပ်အစီရင်ခံစာများနှင့် အကျိုးကျေးဇူးခံစားမှုပိုင်ဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းများကို အဝေးရောက် လုပ်ဆောင်ချက်ကာလများအတွင်း ဖြန့်ဝေပေးသည်။ MSG သည် ဒုတိယနှင့် တတိယ EITI အစီရင်ခံစာများကို မြန်မာဘာသာသို့ ပြန်ဆိုနေဆဲအခြေအနေတွင် ရှိနေသည်။ အဖွဲ့မှ သဘောတူထားသော မူဝါဒလမ်းညွှန်ချက်များကို ရရှိနိုင်မှု၊ ထုတ်ပြန်မှုနှင့် EITI အချက်များကို ပြန်လည်အသုံးပြုမှုများကို ဖော်ပြထားသော အချက်အလက်ပွင့်လင်းမှုမူဝါဒ [99] ကို ၂၀၁၇ တွင် ထုတ်ဝေခဲ့သည်။

_အဝေးရောက်ကြိုးပမ်းမှုများ -_ ၂၀၁၈ နှစ်ချုပ်တိုးတက်မှု အစီရင်ခံစာတွင် အဝေးရောက်ကြိုးပမ်းမှုများ လုပ်ဆောင်ချက်ကို အသေးစိတ်မပါရှိပေ။ ၂၀၁၈ မတ်လက ထုတ်ပြန်ခဲ့သော ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာကို ထုတ်ဝေမှုကို ၂၀၁၈ ဇူလိုင် ၂၈ ရက်တွင် ကျင်းပခဲ့သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ကြော်ငြာထားသော်လည်း အတည်ပြုမှုစတင်ခြင်းကို (ဇူလိုင် ၂၀၁၈) မပြုရသေးပေ။ သတင်းစာရှင်းလင်းပွဲကို ပြည်တွင်းပြည်ပ အသံလွှင့်ဌာနများမှ မီဒီယာအဖွဲ့ဝင် ၄၁ ဦးတက်ရောက်ခဲ့သည်။

MSG သည် ၂၆-၂၇ ဖေဖော်ဝါရီ ၂၀၁၈ တွင် တနင်္သာရီဒေသ ထားဝယ်၌ EITI တိုင်းဒေသကြီး/ပြည်နယ်ဌာနခွဲငယ်များ (SNU)လုပ်ဆောင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပြီး သက်ဆိုင်ရာ ဒေသဝန်ကြီးဌာနများမှ ပါဝင်သူ ၆၀ ဦး၊ လွှတ်တော်မှ ဒေသခံအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနများမှ အစိုးရအရာရှိများ၊ CSO များ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။ [100] အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်များမှာ EITI လုပ်ငန်းစဉ်နှင့် SNU ဖွဲ့စည်းမှုကို သတိပြုမှုမြင့်တက်လာစေရန်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ၏ သိသာထင်ရှားသော ရလဒ်မှာ တနင်္သာရီဒေသတွင် ဆပ်ကော်မတီဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။

လူထုတွင်း ဆွေးနွေးခြင်းတွင် ပါဝင်မှု - EITI လုပ်ရှားမှုများနှင့် EITI အချက်အလက်များကို ဒေသတွင်းနှင့် နိုင်ငံတကာ စာနယ်ဇင်းဆောင်းပါးများတွင် သိသာ ထင်ရှားစွာ ပါရှိပြီးဖြစ်သည်။ MEITI အစီရင်ခံစာမှ အချက်အလက်များကို ကိုးကား၍ MEITI အစီရင်ခံစာကိုဆွေးနွေးခြင်းဖြင့် ဆောင်းပါးများစွာ ထုတ်ဝေခဲ့ကြသည်။ EITI ကို အစိုးရအနေဖြင့် နိုင်ငံ၏ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အထူးသဖြင့် သယံဇာတတူးဖော်ရေးကဏ္ဍ အုပ်ချုပ်ရေးတွင် အကောင်အထည်ဖော်နေကြောင်း ဆောင်းပါးများစွာတွင် ရေးသားကြသည်။ အချို့သော ဆောင်းပါးများတွင် EITI လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ခြင်းသည် အစိုးရနှင့် ရပ်ရွာအတွက် သဘာဝအရင်းအမြစ်စီမံရေးနှင့်ပတ်သက်၍ ပုံမှန်စကားဝိုင်းများဖြစ်လာစေရန် အရေးကြီးသော ပလက်ဖောင်းနှင့် လမ်းကြောင်းကို ဖြစ်စေသည်ဟု ရေးသားထားသည်။ ပထမဆုံး MEITI အစီရင်ခံစာထုတ်ဝေခြင်းကို လူထုက အချက်အလက်ယုံကြည်ရမှုကို စိုးရိမ်သော်လည်း ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်းနေသူများကမူ EITI သည် သယံဇာတ တူးဖော်ရေးကိစ္စရပ်များကို မတူညီသော ပါဝင်ပတ်သက်သူများ အတူတကွစုစည်းသော ပထမဆုံးပလက်ဖောင်းအဖြစ် သတ်မှတ်ပြီး အဓိကမိုင်တိုင်အဖြစ် ယူဆကြသည်။ MEITI အစီရင်ခံစာများသည် လူထုတွင်း ဆွေးနွေးခြင်းတွင် ပါဝင်မှုရှိကြောင်း သိသာထင်ရှားသော အချက်များရှိသည်။

### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

ပါဝင်ပတ်သက်သူများ၏ ယေဘုယျသဘောထားမှာ မြန်မာနိုင်ငံရှိ EITI သည် သယံဇာတတူးဖော်ရေးကဏ္ဍတွင် လူထုတွင်း ဆွေးနွေးရာတွင် ပါဝင်သော်လည်း ကြီးမားသော လူထုထက် သေးငယ်သော အဝန်းအဝိုင်းထဲသာ ရှိသေးသည်။ MSGအစိုးရကိုယ်စားလှယ်များက ကျောက်မျက်ကဏ္ဍမူဝါဒကို ပြန်လည်ဆန်းစစ်ရာတွင် MSG အတွင်း ဆွေးနွေးမှုများနှင့် MEITI အစီရင်ခံစာမှ အကြံပြုချက်အချို့ဖြင့် များစွာ

[97] MEITIဝက်ဘ်ဆိုဒ်ကို ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[98] MEITI “ဆက်သွယ်ပြောဆိုရေးနည်းဗျူဟာ” ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[99] MEITI (၂၀၁၇) “အချက်အလက်ပွင့်လင်းမြင်သာမှုဝါဒ” ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

105


လွှမ်းမိုးမှုရှိနေကြောင်း တွေ့ရှိရသည်။ MEITI အစီရင်ခံစာအနေဖြင့် SOE များ၏ အခြားငွေစာရင်းများအပေါ် အထူးသဖြင့် အစီရင်ခံစာကို ထုတ်ဝေသော သတင်းစာရှင်းလင်းပွဲတွင် ကျယ်ပြန့်စွာ ဆွေးနွေးမှုများကို ပြုလုပ်ကြစေရန် လှုံ့ဆော်နိုင်သော်လည်းသယံဇာတတူးဖော်ရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲများသည် EITI အဝန်းအဝိုင်းထဲတွင် အများအားဖြင့် ကန့်သတ်နေသည်ဟု ဖွံ့ဖြိုးတိုးတက်ရေးပါတနာအချို့က ၎င်းတို့၏ အမြင်များကို ဖော်ပြကြသည်။ မကြာသေးခင်က EITI အစီရင်ခံစာကို ထုတ်ရန် MEITI မှ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အဓိကအားဖြင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများတွင် စစ်ဘက်နှင့်နွယ်သော ကုမ္ပဏီများ UMEHL နှင့် MEC နှင့်ပတ်သက်၍ မီဒီယာ သုံးသပ်ချက်ကို ရရှိခဲ့သည်။

ပါဝင်ပတ်သက်သူများက EITI သည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် လူထုဆွေးနွေးမှုများကို ပိုမိုလုပ်ဆောင်နိုင်သည်ဟု ဆိုသည်။ ဖွံ့ဖြိုးတိုးတက်ရေးပါတနာတစ်ဦးကမူ MATA ဖွဲ့စည်းမှုကလည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် သယံဇာတတူးဖော်ရေးနှင့် ပွင့်လင်းမြင်သာမှုများကို ကြီးမားသော သက်ရောက်မှုများရှိစေသည်ဟု ထင်မြင်သည်။

ဖွံ့ဖြိုးတိုးတက်ရေးပါတနာတစ်ဦးကမူ MEITI ဆက်သွယ်ပြောဆိုရေး နည်းဗျူဟာကို တည်ဆောက်ခြင်းဖြင့် လူထုဆွေးနွေးမှုများကို ပါဝင်လာစေနိုင်ကြောင်း မှတ်ချက်ပေးပြောကြားခဲ့သည်။ နိုင်ငံတော်အတွင်းရေးမှူးက ဟောပြောပွဲများမှတဆင့် မီဒီယာနှင့် ချိတ်ဆက်မိစေရန် ၎င်းတို့၏ စီမံကိန်းများနှင့် အချက်အလက်စာရွက်စာတမ်းများ ပိုမိုထုတ်ဝေရန်အစီအစဉ်များကို ပြောပြခဲ့ပြီး ၎င်းအချက်များသည် စီစဉ်နေဆဲ အဆင့်တွင်သာ ရှိသေးသည်။ သို့သော် NCS အနေဖြင့် ဆက်သွယ်ပြောဆိုမှု အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြီးသော်လည်း အလုပ်ရုံဆွေးနွေးပွဲတွင် သဘောတူညီထားသော နည်းဗျူဟာကို အကောင်အထည်မဖော်ရသေးပေ။

၂၀၁၅ - ၂၀၁၆ MEITI အစီရင်ခံစာကို ဖြန့်ဝေရာတွင် MEITI ၏ နောက်ဆုံးပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မီဒီယာကိုယ်စားလှယ်များကို အစီရင်ခံစာမိတ္တူများ ပေးခဲ့သည်ဟု အတွင်းရေးမှူးရုံးမှ ဝန်ထမ်းက ရှင်းပြသည်။ MEITI အစီရင်ခံစာ အုပ်ရေ ၂၅၀၀ ကို အစိုးရအေဂျင်စီများ၊ တိုးတက်ရေးပါတနာများနှင့် ဒေသခံပါဝင်ပတ်သက်သူများထံ ဖြန့်ဝေပေးခဲ့သည်ဟု ဆိုသည်။ MEITI ၏ အချက်အလက်ပွင့်လင်းမြင်သာမှုမူဝါဒကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း အတွင်းရေးမှူးရုံးမှ ဝန်ထမ်းက ရှင်းပြသည်။

စာနယ်ဇင်းသမားများစွာသည် မြန်မာနိုင်ငံတွင် EITI ၏ တိုးတက်မှုကို စောင့်ကြည့်နေကြပြီး MEITI အစီရင်ခံစာမှ အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့မှ အချက်အလက်များကို စိတ်ဝင်စားကြသည်။ အခြားအစိုးရရင်းမြစ်များမှ သတင်းများမှ အလွယ်တကူ မရရှိနိုင်သဖြင့် EITI သည် သတင်းအချက်အလက်များရရှိနိုင်သည့် ရင်းမြစ်ကောင်းတစ်ခုဖြစ်ကြောင်း စာနယ်ဇင်းသမားတစ်ဦးက ပြောသည်။ MEITI အစီရင်ခံစာများကို အစိုးရထုတ်ပြန်သည့်စာများထက် ပိုမိုအသေးစိတ်ကျပြီး စုစည်းထားကြောင်းလည်း ထင်မြင်ယူဆကြသည်။ သို့သော် ကိန်းဂဏန်းများမှာ နောက်ဆက်တွဲစာများ သို့မဟုတ် ရှင်းလင်းချက်များမပါရှိဘဲ တင်ပြထားခြင်းဖြစ်သဖြင့် နည်းပညာမြင့်သော MEITI အစီရင်ခံစာများအဖြစ် စိတ်ဝင်စားဖွယ်ရာ ရှုထောင့်ကို ရှာရန်မှာ အခက်အခဲရှိသည်ဟု ဆိုသည်။

၎င်းတို့အနေဖြင့် ၎င်းတို့၏ အမြင်များကို မည်သည့်အတိုင်းအတာအထိ ထည့်သွင်းစဉ်းစားသည်ကိုမသေချာသော်လည်း MSGအစည်းအဝေးများသည် အစိုးရနှင့် ကုမ္ပဏီများ ဆွေးနွေးပြောဆိုရန် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များက ပြောကြားသည်။ EITI အပြင်ဘက်ရှိ ၎င်းတို့၏ ထောက်ခံအားပေးမှုများတွင် EITI အချက်အလက်ကို အသုံးပြုကြောင်း ပြောကြားကြသည်။ EITI လုပ်ငန်းစဉ်သည် ၎င်းတို့အနေဖြင့် စီးပွားရေးတွင် ပါဝင်မှုနှင့် လူမှုရေးပရောဂျက်များကို လူထုနှင့် ဆက်သွယ်ပြောဆိုရာတွင် အသုံးဝင်ကြောင်း လုပ်ငန်းကိုယ်စားလှယ်များက ပြောကြားသည်။

EITI သည် သယံဇာတကဏ္ဍ လူထုဆွေးနွေးမှုများတွင် အထူးသဖြင့် SOE များ၏ အခြားဘဏ်စာရင်းများ အခြေအနေနှင့် ကျောက်မျက်ကဏ္ဍမူဝါဒကို ပြန်လည်ဆန်းစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် အတိုင်းအတာတစ်ခုထိ အထောက်အကူဖြစ်ကြောင်း MSG အဖွဲ့ဝင်များက သဘောတူလက်ခံသည်။

### ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ် တိုးတက်မှုရှိသည်ဟု ဆိုသည်။EITI ဆိုင်ရာဆွေးနွေးမှုများသည် မြန်မာနိုင်ငံအတွင်း ကန့်သတ်အဝန်းအဝိုင်းတွင် ရှိနေသေးသော်လည်း မြန်မာနိုင်ငံအတွင်း EITI သည် လူထုဆွေးနွေးမှုများတွင် ပါဝင်လာပြီး အခြားဘဏ်စာရင်းကိစ္စများနှင့် ကျောက်မျက်ကဏ္ဍမူဝါဒပြန်လည်ဆန်းစစ်ရန် ကဲ့သို့သော သဘာဝ အရင်းအမြစ် စီမံရေးကိစ္စရပ်များ ဆွေးနွေးမှုများကို ဖွင့်ပေးနိုင်ခဲ့သည်။ MSG သည်တိုင်းဒေသကြီး/ပြည်နယ်များသို့ ရောက်ရှိရေးကို တိုးချဲ့နေပြီး EITI မှ ဖန်တီးသော ဆွေးနွေးမှုပလက်ဖောင်းသည် နယ်ခံဒေသများတွင် သယံဇာတကဏ္ဍကို ပိုမိုနားလည်လာစေရန် ကူညီပေးကြောင်း တွေ့ရှိရသည်။ များစွာသော စာနယ်ဇင်းသမားများက EITI အကောင်အထည်ဖော်ရေး တိုးတက်မှုကို လိုက်နေကြကာ EITI အချက်အလက်များကို ကိုးကား ရေးသားနေသဖြင့် မီဒီယာ ပါဝင်မှုသည်

မကျယ်ပြန့်သေးသော်လည်း တည်ငြိမ်နေပြီဟု ရှုမြင်နိုင်သည်။

အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် EITI ဆက်သွယ်ပြောဆိုရေးနည်းဗျူဟာကို အပြည့်အဝအကောင်အထည်ဖော်ရန်နှင့် သမားရိုးကျ ကောက်ချက်ချမှုများနည်းပါး၍ EITI အစီရင်ခံစာများ၏ စုံလင်မှုကို တိုးတက်စေရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။ မူဝါဒချမှတ်သူများ၊ လွှတ်တော်နှင့် မြန်မာနိုင်ငံကို လွှမ်းမိုးနေသော အဓိကရာထူးရှိသူများထံ ပုံမှန်ရောက်ရှိစေမှုကို မြှင့်တင်ပေးခြင်းဖြင့် EITI အချက်အလက်များ အသုံးပြုခြင်းကို မြှင့်တင်နိုင်သည်။

### အချက်အလက်ရရှိနိုင်မှု (#၇-၂)

## လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

MEITI အစီရင်ခံစာ သုံးခုလုံးကို MEITI ဝက်ဘ်ဆိုဒ်တွင် စက်ဖြင့်ဖတ်ရှုနိုင်သော ပုံစံဖြင့် ထုတ်ဝေသည်။ MSG သည် EITI အစီရင်ခံစာ နောက်ဆုံး နှစ်ခုအတွက် အချက်အလက်အကျဉ်းချုပ်များကို ထုတ်ဝေသည်။ ထို့ပြင် MEITI အစီရင်ခံစာများရှိ ဝင်ငွေအချက်အလက်များကို MEITI ဝက်ဘ်ဆိုဒ်နှင့် ချိတ်ဆက်ထားသော အချက်အလက်ပေါ်တယ်တွင် တင်ပေးသည်။ ပေါ်တယ်သည် သယံဇာတကဏ္ဍမှ နိုင်ငံတော်ဘတ်ဂျက်သို့ ဝင်ငွေများ စီးဝင်မှုကို အပြန်အလှန်မြင်သာထင်သာရှိစေရန် ပြသသော အချက်အလက်ပြကိရိယာဖြစ်သည်။ အခြားကိရိယာများတွင် တူးဖော်ရေးလိုင်စင်ရှာဖွေမှု (Extractives License Explorer) ပါရှိပြီး လူထုအနေဖြင့် မြန်မာနိုင်ငံရှိ သယံဇာတတူးဖော်ရေးကုမ္ပဏီများကို ပေးအပ်သည့် လိုင်စင်များအားလုံးကို ရှာနိုင်ကာ အကျိုးကျေးဇူးခံစားခွင့်ပိုင်ဆိုင်မှုရှာဖွေမှု (Beneficial Ownership Explorer) တွင် MEITI MSG ၏ အသေးစား BO လေ့လာမှုမှ အချက်များပါဝင်သည်။ နောက်ဆုံးရရှိသော နှစ်ကုန်တိုးတက်မှုအစီရင်ခံစာတွင် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ အစီရင်ခံစားများ၏ အကျဉ်းချုပ်ကို ထုတ်ဝေခဲ့သော်လည်း MEITI ဝက်ဘ်ဆိုဒ်တွင် မတင်ရသေးကြောင်း ရေးသားထားသည်။ နိုင်ငံတော်ဝင်ငွေ အမျိုးအစားခွဲခြားရေးစနစ်များနှင့် နိုင်ငံတကာစံသတ်မှတ်ချက်များကို ကိုးကားမှုနှင့်ပတ်သက်၍ အစီရင်ခံစာတွင် စာရင်းတွင် ပါရှိသော ဝင်ငွေလမ်းကြောင်းများသည် အစိုးရက လုပ်ဆောင်နေသော ရည်ညွှန်းကိုးကားစနစ်နှင့် မည်မျှဆက်နွယ်မှုရှိကြောင်း ရှင်းပြချက် မပါဝင်ပေ။

#### မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MEITIအချက်အလက်များကို စက်ဖြင့်ဖတ်ရှုနိုင်သော ပုံစံဖြင့် ရရှိနိုင်ခြင်းနှင့်ပတ်သက်၍ မိတ်ဖက်အဖွဲ့များ များက ပြောဆိုဆွေးနွေးခြင်းမရှိကြပေ။

မိတ်ဖက်အဖွဲ့များ ဆွေးနွေးပွဲများတွင် အချက်အလက်/အစီရင်ခံစာ လေ့လာဆန်းစစ်မှုဆိုရာ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းပါရှိသော MEITI ၏ စွမ်းအားတည်ဆောက်မှု စီမံကိန်းစာအုပ်ကိုNCS က ပေးအပ်ခဲ့သည်။ ပါဝင်ဆွေးနွေးသော မိတ်ဖက်အဖွဲ့များ အများစုက MEITI အချက်အလက်များကို နားလည်မှုနှင့် အသုံးပြုမှုကို တိုးတက်စေရန်မှာ စွမ်းအားတည်ဆောက်မှုကို ပိုမိုပြုလုပ်သင့်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

### ကနဦးအကဲဖြတ်ချက်

သတ်မှတ်ချက် ၇-၂ အရ MSG ကို EITI အစီရင်ခံစာများကို လူထုကြားရောက်စေရန်အတွက် အချက်အလက်ပွင့်လင်းမြင်သာမှုပုံစံတွင် အသုံးပြုရန် တိုက်တွန်းထားသည်။ ထိုအားထုတ်မှုများကို တိုက်တွန်းသော်လည်း EITI စံသတ်မှတ်ချက်နှင့် ကိုက်ညီခြင်းရှိမရှိ ဆုံးဖြတ်ရန်အတွက် မလိုအပ်ခဲ့ပေ။ MEITI အစီရင်ခံစာများရှိ အချက်အလက်များကို MEITI ဝက်ဘ်ဆိုဒ်နှင့် အချက်အလက်ပေါ်တယ်တွင် ရရှိနိုင်သည်။

အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံကို EITI သတင်းအချက်အလက်ကို လူထုမှ နားလည်မှုတိုးတက်လာစေရန် ရည်ရွယ်သော အစီရင်ခံစာလေ့လာဆန်းစစ်မှုပြုလုပ်ရန် တိုက်တွန်းထားသည်။ EITI အချက်အလက်များကို အခြားလူထုမှရရှိနိုင်သော အချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် EITI အစီရင်ခံစာများနှင့် အချက်အလက်ဖိုင်များကို တွဲထည့်ပေးသင့်သည်။

### ရရှိခဲ့သော သင်ခန်းစာများနှင့် အကြံပြုချက်များကို လိုက်နာလုပ်ဆောင်ခြင်း (#၇-၃)

## လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

MEITI အစီရင်ခံစာ သုံးခုတွင် [100] ဝင်ငွေစီမံခန့်ခွဲမှုနှင့် သယံဇာတကဏ္ဍကို စီမံခန့်ခွဲမှုကို တိုးတက်စေရန် MSG မှ သဘောတူလက်ခံထားသော အကြံပြုချက်စာရင်းပါဝင်သည်။

*MSG နောက်ဆက်တွဲ ဆောင်ရွက်ခြင်း* - အကြံပြုချက်များကို MSG နှင့် သက်ဆိုင်ရာ အစိုးရအေဂျင်စီများမှ ဦးစားပေးခွဲခြား၍ လုပ်ဆောင်နေကြောင်း အထောက်အထားများတွေ့ရှိရသည်။ အစီရင်ခံစာအကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းတိုးတက်မှုကို နိုင်ငံတော်အတွင်းရေးမှူးမှတဆင့် MSG မှ ကြီးကြပ်သည်။ MSG ၏ ၂၀၁၇ ဇူလိုင် ၂၈ ရက်နေ့ အစည်းအဝေးကာလအတွင်း[101]MEITI အစီရင်ခံစာ အကြံပြုချက်များ အကောင်အထည်ဖော်ခြင်းဆိုင်ရာ နောက်ဆုံးသတင်းများကို တောင်းဆိုသော စာတစ်စောင်ကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် မိတ်ဖက်အဖွဲ့များ များသို့ ပို့ခဲ့ကြောင်း တင်ပြခဲ့သည်။ ၂၀၁၈ ဇန်နဝါရီလ [102], ၂၀၁၈ ဖေဖော်ဝါရီလ နှင့် [103]၂၀၁၈ မတ်လ [104] MSG အစည်းအဝေးတို့တွင် MSG သည် အကြံပြုချက်များ အကောင်အထည်ဖော်ခြင်း အခြေအနေနှင့် အကောင်အထည်ဖော်ခြင်းကို သေချာစေသည့် နောက်အဆင့်များကို ဆွေးနွေးခဲ့ကြသည်။ အကောင်အထည်ဖော်ခြင်းအတွက် အချိန်သတ်မှတ်ချက်နှင့် လုပ်ငန်းစီမံကိန်းကို နည်းပညာနှင့်အစီရင်ခံသော ဆပ်ကော်မတီကို တာဝန်ချမှတ်လိုက်သည်။

အကြံပြုချက်များကို ဆွေးနွေးသော အလုပ်ရုံဆွေးနွေးပွဲကို [105]၂၀၁၈ ဖွန်လ ၉ ရက်နေ့တွင် MSG က ဦးစားပေးများနှင့် ခိုင်လုံသောလုပ်ဆောင်ချက်များကို ဆွေးနွေးသော နေရာတွင် ကျင်းပခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အကြံပြုချက်များကို လုပ်ဆောင်ရန် အေဂျင်စီများ၏ ကတိများကို ရရှိရန် ရည်ရွယ်ခဲ့သည်။ ၂၀၁၈ နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ၏ အခန်း ၄ တွင် အစီရင်ခံစာ၏ အကြံပြုချက်များ အကောင်အထည်ဖော်ခြင်းတိုးတက်မှုကို တင်ပြခဲ့သည်။ အကြံပြုချက် ၁၄ ခုထဲမှ နှစ်ခုမှာ အပြီးသတ်လုပ်ဆောင်ပြီးဖြစ်၍ ခြောက်ခုမှာ အကောင်အထည်ဖော်နေဆဲဖြစ်ပြီး လေးခုမှာ

[100] MEITI ဝက်ဘ်ဆိုဒ်၏ MEITI အစီရင်ခံစာများကဏ္ဍကို2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[101] MEITI (ဇူလိုင်၂၀၁၇) "၅ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[102] MEITI (ဇန်နဝါရီ၂၀၁၈) "၁၀ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[103] MEITI (ဖေဖော်ဝါရီ၂၀၁၈) "၁၁ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[104] MEITI (မတ်၂၀၁၈) "၁၂ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ" ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[105] MEITI (ဖွန်၂၀၁၈) "အကြံပြုဆွေးနွေးမှု အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာ" ကို 2018 စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

တစ်စိတ်တစ်ပိုင်းစတင်နေကာ နှစ်ခုမှ အကောင်အထည်မဖော်ရသေးပေ။[106] တုံ့ပြန်မှုများနှင့် အေဂျင်စီများ၏ ရှင်းလင်းမှုများအပါအဝင် အကြံပြုချက် တစ်ခုစီ၏ တိုးတက်မှုကို အသေးစိတ်ရှင်းပြချက်များလည်း MEITI အစီရင်ခံစာတွင် ပါဝင်သည်။

*ကွာဟချက်များ -* MSG သည် ဒုတိယနှင့် တတိယ MEITI အစီရင်ခံစာများ မထုတ်ဝေခင် ညှိမရသော ကွာဟချက်များကို ဖော်ထုတ်ရန် အားစိုက်ခဲ့သည်။ ၂၀၁၈ ဖေဖော်ဝါရီ ၁၄-၁၅ MSG အစည်းအဝေးတွင် IA နှင့် အစီရင်ခံစာတွင်ပါဝင်သော အဖွဲ့များအနေဖြင့် ကွာဟချက်များ၏ အကြောင်းရင်းများကို စစ်ဆေးခဲ့ကြပြီး နောက်ဆက်တွဲအချက်အလက်များနှင့် လိုအပ်သော ပံ့ပိုးစာရွက်စာတမ်းများကို ရှာဖွေခဲ့ကြသည်။ ကွာဟချက်များ၏ အကြောင်းရင်းများကို ၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာတွင် ဖော်ပြထားသည်။ နောင်လာမည့် EITI အစီရင်ခံစာများတွင် ကွာဟချက်များကို နည်းအောင် ထိုအကြောင်းရင်းများကို MSG အနေဖြင့် ရှင်းလင်းမည့်နည်းလမ်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုမူ မတွေ့ရှိရပေ။

## မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MEITI အစီရင်ခံစာရှိ အကြံပြုချက်များကို MSG က ဆက်တိုက်လိုက်ပါစစ်ဆေးခြင်းဖြင့် လုပ်ဆောင်နေကြောင်း မိတ်ဖက်အဖွဲ့များ များအားလုံးက အတည်ပြုပြောကြားသည်။ ပါဝင်ဆွေးနွေးခဲ့ကြသော CSO ကိုယ်စားလှယ်များက အစိုးရသည် အကြံပြုချက်များ အကောင်အထည်ဖော်ရန်မှာ အရေးကြီးကြောင်းကို အသိအမှတ်ပြုသော်လည်း အချို့ CSO ကိုယ်စားလှယ်များကမူ အစိုးရသည် အကြံပြုချက်များအားလုံးကို အကောင်အထည် ဖော်ရန်အတွက် ပိုမိုခိုင်မာသော နိုင်ငံရေးကတိကဝတ်ကို ပြသရန်လိုအပ်သည်ဟု ထင်မြင်ကြသည်။ CSO ကိုယ်စားလှယ်တစ်ဦးက အေဂျင်စီများအတွင်း အကောင်အထည်ဖော်နိုင်သော အကြံပြုချက်များနှင့် လွှတ်တော်မှ ပါဝင်မှုကို လိုအပ်သည့် နိုင်ငံရေးအရ ရေရှည်ဖြေရှင်းမှုများကို လိုအပ်သော အကြံပြုချက်များဟူ၍ အကြံပြုချက်များကို နှစ်မျိုးခွဲခြားပြသည်။ ပထမတစ်ခုမှာ တိုးတက်မှုရှိပုံပေါ်သော်လည်း ဒုတိယတစ်ခု၏ အဆင့်များကိုမူ မမြင်ရသေးကြောင်း ပြောကြားကြသည်။ ပါဝင်ဆွေးနွေးကြသော CSO မိတ်ဖက်အဖွဲ့များ များက အစိုးရအပြောင်းအလဲများတွင် အကြံပြုချက်များ အကောင်အထည်ဖော်ခြင်းကို သေချာစေရန်မှာ ဥပဒေနှင့်အညီ EITI ၏ ဖွဲ့စည်းမှုကို လိုအပ်သည်ဟု ထပ်လောင်းပြောကြားသည်။

EITI လုပ်ဆောင်မှုကော်မတီနှင့် မိတ်ဖက်အဖွဲ့များ များ ဆွေးနွေးမှုများတွင် အစိုးရကိုယ်စားလှယ်များက ၎င်းတို့၏ သက်ဆိုင်ရာအေဂျင်စီများ ပါရှိသော အကြံပြုချက်များ၏ နောက်ဆုံးအခြေအနေများကို တင်ပြကြသည်။ ၎င်းတို့၏ အဖွဲ့အစည်းအင်အားကို ခိုင်မာစေရန်၊ ကုမ္ပဏီများကို TIN နံပါတ် ထုတ်ပေးခြင်းအပါအဝင် ဒီဂျစ်တယ်အခွန်ဆောင်စနစ်ကို ဖော်ဆောင်ခြင်းလုပ်ငန်းစဉ်ကိုစတင်ထားပြီးဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။ လူဦးရေ၊ ဧရိယာ၊ GDP နှင့် ဝင်ငွေကဲ့သို့သော ညွှန်ကိန်းများကို ထောက်ပံ့ငွေများကို တွက်ချက်ရာတွင် အသုံးပြုသည်။ MEITI အစီရင်ခံစာရှိ အကြံပြုချက်များကို လုပ်ဆောင်ရန်မှာ အစိုးရအနေဖြင့် ထိုလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာသော အဆင့်များဖြင့် လုပ်ဆောင်လျှက်ရှိသည်။

SOE ပွင့်လင်းမြင်သာမှုနှင့် သက်ဆိုင်သော အကြံပြုချက်များတွင် SOE ဘတ်ဂျက်အချက်အလက်များသည် အင်တာနက်တွင် ပုံမှန်တင်ပေးသော ပြည်သူ့ဘတ်ဂျက် (Citizen's Budget) ထုတ်ပြန်ရာတွင် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်များက ရှင်းပြသည်။ ကျောက်မျက် ကဏ္ဍစီမံမှုကို တိုးတက်စေသော အကြံပြုချက်များနှင့်ပတ်သက်၍ များစွာသော SOE နှင့် အစိုးရ မိတ်ဖက်အဖွဲ့များ များက ကျောက်မျက်ပံ့ပိုးရေး ကော်မတီ (Gem Supporting Committee) သည် ကုမ္ပဏီများကို MGE ထံ ၎င်းတို့၏ ထုတ်လုပ်မှုနှင့် ကျောက်မျက်ပြပွဲအပြင်ဘက်မှ ရောင်းချမှုအပါအဝင် ရောင်းချမှုအချက်အလက်များကို ခြောက်လတစ်ကြိမ် သတင်းပို့ရမည့် ကျောက်မျက်မူဝါဒတစ်ခုကို လုပ်ဆောင်နေပြီဖြစ်ကြောင်း ပြောကြားသည်။ ကျောက်မျက်မူဝါဒကို မူကြမ်းရေးဆွဲရာတွင် EITI မိတ်ဖက်အဖွဲ့များ များက ပါဝင်ဆွေးနွေးကြသည်။

[106] နှစ်စဉ်တိုးတက်မှု အစီရင်ခံစာကို MEITI အစီရင်ခံစာ၏ အောက်ပါ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းကို လက်ရှိ လုပ်ဆောင်နေကြောင်း - (၁) တူညီသော တွင်းထွက်တူးဖော်မှုလိုင်စင်စနစ်ကို အကောင်အထည်ဖော်ခြင်း၊ (၂) IRD အခွန်စနစ်ကို ဒီဂျစ်တယ်အဖြစ်ပြောင်းခြင်းအပါအဝင် အစိုးရ၏ စာရင်းအင်းစနစ်ကို တိုးမြှင့်ခြင်းနှင့် ကုမ္ပဏီများကို TIN ထုတ်ပေးခြင်း၊ (၃) CIT ပေးချေမှုလက်ခံပြေစာထုတ်ပေးရန် နောက်ကျခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းခြင်း (၄) EITI အစီရင်ခံစာတွင် MEC နှင့် UMEHL ကို ပါဝင်စေခြင်း (၅) လိုင်စင်ချပေးခြင်းကို ဦးရာလူစနစ်မှ ပိုမိုမြင့်သော လေလံအဆင့်ထိ ပြောင်းလဲခြင်းအပါအဝင် လိုင်စင်ချပေးခြင်းလုပ်ငန်းစဉ်ကို ရှင်းလင်းစွာဖော်ပြသော သတ္တုတူးဖော်ရေးဥပဒေကို ပြန်လည်ဆန်းစစ်ခြင်း (၆) ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကြားတွင် သယံဇာတတူးဖော်မှုဝင်ငွေကို မျှတစွာ ခွဲဝေမှုလုပ်ငန်းစဉ်ကို သေချာစေရန် တွင်းထွက်တူးဖော်မှုစည်းကမ်းကို ပြန်လည်ဆန်းစစ်ခြင်း။ လုပ်ဆောင်ပြီးသော အကြံပြုချက်များတွင် PCS များတွင် အချက်အလက်လျှို့ဝှက်မှုစည်းကမ်း ပါရှိသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့အချက်အလက်များတင်ပြမှုများနှင့် အစီရင်ခံစာပုံစံများကို ဖြည့်စွက်ရန် အချိန်များစွာ ရရှိနိုင်ရန်အတွက် အစီရင်ခံသည့်အဖွဲ့များအတွက် အစီရင်ခံစာပုံစံများတင်ရန်သတ်မှတ်အချိန်ကို ညှိနှိုင်းပေးခြင်းတို့ ပါဝင်သည်။

## ကနဦးအကဲဖြတ်ချက်

အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ် တိုးတက်မှုရှိသည်ဟု ဆိုသည်။ MEITI အစီရင်ခံစာများမှ အကြံပြုချက်များကို MSG နှင့် အစိုးရမှ လုပ်ဆောင်နေကြောင်း အထောက်အထားများ တွေ့ရှိရသည်။ လုပ်ငန်းစီမံချက်များကို မူကြမ်းရေးဆွဲပြီး နောက်ဆုံးအခြေအနေများကို MSG ထံ ပုံမှန်တင်ပြသည်။ MSG ဥက္ကဋ္ဌကလည်း မိတ်ဖက်အဖွဲ့များ၏ ဆွေးနွေးမှုများမှ တိုးတက်မှုများကို စောင့်ကြည့်ကွပ်ကဲနေသည်။ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် နည်းပါးနေပြီး အငြင်းပွားဖွယ်နည်းသော အကြံပြုချက်များကိုသာ လုပ်ဆောင်နေကြောင်း၊ ကျောက်မျက်မူဝါဒအသစ်ကို လုပ်ဆောင်ခြင်းနှင့် SOE သတင်းအချက်အလက်များကို တင်ပြခြင်းကဲ့သို့သော များပြားလှသည့် အကြံပြုချက်များကို ဦးစားပေးသတ်မှတ်ပြီး အကောင်အထည် ဖော်နေကြောင်း မိတ်ဖက်အဖွဲ့များ အနည်းငယ်က စိုးရိမ်ပူပန်သော အမြင်များလည်းရှိသည်။

အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် နောက်ဆက်တွဲ စောင့်ကြည့်ကွပ်ကဲခြင်း လုပ်ငန်းစဉ်များ ခိုင်မာလာစေရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။ ပိုမိုကျယ်ပြန့်သော ပြန်လည်ပြုပြင်ရေးများနှင့်သက်ဆိုင်သည့် အကြံပြုချက်များကို အောင်မြင်စွာ နောက်ဆက်တွဲစစ်ဆေးနိုင်အောင် ထောက်ပံ့ကူညီသော အဓိက မိတ်ဖက်အဖွဲ့များ များကိုလည်း သိရှိနိုင်ရန် မိတ်ဖက်အဖွဲ့များ ဖွဲ့စည်းမှုပုံစံကိုလည်း ရေးဆွဲသင့်သည်။ ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သည့် နည်းပညာနှင့် ဘဏ္ဍာရေး ရင်းမြစ်များကို ရှာဖွေရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။

110

111




## လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း

MEITI နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် နိုင်ငံတွင်းရှိ EITI အကောင်အထည်ဖော်ခြင်းရလဒ်များနှင့် ပြီးမြောက်မှုများနှင့် ထိုရလဒ်များကို ထုတ်လုပ်ရာတွင် MSG ၏ အားစိုက်ထုတ်မှုများကို တင်ပြထားသည်။ ၂၀၁၇ ဇူလိုင်လမှ ၂၀၁၈ ဇွန်လ အထိပါဝင်သော ၂၀၁၈ နှစ်စဉ်တိုးတက်မှုအစီရင်ခံကို [107] MEITI ဝက်ဘ်ဆိုဒ်တွင် ၂၀၁၈ ဇူလိုင် ၁၄ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ သို့သော် နှစ်စဉ်တိုးတက်မှု အစီရင်ခံစာကို MSG မှ သဘောတူလက်ခံခဲ့သောအချိန်ကိုမှု မှတ်တမ်းမတွေ့ရှိရပေ။

နှစ်စဉ်တိုးတက်မှု အစီရင်ခံစာ၏ အခန်း(၁) တွင် အစီရင်ခံစာတွင် ပါရှိသော လုပ်ဆောင်မှုများကို အကျဉ်းချုပ်ရေးသားထားသည် (စာမျက်နှာ ၁၁-၁၉)။ [108]

EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက်တစ်ခုစီကို ပြည့်မီမမီစစ်ဆေးသော တိုးတက်မှုအကဲဖြတ်ခြင်း (စာမျက်နှာ ၄၆-၅၀) လည်း ပါရှိသည်။ ဤအခန်းတွင် အကောင်အထည်ဖော်ခြင်း၏ ရလဒ်များနှင့် သက်ရောက်မှု အသေးစိတ်ကို အနည်းငယ်သာ ဖော်ပြထားသော်လည်း နည်းပညာသတ်မှတ်ချက်များ၏ တိုးတက်မှုကို ဆွေးနွေးရာတွင် EITI တွင် တင်ပြထားသော နောက်ဆက်တွဲအချက်အလက်များကို သုံးသပ်ထားသည်။ SOE များ ပြန်လည် ဖွဲ့စည်းခြင်း ဆိုင်ရာ လုပ်ဆောင်ချက်များကိုလည်း မီးမောင်းထိုးပြထားသည်။ [109]

နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် MEITI အစီရင်ခံစာများရှိ အကြံပြုချက်များကို အကျဉ်းချုပ်ထားပြီး ထိုအကြံပြုချက်များကို ဦးတည်သည့် တိုးတက်မှုများပါဝင်သော ဇယားတစ်ခုပါရှိသည် (စာမျက်နှာ ၅၁-၇၀)။ ထိုဇယားတွင် အကြံပြုချက်တစ်ခုစီကို ဦးတည်သော သက်ဆိုင်ရာ အစိုးရ အေဂျင်စီများက လုပ်ဆောင်သည့် လုပ်ဆောင်ချက်ဖော်ပြမှုအသေးစိတ် ပါဝင်သည်။ ပထမဦးဆုံး MEITI အစီရင်ခံစာရှိ အကြံပြုချက် ၁၄ ချက်မှ (၄)ခုမှာ တစ်စိတ်တစ်ပိုင်း စတင်နေကာ [110] (၆) ခုမှာ အကောင်အထည်ဖော်နေဆဲဖြစ်ပြီး [111], (၂) ခုမှာ အပြီးသတ်လုပ်ဆောင်ပြီးဖြစ်၍ [112]ကျန် (၂) ခုမှာ အကောင်အထည် မဖော်ရသေးပေ။ [113]. အကြံပြုချက်များထဲမှ တိုးတက်မှုမရှိသော တစ်ခုမှာ EITI ဥပဒေမူကြမ်းရေးဆွဲခြင်းဖြစ်သည်။

နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် စွမ်းဆောင်မှုများကို MEITI လုပ်ငန်းစီမံကိန်းတွင် ချမှတ်ထားသော လုပ်ဆောင်ချက်များနှင့် တိုက်ဆိုင် စစ်ဆေး အကဲဖြတ်ခြင်း ပါဝင်သည် (စာမျက်နှာ ၂၀-၄၅)။လုပ်ငန်းစီမံကိန်း၏ အရင်ပုံစံနှင့် နောက်ဆုံးပေါ်ပုံစံများတွင် အခြေအနေကို အနှစ်ချုပ်ထားသော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ခြင်းတိုးတက်မှုဖော်ပြချက် အပါအဝင် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၈ ဇွန်လ ၁ ရက်နေ့ MSG အစည်းအဝေး၏ မှတ်တမ်းတွင် [114]နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် နယ်မြေအဖွဲ့တစ်ဖွဲ့ချင်းစီကို ၎င်းတို့၏ ထည့်သွင်း အချက်အလက်များ ကို ပေးအပ်ရန် တောင်းဆိုသော်လည်း ထိုကဏ္ဍများက MSG အပြင်ဘက်ရှိ ၎င်းတို့၏ အဖွဲ့များမှ တုံ့ပြန်မှတ်ချက်များကို မေးမြန်းခဲ့ခြင်းရှိမရှိ အထောက်အထားမတွေ့ရဟု ဆိုသည်။ နိုင်ငံအတွင်း EITI အကောင်အထည်ဖော်ရေး သက်ရောက်မှုကို အကဲဖြတ်ရန် အစီအစဉ်များ ဆွေးနွေးမှုများ ကိုလည်း MSG အစည်းအဝေး၏ မှတ်တမ်းတွင် မတွေ့ရှိရပေ။ လက်ရှိလုပ်ငန်းစီမံကိန်းတွင်လည်း သက်ရောက်မှုလေ့လာရန်စီမံကိန်း မပါရှိပေ။

---

[107] MEITI (ဇူလိုင်၂၀၁၈) "မြန်မာနှစ်စဉ်တိုးတက်မှုမှတ်တမ်း - ဇူလိုင် ၂၀၁၇ - ဇွန် ၂၀၁၈" ကို 2018 ဩဂုတ်တွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။
[108] လုပ်ဆောင်ချက်အကျဉ်းချုပ်တွင် ပါရှိသော ပြီးမြောက်မှုအချို့မှာ MEITI အစီရင်ခံစာဒုတိယအကြိမ်နှင့် တတိယအကြိမ်ပြင်ဆင်ခြင်း၊ သစ်တောကဏ္ဍတွင် သီးသန့်စာရင်းအစီရင်ခံစာကိုထုတ်နိုင်ခြင်း၊ တွင်းထွက်နှင့် ကျောက်မျက်လိုင်စင်စနစ်တိုးတက်လာခြင်း၊ အဝေးရောက်လုပ်ဆောင်ချက်များနှင့် အတည်ပြုရန် ပြင်ဆင်ခြင်းများ။
[109] လုပ်ဆောင်ချက်များတွင် SOE များ၏ ဘဏ္ဍာရေးအသားတင်သက်ရောက်မှုကိုလေ့လာဆန်းစစ်ရန် မြန်မာလူထုအသုံးစရိတ်ပြန်လည်ဆန်းစစ်ခြင်း (PER) ၂၀၁၇ ကိုထုတ်ပြန်ခြင်းပါဝင်သည်။
[110] အစီရင်ခံစာများကို ပြည်သူများဖတ်ရှုနိုင်ရန်၊ အချက်အလက်ပိုမိုရရှိရန်အတွက် MEITI အစီရင်ခံစာနယ်ပယ်ကိုတိုးချဲ့နိုင်ရန် OAG စည်းမျဉ်းစည်းကမ်းများကို ပြန်လည် စစ်ဆေးခြင်း၊ BO အချက်အလက်နှင့် အခြားဘဏ်စာရင်းများ၏ သတင်းအချက်အလက်ကိုတင်ပြခြင်း။
[111] စာရင်းကိုက်ရာတွင် ကျန်နေခဲ့သည့်အမှားများကိုရှောင်ရှားရန် ကုမ္ပဏီများမှ လက်ခံရရှိသောလွှဲအပ်မှုများကို CIT ပေးချေမှုလက်ခံပြေစာထုတ်ပေးခြင်း၊ MEC နှင့် UMEHL ကို SOE များအဖြစ်သတ်မှတ်ခြင်းနှင့် ထိုကုမ္ပဏီနှစ်ခု၏ အချက်အလက်များကိုတင်ပြခြင်းရှိမရှိဦးတည်ခြင်း၊ အင်တာနက်မှ တွင်းထွက် တူးဖော်မှု လိုင်စင်စနစ်ကို အကောင်အထည်ဖော်ခြင်း၊ အခွန်နှင့် ဝင်ငွေအချက်အလက်များကိုအွန်လိုင်းစနစ်သုံးခြင်းဖြင့်အစိုးရ၏ စာရင်းအင်းစနစ်ကိုတိုးမြှင့်ခြင်း၊ လိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်ကို ရှင်းလင်းစွာဖော်ပြသောသတ္တုတူးဖော်ရေးဥပဒေကို ပြန်လည်ဆန်းစစ်ခြင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကြားတွင် သယံဇာတတူးဖော်မှုဝင်ငွေကို မျှတစွာခွဲဝေမှုလုပ်ငန်းစဉ်ကိုသေချာစေရန် တွင်းထွက်တူးဖော်မှုစည်းကမ်းကို ပြန်လည်ဆန်းစစ်ခြင်း။
[112] အစီရင်ခံစာပုံစံများကို ဖြည့်စွက်ရန် အချိန်များစွာရရှိနိုင်ရန်အတွက် အစီရင်ခံသည့်အဖွဲ့များအတွက် အစီရင်ခံစာပုံစံများတင်ရန်သတ်မှတ်အချိန်ကိုညှိနှိုင်းပေးခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ဆောင်ချက်များဆိုင်ရာအချက်အလက်များကိုတင်ပြရာတွင် ကန့်သတ်ထားသည့် PSC များကိုပါရှိသည့်သတ်မှတ်ချက်များကိုဖြေရှင်းခြင်း။
[113] EITI ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် သယံဇာတတူးဖော်ရေးကဏ္ဍနှင့်ဆက်စပ်သောအချက်အလက်များကိုထုတ်ပြန်ရန် NCS နှင့် သက်ဆိုင်ရာအစိုးရအေဂျင်စီများ။
[114] MEITI (၂၀၁၈ ဇွန်လ), '၁၄ ကြိမ်မြောက် MSG အစည်းအဝေးမှတ်တမ်းများ' ကို ဤတွင် ၂၀၁၈ ဩဂုတ်လတွင် ကြည့်ပါ။

## မိတ်ဖက်အဖွဲ့များ၏ အမြင်များ

MSG က အတည်ပြုရန်တာဝန်ကို ၎င်းတို့ထံ ပေးအပ်ပြီးနောက် ၂၀၁၈ ဖွန်လ ၈ ရက်တွင် ကျင်းပသော ဆပ်ကော်မတီ အစည်းအဝေးတွင် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာကို လက်ခံအတည်ပြုခဲ့ကြောင်း NCS က ပြောကြားခဲ့သည်။ လုပ်ငန်းကဏ္ဍနှင့် ပြည်သူလူထုကဏ္ဍမှ မိတ်ဖက်အဖွဲ့များ များက ၎င်းတို့အနေဖြင့် MSG ပြင်ပရှိ ၎င်းတို့၏ အဖွဲ့များကို နှစ်စဉ်တိုးတက်မှုအစီရင်ခံစာကို မှတ်ချက်ပေးကြရန် တောင်းဆိုခဲ့ကြကြောင်း ပြောကြားခဲ့သည်။
သက်ရောက်မှုကို လေ့လာရာတွင် ကော်မရှင်ဖွဲ့ရန် ဆွေးနွေးခဲ့ကြသော်လည်း အစိုးရသစ် ပြောင်းလဲရေးကာလအတွင်း လှုပ်ရှားမှုမရှိသဖြင့် ရှေ့ဆက်ခဲ့ခြင်း မရှိပေ။ နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် သက်ရောက်မှုကို ရှင်းလင်းပြတ်သားသော အကဲဖြတ်မှုမရှိသော်လည်း ယခင် EITI အစီရင်ခံစာများမှ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းနှင့် နောက်ဆက်တွဲရလဒ်များကို အသေးစိတ်လေ့လာခြင်းကို ကြည့်ခြင်းအားဖြင့် EITI အကောင်အထည်ဖော်ကာလတိုအတွင်း သိသာသော သက်ရောက်မှုများရှိကြောင်း တွေ့ရသည်။

EITI အကောင်အထည်ဖော်ခြင်းသည် မြန်မာနိုင်ငံတွင် အထူးသဖြင့် သယံဇာတတူးဖော်ရေးကဏ္ဍမှ သတင်းအချက်အလက်များကို ပြည်သူသိအောင် လုပ်နိုင်ခြင်းနှင့် အစိုးရကို ပိုမိုပွင့်လင်းမြင်သာရန်နှင့် ပြုပြင်ပြောင်းလဲရေးကို ပိုမိုလုပ်ဆောင်စေနိုင်ခြင်း ကဲ့သို့သက်ရောက်မှုများကို ဖြစ်စေကြောင်း မိတ်ဖက်အဖွဲ့များအားလုံးက လက်ခံကြသည်။ ရလဒ်အနေဖြင့် မိတ်ဖက်အဖွဲ့များသည် မူဝါဒများနှင့် ဌာနတွင်း စနစ်များတွင် တိုးတက်မှုအချို့ကို တွေ့မြင်ကြရသည်။ အစိုးရကိုယ်စားလှယ်များက EITI သည် ၎င်းတို့၏ ဘတ်ဂျက်နှင့် ဘဏ္ဍာရေးစီမံမှုများနှင့် အခွန်အကောက်လုပ်ငန်းစဉ်နှင့် လေလံစနစ် များကို ပြန်လည်ပြုပြင်ရန် လိုအပ်ချက်ကို သိစေခဲ့သည်ဟု ဆိုသည်။

ထို့ပြင် အစိုးရသည် ပြည်သူဘတ်ဂျက်သတင်းလွှာများကို ထုတ်ဝေခြင်းအပါအဝင် ဘတ်ဂျက်ပွင့်လင်းမြင်သာမှု ပြန်လည်လုပ်ဆောင်ရေးကို စတင် လုပ်ဆောင်ခဲ့သည်။ ယခုအခါ အဓိကဘတ်ဂျက်စာရွက်စာတမ်း ခုနစ်ခုကို တင်ပြခဲ့ခြင်းကို ကြည့်ပြီး EITI ကို အကောင်အထည်မဖော်မီက အင်တာနက် တွင် ဘတ်ဂျက်စာရွက်စာတမ်းများ မရှိကြောင်း မိတ်ဖက်အဖွဲ့များ တစ်ဦးမှ ပြောကြားသည်။ အစိုးရအချက်အလက်များကို ရရှိနိုင်မှု မြင့်လာခြင်းကို လူထုကိုယ်စားလှယ်များကလည်း ထောက်ခံကြသည်။

အစိုးရကိုယ်စားလှယ်များက MEITI အစီရင်ခံစာ၏ အကြံပြုချက်များကို လိုက်နာသောအားဖြင့် ကျောက်မျက်မူဝါဒအသစ်ကို မူကြမ်း ရေးဆွဲခဲ့ကြောင်း နှင့်ယခင်MEITI အစီရင်ခံစာများတွင် ပါရှိသော ကွာဟချက်များထဲမှ များစွာကို မူဝါဒတွင် ထည့်သွင်းရေးဆွဲခဲ့ကြောင်း ပြောကြားသည်။ ထိုမူကြမ်းကို ရေးဆွဲသည့် ကျောက်မျက်လုပ်ငန်းကော်မတီကို မိတ်ဖက်အဖွဲ့များ များ ၏ ချဉ်းကပ်လုပ်ဆောင်မှုသည်ပင် MSG ၏ နည်းလမ်းနှင့် အလွန်ဆင်တူကြောင်း ဖွံ့ဖြိုးတိုးတက်ရေး ပါတနာတစ်ဦးက ပြောကြားသည်။ ထို့အတူ EITI သည် တူးဖော်ခွင့်လိုင်စင်ချမှတ်ရေးတိုးတက်မှုကို ဖြစ်စေပြီး ထိုပြုပြင်ပြောင်းလဲမှု သည် ပထမဆုံးMEITI အစီရင်ခံစာ၏ အကြံပြုချက်များက များစွာလွှမ်းမိုးမှုရှိကြောင်း လုပ်ငန်းဘက်မှ ဖွံ့ဖြိုးတိုးတက်ရေး ပါတနာကိုယ်စားလှယ်များကလည်း ပြောကြားသည်။ EITI အကောင်အထည်ဖော်ခြင်း၏ ပြန်လည်ပြုပြင်ရေးများကြောင့် မြန်မာနိုင်ငံ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၏ သဘောထားအမြင်များကို မြင်ရသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုသည် တိုးမြင့်လာကြောင်း လုပ်ငန်းကိုယ်စားလှယ်များ က ရှုမြင်ကြသည်။

EITI သည် ထိုသက်ရောက်မှုများကို ဖန်တီးရာတွင် ပိုမိုလုပ်ဆောင်နိုင်ကြောင်း လူထုကိုယ်စားလှယ် အချို့က ပြောကြားသည်။ စစ်ဘက်နှင့်နွယ်သော ကုမ္ပဏီများသည် ဤလုပ်ငန်းစဉ်တွင် ယခုအထိ မပါဝင်ကြသေးကြောင်း ပြောကြားကြသည်။ MOGE နှင့် MGE က ရောင်းဝယ်မှုနှင့် စည်းကမ်းသတ်မှတ်မှုကဏ္ဍများတွင် တပြိုင်နက်တည်း လုပ်ဆောင်ခြင်းသည် အကျိုးစီးပွားပဋိပက္ခဖြစ်စေသဖြင့် ထိုလုပ်ဆောင်မှုများကို ရပ်တန့်ရန် မျှော်လင့်ကြသည်။ EITI သည် အစိုးရ၊ လုပ်ငန်းနှင့် လူထုကြား ယုံကြည်မှုကို ကူညီတည်ဆောက်ပေးခဲ့သည်ဟု မိတ်ဖက်အဖွဲ့များ အားလုံးက တူညီစွာ လက်ခံကြသည်။

## ကနဦးအကဲဖြတ်ချက်

113


အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုသည် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ရာတွင် ကျေနပ်ဖွယ် တိုးတက်မှုရှိသည်ဟု ဆိုသည်။MSG လုပ်ဆောင်မှုများကို MEITI အစီရင်ခံစာနှင့် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် EITI စံချိန်စံညွှန်း သတ်မှတ်ချက် တစ်ခုစီကို ပြည့်မီခြင်းရှိမရှိ တိုးတက်မှုအကဲဖြတ်ခြင်း၊ MEITI အလုပ်စီမံကိန်းတွင် ပါရှိသော လုပ်ဆောင်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးသော စွမ်းဆောင်ရည်အကဲဖြတ်မှုများနှင့် ထိုအကြံပြုချက်များကို ဦးတည်ရာတွင် တိုးတက်မှုများ အပါအဝင် MEITI အစီရင်ခံစာရှိ အကြံပြုချက်များ အကျဉ်းချုပ်တို့ ပါဝင်သည်။ ထိုဆွေးနွေးမှုများအားလုံးသည် သက်ရောက်မှုကို လုံလောက်သော အကဲဖြတ်မှုများနှင့် EITI အကောင်အထည် ဖော်ခြင်းတိုးတက်မှုကို ဖြစ်စေသည်။

နှစ်စဉ်တိုးတက်မှုအစီရင်ခံစာတွင် အဖွဲ့အစည်းများကြား ကျယ်ပြန့်သော ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခဲ့ကြ သည်ကို တွေ့ရသည်။ နှစ်စဉ်တိုးတက်မှု အစီရင်ခံစာကို MSG ၏ သဘောတူညီမှု မှတ်တမ်းတင်ထားခြင်းမရှိသော်လည်း ထိုတာဝန်ကို MSG ၏ ဆပ်ကော်မတီမှ တာဝန်ယူပြီး MSG အနေဖြင့် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာကို တိုးတက်မှု သို့မဟုတ် သဘောတူညီမှုအပေါ် မှတ်ချက်တစ်စုံတစ်ရာ မပါဘဲ ဆွေးနွေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် သဘောတူညီမှုရှိကြောင်း သိရှိနိုင်သည်။

EITI အကောင်အထည်ဖော်ခြင်းသည် မြန်မာနိုင်ငံတွင် ယုံကြည်မှုတည်ဆောက်ခြင်း၊ သယံဇာတကဏ္ဍကို ပြည်သူများ ပိုမိုနားလည်လာခြင်းနှင့် အစိုးရမူဝါဒများနှင့် စနစ်များတိုးတက်လာခြင်း ကိစ္စရပ်များတွင် ရလဒ်များနှင့် သက်ရောက်မှုများရှိကြောင်း အထောက်အထားများစွာ တွေ့ရှိရသည်။ မိတ်ဖက်အဖွဲ့များ အချို့က EITI အကောင်အထည်ဖော်ခြင်းသည် SOE များနှင့် စစ်ဘက်ဆက်နွယ်သော ကုမ္ပဏီများကဲ့သို့ ပိုမိုလေးနက်သော ကိစ္စရပ်များသို့ ဆက်လက်လုပ်ဆောင်နိုင်သေး ကြောင်း ပြောကြသော်လည်း EITI အကောင်အထည်ဖော်ခြင်းကြောင့် အစိုးရအချက်အလက်များ ရရှိနိုင်မှုနှင့် ပွင့်လင်းမြင်သာမှုမှာ ယေဘုယျအားဖြင့် လွန်စွာ တိုးတက်လာကြောင်း အားလုံးက လက်ခံနားလည်ကြသည်။

အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန်အတွက် မြန်မာနိုင်ငံတွင် **EITI** သက်ရောက်မှုကို အကဲဖြတ်သော တရားဝင်လေ့လာမှုကို ကော်မရှင်ဖွဲ့ရန်နှင့် နိုင်ငံတစ်ဝှမ်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့တွင် ထင်ရှားသော တိုင်းတာမှုများမှတဆင့် ထိုသက်ရောက်မှုများကို တိုးမြင့်စေသောနည်းများကို အကဲဖြတ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။ မြန်မာနိုင်ငံအနေဖြင့် သက်ရောက်မှုဖြစ်ရန် အလားအလာရှိသော အခြားကိစ္စရပ်များနှင့် ဧရိယာများတွင် လေ့လာဆန်းစစ်ခြင်းကိုလည်း လုပ်ဆောင်သင့်သည်။

## ဇယား ၇ - ကနဦးအကဲဖြတ်မှုအကျဉ်းချုပ်ဇယား - ရလဒ်များနှင့် သက်ရောက်မှု

| EITI သတ်မှတ်ချက်များ | အဓိကတွေ့ရှိချက်များ အကျဉ်းချုပ် | EITI သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှုဆိုင်ရာ အတည်ပြုသူများ၏ အကြံပြုချက်များ |
| --- | --- | --- |

114


| | | |
|---|---|---|
| လူထုတွင်း ဆွေးနွေးခြင်း (#၇-၁) | MEITI အစီရင်ခံစာများသည် စုံလင်ပြီး ပြည်သူလူထုမှ ဖတ်ရှုနိုင်ကာ သယံဇာတ လုပ်ငန်းများကို လူထုတွင်း ဆွေးနွေးခြင်းများတွင် ပါဝင်လာကာ အထူးသဖြင့် အခြားဘဏ်စာရင်းကိစ္စများနှင့် ကျောက်မျက်ကဏ္ဍမူဝါဒပြန်လည်ဆန်းစစ်ရန် ကဲ့သို့သော သဘာဝအရင်းအမြစ် စီမံရေးကိစ္စရပ်များ ဆွေးနွေးမှုများကို ဖွင့်ပေးနိုင်ခဲ့သည်။ MSG အဖွဲ့ဝင်များသည် ၎င်းတို့၏ တိုင်းဒေသကြီး/ပြည်နယ် ဌာနခွဲငယ်များအထိ အဝေးရောက်ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့ကြပြီး EITI ကို မြှင့်တင်ရန် မီဒီယာကိုလည်း ချိတ်ဆက်ခဲ့ကြသည်။ | ကျေနပ်ဖွယ်တိုးတက်မှု |
| **အချက်အလက်ရရှိနိုင်မှု (#၇-၂)** | MEITI အစီရင်ခံစာများနှင့် အချက်အလက်အကျဉ်းချုပ် ပုံစံများကို စက်ဖြင့် ဖတ်နိုင်သော ပုံစံဖြင့် ပုံမှန်ထုတ်ဝေခဲ့ကြ သော်လည်း အစီရင်ခံစာတွင် အချက်အလက်များကို လေ့လာဆန်းစစ်ရန် အားစိုက်ထုတ်မှုမရှိပေ။ | တိုက်တွန်းအားပေးခဲ့ |
| ရရှိခဲ့သော သင်ခန်းစာ များနှင့် အကြံပြုချက်များ ကို လိုက်နာ လုပ်ဆောင်ခြင်း (#၇-၃) | ကျောက်မျက်မူဝါဒအသစ်ကို ဖော်ဆောင်ခြင်းနှင့် SOE များ၏ သတင်း အချက်အလက်များကို တင်ပြမှုများကဲ့သို့ သိသာ ထင်ရှားသာ အကြံပြုချက်များကို အကောင်အထည်ဖော်ရာ တွင် တိုးတက်မှုရှိကြောင်း အထောက်အထားတွေ့ရှိရသည်။ | ကျေနပ်ဖွယ်တိုးတက်မှု |
| အကောင်အထည်ဖော်ခြင်း၏ ရလဒ်များနှင့် သက်ရောက်မှု (#၇-၄) | အဖွဲ့များကြားတွင် ကျယ်ပြန့်သော ဆွေးနွေးမှုများကို လိုက်နာလုပ်ဆောင်သည့် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာများကို ထုတ်ပြန်ခြင်း အပါအဝင် EITI အကောင် အထည်ဖော်ခြင်း၏ ရလဒ်များနှင့် တိုးတက်မှု ကို MSG က ပုံမှန်စစ်ဆေးပြီးဖြစ်သည်။ EITI အကောင်အထည်ဖော်ခြင်းသည် သယံဇာတ လုပ်ငန်းများနှင့် ဆက်စပ်သည့် အစိုးရအေဂျင်စီများ ၏ မူဝါဒများနှင့် စနစ်များတိုးတက်စေခြင်းတို့တွင် နိုင်ငံရှိ ရလဒ်များနှင့် သက်ရောက်မှုကို ဖြစ်စေကြောင်း အထောက်အထားများ တွေ့ရှိရသည်။ | ကျေနပ်ဖွယ်တိုးတက်မှု |

အတွင်းရေးမှူး၏ အကြံပြုချက်များ -

၁။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် EITI ဆက်သွယ်ပြောဆိုရေးနည်းဗျူဟာကို အပြည့်အဝအကောင်အထည်ဖော်ရန်နှင့် သမားရိုးကျ ကောက်ချက်ချမှုများနည်းပါး၍ EITI အစီရင်ခံစာများ၏ စုံလင်မှုကို တိုးတက်စေရန် MSG ကို တိုက်တွန်းထားသည်။ မူဝါဒချမှတ်သူများ၊ လွှတ်တော်နှင့် မြန်မာနိုင်ငံကို လွှမ်းမိုးနေသော အဓိကရာထူးရှိသူများထံ ပုံမှန်ရောက်ရှိစေမှုကို မြှင့်တင်ပေးခြင်းဖြင့် EITI အချက်အလက်များ အသုံးပြုခြင်းကို မြှင့်တင်နိုင်သည်။

၂။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံကို EITI သတင်းအချက်အလက်ကို လူထု နားလည်မှုတိုးတက်လာစေရန် ရည်ရွယ်သော အစီရင်ခံစာလေ့လာဆန်းစစ်မှုပြုလုပ်ရန် တိုက်တွန်းထားသည်။ EITI အချက်အလက်များကို အခြားလူထုမှရရှိနိုင်သော အချက် အလက်များနှင့် နှိုင်းယှဉ်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် EITI အစီရင်ခံစာများနှင့် အချက်အလက်ဖိုင်များကို တွဲထည့်ပေးသင့်သည်။

၃။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် နောက်ဆက်တွဲ စောင့်ကြည့်ကွပ်ကဲခြင်း လုပ်ငန်းစဉ်များ ခိုင်မာလာစေရန် MSG ကို တိုက်တွန်းထားသည်။ ပိုမိုကျယ်ပြန့်သော ပြန်လည်ပြုပြင်ရေးများနှင့်သက်ဆိုင်သည့် အကြံပြုချက်များကို အောင်မြင်စွာ နောက်ဆက်တွဲစစ်ဆေးနိုင်အောင် ထောက်ပံ့ကူညီသော အဓိက မိတ်ဖက်အဖွဲ့များ များကိုလည်း သိရှိနိုင်ရန် မိတ်ဖက်အဖွဲ့များ ဖွဲ့စည်းမှုပုံစံကိုလည်း ရေးဆွဲသင့်သည်။ ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သည့် နည်းပညာနှင့် ဘဏ္ဍာရေး ရင်းမြစ်များကို ရှာဖွေရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။

၄။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန်အတွက် မြန်မာနိုင်ငံတွင် EITI သက်ရောက်မှုကို အကဲဖြတ်သော တရားဝင်လေ့လာမှုကို ကော်မရှင်ဖွဲ့ရန်နှင့် နိုင်ငံတစ်ဝှမ်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့တွင် ထင်ရှားသော တိုင်းတာမှုများမှတဆင့် ထိုသက်ရောက်မှုများကို တိုးမြင့်စေသောနည်း များကို အကဲဖြတ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းထားသည်။ မြန်မာနိုင်ငံအနေဖြင့် သက်ရောက်မှုဖြစ်ရန် အလားအလာရှိသော အခြားကိစ္စရပ်များနှင့် ဧရိယာများတွင် လေ့လာဆန်းစစ်ခြင်းကိုလည်း လုပ်ဆောင်သင့်သည်။

115



**၈။ သက်ရောက်မှုလေ့လာဆန်းစစ်ခြင်း (EITI သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းရှိမရှိ အကဲဖြတ်ရာတွင် ထည့်သွင်းထားခြင်းမရှိသော)**

**လုပ်ငန်းတိုးတက်မှုကို မှတ်တမ်းတင်ခြင်း**

## *သက်ရောက်မှု*

EITI အကောင်အထည်ဖော်ခြင်းသည် မြန်မာနိုင်ငံ၏ သယံဇာတကဏ္ဍနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးကို ပြန်လည်ပြုပြင်ရေး လုပ်ငန်းစဉ်တွင် အဓိကဖြစ်သည်။ အကောင်အထည်ဖော်ခြင်းကို လေးနှစ်ခန့်ဆောင်ရွက်ပြီးနောက် အကောင်အထည်ဖော်ခြင်း၏ များစွာသော သက်ရောက်မှုများကို တွေ့ရှိလာရသည်။

*ပွင့်လင်းမြင်သာမှုအဆင့်တိုးတက်လာခြင်း* - မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်သည် ယခင်က ပြည်သူများကို မတင်ပြခဲ့သော သယံဇာတ အချက်အလက်များကို တင်ပြလာစေရန် လုပ်နိုင်ခဲ့သည်။ ပထမဦးဆုံးအကြိမ်အဖြစ် ဝင်ငွေများကို စုစည်းတင်ပြနိုင်ခဲ့ပြီး ကုမ္ပဏီများမှ အစိုးရထံသို့ ပေးချေမှုများ၊ကုမ္ပဏီများမှ SOE များ၏ ငွေသားမဟုတ်သော ကောက်ခံမှုများ၏ ပစ္စည်းတန်ဖိုးများနှင့် ထိုပစ္စည်းများကို ရောင်းချခြင်းမှရရှိသော ဝင်ငွေများကို လူထုကို သိစေခဲ့သည်။ လိုင်စင်အချက်အလက်များကိုလည်း ပထမဆုံးအကြိမ်အဖြစ် အများပြည်သူ သိစေခဲ့သည်။ EITI သည် ပိုင်ဆိုင်မှုပြောင်းလဲခြင်းများ၊ ဝင်ငွေများကို ထိန်းသိမ်းမှုနှင့် နိုင်ငံတော်ဘဏ္ဍာမှ မဟုတ်သော အသုံးစရိတ်များ ကဲ့သို့သော SOE အချက်အလက်များကို အများပြည်သူရှေ့တွင် သိသာထင်ရှားစွာ တင်ပြနိုင်ခဲ့သည်။ SOE များအတွက် EITI အစီရင်ခံခြင်းတွင် ကွာဟချက်များ ရှိနေသေးသော်လည်း နိုင်ငံ၏ ပါဝင်မှု၊ SOE နှင့် အစိုးရကြားမှ ဘဏ္ဍာရေးဆက်နွယ်မှုများနှင့် SOE များမှ ချေးငွေရရှိမှုများနှင့် တိုးချဲ့မှုများ ဆိုင်ရာ များပြားသော အချက်အလက်များကို MEITI အစီရင်ခံစာတွင် တင်ပြထားသည်။ မြန်မာနိုင်ငံရှိ EITI လုပ်ငန်းစဉ်ကို ကုမ္ပဏီများမှ ဘဏ်တိုက်သို့ သယံဇာတဝင်ငွေများ စီးဆင်းမှုများကို ရှင်းပြရာတွင် အသုံးဝင်ခဲ့သည်။ ထိုအချက်နှင့် ဆက်စပ်၍ MEITI အစီရင်ခံစာသည် သယံဇာတတူးဖော်မှုဝင်ငွေ၏ ၃၃% ကို SOE များက ထိန်းသိမ်းထားပြီး မည်သို့ စီမံသုံးစွဲကြောင်း မရှင်းပြသည့်အချက်အပါအဝင် SOE များ၏ အခြားဘဏ်စာရင်းများ ကိစ္စရပ်ကို မီးမောင်းထိုးပြခဲ့သည်။

*အပြုသဘောချိတ်ဆက်မှု* - EITI သည် သယံဇာတကဏ္ဍ စီမံအုပ်ချုပ်မှုကိစ္စရပ်များကို စကားဝိုင်းအဖြစ် ဆွေးနွေးရန်အခွင့်အလမ်းများနှင့် အပြုသဘော ချိတ်ဆက်မှုများကို ဖော်ဆောင်ပေးခဲ့သည်။ EITI လုပ်ငန်းစဉ်မှတဆင့် ရပ်ရွာလူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းများနှင့် အစိုးရတို့ အပြုသဘော ဆွေးနွေးမှုများ တွင် ပါဝင်ချိတ်ဆက်ကြပြီး စာချုပ်တင်ပြမှု၊ SOE စီမံအုပ်ချုပ်မှုကို ပြန်လည်ဖွဲ့စည်းမှု နှင့် ကုမ္ပဏီများ၏ အကျိုးခံစားမှုပိုင်ဆိုင်သူများကို တင်ပြခြင်း ကဲ့သို့သော ယခင်က အငြင်းပွားဖွယ်ဖြစ်ခဲ့သော အစီရင်ခံစာ၏ အကြံပြုချက်များတွင် သဘောတူညီချက်များ ရရှိခဲ့ကြသည်။ ထိုအကြံပြုချက်များကို အစိုးရပြုပြင်ပြောင်းလဲမှုများအဖြစ် ပြောင်းလဲဖော်ဆောင်ရာတွင်လည်း MSG ကို အသုံးပြုခဲ့သည်။MSG မှ တဆင့် ကုမ္ပဏီများနှင့် အစိုးရသည် ပြည်သူလူထုအဖွဲ့အစည်း၏ တောင်းဆိုချက်များကို ပြည့်မီစေရန် အထူးသဖြင့် လူမှုရေးအသုံးစရိတ်များ၊ လိုင်စင်ချပေးခြင်းနှင့် ဝင်ငွေစီးဆင်းမှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် အဓိကအချက်အလက်များကို တင်ပြလိုစိတ် တိုးမြင့်လာခဲ့သည်။ တိုင်းဒေသကြီး/ပြည်နယ်အထိ အဝေးရောက် ကြိုးပမ်းမှုလုပ်ဆောင်ချက်များအတွက် ၎င်းတို့၏ နာကျည်းချက်များကို နိုင်ငံအဆင့်အထိ တင်ပြရန်အတွက် ဒေသတွင်း ရပ်ရွာအဖွဲ့အစည်းများအတွက် ပလက်ဖောင်းတစ်ခုကဲ့သို့ EITI ကို ဖန်တီးထားသည်။

*ပြည်သူလူထု၏ နားလည်မှု* - EITI သည် မြန်မာနိုင်ငံ၏ သယံဇာတအချက်အလက်များနှင့်ပတ်သက်၍ သတင်းအချက်အလက်ရင်းမြစ်ဖြစ်သည်။ MEITI အစီရင်ခံစာသည် ရပ်ရွာအဖွဲ့အစည်းများကို သယံဇာတတူးဖော်ရေးကဏ္ဍ၏ တရားဝင်နှင့်ဘဏ္ဍာရေးစနစ်ကို ပိုမိုနားလည်လာစေပြီး မူဝါဒဆွေးနွေးမှုများတွင် ပါဝင်လာနိုင်စေရန် ကူညီပေးခဲ့သည်။ ဥပမာအားဖြင့် ကျောက်မျက်မူဝါဒကို ပြန်လည်ဆန်းစစ်ရန် ဆွေးနွေးရာတွင် ကဏ္ဍအတွင်း အချက်အလက်ကွာဟချက်များ အထူးသဖြင့် ကဏ္ဍတွင်း ထုတ်လုပ်မှုနှင့် ဝင်ငွေများတွင် ယုံကြည်စိတ်ချရပြီး စုံလင်သော အချက်အလက်များ မရှိခြင်းကြောင့် EITI MSG ၏ ဆွေးနွေးမှုများမှ လွှမ်းမိုးနေသည်။ EITI သည် မြန်မာနိုင်ငံရှိ SOE များ၏ လုပ်ငန်းဆောင်ရွက်မှုများကို စီမံအုပ်ချုပ်သော ရှုပ်ထွေးသည့် ဖွဲ့စည်းမှုများနှင့် စည်းကမ်းများကို ရှင်းပြသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ EITI အစီရင်ခံစာများတွင် များစွာသော သယံဇာတတူးဖော်မှုဆိုင်ရာ SOE များနှင့် ၎င်းတို့၏ ထောက်ပံ့မှုများကြားရှိ ဘဏ္ဍာရေးဆက်နွယ်မှုများနှင့် အရောင်းအဝယ်များကို ရှင်းပြသည့် အခွင့်အလမ်းများကိုလည်း ပါရှိသည်။ ထိုသတင်းအချက်အလက်များအားလုံးသည် SOE များကို ပိုမိုပွင့်လင်းမြင်သာလာစေရန်လိုအပ်ချက်နှင့် SOE များမှ စည်းမျဉ်းစည်းကမ်းများနှင့် ကုန်သွယ်ရေးလုပ်ဆောင်ချက်များတွင် ပါဝင်ပါက အကျင့်ပျက်ခြစားမှုများဖြစ်လာနိုင်သည့်အချက်များကို ပြည်သူလူထုမှ သတိပြုမိစေခဲ့သည်။ နောက်ဆုံးအချက်အဖြစ် EITI သည် မိတ်ဖက်အဖွဲ့များ များအနေဖြင့် အကျင့်ပျက်ခြစားမှုများကို ဖြေရှင်းရန်မှာ လိုင်စင်ချထားရေးလုပ်ငန်းစဉ်များနှင့် အကျိုးခံစားခွင့်ပိုင်ဆိုင်သူများဆိုင်ရာ သတင်းအချက်အလက်များကို လူထုသိအောင် တင်ပြရမည်ဖြစ်ကြောင်း နားလည်စေခဲ့သည်။

*__အစိုးရစနစ်များကို အားကောင်းစေခြင်း -__* မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာများသည် သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများနှင့် ပိုမိုကျယ်ပြန့်သော လူထုဘဏ္ဍာစီမံခန့်ခွဲရေး သုံးသပ်ချက်များနှင့် သက်ဆိုင်သော အစိုးရစနစ်များကို လေ့လာဆန်းစစ်သည့် ကိရိယာလည်း ဖြစ်လာခဲ့သည်။ EITI အစီရင်ခံစာများ မှ အကြံပြုချက်များသည် တူညီသော တွင်းထွက်တူးဖော်မှုလိုင်စင်စနစ်ကို အကောင်အထည်ဖော်ခြင်း၊ IRD အခွန်စနစ်ကို ဒီဂျစ်တယ်အဖြစ်ပြောင်းခြင်းနှင့် TIN ထုတ်ပေးခြင်း၊ CIT ပေးချေမှုလက်ခံပြေစာထုတ်ပေးရန် နောက်ကျခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းခြင်းအပါအဝင် သိသာထင်ရှားသော ပြန်လည်ပြုပြင်မှုများကို အကောင်အထည်ဖော်ခြင်းနှင့် ဆွေးနွေးခြင်းများကို ဦးတည်သည်။ MSG အကြံပြုချက်များသည် လိုင်စင်ချထားခြင်းလုပ်ငန်းစဉ်ကို ရှင်းလင်းစွာ တင်ပြနိုင်ရန် တွင်းထွက်တူးဖော်မှုကို တရားဝင်ပြုလုပ်ခြင်း ကဲ့သို့သော သက်ဆိုင်ရာ ဥပဒေများကို ပြန်လည်စစ်ဆေးမှုများကိုလည်း ဖြစ်စေသည်။ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကြားတွင် သယံဇာတတူးဖော်မှုဝင်ငွေကို မျှတစွာ ခွဲဝေမှုလုပ်ငန်းစဉ်ကို သေချာစေရန်အတွက် တွင်းထွက်တူးဖော်မှုစည်းကမ်းကိုလည်း ပြန်လည်ဆန်းစစ်စေခဲ့သည်။ EITI အကောင်အထည်ဖော်ခြင်း၏ အခြားရလဒ်များတွင် ကျောက်မျက်မူဝါဒမူကြမ်းရေးဆွဲခြင်းနှင့် အကျိုးခံစားပိုင်ခွင့်ကို ပွင့်လင်းမြင်သာမှု ပြန်လည်ပြုပြင်ရေးအတွက် အဖွဲ့အစည်းဖွဲ့ခြင်းတို့ ပါဝင်သည်။

## ထိန်းသိမ်းခြင်း

*__ရံပုံငွေချထားခြင်း -__* မြန်မာနိုင်ငံတွင် EITI လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံနှင့် မိတ်ဖက် အလှူရှင်များစွာ၏ ရံပုံငွေဖြင့် ပံ့ပိုးပြီး သုံးနှစ်ထောက်ပံ့ငွေသည် အမေရိကန်ဒေါ်လာ ၃.၁ မီလီယံရှိသည်။ အစိုးရသည်လည်း EITI ဝန်ထမ်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင် လစာပေးခြင်းဖြင့် တာဝန်မျှယူသည်။ DFID သည် အကျိုးခံစားပိုင်ခွင့်လုပ်ဆောင်မှုများအတွက် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးမှတဆင့် ငွေကြေးထောက်ပံ့သည်။

*__အဖွဲ့အစည်းဖွဲ့ခြင်း -__* လက်ရှိတွင် EITI အကောင်အထည်ဖော်ခြင်းကို အစိုးရ၏ အသိအမှတ်ပြုမှုဖြင့် တရားဝင်လုပ်ဆောင်နေသော်လည်း MSG သည် မြန်မာနိုင်ငံတွင်း EITI အဖွဲ့ တရားဝင်ဖွဲ့စည်းရန် မူကြမ်းကို ဆွေးနွေးခဲ့သည်။ EITI တရားဝင်ဖြစ်ရေးကို သတ်မှတ်ရန် ကြန့်ကြာနေသဖြင့် MSG သည် EITI အစီရင်ခံစာတင်ခြင်းတွင် ကန့်သတ်မှုများကို ဖယ်ရှားရန် IRD ကဲ့သို့ အဓိကအစိုးရအေဂျင်စီများနှင့် လုပ်ဆောင်ခဲ့သည်။ အကျိုးခံစားပိုင်ခွင့်လုပ်ဆောင်မှုများ ပြန်လည်ပြုပြင်ရေးအတွက် အဖွဲ့ဖွဲ့စည်းရန် ရည်ရွယ်ချက်ကို အစိုးရမှ အသိအမှတ်ပြုထားခဲ့ပြီးဖြစ်သည်။

## နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (က) - MSG အဖွဲ့ဝင်များနှင့် အဆက်အသွယ်အသေးစိတ်များ

| နာမည် | ရာထူး | အဖွဲ့အစည်း | အဆက်အသွယ်အသေးစိတ်များ |
|---|---|---|---|
| **အစိုးရကိုယ်စားလှယ်** | | | |
| ဦးမောင်မောင်ဝင်း | ဒုဝန်ကြီး/ MSG ဥက္ကဋ္ဌ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | maungmaungwin58@gmail.com |
| ဦးဝင်းသိန်း | ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) /MSG ဒုဥက္ကဋ္ဌ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | Uwinhtein58@gmail.com |
| ဦးတင်မြင့် | ညွှန်ကြားရေးမှူးချုပ် | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | gad.office.gov@gmail.com<br>067412401 |
| ဦးကျော်သက် | ဒုတိယ ညွှန်ကြားရေးမှူးချုပ် | သတ္တုတွင်းဦးစီးဌာန | k.that2011@gmail.com<br>09420701206 |
| ဦးသန်းဌေးအောင် | အကြံပေး | မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | thanhtay3000@gmail.com<br>0949217823 |
| ဒေါ်ထားရီ | ဒါရိုက်တာ | စာရင်းစစ်ချုပ်ရုံး | 0673-407285<br>09444035546 |
| ဦးမင်းသူ | အထွေထွေမန်နေဂျာ | မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း | minthu2091962@gmail.com<br>9964626154 |
| ဦးကျော်သိန်း | ဒါရိုက်တာ | ပြည်တွင်းအခွန်များ ဦးစီးဌာန | kyawthein.ird2018@gmail.com<br>0943088931 |
| ဦးစိုးရီ | လက်ထောက် အထွေထွေ မန်နေဂျာ | မြန်မာ့သစ်လုပ်ငန်း | soeyee.mte@gmail.com<br>095132242 |
| **လုပ်ငန်းကိုယ်စားလှယ်** | | | |
| ဦးခင်မောင်ဟန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံ မိုင်းတွင်းလုပ်ငန်းများအဖွဲ့ချုပ် | khinmghan@gmail.com<br>09973008617 |
| မစ္စတာ ဒေါင်ယွန်ဖေး | ဒါရိုက်တာ | မြန်မာရန်စဲကြေးနီလီမိတက် | |
| ဦးဇော်ဘိုခန့် | ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း | kobobo001@gmail.com<br>095527999 |
| ဦးနန်းဝင်း | အတွင်းရေးမှူး | မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း | nanwinhk@gmail.com<br>09797664938 |
| ဒေါက်တာစိန်ဝင်း | ဥက္ကဋ္ဌ | မြန်မာနိုင်ငံသစ်တောထုတ်ပစ္စည်း ကုန်သည်များအဖွဲ့ချုပ် | drseinwin.sw@gmail.com<br>09450015476 |
| မစ္စတာ ရှိမဲရစ် ရောနန် | အထွေထွေမန်နေဂျာ | Total E&P Myanmar | |
| ဦးမျိုးဇော်ဦး | SSEO | MPRL E&P Pte Ltd. | myo.z.oo@gmail.com<br>095195595 |
| **အရပ်ဘက်အဖွဲ့အစည်းများ** | | | |
| ဦးဝင်းမျိုးသူ | ရန်ကုန်တိုင်းဒေသကြီး | MATA | womyothu@gmail.com<br>095132280 |
| ဦးကျော်သူ | ရန်ကုန်တိုင်းဒေသကြီး | MATA | kyawthutiger@gmail.com<br>092043709 |
| ဒေါ်မိုးမိုးထွန်း | မန္တလေးတိုင်းဒေသကြီး | MATA | moe2tun@gmail.com<br>095077640 |
| ဦးအောင်ဖြိုးကျော် | | MATA | caspa007@gmail.com<br>9968366030 |
| ဦးသန့်စင် | တနင်္သာရီတိုင်းဒေသကြီး | MATA | mgthantzindawei@gmail.com |

| | | | |
|---|---|---|---|
| | | | 09422190691 |
| ဦးအောင်ကျော်မိုး | ရှမ်းပြည်နယ် | MATA | komoe.akm@gmail.com<br>095228446 |
| ဦးစောမိဘွဲ့ဒိုထွန်း | ကရင်ပြည်နယ် | MATA | mebwaydoh@gmail.com<br>09425002451 |
| ဦးနိုင်လင်းထွဋ် | ဧရာဝတီတိုင်းဒေသကြီး | MATA | linlin751245@gmail.com<br>09422500088 |
| ဦးမောင်ဒန် | ကချင်ပြည်နယ် | MATA | mangoesdam@gmail.com<br>09259460630 |

## နောက်ဆက်တွဲ (ခ)– MSG အစည်းဝေးတက်ရောက်မှု

| အမည် | အဖွဲ့အစည်း | MSG အစည်းအဝေးများ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 | 14 |
| **အစိုးရကိုယ်စားလှယ်** | | | | | | | | | | | | | | | |
| ဦးမောင်မောင်ဝင်း | MOPF | ✔ | ✔ | | ✔ | ✔ | ✔ | | | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| ဦးဝင်းသိန်း | MONREC | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| ဦးတင်မြင့် | GAD | | | | | | | | | | | | | | ✔ |
| ဦးကျော်သက် | DOM | ✔ | ✔ | ✔ | ✔ | ✔ | | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| ဦးမျိုးမြင့်ဦး/ ဦးသန်းဌေးအောင် | MOGE | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| ဒေါ်ခင်သန်းကြည်/ ဒေါ်ထားရီ | OAG | | ✔ | ✔ | | ✔ | | ✔ | ✔ | | ✔ | ✔ | | | ✔ |
| ဦးမျိုးနိုင်/ ဦးမင်းသူ | MGE | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | |
| ဦးအောင်စိုးနိုင်/ ဦးနေလင်းစိုး/ ဦးကျော်သိန်း | IRD | ✔ | ✔ | | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | | ✔ | ✔ | |
| ဦးစိုးရီ | MTE | | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| **လုပ်ငန်းကိုယ်စားလှယ်များ** | | | | | | | | | | | | | | | |
| ဦးခင်မောင်ဟန် | MFMA | ✔ | ✔ | ✔ | ✔ | ✔ | ✔ | | | | ✔ | ✔ | | | ✔ |
| မစ္စတာ ဒေါင်ယွန်ဖေး | မြန်မာရန်စဲ ကြေးနီလီမိတက် | ✔ | | ✔ | | | ✔ | | | | | | | | |
| ဦးဖော်ဘိုခန့် | MGJEA | | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| ဦးနန်းဝင်း | MGJEA | ✔ | | ✔ | | ✔ | | | ✔ | | ✔ | ✔ | ✔ | | ✔ |
| ဒေါက်တာစိန်ဝင်း | MFPMF | ✔ | ✔ | ✔ | ✔ | ✔ | ✔ | | | ✔ | | ✔ | ✔ | ✔ | ✔ |
| မစ္စတာ ဇယ်ဗီယာ ပရီးလ်/ မစ္စတာ ရှိမ်ရစ် ရောနန် | Total E&P Myanmar | | | | | | ✔ | | | | | | | | |
| ဦးမျိုးတင်/ ဦးမျိုးဇော်ဦး | MPRL E&P Pte Ltd. | | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | | ✔ | ✔ | | ✔ | ✔ |
| **အရပ်ဘက်အဖွဲ့အစည်းများ** | | | | | | | | | | | | | | | |
| ဦးဝင်းမျိုးသူ | MATA | ✔ | ✔ | | | | | | ✔ | ✔ | ✔ | ✔ | | ✔ | ✔ |
| ဦးကျော်သူ | MATA | ✔ | ✔ | ✔ | | | ✔ | | | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| ဒေါ်မိုးမိုးထွန်း | MATA | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| ဒေါ်စုလှိုင်မြင့်/ ဦးအောင်ဖြိုးကျော် | MATA | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | |
| ဦးသန့်စင် | MATA | ✔ | | ✔ | | ✔ | | | | ✔ | ✔ | ✔ | ✔ | | |
| ဦးအောင်ကျော်မိုး | MATA | ✔ | | | ✔ | | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | |
| ဦးစောမိဘွဲ့ဒိုထွန်း | MATA | ✔ | ✔ | ✔ | ✔ | ✔ | | ✔ | | ✔ | ✔ | | ✔ | ✔ | |
| ဦးနိုင်လင်းထွန်း | MATA | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ | | ✔ | |
| ဦးမောင်ဒန် | MATA | ✔ | ✔ | ✔ | | ✔ | ✔ | | | | ✔ | ✔ | | | |

* MSG အစည်းအဝေး မှတ်တမ်းများနှင့် နှစ်စဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများအပေါ် အခြေခံထားသည်။

## နောက်ဆက်တွဲ (ဂ)– EITI အစီရင်ခံစာ၏ ကုန်ကျစရိတ်

| ထုတ်ဝေသောနှစ် | EITI အစီရင်ခံစာ | ကုန်ကျစရိတ် (USD) |
|---|---|---|
| ၂၀၁၈ ခုနှစ် | ၂၀၁၅ ခုနှစ် ဧပြီလ - ၂၀၁၆ ခုနှစ် မတ်လ MEITI အစီရင်ခံစာ | ၂၇၆,၈၅၀ |

| | | |
|---|---|---|
| | ၂၀၁၄ ခုနှစ် ဧပြီလ - ၂၀၁၅ ခုနှစ် မတ်လ MEITI အစီရင်ခံစာ | |

*သတင်းရင်းမြစ်- MEITI နှစ်စဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ - ၂၀၁၈ ခုနှစ် ဇွန်လ*

## နောက်ဆက်တွဲ (ဃ) - ဆွေးနွေးညှိနှိုင်းခဲ့ကြသော မိတ်ဖက်အဖွဲ့များ စာရင်း

### အစိုးရကိုယ်စားလှယ်

မောင်မောင်ဝင်း၊ ဒုဝန်ကြီး၊ MOPF
ဦးဝင်းသိန်း၊ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား), DOM
ဦးခင်လတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ DOM
ဦးကျော်သက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ DOM
ဦးတင်ထွန်းဝင်း၊ ညွှန်ကြားရေးမှူး၊ DOM
ဦးအန်းစိုးရင်၊ ဒုညွှန်မှူး၊ DOM
ဒေါ်စိုးစန္ဒာမောင်၊ လက်ထောက်ညွှန်မှူး၊ DOM
ဦးသိန်းထွန်း၊ ဘူမိဗေဒပညာရှင်၊ DOM
ဦးကျော်ဇော်ထွန်း၊ လက်ထောက်ဘူမိဗေဒပညာရှင်၊ DOM
ဦးမင်းထွဋ်၊ ညွှန်ကြားရေးမှူးချုပ်၊ IRD
ဦးသန်းဇော်ဝင်း၊ ဒုညွှန်ကြားရေးမှူးချုပ်၊ IRD
ဒေါ်မြမြဦး၊ ဒုညွှန်ကြားရေးမှူးချုပ်၊ IRD
ဦးကျော်သိန်း၊ ညွှန်ကြားရေးမှူး၊ IRD
ဦးနေလင်းအေး၊ ဒုညွှန်ကြားရေးမှူး၊ IRD
ဦးဉာဏ်ရှိန်ဖြိုး၊ လက်ထောက် ညွှန်ကြားရေးမှူး၊ IRD
ဒေါ်နွဲ့ယဉ်ကြည်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ IRD
ဒေါ်သန္တာမိုး၊ လက်ထောက် ညွှန်ကြားရေးမှူး၊ IRD
ဒေါ်အေးအေးခိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး, IRD
ဒေါ်မြင့်မြင့်စိန်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ IRD
ဒေါ်မိမိခိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ IRD
ဒေါ်မြတ်သိင်္ဂီ ၊ ဦးစီးအရာရှိ၊ IRD
ဦးအောင်လွင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ IRD
ဒေါ်အိအိခိုင်၊ ဒုတိယ ဦးစီးအရာရှိ၊ IRD
ဒေါ်အိနီတေး၊ IRD
ဦးဇော်မိုးကျော်၊ IRD
ဒေါ်နေခြည်ခိုင်၊ IRD
ဒေါ်နမ့်လှကေရီအောင်၊ IRD
ဒေါ်စန္ဒာလင်း၊ IRD
အောင်မြတ်ကျော်၊ ညွှန်ကြားရေးမှူး၊ ရငွေသုံးငွေစာရင်းဌာန
ဒေါ်ခင်ခင်လွင်၊ ညွှန်ကြားရေးမှူး၊ MOBD
နန်းလှလှမင်း၊ ဒုညွှန်ကြားရေးမှူး၊ MOBD
ချောစုခိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ MOBD
သင်းသင်းအောင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ MOBD
ဖြူဖြူသန့်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ MOBD
ခင်ပပခိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ MOBD
ဒေါ်ထားရီ၊ ညွှန်ကြားရေးမှူး၊ OAG
ဦးစိုးရီ၊ လက်ထောက်အထွေထွေမန်နေဂျာ၊ MTE
ဦးညီညီထွန်း၊ MTE
ဒေါ်မီမီဝင်း၊ ညွှန်ကြားရေးမှူး၊ GAD
ဒေါ်နီနီသန်း၊ ညွှန်ကြားရေးမှူး၊ ကျောက်မျက်ဌာန
လွင်လွင်ခိုင်၊ ဒုညွှန်ကြားရေးမှူး၊ ကျောက်မျက်ဌာန
ရွှေရီဝင်း၊ MOBD

ဦးအောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ DICA
ဦးမင်းလောဦး၊ ညွှန်ကြားရေးမှူး၊ DICA
ဦးလင်းထွဋ်၊ ညွှန်ကြားရေးမှူး၊ DICA
ဒေါ်သင်းသင်းမြတ်၊ ဒုညွှန်ကြားရေးမှူး၊ DICA
ဒေါ်ခိုင်သန္တာဝင်း၊ လက်ထောက် ညွှန်ကြားရေးမှူး၊ DICA
ဦးအောင်ညွှန့်သိန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ MGE
ဦးမင်းသူ၊ အထွေထွေမန်နေဂျာ၊ MGE
ဦးသန်းဇော်ဦး၊ အထွေထွေမန်နေဂျာ၊ MGE
ဦးသက်ခိုင်၊ ဒုတိယ အထွေထွေမန်နေဂျာ၊ MGE
ဦးခွန်ငွေးကျော်၊ ဒုတိယ အထွေထွေမန်နေဂျာ၊ MGE
ဦးနိုင်ဇော်ဦး၊ ဒုတိယ အထွေထွေမန်နေဂျာ၊ MGE
ဦးကျော်ဦးလွင်၊ လက်ထောက် အထွေထွေမန်နေဂျာ၊ MGE
ဦးလှအောင်၊ လက်ထောက် အထွေထွေမန်နေဂျာ၊ MGE
ဒေါ်မြင့်မြင့်မော်၊ လက်ထောက် အထွေထွေမန်နေဂျာ၊ MGE
ဒေါ်ကြူကြူဝင်း၊ မန်နေဂျာ၊ MGE
ဦးရွှေဝင်း၊ မန်နေဂျာ၊ MGE
ဦးထွန်းထွန်းဇော်၊ မန်နေဂျာ၊ MGE
ဒေါ်ကျော့စုသိန်း၊ ကြီးကြပ်ရေးမှူး၊ MGE
ဒေါ်မျိုးပပ၊ ကြီးကြပ်ရေးမှူး၊ MGE
ဦးခွန်ငွေးအောင်၊ စီမံရေး၊ MGE
ဦးသက်နိုင်၊ မှတ်တမ်းရေးရာ၊ MGE
ဒေါ်ထိပ်တင်နိုင်၊ ဘဏ္ဍာရေး၊ MGE
ဒေါ်ခွာညိုငွေးကို၊ ကျောက်မျက်ကဏ္ဍ၊ MGE
ဖုံမြတ်နိုးဝေ၊ MGE
ဦးဇော်အောင်၊ ညွှန်ကြားရေးမှူးချုပ်၊ OGPD
ဦးဝင်မော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ OGPD
ဦးတင်ဇော်မြင့်၊ ညွှန်ကြားရေးမှူး၊ OGPD
ဒေါ်ခင်ခင်အေး၊ ညွှန်ကြားရေးမှူး၊ OGPD
ဒေါ်စုစုစိုး၊ ဒုညွှန်ကြားရေးမှူး၊ OGPD
ဒေါ်ဝင်းဝင်းကြူ၊ ဒုညွှန်ကြားရေးမှူး၊ OGPD
ဒေါ်နနရီ၊ ဒုတိယအထွေထွေမန်နေဂျာ၊ MOGE
ဦးမျိုးမင်းဦး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ MOGE
ဦးကျော်ဉာဏ်ထွန်း၊ ညွှန်ကြားရေးမှူး၊ MOGE
ဦးသန်းဇော်၊ ညွှန်ကြားရေးမှူး၊ MOGE
ဒေါ်ကြည်ကြည်ပြုံး၊ ဒု ညွှန်ကြားရေးမှူး၊ MOGE
မြင့်အိချွန်၊ မန်နေဂျာ၊ MOGE
ဦးကျော်စွာစိုး၊ မန်နေဂျာ၊ MOGE
ဦးနေအောင်၊ မန်နေဂျာ၊ MOGE
ဦးကျော်သူရ၊ ဘူမိဗေဒပညာရှင်၊ MOGE
ဦးသန်းငွေးအောင်၊ အကြံပေး၊ MOGE
တင့်လွင်ဦး၊ ညွှန်ကြားရေးမှူး၊ MOEE
ရီမွန်ဝင်း၊ လက်ထောက် ညွှန်ကြားရေးမှူး၊ MOEE
ဦးမင်းမင်းဦး၊ လက်ထောက်အတွင်းရေးမှူး၊ MOEE
ဦးကျော်ဆန်း၊ ဦးဆောင် ညွှန်ကြားရေးမှူး၊ ME1
ဦးထွန်းထွန်းလွင်၊ အထွေထွေမန်နေဂျာ၊ ME1
ဒေါ်မီမီကျော့၊ မန်နေဂျာ၊ ME1
ဦးလှဝင်း၊ လက်ထောက်မန်နေဂျာ၊ ME1

ဒေါ်သီဂီ၊ လက်ထောက်မန်နေဂျာ၊ ME1
ဦးအေးဇော်၊ အထွေထွေမန်နေဂျာ၊ ME2
ဦးဝင်းမြင့်နိုင်၊ မန်နေဂျာ၊ ME2
ဦးရဲမျိုးမင်း၊ မန်နေဂျာ၊ ME2

## လုပ်ငန်းကိုယ်စားလှယ်

ဦးဇော်ဘိုခန့်၊ ဒုဥက္ကဋ္ဌ၊ MGJEA
ဦးနန်းဝင်း၊ MGJEA
ဖွန်သီဂီ၊ EMP အတိုင်ပင်ခံ၊ MGJEA
သောင်းထွန်း၊ အတွင်းရေးမှူး၊ MGJEA
ဖြူဖြူမြင့်၊ ဘဏ္ဍာရေးမှူး၊ MGJEA
ဦးသက်ဝင်းထွန်း၊ MGJEA
ဦးစိုင်းလွန်း၊ MGJEA
ကိုဇော်လေးမြင့်၊ MGJEA
ဒေါ်စာစာတိုး၊ MGJEA
ဦးခင်မောင်ဟန်၊ ဥက္ကဋ္ဌ၊ MFMA
ဦးသက်နိုင်ဝင်း၊ အတွင်းရေးမှူး၊ MFMA
ဦးလှိုင်ဝင်းအောင်၊ MFMA
ဦးသက်လှိုင်ထွေး၊ MFMA
ဦးမျိုးမင်း၊ အကြံပေး၊ MFPTMA
ဦးကျော်စိုးဝင်၊ အတိုင်ပင်ခံ၊ MWMCL
ဦးခင်မောင်ဆွေ၊ ဌာနမှူး၊ MYTCL
အိအိသိမ့်၊ အခွန်နှင့် စာရင်းစစ် ကြီးကြပ်ရေးမှူး၊ Chinnery Assets Limited
ဆုရီအောင်၊ စာရင်းကိုင်၊ MPRL E&P
နန်းဆန်နွမ်း၊ စာရင်းကိုင်၊ MPRL E&P
သူဇာစန်း၊ စာရင်းကိုင်၊ PTTEPI
ဦးဝင်းတင်၊ စာချုပ်ချုပ်ခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ ပံ့ပိုးမှုဌာနမှူး၊ TOTAL E&P Myanmar
ဂျွန်ဖီးလ်၊ နိုင်ငံဦးဆောင်ချုပ်၊ Shell
ဟိုင်ဖြူဖြူအော်ဝီ၊ လုပ်ငန်းမန်နေဂျာ၊ Shell
စန္ဒာစိုး၊ လက်ထောက်မန်နေဂျာ၊ Woodside
ဖီလ်ဂျာမိန်း၊ ဘဏ္ဍာရေးမန်နေဂျာ၊ Woodside
ခင်ဒါဒါ၊ အလုပ်အမှုဆောင် (ရေနံနှင့် ဓာတ်ငွေ့စာရင်းအင်း), Petronas
ဂျယ်လ်မက်တီ အလက်ဆန်ဒရို၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ENI Myanmar
ကာဖန်နာ ဂျော်ဂျီယို၊ လေ့လာရေးမန်နေဂျာ၊ ENI Myanmar
မေသူသူဇော်၊ စာရင်းကိုင်၊ ENI Myanmar
ဆရီညာ ပီချာကန်၊ စာရင်းဌာနမှူး၊ PTTEP
နတ်တနန် ဂျန်ဗီဟာ၊ အရောင်းနှင့် စီးပွားရေး ကန်ထရိုက်မန်နေဂျာ၊ PTTEP
ဦးလှမျိုး၊ အထွေထွေမန်နေဂျာ၊ MEHL
ဦးသန်းလင်း၊ ဘာသာပြန်၊ MEHL

## အရပ်ဘက်ကိုယ်စားလှယ်

အောင်ဖြိုးကျော်၊ MATA
သန့်ဇင်၊ MATA
စောမိဘွဲ့ဒိုထွန်း၊ MATA
နိုင်လင်းထွဋ်၊ MATA
အောင်ကျော်မိုး၊ MATA
သန့်စင်၊ MATA
မိုးမိုးထွန်း၊ MATA

ဝင်းမျိုးသူ၊ MATA
ထူးအောင်၊ MATA
မော်ထွန်းအောင်၊ မန်နေဂျာ၊ NRGI
ဟိုစန်န ချွဲ၊ အသင်းဝင်၊ NRGI
အောင်ကျော်စိုး၊ မန်နေဂျာ၊ MCRB
နန်းချိုအိအိထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ နေသန် အဖွဲ့များ။
နီနီဝင်း၊ ဒုတိယ အဖွဲ့မှူး၊ IPE ကုမ္ပဏီလီမိတက်။
စလိုင်ကွန်လျှန်သွန်၊ အဖွဲ့မှူး၊ ဆုံးဆီ(ယခင်က ပိုုးပင်)

## ပုဂ္ဂလိကအုပ်ချုပ်ရေးမှူးများ

ချိုချိုတိုး၊ စာရင်းစစ်၊ CCTA (မိုးစတီဖန်၏ ဒေသတွင်း အဆင့်တူပုဂ္ဂိုလ်)
ကရင်လူရီမီ၊ မိုးစတီဖန်

## ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ

မော်တန်လာဆန်၊ သတ္တုတွင်းပညာရှင်၊ ကမ္ဘာ့ဘဏ်
တင်ဇာထွန်း၊ အတိုင်ပင်ခံ၊ ကမ္ဘာ့ဘဏ်
ချိုနာကဝူးဒ်၊ အတိုင်ပင်ခံ၊ ကမ္ဘာ့ဘဏ်
အေမီရှော့သ်၊ အရာရှိ၊ အမေရိကန်သံရုံး
တင်မ်ဗီစတာရီနီ၊ ကောင်စီဝင်၊ ဗြိတိသျှသံရုံး
ကာစတီမတ်ဒန်၊ အကြီးတန်းပရိုဂရမ်မန်နေဂျာ၊ ဗြိတိသျှသံရုံး
ယုယုနိုင်၊ အကြံပေး၊ DFID
ဖင်လင်းလင်းချစ်၊ အစီအစဉ်ဦးစီးမှူး၊ DFID

## စာနယ်ဇင်း

သောမတ်ကိန်၊ အယ်ဒီတာချုပ်၊ ဖရွန်တီယာ
မိုးမြင့်၊ အကြီးတန်းသတင်းထောက်၊ ဧရာဝတီ

## အခြား

အန်ဒရူးဗီလ်ဆင်၊ စီးပွားရေးပညာရှင်၊ Renaissance Institute
မီမီဦး၊ အစီအစဉ်ဆိုင်ရာအသင်းဝင်၊ Renaissance Institute
ရွှန်းလဲ့မေ၊ လက်ထောက်စီစဉ်သူ၊ Renaissance Institute
အဒ်ရိမ်းဗဲလီ၊ စီးပွားရေးပညာရှင်၊ Renaissance Institute
ဦးစိုးဝင်း၊ နိုင်ငံတော်ညှိနှိုင်းရေးမှူး၊ NCS
အောင်ခိုင်၊ ဒုတိယ နိုင်ငံတော်ညှိနှိုင်းရေးမှူး၊ NCS
ကျော်သူရ၊ အစီအစဉ်ဆိုင်ရာမန်နေဂျာ၊ NCS
ထွန်းပေါ်ဦး၊ နည်းပညာကျွမ်းကျင်သူ၊ NCS
ဖင်မာမြိုင်၊ အစီအစဉ်ဆိုင်ရာအကြံပေး၊ NCS
ထက်နန္ဒာအောင်၊ ဆက်သွယ်ရေးအရာရှိ၊ NCS
အေးချမ်းဝေ၊ နည်းပညာအရာရှိ၊ NCS
ကျော်သင်းမောင်၊ အစီအစဉ်ဆိုင်ရာ လက်ထောက်၊ NCS

## နောက်ဆက်တွဲ (င) - မှီငြမ်းစာရွက်စာတမ်းများစာရင်း/ စာစုများစာရင်း

**လုပ်ငန်းအစီအစဉ်များ၊ နှစ်စဉ်လုပ်ရှားမှုအစီရင်ခံစာများနှင့် MEITI လှုပ်ရှားမှုများ၏ မှတ်တမ်းများ-**

- MEITI (၂၀၁၈ ခုနှစ် ဖွန်လ)၊ '၂၀၁၇-၂၀၁၉ လုပ်ငန်းအစီအစဉ်'၊ https://myanmareiti.org/en/work-plan တွင် ၂၀၁၈ ဩဂုတ်လတွင် ကြည့်ပါ။
- MEITI (၂၀၁၈ ခုနှစ် ဇူလိုင်လ)၊ 'မြန်မာနိုင်ငံနှစ်စဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ- ၂၀၁၇ ခုနှစ် ဇူလိုင်လ-၂၀၁၈ ခုနှစ် ဖွန်လ ' https://myanmareiti.org/en/publication/myanmar-eiti-annual-progress-report-2017-2018 တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ကြည့်ပါ။
- MEITI၊ 'စွမ်းဆောင်ရည်တည်ဆောက်ရေးအစီအစဉ်' https://myanmareiti.org/en/publication/meiti-capacity-building-plan တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- MEITI (၂၀၁၈ ခုနှစ် ဖွန်လ)၊ 'အကြံပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ' https://myanmareiti.org/en/publication/recommendation-consultation-workshop-report တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- MEITI (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ)၊ 'နိုင်ငံခွဲ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/snu_workshop_26-27_feb_report.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- MEITI၊ 'ဆက်သွယ်ရေးနည်းဗျူဟာ'၊ https://myanmareiti.org/en/publication/meiti-communication-strategy တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- MEITI (၂၀၁၇ ခုနှစ်)၊ 'အချက်အလက်ပွင့်လင်းရေးမူဝါဒ'၊ https://myanmareiti.org/en/myanmar-eiti-open-data-policy တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။

**EITI အစီရင်ခံစာများ၊ အကျဉ်းချုပ်များ၊ အထောက်အထားအစီရင်ခံစာနှင့် အထွေထွေအတွင်းရေးမှူးရုံး သုံးသပ်ချက်-**

- MEITI (၂၀၁၈ ခုနှစ် မတ်လ)၊ '၂၀၁၅ ဧပြီလ- ၂၀၁၆ မတ်လ MEITI အစီရင်ခံစာ'၊ https://myanmareiti.org/en/publication/meiti-report-period-april-2015-march-2016 တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- MEITI (၂၀၁၅ ဒီဇင်ဘာ)၊ '၂၀၁၃ ဧပြီလ- ၂၀၁၄ မတ်လ MEITI အစီရင်ခံစာ'၊ https://myanmareiti.org/en/publication/meiti-report-period-april-2013-march-2014 တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- MEITI ဝက်ဘ်ဆိုက်၊ အစီရင်ခံစာများ ကဏ္ဍ၊ https://myanmareiti.org/en/publication-category/meiti-reports တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။

**ဥပဒေဆိုင်ရာ စာရွက်စာတမ်းများနှင့် EITI အထမြောက်ရေးဆိုင်ရာ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

- MEITI (၂၀၁၈ ဖွန်လ)၊ 'အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၈'၊ https://myanmareiti.org/en/publication/notification-order-no762018-cooperation-implementation-tmyanmar-extractive-industry တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- MEITI (၂၀၁၈ ဖွန်လ)၊ 'အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၈'၊ https://myanmareiti.org/sites/myanmareiti.org/files/bo_notification_30_june_2018.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- MEITI (၂၀၁၇ ဖေဖော်ဝါရီ)၊ 'အမိန့်ကြော်ငြာစာအမှတ်၂၄/၂၀၁၇'၊ https://myanmareiti.org/en/publication/republic-union-myanmar-ministry-planning-and-finance-union-minister-office-notification တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- MEITI (၂၀၁၇ ဇန်နဝါရီ)၊ 'MSG သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်'၊ https://myanmareiti.org/en/publication/meiti-multi-မိတ်ဖက်အဖွဲ့များ-group-meiti-msg-draft-terms-reference တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- MEITI (၂၀၁၇ ဒီဇင်ဘာ)၊ 'မြန်မာ့မိတ်ဆွေ အလှူရှင်ပေါင်းစုံအဖွဲ့ရန်ပုံငွေအတွက် အထမြောက်ရေးလက်စွဲ'၊ https://myanmareiti.org/en/publication/meiti-implementation-manual တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။

**အခြားလွှင့်တင်ထားသော စာရွက်စာတမ်းများ**

- NRGI (၂၀၁၈ ဇန်နဝါရီ)၊ 'မြန်မာနိုင်ငံရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်း- သဘာဝသယံဇာတလုပ်ငန်းများ၏ ကိစ္စရပ်'၊ https://resourcegovernance.org/sites/default/files/documents/state-owned-economic-enterprise-reform-in-myanmar_0.pdf တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ကြည့်ပါ။

- လွတ်လပ်ရေးအိမ်တော် (၂၀၁၈ ခုနှစ်)၊ '၂၀၁၈ ခုနှစ် ကမ္ဘာတွင်လွတ်လပ်မှု- မြန်မာနိုင်ငံသွင်ပြင်'၊ https://freedomhouse.org/report/freedom-world/2018/myanmar တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ကြည့်ပါ။
- မြန်မာတိုင်းမ် (၂၀၁၈ စက်တင်ဘာ)၊ 'မြန်မာ့ကြွယ်ဝမှုအပေါ် တောက်ပနေသော အလင်းတစ်စ'၊ https://www.mmtimes.com/news/shining-light-myanmars-wealth.html တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- မြန်မာတိုင်းမ် (၂၀၁၈ ဇူလိုင်)၊ 'သယံဇာတထုတ်လုပ်မှုကဏ္ဍတွင် ပွင့်လင်းမြင်သာမှု တိုးတက်ခြင်းဆီသို့ ခြေလှမ်းလေးများ မြန်မာလှမ်းပြီ'၊ https://www.mmtimes.com/news/myanmar-takes-small-steps-improve-transparency-extractive-sector.html တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- The Nation (၂၀၁၈ ဇွန်လ)၊ 'မြန်မာ့ သယံဇာတထုတ်လုပ်မှုလုပ်ငန်းများတွင် ကောင်းမွန်သော ထိန်းသိမ်းမှုကို မြှင့်တင်ရန် ကြိုးပမ်းမှု'၊ http://www.nationmultimedia.com/detail/Economy/30348939 တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- ICNL (၂၀၁၈ ဇွန်လ)၊ 'နိုင်ငံသားလွတ်လပ်ခွင့်စောင့်ကြည့်ရေး- မြန်မာ (ဗမာ)'၊ http://www.icnl.org/research/monitor/Myanmar.html တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- အာရှလွတ်လပ်သောရေဒီယို (၂၀၁၈ မေလ)၊ ' မြန်မာ CSO အဖွဲ့က ငြိမ်းချမ်းသော စစ်ဆန့်ကျင်ဆန္ဒပြသူများကို ဖမ်းဆီးခြင်းအား ရပ်တန့်စေချင်သည်'၊ https://www.rfa.org/english/news/myanmar/myanmar-cso-group-wants-arrests-of-peaceful-antiwar-protesters-stopped-05142018170642.html တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- News Security Beat (၂၀၁၈ မေလ)၊ 'မြန်မာနိုင်ငံတွင် သတ္တုတွင်းလုပ်ငန်းပွင့်လင်းမြင်သာမှု- သယံဇာတထုတ်လုပ်ရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု အစပျိုးခြင်းက ပိုမိုကောင်းမွန်သော ဒီမိုကရေစီကို ဦးတည်နိုင်သလား'၊ https://www.newsecuritybeat.org/2018/05/mining-transparency-myanmar-extractive-industries-transparency-initiative-lead-sustainable-democracy/ တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- PEN အမေရိက (၂၀၁၈ မေ)၊ 'မြန်မာနိုင်ငံရှိ လူထုအသိုင်းအဝိုင်းနှင့် ဂျာနယ်လစ်များက လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် သတင်းမီဒီယာလွတ်လပ်ခွင့်သည် ထင်ရှားသော ခြိမ်းခြောက်မှုအောက်တွင် ရှိနေကြောင်း တွေ့ရှိ'၊ https://pen.org/press-release/civil-society-and-journalists-in-myanmar-find-that-free-expression-and-media-freedom-are-under-significant-threat/ တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- လူ့အခွင့်အရေးကောင်စီ (၂၀၁၈ မတ်လ)၊ 'မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ'၊ https://reliefweb.int/sites/reliefweb.int/files/resources/A-HRC-37-70.pdf တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ကြည့်ပါ။
- အပိုဒ်ခွဲ ၁၉ (၂၀၁၈ ဖေဖော်ဝါရီလ)၊ 'မြန်မာနိုင်ငံ- HRC က လွတ်လပ်စွာဖော်ထုတ်ခြင်းအတွက် ယိုယွင်းနေသော ပတ်ဝန်းကျင်ကို ဖော်ထုတ်ရမည်'၊ https://www.article19.org/resources/myanmar-hrc-must-address-deteriorating-environment-free-expression တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- Forest Trends (၂၀၁၈ ဇန်နဝါရီလ)၊ 'မြန်မာနိုင်ငံ သစ်တောကဏ္ဍတွင် ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်ရန် EITI အတွက် အလားအလာ'၊ https://www.forest-trends.org/wp-content/uploads/2018/04/doc_5726.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- Civicus (၂၀၁၇ ဩဂုတ်လ)၊ 'မြန်မာနိုင်ငံအပေါ် သုံးသပ်ချက်'၊ https://monitor.civicus.org/newsfeed/2017/08/01/myanmar-overview/ တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ကြည့်ပါ။
- Heinrich-Böll-Stiftung (၂၀၁၇ ဇူလိုင်လ)၊ 'မြန်မာ့လူထုအသိုင်းအဝိုင်း၏ နေကြတ်ချိန်လား'၊ https://www.boell.de/en/2017/07/05/eclipse-myanmars-civil-society တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့ (၂၀၁၇ မတ်လ)၊ 'မြန်မာနိုင်ငံ- ပြဿနာဖြစ်နေသော သတ္တုတွင်းတွင် ဆန္ဒပြသူများအပေါ် ရဲများက အင်အားသုံးခြင်းကို စုံစမ်းစစ်ဆေးပါ'၊ https://www.amnesty.org/en/documents/asa16/5983/2017/en/ တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- NRGI (၂၀၁၇ ခုနှစ်)၊ 'သယံဇာတထိန်းချုပ်ရေးညွှန်းကိန်း- မြန်မာနိုင်ငံ'၊ https://resourcegovernanceindex.org/country-profiles/MMR/mining တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- Emma Irwin (၂၀၁၆ ဇူလိုင်လ)၊ 'ကျောက်မျက်ကဏ္ဍ သုံးသပ်ချက်'၊ http://www.mata-nrg.org/wp-content/uploads/2016/08/Myanmar-EITI-Gemstone-Sector-Review-190716-FINAL-1.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- မြန်မာတိုင်းမ် (၂၀၁၆ ဇွန်)၊ 'မြန်မာနိုင်ငံ၏ ပထမဆုံး EITI အစီရင်ခံစာကို ရုပ်တွက်ခြင်း'၊ https://www.mmtimes.com/opinion/20796-parsing-myanmar-s-first-eiti-report.html တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- NRGI (၂၀၁၆ ဇွန်လ)၊ 'နိုင်ငံ့နည်းဗျူဟာမှတ်စု- မြန်မာနိုင်ငံ'၊ https://resourcegovernance.org/analysis-tools/publications/country-strategy-note-myanmar တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- Devex (၂၀၁၆ မေလ)၊ 'မြန်မာ့ ပထမဆုံး EITE အစီရင်ခံစာနှင့် ပတ်သက်၍ သိမှတ်စရာ'၊ https://www.devex.com/news/what-to-know-about-myanmar-s-first-eiti-report-88147 တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- ကမ္ဘာ့ဘဏ် (၂၀၁၆ ဧပြီလ)၊ 'သယံဇာတထုတ်လုပ်မှု လုပ်ငန်းများ၏ ပထမဆုံး အခွန်အစီရင်ခံစာကို မြန်မာ စတင်ဆောင်ရွက်ပြီ'၊ http://www.worldbank.org/en/news/feature/2016/04/28/myanmar-launches-first-report-on-extractive-industries-revenue တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- မြန်မာတိုင်းမ် (၂၀၁၆ ဇန်နဝါရီ)၊ 'သယံဇာတထုတ်လုပ်ရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်မှု အစပျိုးခြင်းက သယံဇာတကဏ္ဍတွင် အလင်းပြသည်'၊ https://www.mmtimes.com/business/18615-extractive-industries-transparency-initiative-eiti-shines-light-on-resource-sector.html တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- Global Witness (၂၀၁၅ အောက်တိုဘာလ)၊ 'ကျောက်စိမ်း- မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံ့လျှို့ဝှက်ချက်'၊ https://www.globalwitness.org/en/campaigns/oil-gas-and-mining/myanmarjade/ တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- New Crossroads Asia (၂၀၁၅ ဇွန်လ)၊ 'မြန်မာ့စီးပွားရေးနောက်ဆုံးအခြေအနေ'၊ http://www.newcrossroadsasia.com/wp-content/uploads/2015/06/NCRA-Business-Update-5-6-15.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- ADB (၂၀၁၅ ဖေဖော်ဝါရီ)၊ 'လူထုအသိုင်းအဝိုင်းဆိုင်ရာအကျဉ်းချုပ်- မြန်မာနိုင်ငံ'၊ https://www.adb.org/sites/default/files/publication/154554/csb-myanmar.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။
- ဟားဘတ်တက္ကသိုလ်၊ ဂျွန် အက်ဖ် ကနေဒီ အုပ်ချုပ်ရေးကျောင်း၊ ဒီမိုကရက်တစ် အုပ်ချုပ်ရေးနှင့် ဆန်းသစ်ပြောင်းလဲခြင်းအတွက် အက်ရှ်စင်တာ (၂၀၁၃ ဇူလိုင်လ)၊ 'အနာဂတ်တစ်ခုကို ဖန်တီးခြင်း- ဖယ်ဒရယ်ဝါဒအသစ်နှင့် စည်းလုံးညီညွတ်ခြင်းအတွက် သဘာဝသယံဇာတများကို အသုံးပြုခြင်း'၊ https://ash.harvard.edu/files/creating.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။


### အစည်းအဝေးမှတ်တမ်းများ


- MEITI (၂၀၁၇ မတ်လ)၊ 'ဒုတိယအကြိမ် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2017-03-30-2nd_msg_meeting_english_0.pdf တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ၌ ကြည့်ပါ။
- MEITI (၂၀၁၇ ဇွန်လ)၊ 'စတုတ္ထအကြိမ် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2017-06-30-4th_msg_meeting_english_0.pdf တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ၌ ကြည့်ပါ။
- MEITI (၂၀၁၇ ဇူလိုင်လ)၊ 'ပဥ္စမအကြိမ် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2017-07-28-5th_msg_meeting_english_12.pdf တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- MEITI (၂၀၁၇ စက်တင်ဘာလ)၊ 'ဆဋ္ဌမအကြိမ် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/6th_meiti_msg_meeting_minutes_english12.pdf တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ၌ ကြည့်ပါ။
- MEITI (၂၀၁၇ အောက်တိုဘာလ)၊ 'သတ္တမအကြိမ် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2017-10-02-7th_msg_meeting_english.pdf တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ၌ ကြည့်ပါ။
- MEITI (၂၀၁၈ ဇန်နဝါရီလ)၊ '(၁၀) ကြိမ်မြောက် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2018-01-29-10thmsg_meeting_eng.pdf တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- MEITI (၂၀၁၈ ဖေဖော်ဝါရီလ)၊ '(၁၁) ကြိမ်မြောက် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2018-02-14-15-11th_msg_meeting_eng.pdf တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- MEITI (၂၀၁၈ မတ်လ)၊ '(၁၂) ကြိမ်မြောက် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2018-03-16_12th_msg_meeting_eng.pdf တွင် ၂၀၁၈

ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။

- MEITI (၂၀၁၈ ဇွန်လ)၊ '(၁၄) ကြိမ်မြောက် MSG အစည်းအဝေး၏ မှတ်တမ်း'၊ https://myanmareiti.org/sites/myanmareiti.org/files/publication_docs/2018-06-01-14th_msg_meeting_minutes.pdf တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ၌ ကြည့်ပါ။

### အခြားအစိုးရ စာရွက်စာတမ်းများ/ အစီရင်ခံစာများ

- ၂၀၁၃ ခုနှစ် ကမ်းလွန်နှင့် ကမ်းတွင်း လေလံပွဲများအတွင် အကျိုးအမြတ် ဖော်ပြမှု စာရွက် (LOEI) တင်ပြသော ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ စာရင်း https://myanmareiti.org/files/uploads/loei_co_list_for_1st_2nd_bidding_round.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- ၂၀၁၅-၂၀၁၆ တွင် ကျောက်မျက်ထုတ်လုပ်ခွင့် ချီးမြှင့်ခံရသော လျှောက်လွှာရှင်များ စာရင်း https://myanmareiti.org/files/uploads/license_permit_procedures_for_gems_jade.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- ကျောက်မျက်နှင့် ကျောက်စိမ်း သက်တမ်းကုန် လုပ်ငန်းခွင်များ၊ အသစ်ပုံဖော်ထားသော လုပ်ငန်းခွင်များနှင့် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းခွင်များအတွက် လိုင်စင်ခွင့်ပြုခြင်း လုပ်ငန်းစဉ် https://myanmareiti.org/files/uploads/license_permit_procedures_for_gems_jade.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- ရေနံနှင့် ဓာတ်ငွေ့လုပ်ကွက်များ၏ မြေပုံညွှန်းများ https://myanmareiti.org/files/uploads/combined_onshore_offshore_psc_blocks_conditions.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်မျှဝေသော စာချုပ်မှ ငွေစီးဝင်မှု https://myanmareiti.org/files/uploads/moges_response_for_validationpsc_figure.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- UMEHL နှင့်ပတ်သက်သော နောက်ထပ်သတင်းအချက်အလက်များ၊ https://myanmareiti.org/files/uploads/mehl_information_data_for_eiti.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- DOM မှ အလုပ်ခန့်ခြင်း အချက်အလက်များ https://myanmareiti.org/files/uploads/labour_list_of_dom_mge.pdf တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- သတ္တုတွင်းဝန်ကြီးဌာန (၂၀၁၅ ဇန်နဝါရီ)၊ 'ရှာဖွေခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ဖြစ်နိုင်ခြေများဆိုင်ရာ သဘောတူညီချက်' http://www.mining.gov.mm/DGSE/1.DGSE/Prospecting,%20Exploration%20and%20Feasibility%20Agreement%20Model%20January%202015.pdfတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- MOPF နိုင်ငံသားရငွေသုံးငွေစာရင်း၊ ဤတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- ကုမ္ပဏီများ ပြန်လည်မှတ်ပုံတင်ခြင်းအတွက် DICA၏ လျှောက်လွှာပုံစံများ https://www.myco.dica.gov.mm/public/prescribedforms.aspx တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။

- ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီးပွားရေးမူဝါဒ http://themimu.info/sites/themimu.info/files/documents/Statement_Economic_Policy_Aug2016.pdf တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။

- ကြေးနီအတွက် နည်းတူစုဆောင်းခြင်းအပေါ် DOM အချက်အလက်များ https://myanmareiti.org/files/uploads/dom_comments_for_copper_engmyan.pdf တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ကြည့်ပါ။

### ပြင်ပဝက်ဘ်ဆိုက်များ

- EITI ဝက်ဘ်ဆိုက်၊ အထောက်အထားကဏ္ဍ၊ https://eiti.org/validation တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ၌ ကြည့်ပါ။
- အထွေထွေအတွင်းရေးမှူးရုံး အဖွဲ့ဝင်များ စာရင်းကို https://myanmareiti.org/en/meiti-secretariat. တွင် ကြည့်ပါ။
- MATA ဝက်ဘ်ဆိုက် http://www.mata-nrg.org/ တွင် ကြည့်ပါ။
- MEITI ဝက်ဘ်ဆိုက် https://myanmareiti.org/en တွင် ကြည့်ပါ။

- ADB (၂၀၁၈ ခုနှစ်)၊ 'မြန်မာနိုင်ငံ- စီးပွားရေး' https://www.adb.org/countries/myanmar/economy တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ကြည့်ပါ။
- အမေရိကန် ကုန်သွယ်ရေးဦးစီးဌာန (၂၀၁၇ ဇူလိုင်လ)၊ 'ဗမာနိုင်ငံ ကုန်သွယ်ရေးလမ်းညွှန်' https://www.export.gov/article?id=Burma-energy-oil-and-gas တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ကြည့်ပါ။